
www.burmeseclassic.com



# မဟူရာ

(လှိုင်ကော်)

မွှေးပွင့်လေသာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ(လျှိုင်ကော်)

## မွေးပွင့်လေသာ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၇၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၀၅၀၆၁၀

၂၀၀၇ ခုနှစ်၊ ဧပြီလ


ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလွင်စာပေ
အမှတ်-၄၃/က မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၁၃)လမ်း ရန်ကုန်၊

www.burmeseclassic.com

ပွင့်ဖတ်ဝတ်လွှာ ဖြူစင်စွာဖြင့်
အလှတင့်နေ
အို ... မွှေးပွင့်လေသာ
အေးမြချမ်းငြိမ်း ခပ်သိမ်းအလှ
တင့်တယ်စွလေ
အို...မွှေးပွင့်လေသာ
မာန်မာနကင်း ဖြူသန့်ရှင်းစွာ
မထည်ဝါချေ
အို... မွှေးပွင့်လေသာ
ရနံ့မပြင်း ထုံသင်းမွှေးကြူ
ပန်းဖြူတစ်ပွင့် ဂုဏ်ရှိန်တင့်စွာတည်ငြိမ်ပါလေ
အို...မွှေးပွင့်လေသာ
အရိုးစင်းဆုံး ငါ့နှလုံးမှာ မင်းနေပါလေ
အို... (မောင့်) မွှေးပွင့်လေသာ



မင်းလေးဟာ
အဖြူရောင် ပန်းလှလှလေး တစ်ပွင့်နဲ့
တူနေတယ်...
အရမ်းကို ဖွေးဆွတ်ဖြူစင်နေတဲ့
ပန်းဖြူလေး တစ်ပွင့်နဲ့
တူနေပါတယ်...
ငါ့နှလုံးသားကို တိုင်တည်ပြီး
သစ္စာ ဆိုလိုက်ချင်ပါရဲ့
မိန်းကလေးရယ်...
မင်းကို ငါ တုနှိုင်းမပြနိုင်စွမ်းလောက်အောင်
မြင်မြင်ချင်းပဲ မြတ်နိုးသွားခဲ့မိပါတယ်
မိန်းကလေး...
ပြော်...
တုနှိုင်းမပြနိုင်စွမ်းအောင် မြတ်နိုးမိရခြင်းပါ
မွှေးပွင့်ငယ်...



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ...

အရမ်းကိုချစ်မြတ်နိုးသူ

ချစ်မြတ်နိုးမိရသူတစ်ယောက်ရဲ့ အဖြစ်ဟာ

ချစ်ရသူလေးထံမှာပဲ

အခစားရောက်နေချင်တတ်တဲ့ ဆန္ဒကို

မလွန်ဆန်သာတော့တဲ့ အဖြစ်ပဲဆိုတာ

မင်းဘယ်လိုများ သိနိုင်ပါ့မလဲကွယ် ။

ငါလေ ...

မင်းထံပါးကို ခြေဦးလှည့်ခွင့်ရသူ အဖြစ်

ရောက်လိုက်ချင်ပါတယ်။

မင်း ...

မင်းရှိရာအရပ်ကို ခြေဦးလှည့်ခွင့်

ဤကိုပေးစေချင်လိုက်တာ

မောင့် ...

မွှေးပွင့်ဝေယ်ရယ် ...





BURMESE CLASSIC

တကယ်တမ်းက ...

မောင့်ဘက်မှ ပြတ်သားလိုက်တာကို

ရင်နှင့်မဆန့်အောင်

ကြေကွဲနာကျင်ခံစားနေရခြင်းပါ

ဒါပေမဲ့ ...

ကြေကွဲနာကျင်နေရလေသမျှကို

မာနက ဖုံးထားသည်

ရင်ထဲမှဝေဒနာကိုဘယ်သူမှ မသိစေရ

မာန်တင်း၍ပြတ်သားစွာပဲ

စကားဆိုနိုင်နေသေးသည့် အဖြစ်

ဒဏ်ရာရထားသော ကျားနာ၏

အသွင်မျိုး ဖြစ်နေပြီ "မောင် ရယ်"

မောင့် ကို သိပ်ချစ်တဲ့

"မွှေးပွင့်ဝေယ်"





www.burmeseclassic.com

www.burmeseclassic.com

ချစ်ရသူ ရှိပါလေသောအရပ်
ချစ်ရသူလေး၏ မျက်နှာ
ငွေလရွှန်းပပကို တွေ့မြင်ခွင့် ရှိပါသောအရပ်...
ချစ်ရသူလေး၏
ဆည်းလည်းသံ စကားလေးများကို
ကြားနိုင်ပါသောအရပ်...
ချစ်ရသူလေး၏ ကိုယ်သင်းရနံ့လေးကို
ချစ်ရသူမသိအောင်
တိတ်တခိုးရှူရှိုက်ခွင့် ရရှိရပါလေသော အရပ်...
နောက်ဆုံး ချစ်ရသူလေးသည်
သူ၏အပါးတွင် ရှိမနေလျှင်သော်မှ...
အနီးမှာ ရှိနေသည့် ချစ်သူအိမ်လေး အတွင်းမှာ
ချစ်ရသူလေး ရှိနေချေသည်တကားဟူ၍
သိနေရပါသော အရပ်...
ဩော် ... ထိုအရပ်မှာ
သူရှိခွင့်ကြုံရသည့် အဖြစ်အတွက် အတိုင်းအဆမဲ့
ရင်တွင် ကြည်နူးနေမိရသည်ပါပဲ...
တိတ်တခိုးမြတ်နိုးရပါသော အချစ်သည်
တစ်ကိုယ်ချစ်ရသော အချစ်နှင့်
ခံစားမှု ဘာမျှမကွာခြားနိုင် ။



BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# မဟူရာ

(လွိုင်ကော်)





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ပွင့်ဖတ်ဝတ်လွှာ၊ ဖြူစင်စွာဖြင့်
အလှတင်နေ ...
အို ... မွှေးပွင့်လေသာ ...။

အေးမြချမ်းငြိမ်း၊ ခပ်သိမ်းအလှ
တင်တယ်စွလေ ...
အို ... မွှေးပွင့်လေသာ ...။
မာန်မာနကင်း၊ ဖြူသန့်ရှင်းစွာ
မထည်ဝါချေ ...
အို ... မွှေးပွင့်လေသာ ...။

ရနံ့မပြင်း၊ ထုံသင်းမွှေးကြူ
ပန်းဖြူတစ်ပွင့်၊ ဂုဏ်ရှိန်တင်စွာ
တည်ငြိမ်ပါလေ ...
အို ... မွှေးပွင့်လေသာ ...။

အရိုးစင်းဆုံး၊ ငါနှလုံးမှာ
မင်းနေပါလေ ...
အို ... (မောင်) ...
မွှေးပွင့်လေသာ ...။ ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







ဖြူစင်ခြင်းဆိုတဲ့ အရာနဲ့ ဂုဏ်ရှိန်တင့်တယ်နေတဲ့ ပန်းဖြူလေးတစ်ပွင့် ...။

အေးမြချမ်းငြိမ်းခြင်းဆိုတဲ့ အရာနဲ့ ပြည့်စုံနေတဲ့ ပန်းဖြူလေးတစ်ပွင့်။

မာန်မာန၊ အခြယ်အသ၊ အမွှမ်းအပြောက်၊ ဂုဏ်နေရှိန် မမောက်ပါတဲ့ အဲဒီ ပန်းဖြူလေးတစ်ပွင့်ဟာ ...

လေညင်းသာသာ၊ လေပြည်အေးအေးမှာ တမွှေးမွှေး ပျံ့ပျံ့ သင်းနေခဲ့တယ် ...

မင်း ...

ပြောင်းလဲခြင်း ကင်းစွာနဲ့ အမြဲဒီလိုပဲ ဖြူစင်နေစမ်းပါ။

ရင်ငြိမ်းခြင်း ဆိုတဲ့ အလှတရားနဲ့ ပြည့်ဝနေစမ်းပါ။

လေညင်းသာသာ ... လေပြည်သင်းသင်းမှာ တသင်းသင်း ပျံ့ပျံ့ မွှေးနေစမ်းပါ ...။

မင်းရဲ့ အရိုးစင်းဆုံးနဲ့ အငြိမ်းအေးဆုံး အလှသတင်း ...။

မွှေးပျံ့သင်းကြည်တဲ့ ဂုဏ်သတင်းတွေနဲ့ ...။

မွှေးပွင့်လေသာ ... အဖြစ် ... ရှိနေစမ်းပါ ...။

အချစ်ဆုံးရယ် ...။

www.burmeseclassic.com

www.burmeseclassic.com



ဖွေးပွင့်လေသော … အဖြစ် .. ဘဝမှာ တည်မြဲရှိနေ
လိုက်စမ်းပါလား …။

မောင့် မမွေးပွင့်ငယ် … ရယ် …။



## ၁

ထုံးစံအတိုင်း မောင်မောင့်ကို ရှုပ်ပွနေသော စာရွက်ပုံ အထပ်လိုက်ကြီး တင်ရှိနေရာ စားပွဲမှာ မျက်မှန်ထူထူကြီးနှင့် တွေ့လိုက်ရသည့်ပါပဲ။

သူ ရောက်လာတာကိုပင် မသိရှာသေး။ မျက်မှန်ထူကြီး ပင့်လိုက်၊ ရှေ့မှ ကဗျာကို ဖတ်လိုက်နှင့် အလုပ်များနေသည်။

မောင်မောင့် စားပွဲ နောက်မှာက စာစီဆရာတွေကို အစီအရီ အလုပ်ကိုယ်စီနှင့် ရှိနေကြတာကို သူ မြင်၏။ ထပ်ခိုးကို လုပ်ထားပေမယ့် မောင်မောင့် နေရာ၏ အထက်မှာတော့ ထပ်ခိုးက ရှိမနေ။ အခန်း၏ ဘားစ်ဝက်လောက်မှသာ ထပ်ခိုးကို လုပ်ထားတာမို့ အပေါ်ထပ်မှာ အလုပ်များနေကြသည့် ကိုညွန့်ခင်တို့ အုပ်စုကိုလည်း သူ မော့ကြည့် တွေ့မြင်နေရသည်။

စမ်းယမုန် မဂ္ဂဇင်း၏ ပန်းချီတာဝန်ခံ ကိုညွန့်ခင်က လည်း ထုံးစံအတိုင်းပဲ မသပ်မရပ် တိုက်ပုံအကျီ ဖိုသီဖတ်သီနှင့် စားပွဲမှာ အလုပ်ရှုပ်နေသည်ပါပဲ။

သူ … မောင်မောင့် စားပွဲရှေ့မှာ ခေတ္တရပ်ချိန်ထိ မောင်မောင် သူ့ကို သတိထားမိပုံမရ၊ တွေ့ပုံမရ။

www.burmeseclassic.com

www.burmeseclassic.com



စာစီဆရာ လေးသိန်းဆောင်က သူ့ကို လှမ်း၍ [illegible]သည်။

[illegible]မှ လူတွေကတော့ သူ့ကို ခင်မင်နေကြသည် [illegible]။

"မင်္ဂလာပွဲကို ဒီနေ့ သွားဦးမှာလား မောင်မောင်"

သူ ရပ်လျှက် မေးတော့မှ မောင်မောင်၏ မျက်မှန်ထူတဝ် မျက်နှာကြီး မော့လာသည်။

"ဩော် ... ထိုင် ... ထိုင်"

မပြောခင်ကတည်းက သူ ထိုင်လိုက်ရပြီ။ မထိုင်၍လည်း ဖြစ်မှာမဟုတ်။

လောလောဆယ်တော့ မောင်မောင် အလုပ်ပြတ်နေသေးပုံမရ။

"မင်းတို့ စာပေသမားတွေဟာ အမြဲအလုပ်များနေကြတာပဲကွာ၊ ဘယ်ချိန် ကြည့်လိုက် ကြည့်လိုက်၊ စာရွက်တွေနဲ့ မျက်နှာချင်းဆိုင်နေကြတာများတယ်၊ ဟိုပန်းချီတာဝန်ခံကို လည်းကြည့်၊ ပန်းချီဆရာတွေနဲ့တွေ့ဖို့... မဂ္ဂဇင်းမှာ ဖော်ပြမယ့် ဝတ္ထုနဲ့ လိုက်ဖက်မယ့် ပန်းချီကို အပ်နိုင်ဖို့ ပျာယာပျာယာ ဖြစ်နေတာပဲ"

"ဟ ... ဒါ စာပေနဲ့ အမြဲတစေ ... အဲ ... တွေ့ထိ မြှုပ်နှံနေကြရတဲ့ ငါတို့လို မဂ္ဂဇင်းသမားတွေရဲ့ ကြည်နူးဖွယ် မြင်ကွင်းပဲကွ၊ ဘာလို့လဲဆိုတော့ ငါတို့ဟာ စာနဲ့ ဝေးဝေး မနေနိုင်ဘူး၊ စာနဲ့ မခွဲခွာနိုင်ဘူး၊ ဒါကြောင့် ငါတို့က ဝါသနာအရ မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာဘဝ ပန်းချီတာဝန်ခံဘဝ၊ အဲ ... ဖြန့်ချိရေးအတွက် ကိစ္စအဝဝ အားလုံး



ချာလည်လည်အောင် အလုပ်များနေရတဲ့ ဘဝမှာ တကြည်မွေ့မွေ့ တပြုံးရွှင်ရွှင် အဲ ... တကျုန်းမာမာနဲ့ နေနိုင်ကြတာပေါ့"

ထုံးစံအတိုင်း ရှည်လျားလှစွာသော စကားကြောကြီးကို သူ နားထောင်ရပြန်၏။

"ဒါကြောင့် ... မင်း ... ဘယ်တုန်းက ငါ့ကို ဆေးကုပေးခဲ့ရဖူးလို့လဲ ... မင်း ဆေးထိုးအပ်နဲ့ ငါ လုံးဝ မတွေ့ရတာ ငါ့ဝါသနာမှာ ငါ ပျော်မွေ့စိတ်ချမ်းသာနေလို့ပဲကွ ... မကြားဖူးဘူးလား၊ စိတ်ချမ်းသာလို့ လူကျန်းမာ၏ဆိုတာလေ"

ဖိုမင်ကြီး ဦးမင်းတင့်ပင် လှမ်းကြည့်လာပြီ။

စာစီဆရာလေးတွေကလည်း ပြုံးစိစိ။

အားလုံးက မောင်မောင့် အကြောင်းသိတွေချည်းပါ။ ဘယ်သူ့ကိုမဆို ဤသို့ လေကြောရှည်ရှည်။ စကားကျယ်ကျယ်နှင့် ပြောတတ်တာ အားလုံး အသိ။

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... လောလောဆယ် ကြည်လင့် မင်္ဂလာပွဲကို သွားဖို့ လိုအပ်နေပြီကွ"

မောင်မောင် ခေါင်းကုတ်၏။

"စာပေစိစစ်ရေးကို ပြေးရဦးမယ် ရန်ပိုင်၊ နောက်လအတွက် စာမူတွေ တင်ထားတာ ရှိတယ်"

"အေးပါ ... ဒါပေမဲ့ ကြည်လင်က သူ့မင်္ဂလာဆောင်ရက်ကို မနက်ဖြန်မှာ မင်းအတွက် ရက်ပြန်ရွှေ့ပြီး မကျင်းပမှာတော့ သေချာတယ် ဖိုးမောင်"

သည်လိုဆိုတော့လည်း မောင်မောင် ဟဲ့ခနဲ ရယ်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး … ညွန့်ခင် မင်းပဲ စာမေးစိစစ်ရေးရုံးကို သွားလိုက်ပါကွာ ဖြစ်မလား၊ ငါ မင်္ဂလာဆောင် သွားရမယ်ကွ"

ထပ်ခိုးကို မှော၍ မေးတော့ မောင်မောင်နှင့် ဆိုက်တူကိုက်တူ မျက်မှန်ထူကြီးနှင့် ရှိနေပါသည့် ညွန့်ခင် ခေါင်းညိတ်သည်။

"ရတယ် … သွား … ပြီးရင် တစ်လက်စတည်း အလုပ်တစ်ခု လုပ်ခဲ့"

ကိုယ့်အလုပ် သူ့လွှဲ သူ့အလုပ် ကိုယ့်လွှဲနှင့် အလွန်ဖေယားများတတ်သည့် ညွန့်ခင်နှင့် မောင်မောင်တို့အကြောင်းကိုလည်း စမ်းယမုန် တစ်တိုက်လုံးက သိနေကြသည်ပါပဲ။

"မင်းကလဲ အလုပ်ရှုပ်ရတဲ့ကြားက ဘာအလုပ်လွှဲချင်ပြန်ပြီလဲ"

"မင်း မင်္ဂလာဆောင် သွားမလို့ဆို၊ အေး … တစ်လက်စတည်း မင်္ဂလာဆောင်ခဲ့"

လုံ့ပျို့ကြီး မောင်မောင်၏ ရယ်သံက အကျယ်ဆုံးပေါ်လာ၏။ တစ်တိုက်လုံး ရယ်ကြသည့် အသံတွေထဲမှာ မောင်မောင့်အသံက အကျယ်ဆုံး။

"ငါ့ရဲ့ မေတ္တာဘွဲ့ စာလွှာလေးတွေကို ဘယ် မိန်းကလေးကမှ စိတ်မဝင်စားကြဘူးကွ၊ အဲဒါ အကြောင်းရှိတယ်"

ကုလားထိုင်မှာ ကော်ကပ်ချထားသလို မောင်မောင့်ကိုယ်ကြီး မြောက်မလာသေး၊ ထုံးစံအတိုင်း ပေါက်ကရရှစ်ဆယ် ပြောပြီးမှ ထရပ်မှာ သေချာသည်။ ထိုအခါမှ တိုင်မှာ ချိတ်ထားသည့် တိုက်ပုံကို ကောက်စွပ်လိမ့်မည်။ နောက် … မူလ ပန်းရောင်အသွေးမှ ယခုတော့ မည်းရိပ်သမ်းနေသည့် ခေါင်းဘီးဖြင့် ဆံပင်



ကို ကောက်ဖြီးလိမ့်မည်။ မောင်မောင့် ဘေးရှိ ဗီရိုမှ တံခါးရွက်မှာ ကွဲအက်ကြောင်းထင်နေသည့် မှန်တစ်ချပ်သည် တိတ်သားကပ်ပုံစံဖြင့် ပုံပန်းမလှ ရှိနေသည့်အဖြစ်။ ထိုမှန်မှာ မည်းရိပ်ဆင်နေသောဘီးဖြင့် ခေါင်းကို ကြည့်ဖြီးပေလိမ့်မည်။ သူ့ လက်မြှောက်ထားလိုက်ပြီ။ ပြောချင်တာ ပြောစေတော့။ ထိုင်စောင့်နေရုံပဲရှိမည်။ ကရုဝိတ်မှာ ကျင်းပနေသည့် ကြည်လင်၏ မင်္ဂလာပွဲကို ရောက်ချိန်နောက်ကျလျှင်လည်း ဤမောင်မောင့်အပေါ်ပဲ အပြစ်တင်ဖို့ ကြည်လင်ကို ပြောလိုက်ရချေမည်ပါပဲ …။

သူငယ်ချင်းသုံးယောက်ထဲမှာ အလွန်လေကြာရှည်သည့် မောင်မောင်။

ပြီးတော့ အလွန်ခေါင်းမာသည့် မောင်မောင်။

နောက် … အလွန်စိတ်ထားကောင်းသည့် မောင်မောင်။

ဒါကြောင့်လည်း သူငယ်ချင်းတွေက မောင်မောင့်ဆို ချစ်လည်းချစ်ကြသည်။ စိတ်လည်း ရှည်ကြရသည်။

ယခုလည်းကြည့်၊ မျက်မှန်ထူကြီးကို လက်ကိုင်ပဝါဖြင့် ပွတ်နေရင်းဖြင့် …

"နံပါတ်တစ်က ငါ့ဒက်ဒီက ငါ့ကို လုံးဝ အိမ်ထောင်ချပေးဖို့ စိတ်မဝင်စားဘဲ ဖြစ်နေတယ်"

အပေါ်ထပ် ထပ်ခိုးပေါ်မှ ညွန့်ခင်နှင့် မောင်မောင်တို့ ဆက်အောက် စကားပြောခန်းက ရှည်ကြာချေဦးမည်လား မသိ။

"အဲဒါက ဘာကြောင့်လဲဆိုတော့ အိမ်ပြန်ချိန် မမှန်တဲ့ ငါ့ကို ဒက်ဒီရော မာမီရော စိတ်ပျက်နေကြလို့ပဲ၊ ငါ့ကို အိမ်ထောင်ချပေးလိုက်ရင် အဲဒီမိန်းကလေးကို သနားရအေးနာ ရမယ်တဲ့၊ ငါ့ အိမ်ပြန်ချိန်က မမှန်ဘူးတဲ့၊ တခါးစောင့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို ခန့်ထားလိုက်သလိုဖြစ်မှာ သိတယ်တဲ့၊ ငါကတော့ ပြောလိုက်ပါတယ်၊ စိတ်ချရတဲ့ တံခါးမှူးရတာပေါ့လို့ ... အဟဲ ...”

မျက်မှန်ကို ပြန်တပ်ပြီး ထင်သည့်အတိုင်းပဲ တိုင်မှာ ချိတ်ထားသည့် တိုက်ပုံကို သံချောင်းရိုက် ငုတ်တိုင်ဆီမှ ဖြုတ်၍ ဝတ်၏။

နောက် ... ခေါင်းဘီးကို စာရွက်ကြို စာရွက်ကြားမှာ လိုက်ရှာနေသည်။

“ငါ့ဒက်ဒီက ပြောတယ်၊ ချွေးမရှာမိရင် အဲဒီချွေးမရဲ့ စားဝတ်နေရေးကို ဒက်ဒီတို့ကပဲ တာဝန်ယူရမှာတဲ့၊ ငါက တော့ အရှုံးပြေမယ့်ကောင် မဟုတ်ဘူးတဲ့၊ အဟဲ ... ငါက လဲ ပြောထားပါတယ်၊ သား အသက်သုံးဆယ်ကျော်မှ လက်ထပ်ပါရစေလို့၊ ဟော ... ဒီစားပွဲပေါ်က ငါ့ခေါင်းဘီး ကို ဘယ်သူ ယူပြီးသွားသလဲကွ ... ဟော”

ပြောလည်းပြော၊ နောက်ဘက်မှာ ခဲစာလုံးများ အကန့် လိုက် အစီအရီ သူ့နေရာနှင့်သူ ရှိနေသည့် စာစီစင်ရှေ့မှာ ရှိနေပါ သည့် စာစီချာတိတ်လေးတွေဘက် လှည့်မေးတော့ ဖြေသံ မကြားရ။

“အဲဒါ ပြောတာပေါ့ စည်းကမ်းကို မရှိကြဘူး၊ ငါ့ခေါင်းဘီး ကို ယူပြီးကြ၊ ငါ့မှတ်ဆိတ်ရိတ်တဲ့ ဥစ္စာကို ယူသုံးကြ၊ ငါပဲ ပြန်ပြန်ရှာနေရတယ်၊ ခု မင်္ဂလာဆောင် သွားရမယ့်ဥစ္စာ၊ ငါ ခေါင်းဘီး ရှာနေရတာနဲ့ မမီဘဲ ဖြစ်တော့မယ်”

လေကြောရှည်ချပ်တုန်းကတော့ ရှည်ခဲ့ပြီးမှ ခု ... ခေါင်းဘီး ရှာမတွေ့သည့်အခါကျမှ အလောသုံးဆယ်ဖြစ်နေသည့် မောင်မောင့်ကို သူ ပြုံး၍ပဲ ကြည့်နေလိုက်ရသည်။



မောင်မောင်ကတော့ မသေမသပ် ပုံထပ်နေသည့် စာရွက်ထပ်တွေကြားထဲမှာ ခေါင်းဘီးကို မွှေ၍ ရှာနေ၏။

နေရာမှ သူ ရပ်လိုက်သည်။ မောင်မောင့် စားပွဲရှေ့မှ ခွာသည်။ နေရာကို ရွှေ့ရပ်သည်။ မောင်မောင်စားပွဲဘေးမှာ ရပ် လိုက်လျက် စီးကရက်တစ်လိပ်ကို စီးကရက်ဘူးမှထုတ်၍ မီးညှိ လိုက်မိပါ၏။

မောင်မောင်ကတော့ စာရွက်အထပ်တွေ ကြားထဲမှ ဘီးကို ရှာနေဆဲ။ ပို့လာသမျှ စာမူအထပ်ထူကြားထဲမှ သဘောကောင်း စွာဖြင့် ပန်းရောင်ရိပ်ထက် မည်းရိပ်သမ်းနေသည့် ဘီးလေးက လျှာ ခနဲ အစွန်းလေး ပေါ်လာတော့ ဝမ်းသာအားရ မောင်မောင် ယူသည်။

ကမန်းကတန်း ဖြီးသည်။

သူလည်း သက်ပြင်း ထိုအခါမှ ချနိုင်သည်။ ဒါဖြင့် မင်္ဂလာဆောင်တော့ အချိန်မီမည့်သဘောမှာ ရှိနေသည်။

ကိုယ်ကို စမ်းယမုန် မဂ္ဂဇင်းတိုက်၏ အဝင်တံခါး ရှိရာဘက်ကို လှည့်လိုက်မိပါ၏။

သူ့နှလုံးသားတို့ နွေးထွေးစွာ လှုပ်ရှားလိုက်ရပါသည့် အဖြစ်။

အုတ်လှေကားထစ် သုံးထစ်ထက်မှ မဂ္ဂဇင်း၏ အဝင် သံဘာဂျာဆွဲတံခါးကို လွန်မြောက်စ ဖြူနွဲ့နွဲ့ ပုံရိပ်လေး။

ရှည်လျား ဖြောင့်စင်းသော ဆံနွယ်လေးများက တင်ပါး အောက်ထိ ဝဲကျနေသည့်အဖြစ်။

ကရင်လွယ်အိတ် နီညိုရောင်လေးကို ညာဘက် ပခုံး မှာ လွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝါဖျော့ဖျော့ ရင်စေ့လက်တိုလေးကို ဝတ်လျက် အဝါပွင့်လေးများ ပါသော ထဘီလေးကို ခြေမျက်စိဖုံး ဝတ်ဆင်ထားသည့် မိန်းကလေး။

အသားက ဖွေးဝါရည်ရှိပ်သမ်းလျက် နှုတ်ခမ်းလေးက ပန်းနုရှိပ်သမ်းသည်။

မျက်ခုံးတန်းလေးမှာ ထင်းခုံးနေလျက် ထူပိန်းသော မျက်တောင်ရှည်ကြီးများ အောက်မှ မျက်ဝန်းများသည် အားငယ်ရိပ် ပြေးလျက် ရှိနေပါသည့်အဖြစ်။

ဟုတ်သည်။ အားငယ်ရိပ် သမ်းနေသည်ဟု သူ ထင်သည်။

နက်မှောင်သော မျက်ဝန်းသည် မျက်သားပြာထက်တွင် ကြည်စင်စွာ ရှိနေပေမယ့် မာန်မာနရိပ်မရှိ။ အားငယ်ညှိုးဖျော့ရိပ်ကို မဝံ့မရဲနှင့် ရက်ရိပ်ပြေးနေသည့် အသွင်လေးဖြင့်သာ သူ မြင်ရသည်။

တကယ့်ကို အရမ်းလှနေပါသည့် ဤမိန်းကလေးထံမှာ အလှ၏ မာနကို သူ ရှာမတွေ့။

အားငယ်ရိပ်လေးကိုသာ သူ မြင်နေရသည်။

ဤအဖြစ်သည်လည်း သူ့အတွက် ဆန်းနေ၏။

အများအားဖြင့် အရမ်းကိုလှသည့် မိန်းကလေးများမှာ အလှ၏မာန်။

တစ်နည်းအားဖြင့် အလှ၏ မာနရိပ်ကို တွေ့ရတတ်သည်လေ။

မိမိ၏ အလှကို ယုံကြည်စိတ်ချပါသည့်မာန်။ မိမိ၏ အလှအတွက် ဝင့်ကြွားရိပ်ဆင်သော မာန်မျိုးကို သူ တွေ့ရဖူးသည်။



ယခု ... သူ မြင်နေရသည့် မိန်းကလေး၏ အလှသည် အရမ်းကို ထင်းပလွန်းနေသည့် အလှမျိုး။

မြင်ရသည်နှင့် အခါခါ ငေးကြည့်နေလိုစိတ်မျိုးကို ဖြစ်တည်စေပါသော အလှမျိုး။

ဒါပေမဲ့ ဤမိန်းကလေးထံမှာ မိမိ၏ အလှများကိုပင် သတိမထားမိနိုင် အလေးမထားနိုင်သည့် ပုံရိပ်လေးတွေကိုပဲ တွေ့နေရသည်။

မိမိ၏ အလှအတွက် ဂုဏ်ယူဝင့်ကြွားလိုခြင်းများထက် အခြားအရာများကသာ အရေးတကြီး ဖြစ်နေသည့် အသွင်ပဲ ရှိနေသည်။ အားငယ်ရိပ်ကိုပဲ မြင်နေရသည်။

မှန်ကွဲကြီးဘက်ကို မျက်နှာမူ၍ ခေါင်းဖြီးနေပါသည့် မောင်မောင်၏ ခေါင်းက ခေါင်းဘီးကို စားပွဲပေါ် ပြန်ချလိုက်ပြီးမှ တံခါးမဘက်ကို မျက်နှာမူလာသည်။

"ဟော ... ငါ့ညီမ ... လာ ... လာ"

ကောင်မလေးကို ဖော်ဖော်ရွေရွေပဲ မောင်မောင် လှမ်းခေါ်တော့ သူ ဝမ်းသာသွားသည်။ မောင်မောင်နှင့် ဤမိန်းကလေး သိထားပုံတော့ ရသည်လေ။ ဒါဆို သူ မောင်မောင်ထံမှာ မေးစရာတွေ ရှိသမျှ အဖြေကိုတော့ ကြားနိုင်သည်။

သူ မိန်းကလေးကိုပဲ ငေးကြည့်လိုက်မိရပါပြီ။

မောင်မောင် ခေါ်သံကြောင့်ထင့် ...။ မိန်းကလေး၏ မျက်ဝန်းလေးတွေမှာ ကြည်စင်ရွှန်းတောက်ခြင်းဆိုတာကို ရိပ်ခနဲ သူ တွေ့လိုက်ရသည်။ ဟုတ်သည်။ မျှော်လင့်ရိပ်။ တစ်စုံကို မျှော်လင့်လိုက်သည့် မျှော်လင့်ရိပ် ...။

www.burmeseclassic.com

www.burmeseclassic.com



လူနာများစွာနှင့် ဆက်ဆံရပါသော ဆရာဝန်တစ်ယောက်မို့ လူတွေ၏ မျက်နှာကို သူ ကြည့်ရင်း နားလည်ခံစားတတ်သည့် အကျင့်တစ်ခုနှင့် သူ ရင်းနီးကျွမ်းဝင်နေခဲ့သည် မဟုတ်ပါလား။

"လာ ... ထိုင်"

သူ ရှိနေရာ စားပွဲအနီးသို့ တဖြည်းဖြည်း ပိုနီးလာလေလေ။ မိန်းကလေး၏ အေးမြချမ်းငြိမ်းသော အလှတရားများကို ပို၍ နီးကပ်စွာ သူ တွေ့မြင်ရခွင့် ကြုံလာရလေ ...။ မိန်းကလေး အညင်အသာ ကုလားထိုင်မှာ ထိုင်စဉ်ခိုက် ...

"ကိုယ်တို့ မဂ္ဂဇင်းမှာ မမွေးပွင့်ငယ်ရဲ့ ဝတ္ထုတိုကို အခုထွက်မယ့် မဂ္ဂဇင်းမှာ ဖော်ပြပါမယ်"

သြော် ... မမွေးပွင့်ငယ်တဲ့လား မိန်းကလေးရယ် ...။

အရမ်းကို ငြိမ်းအေးရှိုးစင်းတဲ့ နာမည်လေး ...။

ဒါပေမဲ့ နာမည်လေးက လှနေသည်။ ရိုးခြင်းနှင့်အတူ ဆန်းနေသော နာမည်လေး။

ဟင် ... ဟူသော နှုတ်ဖျားဆိမ့ ကြည်နူးစွာ မြည်သံတိုးတိုး မျှင်မျှင်လေးကို သူ ကြားလိုက်ရပါ၏။ ပြီး ... မောင်မောင့် စားပွဲထက်မှာ တင်ထားပါသည့် လက်ချောင်းသွယ်လေးများ ဆတ်ဆတ်တုန်သွားကြတာကို သူ မြင်လိုက်ရသည်။

ဝမ်းသာခြင်းနှင့်အတူ စိတ်လှုပ်ရှားရလွန်းသည့် ခံစားမှုများကြောင့် လှုပ်ခတ်တုန်ခါနေပါသည့် လက်ချောင်းသွယ်လေးများကို သူ ငုံ့မိုးတွေ့မြင်နေရခိုက် ရင်ထဲတွင် ဖြစ်တည် ခံစားလာရသည်က ကြင်နာခြင်း။

နောက် သနားစိတ် ...။



နောက် ... နောက် ... အရမ်းကို ရိုးသားဖြူစင်နေသော ဟန်သွင်လေးကို ငုံ့မိုးကြည့်နေရင်းဖြင့်ပင် မြတ်နိုးသွားမိခြင်း။ ဟုတ်သည်။ နှလုံးအိမ်တွင်းသို့ တိုးဝင် မြတ်နိုးသွားမိစေခြင်း ...။

ထူထဲသော မျက်တောင်ရှည်ကြီးများကို တဖျပ်ဖျပ်ခတ်၍ တုန်ခါနေသော နှုတ်ခမ်းလေးတွေ တဖြည်းဖြည်း ပွင့်ဟလာကာ ...

"ဟင် ... မမွေးပွင့်ရဲ့ဝတ္ထု ပါလာတော့မယ် ဟုတ် ... ဟုတ်လား ဆရာ"

ဟု အဖျားခပ် တုန်ခါနေသော ဝမ်းသာရိပ်သည်းနေပါသည့် လှုပ်ရှားခံစား မေးလာပုံလေးသည် အရမ်းကို လှနေသည့်အပြစ်။ ဖြူစင်လွန်းစွာ။ ဟန်ဆောင်မှု ကင်းပစွာ။ ဝမ်းသာကြည်နူးလွန်းစွာ မေးလာပါသည့် မျက်နှာနုနုအိအိလေးနှင့် မေးသံလေးသည် သူ့နှလုံးအိမ်တွင်းဆီသို့ စီးမျော တိုးဝင်သွားသည့်နှယ်ပါ။

မမွေးပွင့်ငယ်ဆိုသည့် မိန်းကလေးကို ငေးကြည့်နေရခိုက် ပန်းဖြူလေးတစ်ပွင့်ကို ငေးကြည့်နေရသည့်နှယ်ပါတကားဟု ခံစားဖြစ်တည်၏။ ဟုတ်သည်။

ရိုးစင်း ဖြူစင်ခြင်းဆိုသည့် ဝတ်နှင့် ပြည့်ဝနေပါသည့် ပန်းဖြူလေးတစ်ပွင့်ကို တွေ့မြင်နေရသည့်နှယ်ပါ။

ဤပန်းဖြူလေး တစ်ပွင့်သည် ထိုအချိန်ကတည်းက သူ့ကို ပိုင်စိုး လွှမ်းမိုးသွားခဲ့ချေသည် ဆိုတာကိုတော့ မင်း ဘယ်လိုသိနိုင်မှာလဲ မိန်းကလေးရယ်။

မဂ္ဂဇင်းတိုက်တစ်ခုကို အဖော်မပါဘဲ လာရတဲ့အတွက် ခင်လေး အနေခက် မဝံ့မရဲ ရှက်ရိပ်သည်းနေတာ။

ပြီးတော့ ဆားဘီကို မကြည့်ရဲဘဲ ရှိနေခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်ကိုပဲတွေ့၊ မောင်မောင်ပြောပြလို့ တာမူ အရွေးခံရတာကို သိပြီး အရမ်းဝမ်းသာကြည်နူးသွားရှာတာ။ မောင်မောင် ထုတ်ပေးတဲ့ တာမူခကို ယူရမှာ မဝံ့မရဲ ရှက်ယောင်ဝဲနေတာ။ အဲဒီအရာအားလုံးဟာ ငါ့ နှလုံးသားမှာ စွဲထင်တိုးဝင် မြတ်နိုးသွားစေခဲ့တယ် မွေးပွင့်ငယ်။

မဂ္ဂဇင်း ထွက်လာတဲ့အခါမှာ မဂ္ဂဇင်းတိုက်မှာ မဂ္ဂဇင်းကို လာထုတ်ဖို့ မောင်မောင် ပြောတော့ ခေါင်းလေး ညိတ်ပြတာ။

တာမူခလေးကို လွယ်အိတ်လေးထဲထည့်ပြီး မောင်မောင့်ကို တရိုတသေလေး နှုတ်ဆက်ထွက်ခွာသွားတာ။

အားလုံးကို မြတ်နိုးစွာပဲ ငါ ငေးကြည့်နေမိပါတယ် မမွေးပွင့်ငယ်ရယ် …။

မင်း ငါ့နှလုံးသားထဲကို ဝင်ရောက်လာပုံလေးဟာ အရမ်းကို သိမ်မွေ့ညင်သာလွန်းနေတယ် မမွေးပွင့်ငယ် …။

အထူးသဖြင့် မင်းဟာ ဖြူစင်ရိုးသားခြင်းဆိုတဲ့ အပြစ်ကင်းစင်ခြင်း တရားကို မင်းရဲ့ မျက်နှာ၊ မင်းရဲ့ သွင်ပြင်မူရာလေးများမှာ ဟန်ဆောင်မှု ကင်းစင်စွာ ရှိနေတာကို ငါ တွေ့မြင်ခဲ့ရတယ် …။

အဲဒီ မျက်နှာလေး …။ အဲဒီ သွင်ပြင်လေး …။ အဲဒီ အမူအရာလေးများဟာ သိမ်မွေ့ညင်ညင် နူးညံ့ ငြိမ်းအေးစွာ ငါ့နှလုံးသားဆီကို မြတ်နိုးခြင်းဆိုတဲ့ ခံစားမှုကို ပေးအပ်ထားနိုင်ခွင့် ခဲ့တယ်။

မမွေးပွင့်ငယ်ဆိုတဲ့ မိန်းကလေးရယ် …။

မင်းလေးဟာ အဖြူရောင် ပန်းလှလှလေးတစ်ပွင့် တူနေတယ်။ အရမ်းကို မွေးဆွတ်ဖြူစင်နေတဲ့ ပန်းဖြူလေးတစ်ပွင့်



တူနေပါတယ်။ ငါ့နှလုံးသားကို တိုင်တည်ပြီး သစ္စာဆိုလိုက်ချင်ပါရဲ့ မိန်းကလေးရယ်။

" မင်းကို ငါ တုနှိုင်း မပြနိုင်စွမ်းလောက်အောင် မြင့်မြင့်ချင်းပဲ မြတ်နိုးသွားမိခဲ့ပါတယ် မိန်းကလေး။

ဩော် … တုနှိုင်းမပြနိုင်စွမ်းအောင် မြတ်နိုးမိရခြင်းပါ မမွေးပွင့်ငယ်။

www.burmeseclassic.com



## ၂

"ကဲ … သူငယ်ချင်း မင်းနဲ့ ငါ အကြောင်းအရာတစ်ခုကို ပွင့်လင်းစွာပဲ ပြောကြရင် ကောင်းမယ်လို့ ငါ ယုံကြည်တယ်"

ထုံးစံအတိုင်း စာသံပေသံဖြင့် မောင်မောင် ပြောလာသည်။

မျက်မှန်ထူထူကြီးကို တပ်ဆင်ခွင့် ရရှိခြင်းသည်ပင်လျှင် မောင်မောင့်ကို ပို၍ ပညာရှိဂိုက်ဖမ်းဖို့ အခွင့်အရေး ရသွားသည့်အဖြစ်။

ယခုလည်း မျက်မှန်ထူကြီးကို ပင့်၍ စကားဦးသမ်းပြီ။

မောင်မောင်နှင့် သူ့အိမ်က ခြံနီးချင်းအဖြစ် အိမ်ချင်းကပ်နေကြသည့်အဖြစ်။

မောင်မောင့် ငှဝါမြိုင်ခြံသည် သူ နေထိုင်ရာ ပန်းနုရိပ်နှင့် ခြံစည်းရိုးချင်းပဲ ခြားသည်။

ငယ်ပေါင်းတွေမို့ သူနှင့် မောင်မောင်တို့ ညီအစ်ကိုရင်းလို ချစ်ကြတာတော့ အမှန်။ ဆယ်တန်းအောင်တော့လည်း အတူတူ။



စာတော်တာချင်းလည်း တူသည်ပါပဲ။ သူက ငါးဘာသာဂုဏ်ထူးနှင့် ဆယ်တန်းကို အောင်သည်။ မောင်မောင်က လေးဘာသာဂုဏ်ထူး။

ဒါပေမဲ့ မိဘများ၏ ဆန္ဒကို ဆန့်ကျင်စွာ မြန်မာစာကိုပဲ မောင်မောင် လျှောက်သည်နှင့်။

မျက်မှန်ကြီး ထူသလောက် ခေါင်းလည်း မာသည့် မောင်မောင့်ကို မိဘများကတော့ ဆရာဝန် ဖြစ်စေချင်ပေမဲ့ မောင်မောင်သည် ဝါသနာပါရာ စာပေအလုပ်၌သာ မွေ့လျော်၏။ မြန်မာစာ အဓိကဖြင့် ဘွဲ့ရပြီးကတည်းက အယ်ဒီတာဘဝကို မောင်မောင် မွေ့ပျော်လျက် ရှိနေခဲ့သည်။

မောင်မောင့်ရဲရင့် ဟူသော အမည်ဖြင့် ဝတ္ထုတိုတွေ၊ ကဗျာတွေလည်း ရေးနေသည်။ ဒါက မောင်မောင့်ဘဝ။ မောင်မောင် မွေ့ပျော်ရာဘဝ။ မိဘတွေက ငွေကြေးတတ်နိုင်ပေမယ့် မဂ္ဂဇင်းတိုက်ကို ထူထောင်ပေးတာ မရှိသေး။

မောင်မောင်ကလည်း ဂရုမစိုက်။ လခစား တာဝန်ခံ စာတည်းဘဝကို စမ်းယမုန်မှာ ဝင်လုပ်၏။

မောင်မောင့်အကြောင်းကို သူ အသိဆုံး။ လုပ်ချင်ပြီဆိုလျှင် မရ။ လုပ်ကို လုပ်ရမှ စားဝင်အိပ်ပျော်သည့် မောင်မောင်။

ပွင့်လင်းသည်နှင့်အမျှ ပျော်ပျော်လည်း နေတတ်ပါသည့် မောင်မောင်သည် ယခုတော့ သူ့ကို ပွင့်လင်းစွာပဲ ပြောဆိုသည်ဟု စကားဦးသမ်းလာချေပြီ။

သူ … မောင်မောင့်ကို ကြည့်တော့ ခပ်တည်တည် ငြိမ်ကြည့်နေသည့် အကြည့်ကို မြင်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကို ဘာတွေများ ပွင့်လင်းစွာ ပြောနေချင်တာလဲ မောင်မောင်"

ယခုတိုင် မောင်မောင့် မျက်နှာချိုး မပြင်သေး။ တကယ်က တမင် မျက်နှာကို တည်ထားမှန်း သူ သိသည်။

မျက်မှန်ထူကြီးကို ပင့်၍ မောင်မောင် သူ့ကို ကြည့်လျက် ...။

"ဟ ... မေးဖို့ အကြောင်းတရားများစွာ ရှိနေတယ် ဖိုးပိုင်၊ တစ်အချက် ... အင်း ... တစ်အချက်"

ချက်ချင်း မပြောသေးဘဲ မောင်မောင် ထရပ်သည်။ လက်ကို နောက်ပစ်သည်။ သူ ထိုင်နေရာ ခုံတန်းရှေ့မှာ ဟိုဘက် သည်ဘက် ခုံတန်းအစွန်းကို ကျော်ရုံလေးပဲ ခေါက်တုံ့ခေါက်တင် လက်နောက်ပစ် လမ်းလျှောက်သည်။

"တစ်အချက် မင်းဟာ လောလောဆယ် ရက်ပိုင်းအတွင်းမှာ ငါ့ စမ်းယံမုန့်ကို ရေလွှမ်းမတတ် လာလာနေတယ်၊ အဲ ... ရေထွက်ရုံသက်သက် လာနေတာ မဟုတ်ဘူး၊ ချောင်းပေါက်ရုံသက်သက် လာနေတာ မဟုတ်ဘူး၊ ရေလွှမ်းမတတ် လာနေတယ်လို့ ငါ ပြောထားတယ်နော်၊ ဘာကြောင့်လဲဆိုတော့ မနက်စောစော မင်း ငါ့ကို ကားနဲ့ ဒီငုဝါမြိုင်အိမ်ရှေ့မှာ လာကြိုတယ်၊ ညှော့ခန်းမှာ ထိုင်စောင့်တယ်၊ ပြီးတော့ စိတ်လက် ရှည်ရှည်နဲ့ စမ်းယမုန့်ထိ လိုက်ပို့တယ်၊ နောက် ... တစ်နေ့ကုန် ငါ့တာဝန်ခံအယ်ဒီတာစားပွဲမှာ ထိုင်ထိုင်နေတယ်"

ပြောပြီးသကာလ မောင်မောင် သူ့ကို ကြည့်၏။



သူ ဘာမျှ ဝင်မပြော၊ မောင်မောင် ပြောသမျှ အမှန်တွေချည်းပဲလေ။

"အဲ ... နှစ်အချက်၊ အဲဒီလို ငါနဲ့ အမြဲ ရှိနေပြီးတော့ရင် ညနေအထိ စမ်းယမုန့်မှာ နေတယ်၊ ပြီးတော့ ငါကို ဒီငုဝါမြိုင်အိမ် အရောက်ပြန်ပို့တယ်၊ မနက်ဖြန် လာခေါ်မယ် ဆိုပြီး မှာမှာသွားတာ ဒီနေ့နဲ့ပါဆိုရင် သုံးရက်မြောက်ပြီး အဲဒါကို ငါ စိတ်ဝင်စားနေတယ် ဖိုးပိုင်"

ဟိုဘက် သည်ဘက် ခုံစွန်းလေးထွက်ရုံ ခေါက်တုံ့ခေါက်တင် လျှောက်နေတာကို လိုက်ကြည့် နားထောင်နေရသည့် သူ့ခေါင်းတွေပင် ရှုပ်နောက်လာရသည့်အဖြစ်။

မောင်မောင် သူ့ဘေးမှာ ထိုင်ချလိုက်တော့မှပဲ စိတ်ညစ်ညစ်နှင့် ...

"အဲဒါ ဘာဖြစ်သလဲ၊ မင်းက မကြိုက်ဘူးလား ... ကဲ ..."

သူ ခပ်တိုးတိုး မေးတော့ မောင်မောင် ရယ်သည်။ သူ့ပခုံးကို နာအောင်ရိုက်သည်။

"ကြိုက်ပါတယ် မောင်ရန်ပိုင်ရယ်၊ မင်း ခုလို ကြိုလိုက်ပို့လိုက် ဒရိုင်ဘာရာထူး၊ ကိုယ့်ဘာသာကိုယ် ခန့်နေတဲ့ကိစ္စကို ငါ ဒက်ဒီနဲ့ မာမီကလဲ သဘောကျသမောင်၊ ဘာကြောင့်ဆို အိမ်ပြန်ချိန် မှန်လို့တဲ့"

ပြောပြီး မောင်မောင် သူ့ကို စေ့စေ့ကြည့်သည်။

မလုံမလဲနှင့် သူ အနေခက်နေမိတာ အမှန်။ ဒါပေမဲ့ ဟန်မပျက် မျက်နှာကို တည်ထားရသည်ပါပဲ။

"သုံးအချက်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... သုံးအချက် ရှိနေသေးလား"

"ဟာ ... ရှိတာပေါ့၊ နောက်ဆိုရင် လေးငါးခြောက်ချက်တွေ အထိတောင် ရှိလာဖို့ အလားအလာ ရှိနေသေးတယ်"

ပြောပြီး မောင်မောင် ရယ်ပြန်၏။ အလကားနေရင်း အူမြူးနေသော မောင်မောင့်ကို သူ စိတ်ညစ်လာ၏။

"ဒီတော့ကာ အဲဒီသုံးချက်ကို ဆက်လိုက်ရအောင်၊ အဲ သုံးအချက်က ပင်မအချက်အလက်ပဲ၊ အဲ ရေသောက်မြစ်လို့လဲ ဆိုနိုင်တယ်၊ ခုကိစ္စတွေက အဲဒီရေသောက်မြစ်ကနေ ဖြစ်တည်လာတဲ့ အကိုင်းအခက်တွေ ဖြစ်နေတယ်လို့ ငါ သဘောပိုက်တယ်၊ ဘာလဲဆိုတော့ ဒီလို မျောက်နေရာမရ ပျာကလပ်ဖြစ်နေတဲ့ မင်းကိစ္စဝိစ္စတွေဟာ ငါ့ရဲ့ စမ်းယမုန်မဂ္ဂဇင်း ထွက်လာကတည်းကပဲဆိုတာ ငါ သိနေတယ်"

သူ ငိုင်နေရပါပြီ။

"မင်း ငါ့ကို မေးတယ်၊ မဂ္ဂဇင်းထွက်မယ့်ရက်၊ ခုလို သူ့ထက်ငါ စောထွက်ဖို့ ကြိုးစားနေရတဲ့ မဂ္ဂဇင်းသဘောအရ လမကုန်ခင် ထွက်မယ်ဆိုတာ ငါ ပြောပြခဲ့တယ်၊ အဲဒါက ကြည်လင့် မင်္ဂလာပွဲကို သွားတဲ့အချိန်၊ ကားပေါ်မှာ ငါ့ကို မင်း မေးခဲ့တာ ဟုတ်တယ်နော်၊ ဒီမှာ ငြိမ်မနေနဲ့ကွ၊ မဟုတ်ဘူးလို့ မင်း ငြင်းချင်ငြင်းနိုင်တယ်"

သူ ... မောင်မောင့်ကို ဘာမျှ မပြောချင်တော့။

တကယ်တမ်း သူ့မှာလည်း စိတ်တွေ ရှုပ်နေရတာ အမှန်။ မျှော်လင့်စောင့်ဆိုင်းခဲ့ရသောရက်တွေ ကြာလာသည်နှင့်အမျှ သူ ... ရင်ထဲမှာ မောကျနေရတာကလည်း အမှန်။



"အဲ ... နှစ်ဆယ့်ခြောက်ရက်နေ့မှာ ငါ့ စမ်းယမုန် မဂ္ဂဇင်း ထွက်မယ်လို့ ပြောခဲ့စဉ်တုန်းကတော့ ငါလဲ အမှတ်တမဲ့ပါ၊ အဲ ... အမှတ်တမဲ့ မဖြစ်တော့ဘဲ အမှတ်ထင်ထင် ဖြစ်သွားစေတာကတော့ အဲဒီ နှစ်ဆယ့်ခြောက်ရက်ရဲ့ နံနက်ဦးမှာ ငါတောင် အိပ်ရာက မထရသေးဘူး၊ အကြိုတော်ထောက်မယ့် မင်းရဲ့ ဟွန်ဒါကားဖြူလေးက ငဝါမြိုင်ရဲ့ ပေါ်တီကိုအောက်မှာ ရောက်နေတဲ့အဖြစ်ကြောင့်ပဲ"

ပြောပြီး ပြုံးစိစိနှင့် သူ့ကို မောင်မောင် ကြည့်သည်။ ဘာငြင်းမလဲ ဆိုသည့် အိုက်တင်နှင့်ပါ။

"အဲဒီလို လာလာကြိုပြီးတဲ့နောက်မှာ စမ်းယမုန်မှာ တစ်ချိန်လုံး ရှိရှိနေပြီးတော့ကာ ... အဲ ... တစ်ယောက်ယောက်ကို စောင့်စောင့်သလိုမျိုးကြီး ဖြစ်ဖြစ်နေတဲ့ မင်းကို ငါ ပွင့်လင်းစွာ မေးချင်တဲ့ စိတ်တွေ တားမနိုင် ဆီးမရ ဖြစ်ဖြစ်လာခဲ့တာ အမှန်ပါပဲ ဖိုးပိုင်"

သူ သက်ပြင်း ရှိုက်ချလိုက်မိရပါပြီတည်း။

သူ့အာရုံဝယ် မြင်လာမိရသည်က အရမ်းကို ဖြူစင်လွန်းသော အမူရာလေးများဖြင့် ရှိပါသည့် မွေးပွင့်ငယ်။ သြော် ... မောင့် မမွေးပွင့်ငယ်။

သူ မွေးပွင့်ငယ်ကို မြတ်နိုးစွဲလမ်းနေမိသည့် အဖြစ်မှာ မိမိ ကိုယ်ကိုပင် အံ့သြဖွယ် ကောင်းလောက်အောင် ဖြစ်ဖြစ်လာရပါသည့်အဖြစ်။

မိန်းကလေးတစ်ဦးကို မြင်လျှင်မြင်ချင်း မြတ်နိုးစွဲလမ်းလွန်းစွာ နေမရ၊ နေမထတ်နိုင်လောက်အောင် ချစ်သွားမိရသည့် အဖြစ်ကိုလည်း မိမိ ပြန်၍ အံ့သြနေမိရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဤမိန်းကလေးကို သူ အရမ်း ချစ်မြတ်နိုး နေမိရပြီးပြီ။

သူ၏ နှလုံးအိမ်သည် မွေးပွင့်ငယ် တစ်ဦးတည်း အတွက် ဖြစ်တည်ရသည့်နှယ်ပါ။

မွေးပွင့်ငယ်ကို မြတ်နိုးခြင်း များစွာဖြင့် ချစ်နေစေဖို့ သူ၏ နှလုံးသားကို ဖန်ဆင်းရှင်မှ သူ၏ ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုအဖြစ် ဖန်ဆင်းပေးခဲ့သည့်နှယ်ပါ။

အဘယ်မိန်းကလေးအပေါ်တွင်မျှ ဤသို့ သူ တမြတ် တနိုးနိုးဖြင့် မချစ်ခဲ့ဖူး။ အဘယ်မိန်းကလေးကိုမျှလည်း သူ ချစ်ခွင့် မပန်ခဲ့စဖူး။

မွေးပွင့်ငယ်သည် တိုတောင်းသော အချိန်လေးအတွင်း မှာပင် ရိုးသားဖြူစင်ခြင်းဆိုသော မှုရာလေးများဖြင့် သူ့နှလုံးသား တစ်ခုလုံးကို ကိုင်လှုပ်သွားနိုင်ခဲ့သည်။ လွှမ်းမိုးသွားနိုင်ခဲ့သည်။ သြော် ... ပိုင်စိုးသွားနိုင်ခဲ့ချေသည်တကား။

အေးမြချမ်းငြိမ်းသော အလှတရား၏ လွှမ်းမိုးပိုင်စိုး မှုသည် ပူလောင်သော အလှတရားများနှင့် ဆန့်ကျင်လျက် တည် မြဲနိုင်တည်သော မြတ်နိုးခြင်းကို ဖြစ်တည်စေနိုင်စွမ်းသည် မဟုတ်ပါ လားလေ။ ထိုသို့ပဲ သူ ခံယူသည်။

ယခုပင်ကြည့်။ ဖော်ပြခြင်းငှာ မစွမ်းသာသော ခိုင်မြဲ စွာ စွဲလမ်းမြတ်နိုးခြင်းဆိုသော အရာကို မွေးပွင့်ငယ်သည် သူ့နှလုံး သားဆီသို့ ပို့ဆောင်အပ်နှင်းထားခဲ့ချေသည် မဟုတ်ပါလား။

ချစ်ရသူလေးကို တွေ့မြင်လိုဇောဖြင့် သူ တစ်မျှော် တည်းမျှော်ခဲ့ရပါသည့် အဖြစ်များကို စမ်းယမုန်၏ စာမူတစ်ထပ် တင်ထားရာ စားပွဲကြီး သိလောက်ပါပြီ။



တစ်နေ့ တစ်နေ့ မွေးပွင့်ငယ် စာမူပါသည့် မဂ္ဂဇင်း စာအုပ်လေးကို လာယူမည့်ရက်အား စောင့်စောင့်နေခဲ့ရသမျှ ကိုယ့် အဖြစ်ကို အဘယ်သို့ သိနိုင်ပါမည်လဲလေ။

သူ လူပျိုပေါက်လေးတစ်ယောက်နှယ် ဟန်မဆောင် နိုင်သလောက် ရင်ထဲမှာ ယောက်ယက်ခတ်မျှ မွေးပွင့်ငယ်၏ အေးမြချမ်းငြိမ်းသော အလှတရားများ ခစားရာ မျက်နှာတော်ဦး လေးကို တွေ့မြင်လိုစိတ် ဖြစ်နေခဲ့သည်ပါပဲ။

ဆေးတက္ကသိုလ်မှာ၊ အလုပ်မှာ ... သူ မိန်းမလှလေး များစွာကို တွေ့ခဲ့ရသည်ပါပဲ။

ဒါပေမဲ့ ဤသို့ သူ ဘယ်တုန်းကမျှ မခံစားစဖူး။ မမြတ်နိုးစဖူး။ သြော် ... မချစ်မိခဲ့စဖူး။

ယခုတော့ ဤမိန်းကလေးသည် သူ့ကို ပြုစားလိုက် သည့်နှယ်ပင် သူ့နှလုံးအိမ်ဝယ် လွှမ်းမိုးခိုင်တည်စွာ အချစ်ဆိုသော အရာကို ဖန်ဆင်းပေးနိုင်ခဲ့ချေသည်တကား။

"ဟော့ကောင်"

နားစည်သို့ ကျယ်လောင်စွာ တိုးဝင်လာသော မောင်မောင့် အော်သံကြီးကြောင့် သူသတိဝင်လာရသည်။

သူ ငိုင်နေမိဆဲ။

မွေးပွင့်ငယ်။ မောင့် မမွေးပွင့်ရယ်။

မင်းကို ငါ တွေ့ချင်စိတ်နဲ့ စမ်းယမုန်ကို ရောက်နေခဲ့ တာ သုံးရက်ရှိခဲ့ပြီ မမွေးပွင့်။

ဒါပေမဲ့ မင်း ရောက်မလာခဲ့သေးဘူး။

မင်းရဲ့ မျက်နှာလေး။ မင်းရဲ့ အရမ်းဖြူစင်ရိုးစင်းတဲ့ အရိုးခံသွင်ပြင်လေးတွေကို မြတ်နိုးစွာ ငေးကြည့်ချင် ရချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားတစ်ခုတည်းနဲ့။ ငါ စမ်းယမုန်မှာ သုံးရက်ဆက်ပြီး စောင့်မျှော်နေမိခဲ့တယ်။ ရောက်လာနိုးနိုး ဆိုတဲ့ စောင့်မျှော်ရတဲ့ ဝေဒနာရဲ့ ပြင်းထန်တဲ့ ဝင်မန်းမှု အတိုင်းအဆကို အဲဒီလို စောင့်မျှော်ရတဲ့သူချင်းမှ နားလည်နိုင်စွမ်းပါတယ် မမွေးပွင့်ရယ်။

တွေ့နိုင်မယ်လို့ တစ်ထစ်ချ မပြောရဲတဲ့ မမျှော်လင့်ရဲတဲ့ သူတစ်ဦးရဲ့ ရင်မှာ ရောက်လိမ့်နိုးနိုး မြင်ရနိုးနိုးနဲ့ မရဲတရဲ စောင့်မျှော်နေရတဲ့ ဝေဒနာ အတိမ်အနက်ကို ငါ မင်းကို ဘယ်လို ဖွင့်ပြောနိုင်ခွင့် ရှိနိုင်ပါ့မလဲ မမွေးပွင့်။

မင်း တကယ်တမ်း ရောက်မလာတဲ့အခါမှာ အဲဒီ ညနေစောင်းမှာ ငါ့ရင်တစ်ခုလုံး ပန်းကျသွားတော့တာပါပဲ မမွေးပွင့်။

ရင်ထဲမှာ လစ်ဟာနေတဲ့ ဝေဒနာပဲ ငါနဲ့အတူ ပြန်ပါလာခဲ့တော့တာပါပဲ။

ငါ မင်းကို ချစ်မြတ်နိုးခွင့်ရမှ ပိုင်ဆိုင်ခွင့်ရှိမှ ဖြစ်တော့မယ်ဆိုတာ ငါ့ကိုငါ ပိုပိုပြီး နားလည်လာရတယ်။

မင်းကို ငါ ဘာလို့ ဒီလောက်တောင် ချစ်မြတ်နိုးသွားမိရပါလိမ့်လို့ စဉ်းစားမိလိုက်တိုင်း မင်းရဲ့ ရိုးစင်းဖြူစင်တဲ့ မူရာလေးတွေကြောင့်ပဲ ဆိုတာ ငါ သိနေရတယ်။

မင်းရဲ့ စာမူ စမ်းယမုန်မှာ ပါလာမယ်လို့ သိလိုက်ချိန်မှာ စားပွဲပေါ် တင်ထားတဲ့ မင်းရဲ့ လက်ချောင်းလေးတွေ တုန်ယင်လာကြတာကို ငါ့ မျက်ဝန်းတွေထဲက ပျောက်ယူလို့ မရနိုင်ခဲ့တော့ဘူး။

အရမ်းကို ငြိမ်းအေးဖြူစင်နေတဲ့ မူရာလေးတွေလည်း ငါ ဘယ်လို မေ့နိုင်ပါတော့မလဲ။ ငါ့နှလုံးသားထဲက မင်းကို ဘယ်လို နှင်ထုတ်နိုင်ပါတော့မလဲ။



မင်းဟာ ငါ့နှလုံးသားနဲ့ တစ်ထပ်တည်း ဖြစ်နေခဲ့ပြီး ပြီ။

မင်းနဲ့ ငါ ဘယ်လိုမှ ခွဲခွာလို့ မရတော့ပါလား ဆိုတာကို ငါ ပိုသိလာရလေ။

ပိုပြီး နေထိုင်မတတ် ဖြစ်လာရလေပဲ မွေးပွင့်ငယ်။

မင်းသာ ငါ့ကို ငြင်းလိုက်ရင် ငါ ဆောက်တည်ရာမဲ့ ဖြစ်သွားရလိမ့်မယ်။

ငါလေ မင်းကို ချစ်မြတ်နိုးနေသမျှ ဖွင့်တောင် မပြောရဲလောက်အောင် ရင်ထဲမှာ စိုးရိမ်စိတ် ကဲနေရတယ်။

မင်းကို သိပ်ချစ်နေတဲ့ ငါဟာ မင်းကို ချစ်မြတ်နိုးနေတာတွေ ဖွင့်မပြောရဲလောက်အောင် စိုးရိမ်စိတ် ကဲနေမိပြန်တယ်။

အဲလို စိုးရိမ်နေတဲ့ ငါဟာ မင်း ဘယ်မှာ ရှိနေတယ် ဆိုတာတောင် မသိတဲ့ လူတစ်ယောက် ဖြစ်နေပြန်တယ်။

မောင်မောင့်ကို ဖွင့်မေးလို့လည်း ဒီလိပ်စာကို ဖွင့်ပြောမှာ မဟုတ်ဘူးဆိုတာ ငါ သိထားတယ်လေ။ ဒါ ... မောင်မောင့် စည်းကမ်းပဲ။

"ဟေ့ကောင် ... ဒါ ဒုတိယအကြိမ် အော်ခြင်းနော်"

စိတ်မရှည်သံနှင့် မောင်မောင် အော်တော့မှ သူ ခေါင်းငုံ့ကြည့်သည်။

"မင်း ဘာရောဂါ ရနေတာလဲ ဖိုးပိုင် ပြောစမ်း"

သူ မဖြေ။

ထရပ်သည်။

"မင်း ... မတာတ်နိုင်ပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... လေသံက တိုလဲတို၊ အတိအကျလဲ အပိုင်ပြောနိုင်လှချေလား၊ ဘာလဲ မင်းကိုယ်မင်း နက္ခတ်တာရာပညာရှင်များ အောက်မေ့နေသလား ဖိုးဖိုင်"

သူ မချိပြုံးပဲ ပြုံးသည်။ မောင်မောင်ထံမှ မွေးပွင့်ငယ်၏ လိပ်စာကို သူ တောင်းနိုင်မည်မှ မဟုတ်ချေဘဲ။ မောင်မောင်ကလည်း ပြောပြမှာ မဟုတ်။

စာမူပို့လာသည့် မိန်းကလေးတစ်ယောက်၏ လိပ်စာကို အလွယ်တကူ ပြောမည့်သူ မဟုတ်။

ဒါကို သူ သိနေသည်။

"ထားပါတော့လေ မင်း ပြန်မလို့လား၊ အေး ... ပြန်၊ မနက်ဖြန်တော့ လာခဲ့ကွာ၊ စမ်းယမုန်ကို မသွားခင် တစ်နေရာကို သွားစရာရှိတယ်၊ လိုက်ပို့ပေါ့ ဟုတ်လား"

"အေးပါ ..."

ပြောပြီး ကားရှိရာသို့ သူ လျှောက်သည်။ စမ်းယမုန်မှ အပြန်တွင် မောင်မောင့်ကို ငုဝါမြိုင်မှာ အရင်ဝင်ပို့ပြီးတာနှင့် အိမ်ထဲမဝင်ဖြစ်ဘဲ ခြံထဲမှာပဲ စကားပြောဖြစ်လိုက်သည်။ ဤသည်ကလည်း မောင်မောင် ကိုယ်တိုင်က အိမ်ထဲမဝင်ဘဲ ခြံထဲရှိ ခုံတန်းပြာမှာ တမင်ဝင်ထိုင်၍ပါ။

"ဩော် ... ငါ့ ဒက်ဒီနဲ့ မာမီက ပြောတယ်၊ မင်းရော စာပေလုပ်ငန်းမှာ စိတ်ဝင်စားနေသလားတဲ့၊ ငါ ဖြေလိုက်တယ်၊ စာပေမှာ ဝါသနာပါလာတာ ဖြစ်မှာပါလို့၊ စာပေဆိုတာ လုပ်ငန်းတစ်ခုလို သတ်မှတ်လို့ မရဘူးလို့၊ ဝါသနာပါမှ ဖြစ်တာလို့"

ပြောပြီး မောင်မောင် သူ့ကို ကြည့်သည်။



"မင်းရဲ့ ဒက်ဒီနဲ့ မာမီလဲ အံ့ဩနေတယ်၊ ဆေးခန်းလဲ မထိုင်ဘူးဆို၊ မင်း ဒက်ဒီရဲ့ ဆေးခန်းမှာ ညနေတိုင်း ဝင်ထိုင်တာ အခု လုံးဝ အလုပ်မဆင်းတာ သုံးရက်ရှိပြီတဲ့၊ အတိအကျ ဆိုရရင် နှစ်ဆယ့်ခြောက်ရက်မြောက်တဲ့ နေ့ကတည်းကတဲ့၊ စမ်းယမုန်ကို ရောက်နေတယ်ဆိုလို့ သူတို့လဲ အံ့ဩနေကြတယ်၊ ငါ့ ဒက်ဒီရော မင်း ဒက်ဒီရော ငါတို့ နှစ်ကောင်အကြောင်း တယ်လီဖုန်းနဲ့ ပြောလိုက် လူချင်းတွေ့ စစ်တုရင် ထိုးရင်းပြောလိုက်နဲ့တဲ့၊ ငါ့ကို အိမ်ဖော်မိန ပြောပြတယ်ကွ"

ပြောပြီး မောင်မောင် ထရပ်ကာ သူ့ပခုံးကို ပုတ်သည်။

"ကဲ ... ပြန်တော့"

သူ မောင်မောင့်ကို အကဲခတ်သလို ကြည့်မိသည်။

မွေးပွင့်ငယ်ကို သူ အရမ်း မြတ်နိုးနေမိတာတော့ မောင်မောင်များ ရိပ်မိချေပြီလားဟူသော အကဲခတ်ကြည့်ပါ။

မောင်မောင်က လေးလေး တချွန်ချွန်နှင့် သူ့ဘေးမှ လျှောက်လာသည်။

တိုက်ပုံအင်္ကျီကို ချွတ်ထားလျက် ပခုံးထက်မှာ တင်ထားသည့် မောင်မောင် အသွင်က သူ့အဖြစ်ကို အကဲခတ်မိသေးပုံ ရ

"ဒက်ဒီက ပြောတယ် ... မင်းရဲ့ ကားနဲ့များ တမင်ကြုံနိုင်၊ ပို့နိုင်းနေတာလားတဲ့၊ ပြောတယ် ဆိုတာထက် မေးတယ်ဆိုရင် ပိုမှန်မှာပေါ့ကွာ၊ ငါက ဖြေလိုက်ပါတယ်၊ ဖိုးဖိုင်ကသား၊ အသွားအလာ ဒုက္ခရောက်တာကို မကြည့်ရက်လို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့နေတာပါလို့ အိမ်က ကားကို ဒက်ဒီက ပေးမသုံးဘူး မဟုတ်လား။ အဲလိုပဲ ပြောလိုက်တယ်”

“ပေးသုံးမလားဟ ... မင်း ဥစ္စာက အရမ်းမောင်းတာ မီးနီဖြတ်မောင်းရတာနဲ့၊ မျဉ်းကျားမှာ အရှိန်နဲ့ မောင်းရတာနဲ့ ပြီးတော့ တိုက်ကို ရောက်ရင်လဲ ဟိုလူ့ ငှားလိုက်၊ ဒီလူ့ နိုင်းလိုက် မင်းအိမ်က ကားချည်းပဲ သုံးနေတာ တော်ကြာ ဟိုနေရာ ချိုင့်လာလိုက်၊ ဒီနေရာ ခွက်လာလိုက်နဲ့ မင်းမှ ပစ္စည်းကို မရိုသေတာ”

စမ်းယမုန်ကို တာပေတိုက်၏ အတိုကောက်သဘော ဖြင့် တိုက်ဟုပဲ ခေါ်ခဲ့ကြတာက နှုတ်ကျိုးနေချေသည်ပါပဲ။

မောင်မောင် ရယ်နေသည်။

“ဟ ... အဲဒါ တမင် လက်များအောင် လုပ်ထားရတာကွ၊ ငါ တစ်ယောက်တည်းပဲ မောင်းတယ်ဆိုရင် ရှိသမျှ အပိန် အချိုင့်တွေဟာ ငါ့လက်ချက်ဆိုတာ ဒက်ဒီ သိမှာပေါ့၊ အဲဒီ အတွက် တိုက်က ကောင်လေးတွေကို မြှောက်ပေးပြီး ငါ့ ကားကို တမင် မောင်းမောင်းခိုင်းတာ မင်း အပြောအတိုင်း ဆိုရင်တော့ ကားနဲ့ ဟိုနိုင်းသည်နိုင်း လုပ်လုပ်ပေးရတာပေါ့ ကွ၊ ဒါမှ အပိန်အချိုင့်တွေကို ဒက်ဒီ လက်ညှိုးထိုးမေးတဲ့ အခါ တိုက်က ကောင်လေးတွေ လွှဲလွှဲချလို့ ရတာပေါ့ကွ”

မဟာပညာကျော် မောင်မောင့်ကို သူ လက်ပဲမြှောက် ပြလိုက်ရပါ၏။

ဘယ်လိုပြောရမည်ကို မသိ။ အေးတိအေးစက် ရှိလှ ပါသော အမေလုပ်သူကိုတော့ ထားပါတော့။ အလွန်ဖယားကြီးသော ဖခင် လုပ်သူကိုပါ နှစ်ပေါက်တစ်ပေါက် ရိုက်ဖြစ်အောင် ရိုက်တတ်



ပါသည့် မောင်မောင့်ကို သူ စိတ်လည်းညစ်၊ ရယ်လည်းရယ်ချင် သည်။ ဘယ်ချိန် ကြည့်လိုက်ကြည့်လိုက်။ မောင်မောင်ကတော့ ပျော်နေတတ်သည်ပါပဲ။

အဖေ လုပ်သူက ကားမပေးတော့သည့် အခါကျတော့ လည်း ဘတ်စ်ကားနှင့်ပဲ စမ်းယမုန်သို့ ပျော်ပျော်ကြီး သွားခဲ့သည် ပါပဲ။

အန်ကယ် ဦးဘတင့်ကိုလည်း အပြစ်မပြောသာ။

အက်စ်အီး ကားဖြူလေးချော ဟိုက ပိန်လာလိုက်၊ သည်က ချိုင့်လာလိုက်နှင့် ဖြစ်ဖြစ်လာသမျှ ဒိုင်ခံ ဝပ်ရှော့ပို့။ ပြန် ပြင်ရ။ စိတ်ညစ်ရ ဆိုတော့ နောက်ဆုံး ကားသော့ကို ပြန်သိမ်းလိုက် ရရှာသည်လေ။

ဒါကြောင့်လည်း သူ့ကို ဒက်ဒီ ပြောဖူးသည်။

“ဘတင့် စည်းကမ်းကြီးသမျှ မောင်မောင်နဲ့ ကျမှ ဥပေက္ခာ ထုံး နလုံးမူထားလိုက်ရတော့တယ်”

ဟူသော စကားပါ။

“မနက်စောစော သွားမှာနော် ... ခပ်စောစော သွားမယ်၊ အဲ ... စမ်းယမုန်တိုက် မဖွင့်သေးခင်ပေါ့၊ အဲဒီက အပြန်မှာ စမ်းယမုန်ကို သွားမယ်၊ တိုက်ဖွင့်ချိန်အမီ ဆိုပါတော့”

မောင်မောင် ပြောတော့ သူ ခေါင်းပဲ ညိတ်သည်။

သပ်ရပ်စွာ ဝတ်စားတတ်သော သူ့စရိုက်နှင့် ဖြစ်သလို နေသိဖတ်သီ နေတတ်သော မောင်မောင့် အသွင်တို့က အရမ်းကို ခြားနားတာတော့အမှန်။

“တကယ် စောစောထ ဖိုးမောင် ဒါပဲ”

ကားထဲ ဝင်ပြီး သူ အရေးကြီးတာကို မှာသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချဖှာပေးသော ကတိသည် မှန်မည် မမှန်မည်ကိုတော့ အသေအချာ မပြောနိုင်သေး။ မောင်မောင့်ကို လက်ပြပြီး ကားကို ငုဝါမြိုင် ခြံတွင်းမှ မောင်းထွက်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ...။ စမ်းယမုန်တိုက် မဖွင့်မီ မောင်မောင့်ကို မနက်စောစော လိုက်ပို့ရမည်ဆိုတော့ တော်သေးသည်။

ဒါမှ မဟုတ်လျှင် မတော်တဆ သူတို့ အပြင်မှာ ရှိနေခိုက် မွှေးပွင့်ငယ် စမ်းယမုန်သို့ စာအုပ်လာယူဖို့ ရောက်လာလျှင် သူ ရင်ကွဲရချေမည်။ ကားကို မောင်းနေရင်းမှ သက်ပြင်းရှိုက်မိ၏။

ပန်းနုရိပ်၏ ခြံဝင်းတံခါးသို့ သူ ဝင်ခိုက် နှုတ်မှ လွတ်ခနဲ မြည်တမ်းလိုက်မိသည်က ...

"မောင် ... ရူးတော့မယ် မမွှေးပွင့်ရယ်"

ဟူ၍ပါ။ ခပ်သည်းသည်း ပြောလိုက်မိသည့် အသံသဲ့သဲ့ အဆုံး၌ ပို၍ သူ သိလာရသည်။

သူ မွှေးပွင့်ငယ်ကို အချိန်ပြည့် နည်းပါးမျှ သတိရနေမိခြင်းပါလားဆိုသည့် အသိပါ။

အချစ်၏ အဦးအစသည် အရမ်းကို သတိတရနှင့် ကလေးတစ်ယောက်လို ဟန်ဆောင်မရနိုင်စွာ ရင်ထဲမှာ လှမ်းနေမိစေခြင်းမျိုးပါလားဟု သူ နားလည်နေရပါချေ၏။

ဩော် ... စိတ်အစဉ်၏ ရွေ့လျားမှုများသည်လည်း မွှေးပွင့်ငယ်ထံသို့ပဲ လွင့်ဝဲနေမိရသည်။ သူ့၏ ခြေလှမ်းအရွေ့သည်လည်း၊ အဘယ်သို့ပဲ ရွှေ့ရွှေ့ ချစ်ရလေသော မိန်းကလေးထံသို့ သွားနေရပါသော ပိုင်နိုင်ပါသည့် ခြေလှမ်းများ ဖြစ်စွမ်းလိုက်ချင်စိတ်သာ လှမ်းမြိုလာရသည်။ သူ မိမိ အတွေးကို သဘောကျသလို ပြုံးလိုက်မိရပါ၏။ တာဆဲ။ ဩော် ... ခြေလှမ်း၏ အရွေ့သည်



ပင်လျှင် သခင်ဦးထံသို့ လှမ်းခွင့်ရပါသည့် ပိုင်နိုင်သူတစ်ယောက်၏ ခြေလှမ်းအဖြစ် ဖြစ်လိုက်ချင်သည်တဲ့။ ဟုတ်စ။

အဘယ်မျှ မျှော်လင့်သူ တစ်ဦး၏ ရင်ကို ခွင်းပြလိုက်ပါသည့် အတွေးပေလဲ။ အဘယ်မျှ ချစ်မြတ်နိုးဖွယ် အတွေးလေးပေလဲ မွှေးပွင့်ငယ်။ နောက် ... အဘယ်မျှ ချစ်ရာကောင်းလိုက်ပါသည့် အတွေးလေး ဖြစ်နေပါသလဲ မောင့် မမွှေးပွင့်ငယ်ရယ်။

တကယ်တော့ ... အရမ်းကို ချစ်မြတ်နိုးသူ ချစ်မြတ်နိုးမိရသူ တစ်ယောက်ရဲ့ အဖြစ်ဟာ ချစ်ရသူလေးထံမှာပဲ အခစားရောက်နေချင်တာတတ်တဲ့ ဆန္ဒကို မလွန်ဆန်သာတော့တဲ့ အဖြစ်ပဲဆိုတာ မင်း ဘယ်လိုများ သိနိုင်ပါ့မလဲကွယ်။

ငါလေ ... မင်းထံပါးကို ခြေဦး လှည့်ခွင့်ရတဲ့သူအဖြစ် ရောက်လိုက်ချင်ပါတယ်။ မင်း ... မင်း ရှိရာအရပ်ကို ခြေဦးလှည့်ခွင့် ငါ့ကို ပေးစေချင်လိုက်တာ မောင့် ... မမွှေးပွင့်ငယ်ရယ် ...။

www.burmeseclassic.com

www.burmeseclassic.com



## ၃

ကားတစ်စီး ဝင်သာရုံမျှသာ ရှိသော သေးသွယ်ကျဉ်းမြောင်းသည့် လမ်းသွယ်လေးအတိုင်း ဟွန်ဒါကားဖြူလေးကို သူ မောင်းဝင်လာရသည်။

တောင်ဥက္ကလာပသို့မောင်း ... ဆို၍သာ သူ မောင်းခဲ့ရသည်။

လေလေး တချွန်ချွန် လုပ်လျက် မနက်စောစောမှာ အရမ်းကို စိတ်လက်ကြည်သာ ပေါ့ပါးနေသည့် မောင်မောင့်ကိုလည်း သူ အကဲခတ်ရသည်။

ဆွဲနေကျ လက်ဆွဲသားရေအိတ် အနက်ကြီးကို ပိုက်လျက် ဟိုလမ်းကွေ့ သည်လမ်းချိုးလုပ်၊ လမ်းညွှန်သမျှ သူ မောင်းလာခဲ့ရသည်မှာ ယခုတော့ ကျဉ်းမြောင်းသော လမ်းသွယ်ထဲကို ရောက်လာရပြီ။ တကယ့်ကိုမှ ကားငယ်လေးတစ်စီး ဝင်သာရုံမျှ ရှိပါသော လမ်းသွယ်ကျဉ်းကျဉ်းလေး။

"အဲ ... ဟုတ်ပြီ၊ အဲဒီရှေ့က ခြံလေးမှာ ရပ်လိုက်လို့ရပြီ"

ခပ်လှမ်းလှမ်းတွင် မြင်ရပြီဖြစ်သည့် မန်ကျည်းပင်လေးရှိသော ခြံလေးကို မောင်မောင် ညွှန်ပြ၏။



"စောစောက ဟိုဘက်က အိမ်နံပါတ်တွေအရ တွက်ချက်ကြည့်လိုက်ရင် ငါတို့ ရပ်ရမယ့် အိမ်ဟာ အဲဒီရှေ့က မန်းချည်းရိပ်လေး ဆိုင်းဆိုင်းပေါက်နေတဲ့ ခြံစည်းရိုးနေရာလေးပဲကွ"

ပြောပုံဆိုပုံကိုကြည့်။ တွက်ချက်ကြည့်ပြီး ရပ်ရမည့် အိမ်နံပါတ်ကို မှန်းဆမှတ်ယူကာ ရပ်ခိုင်းသည်တဲ့။

ကြည့်ရတာ မောင်မောင်လည်း ထိုအိမ်ကို ရောက်ဖူးပုံမရ။

မသေမချာဖြစ်သည် ဆိုလျှင်တော့ မောရဦးမည်။ ...ာက်ထပ် တစ်နေရာကို ကားမောင်းပို့နိုင်းဦးမှာ သေချာသည်။

"မွှင့်ဥစ္စာကွာ မင်း ရှာနေတဲ့အိမ်က သေချာလို့လား၊ မဟုတ်ရင် ဒုက္ခပဲ"

နာရီကို ငုံ့ကြည့်မိလျက် သူ ညည်းသည်။

စမ်းယမုန် မဂ္ဂဇင်းတိုက် ဖွင့်ချိန်ထက်ကျော်၍ မဖြစ်။ ...ပွင့်ငယ်က ဤနေ့တွင်မှ ခပ်စောစောကြီး တိုက်ကို ရောက်လာ...င် ဘယ့်နယ် လုပ်ရမည်တဲ့လဲ။

ပြီးပြီပေါ့။ မွှေးပွင့်ငယ်ကို တွေ့ခွင့်မရဘဲ ဖြစ်ရချေ...ာ့မည်။

ရင်ထဲတွင် ပူလောင်လာ၏။ ယခုလို တိုက်မှာ သူ ...ျိုးကျမှ မွှေးပွင့်ငယ်ကလည်း ရောက်ချင်ရောက်သွားနိုင်သည် ... ဒါမျိုးက ဖြစ်တတ်သည်။

မျှော်သူက အရမ်းမျှော်လင့်နေလျှင် လွဲဖြစ်အောင် ...တ်သည့် သဘောမျိုးကလည်း ရှိတတ်သည် မဟုတ်ပါလား။

နေရင်းထိုင်ရင်း မောင်မောင့်ကို စိတ်မရှည်ချင်သလို ...ာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ဟုတ်ပြီ၊ ရပ်လိုက်တော့ ... ရပ်လိုက်တော့"

လေးဘီးကားလေး ငှားလာသူ၏ အိုက်တင်မျိုးဖြင့် မောင်မောင် ပြောခိုက် သူ ကားကို ရပ်လိုက်သည်။

"အေး ... ဟုတ်ပြီ၊ ကားပေါ်က ဆင်းကြရအောင်"

အိတ်ကို ဆွဲ၍ ကားပေါ်မှ ဆင်းရင်း မောင်မောင် ပြောတော့ သူ ခေါင်းယမ်းပြသည်။

"မင်း အသိပဲ မင်း ဆင်းပေါ့ကွ၊ ငါ ဒီကပဲ စောင့်မယ်၊ ကြာမနေနဲ့ဦး၊ မဂ္ဂဇင်းတိုက်ဖွင့်ချိန်ထက် နောက်ကျနေရင် မကောင်းဘူး"

မောင်မောင့် မျက်ခုံးကြီး ပင့်တက်သွားလျက် သူ့ကို ပြုံးတမြမြနှင့် ကြည့်လာ၏။

"စမ်းယမုန်အတွက် စေတနာသုံးတန်ထားတဲ့ လူထဲမှာ ငါ တစ်ယောက်တည်း မဟုတ်တော့တဲ့ သဘောကိုဆောင်သော စကားပါလား ဖိုးပိုင်၊ အေး ... ဒါဖြင့် မင်း ဒီကပဲ စောင့်ချင်စောင့်လေ"

ခပ်အေးအေးပင် ကားတံခါးရွက်ကို မောင်မောင် ပိတ်သည်။

"ငါက မွှေးပွင့်ငယ်ရဲ့ စာမူပါတဲ့ မဂ္ဂဇင်းကို လာပို့ပေးလိုက်တာကွ၊ တိုက်ကို ရောက်မလာတော့ ငါ ကိုယ်တိုင်ပဲ ပို့ချင်တာနဲ့ လာပို့လိုက်တာ၊ စာမူမှာ ပါတဲ့ လိပ်စာအတိုင်း ဆိုပါတော့၊ ကဲ ... မင်း စောင့် သိပ်မကြာစေရပါဘူးကွာ စာအုပ်ပေးပြီးတာနဲ့ ငါ ပြန်လာခဲ့မှာပါ"

ရှိန်းခနဲ မျက်နှာတွင် ခံစားရပြီ။ မျက်နှာ ရဲလာပြီ ဆိုတာကိုတော့ အလိုလို သိနေ၏။ သူ ဘာကြောင့် စမ်းယမုန်မှာ



အရမ်းကို ခြေမြန်နေတာ မောင်မောင် သိနေချေသည် မဟုတ်ပါလား။ ရှက်စိတ်ကဲရပါသော အဖြစ်ကို ကြာရှည် သူ ဂရုမစိုက်အား။ ကမန်းကတန်းပဲ ကားပေါ်မှ ဆင်းလိုက်မိရပါပြီတည်း။

"ငါလည်း လိုက်မယ်လေ"

နှုတ်မှ ပွင့်ထွက်လာသောစကား။ အရမ်းကို ဝမ်းသာနေမှန်း သိသာနေပါသည့် နှုတ်ထွက်စကား။

မောင်မောင် ပြုံးပဲပြုံးနေမိသည်။

သူ့ရင်တွေ အရမ်းခုန်နေတာလည်း အမှန်။ လှုပ်ခတ်နေသည့်ရင်သည် ယောက်ယက်ခတ်မျှ ဖြစ်နေ၏။

သြော် ... သူ မွှေးပွင့်ငယ်၏ နေ့အိမ်လေးရှိရာအရပ်သို့ ရောက်ခဲ့ရချေပြီတကား။

သခင်ဦး၏ မျက်နှာတော် နုနုဖူးကို သူ မကြာမလင့်မီ တွေ့ရချေတော့မည်။

သြော် ... သခင်ဦးရှိရာ အရပ်သို့ သူ့ခြေလှမ်းများသည်လည်း ရွေ့လျားနိုင်ခွင့် ရှိလာခဲ့ပြီ။

မောင်မောင့်ကို အရမ်းကျေးဇူးတင်စွာ သူ ကြည့်နေတာကို မမြင်ယောင်ပြုလျက် နှုတ်ခမ်းမှာ လက်ဖဝါးကို အုပ်ကာ ချောင်း တဟွတ်ဟွတ် ဆိုးယောင်ဆောင်နေသူက မောင်မောင်။ ရယ်ချင်စိတ်ကို အောင့်အည်းနေမှန်း သိသာသည်။ တကယ်လည်း ကားပေါ်မှ လွှားခနဲ နေအောင် သုတ်သုတ်ပါအောင် ဆင်းချလာသည့် သူ့အသွင်ကလည်း ရယ်စရာ ဖြစ်နေချေမည်ပေါ့။

"မင်းကို တစ်ယောက်ယောက်ကများ ကားထဲက ဆွဲနှုတ်လိုက်သလားလို့ ငါ ထင်နေတယ် ဖိုးပိုင်၊ အဟဲ ... ဟဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မောင်မောင်ရယ်သည်။ နောက်ကြောင်းပြန် လျှောက်တာ သူ ထိုင်ခဲ့ရာ ကားရှေ့ခန်းတံခါးနေရာသို့ ကွေ့ပတ်၍ လျှောက်ပြီး ခေါင်းပြူကြည့်သည်။

"ကားထဲမှာများ မြွေတွေ့လိုက်လို့ ခုန်ပေါက်ဆင်းလာသလား လို့ပါကွာ"

ဟု ရယ်ဟဟဖြင့် လှမ်းပြောတော့ သူ မျက်နှာကို လွှဲယောင်ပြုလျက် ...

"မင်းကလဲ"

ပြန်လျှောက်လာကာ မောင်မောင် ပြောတော့ ဘာတစ်ခွန်းမှ စကားမရှည်နိုင်တော့ဘဲ ငြိမ်ငြိမ်သက်သက် သူ လိုက်လာ၏။

"တစ်သက်တာမှာ ဒီတစ်ကြိမ်ကတော့ ငါ့စကားကို နားအထောင်ဆုံးပဲ ဖိုးဝိုင်"

ပြောပြီး ခပ်တိုးတိုး မောင်မောင် ရယ်သည်။

မန်ကျည်းရိပ်သည် အေးအေးမြမြ ရှိလှတာ အမှန်။ ရွက်ဝါသေးသေးလေးများက ဝါရည်ရိပ်ခင်းထားသည့်နှယ် မြေပြင်ထက်တွင် ကြွေကျနေကြသည်။

အိမ်ဆိုင်လေး ဖွင့်ထားသော အသက်လေးဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရပါ၏။

စောစောက အိမ်ဆိုင်လေးထဲမှာ အမျိုးသမီးကြီး ရှိမနေ။ သူတို့ ပြန်လျှောက်လာကြစဉ်နိုက်မှာ နောက်ဘက်တံခါးမှ အိမ်ဆိုင်လေးတွင်းသို့ ဝင်လာကာ ဖျာကြမ်းထက်မှာ ထိုင်လိုက်ကာ သူတို့နှစ်ယောက်ကို လှမ်းကြည့်အကဲခတ်နေသည်ပါပဲ။



အဖိုးတန် ကားလေးနှင့် ရောက်လာကြပါသော သူစိမ်းနှစ်ယောက်ကို အဒေါ်ကြီး အကဲခတ်နေတာ သူတို့ကလည်း နားလည်သည်။ အိမ်ဆိုင်လေးမှာ ဝယ်ခြမ်းဖို့ ရောက်လာကြခြင်း မဟုတ်တာကိုလည်း ရိပ်စားနားလည်သည့်ပုံ။

"အစ်မကြီး ... ဒါ ... စာရေးဆရာမ မမွှေးပွင့်ငယ်ရဲ့ အိမ်ပါလားခင်ဗျာ"

အစ်မကြီးဟု ခေါ်ခြင်းကိုက ချိုချိုသာသာပါ။ ထိုသို့ အခေါ်ခံရသည့်အတွက် အဒေါ်ကြီး၏ အသွင်က အနေခက်ပုံပင် ဖြစ်သွားသည်။ ခပ်ရီးရီး ဝတ်ဆင်ထားကာ ဆေးပေါ့လိပ် ဖွာနေပါသည် အဒေါ်ကြီးမှ ...

"မိမွှေးရဲ့ အိမ်တော့ အမှန်ပဲ မောင်ရင်၊ ဒါပေမဲ့ စာရေးဆရာမ တော့ ဟုတ်မဟုတ် မသိပေါင်ကွယ်၊ စာတွေတော့ ရေးရေးပြီး လွယ်အိတ်တစ်လုံးလွယ်၊ စာအုပ်တိုက်ဆိုလား ဘာလား၊ သွားသွားပို့နေတာတော့ အမှန်ပဲ၊ ခုလဲ နေ့ပူထဲသွား၊ စာအုပ်တိုက်တွေ သူ့စာရွက်တွေပို့၊ ပြန်လာ ရေချိုး၊ ဖျားနေပေါ့၊ ဒီကလေးမကို သနားလဲ သနားမိပါရဲ့၊ ည ... ည ရေးလိုက်ရတဲ့ စာတွေကလဲ မနည်း၊ ရပ်ကွက်ထဲကတော့ သူ့ကို စာရေးဆရာမရယ်လို့ မခေါ်ကြပါဘူး၊ စာရေးဆရာရူး လို့ ခေါ်ကြသလေ"

ဟု စိတ်ညစ်သံနှင့် ခပ်ညည်းညည်း ပြောတော့ သူ ရင်ထဲ ပူခနဲဖြစ်၏။ မွှေးပွင့်ငယ် ဖျားနေချေသည်ဆိုပဲ။ အတော်များ ဖျားနေချေသည်လား။

"ဩော် ... ဒါကြောင့် သူ့ခများ စမ်းယမုန်ကို မလာနိုင် ယူဖို့ ရောက်မလာနိုင်ရှာတာကိုး"

www.burmeseclassic.com



ဟူ၍ သနားစိတ်ဖြင့် သိလိုက်ရပါပြီ။

"ဟုတ်ကဲ့၊ ကျွန်တော်တို့က စမ်းယမုန်မဂ္ဂဇင်းတိုက်ကပါ၊ ဆရာမ မမွေးပွင့်ငယ်ရဲ့ ဝတ္ထုပါတဲ့ မဂ္ဂဇင်းကို လာပို့ပေးတာပါ၊ ဒီဘက်ကိုလဲ လာစရာရှိတာနဲ့ တစ်လက်စတည်း ဝင်ပို့ပေးလိုက်တာပါ ခင်ဗျ"

ဟု မောင်မောင်ပြောတော့ အဒေါ်ကြီးခမျာ ပျာပျာသလဲဖြင့် ...

"ဟောတော့ ... ဟုတ်လား၊ ဝမ်းသာလိုက်တာ မောင်ရင်ရယ်၊ မိမွေး သိရင် သာပြီးတော့တောင်မှ ဝမ်းသာမှာ၊ လာပါ ... လာပါ၊ နောက်ဘက်မှာ အိမ်ရှိပါတယ် ကြွပါ"

ဟု ဝမ်းပန်းတသာ ပြောရှာ၏။ အရမ်းကို အရိုးခံအမျိုးသမီးကြီးမှန်း သိသာသည်။ ရိုးရိုးကြီးပဲ ပြောတတ်ဆိုတတ်ပုံရရှာသည့် ဒေါ်ကြီးပါ။

အိမ်ဆိုင်လေး၏ နောက်ဘက်တံခါးမှ အဒေါ်ကြီးဆင်းနိုက် သူတို့ကလည်း ခြံငယ်ငယ်လေးတွင်းသို့ အိမ်ဆိုင်လေးဘေးမှပဲ ဝင်ခဲ့ကြသည်။ ခြံက သိပ်မကျယ်။

ဒါပေမဲ့ ရှိသလောက်မြေလေးမှာ ပန်းပင်လေးတွေ၊ စားပင်လေးတွေ စိုက်ထား၏။ စိမ်းစိမ်းစိုစိုရှိသော ခြံလေး၏နောက်ဘက်မှာ ရေနံရည်ဝနေသော ထရန်ကာ ခနိမိုး အိမ်ငယ်လေးတစ်လုံးကို မြင်ရသည်။ ခြေတံနိမ့် အိမ်ငယ်လေးသည် ခန်းဆီးစအဖြူတပ် ပြတင်းလေးများ ဖွင့်လျက် လှသံ သူသံ တိတ်ကျနေ၏။

သူ သက်ပြင်းရှိုက်မိသည်။ ဤအိမ်ငယ်လေးတွင်းဝယ်သူ၏ မမွေးပွင့်သည် ဖျားနေရှာချေသည်။ ဝေဒနာ ခံစားနေရှာမည်။ ရင်ထဲတွင် မွေးပွင့်ငယ်ကို ကုသပေးလိုက်ချင်စိတ်ပဲ ကြီးစိုးနေရပါ



သည့်အဖြစ်။ ချစ်ရသူလေးကို ဝေဒနာမှ သက်သာပျောက်ကင်းသွားစေချင်လှပြီ။

"မိမွေးခမျာ ဖျားနေတော့ အဲဒီစာအုပ်ကိုလဲ မယူနိုင်၊ သူ့ဥစ္စာ ပါတာကိုလဲ မြင်လဲမြင်ချင်ဆိုတော့ ဆိုင်မှာ အဝယ်ရောက်လာတဲ့ ကောင်လေးနဲ့ အဲဒီ စာအုပ်ကို အငှားဆိုင်မှာသွားငှားခိုင်းတယ်လေ၊ ချော့မော့ပြီး ခိုင်းတာ၊ ကောင်လေးကလဲ သွားငှားပေးပါတယ်၊ အဲဒါ တစ်နေ့လုံး သူ့ဥစ္စာပါလာတဲ့ အရုပ်ပုံရယ်၊ စာတွေရယ်ကို ဖြန့်ဖြန့်ပြီး စာအုပ်နဲ့မျက်နှာ မခွဲဘဲ ကြည့်ကြည့်နေတာ"

ဒေါ်ကြီး ပြောပြတော့ သူ့ရင်ထဲတွင် သနားနေရတာပဲ ရှိလာသည်။ တကယ့်ကို ကြည်နူးဝမ်းသာစိတ်ဖြင့် မဂ္ဂဇင်းစာအုပ်လေးကို ကြည့်နေရှာသည့် ချစ်ရသူလေး၏ အသွင်ကိုလည်း မြင်ယောင်နေမိရပါသည့်အဖြစ်။ မောင်မောင်ပင် နားထောင်ရင်း စိတ်ကောင်း ဖြစ်နေသည့်အသွင်။

"အေးဗျာ၊ ကျွန်တော်တို့ သိရင် လာပို့ပေးပါတယ်၊ စာအုပ်ထွက်ထွက်ချင်း လာပို့လိုက်ပါတယ် ခင်ဗျာ၊ ကျွန်တော်က စာအုပ်ကို မဂ္ဂဇင်းတိုက်မှာပဲ လာယူလိမ့်မယ်ဆိုပြီး ဟိုကပဲစောင့်နေမိတာ၊ အခု သက်သာလာပြီလား"

မောင်မောင် မေးတော့ ဒေါ်ကြီး ခေါင်းခါပြသည်။

"နည်းနည်းလောက်ပါပဲကွယ်၊ သိပ်သက်သာတယ်ရယ်လို့တော့ မဟုတ်ပါဘူး၊ စက်တာက မိမွေးက သူ တာဖြစ်နေတယ်ဆိုတာကို ပြောတတ်တာ မဟုတ်ဘူး၊ သိပ်သည်းညည်းခံတတ်တာ၊ ဒေါ်ကြီးကို အားနာတယ်၊ စိတ်မကောင်းဖြစ်မှာ၊ စိတ်ပူမှာကို စိုးရိမ်တယ်၊ ဝေဒနာကို ကျိတ်ခံတယ်၊ မသက်

www.burmeseclassic.com

www.burmeseclassic.com



သာရှင်လဲ မပြောဘူး၊ မေးလိုက်ရင် သက်သာပါတယ်လို့ပဲ ပြောတာ၊ သိပ်ခက်တဲ့ကလေး"

အစစ ချစ်မြတ်နိုးဖွယ် စိတ်ထားလေးများကို သူ နားထောင်နေရင်းဖြင့် ပိုပိုသိနားလည်လာရလေပါ။

အိမ်ငယ်လေး၏ ဝရန်တာလေးသို့ လှေကားထစ်သုံးလေးထစ်ကို နင်းဖြတ်၍ သူတို့ ရောက်ခဲ့ကြပြီ။ သင်ဖြူးဖျာ ခင်းထားသော ဧည့်ခန်းလေးသည် ကျဉ်းသော်လည်း သပ်သပ်ရပ်ရပ်နှင့် သန့်ရှင်းနေသည်ပါပဲ။ အိမ်ဦးခန်းတွင် ဘုရားစင်သည် ပန်း၊ ဆီးမီးဖြင့် သပ္ပာယ်စွာ ရှိနေပါ၏။

"ဒါက ဒီလိုပါ၊ အဆင်သင့်တာ တစ်ခုတော့ ရှိတယ် ဒေါ်ဒေါ်၊ သူက ကျွန်တော့် သူငယ်ချင်းပါ၊ ဆရာဝန်တစ်ယောက်ပါ၊ ရန်ပိုင်လို့ ခေါ်ပါတယ်၊ ဆရာမ မမွှေးပွင့်ငယ်ကို ကြည့်ခွင့်များ ရပါမလား ခင်ဗျာ"

မောင်မောင် မေးတော့ ဒေါ်ကြီး သူ့ကို ကြည့်၏။ မောင်မောင်က စာအုပ်ကို သားရေအိတ်ထဲမှ ထုတ်သည်။ မင်္ဂဇင်းကို တရိုတသေပင် ကမ်းပေးလျက် ...

"ဆရာမကို ဒေါ်ဒေါ်ပဲ စာအုပ်ကို ပေးပေးပါ၊ အကယ်၍ ဒေါ်ဒေါ်နဲ့ ဆရာမက ခွင့်ပြုမယ် ဆိုရင်တော့ ကျွန်တော်တို့ လူနာမေးခွင့် ကြည့်ခွင့် ရချင်ပါတယ် ခင်ဗျာ"

ဤသို့ဆိုတော့လည်း မောင်မောင်က ကျေးဇူးတင်စရာစကားတွေကို ပြောပေးတတ်နေပါလားဟု သူ တွေးမိရပါ၏။

ဒေါ်ကြီးက စာအုပ်ကို ယူကာ ...

"ရပါတယ်ကွယ် ရပါတယ်"

ဟုဆိုသည်။



"ခဏ ထိုင်လိုက်ကြပါဦး၊ ဒေါ်ဒေါ် မိမွှေးကို သွားကြည့်လိုက်ဦးမယ်၊ အိပ်များ အိပ်နေမလားလို့ပါ"

ဟု ပြောပြီး အိမ်တွင်းခန်းသို့ ဝင်သွားပါ၏။

သင်ဖြူးဖျာခင်း ဧည့်ခန်းငယ်လေးမှာ နှစ်ယောက်သား ထိုင်မိကြ၏။ မောင်မောင်က ပန်း ဆီမီးနှင့် သပ္ပာယ်စွာ ရှိနေပါသော ဘုရားစင်ကို လက်အုပ်ချီ ကန်တော့လျက် ...

"ဒါပေါ့ကွ ... မိန်းမ ပီသခြင်းဆိုတဲ့ အရည်အချင်းကို ဆင်းရဲချမ်းသာဆိုတဲ့ ပေတံနဲ့ တိုင်းတာလို့ မရဘူးဆိုတာ၊ ကဲ ... လူဆင်းရဲပေမယ့် ဘုရားစင်မှာ ပန်း ဆီမီး မပြတ်ဘူးကွာ၊ ဆွမ်းတော်နဲ့ သောက်တော်ရေခွက်များ သန့်ပြီး ကြည်စင်နေတာပဲ"

ဟု ချီးကျူးစကားဆို၏။ သူ မွှေးပွင့်ငယ်၏ မိန်းမပီသမှုလေးများကို မြတ်နိုးခြင်းတွင် အထင်ကြီးခြင်းဆိုသည့် အရာပါ ဖြည့်စွက်ကြည်နူး ခံစားနေမိပါပြီတည်း။

ခြေသံကြားတော့ နောက်ဘက်ကို လှည့်ကြည့်မိ၏။ အတွင်းခန်း ခန်းဆီးလေးကို လှစ်၍ ထွက်လာသူက နှစ်ဦးဖြစ်နေသည်။

ဒေါ်ကြီးကို ဘေးမှ မှေးကိုင်၍ အားခဲလျှောက်လှမ်းလာသူလေးမှာ သူ၏ မွှေးပွင့်ငယ်ပါတကား။

ရှည်လျားသော ဆံနွယ်လေးများက တစ်ချောင်းတည်း ကျစ်ဆံကျစ်ရှည်လေးအဖြစ် ကျောပြင်မှ လျှောခနဲ ဝေ့ကျလာကာ ရင်အုံလေးကို ဖြတ်ကျော်၍ နက်မှောင်စွာ ရှိနေပါသည့်အဖြေ။

အခြယ်အသ ကင်းစင်သော မျက်နှာ နုနုလေးသည် အများရှိန်ကြောင့် နီရိပ်သမ်းနေ၏။ မျက်နှာလေး အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



မှိုအင်အစ်လေး ဖြစ်နေသည်။ အဖျားရှိန်ကြီးမည် ဆိုတာကို သူ တွေ့မြင်တာနှင့် နားလည်ထားမိပြီးပြီ။

"ဟာ ... အပြင်ကို ထွက်လာရသလား ဆရာမရယ်၊ ထိုင်ပါ၊ အဲဒီမှာပဲ ထိုင်လိုက်ပါ၊ ကျွန်တော်တို့ကို ထွက်တွေ့ရတယ်လို့ ဆရာမရယ်"

မွှေးပွင့်ငယ်၏ ဒေါ်ကြီး ရှေ့မှာ တုလေးတစား ဆရာမ ... ဟူ၍ မောင်မောင် ခေါ်ပြောဆက်ဆံတော့ ဒေါ်ကြီး ကိုယ်တိုင်ပင် ကြည်နူးလာရသည့် အသွင်ပါ။

"ဟုတ်သားပဲ မိမွှေးရယ် ... ဒီမှာပဲ ထိုင်လိုက်၊ နံရံကို ကျောနဲ့ မှီနေလို့လဲ ရတယ် မဟုတ်လား၊ အဲဒီက ဆရာတို့က ဒီဘက်က လာထိုင်ကြမှာပေါ့၊ ကဲ ထိုင်လိုက် ... ထိုင်လိုက်၊ ဧည့်သည်တွေအတွက် ဒေါ်ဒေါ် ရေနွေးကြမ်း သွားယူချဦးမယ်"

ဟု ဒေါ်ကြီး ပြောတော့ မွှေးပွင့်ငယ် ခေါင်းညိတ်သည်။ နံရံကို ကျောမှီ၍ မွှေးပွင့်ငယ် ခပ်ဖြည်းဖြည်း ထိုင်တော့ ဒေါ်ကြီးက ဘေးမှာ ထိန်းပေး၏။

သူစိမ်း မိန်းကလေး တစ်ယောက်ကို ဝင်၍ ပေးမထိန်းကိုင်ပေးရန်ကလည်း မသင့်တာမို့ သူ့မှာ ဘာမျှ ဝင်မလုပ်ပေးသာပါသည့်အဖြစ်။ ရင်ထဲမှာတော့ ချစ်မြတ်နိုးရသူလေးကို သနားလှပါပြီ။ ကူညီ ပေးမလိုလှပါပြီ။

"ဆရာတို့က ဒီထိ လိုက်လာပြီး စာအုပ်ပေးတာကိုး၊ ကျေးဇူးတင်လိုက်တာ ဆရာတို့ရယ်၊ မမွှေးပွင့်က အဲဒီစာအုပ်လေးကို အရမ်းသွားယူချင်နေတာ၊ အရေးထဲမှာ နေမကောင်း ဖြစ်သွားတယ် ဆရာရယ်"



ဟု ခပ်တိုးတိုး လှမ်းပြောရှာသည်။

သူတို့နှစ်ယောက် မွှေးပွင့်ငယ် အနီးမှာ သွားထိုင်ကြသည်။ နံရံလေးကို ကျောမှီ၍ အဖျားဒဏ်ကို ကြိတ်မှိတ်ခံစားနေရပါသော မွှေးပွင့်ငယ်၏ အသွင်လေးမှာ စာအုပ်လေးကို ရရှိသည့်အတွက် ကြည်နူးရိပ်လေးတွေ ဖုံးနေတာအမှန်။

"ကျွန်တော်လဲ မသိလို့ပါ ဆရာမ၊ သိရင် စာအုပ်ကို စောစောကပဲ ပို့ပါတယ်၊ ဖြန့်ချိရတဲ့ ရက်ပိုင်းဆိုတော့ အလုပ်ကလဲ နည်းနည်းများသွားတာရယ်၊ ဆရာမ လာမယ်လို့ ထင်မိတာရယ်ကြောင့် ချက်ချင်း မပို့ဖြစ်လိုက်တာ ပါ"

မောင်မောင် ပြောခိုက်မှာ ဒေါ်ကြီး ရေနွေးကြမ်းသင်ပန်းနှင့် လက်ဖက်သုပ်ပန်းကန်ဖြင့် ရောက်လာ၏။

"ဟာဗျာ ... ဒုက္ခရှာလို့ ခင်ဗျာ၊ ကျွန်တော်တို့က အရေးမကြီးပါဘူး"

ဟု မောင်မောင် အားနာစကား ဆို၏။ ယခုတိုင် စကားတစ်ခွန်းမျှ ဝင်မပြောဖြစ်သေး။ သူက ငြိမ်သက်ထိုင်နေသူတစ်ယောက်ပဲ ဖြစ်နေသည်။ တိတ်ဆိတ်စွာပဲ မွှေးပွင့်ငယ်၏ မျက်နှာလေးကို ငေးစိုက်ကြည့်လိုက်မိရသည်ပါပဲ။

"ဒေါ်ဒေါ်က မမွှေးပွင့်ရဲ့ ဒေါ်ဒေါ်ပါ၊ ဖေဖေ ညီမလေး၊ ဖေဖေရော မေမေရော ဆုံးကုန်ကြပြီး မွှေးပွင့်က ဒေါ်ဒေါ်ကိုပဲ အဖေ အမေလို အားကိုးနေရတာ"

မွှေးပွင့်ငယ် ခပ်တိုးတိုး ပြောပြသမျှကို ငြိမ်သက်နားထောင်ရင်း ရင်ထဲတွင် သနားကြင်နာစိတ်သာ ဖြစ်တည်နေရပါသည့်အဖြစ်။

"ဒေါ်ဒေါ် နာမည်က ဒေါ်ထွေးဆွေတဲ့ မှတ်ထားနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ကျွန်တော်က မောင်မောင်ပါ၊ စမ်းယမုန်မဂ္ဂဇင်းရဲ့ တာဝန်ခံစာတည်းပါ၊ သူက ရန်ပိုင်ပါ၊ ဆရာဝန်တစ်ယောက်ပါ ခင်ဗျ"

မောင်မောင် မိတ်ဆက်ရင်းမှ ပြုံးလိုက်လျက် ...

"ဆရာမကတော့ဗျာ ... ကံကို ကောင်းပါတယ်၊ ဒီလမှာ ဝတ္ထုလဲ ပါလာတယ်၊ ဟော ... ဖျားနေတော့လဲ ဆရာဝန်က အိမ်ပေါ် ရောက်လာတယ်"

ပြောပြီး မောင်မောင် ရယ်တော့ မွှေးပွင့်ငယ်နှင့် ဒေါ်ထွေးဆွေတို့ ပြုံးကြပါ၏။ မွှေးပွင့်ငယ်၏ မျက်ဝန်းလေးတွေ သူ့ထံသို့ ဝေ့ဝဲကြည့်လာကြတော့ သူ ပြုံး၍ ကြည့်လိုက်မိပါပြီ။

"အဖျားကြီးသလားလို့ စမ်းကြည့်လိုက်ဦးမယ်နော်"

ဟု သူ ညင်ညင်သာသာ ပြောလျက် မွှေးပွင့်ငယ်၏ လက်လေးကို သွေးတိုးစမ်းကြည့်မိပါ၏။ ကိုယ်ပူရှိန်များသည်။ အဖျားသွေး ရှိသည်။ ကိုယ်ပူရှိန်က ပေါ့သေးသေး မဟုတ်တာမို့ သူ အံ့ဩစိတ်ပွားစွာ မွှေးပွင့်ငယ်ကို ကြည့်လိုက်မိရပါပြီတည်း။ ဤမျှ အဖျားသွေး ရှိနေသည့်ကြားမှ ဧည့်ခန်းလေးဆီသို့ ရောက်အောင် မွှေးပွင့်ငယ် လျှောက်လာခဲ့သေးသည်လေ။ တကယ့်ကို ခွဲကြီးသည့် မိန်းကလေးဆိုပါလား ဆိုတာကို သိလာရပြီ။ ပြီးတော့ ဝေဒနာကို အောင့်အည်းသည်းခံတတ်သည့် မိန်းကလေး။

"ဟာ ... အဖျားက သေးသေးလေးမှ မဟုတ်တာ၊ ဗိုးမောင် ဆေးထိုးမှ ဖြစ်မှာ၊ မရဘူး ... မရဘူး၊ ဂရုစိုက်မှဖြစ်မှာ"

တကယ့်ကို စိုးရိမ်စိတ်ဖြင့် ဆရာဝန်ပီပီ သူ ပြောလိုက်မိရပါပြီတည်း။ အနည်းဆုံး အဖျားက တစ်ရာ့လေးလောက်မှာတော့ ရှိနေမှာ သေချာသည်လေ။



သူ ထရပ်လိုက်ကာ ...

"ဒေါ်ဒေါ် သူ့ကို ဆေးထိုးမှ ဖြစ်မှာ၊ ကျွန်တော် ဆေးအိတ် ပြန်ယူလိုက်ပါဦးမယ်"

ဟု ပြောမိပြီးမှ လူနာအပေါ် စိုးရိမ်စောဖြင့် အပိုင် ပြောလိုက်မိသလိုပါလားဟု အားနာလိုက်မိရပါ၏။

ဟုတ်သည်လေ။

လူနာဘက်က ဘာမျှ မပြောရသေး ခင်မှာဘဲ သူက ဆေးထိုးဖို့အထိ ပြောမိနေသည်ကိုး။

"သင့်သလိုသာ စီစဉ်ပါ ဆရာရယ်၊ မိမွှေးက ခေါင်းမာတယ်၊ ဆေးမထိုးဘူး၊ ဆေးခန်း မသွားဘူး၊ ဆေးလုံးပဲ ဝယ်သောက်နေတာ၊ သူ့ဘာသာသူ ကုနေတာလေ၊ မေးလိုက်ရင်လဲ သက်သာပါတယ်ပဲ လုပ်နေတာ"

ဟု ပြောလည်းပြော စိတ်ပူပန်ဖြင့် ဒေါ်ထွေးဆွေ ပွင့်ငယ်၏ နဖူးကို စမ်း၏။

"ကိုယ်ပူလွန်းပါတယ်ဆိုရက်နဲ့ မိမွှေးရယ်၊ ဆေးခန်းကို မသွားဘူး၊ ကလေးလို ရိုက်နှက်ခေါ်လို့လဲ မကောင်းတာမို့ သူ သောက်တဲ့ ဆေးပဲ အဟုတ်ထင်နေရတာ၊ ပညာကလဲ သူက ဒေါ်ဒေါ့်ထက် ပိုတတ်တယ်လေ၊ ဆေးဝါးတွေက ဒေါ်ဒေါ်က သိတာမှ မဟုတ်တာ၊ သူ့ဆေးလုံးတွေကို ဟုတ်နေလို့ပြီပဲ ယုံမိတာပေါ့၊ မိမွှေးနော် ကြပ်ကြပ် ခေါင်းမာ၊ ဆေးရုံ တင်လိုက်ရလိမ့်မယ်"

ဟု ဆူပူခိုက် မွှေးပွင့်ငယ်၏ မျက်ဝန်းလေးတွေက မော့ကြည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်လေး ဆေးထိုးခံရမှာ ကြောက်သည့်အခါ မျိုးမှာ ဆရာဝန်ကို ရန်လိုဟန်လေးဖြင့် မော့ကြည့်လာသည့်ပုံလေး မျိုး ဖြစ်နေတာမို့ သူ လွှတ်ခနဲ ပြုံးပြလိုက်မိပါ၏။

"အသေးဆုံး ဆေးထိုးအပ်နဲ့ ဆေးထိုးပေးပါ့မယ် မမွှေးပွင့်"

ဟု ပြုံး၍လည်း ချော့မော့သလို ပြောမိပါ၏။

"ပုရွက်ဆိတ် ကိုက်သလောက်ပဲ ခဏနာလိုက်တာပါ၊ မမွှေးပွင့် ငယ်ငယ်တုန်းက ပုရွက်ဆိတ် အကိုက်ခံရဖူးတယ် မဟုတ် လား၊ အဲသလောက်ပဲ စစ်ခနဲ တစ်ချက် နာလိုက်တာမျိုးပါ၊ အဖျားက ဆေးထိုးမှ ကျမှာ၊ ကြောက်စရာ မဟုတ်တာကို မကြောက်ရဘူးလေ"

ဟု သူ ပြောသည်။ ဒါကတော့ ဆေးခန်းမှာ သူ မကြာမကြာ လူနာများကို ပြောနေကျ စကားပါ။ ဆေးထိုးကြောက် သည့် လူနာတိုင်းကို ပုရွက်ဆိတ် ကိုက်ခံရသည့် ဝေဒနာလေးလောက် ပါဟု ပြောနေကျ။ ချော့မော့နေကျလေ။ အထူးသဖြင့် ဆေးထိုးခံရမှာ ကြောက်သည့် ချာတိတ်လေးတွေကို ချော့မော့ ပြောနေကျစကား။ ယခုကျတော့ ကြောက်နေသမျှကို ဖုံးဖိဖို့ ကြိုးစားရင်း ရန်ထောင်ပုံ လေးဖြင့် မော့ကြည့်နေပါသည့် မွှေးပွင့်ငယ်ကို ချော့မော့ပြောနေ ရပါသည့်အဖြစ်။

ဩော် ... သူ မြတ်နိုးရပါလေသော မြတ်နိုးပွင့်လေး ကို ပြောနေရပါသည့်အဖြစ်။

"ဒါဖြင့် ... မင်း ဆေးအိတ် ပြန်ယူလိုက်၊ ငါ ဒီတုပဲ စောင့် နေလိုက်မယ်"

အိမ်က နီးနီးနားနားမှာပဲ ရှိနေသည့်ပုံမျိုး ဖမ်းလျှ မောင်မောင် ပြောတော့ သူ ကျေးဇူးတင်သွားရပါပြီ။



မောင်မောင် နေခဲ့မည် ဆိုတာကလည်း မွှေးပွင့်ငယ် ကို ဆေးထိုး မကြောက်တရားဟော ကျန်ခဲ့ဖို့ပဲဆိုတာ သူ နား လည်၏။ မောင်မောင့်ကိုကျတော့ မွှေးပွင့်ငယ် ငြင်းရမှာ အားနာ မည်လေ။ မောင်မောင်က စမ်းယမုန်၏ တာဝန်ခံစာတည်း။ မွှေးပွင့်ငယ် ကိုယ်တိုင်က တရိုတသေဖြင့် ဆရာဟု ခေါ်ကာ လေးစားနေရသူဆိုတော့။

ဆေးအိတ် ပြန်ယူပြီး သူ ပြန်ရောက်လာချိန်မှာ မွှေးပွင့်ငယ် ဂျီကန်ရဲမှာ မဟုတ်။ ဆေးထိုးခံလိုက်ရရှာမည်သာ။

သူ အဖျားဝေဒနာ ကြားမှ စိတ်လက်ထိုင်ညစ်နေသော မွှေးပွင့်ငယ်၏ ချစ်စရာကလေးဟန်လေးကို သဘောကျစွာ တစ် ချက် ငုံ့မိုးကြည့်လိုက်မိပြီးမှ အိမ်လေးပေါ်မှ ဆင်းမိခဲ့ပါသတည်း။

မွှေးပွင့်ငယ်ရယ်။

မင်းဟာ အရမ်းကို ရိုးသားဖြူစင်တဲ့ အရိုးခံဟန်လေး များ ပိုင်ဆိုင်တဲ့ မိန်းကလေးဖြစ်သလို အရမ်းကို ကလေးလေးတစ် သောက်လို ချစ်စရာ အမူရာလေးများကိုလည်း ပိုင်ဆိုင်နေပါလားလို့ ငါ ပိုသိလာရပြီးတဲ့နောက်မှာ ...။

မင်းကို မချစ်ဘဲ ငါ ဘယ်လို နေနိုင်ပါ့မလဲ ကွယ်။

ဩော် ... မမြတ်နိုးဘဲ ဘယ်လိုများ နေနိုင့်ပါတော့ မလဲ မောင့် မမွှေးပွင့်ငယ်ရယ်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



# ၄

မောင်မောင့် ရယ်သံသည် ထုံးစံအတိုင်း ကျယ်နေသည် ပါပဲ။

သူ အနေခက်နေပေမယ့် ရင်ထဲမှာ ကြည်နူးနေတ တော့ အမှန်။ သူ မွေးပွင့်ငယ်ကို လာလာစောင့်နေသည့် အဖြ အား မောင်မောင် အစောကြီးတည်းက ရိပ်မိနေသည်ဆိုသည့် ကိ အတွေ့ကိုကျတော့ သူ ရှက်ချင်သည်။

ဒါလေမှဲ့ ချစ်ရပါလေသော မွေးပွင့်ငယ်နှင့် ယနေ့တွ သူ ဆုံခဲ့ရပြီ။ ဤအတွက်ကို သူ ကြည်နူးနေမိရသည်ပါပဲ။

မွေးပွင့်ငယ်ထံမှ ပြန်လာခဲ့ရသည့်တိုင် ထိုကြည် အေးချမ်းခြင်းဆိုသည်က သူ့နှလုံးအိမ်ဝယ် ချိတ်ဆွဲလှဉ်တွဲလိုက် လာခဲ့သည်ပဲလေ။

ဩော် ... အဘယ် ခံစားမှုမှ လိုက်မမီပါလေသေ ကြည်နူးအေးချမ်းခြင်းဆိုသည့်အရာ။ ထိုအရာသည် သူ့သွေးကြေ မျှင်အနှံ့ထိ စီးပျံ့တိုးဝင်နေဆဲ။

"ဘယ့်နှယ် စမ်းယမုန်ကို တစ်လနေမှ နှစ်ခေါက်လာ ကောင်၊ ရောက်လာရင်လဲ ဆယ့်ငါးမိနစ်လောက်ကို မနည်



ကြိုးစားထိုင်တဲ့ကောင်၊ ခုကျတော့ ပင်လယ်ကူးသင်္ဘောကြီး ရဲ့ ရောမကျောက်ဆူးကြီး ခါးချိတ်ချထားသလို မြဲလိုက်တဲ့ ကောင်၊ မိုးချုပ် တိုက်ပိတ်ချိန်ကျမှ ငါနဲ့အတူ ပြန်လာတယ် ဆိုတော့ကွာ၊ မင်း မွေးပွင့်ငယ်ကို စောင့်နေပြီဆိုတာ ငါ သိတယ်"

ဆေးပေါ့လိပ်တိုကို ထုံးစံအတိုင်းပဲ ဖင်စီခံနီးသည်အထိ ကုတ်ကပ်သောက်တတ်သည့် မောင်မောင်က ကတ်သီးကတ်သတ် ဆေးလိပ်တိုလေးကို ကြိုးစား ဖွာရှိုက်နေဆဲ။ ပြီးတော့ သူ့ကို လှမ်း ကြည့်သည်။ ရေတမာရိပ်သည် အေးမြနေ၏။ သူ နေထိုင်ရာ ပန်းနှရိပ်၏ ခြံဝန်းတွင်းမှာ ရေတမာပင်တန်းလေးတွေ ရှိသည်။ ဝန်းနှရိပ်၏ ညွှန်ခန်းမှာ စကားစမြည်ဆိုရခြင်းထက် ရေတမာပင် တန်းအောက်ရှိ ခုံတန်းမှာ ထိုင်ရတာက ပို၍ စိတ်ကြည်မွေ့သည်ဟု မောင်မောင် ပြောတတ်သည်။ ယခုလည်း နှစ်ယောက်သား ရေတမာ ပင်တန်းအောက်မှာ ရောက်နေကြပြီ။ တက္ကသိုလ်ကို အလွမ်းပြေဟု မောင်မောင် ပြောနေကျ ရေတမာပင်ရိပ် ...။

"အဲဒီနေ့က မင်း မွေးပွင့်ငယ်ကို ဂရုတစိုက် ငေးခနဲ ကြည့် လိုက်တာကို ငါရဲ့ မှန်ကွဲကြီးထဲက မြင်တယ်၊ တစ်ဆင့်ဆို ပါတော့ကွာ ...

ငါက ဘယ်အရာမဆို လေ့လာတတ်တဲ့ကောင်"

ပြောပြီး ဆေးပေါ့လိပ်တိုကို မီးသတ်ပြီး နောက်ထပ် ဆေးပေါ့လိပ် တစ်လိပ်ကို အိတ်ကပ်ထဲမှ ထုတ်သည်။ မီးညှိသည်။

"မဂ္ဂဇင်း ထွက်ရက် မေးတယ်ကွာ၊ နောက် တစ်ယောက်ကို အဲဒီထွက်ရက်ကတည်းက ရေလွှမ်းမတတ် လာလိုက်တာ၊ စောင့်လိုက်တာ၊ အဲဒီမှာ ငါ သဘောပေါက်လာတယ်၊

www.burmeseclassic.com



ဒီကောင် မွေးပွင့်ငယ်ကို စောင့်နေပြီ ဆိုတာလေ၊ အဲဒီဒုက္ခကို မကြည့်ရက်လို့ ဒီနေ့ ခေါ်သွားတာ"

ပြောတော့ သူ ကျေးဇူးတင်စွာ မောင်မောင့်ကို ပြုံးပြမိသည်။ ဝန်ခံပြုံး။ ခေါင်းကို ယမ်းလည်း ယမ်းသည်။ တစ်ခါ ခေါင်းတဆတ်ဆတ် ညိတ်ပြန်၏။

"မင်းဟာ တော်တော်ညံ့တဲ့ကောင်ဆိုတာ ဒီနေ့မှာ ပိုပြီး ငါ သိလာရတယ်၊ ဘယ့်နယ်ကွာ မွေးပွင့်ငယ်ရဲ့ ဝတ္ထုတိုပါတဲ့ စမ်းယမုန်မဂ္ဂဇင်းကို ငါ့ဆီက တောင်းပါလား၊ ကြိုတင်ပြီး အဲဒီဝတ္ထုကို အလွတ်ရနေလောက်အောင် ဖတ်ထားပါလား၊ တွေ့တဲ့အခါကျတော့ မမွေးပွင့်ရဲ့ ဝတ္ထုကို ကျွန်တော်ကဖြင့် သိပ်နှစ်သက်သဘောကျတာ၊ ဘယ်နေရာလေးမှာဖြင့် ဘယ်လို ကောင်းတာ၊ ဘာ ... ညာ စသဖြင့် ပြောပေါ့ကွ၊ ခုတော့ မှတ်ကရော၊ အဲဒီ စာအကြောင်း ပေအကြောင်း ဘာတစ်ခုမှ မပြောနိုင်တဲ့အဖြစ်နဲ့ ဆေးကုပြန်ခဲ့ရပြီ မဟုတ်လား"

ပြောပြီး မောင်မောင် ခေါင်းကို မော့၍ ရယ်၏။

"ဒါကတော့ ငါက သူနဲ့ ဒီနေ့မှာ ဒီလို တွေ့ရမယ်မှ မသိတာ"

သူ လွှတ်ခနဲ ပြောမိပြီးမှ ချက်ချင်း နှုတ်ခမ်းကို စေ့ပိတ်လိုက်မိ၏။ ဒါပေမဲ့ နောက်ကျသွားပြီ ဆိုတာကို သဘောပေါက်နေမိပြီးပြီ။ မောင်မောင့်ကို ကြည့်လိုက်တော့ ပြုံးရယ်ရိပ် လွှမ်းနေသော မျက်ဝန်းတွေနှင့် သဘောတကျကျ ကြည့်နေတာကို မြင်၏။ ရင်ထဲတွင် အနေခက်သော ရှက်စိတ်ဖြစ်တည်ရသည်။ သူ့ နှုတ်ဆီမှ လွှတ်ခနဲ ထွက်မိသော စကားကြောင့် မောင်မောင့် မျက်နှာ တပြည်းပြည်း ပို၍ ပို၍ ပြုံးကျလာ၏။



နောက်တော့ အားမနာ လျှာမကျိုး အော်ရယ်သည်။

"ဟား ... ဟား ... ဟုတ်ပါ့ကွာ၊ နှစ်ခါ မအစ်အောက်လိုက်ရပါလား ဖိုးပိုင်ရာ၊ မင်းဥစ္စာ ဘယ့်နယ် မသိလို့ ဝတ္ထု မဖတ်မိခဲ့တာပါ၊ ဟုတ်စ၊ သိရင်တော့ ဖတ်သွားမယ် ဆိုပါတော့၊ ဒီလိုဆိုရင်ဖြင့် မင်း မမွေးပွင့်ငယ် ဆိုတဲ့ မိန်းကလေး ထို တကယ့်ကို ချစ်နေမိတဲ့ ကိစ္စကို ငါ့ကို အဲ ... ဝန်ခံခြင်း ပြုလိုက်ပြီ ဆိုရှါတော့"

ဘာစကားတ်နိုင်ချေမည်လဲ။ မောင်မောင့် ရယ်သံ ကျယ်လောင်လောင်ကြီးကိုလည်း သူ မဟန့်တားနိုင်။ မောင်မောင့် စကားကိုလည်း သူ မငြင်းနိုင်။

"တကယ်တော့ ဖိုးပိုင်ရာ မင်းနဲ့ ငါဟာ တစ်ယောက်မျက်စိရှေ့မှာ တစ်ယောက် ကြီးပြင်းလာကြတဲ့ ကောင်တွေပါ၊ မင်းအကြောင်း ငါ သိတာပေါ့၊ ဘယ့်နယ် ... ငါ့ သူငယ်ချင်းရဲ့ မျိုးမရ တွေးမရ ဖြစ်လုတဲ့ ဒီချစ်ဒုက္ခကြီးကို မျက်နှာလွှဲထားရက်ပါ့မလဲ"

ပြောပြီး မောင်မောင်က သူ့ကို ကြည့်၏။ စောစောက ပြုံးစိစိနှင့် ဖြစ်နေသော မျက်နှာကလည်း တပြည်းပြည်း တည်လာ၏။ တကယ့်ကို လေးလေးနက်နက် ပြောတော့မည်ဆိုတာ သူ သိနေသည်။

"အေးကွာ ... မင်းရော ငါရော အိမ်ထောင်ပြုမယ်ဆိုရင် ပြုသင့်ကြတဲ့အရွယ် ရောက်နေကြပြီပဲ"

သူ မောင်မောင့်ကို ကြည့်တော့ တကယ့်ကို အလေးအနက် ပြောခြင်းဆိုတာ သူ နားလည်လာသည်။

"ဘွဲ့လဲရကြပြီ၊ အလုပ်အကိုင် ကိုယ်စီလဲ ရှိနေကြပြီ၊ စာရိတ္တလဲ ကောင်းကြတယ်၊ အင်း ... ကိုယ့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အမွန်းတင်နေတာ ငါ့ဒက်ဒီ ကြားရင်ဖြင့် ကန့်ကွက်လိုက်မယ့်အချိုး အဟဲဟဲ ... ”

အရေးထဲ ရယ်စရာက စကားထဲ ပါလာသေးသည်။ ဒါပဲလေ။ မောင်မောင်က အရာရာကို ပျော်စရာရှုထောင့်ကပဲ ကြည့်တတ်မြင်တတ်သည့်လူ။

“အဲ ... အိမ်ထောင်ပြုမယ်ဆိုတော့ရင် ... တစ်ခုချက်၊ မိမိကိုယ်တိုင်က မြတ်နိုးတဲ့ မိန်းကလေး ဖြစ်ရမယ်၊ နောက်အဲဒီမိန်းကလေးရဲ့ ဘဝကို လုံခြုံမှု ပေးနိုင်ရမယ်၊ စောင့်ရှောက်နိုင်ရမယ်၊ စိတ်ချမ်းသာစွာ ထားနိုင်ရမယ်၊ လင့်ဝတ္တရားကျေရမယ် ဆိုပါတော့၊ အဲဒီ အချက်အလက်နဲ့ ပြည့်စုံတဲ့သူက ငါတို့နှစ်ယောက်မှာ ခင်းပဲ ဖြစ်နေတယ်၊ ငါဆိုတဲ့ကောင်ကတော့ အိမ်ပြန် မမှန်တဲ့ အချက်တစ်ခုတည်းနဲ့ ငါ့ကို ယူတဲ့ မိန်းမ စိတ်ညစ်မှာ သေချာတယ်၊ နောက်ပြီးတော့ ငါ ချစ်မြတ်နိုးတဲ့ မိန်းကလေးကိုလဲ ငါ မတွေ့သေးဘူး”

သူ မောင်မောင့် စကားကို စိတ်ဝင်စားလာသည်။ ရေတမာရွက်ဝါ ပြေပြေလေးသည် လေနှင့်အတူ ကြွေ၍ ကျလာ၏။ ကြွေကျလာသော ရေတမာရွက်လေးများကို မောင်မောင် ကြည့်ကာ ...

အဟမ်း ... ဟု လည်ချောင်းဟန့်သံ ဦးစွာ ထွက်ပေါ်လာ၏။ နောက်တော့ မျက်ခုံးနှစ်ခုကို တွန့်၍ ပေါင်ပေါ်တင်ထားသော လက်ညှိုးကို ကွေးလိုက်ပြီးမှ လက်ဖဝါးကို ပေါင်ပေါ် တဖတ်ဖတ် ရိုက်ပုတ်နေ၏။ သဘောက စဉ်းစားနေသည်သဘော။



“သိင်္ဂီရောင်လွှမ်း၊ မြရည်ဆမ်းဆဲ
ကြွေမစဲလေ၊ သစ်ရွက်တွေကြား
လျှပ်တိုက်သွားနေ၊ ညင်းလေပြည်တည့်”

မောင်မောင့် နှုတ်ဖျားဆီမှ ထွက်ကျလာသော ကဗျာ။

သူ စောစောက ကြွေလွင့်ကျလာရာ ရေတမာရွက်လေးကို ကြည့်လိုက်မိသည်။ ဟုတ်သည်။ ရွှေဝါရောင်ကဲပေမယ့် မူလမြရည်ရိပ်က ဆမ်းထားနေဆဲ။

မောင်မောင့် ကဗျာကြောင့် သစ်ရွက်ကြွေလေး၏ အလှက ပို၍ ပေါ်လွင်လာသယောင်။

မောင်မောင် သစ်ရွက်ကြွေလေးကို ကောက်လိုက်၏။ နောက် သူ့ကို ကြည့်သည်။

“ငါက အဲဒီလိုအကောင်”

စကားကို ဆက်ပြီး မောင်မောင် မျက်မှန်ထူကြီးကို ပင့်၏။

“အဲသလို တွေ့တွေ့သမျှတွေကို ခံစားလိုက်၊ ကဗျာစပ်လိုက်နဲ့ ရှိရှိနေတဲ့ ငါ့ကို ဒက်ဒီနဲ့ မာမီက မိန်းမပေးစားဖို့ ဝန်လေးတယ်၊ ငါ့ကဗျာရွတ်သံကို ဝါသနာကြီးကြီးနဲ့ စိတ်လက်ရှည်ရှည် နားထောင်ပေးနိုင်မယ့် မိန်းကလေးကို ရှာတွေ့နိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်နေကြတယ်လေ၊ အဲသလိုပဲ ငါကလဲ ယုံကြည်တယ်၊ ဘာကြောင့်လဲဆိုတော့ ...”

စကားကြောသည် တော်တော်နှင့် ပြတ်မည့် သဘောမှ မရှိ။ လေကြောရှည်သူအဖြစ် အမည်တစ်လုံးနှင့် ရှိသော မောင်မောင်ပဲလေ။ ငယ်တုန်းကတည်းက သူက နားထောင်သူများ။

www.burmeseclassic.com

www.burmeseclassic.com



"အဲ … ဘာကြောင့်လဲဆိုတော့ မိန်းမ ဆိုတာမျိုးက အမြှောက်ကြိုက်၊ အချော့ကြိုက်၊ သူတို့ကို ဦးစားပေးတာ ကြိုက်တယ်၊ သူတို့ရဲ့ အလှကို အလေးထားတာ ကြိုက်တယ်၊ ငါက ကဗျာကို သူတို့ထက် ပိုဦးစားပေးတဲ့ကောင်၊ မေရယ် … မေ့ မျက်နှာလေးကို မြင်ရတာ ဘယ်လို ရင်ထဲမှာ ငြိမ်းအေးတယ် ဆိုတဲ့ စကားမျိုးထက် အဲ … စောစောတုန်းကလို သစ်ရွက်ကြွေရဲ့ အလှကို ဖွဲ့တာမျိုးကို ငါ ပိုပြီး အလေးထားနေတယ်ဆိုကတည်းက ဘယ်မိန်းကလေးက ငါနဲ့ နီးနီး နေချင်ပါတော့မလဲ၊ ဒါကြောင့် ငါ့ထက် မင်းက ပိုပြီး အိမ်ထောင် ပြုသင့်တယ်လို့ ငါ ပြောတာ၊ ဘာကြောင့်ဆို မင်းက ချစ်မြတ်နိုးနေတဲ့သူ ရှာဖွေ တွေ့ရှိသွားပြီကိုးကွ"

သူက ငြိမ်သက် နားထောင်သမားသက်သက်။ မငြိမ်၍လည်း မဖြစ်။ မွေးပွင့်ငယ်နှင့် ပတ်သက်၍ သူ ဘာမျှ မပြောရဲ။ ပြောမိလျှင် မောင်မောင် သေချာမှတ်ထားပြီး သတိရတိုင်း ပြန်ပြန်နှောက်နေမှာ သေချာသည်။

"အံမယ် တယ်ငြိမ်ပါလားကွ ဟေ … ဘာလဲ … ငါနဲ့ အတူရှိနေတဲ့ အချိန်မှာ ဘာမှ မပြောပါဘူးလို့ မွေးပွင့်ငယ်ကို တိုင်တည်ပြီးများ သစ္စာဆိုထားခဲ့လေသလားကွယ် … အဟဲ"

"မင်းကလဲ …"

"ဟ … မင်းကလဲ ဆိုတဲ့ အသံတောင်မှ တိုးဖွဖွလေးပါလားကွ၊ ဒီမှာ … ဟေ့ကောင်၊ မွေးပွင့်ငယ်နဲ့ တွေ့အောင် လုပ်ပေးတဲ့ ငါ့ကို ခုချိန်ထိ ကျေးဇူးတင်စကား မပြောသေးတာတော့ ဝတ္တရား ပျက်လွန်းသကွာ"

"မဟုတ်ပါဘူး၊ ကျေးဇူးတင်ပါတယ်"



ပျက်ကွက်မှုအတွက် ရိုးရိုးသားသားပဲ သူ ပြောတော့ မောင်မောင် အော်ရယ်ပြန်၏။

ကြာတော့ … သူ အနေခက်လာသည်။

"ဟား ဟား … ရယ်ရတယ်ဟေ့၊ တကယ့် ဖိုးဝိုင်ပါလား၊ မွေးပွင့်ငယ်နဲ့ တွေ့အောင် လုပ်ပေးခဲ့တဲ့ ငါ့ကို ကျေးဇူးတင်တာကို တကယ်ပဲ ဖွင့်ပြောရသလားကွယ်၊ အော် … တစ်ခါလောက်ပဲ ထပ်ပြီး အစ်အောက်လိုက်ပါတယ်၊ အထုပ်ကြီးကို ပြေရော၊ ဘာအထုပ်ကြီးလဲလို့ မမေးနဲ့၊ မင်း မမေးလဲ ငါ ပြေမှာပဲ၊ အချစ်ထုပ်ကြီးလေ၊ အံ့မယ် မင်း ကြီးလိုက်တဲ့ အချစ်ထုပ်ကြီးပါလား"

သူ မနေနိုင်တော့။ ရှက်ရယ်ရယ်လျက် မောင်မောင့် ဝခုံးကို လက်သီးနှင့် ထုမိသည်။

"အေး … တစ်ခုတော့ စဉ်းစားပေါ့၊ ဝတ္ထုရေးနေတဲ့ အခါမှာ သေးက ထိုင်စောင့်ကြည့်နေရတဲ့ဒဏ်၊ ကဗျာတွေ စပ်တဲ့အခါမှာ ကိုယ့်ထက်ကို အဲဒီကဗျာလေးတွေကို ချစ်နေတဲ့ အဖြစ်ကို ခံနိုင်ရည်စွမ်း ရှိရတဲ့ဒဏ်၊ အားတဲ့အခါမှာ အချစ်အကြောင်း အဲ … ဘယ်လို ပြောရမလဲဆိုတော့ အင်း … မင်းကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာကို ပြောပြနေမယ့်အစား သူ့ ဝတ္ထုတွေအကြောင်း သူ့ကဗျာတွေအကြောင်း ပြောပြောပြနေသမျှ နားထောင်ရမယ့်ဒဏ်၊ အဲဒါတွေကို ခံနိုင်ရည်စွမ်းရှိမယ်လို့ မင်းကိုယ်မင်း ယုံကြည်တယ်ဆိုရင်တော့ မွေးပွင့်ငယ်ဆိုတဲ့ စာရေးဆရာမလေးကို မင်း ချစ်ပွင့်ပန်ဖို့ ဆုံးဖြတ်ပေါ့"

သူ ချက်ချင်း လွတ်ခနဲ ဖြေလိုက်မိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဝါသနာကို နားလည်ပေးရမှာပေါ့"

"ဟုတ်ပါ့ခင်ဗျာ၊ မြန်လိုက်တဲ့ အဖြေ"

မောင်မောင် ထရပ်သည်။ ပြန်တော့မည်ထင့်။

"အဲ ... တစ်ခုရှိသေးတယ်၊ အရေးအကြီးဆုံးတစ်ခု၊ မင်း ဘယ်လောက်ထိ သူ့ကို ချစ်မြတ်နိုးတယ်ဆိုတာကို မင်း ပြောပြချင်နေတဲ့ အချိန်မျိုးမှာ မင်း ပြောဖို့ အခွင့်အရေး မရလိုက်ဘဲ သူ့ ဝတ္ထုတွေအကြောင်း၊ ကဗျာတွေအကြောင်း မင်းကို ပြောပြောပြနေတဲ့ အဖြစ်မျိုး ကြုံလာခဲ့ရင်လဲ မင်း ရင်ထဲက အဲဒီ အချစ်တွေ မြတ်နိုးခြင်းတရားတွေကို ပြန်ပြန်မျို ချပြီး တိတ်ဆိတ်စွာပဲ သူ ပြောသမျှ နားထောင်နိုင်စွမ်း ရှိမယ်လို့ မင်းကိုယ်မင်း ယုံကြည်ရင် 'တစေက ငါ ပြော သလိုပဲ ဆုံးဖြတ်နိုင်တယ်"

မောင်မောင် သူ့ကို ပန်းပုတ်၏။ ပြန်မလိုလိုနှင့် မပြန်သေးဘဲ ပြန်ထိုင်သည်။ ဆေးပေါ့လိပ်ကို မီးပြန်ညှိသည်။ လေးငါးဖွာဖွာပြီး မီးခိုးတွေကို ပူးခနဲ မှုတ်ထုတ်သည်။

"နောက်တစ်ချက်ကတော့ မွှေးပွင့်ငယ်ဟာ ဆင်းရဲတယ်ကွ၊ အဖြစ်မှန်ကို မင်း မြင်ခဲ့ရပြီပဲ၊ မိဘမဲ့ ပြီးတော့ ဆင်းရဲတယ်၊ ငါရော မင်းရော ဒီနေ့မှာ သူ့ဘဝကို အမှန်အတိုင်း မြင်ခဲ့ရ ပြီးပြီ၊ မင်း မိဘတွေကတော့ သဘောတူမှာ မဟုတ်ဘူးလို့ ငါ ထင်တယ်၊ အဲဒီတော့ အားလုံး မင်း စဉ်းစားပေါ့ကွာ၊ ဒီမိန်းကလေးဟာ တကယ့်ကို တည်ငြိမ်အေးချမ်းတဲ့ မိန်းက လေးဆိုတာကိုတော့ စာမူလာပို့တဲ့အခါတိုင်း ငါ သတိထား မိခဲ့တယ်"



သူ မောင်မောင် ပြောသမျှကို ငြိမ်သက်နားထောင်နေမိ သည်ပါပဲ။

မွှေးပွင့်ငယ်၏ မျက်နှာနုနုလေးကို မြင်နေမိသည်ပါပဲ။

"ဟုတ်တယ် ဖိုးမောင်၊ အရမ်းကို တည်ငြိမ်တဲ့ မွှေးပွင့်၊ ပြီးတော့ ဒီလောက်ဖျားနေတာတောင်မှ အပြင်ကို ရအောင် ထွက်လာနိုင်တာ အဒေါ်ကို ညာပြီး ကြိတ်မှိတ်ခဲ့တာ၊ အဲဒါ ဖွဲကြီးတဲ့ သဘောပဲ"

သူ မောင်မောင့်ကို လေးလေးနက်နက် ကြည့်နေ သည်။

တကယ်တော့ သူ အရမ်းကို မွှေးပွင့်ငယ်ကို မြတ်နိုး နေတာ မောင်မောင် ရိပ်မိတာမို့။ သူ ယောက်ယက်ခတ်မှု့ မျှော် နေတာတွေလည်း မောင်မောင် မကြည့်ရက်သည်မို့။ သူငယ်ချင်း၏ သောကကို မကြည့်ရက်နိုင်စွာဖြင့် မွှေးပွင့်ငယ်ထံ သူ့ကို ခေါ်သွား ခြင်းဆိုတာ သူ သိပါသည်။

ထို့အပြင် မွှေးပွင့်ငယ်အား အရမ်းမြတ်နိုးနေသည့် သူ့ အချစ်ကို နားလည်နေပေမယ့် ဆင်းရဲနွမ်းပါးသော မွှေးပွင့် ငယ်နှင့် ကြွယ်ဝပြည့်စုံသော သူ့ အခြေအနေတို့ အရမ်းကို ကွာ ခြားတာကိုတော့ မောင်မောင် ထောက်ပြသည်။ ဤသည်ကလည်း မွှေးပွင့်ငယ်အတွက် စိုးရိမ်၍ ဆိုတာ သူ နားလည်ပါသည်။

"ငါ သူ လက်ခံမယ်ဆိုရင် လက်ထပ်မယ် မောင်မောင်"

ရင်တွင်းမှ ဆုံးဖြတ်ချက်ကို သူ ယတိပြတ် ဖွင့်ပြော လိုက်မိခြင်းပါ။

ရေတမာရိပ်သည် အေးမြလျက် ရှိနေသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲဆိုတော့ ငါ သူ့ကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်တော့သလို၊ မချစ်ဘဲ မမြတ်နိုးဘဲလဲ မနေနိုင်တော့လို့ပဲ မောင်မောင်၊ အထူးသဖြင့် အရမ်းကို ဖြူစင်ရိုးသားတဲ့ သူ့မှုရာလေးတွေ သူ့မျက်နှာ သူ့မျက်ဝန်းလေးတွေကို အရမ်းမြတ်နိုးနေမိလို့ပဲ၊ သူ့ကို မြင်နေရတာ၊ သူ့အနားမှာ ရှိနေရတာဟာ ပန်းလေးတစ်ပွင့် အနားမှာ ရှိနေ မြင်နေရသလိုပဲ ရင်ကို အရမ်းငြိမ်းအေးစေတယ်"

သူ ပြောနေသည်က တစ်ယောက်ယောက်ကို ပြောပြနေတာနှင့် မတူနေ။

သူ့နှလုံးသားနှင့်သူ ပြန်၍ စကားပြောနေရသည်သို့ ခံစားလာရသည်။ လှိုက်လှဲစွာ ပြောနေမိသည့် သူ့အသံတွေ တည်ငြိမ်လွန်းနေပါ၏။ ဟန်ဆောင်မှု ကင်းစင်စွာ ရိုးသားစွာ ပြောနေမိပါသည့် စကား။

သူ မောင်မောင့်ကို ကြည့်တော့ တအံ့တသြ ကြည့်နေသည့် အကြည့်ကို ဦးစွာဆုံ၏။

"အားပါး … လှပလိုက်တဲ့၊ နူးညံ့လိုက်တဲ့ စကားတွေပါလား"

ဟု မောင်မောင် ခပ်တိုးတိုး ပြော၏။

သူ ဘာမျှ တုံ့ပြန်မပြောမိတော့။

တကယ်တော့ မမွှေးပွင့်ရယ် … မင်းကို သိပ်ချစ်တဲ့ ငါ့အချစ်တွေကပဲ ငါ့ကို ပြန်ပြီး သင်ပေးလိုက်တယ်။ အရမ်းကို နူးညံ့တဲ့ ခံစားမှုတွေ၊ လေးနက်မှုတွေ၊ ဆုံးဖြတ်နိုင်ရဲတဲ့ သတ္တိတွေ၊ ဒါတွေကို အားလုံး ငါ့ကိုယ်ခန္ဓာထဲ စီးပျံ့တိုးဝင်စေတဲ့သူဟာ မင်းလေးပါပဲ မမွှေးပွင့်ရယ်။



မင်းဟာ ငါ့ဘဝရဲ့ ဆန္ဒမွန်ဆိုတာကို သန့်စင်ဖြစ်ထွန်းစေနိုင်တဲ့ တန်ခိုးရှင်မလေးပါ။

ပြီးတော့ ငါ့ဘဝရဲ့ ငွေလမင်းလေးပါ။

အမြဲတမ်း ငါ့နှလုံးအိမ်မှာ သာနေတဲ့ ငွေဝန်းသော်တာလေးပါကွယ်။

www.burmeseclassic.com



## ၅

"ဟော ... ဆရာ ရောက်လာမှကိုးကွယ်၊ ကြွပါ ... ပြ
မိမွှေးပြင့် ဆရာဆေးကြောင့် အများကို ဆွဲချပစ်လိုက်သ
ပဲ"

သူ့ကားလေး မွှေးပွင့်ငယ်၏ ခြံဝင်းလေးထ
ထိုးရပ်လိုက်တာနှင့် အိမ်ဆိုင်လေးမှာ ဈေးရောင်းနေရှာ
ဒေါ်ထွေးဆွေမှာ ဝမ်းသာအားရ ပြောရှာ၏။ အရမ်းကိုး
ကျေးဇူးတင်နေမှန်း သိသာသည်။ ဈေးရောင်းလက်စကြီးနှင့်
ငယ်လေးပေါ်မှ ဒေါ်ထွေးဆွေ ဆင်းလာတော့ သူ လက်ကာ

"ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ဈေးရောင်းစရာရှိတာ ရောင်

ဟု ပြောပြီး ဆိုင်ရှေ့တွင် တန်းလေးရိုက်ထား
ပျဉ်ပြားတန်းရှည် ခုံတန်းလေးမှာ သူ ထိုင်သည်။ မိန်းကလေ
ရွယ်လေးထံ ဆေးထိုးသွားရမှာမို့ ဒေါ်ဒေါ့်ကို စောင့်သည့်သဘော

"မိမွှေးဟာ သိပ်ခေါင်းမာတာ၊ ဆေးထိုးဖို့ဆိုလဲငြင်း၊ ဆေး
ဖို့လို့လဲ မရ၊ နေပူကြီးထဲ ပြန်လာ၊ ပူတယ်ဆိုပြီး
တယ်၊ တစ်အောင့်တစ်နား ခဏမနားဘူးလေ၊ ဟဲ့ ...
တားဖို့ ပြင်လိုက်ချိန်မှာ သူက ရေချိုးပြီးနေပြီ"



ဒေါ်ထွေးဆွေ ခပ်ညည်းညည်း ပြောနေတော့ သူ ပြုံး၍ နားထောင်နေမိသည်ပါပဲ။ ထိုအရာများသည် မွှေးပွင့်ငယ်၏ ခေါင်းမာသော စရိုက်လေးများအဖြစ် သူ သတိမမူမိခဲ့။ ချစ်စနိုးလေးပဲ ဖြစ်နေမိခဲ့တာ အမှန်။

"ကဲ ... ဒေါ်ဒေါ် လိုက်ပို့မယ်၊ ဒီနေ့တောင် သက်သာပြီဆိုပြီး ဆေးမထိုးဘူး လုပ်နေသလေ၊ မောင်ရင် ... အဲ ... ဆရာလဲ လာချင်မှ လာမှာဆိုပြီး သူက ထင်နေတာ၊ တကယ်က မလာလေ ကြိုက်လေ ဖြစ်နေတာကွယ့်၊ ဒီကောင်မလေးဟာ တကယ့်ကို ဆေးထိုးအပ်ကြောက်တဲ့ မိမွှေး"

ဒေါ်ထွေးဆွေ ပြောပြနေသမျှ နားထောင်ရင်း သူ ပြုံးပဲ ပြုံးနေမိသည်။

ကလေးဆိုးလေး တစ်ယောက်လို ပါလားဟုလည်း ရင်ထဲမှာ မြတ်နိုး အလိုလိုက်ချင်နေမိရသည်လေ။

တကယ်တော့ မွှေးပွင့်ငယ်နှင့် ပတ်သက်လျှင် သူ့ရင်ထဲမှာ ကြည်ဖြူမြတ်နိုးခြင်းဆိုသော အရာတွေပဲ ရှိနေတတ်ခဲ့ချေသည် မဟုတ်ပါလား။

ဈေးဝယ်ရင်းခိုက်မှာ ဒေါ်ထွေးဆွေ အိမ်ပေါ် လိုက်ပို့ခြင်းပါ။

သူတို့ ခြေသံကြောင့်ထင်။ ဧည့်ခန်းဆီသို့ အိပ်ခန်းတွင်းမှ မွှေးပွင့်ငယ် ဦးစွာ ထွက်လာသည်။

"ဟော ..."

ဟု ဒေါ်ထွေးဆွေ ပြောလည်းပြော၊ လက်ညှိုးလည်း ထိုးရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါသာကြည့် ... အဲဒါသာကြည့်၊ သူက လူကောင်းလုပ်ပြ
ညွှန်းကို အရင်ရောက်တော့မယ်၊ မိမွေး ... လေစိမ်းတိုက်
မှာပေါ့"

ဟု တွမလုပ်သူကိုလည်း မဆူသာ ဆူသာ လှမ်း
ရှာသည်။

"ဟယ် ... ဆရာ လာတယ်"

ဆေးထိုးရမှာ စိတ်ဆင်းရဲနေသည့် ကလေးငယ်
မျက်နှာပေးလေးနှင့် စိတ်လက်ညစ်စွာ ပြောလာဟန်လေးကို
အရမ်းနှစ်မြို့က် မြတ်နိုးသွားရမိသည်ပါပဲ။ ဟန်ဆောင် မရနိုင်
လည်း၊ သူ ရယ်လိုက်မိသည်။

သူ ရယ်တော့ မွေးပွင့်ငယ်လည်း လွှတ်ခနဲ ပြုံး
၏။ စိတ်ညစ်နေသမျှကို သိသာလွန်းစွာ ထုတ်ဖော်ပြောလိုက်မိတာ
လည်း၊ မွေးပွင့်ငယ် ကိုယ်ဘာသာ ပြန်၍ သတိထားမိဟန်ဖြင့်

"မမွေးပွင့်က ဆေးထိုးရမှာကြောက်လို့ ပြောမိတာပါ"

အားနာစိတ်လေးဖြင့် ခပ်တိုးတိုး ဝန်ခံမိရသည်
ကိုယ့်အတွက် စေတနာဖြင့် အိမ်တိုင်ရာရောက် လာရောက်ကုသ
သူ့ကို မလိုမလားကြီး စရိုးဦးကြိုလိုက်သလို ဖြစ်သွားတာမို့ မွေးပွင့်
အားနာသွားမိရခြင်းပါ။

"ဟော ... ဈေးဝယ် ရောက်လာပြန်ပြီ၊ ခဏ ဆေး
ခဏ"

ဒေါ်ထွေးဆွေ ပြောတော့ သူ ခေါင်းညိတ်
ပိနပ်ကို ချွတ်၍ ညွှန်းသို့ ဝင်သည်။

"ရတယ် ဒေါ်ဒေါ်၊ ဟိုဖီရိယေါ်က ဓာတ်ဘူးထဲမှာ ရေနွေး
မဟုတ်လား၊ ကျွန်တော့်ဘာသာပဲ လိုအပ်တာ လုပ်



မယ်၊ အေးအေးဆေးဆေး ရောင်းစရာရှိတာ ရောင်းပါ
ဒေါ်ဒေါ်"

ဆေးထိုးအပ်နှင့် စရင်ကို ရေနွေးဖြင့် စိမ်မို့ စတီးလ်
ရှည်လေးကအစ သူ့ဆေးအိတ်ထဲ ပါလာတာမို့ ရေနွေးထည့်ဖို့
ကို သူ မတောင်း။

"မမွေးပွင့် နေကောင်းနေပါပြီ"

မွေးပွင့်ငယ်က ဂကျိုဂကျောင် စတင် လုပ်နေနိုက်မှာပဲ
ထွေးဆွေကဖြင့် အိမ်ပေါ်မှ ဆင်းသွားပြီ။ မနက်စောပိုင်းဆိုတော့
ယ်ကလည်း မကြာမကြာ လာနေတတ်သည်လေ။

"ကိုယ့်ကို ထိုင်ခိုင်းပါဦးလား မမွေးပွင့်"

သူ လွှတ်ခနဲ ချစ်စနိုးလေး လှမ်းစ,လိုက်မိရပါပြီ။

"မမွေးပွင့်ကို အဖျားအရင်တိုင်းကြည့်ပြီးမှ ဆေးထိုးနော်၊
မမွေးပွင့်က သက်သာနေပြီ"

ဟု ဦးစွာ စကားခေါ်ပြီးမှ ...

"အထဲဝင်ပါ ဆရာ"

ဟူသော ဖိတ်ခေါ်သမှု ကိစ္စကို ဆက်သည်။ သူ ပြုံး
ဆေးအိတ်ကို ဆွဲဝင်လာခဲ့ရသည်ပါပဲ။

မွေးပွင့်ငယ်၏ ဘေးမှာ ထိုင်လိုက်လျက် ဆေးအိတ်
ပြဒါးတိုင်ကို ဦးစွာ ယူသည်။

"ကဲ ... ညွှန်ကြားချက်အတိုင်းပါပဲ ဆရာမရယ်၊ ပါးစပ်ဟ"

ဟု ချစ်စနိုးလေး ပြောလိုက်မိရပါ၏။ မွေးပွင့်ငယ်
တစ်ချက်ရယ်သည်။

ဖွေးစင်နေသော ပုလဲသွယ် သွားတန်းလေး လှစ်
တော့ သူ ငေးကြည့်လိုက်မိရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဩော် ... သွားတန်းလေးသော်မှ ပုလဲသွယ်လေးနှယ် ပါတကား။

လှနိုင်အားရက်ပါသည့် မွှေးပွင့်ငယ်။ သူ မြတ်နိုးရလွန်းဝါသည့် မိန်းကလေးနှင့် အနီးတကပ် ရှိနေရပါသည့် အဖြစ်။

မွှေးပွင့်ငယ်၏ နှုတ်ခမ်းပြင် ဝင်းအိအိလေးမှာ ရှိနေပါသော စိမ်းလဲ့နုညံ့သော ဆံနုစိမ်းလေးများကိုပင် အနီးတကပ် သူ တွေ့မြင်နေရသည်။ ထူစိမ်းသော မျက်ခုံးတန်းလေးကိုလည်း အပေါ်ဆီမှ ငုံ့မိုးမြင်နေရသည်ပါပဲ။

မြင့်မားသော သူ့အရပ်ကြီးကြောင့် ထိုင်လျက် အနေထားဖြင့်လည်း နွဲ့နှောင်းသော မွှေးပွင့်ငယ်နှင့် အားချင်းယှဉ် ရှိနေခိုက်မှာလည်း ငုံ့မိုး၍ တွေ့မြင်နေရသည်ပါပဲ။

ပြဒါးတိုင်လေးကို ကလေးလေးလို ငုံထားရင်း မွှေးပွင့်ငယ် စိတ်ညစ်နေတာ သူ သိနေသည်။ အစ်ကိုကြီးတစ်ယောက်၏ စိတ်ရှည်သော အပြုံးဖြင့် သူ ပြုံးလျက် ပြဒါးတိုင်ကို ယူလိုက်ချိန်ထိ မွှေးပွင့်ငယ် မျက်နှာမကောင်း။

သူ ကိုယ်ပူချိန်ကို ကြည့်လိုက်တော့ အဖျားက ကျနေပြီ။ တစ်ရာကျော်ရုံလေးပဲ ရှိတော့သည်။ ဒါပေမဲ့ မွှေးပွင့်ငယ်ကို သူ ကလေးတစ်ယောက်ကို စ,သလို စ,ချင်နေမိတာမို့ ...

"မွှေးပွင့်ငယ် ကိုယ် ပေးတဲ့ ဆေးတွေရော မှန်မှန်သောက်ရဲ့လား၊ မနေ့က ပေးခဲ့တဲ့ ဆေးတွေလေ"

မျက်မှောင်တွန့်၍ ကိုယ်ပူချိန်တိုင်း ပြဒါးတိုင်ကို သူ စိုက်ကြည့်ရင်း မေးပြီးမှ မှင်မပျက် သူ ကြည့်သည်။

မွှေးပွင့်ငယ်ခမျာ မျက်နှာလေး ငယ်ကျသွားလျက် ...



"မမွှေးပွင့် သောက်ပါတယ် ဆရာ၊ အဖျားက မကျလို့လားဟင် ... ဒါပေမဲ့ ... မမွှေးပွင့် တကယ့်ကို သက်သာနေတာပါ၊ ဆေးမထိုးဘဲနေရင်တောင် ရမယ်လို့ ထင်ပါတယ်"

"ဆေးခန်းမှာ ကိုယ် မကြာခဏ ကြုံတွေ့ရတဲ့ အခက်အခဲရှိတယ်၊ အဲဒါက လူနာက ကိုယ့်ထက် ပိုနားလည်နေတာမျိုးဆိုပါတော့၊ စားဖို့အတွက် သောက်ဆေးကိုလဲ သူတို့ကပဲ ညွှန်ကြားလာတယ်၊ အဲ ... ဆေးထိုးဖို့ ဆိုရင်လည်း ဘယ်ဆေးကို ထိုးပေးပါလို့ ညွှန်ကြားတယ်၊ တချို့က ဆေးထိုးဖို့ မလိုအပ်ပါဘူး၊ ဒါပေမဲ့ ထိုးနိုင်းတယ်၊ ထိုးမှ ပျောက်မယ်ပေါ့၊ အဲ ... တချို့ကျတော့လဲ ဆေးထိုးဖို့ လိုအပ်တယ်၊ ဒါပေမဲ့ ဆေးပဲ သောက်မယ် မထိုးဘူးလို့ ညွှန်ကြားတယ်"

ပြောပြီး သူ ခေါင်းယမ်းတော့ မွှေးပွင့်ငယ် အသ ကျသွားသည်။

လှမ်းကြည့်တော့ မျက်နှာလေး ဆီးစေ့လောက်နှင့် ... မော့ကြည့်နေတာမြင်၏။

သူ သနားသွားလျက် ...

"ဆေးတွေ၊ ဘာတွေ မထိုးဖူးဘူးလား"

ဟု လွတ်ခနဲ မေးမိသွားရသည်။ ဤမျှ ဆေးထိုးအပ် ... ကြောက်နေသည့် ကောင်မလေး။ အရမ်းများ ကျန်းမာနေခဲ့ချေ ... ည်လားမသိ။

"ထစ်ခါတလေတော့ ဖျားဖူးပါတယ်၊ ငယ်တုန်းကပေါ့၊ မမွှေးပွင့်က ငယ်တုန်းက အရမ်းချူချာတယ်တဲ့၊ အဲဒီတုန်းက ဖေဖေ ရှိတယ်၊ ဖေဖေက ထမ်းပြီး ဆေးခန်း ခေါ်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မမွှေးပွင့်ကတော့ တစ်လမ်းလုံး အာခေါင်ခြစ်ပြီး အော်အော် ငိုသွားတာပဲ"

အမှန်အတိုင်း ပြောပြပြီး မွှေးပွင့်ငယ် ပြုံးသည်။ မျက်နှာလေးမှာလည်း အတိတ်က အဖြစ်လေးများကို ကြည်နူးတမ်းတရိပ် မြင်ရ၏။ မကြာလိုက်။ ထိုအပြုံးလေးတွေ ဖြတ်ချည်း ပျောက်သွားလျက် ရီဝေမှိုင်းညို့သော အရိပ်တွေ မျက်နှာမှာ ပြည့်သိပ်လာရသည်။ သူ သိလိုက်ပါပြီ။ မွှေးပွင့်ငယ် တစ်ယောက် ကွယ်လွန်ခဲ့ပြီးပါသည့် ဖခင်ကြီးကို တမ်းတနေရှာချေလိမ့်မည်။

"မမွှေးပွင့်က ငယ်ကတည်းက မေမေ ဆုံးတာ၊ ဖေဖေက မမွှေးပွင့် ကိုးတန်းနှစ်မှာ ဆုံးတယ်လေ၊ ငယ်တုန်းက ချူချာပေမယ့် ကြီးလာတော့ မဖျားပါဘူး၊ အဲဒီနေ့က မမွှေးပွင့် နေပူထဲက ပြန်လာပြီး ရေချိုးလိုက်တာ အပူရှပ်သွားတာပါ"

စကားလမ်းကြောင်းကို မမွှေးပွင့်ပဲ ပြန်၍ လမ်းကြောင်းလွှဲဖို့ ကြိုးစားယူမှန်း သူ သိလိုက်ရသည်။ မျက်နှာ မကောင်းဘဲ မွှေးပွင့်ငယ်ကို သူ ကရုဏာဖြင့် ကြည့်နေမိတာကို မွှေးပွင့်ငယ် ကိုယ်တိုင်ကလည်း ရိပ်မိပုံရ၏။

"အေးဗျာ ... ကိုယ် စိတ်မကောင်းဘူး"

ဟု ရင်ထဲရှိတာ သူ ဖွင့်ပြောလိုက်မိလျက် သက်ပြင်းရှိုက်မိသည်။

အခေါ်နှင့် တူမ နှစ်ယောက်တည်းသော မိန်းမသားအင်အားလေးဖြင့် လှုပ်ရှားရှန်းကန်နေပါသော အိမ်ထောင်လေးကိုလည်း သူ စာနာမိပါ၏။



ဆေးထိုးဖို့ တကယ်ပဲ ရေနွေးခွက်ဘူးကို သူ ထ၍ ဗီရိုပေါ်မှာ လှမ်းယူတော့ မွှေးပွင့်ငယ် မျက်နှာလေး ပိုပျက်လာသည်။

"ဆေးပတ်လည်အောင်တော့ ဆေးထိုးရမယ် မမွှေးပွင့်၊ ပင်နီထိုးထားတာ ... အဲဒီလို ပင်နီကို ဆေးပတ်ပြည့်အောင် မထိုးဘဲ ထားလိုက်ရင် နောက်ပိုင်းမှာ ပင်နီနဲ့ မတည့်ဘဲ ပင်နီ ရှော့ခ် ဖြစ်သွားတတ်တယ်၊ အဲဒါ အလွန်အန္တရာယ်ကြီးတယ်၊ ပင်နီကို တည့်ထားတော့ နောက်တစ်ကြိမ်မှာ ထိုးမိရော .. အဲဒီအခါမှာ မတည့်ဘဲ ဖြစ်နေတော့ ဒုက္ခကြုံတတ်တယ်၊ လူတစ်ယောက်မှာ ပင်နီရှော့ခ် ဆိုရင် ပင်နီ မထိုးရတော့တဲ့အတွက် မြန်မြန်ပျောက်မယ့် ရောဂါကို တခြားသောက်ဆေး ထိုးဆေးနဲ့ ပြောင်းထိုးနေရတော့ ကြာရှည်တာပေါ့"

သူ ရှင်းပြနေရင်းမှ ဆေးထိုးအပ်ကို ရေနွေးဖြင့် ခိမ်နိုင်ဖို့ စတီး(လ်)ဘူးရှည်လေးထဲ လောင်းထည့်သည်။ စတီး(လ်)ဘူးရှည်၏ အဖုံးလေးကိုလည်း ခေတ္တ ပြန်ပိတ်ထားလိုက်သည်။

ထိုအခိုက်မှာပဲ ဒေါ်ထွေးဆွေ အိမ်ပေါ်သို့ တက်လာ၏။ မိန်းကလေး တစ်ယောက်လည်း အတူပါလာသည်။

"ကဲ ... ခင်ခင်ရေ ညည်း သူငယ်ချင်းကို အဖော်လုပ်ပေးလိုက်ဦး၊ ဆေးထိုးဖို့ ဂျိကန်နေရင်လဲ ချုပ်ကိုင်ထားပေးလိုက်၊ ဒီနေ့မှ ဈေးဝယ်တွေကလဲ ပေါလိုက်ပါတဲ့အမျိုး"

ဟု တဖျစ်တောက်တောက် ရွတ်လျက် ရေနွေးကြမ်းခင်ပန်းနှင့် လက်ဖက်သုပ်ပန်းကန်ကို သူ့ရှေ့မှာ ဒေါ်ထွေးဆွေ ဘချသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ့ဆေးကတော့ လက်ဆိပ်ရှိပါ့ရှင်၊ အဖျားကို တုံးခနဲ ကျလာရော"

ဟု ချီးကျူးစကားကို ဆိုသွားသေးသည်။

ဆံပင်ရှည်ရှည်၊ ကိုယ်ဟန် ဖြူနွဲ့နွဲ့လေးနှင့် ခင်ခင် ဆိုသည့် မိန်းကလေးကလည်း မွှေးပွင့်ငယ်၏ ဘေးမှာ လာထိုင်သည်။

"သက်သာတယ်ဆို မနက်က ပြောတော့၊ ခု … ဆေးထိုးရဦးမှာလား"

အရေးထဲ ခင်ခင်ကလည်း ဆေးထိုးမှာကိုများ တအံ့တဩ ဖြစ်ပြနေတော့ သူ ပြုံးမိရပါ။

"ဆေးပတ်လည်အောင် ထိုးရတယ် ခင်ခင်ရဲ့၊ မထိုးရင် နောက်တစ်ခါမှာ ပင်နီစလင်က မတည့်ဘဲ ဖြစ်သွားတာမျိုး ကြုံတတ်တယ်တဲ့ အဲလို ပြောတာပဲ၊ ဟုတ်လား မဟုတ်လား မသိပါဘူး"

ပြောပုံကိုကြည့်၊ သူ့ကို သိပ်ယုံကြည်ပုံမရ။ သူ ရယ်၍ပဲ နေလိုက်ရသည်ပါပဲ။

"မယုံလဲ မတတ်နိုင်ဘူးဗျာ၊ ဆရာဝန်က လိုအပ်လို့ ဆေးထိုးပေးတာ၊ ဒီအချိန်မှာ မမွှေးပွင့်က ကိုယ့်လူနာ၊ ကိုယ့်စကားကို နားထောင်ရမယ် ဒါပဲ"

ဟု ပြောလည်းပြော၊ တကယ်လည်း ဆေးထိုးပေးတော့ ရှုံ့မဲ့၍ မွှေးပွင့်ငယ် ခံလိုက်ရသည်ပါပဲ။

"တစ်ခုတော့ ပြောချင်တယ်၊ မမွှေးပွင့်တို့က အဒေါ်နဲ့တူမ နှစ်ယောက်တည်း နေကြရတာ၊ ရေချိုးတာ၊ သွားလာတာ ဂရုစိုက်ပေါ့၊ ကိုယ်ခွဲ လက်ခွဲ ရှိကြတာမှ မဟုတ်တာ"



လူကြီးလို သူ ပြောပြီး ဆေးထိုးအပ်ကို ရေနွေးဖြင့် အေး။ စရင်းကိုလည်း နေသားတကျ သိမ်းဆည်းနေတော့ မွှေးပွင့်ငယ် သူ့ကို ငေးကြည့်သည်။

လူကြီးလေးလို အိုက်တင်ခံနေသည့် ဆရာဝန်ပေါက်စလေးကို မွှေးပွင့်ငယ် ကြည့်နေရင်းဖြင့်ပင် အစ်ကိုတစ်ယောက်လိုပဲ ခင်မင်လာမိတာ အမှန်။

တကယ်လည်း လူကြီးလေးလို ချော့မော့ပြီး ရအောင် ဆေးထိုးပေးသွားသည် မဟုတ်ပါလား။

စားဖို့ ဆေးတွေကို ဆေးထုပ် တစ်ထုပ်စီ ဆေးမယ်အစုံ ထည့်ပြီး မွှေးပွင့်ငယ်ကို ပေးသည်။

"အဲဒါ တစ်နေ့လေးကြိမ်စာ သောက်ဖို့ ပေးထားတာ၊ မနက်ဖြန် ကိုယ်လာခဲ့မယ် ဆန်ပြုတ်စား၊ ဆွပ်ပြုတ်သောက်၊ သစ်သီးဖျော်ရည်သောက်လို့ရတယ်၊ အေး … ရတယ်ဆိုလို့ ရေခဲတွေ ဝယ်ပြီးလဲ ဖျော်ရည်ထဲ ထည့်မသောက်နဲ့ဦး၊ ဒီကောင်မလေးက စိတ်ချရတာ မဟုတ်ဘူး၊ ရင်ပူတယ် ဆိုပြီး ရေခဲထည့်ချင် ထည့်မယ့်အချိုးအစားလေး"

"ဆရာ ပြောတာ ဗေဒင်တွက်တာထက်တောင် မှန်နေသေးတယ်"

ခင်ခင် ရယ်မောလျက်ပြောတော့ မွှေးပွင့်ငယ် မျက်စောင်းထိုးသည်။

သူတို့အကြားမှာ ရင်းနှီးမှုဆိုတာလေးကတော့ တိုးတိုးဝင်ဝင် ဖြစ်လာကြပါပြီ။

ဆေးအိတ်ကို သူ သိမ်းသည်။ လက်ဖက်သုပ် သုံးလေးဇွန်း ခပ်စားပြီး ရေနွေးကြမ်း သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာရီကို ငုံ့ကြည့်လိုက်ပြီးမှ ...

"ကဲ_ ကိုယ် ပြန်မယ်၊ မနက်ဖြန်မှ လာခဲ့ဦးမယ် ဟုတ်လား"

ဟု သူ ပြောပြီး ထရပ်တော့ မွေးပွင့်ငယ်လည်း လိုက်၍ ရပ်သည်။

"ဒါက ဘာလဲ"

"ဆရာ့ကို လိုက်ပို့မလို့ပါ"

သူ မေးတော့ ကလေးလေးလိုပဲ မွေးပွင့်ငယ် ဖြေရှာ၏။ သူ ယခုလို လာပြီး ဂရုတစိုက် ဆေးကုပေးနေခြင်းအတွက် ကျေးဇူးလည်းတင် အားလည်းနာနေမှန်း သူ သိသည်ပေါ့။

"နေပါစေ ... ဒီမှာပဲ နေခဲ့ပါ"

"ဟင့်အင်း ... ဒီခြံဝထိတော့ လိုက်ပို့ချင်တယ်"

"ရော် ... ဒီကောင်မလေး ခက်နေပြီ"

သူ ရယ်သံဖြင့် ပြောပြီးမှ မျက်နှာလေးအိုအိုဖြင့် ဂျိုကျနေသော မွေးပွင့်ငယ်ကို ငုံ့မိုးကြည့်မိလျက် ...

"ကဲ ... လိုက်ပို့စေဗျာ"

ဟု ဆေးအိတ်ကို မွေးပွင့်ငယ်၏ လက်ထဲ ထည့်ပေးလိုက်ရပါချေ၏။

"ဩော် ..."

ဝရန်တာ နေရာလေးမှာ သူ ခေတ္တ ရပ်လိုက်လျက် မွေးပွင့်ငယ်ကို သူ လှည့်ကြည့်သည်။

ဖလန်ထည် နီညိုကွက်လေးကို ဝတ်ဆင်ထားလျက် အခြယ်အသ ကင်းစင်သော မျက်နှာ နုနုအိအိလေးကို သူ ငုံ့မိုးကြည့်လိုက်မိရင်း ...



"တာမှုပို့စရာရှိရင် ပြောလေ၊ ကိုယ် တစ်လက်စတည်း ဝင်ပို့ပေးလိုက်မယ်၊ ပို့ချင်တဲ့ မဂ္ဂဇင်းတိုက်နဲ့ လိပ်စာသာ ပြောပြ ဟုတ်လား"

ရင်ထဲရှိသည့်အတိုင်း စေတနာဖြင့် ပြောမိခြင်းပါ။

"မှားနေတယ် မဟုတ်လား၊ ရေးထားပြီးသားတွေ ရှိရင် ပေးလိုက်လေ၊ ကိုယ်က တကူးတက သွားနေရမှာမှ မဟုတ်တာ၊ မောင်မောင်နဲ့ ဆိုရင်လဲ ခြံချင်းကပ်နေကြတာ စမ်းယမုန်ကို မရောက်ရင်တောင်မှ သူ့အိမ်မှာပဲ တာမှုကို ပေးလိုက်ရင် ဖြစ်နေတာပဲ၊ မမွေးပွင့် နေမကောင်းသေးခင်မှာ စွတ်ပြီး တာမှုပို့ ထွက်သွားမှာစိုးလို့ ပြောတာပါ"

သူ ပြောနေသမျှ မွေးပွင့်ငယ် မော့ကြည့်နားထောင်နေသည်ပါပဲ။ တကယ်တော့ ... မွေးပွင့်ငယ် ရင်ထဲမှာ ကြည်နူးနေမိခြင်းပါ။ မွေးပွင့်ငယ်၏ ဝါသနာအပေါ်မှာ နားလည်နိုင်စွမ်းစွာ ပြောလာပါသည့် ဆရာကို မွေးပွင့်ငယ် အရမ်းခင်သွားမိသည်ပါပဲ။

ချော့မော့လျက်တစ်မျိုး။ ခြိမ်းခြောက်လျက်တစ်သွယ်။ ဆေးထိုးဖို့ ပြောခဲ့ပါသည့် ကိုကိုကြီး။ တကယ့်ကို အစ်ကိုကြီးတစ်ယောက်နှယ် ပူပန်ပေးတတ်တာလည်း မွေးပွင့် အသိပါ။

မနေ့ကဆို မွေးပွင့်ငယ် အရမ်းမူးနေတာ သိသိချင်း ပူပင်တကြီး ဆေးအိတ် ပြန်ယူ။ ချက်ချင်း ဆေးထိုး။ ဆေးတိုက် လုပ်ခဲ့သည်မဟုတ်ပါလား။ ယခုလည်း မနက်စောစော ရောက်လာခဲ့ပြီးပြီ။

"လောလောဆယ် မမွေးပွင့်ဆီမှာ အချောပြန်ရေးပြီးသား တာမှု မရှိသေးပါဘူး"

ခပ်တိုးတိုး မွေးပွင့်ငယ် ပြန်ပြောတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"စာရွက်ကြမ်းကို ပေးလိုက်လေ၊ ကိုယ့်မိတ်ဆွေ တစ်ယောက်ရှိတယ်၊ လက်နှိပ်စက် ရိုက်တယ်၊ သူနဲ့ ရိုက်ခိုင်းလိုက်မယ်"

ဟု ပြောမိမတတ် ဖြစ်သွားပေမယ့် ချက်ချင်းကြီး အရမ်းကို ကူညီနေချင်သည်လည်း ကြည့်မကောင်းဘဲ ဖြစ်သွားမှာကို သူ စိုးရိမ်ရသည်မို့ ...

"ဒါဖြင့်လဲ ပြီးရော၊ ဒါပေမဲ့ လောလောဆယ်တော့ စာအချော ပြန်ကူးတာတို့၊ ဇတ်ညှိရေးတာတို့တော့ မလုပ်ရသေးဘူးနော်၊ ဒါက အကြောင်းရှိတယ်"

ပြောပြီး သူ ရှေ့မှ လျှောက်တော့ နောက်မှနေ၍ မွှေးပွင့်ငယ်နှင့် ခင်ခင်တို့ လိုက်လာကြသည်။ သူ ခြေလှမ်းကို နှေးချလိုက်ပြီး မွှေးပွင့်ငယ်တို့နှင့် ဘေးချင်းယှဉ်လျှောက်လာလျက် ...

"ကိုယ့်သူငယ်ချင်း မောင်မောင်က စာပေသမားပီပီ ဝါသနာကြီးတယ်၊ နေမကောင်းလဲ မရဘူး၊ စမ်းယမုန်ကို သွားရမှ ကဗျာစပ်နေရမှ အဲလို"

ပြောပြီး မွှေးပွင့်ငယ်ကို သူ ပြုံး၍ ငုံ့မိုးကြည့်ရင်းဖြင့် ...

"ဒါကြောင့် သတိပေးရတာ၊ စာမရေးသေးနဲ့ဦးနော်"

ချစ်စနိုးလေး ပြောမိခြင်း ဆိုတာကို သူ သိနေသည်။

မွှေးပွင့်ငယ်ရော သိချေမည်လား။ ဩော် ... မျက်တောင်ရှည် ခက်မက်ကြီး ဝန်းရံခပါသည့် မျက်ဝန်းများဖြင့် သူ့ကို မော့ကြည့် နေပါသော အလှရှင်လေးသည်လည်း သိချေမည်ဘဲ့လား။

မန်ကျည်းရိပ်လေးသို့ ရောက်လာသော သူ ရပ်သည်။

မန်းကျည်းရွက် ဝါဝါသေးသေးလေးများ တဖွတ်ဖွတ် ကြွေကျနေသည့် နေရာလေးသည် ချွေရည်ရိပ်သမီးနေ၏။

"ဩော် ... ဆရာ ပြန်တော့မလား"



သူ့ အိမ်လေးပေါ်မှ ဆင်းလာတာ မြင်တာမို့ ဒေါ်ထွေးဆွေလည်း ဆိုင်လေးပေါ်မှ ဆင်းလာခဲ့ခြင်းပါ။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ မနက်ဖြန်မှ တစ်ခေါက် လာခဲ့ပါဦးမယ်"

ပြုံး၍ သူ နှုတ်ဆက်စကားဆိုသည်။

နောက် မွှေးပွင့်ငယ် လက်တွင်းမှ ရှိနေပါသည့် ဆေးအိတ်ကို သူ လှမ်းယူသည်။

ကားလေးတွင်းသို့ သူ ဝင်လိုက်ကာ ကားကို နောက်ပြန် ပြန်ဆုတ်၍ ခြံဝင်းတံခါးတွင်းသို့ ဝင်သည်။

ပြီးမှ ကားခေါင်းကို လမ်းမဘက်သို့ ဦးတည်လိုက်လျက် လက်ပြနှုတ်ဆက်ပြီးမှ ကားလေးကို မောင်းထွက်ခဲ့ပါ၏။

သူ့ ရင်ထဲမှာ ကြည်နူးနေမိရသည်ပါပဲ။

သူ မြတ်နိုးရပါသော မိန်းကလေးကို ဝေဒနာမှ သက်သာစေဖို့ သူ စွမ်းဆောင်ပေးခဲ့နိုင်ပြီ။

သူ နေမထိ နေမတတ်စွာ ယောက်ယက်ခတ်မှု ခံစားလျက် ရှိရပါလေသော တွေ့လိုဇော ဖြစ်ရပါသည့် မိန်းကလေးကို သူ ယခုတော့ ရင်းနှီးခွင့် ရနိုင်ခဲ့ပြီ။

ဩော် ... ချစ်ရသူလေးရှိရာ အရပ်သို့ သူ၏ ခြေဦးကို လှည့်ခွင့် ရှိနိုင်စွမ်းခဲ့ပြီ။ ခိုင်တည် မြတ်နိုးရပါလေသော မိန်းကလေးကိုယ်တိုင်ပင်လျှင် သူ၏ ဆေးအိတ်လေးကို ဆွဲကိုင်၍ ခြံဝအရောက် လိုက်ပို့ခဲ့ချေသေးသည်။

မင်း ငါ့ကို ဒီလိုပဲ ငါ့ ဆေးအိတ်လေးကို ကိုင်ဆွဲပြီး အလုပ်မသွားခင် လိုက်ပို့ရတဲ့ ဘဝမျိုးထဲ တိုးဝင်လာလိုက်ပါလား မွှေးပွင့်ငယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဘဝမျိုးကို ငါ အရမ်းလိုချင်နေတာ မင်း ဘယ်သိနိုင်ပါ့မလဲကွယ်။

ငါလေ ...။ မင်းကို ပိုင်နိုင်စွာ သြော် ... ပိုင်ဆိုင်စွာ မြတ်နိုးရပါတဲ့ ဘဝကို ရောက်လိုက်ချင်ပါပြီ။

ရောက်လိုက်ချင်ပါပြီကော မိန်းကလေးရယ် ...။



## ၆

"ဘာပဲဖြစ်ဖြစ် ခုလို အလုပ်မှာ စိတ်ဝင်စားတာကို ဒက်ဒီတော့ သဘောကျတယ်၊ တောင်ဥက္ကလာပဆိုတော့ ဒက်ဒီ ဆေးခန်း ရှိတဲ့ ရွှေဘုံသာလမ်းနဲ့ကတော့ တခြားစီပဲ၊ ဒီတော့ သား မောင်းနေကျ ဟွန်ဒါကိုပဲ ဆက်သုံး၊ ဒက်ဒီက ပါပလေကာပဲ သုံးတော့မယ် ဟုတ်လား"

ဒက်ဒီကတော့ သူ့ ဆေးခန်း သီးခြားဖွင့်ချင်သည့် [illegible]ကို ထောက်ခံ သဘောကျနေသည်ပါပဲ။ မေမေကတော့ ထုံးစံ [illegible]ိုင်း ...

"ဒက်ဒီ ဆေးခန်းမှာ အတူတူထိုင်ရင် ပြီးရောကွယ်"

"ခင်သန့်ရယ် ... ကိုကိုတို့ရဲ့ သားဟာ အဖေ လုပ်သူရဲ့ အရိပ်ကို မှီတွယ်ပြီး ဆေးခန်းထိုင်နေတဲ့ အဖြစ်မျိုးထက် ခုလို ကိုယ့်အားကိုယ်ကိုးပြီး ဆေးခန်းဖွင့်တဲ့ သဘောမျိုးကို ကိုကို ပိုသဘောကျတယ်၊ ဖွင့်ပါစေ"

ဒက်ဒီက မေမေ့ကို သူ့ကိုယ်စားပဲ ဝင်ဖြေပေးလိုက် [illegible]ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သားဟာ ကလေး မဟုတ်တော့ဘူး ခင်သန့်၊ နေရာတကာမှာ ကလေးလေးလို လိုက်ပြီး စိတ်မပူပါနဲ့ကွယ်၊ သားက တော်တဲ့ ဆရာဝန်လေးတစ်ယောက်ပါ၊ တစ်ခါ တစ်ခါ ကိုကိုလဲ သားရဲ့ ဆေးခန်းကို သွားကြည့်ပေးမှာပေါ့"

မေမေ စိတ်ကျေနပ်အောင် ဒက်ဒီ ပြောပေးခြင်းဆိုတာ သူ သိသည်။ တကယ်တမ်းမှာတော့ ဒက်ဒီ သူ့ဆေးခန်းကို တော်ရုံနှင့် လိုက်ထိုင်ပေးမှာ မဟုတ်တာကို သိသည်ပေါ့။ ဒက်ဒီက ယောက်ျားပီပီ ကိုယ့်ဒူးကိုယ်ချွန်တာမျိုးကို သဘောကျသည်။

"သားက ဆေးပညာနဲ့ ပတ်သက်လို့ ဘွဲ့ရပြီးပြီ၊ ကိုကိုတို့လဲ ဒီလိုပဲ ဆရာဝန်ပေါက်စဘဝလေးကနေပြီး နလုံးအထူးကု သမားတော်ကြီးဘဝကို ရောက်လာခဲ့ရတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ရှင်ပဲ ပြောတော့ ... ရှင်ပဲ ပြောတော့"

မေမေ ပြောတော့ ဒက်ဒီ ရယ်နေသည်။ သားလုပ်သူကို ကလေးလေးလို စိတ်ပူတာရော၊ ရည်းစားသနာ ရှိသွားမှာ စိုးရိမ်တာရော မေမေ ရင်ထဲမှာ ဝေ့နှာ ရွဲကပ်သလို ဖြစ်နေသမျှ ဒက်ဒီလည်း သိချေသည် မဟုတ်ပါလား။

သား လုပ်သူကို တော်ရုံ မိန်းကလေးနှင့် သဘောမမျှနိုင်တာကိုလည်း ဒက်ဒီ သိသည်။ သူလည်း သိသည်။ အထူးသဖြင့် မေမေသည် ငွေကြေးချမ်းသာခြင်းဆိုသော ပေတံဖြင့် လူတွေကို တိုင်းတာ တန်ဖိုးဖြတ်တတ်သည့် အဖြစ်။

ဒါကလည်း ဘဝတစ်လျှောက်လုံး မွေးဖွားသည့်မှအစ ယခုတိုင် အရမ်းကို ချမ်းသာကြွယ်ဝလွန်းသည့် အိမ်ထောင်စုထဲမှာပဲ အိမ်ထောင်ရှင်မ ဖြစ်ရသည်။ ပြီးတော့ ဒက်ဒီက တစ်ဦးတည်းသော သား။



မေမေ့ကိုလည်း ဒက်ဒီက အရမ်းကို ချစ်မြတ်နိုးသည်။ မေမေ့ သဘောကျ အားလုံး အလိုလိုက်ပေးနေကျ။

ဒါကြောင့် မေမေ့ ဘဝသည် အစစ စိန်စီသောလမ်းမှာ လျှောက်လှမ်းနေရသည်နှင့် မခြား။

"ဆင်းရဲသားရပ်ကွက်ကြီးမှာကွယ်၊ သားကလဲ"

မေမေ ခပ်ညည်းညည်း ပြောတော့ ဒက်ဒီ မျက်မှုံကြီးပင့်၍ ...

"ဟ ... ဆင်းရဲသား ရပ်ကွက် ဟုတ်လား၊ နေစမ်းပါဦး၊ သူတို့က မဖျားကြတော့ဘူးတဲ့လား၊ ဆေးခန်းမသွားရတော့ဘူးတဲ့လား၊ သူတို့ဆီက ပိုက်ဆံကရော ပိုက်ဆံ မဟုတ်လို့လား၊ ခင်သန့်နယ်ကွာ၊ ဆရာဝန်ပေါက်စလေး တစ်ယောက်ကို ခင်သန့် အထင်ကြီးတဲ့ ချွဲဘုံသာလိုနေရာမျိုးက ဆေးခန်းတစ်ခန်းမှာ ဘယ်သူမှ မသုံးဘူး၊ အဲဒါ မှတ်ထား၊ ခင်သန့်က အဲဒီ ဆင်းရဲသားရပ်ကွက်ဆိုပြီး အထင်မကြီးတဲ့ စိတ်မျိုး မွေးသလို ချွဲဘုံသာဆေးခန်းမှာကလဲ သာမန် ဆေးဘွဲ့ရရုံ ဆရာဝန်ပေါက်စလေးတွေကို အထင်မကြီးဘူး"

ဒက်ဒီ အမှန်အတိုင်း ပြောတော့ မေမေ မခံနိုင်။ ခေါင်းကို ဆတ်ခနဲ မတ်၍ ...

"အို ... အထင်မကြီးရင် နေပေါ့၊ သားက ဆင်းရဲနေတာမှ မဟုတ်တာ၊ ဘယ်သူမှ အထင်မကြီးလို့ မကုချင်နေ၊ သန့်တို့မှာ စားမကုန်တဲ့ စည်းစိမ်ရှိတယ်"

"အဲဒါ ပြောတာပေါ့ ခင်သန့်ရယ်၊ ဒီချမ်းသာတာကြီးကိုပဲ လက်ကိုင်ထားပြီး လူတွေကို လူမထင်လို့ မရဘူး။ သားရဲ့ ပညာကို ဒီတိုင်း သိမ်းထားရမှာလား"

www.burmeseclassic.com



"အို ... ကိုကို့သားပဲ၊ ကိုကို့ ဆေးခန်းမှာ ထိုင်ပေါ့"

"ဟ ... ကိုကို့ ဆေးခန်းကို လာတဲ့ လူနာက ကိုကို့ဆီကို လာတဲ့ လူနာတွေဗျ၊ ကိုကို့ ကုသမှုကို ခံချင်လို့ လာကြတာ၊ နှလုံးရောဂါ ဝေဒနာသည်တွေ သူတို့ စိတ်ချမ်းသာအောင် ကိုကိုပဲ ကုသရမှာပေါ့၊ ပြီးတော့ ... သားက နှလုံးအထူးကု သမားတော်ကြီးမှ မဟုတ်တာ"

"ကိုကိုနော် ... သားအရင်းကြီးကို နှိမ်နှိမ်ချချ"

"ခြော် ... မိန်းမနယ်၊ ကိုယ်သားအရင်းမှန်း သိတာပေါ့၊ ဘယ်နှယ် ပြောပါလိမ့်၊ ခုဥစ္စာက သားက ကိုယ်ဆေးခန်းနဲ့ ကိုယ် ဖွင့်မယ်၊ အဲ ... ကုသမယ်၊ လိုအပ်ရင် ကိုကို့ကို အားကိုးမယ်၊ အဲ ... သူ့ဘာသာသူ လုပ်နိုင်ကိုင်နိုင် ကုသ နိုင်တာကို ကုသမယ်၊ အဲဒါ ဘာဖြစ်လဲ၊ ကိုကို့ဆေးခန်းမှာ သူနာပြုအဆင့်လို နေနေရတဲ့ ဆရာဝန်ပေါက်စလေး ဘဝ ထက် ကိုယ့်အား ကိုယ်မာန်နဲ့ ကိုယ့်ဆေးခန်း ကိုယ်ထိုင် နေတဲ့ ဆရာဝန်အဖြစ်ပဲ ပိုကောင်းတယ်၊ ဒီမှာ ခင်သန့် ... သားက ကိုကို့ဆေးခန်းမှာ နေရတဲ့ပုံစံက သူနာပြုပုံစံမျိုး ကြီးလို ဖြစ်နေပြီကွ၊ အားမှာ ဇတ်တုတ် ထိုင်ကြည့်နေရ တာ"

ဒက်ဒီ ပြောသမျှကလည်း ဟုတ်နေသည်ပါပဲ။

လာသည့် လူနာတွေက နှလုံးရောဂါသည်တွေ။ နှလုံး အထူးကုသမားတော်ကြီးနှင့် ကုသလို၍ လာကြသည့် လူတွေ။ ဒါကြောင့် ဒက်ဒီပဲ ကုသရမည်။ စမ်းသပ်ရမည်ပေါ့။

"အလုပ် လျှောက်မယ်ဆိုတော့လဲ နယ်သွားရမှာ ကြောက် တယ်ဆိုပြီး ခင်သန့်ပဲ ငိုယိုတားတယ်၊ မခွဲနိုင်ပါဘူးဆို၊



သန့်ပဲ သား အလုပ်တာဝန်ကျတဲ့ နေရာမျိုးကို လိုက်သွားရင် ကိုကိုနဲ့ မခွဲနိုင်ဘူးဆို"

ဒက်ဒီ နောက်ဆုံးစကားသည် မေမေ့ မျက်စောင်း တစ်ခု ဖြစ်လာစေလျက် ဒက်ဒီ ရယ်သံကိုလည်း ဖြစ်တည်လာစေပါ၏။

ယခုတိုင် ဘာတစ်ခွန်းမျှ ဝင်မပြောလိုက်ရ၊ ဒက်ဒီပဲ ဝင်ဝင်ပြောပေးနေတာနှင့် အဆင်ပြေနေပြီ။ မျက်စောင်းထိုးနေသည့် မေမေ့ မျက်နှာမှာလည်း စောစောက ဒက်ဒီ စကားကြောင့်ထင်။ ပန်းရိပ်သမ်းနေ၏။

"အမှန်အတိုင်း ပြောတာပဲ သန့်ရာ၊ သားကို ရှက်ဖို့ မလို ပါဘူး၊ သန့်သားအရင်း ခေါက်ခေါက်ကြီးကလဲ အမေ လုပ်သူက အဖေ လုပ်သူကို မခွဲနိုင်တာ မပြောလဲ သိပြီးသားပါ အဟဲ ..."

ဒက်ဒီ နောက်ဆက်တွဲစကားကြောင့် မေမေ မျက်နှာ ဝို၍ ပန်းရိပ်သမ်းလာ၏။

"ကိုကိုနော် ... ဘာမှန်းလဲ မသိဘူး"

ရှက်ကိုးရှက်ကန်း ပြောနေသော မေမေနှင့် တပြုံးပြုံး ဖြစ်နေသော ဒက်ဒီတို့ကို ကြည့်၍ ရင်ထဲမှာ ကြည်နူးမိသည်ပါပဲ။ ဒက်ဒီနှင့် မေမေ့ အိမ်ထောင်ရေးသည် ဤသို့ ပျော်ရွှင်ကြည်နူးဖွယ် အတိုဖြင့် ရှိနေခဲ့သည်ပဲလေ။

"နို့ ... သား အလုပ် လျှောက်မယ်ဆိုတော့ သားက တစ်နေ ရာဆိုရင် သားနဲ့အတူ လိုက်သွားမှ ဖြစ်မှာဆို"

ဒက်ဒီ မျက်ခုံးကြီးပင့်၍ ရယ်ဟဟဖြင့် မေးတော့ အမေ ခေါင်းထောင်လာလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ပြောခဲ့တာပဲ ဘာဖြစ်လဲ"

"အေးလေ … အဲဒီတုန်းက ကိုကိုက ပြောသားပဲ၊ လိုက်သွားပေါ့ဆိုတော့ ကိုကိုနဲ့လဲ မခွဲနိုင်ပါဘူးဆို"

မေမေ ဆောင့်ခနဲ ထရပ်၏။ ဒက်ဒီ စကားကိုလည်း မငြင်းနိုင်တာမို့ အပျိုပေါက်လေးနှယ် ရှက်ကိုးရှက်ကန်းလေးနှင့် ညည်ခနဲမှ အိမ်ပေါ်ထပ်သို့ တက်သွားတော့ ဒက်ဒီ တဟဲဟဲ ရယ်ကျန်ခဲ့၏။ သူလည်း လိုက်ရယ်မိသည်ပါပဲ။

လှေကားရင်းမှ မေမေ တစ်ချက် လှည့်ကြည့်ပြီးမှ …

"ဒီသားအဖနော်၊ သူတို့ကို မခွဲနိုင်လို့ အမှန်အတိုင်း ပြောတာတိုများ တကြွားကြွားနဲ့"

ဟု လှမ်းပြောပြီးမှ လှေကားအတိုင်း တောက်လျှောက်ကြီး တက်သွားချေသတည်း။

ထိုအခါမှ ဒက်ဒီ သူ့ဘက် လှည့်၍ …

"ကဲ … ကန့်ကွက်မယ့် သူတော့ သွားလိုက်ပြီ၊ အေးအေးဆေးဆေး ပြောကြရအောင်၊ ဆေးခန်းနေရာ ရထားပြီးပြီလား"

"ဟုတ်ကဲ့ … ရှိနေပါပြီ ဒက်ဒီ၊ ဒါပေမဲ့ ဆေးခန်းအတွက် အဆောက်အအုံလေးကိုတော့ သားတို့ပဲ ဆောက်ရမှာ"

"ဟုတ်ပြီ … အဲဒီကိစ္စ ဒက်ဒီ စီစဉ်ပေးမယ် … ပျဉ်ခင်း မျဉ်ကာ သွပ်မိုးနဲ့ … ဆေးခန်းအတွက် အချိုးအစား … အဆောက်အအုံလေးပဲ ဖြစ်ဖို့လိုတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဒက်ဒီ၊ အဲဒီမှာက အဒေါ်နဲ့ တူမ မိန်းမသားနှစ်ယောက်ပဲ နေကြပါတယ်၊ မောင်မောင်နဲ့ သိကြတယ် ဒက်ဒီ၊ ဆေးခန်း ဖွင့်ချင်တဲ့ ကိစ္စကို မောင်မောင်နဲ့ပဲ ပြော



ကြည့်တာပါ၊ သူတို့က သဘောတူကြပါတယ်၊ ဒါပေမဲ့ ဆေးခန်းကိုတော့ ကိုယ့်ဘာသာပဲ ဆောက်ကြပါတဲ့"

"ဪ … မောင်မောင်နဲ့ ရင်းနှီးကြသလား၊ ဒါဖြင့်လဲ ပြီးရောလေ၊ ဒက်ဒီ မိတ်ဆွေ လက်သမားဆရာ တစ်ယောက်ကို မနက်ဖြန် သားတို့နဲ့ ထည့်ပေးဖို့ စီစဉ်လိုက်မယ်၊ ဒက်ဒီ ကိုယ်တိုင် မလိုက်တော့ဘူး ဟုတ်လား"

ဆေးခန်း ထိုင်ရတာရော၊ ဆေးရုံ သွားရတာကြောင့်ရော ဒက်ဒီမှာ အချိန်ပို သိပ်မရှိတာကို သူ သိပါသည်။

"လိုအပ်တဲ့ငွေ ဘဏ်မှာ သား နာမည်နဲ့ ဖွင့်ထားတဲ့ ငွေစာရင်းထဲက ထုတ်သုံး၊ အဲဒါ သားအတွက် ထားတဲ့ ငွေပဲ၊ နောက်ထပ် ဒက်ဒီ ငွေထပ်ဖြည့်ပေးမယ် ဟုတ်လား၊ လိုအပ်တဲ့ ဆေးဝါးကအစ ပြည့်စုံအောင်ဝယ်၊ စေတနာနဲ့ကုသ၊ ဆင်းရဲတဲ့ သူတွေကို ဂရုတစိုက် ကုပေး၊ မတူမတန်ပုံမျိုး မဆက်ဆံနဲ့၊ ဆရာဝန်ဆိုတာ လူနာအပေါ် အလွှာအလိုက် ဆက်ဆံရိုးထုံးစံ မရှိဘူး၊ ဆင်းရဲချမ်းသာမရွေး လူနာကို တစ်ပြေးတည်း ဆက်ဆံ ကြားလား"

"ဟုတ်ကဲ့ပါ ဒက်ဒီ"

သူ ဝမ်းသာနေမိသည်ပါပဲ …။ ဒက်ဒီက သူ့ကိုအရမ်း ချစ်စေချင်သည်ပါပဲ …။

ဆေးခန်းဆောက်ဖို့ ကိစ္စကအစ လက်လွှဲထားလိုက်ပြီ။ ကိုယ့်အရည်အသွေးနှင့်ကိုယ် စီစဉ်။ ကလေးတစ်ယောက်လို အစစ ကိုင်ပြီး လုပ်ပေးမနေတော့သည့်သဘော။

"သားယောကျ်ားလေးတစ်ယောက်ကို ဘွဲ့ရတဲ့အထိ ဒက်ဒီ တာဝန်ကျေခဲ့ပြီ၊ ဒီတစ်ခါကြည့်ရအောင်၊ မိဘအကူအညီ

www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ ဆေးခန်း ထိုင်နိုင်တဲ့ အဆင့်ကို ကြိုးစားပေါ့ ဟုတ်လား"

ငွေကြေးကိစ္စ အားလုံး တာဝန်ယူထားတာကိုကျတော့ ဒက်ဒီ တမင် ရှောင်ကွင်းချန်ရစ်ခဲ့မှန်း သူ သိသည်။

တစ်နေ့နေ့မှာတော့ ဒက်ဒီ သူ့ဆေးခန်းလေးကို အကဲခတ်ဖို့ လာကြည့်မည် ဆိုတာကို သူ ကြိုတင်သိနှင့်၏။

ဘယ်နေ့ဖြစ်မည် ဆိုတာကိုတော့ သူ မသိခြင်းပါ။

ဒက်ဒီ့ကို သူ လက်အုပ်လေးချီ၍ ...

"ဒက်ဒီ ကျေးဇူးတွေ ဆပ်မကုန်နိုင်အောင်ပါပဲ ဒက်ဒီ"

ဟု ပြောမိနိုက် ဒက်ဒီ ပြုံးသည်။

"မိဘပဲ သားရယ်"

ဟု ဒက်ဒီ ပြုံး၍ ဆက်ပြော၏။

ဘာပဲဖြစ်ဖြစ်။ ဆေးခန်းလေးတစ်ခုတော့ ဖြစ်တည်လာရချေတော့မည်။

မန်ကျည်းရိပ် အုပ်ဆိုင်းဆိုင်းလေးရှိရာ နေရာမှာ သူ၏ ဆေးခန်းလေး ဖြစ်တည်လာရချေတော့မည် တကား။



၇

"မွေးပွင့်ငယ်က နေကောင်းလာပြီ၊ ဘယ်လောက်ကြာကြာ အဲဒီကို မင်း ဆက်သွားခွင့်ရှိနိုင်တော့မလဲ၊ အဲဒါကို ငါ ကူညီချင်တာကြောင့် ဒေါ်ဒေါ်ရှေ့မှာ ခိုညည်းသလို ညည်းပြလိုက်တယ်၊ မင်းက ဆရာဝန်ပေါက်စ၊ တောင်ဥက္ကလာပမှာ ဆေးခန်းလေး ဖွင့်ချင်နေတာ ကြာပြီ၊ အဲ ... ဆေးခန်းရှာနေတာလဲ ကြာပြီ၊ အသပြာထက် စေတနာ ဆရာဝန်ဖြစ်တဲ့ မင်းအတွက် ဆေးခန်းလေးတစ်ခု ရှိသင့်နေပြီပေါ့၊ အဲသလို ငါ ညည်းပြလိုက်တော့ ..."

ဦးဒီးဟောက်စ်သည် ထုံးစံအတိုင်း အပူန်ရှိန်ကင်းစင် [illegible] ဆေးမြမြ ရှိနေသည်ပါပဲ။ စားပွဲခုံအောက်ဘက်မှာ အလှစိုက်ထား [illegible] ဂမုန်းပန်းအိုးတွေကလည်း စိမ်းမြမြ ရွက်တံတို့ဖြင့် စိုစိုပြည် [illegible] ရှိလှသည်။

လစ်ပ်တန်တီးကို မောင်မောင် အရသာခံ၍ သောက် [illegible]၏။

[illegible] မှာထားသော ဟန်ဘာဂါကိုတော့ မောင်မောင် မစား [illegible]

www.burmeseclassic.com



"အဲသလို မင်းမပါဘဲ တကူးတက ငါချည်းသက်သက် သွားပြီး ညည်းပြတာကလဲ မင်းရှေ့မှာ ညည်းပြတယ်ဆိုတော့ ဘယ်ကောင်းမလဲ၊ ဘာလဲဆိုတော့ ... အဲ ... မင်းအတွက် နည်းနည်းများ မျက်နှာပြောင်ရာ ကျသွားမလားလို့၊ ဟိုဒင်းကွာ၊ အခန်းလိုချင်နေတဲ့ သူကိုယ်တိုင်က ငုတ်တုတ်ကြီး ထိုင်နေရတယ်ဆိုတာမျိုးကို နည်းနည်းကြောင်တက်တက် ဖြစ်ရတဲ့ သဘောမှာရှိတယ်"

လစ်ပ်တန်တီးကို နည်းနည်းချင်း အရသာခံ၍ သောက်နေသည့် မောင်မောင့်ကို သူ ကျေးဇူးတင်နေမိတာတော့ အမှန်ပါ။ ဒါကြောင့်လည်း ဆေးခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဝူးဒီးယောက်စ်မှာ လာ၍ ကျွေးမွေးဧည့်ခံနေရခြင်းပါ။

"အဲဒီမှာ ဒေါ်ဒေါ်က ပြောတာပဲ၊ ငါကလဲ အဲဒါကို လိုချင်နေတာပဲလေ၊ ဒေါ်ဒေါ်က ပြောတယ်၊ သူတို့ ခြံဝင်းမှာ မြေနေရာလေး ရှိနေတာပဲ တဲ့၊ ဆေးခန်းတစ်ခန်းစာလောက်တော့ ရှိတယ်တဲ့၊ မန်ကျည်းရိပ်လေး ဘေးမှာ ဆောက်ပေါ့တဲ့၊ ဆေးခန်းကိုတော့ သူတို့အနေနဲ့ မဆောက်နိုင်ဘူးပေါ့တဲ့၊ ကိုယ့်ဘာသာပဲ အကုန်အကျခံဆောက်လိုက်ပါတဲ့၊ မောင်ရန်ပိုင်ကလဲ ဘာမှ မပြောဘဲကိုးတဲ့၊ ဆေးခန်းရှာနေတာကို ပြောမှပေါ့တဲ့ ... အဟ"

ပြောပြီး မောင်မောင် ရယ်သည်။ သူလည်း မနေနိုင်ပြုံးမိရပါ၏။ မောင်မောင် တကာယ့်ကို ကျေးဇူးရှိခြင်းပါ။ သူကိုယ်တိုင်ကလည်း မွေးပွင့်ငယ်ထံ နောက်ပိုင်း အဝင်အထွက် လုပ်ဖို့ဆိုတာက မလွယ်။ ဆရာဝန်ဆိုသည်က လူနာနေကောင်းပါလျက် ဆေးကုဖို့ ထပ်သွား၍ ဖြစ်မည်တဲ့လား။ အလည်အပတ် ဆိုတာမျိုးကျတော့လည်း



ကြာမကြာ သွားဖို့သင့်သည့်ကိစ္စ မဟုတ်။ သူ စိတ်ညစ်နေတာကို ဖွင့်မပြောပါဘဲနှင့် မောင်မောင် ရိပ်မိသည်ထင့်။ ထိုအခက်အခဲကို သူ့နည်းသူ့ဟန်ဖြင့် ဝင်ကူပြေရှင်းပေးလိုက်နိုင်ခဲ့ပြီ။ ဒါကြောင့်လည်း မောင်မောင် ကြွားမဆုံး။ ဝိတ်ကြွားပါ။

"ဟဲ ဟဲ ... ငါကလဲ ပြောလိုက်ပါတယ်၊ ဖိုးပိုင်က ဘယ်ဖွင့်ပြောပါ့မလဲ လို့၊ ဒီကောင်က သိပ်အားနာတတ်တာ၊ မွေးပွင့်ငယ်ကို ဆေးလာကုပေးတာကို တစ်မျိုးထင်မှာလဲ စိုးရိမ်မှာပေါ့ ဒေါ်ဒေါ်ရယ်လို့၊ ဒီလို ဆေးကုပေးတာဟာ ဆေးခန်းနေရာကို ရချင်လို့၊ အကျိုးလိုလို့ ညောင်ရေလောင်းတယ်လို့ အထင်ခံရမှာ စိုးနေမှာပေါ့လို့၊ အဲဒီမှာ မင်း အမှတ်တွေ စွတ်တက်ကုန်တာပဲ"

သူ ငြိမ်သက်နားထောင်နေတော့ မောင်မောင် ပြုံး၍ ကြည့်သည်။

"ငါ့တစ်သက်မှာ ဒီလောက် ငါ့စကားကို စိတ်ပါလက်ပါ နားထောင်နေတာ ငါ မကြုံဖူးဘူး၊ ဘယ်လို အမှတ်တွေ စွတ်တက်ကုန်လဲ ဆိုတော့ ဒေါ်ဒေါ်က ပြောတယ်၊ အဲသလို ညောင်ရေလောင်းတယ်လို့ မထင်ပါဘူးတဲ့၊ စေတနာကို နားလည်ပါတယ်တဲ့၊ ကဲ ... ဘယ်လောက်အဆင်ချောခဲ့လဲ"

ပြောပြီး ဟမ်ဘာဂါကို ယူစားသည်။

"ဒါတွေကို ဒီလောက် အခေါက်ခေါက် အခါခါ ပြန်ပြန်ပြောနေတာ အကြောင်းတရားရှိတယ်၊ အကြောင်းတရားရှိတာရှိမှ အကျိုးတရားဆိုတာ ဖြစ်တည်တဲ့သဘောကို ငါ နားလည်လို့ပဲ၊ ဒီလို ပြောပြတဲ့ အကြောင်းတရားကြောင့် မြကန်သာမှာ ဝမ်းတောဘယ်လ် အကောင်းစားတွေ အဝအပြဲ

www.burmeseclassic.com

www.burmeseclassic.com



စားရတဲ့ အကျိုးတရားကို ရနိုင်မယ်လို့ ငါ ထင်တယ်၊ ဒီဟမ်ဘာဂါနဲ့ လစ်ပ်တန်တီးနဲ့တော့ ဘယ်ကျေနပ်နိုင်မလဲ ဟုတ်ဘူးလား"

သူ ရယ်လိုက်မိပါ၏။ ဆေးခန်းဖွင့်ခွင့်ရသည့်အတွက် သူ အရမ်းကို ကြည်နူးဝမ်းသာနေတာအမှန်။ ဒါပေမဲ့ သူ့ထက်ပို၍ မောင်မောင်က ဝမ်းသာနေပုံ ရနေသည်။ ဘာကြောင့်ဆို ... မောင်မောင် ကိုယ်တိုင်က ဤဆေးခန်းဖြစ်မြောက်နိုင်ရေးအတွက် ကြိုးပမ်းပေးရသူကိုး။

"အေးပါကွာ ... ဘယ်နေ့စားမလဲ ပြော"

"ဟုတ်ပြီ ... စားချင်တဲ့နေ့မှာ ပြောမယ်၊ တောက် ... ဒီဥစ္စာ ကလဲ စားရတာ ပါးစပ်တယ်ပေတာပဲ၊ အရွက်တွေရောအဖတ် တွေရော သခွားသီးတွေရော ကြက်သားရော ကြက်ဥရော"

မှာစားတုန်းကဖြင့် မှာစားပြီးတော့ အစားအသောက်ကို အပြစ်တင်နေသည့် မောင်မောင်။ ပါးစပ်ကို လက်ချောင်းဖြင့်သုတ် ပစ်ပြီး ညည်းသည်။

ပြုံးကြည့်နေသည့် သူ့ကို လှမ်းကြည့်ပြီး သကာလ ...

"ဒီကောင် တယ်ပြုံးနေပါလား၊ ဣန္ဒြေရရပြုံးတတ်တဲ့ အကျင့်ကို လေ့ကျင့်နေတာနဲ့ တူတယ်"

နောက်ထပ် ဟမ်ဘာဂါတစ်ခုကို မောင်မောင် လှမ်း ယူပြန်၏။

"နံပါတ်တစ် မင်း ပိုက်ဆံစုရမယ်၊ ဘာလို့လဲ ဆိုတော့ မတော်တဆ မပြောကောင်း ပြောကောင်း ဆိုပါတော့ကွာ မင်းနဲ့ မွှေးပွင့်ငယ်ကို မင်းရဲ့မိဘ၊ အဲ ... မင်းရဲ့ မေမေ သဘောမတူခဲ့ရင် ..."



"ဟာ ... မဦး၊ မချွတ်ကွာ"

သူ မျက်နှာ အပျက်ပျက်နှင့် လှမ်းတားလိုက်မိရပါ ပြီ။

မွှေးပွင့်ငယ်ကို သူ အရမ်း မြတ်နိုးနေမိရလေသမျှ ဒီတ်မကောင်းသည့် စကားမျိုးသော်မှ အပြောမခံနိုင်သည့် အဖြစ်။

"အေး ... အဲဒီ မဦးမချွတ်ကိစ္စကြီး ဖြစ်ခဲ့သော် မင်းမှာ နေရာ ဂျကာ ပျောက်သွားမယ်၊ အဲဒီအခါမှာ မင်းမှာ နေဖို့ အိမ် လိုလာမယ်၊ အဲဒီအတွက် ပိုက်ဆံဆိုတာ ရှိထားရမယ် ကွ၊ အဲဒါကို ပြောတာ"

သူ ငြိမ်သက်သွားရပါ၏။ ဘာပဲဖြစ်ဖြစ် မေမေက တော့ မွှေးပွင့်ငယ်နှင့် သဘောတူမှုဖို့ မနီးစပ်တာ သူ သိသည်ပါပဲ။ ထို့အပြင် မွှေးပွင့်ငယ်မှာ ငွေကြေးဥစ္စာ မရှိတာကို မေမေ ပိုပြီး စိတ်သက်ဖြစ်မှာ သူ သိသည်။

"နှစ်အချက် မင်း မွှေးပွင့်ငယ်အပေါ်မှာ သစ္စာရှိရမယ်၊ အဲ ... ရပ်တည်ရမယ်၊ အဲဒါက အကယ်၍များ မင်းနဲ့သူနဲ့ မေတ္တာမျှကြပြီးရင်ပေါ့ကွာ၊ မွှေးပွင့်ငယ်က တကယ် ဖြူဖြူ စင်စင်လေးကွ"

သူ ခေါင်းညိတ်သည်။ စိတ်ချပါ ဆိုသည့် စကားကို တည်ငြိမ်စွာပဲ ပြောသည်။

"အပျက်ကိစ္စဆိုတာက ဝင်လှည့်စာတတ်တယ်၊ မင်းမှာ ချစ်သူ မရှိသေးခင်တုန်းကတော့ အိမ်ထောင်ချဖို့ စိတ်ကူးပဲ ရှိနေမယ်၊ ဒီဘတွေကတော့ သားမှာ ချစ်သူရှိပြီလဲဆိုရော၊ အသည်း အသန် မိန်းမ ပေးစားချင်ကြတော့တာပဲ၊ အဲဒါ မလွှဲမသွေ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ရောဂါတစ်မျိုး၊ မင်းရဲ့ ချစ်သူနဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်လစ်း တယ်မမြင်ဘူး၊ တခြားတစ်ယောက်နဲ့ပဲ ဖြစ်မှာ သေချာတယ်၊ အဲဒီရောဂါတက်ရင် မင်း မွှေးပွင့်ယော်ဘက်က ရုပ်တည်ရမယ်"

"ငါ့ အချစ်ဟာ ဘယ်တော့မှ မပြောင်းလဲနိုင်ဘူး မောင်မောင်၊ မွှေးပွင့်ယော်ကိုပဲ ငါ လက်ထပ်မယ်"

မောင်မောင် ငေးနပ်သွား၏။

ရှေ့မှ လက်ဖက်ရည်ခွက်ကို ယူသောက်သည်။ ရင်ထဲမှာ မွှေးပွင့်ယော်ကိုပဲ တမ်းတနေမိတာ အမှန်။

အနာဂတ်သည် မသေချာသေး။ မွှေးပွင့်ယော် သူ့မေတ္တာကို လက်ခံပါမည်လား ဆိုဟာကို သူ မသိနိုင်သေး။ ဒါပေမဲ့ မွှေးပွင့်ယော်ထံမှ တုံ့ပြန်မေတ္တာ မရသေးမီကပင်လျှင် သူ၏ သစ္စာတရားက မြဲတည်လျက်ရှိနှင့်ပြီးသား။

"မင်း ဆေးစန်း နာမည်ကို ဘယ်လို ရွေးထားလဲ၊ ရွှေဘုံသာက ပလပ်စတစ်ဆိုင်းဘုတ် ဝင်ယူရမယ်ဆို"

ဝူးဒီးယောက်စ်မှ အပြန်တွင် ဆိုင်းဘုတ်လေးကို သူ ဝင်ယူဖို့ တာဝန်လည်း ရှိနေသည်။

"ပန်းလေညှင်းလို့ ပေးထားတယ် မောင်မောင်"

ဟုတ်သည်။ ပန်းလေညှင်း။ မွှေးပွင့်ယော်ရှိရာ အရပ်တွင် ပွင့်လှစ်ရပါသော သူ၏ ဆေးဆိုင်လေးကို အမြတ်တနိုး ပေးမိသည့် အမည်က ပန်းလေညှင်း။

၇ တကယ်တော့ မွှေးပွင့်ယော်သည် သူ၏ နှလုံးသားမှာ အထွတ်အမြတ်ဖြင့် ပွင့်နေပါသော အနှစ်၏ ရွှေစင်ဦးပန်းလေး တစ်ပွင့်။

ကြော် ... နှလုံးသား၏ ရွှေစင်ဦး ပန်းလေးတစ်ပွင့်



ထိုပန်းလေး တည်ရှိရာအရပ်တွင် သူ၏ ပန်းလေညှင်းသည် မွှေးပျံ့စွာ ရှိရချေပြီတကား။

မောင်မောင့် မျက်ဝန်းတွေက သူ့ကို အတန်ကြာ စိုက်ကြည့်နေ၏။ နောက်တော့ ပြုံးလာသည်။

"ကောင်းလိုက်တဲ့ နာမည်ကွာ၊ အင်း ... ဘာတဲ့ ပန်းလေညှင်း၊ ကောင်းတယ်၊ သက်စ်ရိုက် ဘဲရီးဂွတ်ဒ်"

မောင်မောင် ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူ့ကိုလည်း ထုံးစံအတိုင်း ပြုံး၍ ကြည့်သည်။

"မင်း ကဗျာတောင်ဆန်လာပြီပဲ၊ စာရေးဆရာမရဲ့ အိမ်ဦးနတ် ဖြစ်ဖို့ နိမိတ်ကောင်းပဲကွ"

ဟု ပြောလာတော့ သူ့ ရင်ထဲ ကြည်နူးအေးဆင်းသွားရသည်ပါပဲ။

နစ်ယောက်သား ဝူးဒီးယောက်စ်မှ ထွက်ခဲ့ကြတော့ နေရှိန်လေးပင် အတော်မြင့်ချင်နေပြီ။

တောတော က တားထားသော ဟမ်ဘာဂါကြောင့် မောင်မောင် သွားကြားထိုးတံနှင့် အလုပ်များနေ၏။

"ကားထဲက မင်း ခေါင့်၊ ငါ ဆေးပေါ့လိပ်သွားဝယ်ရဦးမယ်၊ အရေးထဲ ဆေးပေါ့လိပ်က ကုန်နေပြီ"

ရှပ်အင်္ကျီအိတ်ကပ်ထဲ နှိုက်ပြီး ခပ်ညည်းညည်း ပြောကာ မောင်မောင် ကွမ်းယာဆိုင်ရှိရာဘက်သို့ ဖြတ်ကူးသွား၏။

သူ ကားတွင် ဝင်ထိုင်ကာ စောင့်နေလိုက်ရပါ၏။ ဆေးပေါ့လိပ်ကို အမယ်စုံအောင် မောင်မောင် သောက်တတ်သည့် အိပ်ကြော်ကြော်ထဲမှာ ပါသမျှ ဆေးပေါ့လိပ်တွေကိုလည်း ကျက်ကျက်သောက်တတ်သည်။ ရွှေမိ။ ကျိုးသိန်း။ သုမိတ။ မဂ္ဂဇင်း ကြော်ကြော်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံဆေးပေါ့လိပ် ဆိုလျှင်လည်း လိုက်၍ မြင်းခြံ ဆေးပေါ့လိပ် ဖြစ်သွားပြန်၏။

ခဏပဲ ကြာသည်။ မောင်မောင် ပြန်ရောက်လာ၏။ ကားတွင်းသို့ ဝင်သည်။

"ကိုင်း ... မောင်းတော့၊ ရပြီ"

သူ ကားမောင်းထွက်လာနိုက်မှာ မောင်မောင်က ဆေးပေါ့လိပ်နှင့် စိမ်ကျနေပြီ။

"လောလောဆယ်တော့ ဂျိုးသိန်း ဆေးပေါ့လိပ်ကို သောက်သုံးခြင်းဖြင့် ဂုဏ်ယူနေလိုက်ပြီ ဗိုးဗိုင်"

တီဗီကြော်ငြာထဲက စကားကို ပြောပြီး မောင်မောင် စိမ်ကျနေ၏။

သူ ပန်းလေညင်းကို သွားယူရမည့် ဆိုင်းဘုတ်ရေးသည့် နေရာလေးကို ဦးတည်မောင်းနဲ့ပါ၏။

မောင်မောင်ကတော့ စကားသံ တိတ်ကျနေသည်။ ဆေးပေါ့လိပ်ကိုပဲ အရသာခံ၍ ဖွာရှိုက်ပါလာ၏။

ရွှေဘုံသာလမ်းသို့ ဦးတည်မောင်းနေမိဆဲမှာ ရင်ထဲတွင် ပန်းလေညင်းသည် မွေးပျံ့စွာ ပါလာ၏။ ကြည်နူးဖွယ် ပါလာ၏။

ဩော် ... ချစ်သော မွေးပွင့်ငယ် နေထိုင်ရာ အရပ်လေးမှာ သူ၏ ပန်းလေညင်းသည် မွေးပျံ့စွာ ရှိရချေတော့မည်တည်း။

ချစ်ရသူ ရှိပါလေသော အရပ်။

ချစ်ရသူလေး၏ မျက်နှာ ငွေလရွှန်းပပကို တွေ့မြင်ခွင့် ရှိပါသောအရပ်။



ချစ်ရသူ၏ ဆည်းလည်းသံ စကားလေးများကို ကြားနိုင်ပါသောအရပ်။

ချစ်ရသူလေး၏ ကိုယ်သင်းနံ့လေးကို ချစ်ရသူ သိအောင် တိတ်တခိုး ရှူရှိုက်ခွင့် ရရှိရပါလေသော အရပ်။

နောက်ဆုံး ချစ်ရသူလေးသည် သူ၏ အပါးတွင် ရှိနေလျှင်သော်မှ။ အနီးမှာ ရှိနေသည့် ချစ်သူ့အိမ်လေးတွင်းမှာ ချစ်ရသူလေး ရှိနေချေသည်တကားဟူ၍ သိနေရပါသော အရပ်။

ဩော် ... ထိုအရပ်မှာ သူ ရှိခွင့်ကြုံရသည့် အဖြစ်အတွက် အတိုင်းအဆမဲ့ ရင်တွင် ကြည်နူးနေမိရသည်ပါပဲ။

တိတ်တခိုး မြတ်နိုးရပါသော အချစ်သည် တူနှစ်ကိုယ် ချစ်ရသော အချစ်နှင့် ခံစားမှု ဘာမျှ မကွာခြားနိုင်။

မွေးပွင့်ငယ်ကို သူ ဖွင့်မပြောမိခင်မှာ ရင်ထဲ ဖြစ်တည် နေပါသော ချစ်မြတ်နိုးရမှု အတိုင်းအဆသည် တစ်နေ့ ချစ်သူ [illegible]ရောက်လျှင်လည်း ပြောင်းလဲသွားနိုင်ချေသည်မှ မဟုတ်ချေဘဲ [illegible]

တစ်ယောက်တည်း ချစ်ရပါသော တိတ်တခိုး အချစ် သည် လေးနက်မှု အရာတွင်တော့ နှစ်ကိုယ်တူ ချစ်ရပါသော ချစ်သူဘဝ၏ အချစ်ထက်တော့ မလျော့ပါးနိုင်ပါ။

ဩော် ... လျော့မသွားနိုင်ပါ မောင့် မမွေးပွင့်ငယ် [illegible]

ဤကား တိတ်တခိုးချစ်ရသူ၏ သစ္စာစကား ဖြစ်ပါ [illegible] မမွေးပွင့်။

www.burmeseclassic.com

www.burmeseclassic.com



ကားကို ခေတ္တ ရပ်လိုက်မိသည်က ပလက်ဖောင်းခြေ
လမ်းဘေး အဟောင်းရောင်း စာအုပ်ဆိုင်တန်း နေရာအနီးတွ
ပါ။

လမ်းသုံးဆယ်၊ သုံးဆယ့်တစ်လမ်း၊ သုံးဆယ့်နှစ်လမ်း
ဆိုသည်မှာ စာအုပ်ဟောင်းများ ရောင်းသော စာအုပ်တန်းလေး
ဖြစ်နေသည်လေ။ ပန်းလေညင်းသို့ ထွက်လာရင်း စိတ်ကူးတရ
ကားကို ရပ်လိုက်မိသည်က စာအုပ်ဟောင်းများကို ကြည့်
ပါ။

ဟုတ်သည်။ စာအုပ်ဟောင်းများ ...။

မွေးပွင့်ငယ်အတွက် လိုအပ် အသုံးဝင်နိုင်မည့် အမြ
စာအုပ်စာတမ်းများစွာကို သူ ရှာဖွေတွေ့နိုင်သည်လေ။ ပန်းလေညှ
မှာ ဆေးခန်း ပထမဆုံး သူ ထိုင်သည့်နေ့လေးကို ဘဝသက်
အမှတ်တရအဖြစ် သူ ရှိချင်သည်။

သူနှင့် မွေးပွင့်ငယ်တို့အတွက် အမှတ်တရ

စာပေကို မြတ်နိုးသူလေးအား စာအုပ်လက်
သူ ပေးချင်သည်။ မွေးပွင့်ငယ် ကိုယ်တိုင်လည်း ထိုစာအုပ်



ဝမ်းပန်းတသာ လက်ခံယူမည်ဟု သူ မျှော်လင့်ထားသည်။ စာပေ
ကို မြတ်နိုးသူ၏ နှလုံးသားသည် စာအုပ်ကောင်းကို ငြင်းပယ်နိုင်
စွမ်း ရှိချေသည် မဟုတ်ချေဘဲလေ။ စာအုပ်တန်းကတော့ ထုံးစံ
အတိုင်း လူစည်နေသည်ပါပဲ။

သူ ဂရုတစိုက် စာအုပ်တွေကို ကြည့်သွားသည်။

အနည်းငယ် မြင့်ထားကာ၊ ပျဉ်ပြားခင်း၊ ပလတ်စတစ်
ခင်းထားသော စာအုပ်ခုံထက်မှာ စာအုပ်တွေကတော့ အစီအရီပါ။
စာအုပ် ရောင်းသူ၏ နောက်ကျောဘက်မှာလည်း စာအုပ်တွေကို
အစီအရီ သစ်သားတန်း အဆင့်ဆင့် ရိုက်ထားသော စာအုပ်စင်လေး
တွေမှာ တွေ့နေရသည်ပါပဲ။

စာအုပ်တွေကို ကြည့်နေရင်းဖြင့် ဝို၍ တိတိပပ
နားလည်လာရသည်က မွေးပွင့်ငယ်ကို သူ အရမ်းတန်ဖိုးထားလျက်
သေးလေးနက်နက် ချစ်နေမိခြင်းပါလားဆိုသည့် အသိပါ။ ကြာလေ
ပိုသိလာလေ။ ယခုလည်းကြည့်။ ဩော် ... မွေးပွင့်ငယ်အတွက်
စာအုပ်တွေကို ရှာဖွေနေမိပြီ။

သူ ပထမဆုံး စတင် ရွေးချယ် ဝယ်ယူလိုက်မိသည်
က "နတ်သျှင်နောင်၏ ရတုပေါင်းချုပ်"။

တစ်အုပ်ကို ငါးဆယ်ဟု ရောင်းသူက ဆိုသည်။ သူ
ဈေးမဆစ်။ စာအုပ်ကို ဟန်မဆောင်စတမ်း ကောက်ကိုင်လိုက်မိ
သည်၊ လက်က မချရဲ။ ချလိုက်မိလျှင် တစ်ယောက်ယောက်က
ကောက်ယူ ဝယ်သွားလိုက်မှာ စိုးနေမိသည်။

ရတုဘုရင် နတ်သျှင်နောင်ဟူ၍ အဆိုရှိကြပါလေသော
သူ့အဆိုကြီး၏ ရတုများ ပုံနှိပ်စုစည်းထားရာ စာအုပ်သည်
သူ့လက်တွင်းပယ် ရှိနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်လေးကို မွေးပွင့်ငယ်ကို သူ ပေးချိန်မှာ ချစ်ရသူလေး၏ အသွင်သည် အဘယ်မျှ ဝမ်းမြောက်ဝမ်းသာ ရှိနေချေမည်လဲ။

သူ စိတ်ကူးဖြင့် မှန်းဆတွေးနေမိရင်းဖြင့်ပင် ရင်ဝယ် ကြည်နူးနေမိရပြီ။ မဟုတ်သေး ... ကြည်နူးသည် ဆိုရုံမျှဖြင့် မလုံလောက်သေး။

ကြည်နူးပီတိ ... ဟုတ်သည်။ ကြည်နူးပီတိ ဖြစ်နေနှင့်ရပြီ။

၈ ဖျတ်ခနဲ မြင်ယောင်လာမိသည်က စမ်းယမုန်တွင် သူ တွေ့မြင်ခဲ့ရသော တုန်ယင်နေသည့် လက်ချောင်းလေးများ။

စာမှုကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရစဉ်ခိုက် မောင်မောင်၏ အယ်ဒီတာ စားပွဲထက်မှာတင်လျက် ရှိနေသော လက်ချောင်းသွယ်လေးများ၏ ဆတ်ဆတ်တုန်နေသည့် အဖြစ်များ။

ယခုရော သူ၏ မွေးပွင့်ငယ်သည် ဤရတုပေါင်းချုပ် စာအုပ်ကို လက်ခံရယူစဉ်ခိုက်မှာ ထိုသို့ပင် ဝမ်းသာစွာ လက်ချောင်းလေးများသည် တုန်ယင်နေကြချေမည်လား။

စာအုပ်ရောင်းသူကို ငွေပေးချေပြီး စာအုပ်လေး၏ ပိုက်၍ စာအုပ်တန်းမှာ ဆက်၍ စာအုပ်ရှာနေမိသည်။

သူ အားလုံး စာအုပ်သုံးအုပ် ဝယ်ဖြစ်၏။

ဟံသာဝတီတိုက်ထုတ် နတ်သျှင်နောင်၏ ရတုပေါင်းချုပ်။

ပိဋကတ်သာရ စာအုပ်နှင့် ရောဝဏ် ဆင်တဲဆိုင်း သက်န်းပရိက္ခရာဆိုင်ကြီး၊ မူပိုင် ဝံသာနု ဦးပျိုင်၏ ဘာသာပြန် ဝိစိတြ ကဗျာ့ရာသီ ကျမ်းစာအုပ်။



ရန်ကုန်တက္ကသိုလ် စာပုံနှိပ်တိုက်ထုတ် ဦးပုည၏ ဝတ္ထုလေးပုဒ်စာအုပ်။

စာအုပ်တွေကို ရှားပါးတန်ဖိုးရှိသော စာအုပ်တွေဟု သူ နားလည်သည်။

ထိုအုပ်တွေကို ဝယ်နိုင်ခဲ့သည်ကိုလည်း သူ ဝမ်းသာသည်။

သူ စာအုပ်သုံးအုပ် ပိုက်၍ ကားပေါ်သို့ ပြန်တက်ခဲ့သော စာအုပ်ကို သေချာထားပြီးမှ ကားကို စက်နှိုးမောင်းထွက်ခဲ့သည်။

ပန်းလေညင်းသို့ သူ ရောက်တော့ ကားပေါ်မှ သူ ဆင်းသည်။

ပန်းလေညင်း ဆိုင်းဘုတ်လေးကို ယှသည်။ ဆေးခန်း သပြေခက်လေးနှင့် ချိတ်ထားလိုက်သည်။

နောက်တော့ ဆေးခန်းပြတင်းပေါက်တွေ ဖွင့်။ ပြတင်း ဆီးလေးတွေကို တစ်ဖက်ဆီသို့ အနည်းငယ်စီဖွင့်။

ဆေးဗီရိုကို နောက်ကျောမှာ ထားလျက် ရှေ့ဘက်မှာ ရှိသော စားပွဲနှင့် ကုလားထိုင် နေရာသို့ လျှောက်ခဲ့ကာ သူ ခဏတစ်ခိုက် ထိုင်ရမည့် စားပွဲနေရာကို ကြည်နူးစွာ ကြည့်မိသည်။ ခွဲခင်းအဖြူ၊ သွေးတိုင်းသည့် ပရက်ရှာဘောက်စ်၊ ဆေးကုသမှု အတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ၊ အားလုံးသည် အစီအရီ၊ ဖြူလေး တပ်ထားသော ကုလားထိုင်။

အားလုံးသည် သပ်ရပ် ဖြူစင်နေသည်။ သူ ကိုယ်တိုင် ကိုသည်း မှုလကတည်းက အဖြူရောင်ကို နှစ်သက်သည့်သူ။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူ မြတ်နိုးနေမိရပါသည့် မိန်းကလေးသည်ပင် လျှင် အရမ်းကို ရိုးသားဖြူစင်အေးချမ်းသော မိန်းကလေးဖြစ်နေသည့် အချက်တစ်ခုကြောင့် ဆိုတာ မိမိဘာသာ သိနေသည်ပဲလေ။

ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ကျဉ်းကျဉ်းလေးနှင့် သပ်သပ်ရပ်ရပ် ဆေးခန်းမှာ အားလုံးသည် အဖြူရောင်များဖြင့်သာ လွှမ်းမိုးထားသည်။

အခန်းနံရံများတွင် သုတ်ထားသည့် ဆေးသည်လည်း အဖြူရောင် မျက်နှာကြက်သည်လည်း အဖြူရောင်၊ ပြတင်းခန်းဆီး သည်လည်း အဖြူရောင်၊ အထွတ်အမြတ်ထား၍ ကိုးကွယ်အပ်ပါသော မြတ်စွာဘုရား၏ ဆင်းတုတော် ဘုရားစင်ထက်တွင်ပင် ဘုရားပန်း ပူဇော်ထားပါသည့် နှင်းဆီပွင့်များသည်ပင်လျှင် အဖြူရောင်။

ညနေခင်းလေးသည် မန်ကျည်းရိပ်နှင့်အတူ အေးမြနေ သည်။

ဆေးခန်းသစ်လည်းဖြစ်။ စောလည်း စောသေးသည်မို့ လူနာကတော့ မရောက်သေး။

မောင်မောင်ကတော့ စမ်းယမုန်မှ အပြန်တွင် ဝင်လာ ခဲ့မည်ဟုဆိုသည်။

အိမ်ဆိုင်လေးကို မသိမ်းသေးပေမယ့် ဒေါ်ထွေးဆွေကို မတွေ့ရ။

အိမ်လေးကို ခေတ္တ သွားနေသည်နှင့် တူ၏။

ပြတင်းမှာ လက်တံတောင်ကို တင်၍ အိမ်လေးဘက် သို့ သူ လှမ်းမျှော်ကြည့်မိသည်။

ဒေါ်ထွေးဆွေ အိမ်ပေါ်မှ ဆင်းလာတာကို သူ လှမ်း လင့် မြင်၏။



နောက် ...။ ဩော် ... နောက် သူ၏ မြတ်နိုးပွင့်လေး ကို မြင်ရပါချေ၏။

ဝရန်တာနေရာလေးတွင် စားပွဲဝိုင်းပုလေးကို ချ၍ စာရေးနေသည့် အသွင်လေးဖြင့်ပါ။

မြတ်နိုးမပြေစွာဘဲ သူ ငေးကြည့်နေမိရပါပြီ။

"ဟော ... ဆရာတောင် ရောက်လာမှကိုး၊ စောသေးတော့ လူနာလာနိုင်ဦးမယ် မထင်ဘူး၊ လက်လုပ်လက်စားများတော့ ရှာကြ ဖွေကြ ညနေပိုင်းကျတော့လဲ ညစာ ချက်ပြုတ် စားသောက်ပြီးကြမှ လူနာကို ဆေးခန်းပို့ကြတာ၊ ခုနစ်နာရီ လောက်ဆို လူနာတွေ ဆေးခန်းကို လာလောက်ပါပြီ"

သူ့ဆေးခန်းဆီသို့ ဒေါ်ထွေးဆွေ လျှောက်လာပြီး ပြောရှာပါ၏။

သူ့အဖြစ်ကလည်း ဖိုးတူချင် ဆရာဝန်ပေါက်စလေး အသွင် ဖြစ်နေတာမို့ လွတ်ခနဲ ပြုံးမိသွားလျက် ...

"ကျွန်တော်ကလဲ စောစောပဲ ဆေးခန်းကို လာလိုက်မိတာ၊ ဆေးခန်း စဖွင့်ရတဲ့ နေ့မို့လား မသိဘူး ဒေါ်ဒေါ်၊ မနက် ကတည်းက ဆေးခန်းကိစ္စပဲ ခေါင်းထဲ ဝင်ဝင်နေတယ်"

အရိုးခံအတိုင်းပဲ သူ ပြောတော့ ဒေါ်ထွေးဆွေ ပြုံး ပါ၏။

"ဒေါ်ဒေါ်တို့ ဒီအနီးဝန်းကျင်ကတော့ ခုလို ဆေးခန်းလေး အနီးအပါးမှာ ရှိနေတာကို ဝမ်းသာနေကြတယ်၊ နေမကောင်း ထိုင်မသာ ဖြစ်တဲ့အခါ ဝေးဝေးလံလံ မသွားကြရတော့ဘူး ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ် ရောက်လာတာမို့ ဒေါ်တွေးဆွေ အိမ်ဆိုင်လေး ပေါ် တက်သွားပါ၏။

သူ ပြတင်းမှာ ရပ်လျက် မွှေးပွင့်ငယ် ရှိရာသို့ တစ်ချက် ငေးကြည့်လိုက်မိပါ၏။

မွှေးပွင့်ငယ်၏ အသွင်လေးက ရေးလက်စ စာမူတွင် အရမ်း စိတ်နှစ်ဝင်နေသည့်အသွင်။ နွဲ့နှောင်းသော ကိုယ်လေးက ပန်းပုသူဇာနယ် ပျောင်းနွဲ့စွာရှိလျက် ရှည်လျားသော ဆံနွယ်လေးများ အနည်းငယ် ရှေ့သို့ လျှောကျနေ၏။

သြော် … ဆံနွယ်လေးများကို သိမ်းဖယ်ရန် သတိ မထားမိနိုင်လောက်အောင် ရေးလက်စ စာမူလေးမှာပဲ မွှေးပွင့်ငယ် အာရုံနှစ်ဝင်နေချေသည့်အဖြစ်။

ပြတင်းပေါက် ပေါင်လေးထက်မှာ လက်ကို ဖေးတင် ထောက်ထားလျက် သူ၏ နှလုံးပုံရိပ်လေးကို ငေးကြည့်နေမိရ ပါ၏။

ဝယ်လာသော စာအုပ်လေးတွေကိုလည်း သူ သွားပေး လိုက်ချင်သည်။

ချစ်ရသူလေး စာရေးပျက်သွားမှာ အာရုံ ပျက်သွားမှာ ကိုလည်း သူ စိုးရိမ်သည်။

ဒါပေမဲ့ ဝယ်လာသည့် စာအုပ်ကိုလည်း မပေး မနေနိုင်ပြန်။ သူ့အဖြစ်က အောင်လက်မှတ်ရလာသည့် ကလေး လေးနှင့် တူနေသည်။ ဂေါ်သမျှ တတ်သမျှ ကြွားချင်၊ တပြ လုပ်ချင်နေသည့် ကလေး၏ အသွင်မျိုး။

ယခုလည်း သူ သေချာရှာဖွေ ဝယ်ခဲ့သည့် စာအုပ်လေး တွေကို မွှေးပွင့်ငယ်အား ပြချင်နေပြီ ..။ ပေးချင်နေပြီ ..။ နောက်



ဆုံးတော့ .. သူ .. စာအုပ်လေးတွေ ယူချီလျက် မွှေးပွင့်ငယ် ရှိရာသို့ လျှောက်ခဲ့မိရတော့သည်ပါပဲလေ။

လှေကားထစ်များကို ခြေသံမကြားအောင် သူ နင်းခဲ့ သည်။

အပြာစင်းများပါသော ရှပ်အင်္ကျီလက်ရှည် ဖွာဖွာလေး နှင့် အပြာရင့်ရောင် ပြောင်ထဘီလေးကို ဝတ်ဆင်ထားလျက် စာကို ငုံ့ရေးဆဲ မွှေးပွင့်ငယ်၏ အသွင်လေးကို သူ လွတ်ခနဲ ငေးစိုက်ကြည့် မိလိုက်ရပြီ။

ရှည်လျား ကော့ညွတ်သော မျက်တောင်သည် ထင်းနေ သော မျက်ခုံးစိမ်းစိမ်းအောက်ဝယ် မျက်လွှာချလျက် အနေအထားဖြင့် ရှိ၏။

အခြယ်အသ ကင်းစင်သော အသားမှာ ဝင်းလဲ့လဲ့ ပြေလျက် စိမ်းနုရောင်ရိပ်ရိပ်သမ်းနေသည်။

ဖြူနုလွန်း၍ ဝါပြေရိပ်သမ်းသည်။

သြော် … ဝါပြေပြေနုလွန်းသည်မို့ စိမ်းနုရောင် ရိပ်ရိပ်သမ်းရသည့် ရှားပါးလွန်းလှစွာ လှပချောညက်ပါသည့် အသား အရေမျိုး။

ဆံနွယ်ပျောင်းနွဲ့သည် မျက်နှာလေးကို မကွယ့်တကွယ် ရှေ့ကို ငိုက်ကျလျက် ပျောင်းနွဲ့သော ကိုယ်လေးကို ဖြတ်သန်းကာ စားပွဲဝိုင်းလေးထက်မှာ ဝေ့ဝိုက် တင်ရှိလျက် ရှိလင့်၏။

မွှေးပွင့်ငယ်၏ လက်မောင်းလေးတစ်ဖက်က ကွေး ညွတ်၍ တံတောင်ဖြင့် စားပွဲမှာ ဖေးထောက်ကာ ရေးလက်စ စာမူ၏ အစွန်းထက်မှာ လက်ချောင်းသွယ်လေးများဖြင့် ဖေးတင် ထောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာလက်က နို့နှစ်ရောင် ဘောလ်ပင်လေးဖြင့် စာတွေရေးနေဆဲ။

မြင်ကွင်းသည် အရမ်းကို ချစ်စဖွယ်ကောင်းနေသည်။ လှနေသည်။ မြတ်နိုးမွေ့ပျော်ရာ စာပေကို ရေးသားနေပါသည့် ဝါသနာရှင် မိန်းကလေးတစ်ယောက်၏ ပုံရိပ်လေး။

လောလောဆယ်မှာ ရေးလက်စစာမူနှင့် မွှေးပွင့်ငယ်တို့သည် တစ်သားတည်းလို ဖြစ်နေသည်။

ဘာဆိုဘာမျှ ဝန်းကျင်တွင် ရှိမနေသည့်အသွင်။

မွှေးပွင့်ငယ်၏ အသွင်လေးသည် အရမ်းကို ငြိမ်သက်နေသည်ပါပဲ။

လှုပ်ရှားမှုဆို၍ စာရေးနေသော လက်၏ အရွေ့နေရာလေးမှာ တစ်ချက်တစ်ချက် ဖျတ်ခနဲ ခပ်လိုက်သော မျက်တောင်လေးတွေပဲ ရှိနေသည်။

အနှောင့်အယှက် ဘယ်လိုမှ မပေးရက်တော့တာ[illegible] နေရာလေးမှာ စုံရပ်၍ စာအုပ်လေးတွေကို လက်ဖြင့် ပိုက်[illegible] ဝရန်တာလက်ရမ်းလေးကို မှီရင်း သူ ရပ်နေမိလိုက်သည်ပါပဲ။

"ချစ်လိုက်ရတာ မမွှေးပွင့်ရယ်"

ရင်ထဲမှာ ညည်းမိလျက် မွှေးပွင့်ငယ်ကို အမြတ်တ[illegible] ငေးကြည့်လိုက်မိရပါပြီတည်း။

မွှေးပွင့်ငယ်၏ လည်တိုင်လေးတွေ အနည်းငယ်မော့သွားလျက် ဘယ်ညာကို ဆတ်ခနဲ ဆတ်ခနဲ ခါ၍ အညောင်းဖြေလိုက်တာ။

နောက်ကို ဇက်ကို လှန်လိုက်ပြီး ချိုးချိုးချွတ်ချွ[illegible] ဇက်ချိုးလိုက်ပြီးမှ မျက်နှာလေး မတ်သွားတာ။



နောက် သူ့ကို မြင်သွားလျက် အံ့ဩရိပ်လေး သမ်းသွားတာ။

စာရေးနေတာ လာကြည့်နေသလိုမို့ ရှက်ရိပ်ပြေပြေ သမ်းသွားတာ။

အားလုံးကို သူ ငေးကြည့်နေမိသည်ပါပဲ။

ရင်ထဲမှာလည်း ဤမိန်းကလေးကို ချစ်မြတ်နိုးရသည့် အဖြစ်တွေပဲ အစဉ်တစိုက် ရှိရှိနေရပါသည့်အဖြစ်။

မွှေးပွင့်ငယ်၏ မျက်ဝန်းလေးတွေမှာ ရှက်ရိပ်သမ်း[illegible]လျက် မျက်နှာလေး ရှက်အမ်းအမ်း ဖြစ်နေပုံလေးကို သူ [illegible]ည့်နေမိရာမှ မှီရပ်ထားသော ဝရန်တာ လက်ရမ်းဆီမှ ခါးကို [illegible]တော်လိုက်ပြီး ...

"စာအုပ် လာပို့တာ"

ဟု ခပ်တိုးတိုးပြောမိကာ ပိုက်ထားသော စာအုပ်ကို [illegible]သော ငုံ့ကြည့်လိုက်မိသည်။

နောက် ... မွှေးပွင့်ငယ် အနီးသို့ လျှောက်ခဲ့ကာ ရပ်[illegible]နေအထားဖြင့်ပင် စာအုပ်သုံးအုပ်ကို ကမ်းပေး၏

အပေါ်ဆီးမှ ငုံ့မိုးကြည့်နေရသည့် ပန်းပုသူစာလေး [illegible]ပြုံးပြလိုက်မိလျက် ...

"မမွှေးပွင့်အတွက် အသုံးဝင်မယ်ထင်လို့ ကိုယ် လက်ဆောင်ပေးတာပါ၊ ဒီနေ့ ပန်းလေညင်း စဖွင့်တဲ့နေ့ အမှတ်တရပေါ့ ဟုတ်လား၊ ရော့ ..."

မွှေးပွင့်ငယ်၏ မျက်နှာလေးမှာ အားနာရိပ်ကို သူ [illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ... စာအုပ်ကမ်းပေးနေသည့် သူ့လက်တွေကို လှမ်းကြည့်၏။ ယူရိမှာ အားနာနေပုံလေးမှာ အရမ်းသိသာသည်။

"ယူပါ မွှေးပွင့်၊ မွှေးပွင့်အတွက် ကိုယ် တမင်ယူလာတာပါ"

ပြောတော့မှ စာအုပ်လေးတွေကို လှမ်းကြည့်သည်။

ယူရိမှာ မဟုတ်မှန်း သိသည်မို့ ခါးကို ကိုင်းလိုက်ကာ စာအုပ်ကို အထပ်လိုက်ပင် စားပွဲဝိုင်းပေါ် တင်လိုက်မိ၏။

နတ်သျှင်နောင်၏ ရတုပေါင်းချုပ်စာအုပ်က အပေါ်ဆုံးမှာ။

စာအုပ်ကို မြင်တော့ လွှတ်ခနဲ မွှေးပွင့်ငယ်၏ နှုတ်မှ ...

"ဟယ် ..."

အသံတိုးတိုးလေး လွင့်ခနဲ ပွင့်ကျလာပြီး ချက်ချင်းပင် စာအုပ်လေးကို ကောက်ကိုင်လိုက်ပါချေသတည်း။

သူ့ရင်ထဲတွင် အတိုင်းမသိ ကြည်နူးကျေနပ်သွားမိပါပြီ။

ဤစာအုပ်လေးတွေကို မွှေးပွင့်ငယ် အရမ်းကို တန်ဖိုးထားချေမည် ဆိုတာကိုတော့ သူ အလိုလို သိနေပြီးသားပါ။

ယခုလို ဟန်ဆောင်မရနိုင်စွာ စာအုပ်လေးကို ကမန်းကတန်း ကောက်ကိုင်လိုက်တာ မြင်တော့ ရင်ထဲ ကြည်နူးအေးဆင်းသွားရသည်ပါပဲ။

မွှေးပွင့်ငယ်ခမျာ စာအုပ်တွေကို တစ်အုပ်ချင်း က တစ်ယောက်နယ် ကောက်ကိုင်လိုက်၊ ဖွင့်၍ ဟိုဟိုသည်သည် နေလိုက်နှင့် အရမ်းကို ပျော်နေသည့်အသွင်လေးဖြင့် ရှိနေရှာ



"ဒီစာအုပ်တွေက အရမ်းကို ရှားတာ ဆရာ၊ မွှေးပွင့်ဖြင့် ရှာနေတာ ကြာပြီ မတွေ့ဘူး၊ ဆရာကျတော့ တွေ့လာတယ်"

ပြောလည်းပြော၊ စာအုပ်တွေကိုလည်း မချရက်နိုင်ဘဲ တယုတယ ကြည့်လိုက်၊ ကိုင်လိုက် လုပ်နေပါသည့် မိန်းကလေး။

သူ ကြည်နူးအေးချမ်းနေသော ရင်ဖြင့် တမြတ်နိုးနိုး ငေးကြည့်နေမိရသည်ပါပဲ။

တကယ်လည်း မွှေးပွင့်ငယ်၏ လက်ချောင်းသွယ်လေးများ တုန်ယင်နေတာကို သူ လှမ်းလင့်တွေ့မြင်ရပါ၏။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"

မွှေးပွင့်ငယ် မော့ကြည့်ပြောမိရပါပြီ။

အသားညိုညို၊ အရပ်မြင့်မြင့်၊ ဘိုကေ ထူထဲထဲနှင့် မျက်ခုံးထူကြီးအောက်မှ စူးရှထက်မြက်သော မျက်ဝန်းရှင်၊ မေးရိုးပြန့်ပြန့်၊ သေသပ်ပိရိသော နှုတ်ခမ်းနှင့် အရမ်းကို ခန့်လည်းခန့်၊ ချစ်ရှည်သော အပြုံးကိုလည်း ပြုံးတတ်ပါသည့် ဤဆရာဝန် ဗိုက်စလေးသည် မွှေးပွင့်ငယ်အတွက် အရမ်းကို တန်ဖိုးရှိသည့် စာအုပ်တွေကို ရှာဖွေ လက်ဆောင်လာပေးချေသည်တကား။

ယခုလည်း မွှေးပွင့်ငယ်၊ အရမ်း ဝမ်းသာနေတာကို ကြည့်ကြည့်ရင်း ကြည်နူးနေတာ အရမ်းသိသာသည်ပဲလေ။

သူသည် မွှေးပွင့်ငယ်ကို ဂရုတစိုက် ရှိသည်ဆိုတာကိုတော့ မွှေးပွင့်ကိုယ်တိုင်လည်း သိနားလည်နေရသည်ပါပဲ။

"စာရေးနေတယ် မဟုတ်လား၊ ရေးလေ ... ရေးပါ၊ ကိုယ့်ကြောင့် အနှောင့်အယှက် ဖြစ်သွားတယ်၊ ကိုယ်ကလည်း စာအုပ်ကို ပေးချင်တာနဲ့ လာလိုက်မိတာ၊ ကဲ ... ရေး ... ရေး ... ကိုယ် သွားမယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မှုိုင် စိတ်ရှည် အလိုလိုက်သော အပြုံးမျိုးကို ပြုံးလျက် ပြောလာပါသည့် သူ့ကို မွှေးပွင့်ငယ် မော့ခနဲ ကြည့်မိလျက် ...

"စာအုပ်တွေက အရမ်းကောင်းတာ"

ဟု တိုးဖွဖွလေး ပြောလာပါ၏။

သူ ရင်ထဲတွင် ပျော်နေမိသည်ပါပဲ။

ချစ်ရသူလေးကို ကူညီပေးလိုက်ရသည့် ခံစားမှုကို ပီတိဖြင့် ခံစားရသည်။

ခါးကို မတ်၍ ရပ်လိုက်ပြီးမှ ...

"ကဲ ... ကိုယ် သွားမယ်၊ ရေးစရာရှိ ဆက်ရေးပေါ့၊ စာအုပ်တွေကို အမှတ်တရအဖြစ် ပေးတာပါ"

ဟု ပြောမိလျက် လက်တစ်ဖက် မသိမသာလေး မြှောက်ပြကာ လှေကားထစ်အတိုင်း သူ တည်တည်ငြိမ်ငြိမ်ပဲ ပြန်ဆင်းလာခဲ့ပါ၏။

ဩော် ... ချစ်ရသူလေး၏ မျက်နှာတော်ဦးကိုဖြင့် ဤနေ့တွင် မြတ်နိုးစွာ အနီးကပ် တွေ့မြင်ခွင့် ရခဲ့ပြီးချေပြီ။

ဒါပေမဲ့ ရင်ထဲဝှင် အထပ်ထပ် အပြန်ပြန် ငေးကြည့်လိုစိတ်သည် တည်မြဲနေဆဲ။

တကယ်တော့ မင်းကို ငေးကြည့်ခွင့်၊ မြတ်နိုးခွင့်၊ ကာကွယ်စောင့်ရှောက်ပိုင်ခွင့် ဆိုတဲ့ အရာတွေကို ရရှိစေမယ့် ခင်ပွန်းသည် တစ်ယောက်ရဲ့ ဘဝမျိုးထက် ဘယ်အရာကိုမှ ငါ မမက်မောပါဘူး မမွှေးပွင့်။

❦ ❦ ❦



# ၉

"ဆရာက နင့်အပေါ်ဆို အရမ်း ဂရုစိုက်တာပဲနော် နေမကောင်းတုန်းကဆိုလည်း သူ့ခမျာ မနက်မိုးလဲလင်းရော သူလဲ ရောက်ရောပဲ၊ ခုလဲကြည့် နင့်စာမူတွေဆိုရင်လဲ လမ်းကြုံပါတယ်၊ လမ်းကြုံပါတယ်နဲ့ ယူယူသွားပေးတယ်၊ စာမူရွေး မရွေးကိုလဲ ဝင်စုံစမ်းပေးတယ်၊ စာမူရွေးထားတယ် ဆိုတာများ သိခဲ့ရင် သူ အရွေးခံရတာ ကျနေတာပဲ၊ ချက်ချင်းပြေးပြီး ပြောပြတယ်"

ခင်ခင် ပြောနေသမျှ ငြိမ်သက်နားထောင်ရင်း မွှေးပွင့်ငယ် ရှက်စနိုးလေးလည်းဖြစ်၊ ကြည်နူးလည်းကြည်နူးသွားမိရပါသည်ပါပဲ။

တကယ်လည်း ခင်ခင် ပြောနေတာတွေက မှန်ပေသည်။

မွှေးပွင့်ငယ်၏ စာမူရွေးချယ်ထားကြောင်း ဆိုလျှင် ဘယ်ကိုမှ မဝင်တော့ဘဲ ချက်ချင်းကြီး ကားလေးနှင့် ရောက်လာတတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ပြောပြချိန်မှာလည်း အသံတွေ တုန်နေတတ်တာ။

မဂ္ဂဇင်း ထွက်ရက်ဆိုလျှင်လည်း ထိုစာမူပါသည့် မဂ္ဂဇင်းလေးကို ယူလာတတ်တာ။

"အမှတ်တရပေါ့ မမွေးပွင့်"

ဟု ဆိုကာ စာအုပ်ကို ပေးတတ်တာ။

ဒါပေမဲ့ ထိုအမှတ်တရဆိုသည့် စာအုပ်တိုင်းမှာ ဆရာ့လက်မှတ်ပါမလာဘဲ ရှိနေတတ်တာ ဘာကြောင့်မှန်း မသိပေမယ့် တမင်ပွင့် ထိုသို့ လက်မှတ်ထိုးပြီး မပေးခြင်းဆိုတာကိုတော့ မမွေးပွင့် နားလည်ထားသည်။

"ငါတို့ ရပ်ကွက်ထဲမှာလဲ သတင်းမွှေးနေတယ် မိမွေးရဲ့"

မွေးပွင့်ငယ် ထိတ်ခနဲ ဖြစ်လျက် ...

"ဟင် ... ဘာသတင်း မွှေးတာလဲ ဟင် ခင်ခင်"

ဟု စိတ်လှုပ်ရှားစွာ မေးမိလိုက်ရပါပြီ။ ရပ်ကွက်ထဲမှာများ မွေးပွင့်နှင့် ဆရာ့ကို တစ်မျိုးမျိုးများ ပြောဆိုနေကြ၍များလား။

ကာယကံရှင်ချင်းကဖြင့် ဘာမှ မဖြစ်ရပါဘဲနှင့် အပြောအဆိုခံရတာမျိုးကျတော့ တစ်ယောက်နှင့်တစ်ယောက် အားနာမျက်နှာပူစရာတွေ ဖြစ်ကြရမည်။

ဆရာကလည်း မွေးပွင့်ငယ်ကို အားနာပြီး မျက်နှာပူ မဆက်ဆံရဲဘဲ ဖြစ်မည်။ မွေးပွင့်ငယ်ကျတော့ရော ပိုဆိုးမည်ပေါ့။ ဆရာ့မျက်နှာ မည်သို့ ကြည့်ရပါမည်တဲ့လဲလေ။

"အံမယ် ... မျက်နှာကြီးရဲပြီး ခေါင်းကြီး တငုံ့ငုံ့နဲ့ ဒါက ဘယ်လို ဖြစ်သွားရတာလဲ၊ ဆရာ့ကို စိတ်ရင်းကောင်းတယ်



ဆေးကုတဲ့ နေရာမှာ လက်ဆိပ်ရှိတယ်၊ ရောဂါပျောက်မြန်တယ်၊ ငွေကြေးလည်း မတန်တဆ မယူဘူးတဲ့၊ ကောင်းသတင်းမွှေးနေတဲ့ ကိစ္စကို ပြောတာပါ"

"အဲဒါများဟယ် ... ငါဖြင့် သိတာ ကြာလှပြီ၊ ဒေါ်ဒေါ်ကလဲ ပြောတယ်၊ ငါ့ကိုလဲ ဟိုဘက်က ဒေါ်တုတ်ကလဲ ပြောပြတာပါပဲ၊ အဲဒီကိစ္စကိုတောင် တစ်နေ့က ငါ ပြောပြမိသေးတယ် ဆရာ့ကိုလေ၊ အဲဒီတော့ ဆရာက ရယ်တယ်၊ လက်ဆိပ်ရှိတယ်ဆိုတော့ စိတ်ထင်လို့ ဖြစ်မှာပါတဲ့၊ ဆေးဆိုတာ တူတူပဲပေါ့တဲ့၊ ဘယ်သူကုကု အာနိသင်ချင်းကတော့ တူတူပဲပေါ့တဲ့လေ"

"သြော် ... သြော် ... ပြောပြပြီးပြီဆိုပါတော့၊ နောက်များ ကျနေပါဦးမယ် မမရယ် ... ဟွန်း"

ပြောပြီး ခင်ခင် ရယ်တော့ မွေးပွင့်ငယ် ပြုံးမိသည်။ ...မှာ ပွင့်မွှေးရှိန်းမြသော ခံစားချက်ကိုတော့ ခံစားနေမိတာ ...။

မွေးပွင့်ငယ်ကို အရမ်းဂရုစိုက်တာကိုတော့ မွေးပွင့် ... ရိပ်မိပါသည်။

ဆေးခန်းဖွင့်ပြီးတာနှင့် မကြာမတင်လေးမှာပဲ ဆရာ ...လာတတ်သည်လေ။

ပန်းကြိုက်သော မွေးပွင့်ငယ်အတွက် သစ်ခွပင်လေး ... ယူလာပေးတတ်သည်။ စာမူကိစ္စ လာပြောတတ်သည်။ ...သိုးစာအုပ်လေးတွေ ဝယ်လာတတ်သည်။ ရေမွှေးကြမ်းလေး ...လောက်ဟုဆိုတာ ခဏတစ်ဖြုတ်တော့ မွေးပွင့်ငယ် အနီး ...မှာ ရောက်ရောက်လာတတ်သည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကြမ်းသောက်ရင်းလည်း ခြင်ယ်လေးမှာ ရှိသလောက် နေရာလေး၌ စိုက်ထားသော ပန်းခင်းလေးကို ကြည့် ၍ ပန်းတွေအကြောင်းကို ပြောချင် ပြောသွားတတ်သည်။

ကျန်းမာရေးကို ဂရုစိုက်ဖို့ တရရမှာတတ်သည်။

နောက်တော့လည်း ဆေးခန်းလေးရှိရာသို့ ပြန်သွား သည်ပါပဲ။

ထူးထူးခြားခြား ဘာစကားမျိုးကိုမှ ဆရာ ပြောမသွား တတ်ခဲ့။

တည်တည်ငြိမ်ငြိမ်ပဲ ပြောဆိုသွားလာတတ်သည်။ ဆရာ့ မူပိုင်ဟန်လိုပါပဲလေ။

တစ်ခုတော့ ရှိသည်။ မွေးပွင့်ငယ်ကို တစ်ခါတစ်ခါ များမှာ ငေးခနဲ ကြည့်နေတတ်တာ အမှန်။ ချက်ချင်း သတိဝင်လာ လျှင်လည်း မျက်နှာကို လွှဲယောင်ယောင် ပြုလျက် ပန်းခင်းအကြောင်း လူနာတွေအကြောင်း ပြောပြောသွားတာပါပဲ။

"ဟို မျက်မှန်ထူထူကြီးနဲ့ ပုဂ္ဂိုလ်ကလဲ တစ်ခါတစ်ခါ ရောက်လာတတ်တယ်နော်၊ အယ်ဒီတာ ဆိုတာလေ၊ သူ ရှိရင် လူနာတွေလဲ မနေရဘူး၊ ရယ်နေကြတာပဲနော် တကယ့် လူပျော်ကြီး"

"အဲဒါ အယ်ဒီတာကြီး ဆိုတာက အစက နင် မှတ်မိနေသား ပဲ"

"မှတ်မိတာပေါ့ဟ၊ ငါက စာရေးဆရာမလေးရဲ့ သူငယ်ချင်း အယ်ဒီတာဆိုတာ ဘယ်လို ရုပ်ရည်မျိုး၊ ဂိုက်ဆိုက်မျိုး တာကအစ စိတ်ဝင်စားတယ်၊ အများအားဖြင့် စာအုပ်တွေ



မှာ ဖတ်ဖူးတဲ့ ပုံစံမျိုးနဲ့လဲ တူနေတယ်နော်၊ မျက်မှန်ထူကြီး ရယ်၊ ဖိုသီဖတ်သီ နေတာရယ်၊ စကားပြောကောင်းတာရယ်၊ အဲ ... ရုပ်မချောတာရယ်"

"ဘာ ရုပ်မချောရတာလဲ၊ ဟွန်း ... သူ့ဘက် လှည့်လာမယ့် မြားဦးကိုကျတော့ ရုပ်မချောဘူးဆိုတဲ့ ထန်းလက်နဲ့ ကာတယ် ပေါ့လေ၊ သူကလဲမေးတယ်၊ အယ်ဒီတာကြီးကလေ၊ ခင်ခင် ဆိုတာ စာပေကို မြတ်နိုးသလားတဲ့"

မေးသည်ဆိုသော ကိစ္စကိုတော့ မဟုတ်ဘဲ လုပ်ကြံ ပြောခြင်းပါ။ ခင်ခင်က အဟုတ်မှတ်ကာ ...

"ရှုပ်ရှုပ်ယှက်ယှက်နော်"

ဟု လှမ်းဟန့်သည်။ နောက်မှ ရယ်လျက် ...

"မြတ်နိုးတယ်လို့ ဖြေလိုက် ..."

ဟု ပြန်၍ ရယ်စရာလုပ်ပစ်သည်။

"နင်တို့ နှစ်ယောက်က တူတယ်ဟ၊ ပျော်ပျော်နေတတ်တာလဲ တူတယ်၊ ငါ သဘောတူတယ်"

"အေး ... ငါလဲ သဘောတူတယ်၊ မူမျက်ထန်ကြီးကို ပြော တာ မဟုတ်ဘူးနော်၊ နင့်ကို ဆရာနဲ့ သဘောတူတယ်လို့ ပြောတာ"

ဆရာနှင့် သဘောတူတယ်ဟု ပြောတာကို ရှက်စနိုး ဖြစ်သွားရပေမယ့် ကြာကြာမရှက်အားနိုင်။ ခင်ခင့် စကားထဲ ထူးဆန်းတာကြီး ပါလာနေသည်ကို ...

"ဘာလဲဟ မူမျက်ထန် အဲဒါ ဘာလဲ"

"မူမျက်ထန်ကြီးဆိုတာ မျက်မှန်ထူကြီးကို ပြောတာပေါ့ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပြေလှည်းပြေ။ ရယ်လည်းရယ်နှင့် ခင်ခင်၏ မျက်ဝန်းလေးတွေ ရွှန်းတောက်နေသည်။ အမြဲတမ်း ပျော်ပျော်နေတတ်သည်က တော့ အမှန်။

"နင်တို့ အိမ်ထောင်ကျလို့ ကလေးများရရင် ငိုပြီးတော့ ဝမ်းကြာတိုက်ထဲက ထွက်မှာ မဟုတ်ဘူး၊ ဟဲ ... ဟဲ ... ဟဲ ... ဟဲ ... နဲ့ မီးရှူးသန့်စင်မှာ"

ခင်ခင် ရယ်လျက် ...

"အဲဒီတော့လဲ၊ အံ့ဖွယ်သုတထဲ ထည့်လိုက်ပေါ့ဟာ၊ ငါ့ပုံရယ် အဲဒီ ရယ်မောလျက် လောကကြီးထဲကို ရောက်လာ ဂျူနီယာ ခင်ခင်ရဲ့ပုံရယ်"

ဘယ်လိုပြောပြော ပျော်ရွှင်စွာပဲ နေတတ်ပြော သည့် ခင်ခင်ကို မွေးပွင့်ငယ် တကယ်လည်း အစ်မရင်းလို ခ တာပါပဲလေ။

ဒေါ်ဒေါ် မရှိခိုက်မှာ ခင်ခင်နှင့် မွေးပွင့်ငယ်တို့ ဆိုင်လေး ထိုင်နေကြရင်း စကားတပြောပြောနှင့် ရှိနေကြခြင်း

ဒေါ်ဒေါ်ကတော့ အိမ်ဆိုင်လေးအတွက် လိုအပ်သ များကို အဝယ်သွားနေခြင်းပါ။

"ဒီနေ့ ဆရာ နောက်ကျတယ်နော်၊ အပြန်မှာများ ဒေါ် ဆုံရင်ဖြင့် အကောင်းသား၊ ပစ္စည်းတွေနဲ့ ဒေါ်ဒေါ် သ တာပေါ့ဟယ်"

ခင်ခင်ပြောပြီး မွေးပွင့်ငယ်ကို ကြည့်သည်။

မျက်မှောင်လေး တွန့်၍ ငြိမ်သက်နေသော မွေ ငယ်။



"ဆရာတို့ မိသားစုက ချမ်းသာကြတာတော့ အမှန်ပဲ၊ ခင်ခင် ဆရာ စီးလာတဲ့ ကားကိုပဲကြည့်"

"အင်း ..."

"ဆရာ့ အဖေကလဲ ဆရာဝန်ကြီးပဲတဲ့၊ ဆရာ ကိုမောင်မောင် က ဒေါ်ဒေါ့်ကို ပြောပြထားတယ်လေ၊ နှလုံးအထူးကု ဆရာဝန်ကြီးတဲ့"

"အင်း ... ဒါတောင်မှ သူ့အဖေ ဆေးခန်းမှာ မထိုင်ဘဲ ဒီမှာ လာထိုင်နေတယ်နော်၊ အဲသလိုဆိုရင်ဖြင့် ဒီနေရာမှာ ထိုင်ချင်စရာအကြောင်းရှိလို့ကို ဖြစ်ရမယ်"

ပြောပြီး မန်းကျည်းရိပ်ကို လက်ညှိုးညွှန်လျက် ...

"ဒီမန်းကျည်းရိပ်လေးက အေးမြတယ်ဟ၊ ဒါကြောင့် အေးမြ တဲ့ အရိပ်မှာ လာနေတာ ဖြစ်ရမယ်၊ အဲဒါကို သဘောတူရဲ့ လား"

အမြဲတမ်း ပျော်နေသည့် ခင်ခင့်ကို စိတ်ညစ်ဟန်လေး ဖြင့် မွေးပွင့်ငယ် ကြည့်ကာ ...

"မဟုတ်ဘူးဟ၊ အဲဒီလောက် ချမ်းသာနေတဲ့ လူနဲ့ မမွေးပွင့် ကို မစနဲ့လို့ ပြောတာ၊ သူ ကြားလဲ မကောင်းဘူး၊ ငါ့ အတွက်လဲ မကောင်းဘူး၊ သူက ဒီမှာ အလုပ်လုပ်ဖို့ လာတာ"

မွေးပွင့်ငယ် ပြောတော့ ခင်ခင် ငြိမ်သွားသည်။ ညာဘက်လက်ညှိုးကို နှာခေါင်းနားကပ်၍ အပေါ် ပင့်တင်ဟန်ပြုလျက် ...

"မှူးမျက်ထန်ကြီးရဲ့ ပညာရှိ အိုက်တင်ကို အရင်ဖမ်းတာ လေ"

ဟု ရယ်ပဟာဖြင့် ဆိုသည်။ နောက်မှ ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ သဘောပြောရရင်တော့ ဆရာဟာ လူကောင်းတစ်ယောက်လို့ မြင်တယ်၊ ငါကတော့ ငါ့သူငယ်ချင်းကို ဆရာ့သဘောတူတယ်၊ သူ့ဘာသာ ချမ်းသာချင် ချမ်းသာပေါ့ ဘာဖြစ်လဲ ငါ့သူငယ်ချင်းကလဲ ချောလိုက်တာ မှန်ညက်နေတာ၊ အဲဒါကိုကျတော့ သူတို့ ပိုက်ဆံနဲ့ဝယ်လို့ ရမလား အမယ်လေး လူချမ်းသာ သားသမီးတွေများ ပိုက်ဆံနဲ့ဝယ်ပြီး လိမ်းလိုက်ရတဲ့ တင်းတိတ်ပျောက်ဆေး၊ အသားအချောဆေး နဆေး၊ ဒါပေမဲ့ ပျောက်ချင်မှ ပျောက်ကြတာ"

ခင်ခင်နှင့် မောင်မောင် အဲဒါလည်း တူနေသည်။

ချက်နှင့် လက်နှင့် ပြောတတ်သည့်အကျင့်။

"ငါတို့ မိမွေးက ချောလိုက်သမှ ချောချောလို့တောင် မြင်သေး၊ ဟော ... စာရေးဆရာမပေါက်စလဲ ဖြစ်သေး၊ ချမ်းသာတဲ့ လူတိုင်း စာရေးဆရာမ ဖြစ်ချင်တိုင်း ဖြစ်နိုင်လို့လား ကဲ ..."

အိမ်ဆိုင်၏ ကြမ်းခင်းကို လက်ဖဝါးဖြင့် တဖတ်ဖတ်ရိုက်ပြီး အချက်အလက် စုံလင်အောင် ပြောနေသည့် ခင်ခင်။

"အကျင့်စာရိတ္တရော၊ ပြောဦးမလား၊ ငါတို့ မိမွေးက ..."

ပြောရက်တန်းလန်းဖြင့် ခင်ခင့်ပါးစပ် ပိတ်ကျသွားရသည်။

ဒါကလည်း ဆရာ၏ ဟွန်ဒါကားဖြူလေး လျှောထိုးရပ်လာသည့်အတွက်ပါ။

"အေးဟ၊ ချမ်းသာလိုက်တာများ အသံမကြားရတဲ့ ကားကို စီးနိုင်တာ၊ အထဲမှာ စက်တောင်မှ ပါရဲ့လား မသိဘူး စက်သံကို လုံး၀ မကြားရတာဟဲ့၊ လျှောဆို ... အတော်



ရပ်ချလိုက်တဲ့ဥက် မြေပေါ်ဆင်းနားလိုက်သလိုပဲ ရုတ်ဆို မြင်လဲ မြင်ရော ကားက လေးဘီးစလုံး ရပ်နေပြီ၊ ညက်လိုက်တဲ့စက်"

ခင်ခင် ချီးကျူး၏။ ခပ်တိုးတိုး ပြောသမျှတွေထဲမှာသည်း ရယ်စရာတွေချည်း ဖြစ်နေသည်မို့ မွေးပွင့်ငယ် လွတ်ခနဲ ပြုံးမိလျက် ကားကို လှမ်းကြည့်မိလျက်သား ဖြစ်သွားရသည်။

ကားတွင်းမှ ဆင်းလာသည့် ဆရာနှင့် မွေးပွင့်ငယ်၏ ပြုံးရိပ်သမ်းလျက် ကြည့်မိသည့် အကြည့်တို့ အကြည့်ချင်း လှမ်းဆုံဖြစ်အောင် ဆုံလိုက်ရသည်မို့ ရှက်ရိပ်ကဲသွားရသည်မှာလည်း မွေးပွင့်ငယ်။

မွေးပွင့်ငယ် ရင်ထဲမှာ တစ်ဆက်တည်း ခံစားလိုက်ရသည်က စိုးရိမ်စိတ်။

ဟုတ်သည်။ စိုးရိမ်စိတ်။ ဆရာ့မျက်နှာသည် လန်းလန်းဆန်းဆန်း ရှိမနေသည့်အသွင်။ မျက်နှာလည်း အနည်းငယ် နီနေသည်။

တစ်ချက် ထပ်၍ မွေးပွင့်ငယ် ဆရာ့ မျက်နှာကို ဂရုပြုကြည့်မိပါ၏။ ငေးကြည့်လာသည့် မျက်ဝန်းများနှင့် ဆုံလိုက်ရတော့ မျက်လွှာလေး ကမန်းကတန်း ချလိုက်မိရပြန်ပါ၏။

ဆရာ့ မျက်ဝန်းများတွင် အစဉ်အမြဲ တွေ့မြင်နေမိရသည်က မြတ်နိုးစိတ်ရှည်ခြင်းဆိုသည့် အရိပ်များဟုပဲ မွေးပွင့်ငယ် ဆင်သည်။

ထိုမျက်ဝန်းများနှင့် ဆုံရတိုင်း မွေးပွင့်ငယ် ကိုယ်တိုင်သည်း ရင်ခွေးရမြဲ။

နောက် ... ကြည်နူးသွားရမြဲ။ ဒါပေမဲ့ ခက်သည်က ဆရာ့နှုတ်မှ ဘာဆိုဘာမျှ ယနေ့တိုင် မပြောခဲ့။

www.burmeseclassic.com

www.burmeseclassic.com



စာမူ ပို့ပေးတာမျိုး။ မဂ္ဂဇင်းတွေ ဝယ်လာတာမျိုး။ စာအုပ်တွေ ရှာဖွေလာခဲ့တာမျိုး။ ဒါတွေပဲ ရှိတတ်သည်လေ။

တကယ်တော့ ညနေစောင်းချိန်တိုင်းမှာ ဆရာ လာမည့် အချိန်လေးတွေကို မျှော်နေမိတတ်တာ မွေးပွင့်ငယ် တစ်ဦးတည်း၏ ရင်တွင်းမှာသာ သိုသိပ်စွာ ရှိနေခဲ့ရတာ မဟုတ်ပါလားလေ။

ဆေးခန်းသို့ မသွားသေးဘဲ ဆိုင်လေးရှိရာသို့ ဆရာ လျှောက်လာနေသည်ကို ခေါင်းငုံ့မျက်လွှာချနေမိလျက်မှပင် ဆရာ ကိုယ်ရိပ် ရွေ့လျားလာမှုဖြင့် မွေးပွင့်ငယ် သိနေသည်။

စောစောပိုင်းလေးကမှ ခင်ခင်ကလည်း နောက်လိုက် ပြောင်လိုက်နှင့် ဆရာနှင့် တစ်ချိန်လုံး စနေခဲ့တာတွေကလည်း ရှိခဲ့သည်လေ။ အလိုလိုနေရင်း မွေးပွင့်ငယ် အနေခက်နေမိတာ အမှန်။

“ဒေါ်ဒေါ်ရော”

ဆိုင်ရှေ့တွင် ရပ်၍ မေးလာတော့ မွေးပွင့်ငယ် မော့ကြည့်မိသည်။

ခင်ခင်နှင့် မွေးပွင့်ငယ် နှစ်ယောက်စလုံးကို ကြည့်၍ မေးလာပါသည့် ဆရာ။

ထုံးစံအတိုင်း အရမ်းကို တည်ငြိမ်ဟန်ဖြင့် ရှိနေပေမယ့် မွေးပွင့်ငယ်ကို ကြည့်နေသည့် အကြည့်တွေမှာတော့ အကြင်နာ အရိပ်ကို မူပိုင်ဟန်အတိုင်းပဲ မွေးပွင့်ငယ် တွေ့မြင်နေရသည်ဟု ထင် နေမိရပြန်ပါပြီ။ ဤသည်က မွေးပွင့်ငယ်၏ စိတ်ထင်ချည်း သက်သက် ဖြစ်ချင်လည်း ဖြစ်ချေမည်ပေါ့ဟု အားငယ်စိတ် ဖြစ်မိပြန်၏။

ဘာပဲဖြစ်ဖြစ် ခါတွေ မျက်ဝန်းတွေမှာ အကြင်နာရိပ်ကို မြင်နေရသည်ဟုပဲ ခိုင်မြဲစွာ မွေးပွင့်ငယ် တွေးမိနားလည်နေမိတတ်



တာကလည်း ဆရာနှင့် ဆုံတိုင်း ခံစားနားလည်ပေးရသည့်အဖြစ် တစ်ခုလိုပါပဲလေ။

“ဒေါ်ဒေါ် ပစ္စည်း အဝယ်သွားတာ၊ ခုထိ ပြန်မရောက်သေး ဘူး ဆရာ”

“ဪ ...”

မွေးပွင့်ငယ် ဖြေပြီး မော့အကြည့်မှာ တစ်လျှောက်လုံး ငေးကြည့်နေမိသည့် အကြည့်ကို ဖျတ်ခနဲ ပြောင်းလိုက်တာနှင့် ကြုံ၏။

“ကိုယ်လဲ ... ဒီနေ့ နေမကောင်းချင်ဘူး၊ လူနာတွေ လာကြမှာကိုလဲ သိနေတယ်၊ ဆေးခန်းမှာ ကိုယ်မရှိရင် ပြန်သွားကြမှာကို စိတ်ထဲ မကောင်းနိုင်ဘူး၊ ကိုယ် လက်တွေ ကိုက်ခဲနေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ဆေးသောက်ပြီးတော့ပဲ ထွက် လာခဲ့တယ်”

သူ ပြောပြီး ဆိုင်ခန်းရှေ့မှာ ရှိသည့် သစ်သားတန်း ထိုင်ခုံရှည်မှာ ထိုင်၏။

ဓက်ကို ဘယ်ညာချိုးသည်။

“ဒါဆို မမွေးပွင့် ကော်ဖီကြမ်း ပူပူခါးခါးလေး ဖျော်ပေး မယ်လေ၊ သောက်မလား ဆရာ”

လွှတ်ခနဲ မွေးပွင့်ငယ် မေးမိတော့ ဆရာ ချက်ချင်း လှမ်းကြည့်သည်။ အကြည့်တွေထဲမှာ ကြည်နူးရိပ်ကို မြင်၏။ မေးမိသည့် မွေးပွင့်ငယ်မှာ စေတနာသက်သက်ဖြင့် ချက်ချင်းကြီး မေးလိုက်မိပေမယ့် သူစိမ်းယောကျ်ား တစ်ယောက်အပေါ် အရမ်း စိတ်ပူ ကူညီနေချင်သည့် အသွင်များ ဖြစ်သွားနေချေမည်လားဟု အနေခက်၊ ရှက်စိတ်ကဲရနှင့် ဖြစ်လိုက်ရပြန်သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မမွှေးပွင့်က မမွှေးပွင့် နေမကောင်းတော့လဲ ဆရာက ကုပေးရတာ၊ ခုလို ဆရာ ခေါင်းတွေ ကိုက်ခဲနေတယ်ဆိုတော့ ကော်ဖီကြမ်းလေးနဲ့ ဆေးလေးများ ထပ်သောက်လိုက်ရင်များ ကောင်းသွားမှာလားလို့ပါ၊ မမွှေးပွင့် ခေါင်းကိုက်ရင် အဲလိုပဲ ကော်ဖီကြမ်းနဲ့ ပါရာဆီတမောလ် သောက်လိုက်တာပဲ"

ရှက်စိတ်လေးနှင့် ကလေးလေးလို ဖြေရှင်းဖိမှ ပိုဆိုးသည်။ ဆရာရယ်တာ မြင်တော့ ခေါင်းလေး ငုံ့ချလိုက်မိရပါပြီ။

ခင်ခင့်ကို ကြည့်လိုက်တော့လည်း ပြုံးစိစိ။

"မိမွှေး ... နင့်ဥစ္စာက ဆရာ၀န်ကိုများ ဆေးတွေ ဘာတွေ လမ်းညွှန်နေရတယ်လို့ဟာ ... အဟင်း ... ဟင်း"

ခင်ခင် ပြောလည်းပြော ရယ်လည်းရယ်သည်။

ကလေးလေးလို ခေါင်းလေး အတင်းငုံ့ချ၊ မျက်နှာလေးနီရဲလာအောင် ရှက်နေပါသည့် အရှက် မျက်နှာလေးကို ကြည့်ရင်း ...

"ကျေးဇူးတင်ပါတယ် မမွှေးပွင့်၊ ကော်ဖီကြမ်းရရင်တော့ ကောင်းတာပေါ့၊ ကိုယ် အဲဒါနဲ့ ဆေးသောက်လိုက်မယ်လေ အိမ်မှာကတည်းက ကိုက်ခဲနေတာ၊ ဆေးသောက် ထွက်ခဲ့တာပါပဲ၊ ကားမောင်းလာရင်းနဲ့ကို ပိုကိုက်လာတာ၊ ညက အိပ်ရာ၀င်ကာနီးမှ ပွတယ်ဆိုပြီး ရေချိုးလိုက်မိတယ်လေ အဲဒါကြောင့် ဖြစ်မှာပါ"

"ကောင်းတာပေါ့ မိမွှေးကလဲ ရေချိုးရဲတယ်၊ ဆရာကလဲ ရေချိုးရဲတယ်၊ မိမွှေးက နေပူထဲက ပြန်လာပြီးချင်း ရေချိုးတယ်၊ ဆရာက ညအိပ်ရာ၀င်ခါနီး ရေချိုးတယ်၊ နှစ်ယောက်စလုံးကတော့ စံနမူနာ ယူထိုက်တာပါပဲ"



လူချင်း ရင်းနှီးနေကြပြီမို့လည်း ခင်ခင် ရယ်ဟာဟာဖြင့် ပြောတော့ ...

"ကဲ ... ဆရာနဲ့ စကားပြောနေခဲ့၊ မမွှေးပွင့် ကော်ဖီကြမ်း ဖျော်လာခဲ့မယ်"

ဟု စကားကို ဖြတ်၍ မွှေးပွင့်ငယ် ပြောပြီး ဆိုင်လေးပေါ်မှ ဆင်းသွား၏။

အနေခက်၍ဆိုတာ သူ နားလည်သည်ပေါ့။ ပျော်ပျော်လည်းနေတတ်။

စိတ်ရင်းလည်း ကောင်းသော ခင်ခင်ကို သူကလည်း ခင်မင်နေမိပြီးခဲ့ပါပြီ။

"ဆရာ ... ဆေးခန်းလေးထဲမှာ သွားနားနေပါလား၊ ဒီမှာက လေးစိမ်းတိုက်တယ်"

ခင်ခင် ပြောတာကလည်း မှန်နေသည်မို့ သူ ခေါင်းညိတ်ထရပ်လိုက်သည်။

နောက်မှ သတိရဟန်ဖြင့် ပြန်ထိုင်လိုက်ကာ ...

"မမွှေးပွင့် ကော်ဖီယူလာမှာ စောင့်လိုက်ဦးမယ်၊ ဟိုအထိ လိုက်ပို့ပေးနေရမှာ အားနာစရာကြီး"

ဟု ပြောတော့ ခင်ခင် ပြုံး၍ ...

"ဒါဖြင့်လဲ ဆေးက ဆရာ့ဆီ ပါလာနေလို့လား"

"ဪ ... ဟုတ်ပါရဲ့၊ ဆေးခန်းမှာပဲ ဆေးတွေ ရှိနေတဲ့ဥစ္စာ၊ ရတယ် ... ရတယ်၊ ကိုယ် ဆေးလုံးသွားယူလိုက်ဦးမယ် ပြီးမှ ဒီမှာ ပြန်လာစောင့်မယ်"

မွှေးပွင့်ငယ် ကိုယ်တိုင်ကိုယ်ကျ ဆေးခန်းအထိ လိုက်ပို့ပေးမှာကို အရမ်းအားနာနေမှန်း သိသာနေတာမို့ ခင်ခင်မှာ

www.burmeseclassic.com

www.burmeseclassic.com



အနိုင်နိုင် ရယ်ချင်စိတ်ကို ထိန်းနေရပါပြီ။ မွှေးပွင့်ငယ်ကို ဆရာ မြတ်နိုးနေသည်ဟု ခင်ခင် ထင်သည်။

ဒါပေမဲ့ အခွင့်အရေး မယူတတ်တာလည်း ခင်ခင် သိနေရသည်။ ယခုပဲ ကြည့်၊ ကော်ဖီခွက်ကို ဆိုင်ခန်းရှေ့မှာ စောင့် ယူမည်တဲ့လေ။ ဤမျှ ရိုးစင်းဖြူစင်သည့် လူနှစ်ယောက်ကို ဘယ်လိုနည်းနှင့်မျှ မကွဲစေချင့်။ ခင်ခင်ကတော့ ပေါင်းစည်းသွား စေချင်သည်။ မေတ္တာမျှစေချင်သည်။

❦ ❦ ❦



# ၁၀

ယခုလည်းကြည့်၊ ဆေးခန်းကို ဖွင့်၍ ဆေးလုံး သွား ယူနေသည့်အဖြစ်။

ဒါပေမဲ့ မွှေးပွင့်ငယ်က အရင်ရောက်လာသည်။

"ဆေးခန်းသွားဖွင့်နေတယ် လိုက်ပို့ပေးလိုက်၊ ကိုယ့်ကို ဆေးကုပေးထားတဲ့ ကျေးဇူးရှင်ပဲ၊ ဆေးခန်းတိုင် ဆေးခန်း ရောက်တော့ ကော်ဖီခွက်ကို ပို့ပေးသင့်တာပေါ့"

အိမ်တိုင်ရာရောက် ဆိုသောစကားကို ပြင်၍ ရယ် စရာ လုပ်လာသော ခင်ခင့်ကို လှမ်းကြည့်ပြီး ...

"နင်လဲ လိုက်ခဲ့"

ဟု ခေါ်တော့ ...

"အလိုတော် ... အဲသလို ခင်ခင့်ကို ခေါ်သွားတော့ ဟိုက ဘယ်လို ထင်မလဲ၊ သူ့ကို မယုံဘူး၊ အထင်သေးတယ်လို့ ထင်မှာပေါ့၊ ဟိုမှာ ပြတင်းပေါက်ကြီးလဲ ဖွင့်လို့၊ ဒီဘက် ဟိုဘက် လှမ်းမြင်နေရတဲ့ နေရာကို သွားတာ အဖော်ခေါ်နေ တယ် ဆိုတော့ တစ်ဖက်သားရဲ့ သိက္ခာကို မယုံကြည်ရာ ကျတယ်ဟဲ့ မိမွှေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင် ပြောနေတာလည်း မှန်နေတာမို့ ခေါင်းလေး ကုတ်၍ ကော်ဖီကြမ်းခွက်ကို ကိုင်ကာ ဆေးခန်းသို့ ထွက်ခဲ့ရပါ၏။

ဆေးပုလင်းဖွင့်၊ ဆေးလုံးကို ယူကာ နောက်ဘက် ကို ပြန်လှည့်တော့ ကော်ဖီကြမ်း မျှော်ယူလာရာ ဖန်ခွက်နှင့် ဆေး ခန်းတွင်းသို့ ဝင်လာသော မွေးပွင့်ငယ်ကို သူ မြင်ရသည်မို့ ...

"ဟာ ... အားနာစရာဗျာ၊ ကိုယ် ဟိုမှာ လာယူမှာပေါ့"

ဟု ပြောလည်းပြော ရှေ့သို့လည်း သုတ်သုတ် လျှောက်မိရပါ၏။

ဖန်ကိုင်းတပ် ဖန်ခွက်ကြီးနှင့် အပြည့် မျှော်လာသည့် ကော်ဖီကြမ်းကို ကြည့်ရင်း ပြုံး၍ ...

"အများကြီးပါလား"

ဟု မေးမိသည်။ ဖန်ခွက်ကို ကမ်းပေးပြီး လှည့်ထွက် မည် ပြုနေသည့် မွေးပွင့်ငယ်ကို လှမ်းခေါ်ရ ...

"ထိုင်ပါဦးလား မမွေးပွင့်"

ဟု တားလိုက်မိပါပြီ။

သူကိုယ်တိုင်လည်း ပက်လက်ကုလားထိုင်မှာ ထိုင်ကာ ဆေးလုံးကို ကော်ဖီကြမ်းနှင့် မျှောသောက်လိုက်ပြီးမှ ...

"မမွေးပွင့်အတွက် နဒဝေးရဲ့ ရတုပေါင်းချုပ် စာအုပ်တွေ့လို့ ယူလာခဲ့သေးတယ်"

ဟု ပြောလည်းပြော။ စာအုပ်ကိုလည်း ကမ်းပေးမိ ပါ၏။

"စောစောတည်းက ပေးမလို့ မေ့သွားတယ်"

ပက်လက်ကုလားထိုင်မှာ သူ ထိုင်ရင်း ခေါင်းကို တစ်ချက် နှိပ်မိပါ၏။ ခေါင်းက တကယ့်ကို ပိုကိုက်လာပြီ။



ကိုယ်လက်တွေလည်း ပိုကိုက်ခဲလာသည်။ တကယ် က ဤနေ့မှာ ဆေးခန်းသို့ မရောက်ရောက်အောင် လာချင်မိသည်က လူနာတွေ အတွက်ကြောင့်ရော၊ မွေးပွင့်ငယ်ကို ဤရတုပေါင်းချုပ် စာအုပ်လေး ပေးချင်သည့် အတွက်ကြောင့်ရောပါ။

နေ့ခင်းဘက်က ဤစာအုပ်လေးကို သူ ဝယ်ခဲ့ရသည် လေ။ မနက်ကတည်းက ခေါင်းတွေ အုံ့ခဲနေတာတော့ အမှန်။ ဒါပေမဲ့ ကားတစ်စီးနှင့် သူ သွားမိခဲ့ရသည်။

စာအုပ်လေးကိုလည်း ရှာဖွေ ဝယ်မိခဲ့ရသည်။

သူ မွေးပွင့်ငယ်ကို ကြည့်တော့ စာအုပ်လေးကို စာယုတာယ ဖွင့်ကြည့်နေတာ မြင်ရတာမို့ ရင်ထဲ ကျေနပ်သွားရသည် ပေါ့။ သူ ဝယ်လာသမျှ စာအုပ်တွေတိုင်းကို မွေးပွင့်ငယ် ထိုသို့ပဲ အမြတ်တနိုး ရှိတာတော့ အမှန်။

"အားနာလိုက်တာ ဆရာရယ်"

ဟု ခပ်တိုးတိုး ပြောပြီး သူ့ကို ကြည့်လာသည့် အခိုက်။

"နောက်ကို မပြောနဲ့၊ အဲဒီ အားနာတဲ့ စကားကို ဟုတ်လား"

ဟု အစ်ကိုကြီး ဟန်ဖြင့် သူ တားမိရပါ၏။

"ဆရာက မွေးပွင့်ငယ်ကို အောင်မြင်မယ့် စာရေးဆရာမ တစ်ယောက်အဖြစ် မြင်နေလို့လားဟင်၊ ဒီလောက်တောင် စာအုပ်တွေ ဝယ်ပေး ကူညီပေးတာ"

မထင်မှတ်ဘဲ မေးလာသည့် မေးခွန်း။

သူ မွေးပွင့်ငယ်၏ မျက်နှာလေးကို တစ်ချက် စိုက်ကြည့်မိသည်။ ဤမိန်းကလေး၏ မျက်ဝန်းလေးတွေမှာ အားငယ်ရိပ်ကို သူ မြင်ရသည်။ ဟုတ်သည်။ စာပေနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကြီးသူတစ်ယောက်၏ ကြိုးစားရဆဲ ကာလမှာ တွေ့မြင်ရတတ်ပါသည့် အားငယ်မျက်ဝန်းရိပ်။

သူ ကိုယ်ကို ကိုင်းလိုက်ကာ ...

"ဟုတ်တယ်၊ မမွှေးပွင့်ဟာ တစ်နေ့ အောင်မြင်မယ်၊ မလွဲမသွေ အောင်မြင်မယ်လို့ ကိုယ် ယုံတယ်၊ မမွှေးပွင့်ရဲ့ စာတွေကို ကိုယ် ဖတ်နေတာပဲ"

သူ ယုံကြည်ချက် အပြည့်ဖြင့် ပြောတော့ မွှေးပွင့်ငယ်၏ မျက်ဝန်းလေးတွေ ရွှန်းတောက်လာသည်။

"မမွှေးပွင့်ကို စိတ်ချမ်းသာအောင် ပြောပေးနေတာလား ဆရာ"

သူ ရင်ထဲမှာ မကောင်းနိုင်။ မွှေးပွင့်ငယ်၏ ရင်ထဲမှာ ရှိနေသည့် အားငယ်မှုလေးများကို သူ ပို၍ တွေ့မြင်နားလည်လာရသည်။

သူ ခေါင်းယမ်းလိုက်မိကာ ...

"ဘာလို့ အဲသလို ကိုယ့်ကို မေးတာလဲ မမွှေးပွင့်၊ ကိုယ့်မှာ အဲဒီသဘောမျိုးပါတဲ့ အပြုအမူမျိုး မမွှေးပွင့်အပေါ်မှာ လုပ်ခဲ့ဖူးတာများ ရှိခဲ့လို့လားဟင်"

သူ ကလေးတစ်ယောက်ကို စိတ်ရှည် လက်ရှည် မေးသလို မေးတော့ မမွှေးပွင့် ခေါင်းလေး ယမ်းပြလာလျက် ...

"အို ... အဲလိုသဘောနဲ့ မေးတာ မဟုတ်ပါဘူး ဆရာရယ်"

ဟု ပျာပျာသလဲလေး ကမန်းကတန်း ပြောလာ၏။

မွှေးပွင့်ငယ်၏ မူရာလေးများ အားလုံးသည် ချစ်ခြင်းနှီးမှုယ်အတိ ဖြစ်နေရသည်မို့ တမြတ်တနိုးပဲ သူ ငေးစိုက်ကြည့်မိရသည်ပါပဲ။



"ဒီလိုပါ ဆရာ၊ ဒီအနီးဝန်းကျင်ကတော့ မမွှေးပွင့်ကို စာရူးပေရူးလို့ သတ်မှတ်ကြတယ်၊ အများအားဖြင့်ပေါ့ ဆရာ၊ ခင်ခင်တို့ကတော့ မပါဘူးပေါ့၊ အဲသလို မမွှေးပွင့်ကို မဖြစ်စလောက်လေးနဲ့ပဲ စာပေလောကမှာ ဝတ္ထုတိုလေးတွေ ဟိုတစ်စ သည်တစ်စလောက်ပဲ ပါနေမယ်၊ နောက်တော့လဲ ပျောက်သွားမှာပဲလို့ ထင်နေကြတာ"

မျက်နှာလေး ညှိုးမျော့ကျလျက် အသံတုန်တုန်လေးဖြင့် မွှေးပွင့်ငယ် ပြောတော့ သူ ဘယ်လိုမှ တင်းမထားနိုင်။ လက်ခနဲ ထ,ရပ်လိုက်မိလျက် မွှေးပွင့်ငယ်၏ ဘေးတွင် မားခနဲ သွားရပ်မိကာ ...

"အဲဒီလို အားမငယ်ရဘူးလေ"

သူ့အသံက အရမ်းကို တည်ငြိမ်နူးညံ့နေသည်။

ဖျောင်းဖျနားဝင်အောင် ပြောသည့် လေသံတွေ ပြည့်လျှံနေသည်။

"မမွှေးပွင့်မှာ အရည်အချင်း ရှိနေတာပဲ၊ အဲဒီ အရည်အချင်းကို ယုံကြည်ထားရမယ်၊ ကြိုးစားရမယ်၊ ဘာလို့ မမွှေးပွင့်ဟာ အောင်မြင်တဲ့သူတစ်ယောက် မဖြစ်ရမှာလဲ ဖြစ်ကိုဖြစ်ရမယ်၊ မမွှေးပွင့်မှာ အရည်အချင်းတွေ ရှိနေတာပဲ၊ အစက မမွှေးပွင့်ရဲ့ စာတွေကို ကိုယ် မဖတ်ဖြစ်ဖူး၊ ဒါ အမှန်အတိုင်း ပြောတာ၊ ဒါပေမဲ့ ခု ဖတ်တယ်၊ ဖတ်တော့လဲ မမွှေးပွင့်ရဲ့ အရည်အသွေးကို ကိုယ် မြင်တယ်၊ မမွှေးပွင့်ဟာ စာရေးလဲ ကောင်းတယ်၊ အတွေးအခေါ်လဲ ကောင်းတယ်၊ စာရေးဟန်လဲကလဲ မမွှေးပွင့်ရဲ့ စာကို မောင်နဲ့နှမ သွားအမီ အတူ ဖတ်လို့ရတဲ့ စာမျိုးဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ်ကို ညွတ်ကိုင်းလိုက်မိလျက် ...

"လူတစ်ယောက်ရဲ့ ကံကြမ္မာကို ဘယ်သူမှ မသိနိုင်ဘူး အဆုံးစွန် ကာယကံရှင် ကိုယ်တိုင်တောင် မသိနိုင်ဘူး မမွှေးပွင့် မှန်းဆ ကြည့်တယ်ဆိုတာကတော့ အမျိုးမျိုး ရှိကြတာပေါ့၊ မမွှေးပွင့်ကို အထင်သေးတဲ့ သူတွေကတော့ မမွှေးပွင့်ဟာ အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက် မဖြစ်နိုင်ဘူးလို့ ထင်မြင်ကြမယ်၊ ဒါပေမဲ့ မမွှေးပွင့်ရဲ့ အရည်အသွေးကို သိတဲ့သူကျတော့ အဲသလို မမြင်ဘူး အောင်မြင်မယ်လို့ပဲ မြင်ကြတယ်၊ ဒါ ... မောင်မောင်က ဒီလိုပဲ မြင်တယ်၊ ကိုယ်လဲ မြင်တယ်"

သူ ပြောပြီး အားပေးသော အပြုံးကို ပြုံးပြမိပါ မမွှေးပွင့်ကို စိတ်ချမ်းသာစေချင်သည်။ အားတက်ကြည်နူးစေ သည်။ တကယ်လည်း မွှေးပွင့်ငယ်၏ အနာဂတ်ကို တိုးတက်အော မြင်ခြင်းဖြင့်ပဲ ရှိစေချင်သည်။

ထူထဲသော မျက်တောင်ကော့များ ဝန်းရံခရာ မျက်ဝ အိမ်သည် မော့၍ အတန်ကြာ သူ့ကို ကြည့်၏။ တကယ် ပြော မှ ဟုတ်ရဲ့လား ဆိုသည့် ခွဲခြမ်းစိတ်ဖြာကြည့်၊ အားငယ်စိတ် မဝံ့မရဲစိတ် ဖြစ်နေရှာပါသော မိန်းကလေး။ မယုံမရဲစိတ် ဖြစ် ရှာပါသော မိန်းကလေး။ အားပေးစကားကြောင့် ဝမ်းသာအား ရိပ်ကိုလည်း သူ မြင်ရသည်။ နောက် မယုံမရဲနှင့် အားငယ်ရိ လည်း သူ မြင်ရသည်။

"ဆရာက မွှေးပွင့်ကို အထင်ကြီးတယ်ပေါ့ ဟုတ် ဟင် ... မမွှေးပွင့်ရဲ့ အရည်အချင်းကိုလေ"



မေးပုံလေးကိုက ကလေးလေးကို ဖြူစင်ရိုးစင်းနေသည် ပဲ။

သူ မြတ်နိုးသနားစိတ်ဖြင့် ငုံ့မိုးကြည့်လျက်မှ ...

"ဟုတ်တယ် ... ကိုယ် အထင်ကြီးတယ်"

ဟု တိုးတိုးလေး ဖြေမိသည်။ မန်ကျည်းရိပ်ဆီမှ အေးက တနော့နော့ ဝင်လာနေဆဲ။ ခန်းဆီးစဖြူဖြူသည် လှုပ် ခတ်ခတ် ရှိနေ၏။

"ဒါကြောင့် ကိုယ် မမွှေးပွင့်အတွက် လိုအပ်မယ် ထင်သမျှ၊ မမွှေးပွင့် မြတ်နိုးမယ် ထင်သမျှ စာအုပ်လေးတွေကို ဝယ်ဝယ် လာပေးမိတာပါပဲ"

မွှေးပွင့်ငယ် ဖျတ်ခနဲ ခေါင်းလေး ငုံ့ချလိုက်ကာ လေးကို ဖွင့်သည်။ စာရွက်လေးများကို လှန်သည်။

နောက် ... ခေါင်းလေး မော့ကြည့်လျက် ...

"ဒါဖြင့် အမှတ်တရပေးတဲ့ ဒီစာအုပ်တွေမှာ ဘာလို့ ဆရာ လက်မှတ် မပါတာလဲ ဟင်"

သိချင်စိတ်လေးကို လွှတ်ခနဲ ဖွင့်ချမေးမိလိုက်ပါပြီ။

"မမွှေးပွင့် မကြိုက်မှာ စိုးလို့ပါ"

သူ ဖြေပြီး ခါးကို ပြန်မတ်သည်။ ပြတင်းရှိရာ ကို လျှောက်၍ ကျောပေးလိုက်ကာ မွှေးပွင့်ငယ်နှင့် မျက်နှာ ခြင်း အနေအထားဖြင့် ရပ်သည်။

"ကိုယ် ပေးလိုက်တဲ့ စာအုပ်လေးတွေတိုင်းဟာ မမွှေးပွင့် ကို စိတ်ချမ်းသာမှုပဲ ဖြစ်တည်စေချင်တယ်လေ၊ ကိုယ် လက်မှတ်ထိုးပေးခဲ့မိရင် အဲဒီ စာအုပ်ကို ဖတ်တိုင်း ဒီလက် ကြောင့် စိတ်အနှောင့်အယှက် ဖြစ်မှာစိုးတယ်၊ ဥပမာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ကို ဒီစာအုပ် ပေးဖတ်ရင်တောင် အဲဒါ ဘယ်သူက ပေးတာလဲ ဘာ ... ညာ မေးလာရင် မမွှေးပွင့် ဖြေနေရတဲ့အတွက် စိတ်ရှုပ်မှာစိုးတယ်"

သူ မွှေးပွင့်ငယ်၏ ပျောင်းနွဲ့နန်းဆန်သော အလ လေးများကို ငေးကြည့်ရုံ သက်သက်မျှ မြတ်နိုးစွာဖြင့်ပဲ ကြည့်ေ မိရပါ၏။

"ကိုယ့်အတွက်ကြောင့် မွှေးပွင့်ငယ်မှာ တစ်ခုခု စိတ်ရှု စရာ ဖြစ်မှာ စိုးလို့ပါ"

ပြောပြီး မွှေးပွင့်ငယ်ထံသို့ သူ လျှောက်လာမိသည် ငုံ့မိုး၍ ကြည့်သည်။

"ကိုယ် ပြောခဲ့တယ်နော်၊ အမှတ်တရအဖြစ် ပေးတယ်ဆို လေ၊ အဲဒီ အမှတ်တရ ဆိုတဲ့ ခံစားမှုဟာ ကိုယ့်လက်ရေ ကို အဲဒီ စာအုပ်မှာ ရေးထိုးတာမှ မမွှေးပွင့်ရဲ့ ရင်ထဲ ဖြစ်တည်ခံစားစေမှာ မဟုတ်ပါဘူးကွယ်၊ တကယ် မမွှေးပွင့်ရဲ့ ရင်ထဲမှာ ဒီစာအုပ်လေးတွေမြင်တိုင်း ကိုယ် အမှတ်တရ ဖြစ်နေပြီ ဆိုရင်ပဲ လုံလောက်ပါပြီ၊ အမှတ် ဆိုတာကို ... ခံစားမှုဆိုတဲ့အရာ ... နှလုံးသားစိတ် ... အ တွေကသာ တည်မြဲဖြစ်တည်စေနိုင်တာပါ၊ အဲသလိုပဲ ကို ယုံကြည်တယ်"

သူ အရမ်း စိတ်တွေ လှုပ်ရှားလာသည်။ ရင်ထဲ မွှေးပွင့်ငယ်ကို ချစ်နေမိတာတွေပဲ ရှိနေသည်။ အရိပ် တကြည့်ကြ မြတ်နိုးထားလိုစိတ်တွေပဲ ပြည့်သိပ်နေသည်။

"ဘာလို့ အရာရာမှာ အဲသလောက် ကိုယ် အလေးအ ဖြစ်နေရလဲ ကိုယ် ပြောပါရစေတော့ မမွှေးပွင့်"



သူ့အသံတွေ အရမ်းကို လှုပ်ရှားတုန်ခါနေကြတာကို သိနေသည်။ မွှေးပွင့်ငယ်၏ ခေါင်းလေး အရမ်းကို ငုံ့ကျသွားတာ ကို လက်ဖျားဖြင့် ပေးမော့လိုက်ချင်သည်။

ဒါပေမဲ့ သူ ကိုယ်ကို ကိုင်းညွှတ်ရုံပဲ ငိုက်ချလိုက် ချက် ...

"ကိုယ် မမွှေးပွင့်ကို မြင်မြင်ချင်း မြတ်နိုးမိလို့ပါပဲ"

ရင်တွင်းမှ သစ္စာစကားကို သူ ပြောမိလိုက်ရပါပြီ ည်း။

မွှေးပွင့်ငယ် ရုတ်ခြည်း ထရပ်လိုက်တော့ သူ တားမလို က်ကာလိုက်မိသည်။

မွှေးပွင့်ငယ်၏ လက်ဖျားကိုမျှ မထိ။

အရမ်းကို ရှက်စိတ် ကဲနေမှန်း နီးမြန်းနေသော နုနုလေးကို မြင်လိုက်ရတာနှင့် စိတ်ကို အနိုင်ပြန်ထိန်းကာ ကို နောက်ဆုတ်ပေးလိုက်မိရပါပြီ။

ကယောင်ကတမ်း ပုံလေးဖြင့် ကော်ဖီ ဖန်ခွက်ကို က်သိမ်းကာ ခြေလှမ်းကျဲလေးဖြင့် အပြေးတစ်ပိုင်း ဆေးခန်း ဆီသို့ မွှေးပွင့်ငယ် လျှောက်သွားသည်ကို နောက်မှ မရွေ့မလျား ကြည့်မိရပါပြီ။ ရင်ထဲတွင် အရမ်းကို ယူကျုံးမရ ဖြစ်သွားရ ည်။

ယခုလို ကိုယ့်ဆေးခန်း နေရာလေးမှာ တကူးတက ခွက်လေးနှင့် ရောက်လာပါသည့် မိန်းကလေး။ သူ၏ လွန်းသူလေးကို ရင်ထဲ ရှိတာ ဖွင့်ပြောလိုက်မိခြင်းလောက် တာမရှိမှန်း အလိုလို နားလည်လာရလေ ယူကျုံးမရ ဖြစ်ရလေ။

"မမွှေးပွင့်"

www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ချက် လှမ်းခေါ်လိုက်မိသည်။ မမွေးပွင့် တစ်ချက် လှည့်ကြည့်ခိုက်မှာ ချုံးချုံးကျ စိတ်ထိခိုက်နေသည့် အသွင်များကြားမှ ...

"ကိုယ် မှားသွားတယ် မမွေးပွင့်၊ ဒီစကားကို ကိုယ် မပြောသင့်ဘူးဆိုတာ နားလည်သင့်တယ်၊ ဒါပေမဲ့ အဲဒီစကားဟာ အခွင့်အရေးယူတဲ့စကား မဟုတ်ဘဲ သစ္စာစကား ဆိုတာကိုတော့ ယုံကြည်ပါ မမွေးပွင့်ရယ်"

သူ မျက်နှာ အပျက်ပျက်နှင့် စိတ်ထိခိုက်သမျှကို ထိန်းမရနိုင်စွာ ခံစားရင်း ပြောမိခြင်းပါ။

ကုလားထိုင်တွင် သူ ထိုင်ချလိုက်သည်အထိ မွေးပွင့်ငယ် သူ့ကို တစ်ချက် ငေးကြည့်နေဆဲ။ ဆံစများတွင်းသို့ လက်ချောင်းများကို ထိုးသွင်းလိုက်စဉ်ခိုက် မွေးပွင့်ငယ် ဆေးခန်းစလေကားထစ်လေးများကို ဖြတ်နင်းကာ အပြေးတစ်ပိုင်း ဆင်းသွားတာကို သိနေရသည်။

ရင်ထဲတွင် ကြေကွဲနေရတာတွေပဲ ရှိနေသည်။

သူ သိနေရသည်။ ဟုတ်သည်။ သူ သိနေရသည်။ မွေးပွင့်ငယ် သူ့မေတ္တာကို ယုံကြည်ရဲဟန် မတူ။ ယုံကြည်ရဲပုံလည်း မရ။

ဤကတည်းက သူသည် ဆုံးရှုံးကြေကွဲခြင်းဆိုတာကို ပိုင်ဆိုင်လိုက်ရချေပြီတကား။

ကော်ဖီကြမ်း ဖန်ခွက်လေးနှင့် ရောက်လာခိုက် ခံစားလိုက်ရသော ကြည်နူးမှုလေးသည်လည်း အကွဲကွဲ အစိပ်စိပ် ပြိုလျက် လွင့်ပါးသွားခဲ့ပြီ။



မင်းကို ချစ်မြတ်နိုးနေရတဲ့ ကာလတွေ၊ ချစ်မြတ်နိုးမှုတွေကို ကြာရှည် ဘယ်လို ထိန်းထားနိုင်ပါတော့မလဲ မမွေးပွင့်ရယ်။

မင်းဆီက ကြင်နာဂရုစိုက်မှုလေးကို တစ်ချက်လေး ရလိုက်တာနဲ့ ငါ့ အရမ်းကို ကြည်နူးသွားမိလိုက်တယ် မမွေးပွင့်ရယ်။ ကိုယ်လက်တွေ ကိုက်ခဲနေတဲ့ ငါ့ကို ဂရုတစိုက်နဲ့ ဆေးနဲ့သောက်ဖို့ ကော်ဖီကြမ်းတစ်ခွက် ဖျော်ပေးလိုက်ရုံနဲ့ ငါ့ရင်ဟာ အရမ်းကို ကြည်နူးသွားမိတယ်။

မင်းရဲ့ ကိုယ်နွဲ့နွဲ့လေး ငါ့ ဆေးခန်းထဲ ဝင်လာတာတွေ့တော့ ငါ မမျှော်လင့်ရဲခဲ့တဲ့ အဖြစ်လေးကို မြင်လိုက်၊ ပိုင်ဆိုင်လိုက်ရတာမို့ အရမ်းကို ဝမ်းသာသွားမိတယ်၊ ရင်ထဲမှာ ကြည်နူးပြီးအေးသွားမိခဲ့တယ်၊ မင်း ငါ့ကို ဂရုစိုက်ပါလားဆိုတဲ့ အတွေးနဲ့ပါ။

အဲဒီအတွေး၊ အဲဒီခံစားမှု၊ အဲဒီ ကြည်နူးပီတိတွေဟာ ငါ့ရင်မှာ ရှိနေတဲ့ ချစ်မြတ်နိုးမှုတွေကို ပွင့်ကန်တိုးထွက်လာစေခဲ့တာပါပဲ။

မင်းရဲ့ ရင်ထဲမှာ ခံစားနေတဲ့ အားငယ်မှုတွေကို ငါ ပျောက်သွားစေချင်ခဲ့တယ်၊ အားပေးနှစ်သိမ့်ရတဲ့ အဖြစ်ကိုလည်း ပိုင်ဆိုင်ချင်တယ်။ မင်းရဲ့ စာပေနဲ့ ပတ်သက်တဲ့ အားငယ်မှုတွေကို ငါ မြင်နေရတယ်။

မင်းကို ငါ့ရင်ထဲက ကရုဏာတွေ ကြင်နာမှုတွေ အကိုင်းအဆမရှိ ပေးဆက်နေချင်မိတယ်။

အဲဒီ အရာတွေဟာ ငါ့နှုတ်ဖျားဆီကို ရင်ထဲမှာ သိမ်းဆည်းထားတဲ့ တိတ်တခိုး အချစ်တွေ အားလုံး စီးမျော ပွင့်ထွက်လာစေတော့တာပါပဲ မမွေးပွင့်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ငါ မှားသွားတယ်။

မှားသွားတယ်လို့ ငါဦးနှောက်က အခု ငါ့ကို အပြစ်တင်နေတယ်၊ ဒါပေမဲ့ ဩော် ... ဒါပေမဲ့ မမှားပါဘူးလို့ အသနားခံနေတဲ့ အရာဟာ ငါ့နှလုံးသား ဖြစ်နေတယ် မမွေးပွင့်ရယ်။

❦ ❦ ❦



## ၁၁

စမ်းရေကြည်စက်လေးများ နှလုံးအိမ်ဆီသို့ စီးလျှံတိုးဝင်သည့်နှယ် ရုပ်ခြည်း ခံစားလိုက်ရသည်။ လဲလျောင်းလက်စကိုယ်သည် မတ်ခနဲ ဖြစ်လာလျက် ...

"ဟင် ... စမ်းယမုန်ကို မွေးပွင့်ငယ်တို့ ရောက်လာတယ်၊ ငါ့ကို မေးတယ် ဟုတ်လား"

အလောတကြီး မေးမိခြင်းသည် ကြည်နူးပီတိနှင့်အတူပါ။ ပျော်ရွှင်ခြင်းသည် သွေးကြောအနှံ့ တိုးဝင်နေသည့်နှယ်ပါ။

အိပ်ရာထက်တွင် တံတောင်ဖြင့် ထောက်လျက် အနေအထားဖြင့်ပင် ကမန်းကတန်း မေးလာသည့် သူ့ကို ပြုံးစိစိ ကြည့်လျက်မှ ...

"ဩော် ... ထိုင်မိတဲ့အထိလေးတောင်မှ မစောင့်နိုင်တော့ဘဲ စပ်ကူးမတ်ကူး ကာလလေးမှာပဲ မေးရသတဲ့လား မိုးပိုင်ရာ၊ သေချာလေးများ ထိုင်စမ်းပါဦး"

လှဲနေခြင်းမမည်၊ ထိုင်နေခြင်းလည်း မရောက်သေးသော တံတောင်ထောက်လျက် အနေအထားကို သူ ရှက်အမ်းအမ်းဖြင့် သတိထားမိလျက် အိပ်ရာထက်မှာ ထိုင်လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦးကွာ၊ မမွှေးပွင့်တို့အကြောင်း"

ဟု မေးမိရပြန်သည်။ ကြားချင်ဇောသည် ဟန်ဆောင်ခြင်း ဆိုသောအရာကို ဖျက်ဆီးပစ်နိုင်စွမ်း ရှိချေသည်ပဲ။ ဟုတ်သည်။ မွှေးပွင့်ငယ်နှင့် ပတ်သက်လျှင် သူ ဘာဆိုဘာမျှ ဟန်ဆောင်နိုင်ခြင်းငှာ မစွမ်းသာသည့်အဖြစ်။

ယခုလည်း ဖျားနေသည့်ကြားထဲမှ ကြည်နူးနေရလေသမျှ မျက်နှာကို လန်းသွားရချေသည်ပါပဲ။

"အင်း ... ကာယကံရှင်အတွက်ကတော့ ပီတိချိုချဉ်ခဲကြီးပါးစပ်ပြည့် ငုံထားရသလို ဖြစ်ပေမယ့် ဘေးလူအမြင်မှာတော့ မြင်ပြင်းကတ်ဖို့ ကောင်းနေတဲ့ ကိစ္စပဲ၊ ဘယ့်နှယ်ကွာ၊ ဆေးထိုးဆေးစားဆိုတဲ့ နေရာမှာ နလုံးအထူးကု သမားတော်လဲဖြစ်၊ အဖေအရင်းခေါက်ခေါက်ကြီးလဲဖြစ်တဲ့ သူကိုယ်တိုင်က ကုနေတာ၊ အဲဒါကိုကျတော့ တော်တော်နဲ့ ဒီအဖျားက မကျချင်ဘူး၊ ဟော ... လူတောင် မမြင်လိုက်ရသေးဘဲနဲ့ သတင်း လာမေးသွားတယ် ဆိုတဲ့ အဆင့်နဲ့တင် လူက ထူထောင်ချင်နေပြီ အမြင်ကို ကတ်ရော"

ပြောသာပြောခြင်းပါ။ ဆေးပေါ့လိပ်ကို ရှိုက်ဖွာရင်း ခေါင်းဆတ် လည်ခါအလုပ်ကို တစ်ပြိုင်တည်း လုပ်နေသည့် မောင်မောင်၏ မျက်နှာကြီးကတော့ ပြုံးနေသည်ပါပဲ။

သူ တစ်ချက် ရယ်သည်။ မလုံမလဲ အရယ်ပါ။

တကယ်လည်း မောင်မောင် ပြောသမျှ ဟုတ်နေသည်ပါပဲ။

သူ တော်တော်နှင့်ကို အဖျားမကျနိုင်ဘဲ ဖြစ်နေတာ အမှန်။



တကယ်တမ်းကဲ ရင်ထဲမှာ ထိနိုက်ခံစားနေရတာလည်းပါသည်။ ကြေကွဲနေမိရတာလည်း ပါသည်။

မွှေးပွင့်ငယ်ကို သူ ချစ်မြတ်နိုးရလေသမျှ ရင်ထဲမှာ သိုသိပ်ထားခဲ့ဖို့ကောင်းသည်။

ဒါပေမဲ့ သူ ဖွင့်ပြောမိခဲ့သည်လေ။

အပြေးတစ်ပိုင်း သူ့အပါးမှ ထွက်ခွာသွားသော မွှေးပွင့်ငယ်၏ မျက်ဝန်းတွေထဲမှာ စိုးရိမ်ကြောက်ရွံ့ခြင်း ဆိုတာကိုပဲ သူ မြင်လိုက်ရသည်ဟု နားလည်သိမြင်ထားခဲ့ရသည်ပဲ။ ဤနောက်တွင်တော့ သူ့ရင်ထဲမှာ နှိပ်စက်ခံစားနေစေသည်က ... မျှော်လင့်ချက်ကုန်ဆုံးလိုက်ရသူတစ်ဦး၏ ဝေဒနာ။

ထိုဝေဒနာသည် သူ ခံစားရသော အဖျားကို ပို၍ဆိုးရွားစေခဲ့သည့်ထင့်။

"ငါ မွှေးပွင့်ငယ်ကို ဆုံးရှုံးခံလိုက်ရပြီလား သူ့မျက်ဝန်းတွေထဲမှာ ငါ မြင်လိုက်ရတာတွေဟာ ရှက်စနိုးခံစားရတဲ့ အရိပ်တွေ မဟုတ်နေဘူး၊ သူ ငါ့ကို လုံးဝ မချစ်ဘူးလို့ ငါနားလည်နေရတယ်၊ ငါ ဘယ်လောက်ပဲ ချစ်ချစ် သူ ငါ့ကို တုံ့ပြန်မချစ်ဘူးဆိုရင် သူနဲ့ ငါဟာ ဝေးဖို့ပဲ ရှိရတော့မှာပေါ့၊ သူ လက်မခံနိုင်ဘူးဆိုတာ သိနေရပြီးတဲ့နောက်မှာ ငါ့ အချစ်တွေကို ထပ်ပြီး ဖွင့်ဟပြောဖို့လဲ မကောင်းတော့ဘူး၊ ဒီလိုဆိုရင် ငါ ဒီလိုပဲ ဆုံးရှုံးခံအချစ်နဲ့ပဲ နေသွားရတော့မှာပေါ့"

သူ အစဉ်အမြဲ တွေးရင်း ချောက်ချားခြင်းနှင့်အတူ ကြကွဲ ခံစားနေရခဲ့ရသည်မှာ ဖျားနေစဉ်ကာလတစ်လျှောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ နေ့မှာလည်းနေ့၊ ညမှာလည်းည သူ ချောက်ချောက်ချားချား ဆောက်တည်ရာမဲ့ ခံစားနေရသည်ပါပဲ။

တိတ်ချက်သားကောင်းနေသော သူ့ကို မောင်မောင် ကြည့်သည်။

"ဒါတောင် နှလုံးအထူးကုသမားတော်ကြီး ကိုယ်တိုင် ကုနေတာ၊ အဖျားကို ကုတာတော့ ဟုတ်တာပေါ့၊ နှလုံးသား ရဲ့ ရောဂါရှင်က ခပ်တင်းတင်းပဲ၊ ပပကယ်မှ ပျောက်မယ် လေး ... ပျောက်မယ်လေးဆိုပြီး ဖြစ်နေတာ"

"မင်းကလဲကွာ"

မျက်နှာ ပျက်ပျက်နှင့် သူ ပြောပြီး ခေါင်းအုံးကို နှတင် ခေါင်းရင်းမှာ ထောင်လိုက်လျက် ကိုယ်ကို ပစ်မှီလိုက်သည်။

မမွှေးပွင့်ရယ်။ ဘာမှလဲ မစားချင်။ အိပ်လို့လည်း မပျော်နိုင်။ မင်းကို သိပ်ချစ်တဲ့ အချစ်တွေကိုလည်း ရင်ထဲက ဘယ်လိုမှ နှင်ထုတ်လို့ မဖြစ်နိုင်။ နှင်ထုတ်ပစ်ဖို့လည်း စိတ်မကူးရက် နိုင်။ ချစ်မိတာကို ဖွင့်ပြောမိလေခြင်းလို့ နောင်တနဲ့ ယူကျုံးမရ စိတ်တွေဖြစ်။

အားလုံးဟာ ငါ့ကို ဆောက်တည်ရာမဲ့ ခံစားနေစေ ခဲ့တယ်။ ခံစားနေစေမြဲလည်းဖြစ်တယ်။ ဩော် ... ခံစားနေစေဦးမှာ လည်း ဖြစ်ပါတယ်ကွယ်။ အစားအသောက်က အစ ပျက်နေ စိတ်ဓာတ်လည်း ကျဆင်းနေတဲ့ ငါ့ကို ငါ့အဖျားကို ဘယ်လို ဆေးဝါးတွေက သက်သာစေနိုင်ပါတော့မလဲ။

"ကြည့်ကို့ကို မရချင်တော့ဘူးကွာ၊ ဒါက ဘယ်လို ဖြစ်သွား ရတာလဲ ငှငှိုင်ငိုင်နဲ့"



သူကြည့်တော့ တကယ်လည်း မောင်မောင် သူ့ကို ကြည့်ရပုံ မပေါ်။

ဆေးပေါ့လိပ်ကို ဖွာ၍ မျက်ခုံးကြီး ရှုံ့တွန့်၍ ကြည့် သည်။

"ငါ့မှာ စမ်းယမုန်က စောစောပြန်ခဲ့ရတယ်၊ အိမ်က ငါ့မိဘ နှစ်ပါးတောင်မှ သူ့သားအရင်းကြီး ထူးဆန်းလှချေလားလို့ ထင်နေတယ်၊ ငါ စောစော အိမ်ပြန်ရောက်လို့တဲ့၊ သူတို့နဲ့ ထမင်း စောစောဝင်စားဖြစ်လို့တဲ့၊ အဲသလိုတောင် ရှိနေတဲ့ ငါ့ကို မင်းက ပထမ ဝမ်းပန်းတသာ ဝေါက်ခံနဲ့ ထထိုင်ပြီး ကြည့်တယ်၊ အဲ ... ဒုတိယခေါင်းအုံးကို ကျောမှီပြီး အလွမ်း သမား အိုက်တင်ခံပြတယ်၊ တတိယ ဘာတစ်ခွန်းမှ စကား မပြောတော့ဘဲ အင်္ဂတေနဲ့ ပါးစပ်ကို အသေပိတ်ထားသလို နေပြတယ်၊ စတုတ္ထ အဲဒါကြောင့် မင်းကို ငါ အမြင်ကတ်ခြင်း ဆိုတဲ့ အဆုံးအဖြတ်ကို ဖြစ်ပေါ်လာစေတယ်"

ပြောပြီးတော့ မောင်မောင် ထရပ်သည်။

"အဲဒါကြောင့် ပဥ္စမ ..."

အချက်အလက် နံပါတ်စဉ်တွေနှင့် ပြောနေသမျှ သူ ငြိမ်သက်နားထောင်နေသည်ပါပဲ။ မောင်မောင်က ဟန်ပါပါ.မျက်မှန် ကို ပင့်သည်။ ရင်ကို ကော့သည်။

အရေးမစိုက်သလိုဟန်ပန်ကို ဖန်တီးလျက် ...

"အဲဒါကြောင့် ပဥ္စမ ငါ ပြန်တော့မယ်"

တကယ်ပဲ ပြန်တော့မည်လုပ်တော့ ကမန်းကတန်း ဒူ တားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နေစမ်းပါဦး၊ စောစောက မင်း ပြောတာ အမှန်ပဲ လား၊ မမွေးဖွင့် လာတယ်ဆိုတာလေ"

"ဟ ... မင်းကို လိမ်ရအောင် မင်းက ဘာမို့လို့လဲ၊ ငါက မင်းကို ကြောက်ရတဲ့ သူမို့လား မှတ်ထား၊ ငါက ငါ ကြောက်ရတဲ့ သူတွေကိုပဲ လိမ်တယ်၊ မကြောက်ရတဲ့သူကို မလိမ်ဘူး၊ ဥပမာ ငါ့ကားကိစ္စကိုကြည့်၊ ကားကို ငါ့ပယောဂ နဲ့ ခေါင်းချိုင့် ဒေါင်းပွတ် နောက်ပိန်တွေ ဖြစ်သွားတဲ့အခါမျိုး မှာ ငါ ကြောက်ရတဲ့ ငါ့မိဘကို ဒက်ဒီရယ်၊ မေမေရယ်၊ တိုက်က ကောင်လေးတွေ ယူမောင်းရင်း ဖြစ်သွားတာပါ၊ ကုန်ကျစရိတ်ကို သူတို့ချော အကုန်အကျ ခံပေးပါ့မယ်၊ ထုတဲ့ ပြင်တဲ့ ဝပ်ရှော့ကိုလဲ သူတို့ သွားပေးပါ့မယ်လို့ ပြော ရှာပါတယ်"

ဆေးပေါ့လိပ်ကို ဖွာခြင်းကိစ္စ ရပ်တန့်ထားလျက် ဟန်အပြည့်ဖြင့် ပြောနေသည့် မောင်မောင် ပြန်ထိုင်၏။

"အဲ့သလို လိမ်ပြောတယ်၊ အဲဒါ ဒက်ဒီနဲ့ မေမေ့ကို ကြောက် ရတာကိုး၊ ငါ့မိဘကလဲ တခြားလူ လုပ်တာဆိုရင် ခွင့်လွှတ် သေးတယ်၊ ငါ လုပ်လို့ ဆိုရင်တော့ ဒီဘိုကေဘုတ်သိုက်ကို မေမေက ဆွဲတယ်၊ ဒက်ဒီက တစ်ချက်တော့ နားရင်းအုပ် တယ် ... အဟဲ"

အပြည့်အစုံ ရှင်းတမ်းထုတ်ပြီး သကာလ မောင်မောင် ပြန်ရပ်သည်။ မူလဟန်အတိုင်း မျက်ကြောတင်း၍ ရင်ကိုကော့သည်။

"ဒါကြောင့် မင်းကို ငါ ဘာမှညာပြောစရာ မရှိဘူး၊ ဒါပေမဲ့ ဝမ်းသာစရာ လာပြောပြလို့မှ ကြာရှည် ဝမ်းသာမပြနိုင်လောက် အောင် ကြီးလေး ကျယ်လေး လုပ်နေတဲ့ မင်းကို မြင်ပြင်း



ကတ်လာလို့ ကြာရှည်သည်းခံပြီး မင်းမျက်ခွက်ကို ကြည့်မ နေတော့ဘူး၊ ဒါကြောင့် စောစောက ပဌမအချက်အတိုင်း ငါ ပြန်မယ်"

တကယ့်ကို ကျွဲမြီးလည်း တိုနေပုံရသည့် မောင်မောင့် ကို သူ ကမန်းကတန်း လက်ဖမ်းဆွဲထားလျက် ...

"ဟေ့ကောင် ... နေပါဦးကွ၊ စောစောက မင်း ပြောတော့ ဖြန်းခနဲ ငါ ယုံသွားပဲကွ၊ နောက်မှ မယုံဘဲ ဖြစ်သွားမိတာ ပါကွာ၊ အဲဒါကလဲ အကြောင်းရှိလို့ပါ"

သူပြောတော့ မောင်မောင် မျက်ခုံးကြီးပင့်လျက် ...

"ငါ့လက်ကို လွှတ်နော်၊ ငါ အော်လိုက်ရင် လက်ဆွဲမှုနဲ့ ဒုက္ခရောက်သွားမှာ"

ဟု ဆက်နောက်နေသေးသည်။ ပြီးမှ ထိုင်သည်။

"ဆိုစမ်းပါဦး၊ မင်းကို ငါက အလုပ်က စောစောပြန်ပြီး လာနောက်နေတယ်လို့ ထင်ရတဲ့ကိစ္စ ... မင်း ပုံစံက ငါက အားအားယားယား အချိန်တွေ အလဟဿ ဖြစ်ခံပြီး မင်း ကို တကူးတက လာနောက်နေတယ် ဆိုတဲ့ပုံမျိုး ဖြစ်နေတယ်၊ ဒီမှာ ငါ ဆိုတဲ့ အယ်ဒီတာ မောင်မောင်ရဲ့ရင့်ဟာလေ ကမ္ဘာ့ အလုပ်အများဆုံး ဆယ်ဦးစာရင်းထဲမှာ တစ်ဦး အပါအဝင် ဖြစ်တယ်ဆိုတာ သိထားစမ်းပါ၊ မင်း ဒီလ မနေ့စာအုပ် မဖတ်ဘူးလား၊ အဲဒီထဲမှာ တော့ပ်တင်းထဲမှာ ငါ့နာမည်ပါ တယ်ကွ"

သူ သက်ပြင်းရှိုက်လျက် ...

"အဲဒါကြောင့် နင့်ကို ငါမယုံတာပေါ့ မောင်မောင်"

ဟု ညည်းညည်းညူညူ ပြောမိရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ရယ်သည်၊ လည်ချောင်း တစ်ချက် ရှင်းသည်။

"ကဲပါ ... မင်း စောစောက ပြောတဲ့ဉစ္စာ၊ ငါ လိမ်၊ အဲ ... နောက်တယ် ထင်ရအောင် ဘာကြောင့် ထင်ရတာလဲ၊ အဲဒါ အရင်ပြောပြီးမှ ငါပြောပြမယ်"

သူ အနေခက်သလို ခံစားရ၏။ တစ်ချက် မောင်မောင့်ကို လှမ်းကြည့်မိကာ ခေါင်းကို တစ်ဖက်သို့ မသိမသာ လွှဲလိုက်မိလျက် ...

"ဟိုနေ့က ငါ သူ့ကို ဖွင့်ပြောမိလိုက်တယ်ကွာ၊ ဘယ်လိုဖြစ်သွားမှန်းကို ငါကိုယ် ငါလဲ မသိတော့ပါဘူး မောင်မောင်ရာ၊ သူ့ကို ချစ်မြတ်နိုးနေတာတွေ ငါ ဘယ်လိုမှ ထိန်းမနိုင်တော့ဘဲ ဖွင့်ပြောလိုက်မိတယ်၊ အဲဒါ မှားပြီဆိုတာလဲ ချက်ချင်း သိခဲ့တာပဲ၊ ဒါပေမဲ့ ဘာတတ်နိုင်တော့မလဲ မောင်မောင်၊ သူ ငါ့ကို သိပ်ကြောက်သွားတယ် ထင်တယ်"

မောင်မောင် သူ့ကို ကြည့်နေတော့ သူ သက်ပြင်းရှိုက်မိသည်ပါပဲ။

"ကြောက်သွားအောင် မင်း သူ့လက်တွေ ဘာတွေ ကိုင်လိုက်သေးလား"

ခေါင်းပဲ ယမ်းပြမိ၏။

"အင်း ... မင်းကို ကြောက်တယ်လို့ရော သူက ဖွင့်ပြောသွားသေးလား"

ခေါင်းယမ်းပြသည့် သူ့ကို မျက်မှောင်ကြီးကြုတ်၍ ကြည့်လာလျက် ...



"နို့ ... မင်း ပြောတော့ သူက မင်းကို သိပ်ကြောက်သွားတယ်ဆိုကွ"

"သူ ချက်ချင်း၊ ငါ့ အနားက ထွက်သွားတယ်၊ ချက်ချင်းကြီးကွာ၊ ချောက်ချောက်ချားချားလဲ ဖြစ်နေတယ်လို့ ငါထင်တယ်"

သူ စိတ်ဓာတ်ကျဆင်းနေသမျှကိုလည်း မဖုံးကွယ်အားနိုင်။ ခေါင်းငိုက်ကျလျက် ပြောတော့ မောင်မောင် စိုက်ကြည့်ပြီး ခဏကြာတော့ ရယ်သည်။ ပထမ ခပ်တိုးတိုး။ နောက်တော့ အသံက ကျယ်လောင်လာသည်။

အိမ်မှာက မေမေလည်း မရှိ။ ဒက်ဒီလည်း ဆေးခန်းက ပြန်မရောက်သေး။

မေမေက ရတနာပစ္စည်းနှင့် အဝတ်အထည်များရောင်းရာ အနော်ရထာလမ်းမှ ဆိုင်ကြီးမှာပဲ ရှိနေသေးသည်။

ဒါကြောင့် မောင်မောင် တဟိုးဟိုးမြည်အောင် အော်ရယ်နေခြင်းပါ။

"အေး ... မှတ်ထားရမယ်၊ ငါ့ဟာသဝတ္ထုထဲကျရင် ဒီလိုအုတ်အုတ်ကြောင် ရည်းစားစကားပြောတဲ့ အခန်းကို ရေးရမယ်၊ မှတ်ကရောကွာ၊ ရည်းစားစကား အပြောခံရတဲ့ မိန်းကလေးက ပြောတဲ့ကောင်လေးရှေ့မှာ ပြုံးပြုံးလေးရပ်ပြီး ခေါင်းလေးမော့ အကြာကြီး ရပ်နေရမယ် ဟုတ်လား၊ မင်းပြောပုံက အဲသလို နေပေးရမလို ဖြစ်နေပြီ၊ မိန်းကလေးပဲကွ ရှက်မှာပေါ့၊ အနေခက်မှာပေါ့၊ ချက်ချင်း မပြန်လို့ တစ်လောကိုသိတင်းများ မင်းအနားမှာ ရေပုရေချမ်း ကပ်လုပ်ပြီး မင်း

www.burmeseclassic.com



ပြောသမျှ အချစ်စကားတွေကို ဘုတ်အုပ်လေးနဲ့ မှတ်မှတ်ပြီး နားထောင်ပေးရဦးမှာလားကွ ... ယော၊ ကျလဲကျတဲ့ကောင် ကွာ"

မောင်မောင် ခေါင်းယမ်းသည်။ စိတ်ပျက်လက်ပျက် ပုံဖြင့်လည်း သူ့ကိုကြည့်သည်။

"မင်း ဖျားနဲ့ဖျားပြီး အစားမစား ဘာမစား ဖြစ်နေတာ နည်းနည်းလေးမှ မသနားချင်ပေါင်၊ မေ့မြောပြီး ဆေးရုံတင် လိုက်ရရင် ပိုကောင်းမယ်၊ ဒီလောက် ငတုံး ဖြစ်နေမှတော့ သေသွားရင်တောင်မှ ငတုံးတစ်ယောက် လျော့တာပဲလို့ မှတ်လိုက်ဖို့ ကောင်းတော့တယ်၊ ရှိုးတဲ့မှ"

ဟု အပြစ်တင်၏။

"မဟုတ်ဘူး၊ ရုက်တယ် ဆိုတာနဲ့ ချောက်ချားတာ ... ကြော သွားတာ၊ အဲဒါကို ငါ ခွဲခြားတတ်ပါတယ်ကွာ၊ ရှက်လည်း ရှက်ရှာမှာပေါ့၊ ဒါပေမဲ့ သူ့ အရမ်းကို ချောက်ချားသွားတယ် လို့ ငါ ထင်တယ်"

သူ ထပ်ပြောတော့ မောင်မောင် သူ့ကို လှမ်းမြော ပြ၏။

"ထင်ကွာ ... ထင်ကွာ"

ကုလားထိုင်ကို ရှေ့ကိုရွှေ့ပြီးမှ ...

"ဒါပေမဲ့ ဒီနေ့ စမ်းယမုန်ကို မွှေးပွင့်ငယ်နဲ့ ခင်ခင် လာကြတာတော့ အမှန်ပဲ၊ စာမှလာပေးတာ မဟုတ် စာမှလည်း ပါမလာဘူး၊ တကူးတကကို လာတာ၊ မွှေး ငယ်လည်း မျက်နှာသိပ်မကောင်းဘူး၊ ငါ့အထင်ပြော



မင်းအတွက် စိုးရိမ်နေပုံရတယ်၊ ငါ့အထင် ဆိုပါတော့၊ မင်း အနေနဲ့ကတော့ ချောက်ချားနေတယ်လို့ပဲ ဆက်ထင်၊ ဟုတ် လား"

ငေါ့တော့တော့ စကားမှန်း သူ သိသည်။

မွှေးပွင့်ငယ် တကယ်လာမှန်း နားလည်လာရတော့ နာလန်းလာလျက်သို့။

"သူ ဘာပြောလဲ မောင်မောင်"

ဟု လွှတ်ခနဲ မေးမိသွားရသည်ပါပဲ။

မွှေးပွင့်ငယ် တကယ် လာရှာသွားပုံဟု ပီတိလည်း ဖြစ်ရသည်။

"နင် ဆေးခန်းမလာတာ တစ်ပတ်ကျော်ပြီတဲ့၊ ဒေါ်ဒေါ်ကလဲ စိတ်ပူနေတယ်တဲ့၊ အဲဒီနေ့က မင်း နေမကောင်းချင်ဘဲ ဖြစ် နေတာလဲ သိထားတယ်တဲ့၊ မင်းအိမ်ကို သိလဲမသိ၊ သွားလဲ မသွားရဲဘူးတဲ့၊ မရင်းနှီးတဲ့ အိမ်ထောင်တစ်ခုထဲကို ဝင်ရ၊ လူနာမေးရမှာ မရဲဘူးတဲ့၊ ရင်းနှီးသိကျွမ်းတာဆိုလို့ မင်းတစ် ယောက်ပဲ ရှိတာတဲ့၊ ကျန်တဲ့ မင်းအိမ်သားတွေကို သိမှမသိ ဘဲတဲ့"

ပြောသမျှတွေကို သူ ငြိမ်သက်နားထောင်ရင်း ရင် ကြည်နူးခြင်းလည်း ဖြစ်ရသည်။ သူ့ထံ မလာရဲဆိုသည့် ...ကတော့ ရင်ထဲ သနားမိပြန်၏။

တယ်ခံစားမှုနှင့်မျှ မတူသော ကြည်နူးခြင်းဆိုသည် ...လည်း ရင်ထဲမှာ ဆွတ်ပျံ့ ကြည်စင်စွာ ခံစားရသည်ပါ

www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်ကလဲပြောတယ်၊ မင်း ဖျားနေတယ်ထင်လို့ အကြောင်း သိရအောင် ငါ့ဆီ သတင်းအရင် လာမေးတာတဲ့၊ ခင်ခင်ကော မွေးပွင့်ငယ်ရောပေါ့ကွာ"

မောင်မောင်က အရေးထဲကျမှ ဆေးပေါ့လိပ်အသ တစ်လိပ်ကိုယူကာ မီးညှိဖွာရှိုက်သည်။ တမင် အချိန်ကိုဆွဲ ဖင်စီခံကို လက်သည်းနှင့်ခြစ်လိုက်၊ လက်ဖဝါးမှာ ဖင်စီခံ တောက်လိုက်၊ ဆေးလိပ်ကို သွားနှင့်ကိုက်ဖြတ်လိုက်၊ မီးညှိလို နှင့် အတန်ကြာ လုပ်နေခြင်းပါ။

"ဟောကောင် ... ပြောကွာ"

ဆေး;လိပ်ကို ဖွာပြီးမှ သူ့ကိုကြည့်လျက် ...

"ခုတော့ ငါ့စကားကို ယုံကြည်စ ပြုနေပြီ ဆိုပါတော့"

ဟု ခနဲ့ဖြစ်အောင် ခနဲ့သေးသည်။

"ရည်းစားစကား ပြောတုန်းကတော့ လူမသိလိုက်ရ ခုမှ နိုးကြောင်နိုးဇက် လုပ်ခဲ့တာတွေ ရိုက်မစစ်ရဘဲ မိ တယ်"

ဟု အငေါ်တူးပြီးမှ ...

"အဲဒါ ငါ ပြောပြလိုက်ပါတယ် ... မင်း ဖျားတဲ့အကြော အစားအသောက်လဲ ပျက်ကြောင်း၊ အဲ ... မင်းကိစ္စ သေးပေမဲ့ မင်း တိတ်တနိုး ကျိတ်ပြီး မွေးကြောဆိုက်နေ လဲ မသိရသေးပေမယ့် အလကားနေရင်း တစ်ချက်ငေ စကားလေး သွင်းပေးမိခဲ့တာ တစ်ခုတော့ ရှိတယ်၊ မင်း ကို အဲ ... မင်းပြောတဲ့အတိုင်း တိကျစွာ ပြောရရင် မြတ်နိုးစွာ ချစ်နေတဲ့ကိစ္စကို ငါ သိထားတယ် မဟုတ်



စေတနာသုံးတန်နဲ့ ဝင်ပြီး အကျိုးဆောင်ပေးမိတဲ့ စကားတစ် ခွန်း၊ မင်းကို ကြည့်ရတာ စိတ်ထိခိုက်နေတဲ့ သဘော၊ အဲ ... တစ်ခုခုကို မျိုသိပ် ကြိတ်မှိတ် ခံစားနေတဲ့ သဘောမျိုးကို တော့ တွေ့ရတယ်လို့ ..."

သူ ... တကယ့်ကို ကျေးဇူးကြီးတွေ တင်သွားမိရသည် ပါပဲ။

သေးသေးမွှားမွှား ကျေးဇူးတင်ခြင်းမဟုတ်၊ ကြီးကြီး မားမား ကျေးဇူးတင်မိခြင်း။ ဒါကြောင့် ကျေးဇူးကြီးတွေ တင်မိခြင်း။

မျက်နှာတွင် မှော်လင့်ရိပ်များ ယုက်သမ်းလာလျက် သီချင်းဖော်ကြီးစွာဖြင့် ...

"အဲလို ပြောတော့ သူ ... သူ ဘာပြောလဲဟင်"

"သူလား၊ သူက သိပ်များဖျားနေသလားဟင် ... လို့ ပြော တယ် ခွေးဂျပိုးရဲ့၊ ကဲ ... အမြင်ကိုကတ်ရော"

သူ ရယ်မိသည်။ တကယ့်ကို ပေါ့ပါးရွှင်ပျစွာ ရယ် ခြင်းပါ။

"တကယ်လား မောင်မောင်၊ အဲလိုပဲ မေးသလား၊ ပြီးတော့ သူ့မျက်နှာက ဘယ်လိုဖြစ်နေလဲ၊ ဟို ... ဘယ်လိုခံစားနေရ တဲ့ပုံမျိုး ဖြစ်နေလဲ"

"အေး ... အဲ့လိုပဲ မေးတယ်၊ သူ့မျက်နှာမှာတော့ မင်းအမေး ကို ဖြေရရင် ချောက်ချားနေတဲ့ အရိပ်တွေ မြင်ရတယ်ငဲ့ ထင်တာပဲ"

"ဟာဗျာ"

အရွဲ့တိုက်ဖြေသည် ထင်၍ သူ ညည်းတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်း အရမ်းဖျားနေတယ်၊ စိတ်ထိခိုက်နေတယ် ထင်ပြီး စိုးရိမ်ချောက်ချား အဲ ... ပူပင်သောက ဖြစ်နေတယ် လို့ သူ့ရဲ့မျက်နှာမှာ ငါ မြင်တာကို ပြောရတဲ့ဥစ္စာ၊ မင်း ယုံကြည်အောင် ကျမ်းများရွက်ပြောရဦးမှာလား နုံသမာဒ် မင်းကြီးရယ်၊ ရှိုးတဲ့မှ ဒီလောက် အယုံအကြည် မရှိတဲ့အဖြစ် ကို ငါ ဘုတ်အုပ်ထဲမှာ မှတ်ကိုထားမှ ဖြစ်မယ်"

သူ ကိုယ်ကိုမတ်လျက် ခေါင်းအုံးကို ရင်ခွင်ပိုက်လျက် ဖြင့် ထိုင်နေမိခဲ့ပြီးပြီ။

ကမန်းကတန်း မောင်မောင် လက်ကိုပုတ်၍ ...

"မင်းကလဲကွာ ငါက အားငယ်နေရတဲ့သူကွ၊ အရာရာကို အားငယ်နေရတဲ့သူ ဒီလောက်တော့ မယုံမရဲ ဖြစ်မိမှာပေါ့"

သူပြောတော့ မျက်မှန်ကြီးကိုပင့်၍ မျက်လုံးကြီး ပြူးကြည့်ကာ ...

"အားငယ်တယ် ဟုတ်စ၊ ဟား ဟား ... ချစ်အားငယ်ရ တယ် ဆိုပါတော့၊ အကျိုးနည်း ကဗျာဆန်နေပါလား"

ရယ်နေရင်းမှ မျက်နှာကို ပြန်တည်လျက် စိတ်မရှည် နိုင်စွာဖြင့် ...

"စကားပြောနေတုန်း ဖြတ်ဖြတ်မမေးနဲ့ကွ၊ ပြောရတဲ့ ကိစ္စ က ပြတ်ကို မပြတ်ရဘူး၊ အေး ... ဆက်ပြောမယ်၊ အဲသလို သူက ငါ့ကို မေးတယ်၊ သိပ်များ ဖျားနေသလားဟင်တဲ့ ငါက ဖြေလိုက်တယ်၊ တော်တော်ဆိုးတယ်လို့၊ မင်းအမေ ကိုယ်တိုင် ကုပေးနေတာပဲလို့၊ မပျောက်သေးဘူးလို့၊ လိုက် ကြည့်မလား ဆိုတော့ ခေါင်းခါတယ် ... သူတို့ သတင်းလာ မေးတယ် ဆိုတာကိုတော့ မင်းကို ပြောပြပေးပါတဲ့၊ အိမ်



ကိုတော့ မလိုက်ရဲဘူးတဲ့၊ မင်းက သိပ်ချမ်းသာတယ်တဲ့၊ မင်းအိမ်သားတွေနဲ့လဲ မသိဘူးဆိုတော့ အစစ သူတို့ဘက်က နားလည် သိတတ်ရမယ်တဲ့၊ အဲသလို ပြောပြီး ပြန်သွား တယ်"

"နေစမ်းပါဦး၊ ငါ သိပ်ချမ်းသာတာ သူတို့ ဘယ်လိုသိလဲ"

"ငါ ပြောပြထားခဲ့တာ သူ့အဒေါ်ကို"

သူ အပြစ်တင်ဟန်ဖြင့် ...

"မင်းကလည်းကွာ"

ဟု အလိုမကျစွာ ပြောတော့ မောင်မောင် ထရပ် သည်။

"သိသင့် သိထိုက်တာကို ငါက ပြောပြထားတာ မှားသလား၊ ကဲ ... ငါပြန်မယ်၊ နေအမြန်ကောင်းအောင် ကြိုးစား၊ ဟိုမှာ ဆေးခန်းပြန်ဖွင့်၊ မြန်မြန် မျက်နှာတော်ဦးကို သွားဖေးချေ"

မောင်မောင် အခန်းတွင်းမှ ထွက်တော့ ...

"တစ်ခုခု စားသွားပါဦး၊ ဒေါ်ရွှေနဲ့ ကော်ဖီဖျော်ခိုင်းလိုက် ပါလား၊ ဒေါ်ရွှေက မီးဖိုထဲမှာ အလုပ်များနေတော့ မင်း ရောက်လာတာ မမြင်လိုက်ဘဲဖြစ်မယ်၊ မြင်ရင်တော့ ကော်ဖီ လာပို့ပြီးလောက်ပါပြီ"

"တော်ပြီ ... ပြန်မယ်ဆိုမှ ကျွေးဖို့သတိရတဲ့ကောင်၊ ဒါတောင် မိဘအိမ်မှာ နေတုန်းရှိသေးတယ်၊ မိန်းမအိမ်မှာနေရင် ခြံပြင် ရောက်မှ ရေအေးတစ်ခွက် သောက်သွားပါဦးလို့ ပြောမယ့် ကောင်၊ ကော်ဖီဆိုတာတော့ ဝေးရော ..."

သူ ရယ်ခိုက်မှာပဲ မောင်မောင် အခန်းတွင်းမှ ထွက် သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်တွင် လှဲလိုက်ပြီး သူ မျက်စိကို စုံမှိတ်ထားလိုက်မိသည်။

မမွှေးပွင့်။ သူ ချစ်ရသော မိန်းကလေး။

သူ တစ်ပတ်မျှ ဆေးခန်းမဖွင့်နိုင်ဘဲ ဖြစ်လာရတော့လည်း စမ်းယမုန်ထိ ရောက်ကာ သတင်းမေးရှာသည်ပဲ။

ဒါဆိုလျှင် သူ့ကို မွှေးပွင့်ငယ် စိတ်အရမ်းဆိုးသွားမည် မထင်။

သူ့အတွက် ပူပန်စိတ်ဖြစ်လျက် ရှိရာချေသည်ပဲ။

သူ့ကို ပြောပြပါတဲ့လေ။ မွှေးပွင့်ငယ်တို့ သူ့အတွက် သတင်းမေးလာသည့် အဖြစ်ကိုလည်း သူ့ကို ပြောပြပေးပါလေ။

ရင်ထဲတွင် စမ်းရေစီးသည့်နှယ်သာတည်။

မင်းကို ငါ သိပ်လွမ်းတာပဲမမွှေးပွင့်။

မင်းကိုလွမ်းတိုင်း မင်းရဲ့မျက်နှာလေးကို ငါ ခဏခဏ ငါ့ရင်ထဲက ထုတ်ထုတ်ကြည့်နေမိတယ်။

လွမ်းရတိုင်းမှာ မင်းမျက်နှာလေးကို ငါ့နှလုံးသားထဲက ထုတ်ယူပြီး ငါ့မျက်လုံးတွေကို စုံမှိတ်ထားလိုက်ရင်း အကြာကြီး ကြည့်ကြည့်နေမိတယ်။

တကယ်တော့ မမွှေးပွင့်ရယ်။ သိပ်ချစ်မိတတ်တဲ့ သူတိုင်းဟာ မျက်ဝန်းကို စုံမှိတ်ပြီး ထာဝရ မြတ်နိုးသိမ်းဆည်းထားမိတဲ့ ချစ်ရသူလေးရဲ့ ကိုယ်ပွားပုံလေးကို မြတ်နိုး သိမ်းထားတဲ့ နှလုံးအိမ်ဆီက ထုတ်ယူကြည့်နေမိတတ်မြဲပါ။ မင်းရော ငါ့ကို အဲသလို ဘယ်အချိန်မျိုးမှာ မျက်ဝန်းလေးတွေမှိတ်ပြီး ငါ့ပုံရိပ်ကို မင်းရဲ့နှလုံးအိမ်ဆီက ခေါ်ယူပြီး ကြည့်ဦးမှာလည်းကွယ်။



အဲဒီလိုဖြစ်ဖို့ဆိုတာက မင်း ငါ့ကိုချစ်မှ ငါ့အချစ်ကို လက်ခံမှ ဖြစ်တည်ခံစားရမယ့် အဖြစ်မို့။ အဲဒီအချိန်ကို ငါ အရမ်း မျှော်လင့်နေမိတယ်။

ဆန္ဒအကြီးဆုံး မျှော်လင့်နေမိပါတယ် မွှေးပွင့်ငယ်။

ဖျတ်ခနဲ မျက်စိကို ဖွင့်မိခိုက် ဆီးမိုး၍ ပြုံးစိစိ ကြည့်နေသော မောင်မောင့် မျက်နှာကြီးကို မြင်ရပြီးတာနှင့် ...

"တောက် ... ကင်မရာသာရှိရင် ရိုက်ထားပြီး နံရံမှာကပ်ထားချင်ပါရဲ့ကွာ၊ ပြုံးကျနေလိုက်တာများ၊ သြော် ... ရူးလည်း ရူးပါပေ့ ဖိုးပိုင်ရာ"

ဆိုသည့် စကားသံနှင့် ရယ်သံ ထွက်လာ၏။

ခြေသံမကြားအောင် လာပြီးမှ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက် ငုံ့မိုးကြည့်နေသည့် မောင်မောင့်ကို ရှက်အမ်းအမ်းဖြစ်လျက် ခေါင်းအုံးကြီးနှင့် လှမ်းပေါက်မိရပါပြီတည်း။

"အဲဒီ ပြုံးပြနေတဲ့ မျက်နှာကြီးဟာ ကျောက်ရုပ်ကြီး ချထားသလို ငြိမ်ကျ တာရှည်နေသမျှ ကာလဟာ ဆယ့်ငါးမိနစ်တိတိရှိတယ် ဖိုးပိုင်၊ အဲသဟာကို မြင်ချင်လို့ ဝင်လာတာပေါ့ မောင်ရာ"

နောက်ထပ် ခေါင်းအုံး တစ်လုံး လွင့်ဝဲလာခိုက် မောင်မောင် မိအောင် လှမ်းဖမ်းသည်။

ရယ်သံက နှစ်ဦးစလုံးထံမှ လွင့်ပျံ့၏။

သူ့ရင်ထဲမှာတော့ ကြည်နူးနှစ်သိမ့် နေမိသည်ပါပဲ။

ရင်ထဲတွင် ပေါ့ပါးနေသည်။

သူ့ကို မွှေးပွင့်ငယ် ဂရုတစိုက်ရှိသည့် အဖြစ်လေး တစ်ခုကြောင့်ပင်လျှင် သူ့ရင်သည် ပေါ့ပါးကြည်လင်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အကာယ်ရှုံများ ...။ သြော် ... အကာယ်ရှုံများ မွေးပွင့်ယယ်ထံမှ ချစ်ခြင်း၊ မြတ်နိုးကိုးစားခြင်း ဆိုသည်များ သူ ပိုင်ဆိုင်ရချေလျှင် ...

တုန့်ပြန်မှု ရှိအုံမထင်။ ကြည်နူးမှုသည် တုန့်ပြန်မှု ရှိနိုင်အုံ မထင်ပါ မောင့်မွေးပွင့်ယယ်။



## ၁၂

ပန်းလေညင်းရှေ့မှာ ကားကို ထိုးရပ်လိုက်စဉ်နိုက်ရင်ထဲ၌ ထင့်ခနဲဖြစ်၏။ မန်ကျည်းရိပ်လေးမှာရှိသည့် အိမ်ဆိုင်လေး စိတ်ထားချေသည် မဟုတ်ပါလား။ ပန်းလေညင်းသို့ သူ ကားမောင်းလာစဉ် တစ်လျှောက်မှာ တတမ်းတတ တွေ့လိုဇောအင်အား ကြီးရပါသည့် မိန်းကလေးသည် မွေးပွင့်ယယ်မှတစ်ပါး အခြား မည်သူရှိချေမည်တဲ့လဲလေ။

ယခု အိမ်ဆိုင်လေးကို ညနေခင်းလေးမှာ စောစီးစွာ ပိတ်လျက် ပုံစံဖြင့် တွေ့လင့်နေရပြီ။

ဤနေ့တွင် အိမ်ဆိုင်လေးကို ဖွင့်ခဲ့ခြင်း ရှိခဲ့ပါလေစ။

ဘာကြောင့်များပါလဲ၊ မွေးပွင့်ယယ် နေမကောင်းဖြစ်ချေသည်လား။

ဒါမှမဟုတ် ဒေါ်ဒေါ်ဝဲ နေမကောင်း ဖြစ်ချေသည်လား။

ဆယ်ရက်ကျော်မျှ ပန်းလေညင်းသို့ သူ မရောက်နိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ချစ်သူလေးရှိရာ အရပ်သို့ သူ မရောက်နိုင်ခဲ့။ ချစ်မြတ်နိုးပွင့်လေးကိုလည်း သူ မမြင်ရခဲ့။

မွေးပွင့်ငယ်ရယ် ...။

မင်းကို-ငါ ဘယ်လောက်များ လွမ်းခဲ့ရတယ်ဆိုတာ ပြောပြလိုက်ချင်ရဲ့။

ဒီလိုဆိုရင် မင်း ယုံနိုင်ပါ့မလား၊ ဩော် ... ငါကရော အဲဒီ လွမ်းရတာရှည့်တာကလေးကို ပြောပြရဲပါ့မလား။

ဆယ်ရက်ကျော် ဆိုတာ အများအတွက် မဖြစ်လောက်ပေမယ့် ငါ့အတွက်တော့ ကြာတောင့်ကြာရှည် ကာလလေးတစ်ခုပါ မွေးပွင့်ငယ်။

ငါ ..., မင်းကို မမြင်ရ မနေနိုင်တော့ဘူးလေ။

ဒါပေမဲ့ကွယ် ချစ်အားငယ်ရတဲ့သူ တစ်ယောက်ဟာ သူ ခံစားရလေသမျှကို ကိုယ်ချစ်ရတဲ့ မိန်းကလေးကို အလုံးစုံ ဘယ်ဖွင့်ပြောနိုင်ရဲပါ့မလဲ၊ ဘာကြောင့်လဲ ဆိုတော့ မင်းဟာ ငါ့ကို ပြန်မှမချစ်နိုင်ခဲ့တာ၊ မချစ်နိုင်သေးတာ။

ကားပေါ်မှ အဆင်းတွင် နာကျင်စွာ ပြုံးမိသည်။

မချစ်နိုင်ခဲ့တာ။ နောက် မချစ်နိုင်သေးတာ။

ပထမအတွေးနှင့် ဒုတိယအတွေးသည်ပင်လျှင် မျှော်လင့်နေသူ တစ်ယောက် အဖြစ်ကို မဖုံးကွယ်သာတော့သည့် အဖြစ်။

မချစ်နိုင်တာ ဆိုသည်က လုံးဝမျှော်လင့်ခွင့် မရှိတော့သည့် အဖြစ် ...။

မချစ်နိုင်သေးတာ ဆိုသည်က တစ်နေ့ ချစ်ချင် ချစ်လာနိုင်သေးသည့်အဖြစ်။



လတ်တလော အခြေတွင်မှာပင်လျှင် သူသည် မွေးပွင့်ငယ်ထံမှ အချစ်ကို မျှော်လင့်နေချင်ဆဲ။ မျှော်လင့်နေမိဆဲ။

တည်မြဲနိုင်မတ်လွန်းပါသော ဆန္ဒဟူသည် မျှော်လင့်ခြင်းအရာကို ဆုပ်ဆုပ်ကိုင်ကိုင် လက်မလွှတ်နိုင်စွာ ဖြစ်တည်ခံစားစေတတ်သည် မဟုတ်ပါလား။

ပန်းလေညင်းသို့ သူ မဝင်သေးဘဲ ဦးစွာ အိမ်လေးဆီသို့ သူ လျှောက်ခဲ့သည်။ ရေနံရည် ဝနေသော အိမ်ငယ်လေးသည် ထုံးစံအတိုင်း ပန်းပင်ငယ်တို့ ပွင့်ဝေရာ ဥယျာဉ်ငယ်လေး၏ နောက်ပါးဝယ် ငြိမ်သက်စွာ ရှိနေမြဲ။ မန်ကျည်းရိပ်ဆီမှ ငှက်မြည်သံတိုးကိုးကျည်ကျည်လေးများက နောက်ပါးဝယ် ချိုနွဲ့စွာ ကျန်ရစ်၏။

လှေကားထစ်လေးများကို ဖြတ်နင်း၍ သူ အိမ်ရှေ့ ဧရန်တာဆောင်လေးမှာ ရောက်စဉ်ခိုက် အိမ်တွင်းမှ လူရိပ်လေး ဧရန်တာဆီသို့ ရွေ့လျားလာ၏။ ဖိနပ်ငုံ့ချွတ်နေဆဲမှ သူ မော့အကြည့် ထဲခါးဝတွင် ခြေစုံလေးရပ်လျက် ငြိမ်သက်လွန်းမက ငြိမ်သက်ငေး ကြည့်နေသည့် မိန်းကလေး၏ မျက်ဝန်းကြယ်ညိုနှောင်နှင့် ဦးစွာ ဆုံသည်။

သူ ပြုံးပြပေမဲ့ မွေးပွင့်ငယ် လိုက်မပြုံး။ ခပ်ငေးငေး လေးပဲ ကြည့်နေဆဲ။ ပြုံးမိဆဲ နှုတ်ခမ်းကို စိတ်မကောင်းခြင်းဖြင့် ပြန်၍ တည်ထားလိုက်ရသည်က သူ။

“ဒေါ်ဒေါ်ရော ...”

သူ ပထမဆုံး မေးမိသော စကား။ သူ မေးသည်ကို မွေးပွင့်ငယ် ဖြေမှ ဖြေပါမည်လား။ သူ့ကို လူမမာသတင်းမေး သောမျိုးဖြင့် စမ်းယမုန်သို့ မွေးပွင့်ငယ် လာသည်ဆိုခြင်းမှာ အမှန်မှ ဟုတ်ပါလေစ။

www.burmeseclassic.com

www.burmeseclassic.com



အမြဲရှုပ်နောက်နေရမှ ထမင်းစားရှိသည့် မောင်မောင့်ကိုလည်း သူ အရှမ်းစိတ်မချရဲတော့။

"ဒီနေ့ လပြည့်နေ့မို့ ဘုရားသွားပါတယ်၊ ခင်ခင်တောင် အဖော် လိုက်သွားပါတယ်"

မွေးပွင့်ငယ် ခပ်တိုးတိုး ဖြေတော့ သူ ဝရန်တာလက်ရန်းလေးကို မှီလျက်ပဲ ရပ်လျက် ...

"လိုက်မသွားဘူးလား"

ဟု မေးလိုက်မိသည်။ ဘာကြောင့်ပဲ ဖြစ်ဖြစ်၊ ဘယ်အကြောင်းကိုပဲဖြစ်ဖြစ်။ မွေးပွင့်ငယ်နှင့် သူ အပြန်အလှန် စကားစမြည်လေးတွေ ပြောခွင့်ရနေချင်သည်။ ဒါပေမဲ့ သူကိုယ်တိုင်ကလည်း အနေခက်စွာဖြင့် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း ရင်ထဲ မနေတတ်သလို ဖြစ်နေသမျှ အလုပ်မရှိ အလုပ်ရှာနေမိရသည်ပါပဲ။

"ကိုယ့်ကို နေကောင်းသွားပြီလားလို့ မမေးတော့ဘူးလား မမွေးပွင့်"

မွေးပွင့်ငယ် ထံမှ စကားသံလေး အရမ်းတိတ်ကျနေတော့ သူ လွှတ်ခနဲ မေးမိလိုက်ရသည်။ တကယ်က မွေးပွင့်ငယ်ကို ကလေးလေးလိုလည်း သူ နောက်ချင် စချင်သည်။

ချစ်ရသူလေးလိုလည်း မြတ်နိုး ထွေးပိုက်ချင်သည်။

တယုတယ ထားချင်သည်။ မွေးပွင့်ငယ်၏ မျက်ဝန်းနက်နက်လေးတွေ သူ့ကို တစ်ချက်ကြည့်သည်။ နောက် ခေါင်းလေးငုံ့ကျသွားကာ လက်ချောင်းလေးများကို တချိုးချိုးတ်ချိုးတ် ချိုးနေသည်။ မွေးပွင့်ငယ် ရှက်နေသည်ထင်။ ဤအကြိမ်တွင်တော့ သူ အရှက်သည်းနေသော မျက်နှာလေးကို မျက်တောင်မခတ် ငေးစိုက်ကြည့်



လိုက်မိသည်။ ရင်ထဲတွင် ဤမိန်းကလေးကို ချစ်နေရတာတွေပဲ ရှိနေသည်။ အရိပ်လေး တစ်ရိပ်လို သူ့အပါးဝယ်။

သူ့နှလုံးသားဝယ်။ သူ့ဦးနှောက်ဝယ်။ အရာရာတိုင်းမှာ မွေးပွင့်ငယ်ကို ချစ်မြတ်နိုးနေရပါလေသော အချစ်ဆိုသည့် ခံစားမှုသည် နက်ရှိုင်းစွာ တွယ်ငြိလိုက်ပါလာနေသည်ပါပဲ။

"ကိုယ့်ကို မထိုင်နိုင်းတော့ဘူးလား ဟင်"

နောက်ထပ် သူ တိုးညင်းစွာ မေးမိသည့် အမေး။

ဤအထိလည်း မွေးပွင့်ငယ် သူ့ကို ဘာမျှပြောမလာ သော့ သူ တစ်ချက် ငိုင်ကျသွားရပါပြီ။ စောစောက ရှိလင့်နေပါသော မျှော်လင့်ခြင်းသည် ကြေကွဲစွာဖြင့် နှလုံးအိမ်ကို နာကျင်စေ လွင့်ဝေးသွားရချေတော့မည်တဲ့လား။

နှင့်ခနဲ သူ ခံစားရသည်။ ဆောက်တည်ရာမဲ့သော တစ်ယောက်နှယ် ချောက်ချားခြင်းသည် ရင်၌ ဖြစ်တည်ပြန်ပါ ၏။

မွေးပွင့်ငယ်ကို သူ ဆုံးရှုံးလိုက်ရချေမည်တဲ့လား။

သူ့ကို တုံ့ပြန်မချစ်နိုင်ခြင်း ဆိုသည့် အကြောင်း ကြောင့် မွေးပွင့်ငယ်ကို သူ ထာဝရ စွန့်လွှတ် ဆုံးရှုံးခံလိုက် မည်တဲ့လား။ သူ့ကို တုံ့ပြန်မချစ်နိုင်သည့် အဖြစ်ကို သူ ယ်သို့သော စွမ်းအားဖြင့် ပြောင်းလဲစေအောင် ဖန်တီးနိုင်စွမ်း မည်တဲ့လဲ။

နောက်ဆုံးသော မျှော်လင့်ခြင်း၊ ကောက်ရိုးတစ်မျှင်

"ကိုယ့်ကို စမ်းယမုန်မှာ သတင်းမေး လာသေးတယ်ဆို၊ ပြေပါဦးလား မမွေးပွင့်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



မွေးပွင့်ငယ်၏ မျက်ဝန်းလေးတွေ တစ်ချက် သူ့ကို မော့ကြည့်သည်။ ညှိုးဖျော့ရီဝေစွာ ငေးကြည့်နေပါသည့် မျက်ဝန်းတွေနှင့် မွေးပွင့်ငယ် ဆုံလင့်၏။

ကြေကွဲသော မျက်ဝန်းများဟု မွေးပွင့်ငယ် ထင်သည်။

ခေါင်းလေးကို ဖျတ်ခနဲ ငုံ့ချလိုက်မိလျက် ...

"ဟုတ်ကဲ့"

ဟု တိုးတိုးလေး ဖြေမိ၏။

မွေးပွင့်ငယ် ဖြေပြီးသည့် နောက်မှာလည်း သူ့ထံမှ မည်သည့် လှုပ်ရှားမှုမျှ ဖြစ်မလာ။ စကားသံလည်း ထွက်မလာ။ မွေးပွင့်ငယ် နောက်ထပ် တစ်ချက် လှမ်းကြည့်မိတော့ ဝရန်တာလက်ရန်းလေးကို မှီလျက်ရပ်ရင်း မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည့် သူ့မျက်ဝန်းတွေနှင့်ပဲ ဆုံသည်။ အရမ်းကို ကြည်နူးစွာ ခံစားငေးကြည့်နေပါလေသည့် မျက်ဝန်းများ။

"မမွေးပွင့် ..."

ဝရန်တာ လက်ရန်းမှ ကိုယ်ကိုခွာ၍ မတ်ခနဲ ရပ်လိုက်ကာ ခပ်တိုးတိုး ခေါ်သံကို ရင်ခုန်စွာပဲ မွေးပွင့်ငယ် ကြားသည်။ နောက်တော့ မွေးပွင့်ငယ် အနီးသို့ လျှောက်လာသည့် ဆရာ။

ဖျတ်ခနဲ တစ်ချက် မော့ကြည့်မိပြန်၏။ တကယ်တော့ ထိုသို့ ကြည့်နိုင်ဖို့ အရမ်းကို အားယူစွန့်စားရသည် ဆိုတာကိုတော့ ဆရာ သိနိုင်အံ့မထင်။

ချစ်ခွင့်ပန်ထားပါသည့် ယောကျ်ားပျို တစ်ယောက်အား အဘယ် အပျိုစင်လေးသည် တုံ့ပြန်ကြည့်ရဲနိုင်စွမ်းပါမည်နည်းလေ။



မားမားကြီး ဘေးမှာရပ်လျက် ငုံ့မိုးကြည့်နေပြီ ဖြစ်သည့် ဆရာ့ကို မွေးပွင့်ငယ် မော့မကြည့်ရဲ။

"ကိုယ့်ကို တစ်ချက်လောက် ကြည့်ပါဦးလား မမွေးပွင့်ရယ်"

ခပ်တိုးတိုး ပြောလာသည့် စကားသံတွင် တောင်းပန်မှုများ ပါလာနေသည်ဟု မွေးပွင့်ငယ် ခံစားရသည်။ ထိုခံစားရမှုသည်ပင်လျှင် မွေးပွင့်ငယ်၏ မေးဖျားလေးကို ပင့်မော့ပေးဆေလိုက်သည်ယ်ပါ။ ရှက်စနိုးလေး အနေခက်စွာ မော့ကြည့်လိုက်ရစဉ် ငုံ့မိုး၍ ကြည့်နေသည့် ဆရာ့မျက်နှာကို တစ်ချက်ငေးကြည့်သွားရပါ၏။

ဆရာ အတော့်ကို ပိန်သွားတာတော့ အမှန်။ မျက်နှာချောင်ကျသွားသည်။

"မမွေးပွင့်ကို ကိုယ် ပြောပါရစေ၊ အနှောင့်အယှက် ပေးတယ်လို့တော့ မထင်လိုက်ပါနဲ့လား မမွေးပွင့်ရယ်။ ကိုယ်လေ မမွေးပွင့်ကို မြင်မြင်ချင်း ချစ်ခဲ့ရတာပါ၊ စမ်းယမုန်မှာ စတွေ့တွေ့ချင်း မြတ်နိုးစွာ ချစ်မိခဲ့တာပါကွယ်"

မွေးပွင့်ငယ် လက်ဖျားလေးတွေ အေးစက်လာလျက် ပေါက်လေးမှာပဲ ထိုင်ချလိုက်မိသည်။ ဆရာကလည်း ဘေးမှာ ထိုင်တော့ .. တံခါးပေါက်နေရာ ကျပ်တည်းတည်းလေးမှာ ... အရှက်သည်းမိရသည်မို့ ...

"ဆရာကလည်း ဒီမှာ ကျပ်နေပြီ"

ဟု လွတ်ခနဲ ပြောမိသွားရသည်။

"ဟင့်အင်း .. ဒီမှာပဲ ထိုင်ချင်တယ်၊ မမွေးပွင့်လည်း ဒီမှာပဲ ထိုင်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုးကြီးလို ပြောနေတော့ မွေးပွင့်ငယ် သက်ပြင်းပဲ ရှိုက်ချလိုက်ရသည်ပါပဲ။

"မမွေးပွင့်ကို မြင်မြင်ချင်း ချစ်မိတယ်ဆိုတဲ့ နေရာမှ မမွေးပွင့်ဟာ အရမ်းကို ဖြူစင်တယ်၊ ဘာနဲ့တူလဲ သိလားဟင်"

သူမေးတော့ မွေးပွင့်ငယ် ရှက်ရိပ်ဝဲစွာဖြင့် ...

"ဘယ်သိမှာလဲ ဆရာကလဲ"

သူ ပြုံးလိုက်မိပါ၏။ အရမ်းကို ရှက်ရိပ်သည်းနေပါသည့် မျက်နှာလေးကို တင့်မိုးမိုး ကြည့်မိရင်းမှ ...

"ပန်းဖြူလေးတစ်ပွင့်နဲ့ တူတယ်၊ ကိုယ် တကယ်ပြောတာနော်၊ အရမ်းကို ငြိမ်းအေးတဲ့ ပန်းဖြူလေး တစ်ပွင့်နဲ့တူတယ်၊ ဒါကြောင့် ကိုယ် အရမ်းကို မြတ်နိုးသွားတာ ချစ်မိသွားတာ"

သူ မွေးပွင့်ငယ်၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မိရင်းမှ ရင်ထဲတွင် ကိန်းအောင်း ခိုင်တည်နေပါသည့် အချစ်များကို ချစ်ရသူလေး နားလည်အောင် ကြိုးကြိုးစားစား ရှင်းပြနေမိသည်။ ဒါပေမဲ့ ပြောပြနေရလေသမျှ စကားလုံးတိုင်းသည် သူ့ရင်ထဲမှ အချစ်များစွာကို ပြည့်စုံအောင် လိုက်မမိနိုင်ကြတာကို အလိုလို သိနေရသည်ပါပဲ။ သြော် ... ဖွင့်မပြောသာလောက်အောင်ပင် သူ ရင်နှင့်အမျှ တကယ်ချစ်နေမိရပါသည့် အဖြစ်။

"တကယ်တော့ ငါ့တစ်ကိုယ်လုံးဟာ မင်းကို ချစ်မြတ်နိုးမှုတွေနဲ့ တည်ဆောက် ဖွဲ့စည်းထားလိုက်သလိုပါပဲ မမွေးပွင့် အမြဲတမ်း မင်းကို သတိရနေစေဖို့ အမြဲတမ်း ... အမြဲတမ်းဆိုတဲ့ ဆန္ဒတွေ ငါ့ရင်မှာ ဖြစ်တည်လွှမ်းမိုးနေစေဖို့ မင်းဘယ်လိုများ စွမ်းဆောင်သွားနိုင်ခဲ့သလဲ မမွေးပွင့် ဟင် ..."



စိတ်လှုပ်ရှားမှုကြောင့် သူ့အသံတွေ အရမ်းကို တုန်ခါနေသည်။

မွေးပွင့်ငယ်ကို သူ ငုံ့မိုး၍ ကြည့်မဝနိုင်စွာ ငေးစိုက်ကြည့်နေမိသည်ပါပဲ။

"မင်းကို ငါ ဘယ်လိုမှ မခွဲနိုင်တော့ဘူး မမွေးပွင့်၊ မင်းနဲ့ခွဲခွာပြီး ငါ ဘယ်လိုမှ နေနိုင်မှာ မဟုတ်ဘူး၊ မင်းနဲ့ဝေးရရင် ငါ ဆောက်တည်ရာမဲ့ ခံစားရလိမ့်မယ် မိန်းကလေးရယ်"

သူ ပြောနေရင်းဖြင့်ပင် မွေးပွင့်ငယ်၏ မျက်နှာလေးကို အဖြေရှာနေသူ တစ်ယောက်လိုပဲ စိုးရိမ်လှုပ်ရှားစွာ တစိုက်မတ်မတ် ကြည့်နေမိသည်ပါပဲ။

မွေးပွင့်ငယ်၏ ရင်ထဲမှာ မည်သို့ ခံစားနေရပါသလဲ။ ထိုခံစားမှုများကို မွေးပွင့်ငယ်၏ မျက်ဝန်း၊ မွေးပွင့်ငယ်၏ မျက်နှာလေးတွေမှာ သူ ရှာဖွေ တွေ့ရှိနိုင်ဖို့ ကြိုးစားကြည့်နေမိသည်။

"မမွေးပွင့်"

စိတ်လှုပ်ရှားစွာ သူ ခေါ်လိုက်မိရင်းမှ ...

"မင်းကို သိပ်ချစ်တဲ့ ငါ့အချစ်တွေနဲ့အတိ ပြည့်ဝနေတဲ့ဘဝထဲကို မင်း တိုးဝင်လာလှည့်စမ်းပါ၊ တိုးဝင်လှည့်စမ်းပါလားဟင်"

ခပ်တိုးတိုး ခပ်ညည်းညည်း ပြောသံသည် စိတ်လှုပ်ရှားမှုအတိ ဖုံးလျက်ရှိရပါသည့် အဖြစ်။ မွေးပွင့်ငယ်၏ လက်ဖဝါးသွယ်သွယ်လေးများကိုလည်း သူ့လက်ဖဝါးတွေဖြင့် ဖွဖွမိုးဆုပ်ကိုင်ထားမိလိုက်ရပါပြီတည်း။

www.burmeseclassic.com



ပထမဆုံး မွှေးပွင့်ငယ်၏ လက်လေးတွေ အရမ်းကို ချောက်ချားစွာ အတင်းရုန်းထွက်၏။ နောက် ကိုယ်လေးကို နောက်သို့ ယိုင်ခနဲနေအောင် ဆုတ်လိုက်ရင်းမှ ...

"ပြန် ... ပြန်ပါတော့ ဆရာ"

ဟု တိခနဲ ခပ်တိုးတိုးလေး ပြောလာသည့် အသံ။

သူ့ကိုယ်ကြီး တောင့်ခနဲ ဖြစ်သွားလျက်မှ ...

"နှင်လိုက်တာလား မမွှေးပွင့်ရယ်"

ဟု ထိထိနိုက်နိုက် မေးလာသည်။ နောက် ... ခေါင်းငိုက်ချလျက် သက်ပြင်းကြမ်းကြီး ရှိုက်ချကာ ကြေကွဲစွာဖြင့် ...။

"စိတ်ချပါ မမွှေးပွင့်"

ဟု ပြောလည်းပြော ချက်ချင်းထရပ်လိုက်ကာ အိမ်လေးပေါ်မှ ခေါင်းငိုက်စိုက်နှင့် ဆင်းသွားသည်။ နောက်သို့ တစ်ချက်မျှ လှည့်မကြည့်တော့။

မွှေးပွင့်ငယ် မျက်ရည်များဝဲလာလျက် မျက်ဝန်းရွှန်းလေးတွေ ပိုင်းစက်ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ နှုတ်ခမ်းလေးကိုလည်း လက်ချောင်းလေးများဖြင့် ကယောင်ကတမ်း ဖိကပ်ထားမိသည်။

ဆရာကတော့ စိုက်စိုက် စိုက်စိုက်နှင့် ခြံဝင်းလေးတွင်းမှပင် ထွက်ခွာသွားနေပြီ။ ပန်းလေညင်းကိုများ တံခါးဖွင့်၍ ဆေးခန်းထိုင်ချေမည့်လားဟု မျှော်ကြည့်မိပေမယ့် ဆရာသည် ကားလေးပေါ်သို့သာ တောက်လျှောက် ဝင်သွားတော့ မျက်လွှာကို ဖျတ်ခနဲ ချလိုက်မိရပါပြီ။

ဆရာ့ကားလေး လျှောခနဲ မောင်းထွက်သွားတော့ အရှိန်နှုန်း မြန်ဆန်လွန်းတာတွေကို ဖြုတ်ခနဲလောက်ပဲ မွှေးပွင့်ငယ်



မြင်ရပြီ။ သည့်နောက် ဆရာ့ကားလေးသည်လည်း မြင်ကွင်းမှ ပျောက်သွားသည်။ ဆရာ့ကားလေးသာမဟုတ်၊ ဆရာ့အရိပ်၊ ဆရာ့အသွင်သည်လည်း တစ်ခါတည်း ပျောက်ကွယ်သွားချေပြီ ဆိုတာကို မွှေးပွင့်ငယ် သိနေသည်။

ပန်းလေညင်းသို့ ဆရာသည် ဘယ်သောအခါတွင်မှ ထပ်မံလာချေတော့မည် မဟုတ်ဆိုတာကိုလည်း အလိုလို နားလည်ထားမိပြီ။

ရင်ထဲတွင် ဟာခနဲ ဖြစ်ကျန်ခဲ့ရပါသည့် အဖြစ်။

မွှေးပွင့်ငယ် ယုံကြည်နားလည်နိုင်စေဖို့ အရမ်းကို ကြိုးစားပြောခဲ့ရှာပါသည့် ဆရာ၊ မွှေးပွင့်ငယ်ထံမှ နားလည်စွာ မျှဝေပေးလာနိုင်စေဖို့ ကြိုးစားခဲ့ပါလေသည့် ဆရာ။

ယခုတော့ ဆရာသည် မွှေးပွင့်ငယ် အပါးမှ ထွက်ခွာသွားခဲ့ပြီ။

ထိုသို့ ထွက်ခွာစေသူမှာလည်း မွှေးပွင့် ကိုယ်တိုင်ပဲ ဖြစ်နေရသည်။

တကယ်တော့ မွှေးပွင့်ငယ်နှင့် ဆရာ့ကြားတွင် အရမ်းကို ကွာခြားသည့် အရာတစ်ခုသည် ကာဆီးထားသည်လေ။ ထိုအရာသည် လူအများအတွက် အရေးအပါဆုံးသော အရာလည်း ဖြစ်စေလျက် လူအများကို ဒုက္ခအပေးဆုံးသော အရာသည်လည်း ဖြစ်နေသည်။ ထိုအရာသည်ကား ငွေကြေးခနချမ်းသာခြင်း ဆိုသည့် အရာ။

"တကယ်တော့ ဆရာရယ်၊ ချမ်းသာတဲ့ လူတိုင်းဟာ ပိုပြီးတော့ ချမ်းသာခြင်း ဆိုတဲ့ အရာကို အလေးအနက် ထားကြတယ်၊ လိုချင်ကြတယ်၊ လူဆင်းရဲတွေထက် လူချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



တွေက အဲဒီ ချမ်းသာခြင်းဆိုတဲ့ အရာကို ပိုင်ဆိုင်နေသည် ထက် ပိုပြီး ပိုင်ဆိုင်လာချင်ကြတယ်၊ ဒါကြောင့် သူဆင်းရဲ မမွှေးပွင့်ငယ်ကို ဆရာ့မိဘတွေဟာ ဘယ်တော့မှ သဘောတူ ကြမှာ မဟုတ်ဘူး ဆိုတာ မမွှေးပွင့် သိနေတယ်"

ရင်ထဲတွင် ကြေကြေကွဲကွဲ ခံစားရင်း မျက်ရည်မျာ သာ အိုင်ကျလာရပါသည့် အဖြစ်။ အိမ်လေးပေါ်မှ ဆင်းကာ ခြံ နောက်ဘက်သို့ လျှောက်ခဲ့လျက် သရက်ပင်လေးအောက်မှာ ထိုင်ချ လိုက်ရင်း ဒူးလေးပေါ် ခေါင်းလေးတင်ကာ ငိုရှိုက်လိုက်မိရပါသည့် အဖြစ်။

တကယ်တော့ ဆရာရယ် ဆရာနေမကောင်းဘူးဆို တာ သိနေတဲ့ မွှေးပွင့်ငယ်ဟာ စမ်းယမုန်ကို စိတ်ပူလွန်းလို့ သွာ မေးမိခဲ့တာလည်း အမှန်ပါ။ မမွှေးပွင့်ကို ဆရာ မေတ္တာရှိနေ အဖြစ်ကိုလည်း ခင်ခင့်ကိုတော့ မပြောပြရဲခဲ့တာလဲ နောက်များမှာ ဆရာ့ကို ပန်းလေညင်းမှာ အနေမခက်ချင်လို့ပါ။

ဒီနေ့လည်း ဒေါ်ဒေါ်နဲ့ ဘုရားကို လိုက်မသွားမိတာ ဟာလည်း ဆရာများ ပန်းလေညင်းကို ဒီနေ့များ ရောက်လာ မလားရယ်လို့ မျှော်မိတဲ့စိတ်ကြောင့်ပါ။

ဆရာ နေကောင်းခဲ့ရင် ပန်းလေညင်းကို လာမယ် မဟုတ်လား။ ဆရာ့ကို နေလည်းကောင်းစေချင်တယ်၊ ပြီးတော့ ဆရာ့ကို မမွှေးပွင့် တွေ့လည်း တွေ့ချင်ခဲ့တာပါပဲ။

ဒါတွေအားလုံးဟာ မမွှေးပွင့်ရဲ့ ရင်ထဲမှာ တစ်သ လုံး သိုသိပ်ခံစားမယ့် အရာတွေပါ။ ဆရာ့ဆီက အကြင်နာ ဂရုစိုက်မှုတွေ၊ အဲဒီ နွေးထွေးတဲ့ ငြိမ်းအေးတဲ့ အရာတွေအား ကိုလည်း မမွှေးပွင့် တစ်သက်တာ မေ့နိုင်စွမ်းမှာ မဟုတ်ပါဘူး



ခုလဲ ဆရာ့ရင်ထဲက ချစ်မြတ်နိုးမှုတွေကို ရင်တခွေး ခွေးနဲ့ နားထောင်ခဲ့ရတဲ့ မမွှေးပွင့်ပါ။ ကြေကြေကွဲကွဲနဲ့ နားထောင် နေခဲ့ရတဲ့ မမွှေးပွင့်ပါ။ ပြီးတော့ ရှက်စနိုးလေး နားထောင်ခဲ့ရတဲ့ မမွှေးပွင့်ပါ ဆရာရယ်။ မမွှေးပွင့်ရဲ့ လက်လေးတွေကို ဆရာဖွဖွ ညင်ညင် ဆုပ်ကိုင်လာတော့ ရှက်ကိုးရှက်ကမ်းနဲ့ ပြောမိပြောရာ ...

"ပြန် ... ပြန်ပါတော့ ဆရာ"

လို့ ပြောလိုက်မိတာပါ။

ဆရာ့အချစ်ကို လက်မခံရဲတဲ့ မွှေးပွင့်လေ ... ဆရာ အရမ်းစိတ်ထိခိုက်ပြီး ပြန်သွားတာကို ရင်ဆိုင်နိုင်စွမ်း မရှိခဲ့တာ အမှန်ပါ။

မမွှေးပွင့်ရဲ့ နှလုံးသားကို မမွှေးပွင့်ရဲ့ ဦးနှောက်က မပြတ်သားစေနိုင်ခဲ့တော့ပါဘူး။ ခုတော့ ... မမွှေးပွင့် မျက်ရည်ကျ နေရပါပြီ။

ဒါပေမဲ့ ဆရာ့က ဘယ်တော့မှ လာတော့မှာ မဟုတ် ဘူး။ ဒါကို မမွှေးပွင့် သိနေရတယ်။

ဆရာ့ကို မမွှေးပွင့် မချစ်ရဲပေမယ့် ဆရာ့ကို မမွှေးပွင့် မချစ်ဘူးရယ်လို့ ဆရာ ထင်သွားမှာကို မမွှေးပွင့် စိုးရိမ်နေမိတာ ဟာ အချစ်ကြောင့်များလား ဆရာရယ်။

ဟုတ်တယ်။ ဆရာ့ကို သိပ်ပြီးချစ်သွားမိတဲ့ အဖြစ် ကြောင့်များလား။ မွှေးပွင့်ငယ် တစ်ရှိုက်ရှိုက် ငိုနေမိစဉ်ခိုက်မှာပဲ ပခုံးထက်ဆီသို့ လက်ဖဝါးအစုံက အညင်အသာ ကျရောက်လာ သည်။

မွှေးပွင့်ငယ်၏ မျက်နှာလေး မော့သွားလျက် ကြည့် လိုက်မိတော့ ကြင်နာစွာ ငုံ့မိုးကြည့်နေသော ဆရာ့ကို မြင်ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့မျက်ဝန်းတွေက အရမ်းကို နူးညံ့နေသည် ကြင်နာရိပ်များ ပြည့်သိပ်ယှက်ဖြာနေသည်။ ဆရာ့လက်တွေလည်း မသိမသာ တုန်ယင်နေကြသည်ပါပဲ။

မျက်တောင်မခတ် ငုံ့မိုးစိုက်ကြည့်နေသော ဆ မျက်ဝန်းတွေမှာ ချစ်မြတ်နိုးမှုတွေ အထင်းသား ရှိနေကြသည် မျက်ရည်များ ဝိုင်းစအိုင်ကျလျက် ပါးမို့မို့ထက်ဆီသို့ တအိအိ ကျနေပါသည့် မျက်နှာဝင်းမွတ်မွတ်လေးကို ငေးစိုက်ကြည့်နေသ ဆရာ့မျက်ဝန်းများဆီမှလည်း မွှေးပွင့်ငယ်၏ အကြည့်များကို ဖ ဖယ်မိတော့။ ကလေးလေးလို မျက်ရည်တွေ တအိအိ ပြိုကျနေရင် ပင် ဝမ်းနည်းစိတ်လေး မကုန်တတ်သေးစွာ ရှိုက်သံလေး ပွင့်ကျ ရသည့် အဖြစ်။

ဆရာ့လက်တွေ မွှေးပွင့်ငယ်၏ ပခုံးထက်မှ ရွှေ့လျှ သွားကာ တဖြည်းဖြည်း မျက်နှာပါ ငုံ့ကျလာရင်းမှ မွှေးပွင့်ငယ် ပါးပြင်ထက်မှ မျက်ရည်စက်များကို ဖွဖွညင်ညင် သုတ်ပေးနေတာ

ဆရာ့လက်ဖဝါးတွေ မွှေးပွင့်ငယ်၏ ပါးနှစ်ဖက် တစ်ဖက်စီ အုပ်မိုး၍ မျက်နှာလေး လက်ဖဝါးဖြင့် ဖေးညှပ်ပင့်မ စေတာ ...။

ဆရာ့မျက်နှာ ငိုက်ကျသွားလျက် ကိုယ်ကြီး ကိုင ညွတ်သွားကာ မွှေးပွင့်ငယ်၏ ကိုယ်လေးကို သိမ်းကျုံးပွေ့ငင် လိုက်တာ ...။

မွှေးပွင့်ငယ်၏ မျက်နှာလေးကို ရင်ခွင်မှာ ဖိကပ် ပွေ့ထားလိုက်ရင်းမှ ...

"မောင့် မမွှေးပွင့်ရယ်"

ခပ်တိုးတိုး ခေါ်ငင်လိုက်တာ။



နောက် ...။ နောက် ... သိမ်မွေ့ညင်သာသော အနမ်း ဦးတစ်ပွင့်သည် မွှေးပွင့်ငယ်၏ ပါးပြင်ထက်မှာ ဖူးပွင့်ခဲ့ရတာ။ နောက် ... နဖူးပြင်။ နောက် ... ဆံနွယ်နုနုမျှင်မျှင်များ။

အို ... အရမ်းကို သိမ်မွေ့သည်နှင့်အမျှ မြတ်နိုးညင်သာ လွန်းပါသော မောင်၏ အနမ်းများ။

"မောင် နောက်ဆုံး မျှော်လင့်ချက် အနေနဲ့ တစ်ခေါက်ပြန် လှည့်လာလိုက်မိတာ၊ ကြည့်စမ်း၊ ကလေးလေးလိုပါလား မမွှေးပွင့်ရယ်၊ ဟင် ... မောင် သနားလိုက်တာ"

မျက်နှာလေးကို မေးမော့ပြီး ငုံ့၍ တစိမ့်စိမ့် ကြည့် လျက် မောင် ပြောသည်။ မောင့်နှုတ်ဖျားဆီမှ လေငွေ့နွေးနွေးသည် မွှေးပွင့်ငယ်၏ မျက်နှာကို တို့ထိ ဖြတ်သန်းသွားသည်။

မောင့်မျက်ဝန်းတွေ အရမ်းကို ငြိမ်းချမ်းကြည်နူးရိပ် ထင်နေတာကိုလည်း ချမ်းမြေ့သောရင်ဖြင့် မွှေးပွင့်ငယ် တွေ့မြင်နေ ရသည်ပါပဲ။

"တော်သေးတာပေါ့ အချစ်ရယ်၊ မောင် ပြန်လှည့်မလာမိရင် မောင်ရော မမွှေးပွင့်ရော စိတ်အရမ်းထိခိုက်နေကြမှာ"

ကလေးလေးကို ပြောသလို ခပ်ဖွဖွ ညည်းရင်း သူ ပြောမိရပါပြီ။

"မောင်တို့ အမြန်ဆုံး လက်ထပ်ရအောင်ကွယ်"

အချစ်ကို သူ ရရှိသောနေ့တွင်ပင် လက်ထပ်မည့် စကားကို အလေးအနက် ပြောမိပြီ။

ငုံ့၍လည်း ချစ်ရသူလေးကို ကြည့်သည်။ အလိုလိုက် စိတ်ရှည်သော ချစ်သူတစ်ယောက်၏ အကြည့်များသည် မှုလုံးအိမ် ဆီမှ စီးပျံ့နေရပါသည့် အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် ငြိမ်းအေးနေသည်ပါပဲ။ နှလုံးသားသည်လည်း ငြိမ်းအေးနေသည်။ ထိခိုက်ခံစားရခြင်း ဆိုသော စောစောက ခံစားခဲ့ရပါသည့် အရာများ အားလုံးသည်လည်း လွင့်စဉ်ပပျောက်သွားခဲ့ပြီ။

"မောင့်ကို ကြည့်စမ်း မမွေးပွင့်"

မေးဖျားလေးကို သူ မေးယူလျက် ပြုံး၍ပြောမိသည်။

အရှက်သည်းနေသော မျက်နှာနုနုထွေးလေးကိုလည်း မြတ်နိုးမဆုံးစွာ ပြုံး၍ ငုံ့မိုးကြည့်မိရင်းမှ ...

"မောင် ထပ်ပြောမယ်၊ မောင်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်၊ ဟုတ်လား"

မွေးပွင့်ငယ် မျက်လွှာလေး ယှက်လိုက်ရင်းမှ ခေါင်းလေး ညိတ်ပြရှာ၏။

သူ အပျော်လွန်သူ တစ်ယောက်လိုပဲ ဟန်မဆောင်နိုင်စွာ လွတ်လပ် ကြည်စင်စွာ ရယ်လိုက်မိပါ၏။

နောက် ... မွေးပွင့်ငယ်၏ မျက်နှာလေးကို ရင်ခွင်မှာ သိမ်းမွေ့ ဖိကပ်ထားလိုက်ရင်း ...

"မောင် အရမ်းပျော်တာပဲ မမွေးပွင့်ရယ်"

ဟု ပြောမိစဉ်ခိုက် သူ့နှလုံးအိမ်သည်လည်း အပျော်ရှိန်ကြောင့် တသိမ့်သိမ့် ခုန်နေသည်ပါပဲ။

ထိုနှလုံးခုန်သံလေးကို ချစ်ရသူလေးသည်လည်း ကြားမိချေမည်ဟု သူ ထင်သည်။

သြော် ... ပျော်ရွှင်ကြည်နူးနေပါသည့် နှလုံးခုန်သံလေးကို ချစ်မြတ်နိုးရသူလေးလည်း ကြားရချေမည်သာတည်း။



## ၁၃

"ငါ ထင်မြင်ချက် ပြောရမယ်ဆိုရင် ခုလို မင်းချက်ချင်းကြီး အသိပေးတာကိုရော၊ တောင်းရမ်းနိုင်းတာကိုရော နည်းနည်း လောသွားတယ်လို့တော့ ထင်တယ်"

စမ်းယမုန်မဂ္ဂဇင်းတိုက် တည်ရာလမ်း၏ ထိပ်ဘက်မှာ ချခင်းထားသော ပလက်ဖောင်းခင်း လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း မောင်မောင် ပြောသည်။

ရှယ်တီးခါးပေါ့ကို မောင်မောင် တစ်ကျိုက်သောက်၏။ ပလတ်စတစ် အုပ်ထားသော မုန့်ပန်းကန်သည် အရာမယွင်းသေး။

သူကတော့ လက်ဖက်ရည်ကျကျ သောက်နေကျ။ ဒါပေမဲ့ ဤနေ့တွင် သောက်ရသော လက်ဖက်ရည်သည် အရသာမရှိတော့သလို ဖြစ်နေသည်။

ရင်ထဲမှာ ကြည်ကြည်လင်လင်မရှိ။

"အေး ... ငါကလဲ ဒီကိစ္စကို ဖွင့်ပြောရမယ့် အတွက် စောစောပြော စောစော အသိပေးလိုက်တာ မှန်တယ်ထင်လို့ ဒီမနက်မှာ ဒက်ဒီ့ကိုရော၊ မေမေ့ကိုရော အသိပေးလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ မွေးပွင့်ကို ငါ ချစ်ခွင့်မပန်ခင်ကတည်းက သူ့ကိုအရ
မြတ်နိုးခဲ့တာပဲ၊ ချစ်ခွင့်ပန်တုန်းကလဲ သူ့ကို ငါ ဆုံးရှုံးလို
ရမှာကို အရမ်းကြောက်ရွံ့ ချောက်ချားနေမိခဲ့တာပဲ၊ သူ့
မြင်မြင်ချင်း ငါ ချစ်ခဲ့သလို တစ်ဆက်တည်း ဆုံးဖြတ်ထာ
ခဲ့တာက သူ့ကို လက်ထပ်မယ်ဆိုတဲ့ အဆုံးအဖြတ်
မဟုတ်လား"

ရေနွေးကြမ်းအိုးကို ယူကာ အကြမ်းပန်းကန်တွ
သူ လောင်းထည့်သည်။

"ဒီတော့ မမွေးပွင့်ဆီက တုံ့ပြန်မေတ္တာကို ရပြီးတဲ့နော
မှာ၊ သူ့ကို လက်ထပ်ဖို့ကိစ္စပဲ ရှိတော့တာပဲ။ ချစ်သူတိုင်
ဟာ ဘဝကြင်ဖော်အဖြစ် ထာဝရ လက်တွဲသွားချင်ကြတာ
ချစ်သူဘဝမှာပဲ နေကြမယ်၊ လက်မထပ်ဘူးလို့ ဘယ်ချစ်
တွေကမှ မဆုံးဖြတ်ကြဘူး၊ တကယ် ချစ်ကြတဲ့သူတိုင်းဟာ
မလွဲမသွေ အတူတကွ ရာသက်ပန် ဆိုးတူကောင်းဖက် ေ
သွားချင်ကြတာပဲ။ အဲဒီလိုဖြစ်ဖို့ ဆိုတာက လူ့ဝန်းကျ
လူ့အသိုင်းအဝိုင်းက အသိအမှတ်ပြုတဲ့ အကြင်လင်မယာ
ဆိုတဲ့ ဘဝကို ပိုင်ဆိုင်ကြရမှ ဖြစ်မှာပေါ့"

သူ ပြောနေသမျှ မောင်မောင် ခေါင်းညိတ်ထောက်
သည်ပါပဲ။

"ဒါပေမဲ့ မင်းဉစ္စာက အသိပေးတာ နည်းနည်းများ အလေ
တကြီး နိုင်သွားသလားလို့ပါကွာ"

"နောင်လဲ လက်ထပ်ကြမယ့်ကိစ္စပဲ မဟုတ်လား၊ ငါ မမွေးပွ
ဆီက မေတ္တာကို ရတဲ့နေ့မှာ လေးလေးနက်နက် ပြောခဲ့တာ
ပဲ၊ မောင်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်လို့ ..."



"မောင်တို့က အမြန်ဆုံး လက်ထပ်ကြတာ ကိစ္စမဟုတ်ဘူး ကွ၊ မေမေတို့က မင်းတို့ကို အမြန်ဆုံး လက်ထပ်ပေးချင် စိတ် ရှိဦးမှကိုး၊ ခု ဘယ့်နှယ်ရှိစ မင်း မေမေက သိပ်သဘော တွေ့ပုံ မရဘူးဆို၊ ကဲ ..."

ဆေးပေါ့လိပ်တိုကို စားပွဲငယ်၏ အစွန်းနေရာတွင် င်လိုက်ပြီး မောင်မောင် သူ့ကိုကြည့်သည်။

"တကယ်က မင်း ဒက်ဒီကတော့ ထားတော့ လူအေး၊ မင်း ရဲ့မေမေကို ပထမ အကဲခတ်ပြီးမှ ပြောသင့်တာ"

"ငါက မမွေးပွင့်ကို လက်ထပ်မယ့်ကိစ္စကို ဘယ်လိုနည်းနဲ့မှ မပြောင်းလဲနိုင်တဲ့ သူပဲကွ၊ စောစော ပြောမယ်၊ သူတို့ သဘောတူရင် လိုက်ပြီးတောင်းရမ်းပေး၊ အကယ်၍ သဘော မတူဘူးဆိုရင် ငါ့သဘောနဲ့ ငါပဲ လက်ထပ်မယ်၊ အဲဒါကို ပထမအဆင့် အနေနဲ့ကတော့ မမွေးပွင့်နဲ့ မေတ္တာရှိနေတဲ့ ကိစ္စရယ် လိုက်တောင်းပေးဖို့ရယ် ပြောလိုက်တာပဲ"

"အေး ... အဲသလို သားသမီးက ကျွန်တော် ကျွန်မမှာဖြင့် ချစ်သူရှိနေပါပြီ လိုက်တောင်းပေးပါ _ သဘောတူ၊မတူ အရိပ် အကဲ ကြည့်မယ်၊ မတူရင် ကိုယ့်သဘောနဲ့ကိုယ် လုပ်မယ်၊ အဲသလို ဖွင့်ပြော ပထမဆုံး ခံရမှာကတော့ နားရင်းအုပ်တဲ့ ဒဏ်ပဲ"

"ဟ ... အဲသလိုကြီးတော့ မေမေတို့ကို ပြောင်ကြီး ဘယ် ဖွင့် ပြောမလဲ၊ သားမှာ ချစ်သူရှိနေပါပြီ၊ ဘယ်သူပါ၊ ဘယ် မှာနေပါတယ်၊ လိပ်မှာရေးချားလည်း ရှိပါတယ်၊ စာရေးအရာမ ပေါက်စလေးပါ၊ မိဘမရှိတော့ပါဘူး၊ အဲဒါ ဒက်ဒီနဲ့ မေမေ

www.burmeseclassic.com

www.burmeseclassic.com



တို့ လိုက်ပြီးတောင်းရမ်းပေးပါ၊ အဲသလို ပြောတာပေါ့ကွ၊ စောစောက ဥစ္စာက မင်းမို့လို့ ငါ အဆုံးအဖြတ်ကို ပြောပြထားတာပါ"

"အဲဒီတော့ အန်တီသန့်က ဘာပြောလဲ"

"ပညာ ဘယ်လောက်တတ်သလဲလို့ မေးတယ်"

"အဲဒီတော့ ..."

"ဆယ်တန်းတော့ အောင်မယ်ထင်တယ်လို့ ဖြေလိုက်တယ်။ တက္ကသိုလ် စာပေးစာယူ တက်နေတယ် ထင်တယ်လို့လဲ ဖြေတယ်"

"ဟော ..."

ပထမဆုံး ပါးစပ်ကြီး ပြဲသွားလျက် သူ့ကို ခေါင်းတခါခါနှင့် မောင်မောင် စိတ်လက်ညစ်စွာ ကြည့်သည်။

"ဟ ... မွေးပွင့်ငယ် ဘယ်နှတန်း ဆိုတာတောင်မှ မင်း မမေးကြည့်မိဘူးလားကွ ... ဟော"

"ငါချစ်တာ သူ့ကိုပဲ၊ သူ့ပညာအရည်အချင်းကို သိဖို့မလိုပါဘူးကွာ၊ မမွေးပွင့် စာတစ်လုံးမှ မတတ်လဲ ငါချစ်မှာပဲ"

သူ ဖြေတော့ မောင်မောင် ခေါင်းယမ်းချေ၏။

"အေး ... မင်းအတွက် မလိုပေမယ့် ကိုယ့်မိဘကို မျက်နှာပြလို့ ကောင်းအောင်တော့ မေးပြုကြည့်ဖို့ ကောင်းတာပေါ့ မိုးပိုင်ရာ"

"အဲသလိုဆိုရင် မမွေးပွင့်က သူ့ကို ချစ်တာဟာ တွက်ချက်ကြည့်ပြီးမှ ချစ်တာလို့ ထင်လိမ့်မယ်။ ငါ့အချစ်ကို အထင်သေး မခံနိုင်ဘူး"



"ကောင်းတာပေါ့၊ အဲသလို ကြောင်တက်တက်နိုင်တဲ့ မင်းကို မင်းရဲ့အမေက ပန်းကုံးလေးများစွပ်ပြီး ဆုမချလိုက်ဘူးလား၊ မိဘပဲကွ၊ သူတို့ရဲ့ ချွေးမလောင်းရဲ့ အခြေအနေကိုတော့ သိချင်မှာပေါ့ကွ"

မောင်မောင်နှင့် သူ သဘောချင်း မမျှချင်တော့။ မျက်မှောင်ကြီးတွန့်၍ သူ ကြည့်တော့ မောင်မောင်ကလည်း အားကျမခံ ပြန်၍ မျက်မှောင်ကြီးကုတ်ပြီး ပြန်ကြည့်သည်။ သူကလည်း သူ့ခံယူချက်ကို မလျှော့။

"ကဲ ... မင်း ဘယ်လိုမိန်းကလေးမျိုးကို လက်ထပ်မှာလဲ၊ ပညာတတ်မယ်ကွာ၊ ဘွဲ့တွေတစ်ထမ်းကြီး လှူငှားပြီး ထမ်းယူရအောင် တတ်မယ်ကွာ၊ ပိုက်ဆံချမ်းသာမယ်ကွာ၊ ရုပ်ချောမယ်ကွာ၊ ဒါပေမဲ့ အဝတ်အစား အနေအထိုင် အကျင့်စာရိတ္တ လျှပ်ပေါ်လော်လည်တဲ့ မိန်းကလေးမျိုးဆိုရင် အဲဒီ ချမ်းသာတာတွေ၊ ပညာတတ်တာတွေ၊ ချောတာတွေကြည့်ပြီး မင်း လက်ထပ်မှာလား၊ မင်းရဲ့မိဘဖြစ်တဲ့ အန်ကယ်နဲ့ အန်တီတို့ကရော သဘောတူကြမယ်တဲ့လား၊ တခမ်းတနား လက်ထပ်ပေးကြမယ်တဲ့လား"

သူ့လေသံတွင် မခံချင်စိတ်ကို ဖော်ညွှန်းသည့် မာကျောသော အရာတွေ ပါလာနေသည်။ မောင်မောင် သူ့ကို ပထမဆုံး ခေါင်းခါ၍ ကြည့်၏။ နောက် စိတ်ပျက်လက်ပျက်ဖြင့် ...

"မင်းပြောတဲ့ အဲဒီလို မိန်းကလေးမျိုးကိုတော့ ငါ ဘယ်လက်ထပ်မလဲ၊ ဒက်ဒီနဲ့ မေမေတို့ကလဲ ဘယ်သဘောတူမလဲ၊ ဒါပေမဲ့ မိဘဆိုတာမျိုးကတော့ သူတို့ရဲ့ချွေးမလောင်းလျာဟာ အတန်းပညာကဖြင့် ဘယ်လို၊ မိဘရဲ့ အခြေအနေက

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဘယ်ကဲ့သို့၊ ငွေကြေးအနေအထားကဖြင့် ဘယ့်နှယ်၊ အကျင့်စာရိတ္တနဲ့ မျိုးရိုးဂုဏ်ကဖြင့် ဘယ်ကဲ့သို့၊ အဲသလိုတော့ သိချင်ကြတာပဲ၊ အဲဒါကို ပြောတာပါဟ၊ ငါ့သဘောပြောရရင်တော့ ငါမြတ်နိုးတဲ့ မိန်းကလေးကို ငါလက်ထပ်မှာပေါ့ကွ၊ မင်းလိုပဲပေါ့၊ ခုဥစ္စာ ပြောနေတာက မင်းမိဘဘက်က ရပ်တည်ပြီး ငါက ပြောတာ၊ ခုကျတော့ အန်တီသန့်မေးတာကို မရေမရာ ဖြေခဲ့တယ် ဆိုတော့ သူတို့ဘက်ကလည်း ပြန်တွက်ကြည့်လေ၊ ဆိုတာက သားရဲ့ချစ်သူကဖြင့် စာတစ်လုံးမှ မတတ်ဘူး မေမေလို့ တိတိကျကျ ဖြေရဲရင်လဲ ဖြေ၊ စာပေးစာယူ တက်နေတယ် မေမေ၊ အဲသလို ရေရေရာရာ ဖြေချင်လဲ ဖြေ"

ပြောပြီး ဆေးပေါ့လိပ်ကို ပြန်ယူကာ မီးညှိရှိုက်ဖွာသည်။

"ခုဥစ္စာက ချစ်တယ် ဆိုတာရယ်၊ မိဘ မရှိတာရယ်၊ ဆင်းရဲတာရယ်၊ စာပေလေး မထောက်တစ်ခေါက် ရေးတာရယ်၊ အဲဒါပဲ ပြောပြနိုင်တဲ့ဥစ္စာ"

"အဲသလောက်နဲ့ ပြည့်စုံနေပါတယ် မောင်မောင်၊ ဆင်းရဲတယ် ဆိုတာက ငါက ပြောပြတာ မဟုတ်ဘူး၊ မေမေက မေးတာ၊ နွမ်းပါးတယ်လို့ ငါ ဖြေလိုက်တယ်၊ မေမေက အဲဒီမှာ မျက်နှာတစ်ချက် ထိန်းမရအောင် ပျက်တယ်"

"အန်ကယ်ကရော ဘာပြောလဲ"

"ဘာမှမပြောဘူး၊ နားထောင်နေတာပဲ၊ လက်ဖက်ရည်သောက်ရင်းနဲ့ မနက်စောစောမှာပဲ ငါပြောပြလိုက်တာ၊ မေမေလဲ မျက်နှာကို ပြန်ပြင်ပြီး၊ အေးလေ ... ဒီကိစ္စ သားဒက်ဒီနဲ့



မေမေတို့ နှစ်ယောက်ချင်း တိုင်ပင်လိုက်ဦးမယ်၊ ခုလိုမှင့်ပြောတာကိုတော့ မေမေ သဘောကျတယ်လို့ပဲ ပြောတယ်၊ ဒါပေမဲ့ မေမေ့မျက်နှာ တော်တော်မကောင်းတာတော့ အမှန်ပဲ၊ မမွှေးပွင့်ရဲ့ လိပ်စာကိုလဲ တောင်းတယ်"

"ပေးလိုက်လား"

"ပေးလိုက်တယ်၊ မေမေ ကိုယ်တိုင်က မွှေးပွင့်ငယ်ကို အကဲခတ်ချင်လို့ပဲလို့ ငါထင်တယ်၊ ပြီးတော့ မပေးရင် ငါ့ဘက်က အရမ်းကို ရိုင်းသွားမှာပေါ့၊ ကိုယ်တောင်းရမ်းပေးဖို့ပြောတဲ့ မိန်းကလေးနဲ့ ပတ်သက်လို့ အစစ အကျင့်စာရိတ္တကအစ အပြစ်ဆိုစရာ မရှိအောင် ပြည့်စုံတယ် ဆိုတာ ငါ့ကိုယ်ငါ ယုံကြည်ပြီးသားပဲ၊ မိန်းမအတောင်းတော့ လုပ်ပေးပါ၊ လိပ်စာကျတော့ မပေးဘူးဆိုရင်တော့ ငါ သိပ်ရိုင်းသွားမှာပေါ့၊ လိပ်စာကို လျှို့ဝှက်ထားစရာ မဟုတ်ဘူးလို့ ငါထင်တယ်၊ ဒါကြောင့် ပေးလိုက်တာ"

မောင်မောင် တစ်ချက် ငြိမ်နေ၏။ နောက်သို့ဆက်ပြင်း

တာ ...

"အဲသလို အကဲခတ်ရအောင် သွားတယ် ဆိုရင်တော့ ကိစ္စမရှိဘူးပေါ့၊ ဟိုမှာ မတူမတန် သွားပြောရင် ဘယ့်နှယ်လုပ်မလဲ"

သူ တစ်ချက် မျက်နှာပျက်ချင်သည်။ ဤအတွေးကို ည်း စောစောပိုင်းကတည်းက တွေးထားခဲ့ပြီးပြီ။ ယခုလည်း မောင်က ထပ်တွေးနေမိနေပြီ။

"မမွှေးပွင့်ကို မတူမတန် မေမေ သွားပြောရင်လည်း ငါကတော့ လက်ထပ်မယ့်ကိစ္စကို နောက်ဆုတ်မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲသလိုချည်းလဲ မပြောနဲ့လေ၊ အန်တီသန့်က မတူ မတန် သွားပြောရင် မမွေးပွင့်ယယ်တို့ကလဲ လှုပ်ကွ ရှက်မှာ ပေါ့၊ မင်းကို သူတို့ လက်မခံတော့ရင် ဘယ်နယ်လုပ်မလဲ"

သူ ခေါင်းယမ်းသည်။ လက်ဖက်ရည်ဖိုးကို သူရှင်းသည်။

နေရာမှ အတူထွက်ခဲ့ကြရင်းဖြင့် ...

"ငါလဲ ငါ့အသိုင်းအဝိုင်းကို ရင်ဆိုင်ပြီး သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတာပဲ၊ ဘယ်သူ သဘောတူတူ မတူတူ သူ့ကို လက်ထပ်မှာပဲ၊ သူလဲ ငါ့လိုပဲ ဖြစ်မယ်လို့ ငါ ယုံကြည်တယ် ငါ့ကို သူ ချစ်တယ်လေ၊ မေမေတို့ သဘောမတူရင်လဲ ငါ့ ကို လက်ထပ်ရဲရမှာပေါ့၊ မတူမတန် သွားပြောတဲ့သူဟာ ငါမှမဟုတ်ဘဲ၊ ငါ့မေမေပဲ၊ မေမေ ပြောတာကို စိတ်နာ မနာတာဟာ သူ့ ကိုယ်ပိုင် အခွင့်အရေးပဲ၊ ဒါပေမဲ့ ငါ့ကို သူ ချစ်တယ်ဆိုရင် အရာရာကို ရင်ဆိုင်ပြီး သူ့ဆီကို ထွက် လာမယ့် ငါ့ကို လက်ထပ်ရမှာပေါ့"

စမ်းယမုန် ရှိရာသို့ သူတို့နှစ်ယောက်သား လျှော ရင်း စကားပြောဖြစ်၏။

နေအပူရှိန်က လမ်းပေါ်မှာ အရှိန်အတော်အသင့် ရနေပြီ။ ပူပြင်းစ ပြုလာသည့် နေရှိန်ကို လက်ဖြင့် မျက်နှာအထက် မှာ ကာလိုက်ရင်း လိုက်လာရာမှ မောင်မောင် သူ့ကိုကြည့်သည်

"နေစမ်းပါဦး၊ အန်တီသန့်နဲ့ အန်ကယ်တို့က သဘော ဘူးဆိုရင် မင်း ဘာဆက်လုပ်မယ်လို့ ဆုံးဖြတ်ထား နေဦး ... လက်ထပ်မှာကိုတော့ ငါ သိပြီးပါပြီ၊ တခြား ကို ပြောတာပါ"



ယတိပြတ် ဆုံးဖြတ်ထားခြင်း ရှိနှင့်ပြီးသူ တစ်ယောက် ၏ တည်ငြိမ်ခြင်းမျိုးဖြင့် သူ ဖြေသည်။

"ငါ ပန်းနုရိပ်က ထွက်သွားဖို့ ဆုံးဖြတ်ထားတယ် မောင်မောင်၊ အကယ်၍ မွေးပွင့်ယယ်နဲ့ ဒက်ဒီနဲ့ မေမေ သဘောမတူဘူး ဆိုရင်ပေါ့လေ၊ ဒက်ဒီနဲ့ မေမေ သဘောမတူတဲ့ မိန်းကလေး တစ်ယောက်ကို လက်ထပ်မယ် ဆိုရင်တော့ ပန်းနုရိပ်က ထွက်ပေးသင့်တယ်လို့ ငါ ထင်တယ်လေ၊ မိဘရဲ့အရိပ်မှာ နေပြီး မိဘသဘောမတူတဲ့ သူကိုတော့ ငါ လက်မထပ်သင့် ဘူးလို့ သဘောပေါက်ထားတယ်"

မောင်မောင် သူ့ကို တစ်ချက်စိုက်ကြည့်ပြီးမှ သက် ပြင်းရှိုက်သည်။

"မင်းဟာ တချို့နေရာတွေမှာ ထူးဆန်းတယ် ရန်ပိုင်၊ ချစ် တဲ့ မိန်းကလေးကို လက်ထပ်ဖို့ ဆုံးဖြတ်တာတော့ မှန်ပါ တယ်၊ ဒါပေမဲ့ သဘောမတူဖို့လမ်း များနေတယ် ဆိုတာကို လဲ မင်း ကြိုတင်သိထားနှင့်ပြီးတဲ့ ကိစ္စ၊ ဒါပေမဲ့ အဲဒီမိန်း ကလေးနဲ့ ချစ်နေတာကို လျှို့ဝှက်မထားဘူး၊ တောင်းရမ်း နိုင်သေးတယ်၊ လိပ်စာတောင်းတော့လဲ ပြောပြလိုက်တယ်၊ တစ်မျိုးပဲကွ၊ တကယ်တော့ ငါ့အထင် ပြောရရင် အဲဒီလို လိပ်စာကို ဖွင့်မပြောသင့်ဘူးလို့ သဘောရတယ်"

"ဘာဆိုင်လဲ၊ ဒါဖြင့်ရင် မမွေးပွင့်ဆီကို တောင်းရမ်းပေးဖို့ ကိစ္စကျတော့ ဘယ်လိုသွားမလဲ"

မောင်မောင် ခေါင်းကုတ်သည်။

"မင်းက အဲ့သလို တောင်းရမ်းပေးမယ်လို့ ထင်ထားလို့ လား"

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းယမ်းတော့ မောင်မောင် ပို၍ ခေါင်းကုတ်
၏။

"မထင်ဘူး၊ မမွေးပွင့်ဟာ ဆင်းရဲတယ်၊ အဲဒါကို မေမေ သဘောကျမှာ မဟုတ်ဘူး၊ ဒါပေမဲ့ စောစောက ပြောသလိုပဲ မိန်းမကျတော့ တောင်းခိုင်းပြီး လိပ်စာကိုကျတော့ လျှို့ဝှက် ထားမယ်ဆိုရင် မေမေတို့ အပေါ်မှာ ငါ ဘယ်တရားမလဲ"

"အဲဒါကို ပြောတာပေါ့၊ မင်းဟာက ထူးဆန်းနေတယ် လို့"

"မိဘကိုလဲ မိဘနဲ့ ပတ်သက်တဲ့ အခွင့်အရေးကိုတော့ ပေး ရမှာပေါ့ မောင်မောင်၊ သူတို့ကို အသိပေးပြီးမှ သူတို့အဆုံး အဖြတ်ကို ငါ စောင့်ကြည့်ပြီးမှ ..."

စကားကို ခေတ္တ ရပ်လိုက်ပြီးမှ သူ ဆက်ပြောသည်။

"သူတို့ သဘောမျှတယ် ဆိုရင်လဲ သူတို့စီစဉ်တဲ့အတိုင်း မမွေးပွင့်နဲ့ လက်ထပ်မယ်၊ အကယ်၍ သဘောမမျှဘူးဆို ရင်လဲ ပန်းနုရိပ်က ငါ ထွက်ခွာပြီး မမွေးပွင့်ကို ငါလက် ထပ်မယ်"

ခိုင်မာသော အဆုံးအဖြတ်သည် နှလုံးသားတည်း ပြီးသည့်အဖြစ်။

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် မွေးပွင့်ငယ်ဟာ ငါ့ဇနီးဘဝ မလွဲမသွေ ရောက်ကို ရောက်ရမယ်၊ မွေးပွင့်နဲ့ ငါတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် အရမ်းချစ်ကြတဲ့သူတွေ ဖြစ်ပြီး ပြီးပြီ၊ သူ ... ငါ့ကို ချစ်နေပါလျက်နဲ့ တခြားအကြောင်း တွေကြောင့် သူနဲ့ ငါ ဝေးရာအဖြစ်မျိုးကို ဘယ်တော့ အဖြစ်မခံဘူး"



ယတိပြတ် သူ ပြောတော့ မောင်မောင် ခေါင်းညိတ် သည်။

"ငါ စိုးရိမ်နေတာ တစ်ခုတော့ ရှိတယ်ကွာ၊ အန်တီသန့် တစ်ခုခု သွားပြောခဲ့ရင် မမွေးပွင့်က လက်ထပ်မယ့်ကိစ္စကို ခေါင်းခါလိုက်မယ့် အဖြစ်ကိုပဲ၊ လူဆိုတာက နာကြည်းအောင် အစော်ကားခံ အပြောခံရရင် ရှက်ရှက်နဲ့ နာနာကြည်းကြည်း နဲ့ ခေါင်းခါလိုက်တတ်ကြတာမျိုး ဖြစ်နိုင်တယ်၊ အဲဒါကို ပြောတာပါ"

သူ့မျက်ဝန်းတွေ တင်းမာရိပ်သမ်းလျက် ...

"သူ့ကို ငါကမှ မစော်ကားခဲ့ဘဲ မောင်မောင်၊ အဲသလို ဆုံးဖြတ်လို့ ဘယ်ရမလဲ၊ သူ ငါ့ကို တကယ်ချစ်တယ်ဆို ရင် အဲသလိုလုပ်မှာ မဟုတ်ဘူးလို့ ငါ ယုံကြည်တယ်"

"မင်း ဒီနေ့ ခပ်စောစောပဲ ပန်းလေညင်းကို သွားသင့်တယ်၊ ငါ့သဘော ပြောရရင်တော့ ခုချက်ချင်းတောင်မှ သွားသင့် နေပြီလို့ ထင်တယ်"

မောင်မောင် ပြောတော့ သူ ခေါင်းညိတ်သည်။

"ပြောမယ့်သာ ပြောရတာပါကွာ၊ အန်တီသန့် မမွေးပွင့်ဆီ ရောက်သွားပြီလို့ ငါ ထင်တယ်"

သူ ဘာမျှမပြော။ မောင်မောင် ပြောတာလည်း ဖြစ် နိုင်သည်ပါပဲ။ ဒါပေမဲ့ မွေးပွင့်ငယ် ထံသို့ ချက်ချင်း လိုက်မသွား မည်က မေမေ့ကို မနှောင့်ယှက်လို၍ပါ။

မွေးပွင့်ငယ်ကို လေ့လာလို၍ မေမေ သွားခြင်းဆိုလျှင် နောက်မှ လိုက်သွားပါက မေမေ့ကို စော်ကားရာ ရောက်မည် ...

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မွေးပွင့်ငယ်တို့၏ ကိစ္စကို မေမေ့ကို အနှောင့်အဖွဲ့ ကင်းစင်စွာဖြင့်ပဲ လွတ်လပ်စွာ ဆုံးဖြတ်ဖို့ အခွင့်အရေးပေးသင့်သည်ဟု ထင်သည်။

မေမေ့ အဆုံးအဖြတ်သည် သူ့ဆန္ဒနှင့် ကိုက်ညီချင်လည်း ကိုက်ညီမည်။

သူ့ဆန္ဒနှင့် မေမေ့ အဆုံးအဖြတ်သည် ဆန့်ကျင်ဘက်လည်း ဖြစ်ချင်ဖြစ်မည်။

ဒါပေမဲ့ သူ့မျက်ကွယ်မှာ မွေးပွင့်ငယ်ကို မေမေ လွတ်လပ်စွာ အကဲခတ် လေ့လာခွင့်တော့ ရှိရချေမည်ပေါ့။

သာယာညင်းပျောင်းသော စကားကို ပြောဆိုပြီး မေမေ ပြန်ချင်လည်း ပြန်မည်။ ပြင်းထန်သော စကားကိုပြောပြီး မွေးပွင့်ငယ် ထံမှ မေမေ ပြန်ချင်လည်း ပြန်မည်။

ဒါပေမဲ့ သူ့ကိုချစ်သော သူ၏ချစ်သူ မွေးပွင့်ငယ်သည် အစဉ်တစိုက် နိုင်မတ်စွာ ရှိနေသော သူ့အချစ်ကို နားလည်ထားသည်နှင့်အမျှ ထိုအဖြစ်ကိုလည်း ခံနိုင်ရည်စွမ်း ရှိရမည်ဟု သူနားလည်ထားသည်။

"ငါ တစ်ခုပြောမယ် မောင်မောင်၊ မွေးပွင့်ငယ်ရဲ့ ဒေါ်ဒေါ်ကိုယ်တိုင်က ငါ့ကို မမွေးပွင့်နဲ့ သဘောမတူဘူးဆိုပြီး ပက်ပက်စက်စက် ပြောပါစေ၊ မမွေးပွင့်ရဲ့ နှုတ်က အဲသလို ငါ့အပေါ် မပြောသရွေ့ မမွေးပွင့်ကို ငါ့ မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်မှာပဲ၊ ငါ့လိုပဲ မမွေးပွင့်ရဲ့ အချစ်ဟာလဲ တည်ငြိမ်ခိုင်မြဲရမှာပဲပေါ့"

သူ ပြောတော့ မောင်မောင် ဘာမျှဝင်မပြောတော့



ဒါပေမဲ့ မပြောင်းမလဲ ပြောလာသည့် မောင်မောင့်စကားမှာ ...

"မွေးပွင့်ငယ်ဆီ မင်း သွားလိုက်တော့ ..."

ဆိုသည့် စကား။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အိမ်၏ ဝရန်တာဆီမှာ လူရိပ်မြင်တာမို့ မွှေးပွင့်ငယ် လှမ်းကြည့်မိပါ၏။

သူစိမ်းညှိုသည် အမျိုးသမီးကြီးတစ်ဦး။ ညွှတ်နေအောင် လက်ဝတ်ရတနာတွေကို ဝတ်ဆင်ထားလျက် လက်ကိုင်အိတ် အကြီးစားကြီးကို ပိုက်ပွေ့ထားပုံကိုက မာန်ရှိနေသည့် အသွင်။ အရမ်းကို ထည်ဝါနေသည့် အသွင်။

စာမူကို စာအိတ်ထဲ ထည့်နေသည့် မွှေးပွင့်ငယ်ဘေးမှာလည်း ခင်ခင် ရှိနေသည်။ နှစ်ယောက်သား ဈေးသို့လည်း သွားရင်း ဝယ်ခြမ်းစရာလေးတွေဝယ်။ စာမူလည်းပို့ ဆိုသည့်သဘော ဖြင့် မွှေးပွင့်ငယ်နှင့် ခင်ခင် အပြင်သွားကြတော့မည့် ဆဲဆဲပါ။

ညှိုသည် အမျိုးသမီးကြီး၏နောက်မှ ဒေါ်ထွေးဆွေ လိုက်ပါလာသည်။ ညှိုသည်ကို အိမ်အထိ လိုက်ပို့ပေးခြင်းမှန်း မွှေးပွင့်ငယ် သိသည်။

"ဒီက ညီမကြီးလဲ ခဏလောက် ဝင်ထိုင်ပါလားကွယ် ..."

ညှိုသည် အမျိုးသမီးကြီးကပဲ ဒေါ်ဒေါ်ကို ပြော စကားဆိုလာတော့ ဒေါ်ဒေါ်ခမျာ အရှိုးခံပီပီ ...



"ဟုတ်ကဲ့၊ ဒီက မမလဲ ထိုင်ပါရှင့်"

ဟု ဆိုရှာသည်။ ဒါပေမဲ့ ညှိုသည်အမျိုးသမီးကြီး ကို ယခုတိုင် ဘာမှန်းမသိ၊ ဘယ်သူမှန်းလဲ မသိ။

"မွှေးပွင့်ငယ်ရဲ့ အိမ်ပါလားရှင်"

ဟု ဆိုင်ရှေ့မှာ အဖိုးတန်ကားလေး ထိုးရပ်ပြီးတာနှင့် ဆင်းလာကာ မေးတာမို့ ...

"ဟုတ်ပါတယ်ရှင်"

ဟု ဖြေပြီးနိုက်မှာပဲ လိုက်ပို့ပေးပါ ဆို၍သာ လိုက်ပို့ပေးရသည်။ ဘယ်သူ ဘယ်ဝါမှန်း မသိ။ ဒါပေမဲ့ ညှိုသည်က ဖြင့် နာမည်အတိအကျနှင့်ကို လိုက်လာသည့်အဖြစ်။ လိပ်စာလည်း သိထားတာမို့ ရောက်လာနိုင်သည်ပေါ့။

"ချမ်းသာပုံတော့ ရတယ်၊ မိမွှေး ပြောပြောပြတဲ့ စာအုပ် ထုတ်တဲ့ လူတွေဆိုတာ ချမ်းသာကြတယ်ဆိုပဲ၊ မိမွှေး နာမည် အတိအကျနဲ့ဆိုတော့ စာအုပ်ထုတ်ချင်လို့ လိုက်လာ တာများလား၊ မိမွှေး အပြောတိုင်း ဆိုရင်ဖြင့် သူ့ဝတ္ထုတွေ ကို ကြိုက်တဲ့လူရှိရင် လိုက်လာမှာတဲ့၊ ဘုရားရှင် ကျေးဇူး ကြောင့် ထုတ်ဝေသူတော့ လိုက်လာပြီ ထင်ရဲ့"

ဝမ်းပန်းတသာလည်းတွေး။ နောက်မှလည်း လိုက်ပို့ပေးခဲ့ခြင်းပါ။

ယခုကျတော့ အထဲခန်းမှာ ဝင်ထိုင်ဖို့ပါ ပြောလာတာမို့ ဒေါ်ထွေးဆွေ ခမျာ ပို၍ပင် ဝမ်းသာသွားမိရသည်ပါပဲ။

လက်တောက်စူးရှသော မျက်ဝန်းများကို ပိုင်ဆိုင်ပါသည့် ဤအမျိုးသမီးကြီးသည် ထက်ထက်မြက်မြက် ရှိသူတစ်ဦး ဆိုတာကိုတော့ မွှေးပွင့်ငယ် နားလည်ထားမိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဤအမျိုးသမီးကို မွေးပွင့်ငယ် မသိ။

"ထိုင်ပါရှင့်"

အိမ်ရှင်ပီပီ သင်ဖြူးဖျာလေး ခင်းပေးလျက် မွေးပွင့်ငယ် ပြောတော့ ညှိုသည့်အမျိုးသမီးကြီး ဝင်ထိုင်သည်။

"ဒေါ်ဒေါ်က ဒေါက်တာရန်ပိုင်ရဲ့ မေမေပါ"

အိမ်လေးကို အကဲခတ်သလိုပင် မကြည့်တော့ဘဲ ဒေါ်ခင်သန့်ဇင် စကားစသည်။

အိမ်ကို အကဲခတ် ကြည့်စရာပင် မလိုတော့။ အရှမ်းကို ဆင်းရဲသော အခြေအနေ အဖြစ်ပဲ ဒေါ်ခင်သန့်ဇင် မှတ်ယူထားပြီးပြီ။ အိမ်ဆိုင်လေးဖွင့်ကာ အိမ်ငယ်လေးတစ်လုံးမှာ နေနေရပါသည့် အဝန်းအဝိုင်း တစ်ခုဆိုတာ မြင်နေရပြီးချေပြီလေ။

"သားက ဒီနေ့ ပြောပါတယ်"

မောင့်နာမည်ကိုတပ်၍ မိခင်အဖြစ် အသိပေးပြီးတာနှင့်ပင် မွေးပွင့်ငယ်၏ ရင်တွေ အရှမ်းကို လှုပ်ရှားနေမိတာ အမှန်ပါ။

ရုတ်တရက်ကြီး ရောက်လာတာကိုက ထူးခြားနေသည်။ ပြီးတော့ မောင်လည်း ပါမလာ။ ဒေါ်ဒေါ်ကို လှမ်းကြည့်တော့ တိတ်ဆိတ်စွာပဲ ငေးကြည့်နေတာကို မြင်၏။ ခင်ခင်လည်း မောင့်မေမေကိုပဲ ခပ်ငေးငေး ကြည့်နေသည်။

"မမွေးပွင့် ဆိုတာက သမီးလား"

ခပ်အေးအေး မေးလာသည့် အသံ။ မွေးပွင့်ငယ်ကိုပဲ ကြည့်၍ မေးခြင်းပါ။

ရုပ်ရည်လေး အရှမ်းကို ချောမွန်ညက်နေသည့် ဤ မိန်းကလေးကို မြင်လိုက်ကတည်းက သား၏ချစ်သူဆိုတာ ဒေါ်ခင်



သန့်ဇင် သိသည်ပေါ့။ မိန်းကလေး နှစ်ယောက် ယှဉ်၍ထိုင်နေကြပေမယ့် မျက်နှာမူ၍ လှမ်းမေးခဲ့လိုက်ရသည့် မိန်းကလေး၏ အလှက အရှမ်းကို မွေးနှလွှန်းစွာ ထင်းထင်းပပ လှနေချေသည်ကိုး။

"ဟုတ်ကဲ့ ... ကျွန်မပါ"

မောင့်မေမေမို့ ခေါင်းကလေးငုံ့၍ မွေးပွင့်ငယ် ခပ်တိုးတိုးလေး ဖြေရပါ၏။

ထူးခြားမှု တစ်ခုခုတော့ ဖြစ်တော့မည် ဆိုတာ အလိုလို ရင်ထဲမှာ သိနေပြီ။

မောင့်မေမေသည် အကြောင်းမရှိဘဲနှင့် မွေးပွင့်ငယ်ထံ တကူးတက လာစရာ အကြောင်းမရှိ။ ထိုအကြောင်းသည် ကောင်းခြင်းလား။ သို့မဟုတ် ဆိုးခြင်းကို ဖန်တီးချေမည်လား။ လောလောဆယ်တော့ ဘာကိုမျှ မသိနိုင်သေး။

ဒါပေမဲ့ မကြာလင့်မီ သိရတော့မည် ဆိုတာကိုတော့ မွေးပွင့်ငယ် နားလည်ထားမိသည်။

"ဒေါ်ဒေါ့် နာမည်က ဒေါ်ခင်သန့်ဇင် တဲ့၊ အနော်ရထာလမ်း ရွှေငွေရတနာဆိုင်နဲ့ အထည်ဆိုင်ကြီး ဖွင့်ထားတာပါ၊ သားရဲ့ ဒက်ဒီကလည်းဦးရွှေရင် နှလုံးအထူးကု သမားတော်ကြီးပါ၊ နေကြတာက ရွှေတောင်ကြားလမ်းမှာပါ"

ပြောပြီးတာနှင့် ပိုက်ဆံအိတ်ကြီးဖွင့်ကာ စီးကရက်တစ်လိပ်ကို စီးကရက်ဘူးတွင်းမှ ထုတ်ယူသည်။ စီးကရက်ဘူးကိုက ရွှေစီးကရက်ဘူး။ အရှမ်းချမ်းသာတာကို တမင် လာရှင်းပြနေခြင်းများလားဟု မွေးပွင့်ငယ် ပထမဆုံး တွေးမိရပြီ။

ဒေါ်ခင်သန့်ဇင်၏ မျက်နှာရိပ်ကို အကဲခတ်တော့လည်း အရှမ်းကို တည်ငြိမ်နေတာကိုပဲ မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာသဘောနှင့် မောင့်မေမေသည် ဤစကားတွေကို တကူးတက လာပြောနေရပါသလဲ။

"အန်တီတို့ရဲ့ အခြေအနေကိုတော့ သမီး နားလည်လောက်ပြီ ဆိုပါတော့၊ အန်တီ ကိုယ်တိုင်ကလဲ သမီးရဲ့ အခြေအနေကို မျက်မြင်ကိုယ်တွေ့ အနေအထားနဲ့ပဲ နားလည်နေပါပြီ"

ခင်ခင့်ကို မမွေးပွင့်ငယ် ကြည့်တော့ ခင်ခင့် အကြည့်တွေထဲမှာ စိတ်ရှုပ်ထွေးမှုတွေကို မွေးပွင့်ငယ် လှမ်းမြင်နေရသည်။

"ဟုတ်ကဲ့ ... အစ်မကြီး ခဏနော်၊ ဆရာအမေ ဆိုတော့ တစ်ခုခု သွားစီစဉ်ပါရစေ"

ဒေါ်ဒေါ် ခမျာ တလေးတစား ပြောခြင်းပါ။

"ရပါတယ် ညီမကြီးရယ် ထိုင်ပါ၊ ဒီစကားဝိုင်းမှာ ညီမကြီးလည်း ရှိနေသင့်တယ်လေ၊ ကျွန်မ စီးကရက်ပဲ သောက်ပါ့မယ်"

ပါလာသည့် စီးကရက်ကိုပဲ မီးညှိရှိုက်ဖွာပြီး ဒေါ်ခင်သန့်ဇင် မီးခိုးတွေကို မှုတ်ထုတ်သည်။

"သားက သူ့ဘာသာသူ ဆေးခန်းဖွင့်ချင်တယ်လို့ ပြောတုန်းက ကျွန်မ ထင်မိတာက ကိုယ့်ဒူးကိုယ်ချွန်ချင်လို့ပဲလို့ ထင်မိတာ၊ တကယ်က ဘယ်ဟုတ်မလဲ၊ တစ်နေ့မှာ အိမ်ထောင်ထူရင် အရင်းအနှီးနဲ့ လုပ်ကိုင်စရာ နေရာတစ်ခုကို ကြိုတင်ပြင်ဆင် နေရာယူထားတာပါလားလို့ ဒီမနက်မှ သိရတယ်၊ ပြီးတော့ သူ့အိမ်ထောင်ထူမယ့် နေရာကိုပဲ ဒီဆေးခန်းကို ဖွင့်ထားတာကိုး"

မွေးပွင့်ငယ် မျက်နှာ ရဲခနဲ ဖြစ်၏။ ခပ်ပြုံးပြုံး ပြောနေပေမယ့် ခနဲ့စကားဟု မွေးပွင့်ငယ် ထင်သည်။ မျက်ခနဲတစ်ချက်



မော့ကြည့်မိတော့ ခပ်အေးအေးပင် စူးစိုက်ကြည့်နေသော မောင့်မေမေ၏ မျက်ဝန်းတွေနှင့် ဆုံ၏။ ဤ မျက်ဝန်းတွေထဲမှာ မွေးပွင့်ငယ် အပေါ် နှစ်သက်လိုလားရိပ်ဟူ၍ စိုးစဉ်းမျှ မမြင်ရ။

"အရမ်းချမ်းသာတဲ့ သားက ဆင်းရဲတဲ့ဒဏ်ကို နားမလည်ဘူး၊ ချမ်းသာခြင်းရဲ့ တန်ဖိုးကိုလည်း နားမလည်ဘူး၊ အလိုလို ပြည့်စုံနေရတဲ့ သားဟာ အဲဒီချမ်းသာခြင်း ဆိုတာကို တန်ဖိုးထားရမှန်းလဲ မသိဘူး၊ ဒါကြောင့် ... ဘာဆိုဘာမှ အားရစရာ မကောင်းလှတဲ့ အိမ်ထောင်ရေးတစ်ခုကို ဖန်တီးတည်ဆောက်ဖို့ စိတ်ကူးယဉ်နေမိတာပေါ့ သမီးရယ်"

မွေးပွင့်ငယ်၏ နှလုံးအိမ်တွင်းဆီသို့ မာကျောပူပြင်းသော စကားရေစီးသည် နာကျင်ဖွယ် စီးဝင်လာချေပြီတည်း။

အခြေအနေ အရပ်ရပ်ကို မွေးပွင့်ငယ် သဘောပေါက်ပြီ။

စင်စစ် မောင့် မေမေသည် သားဖြစ်သူနှင့် မွေးပွင့်ငယ်ကို သဘောမတူနိုင်ကြောင်း လာရောက် အသိပေးနေခြင်း။

"အန်တီတို့ရဲ့ မနက်စာ ကော်ဖီတစ်ပွဲနဲ့ စားတဲ့မုန့်တစ်ချပ်ဟာ ဒီအိမ်ရဲ့ ထမင်းတစ်ဝိုင်းစာထက် မကတဲ့ ငွေနဲ့မှ ဝယ်လို့ ရနိုင်မှာပါ၊ ဒါက ကော်ကားတာ မဟုတ်ဘူးနော်၊ သားရဲ့ အခြေအနေကို နားလည်အောင် ပြောပြတာပါ၊ ဒီလို အဝန်းအဝိုင်းမှာ သား ဘယ်လိုနေ ဘယ်လိုစားသောက်နိုင်ပါ့မလဲ၊ အဲဒါကို စိတ်ကူးယဉ်နေတဲ့ သားကတော့ သဘောပေါက်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ စိတ်ကူးယဉ်စရာ ဘာတစ်ခုမှ မရှိတဲ့ လက်တွေ့ဘဝထဲက သမီးကတော့ နားလည်မယ်လို့ အန်တီ ထင်ပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်၏ မျက်နှာ ဖြူကျသွားတာ။

မွှေးပွင့်ငယ် ကိုယ်တိုင်လည်း ရင်ထဲမှာ လှိုက်လာလျက် မျက်ရည်များ တားဆီးမရနိုင်စွာ ဖြိုခနဲ ကျလာတာကို အလိုလို သိနေသည်။

ဘယ်လိုမှ မသိလိုက်နိုင်ခင်မှာပဲ မျက်ရည်က ထိန်းမနိုင်စွာ ကျလာသည်။ မောင့် မေမေ စကားကို နာကြည်းခြင်း၊ ရှက်ခြင်း၊ တုန်လှုပ်ခြင်း များစွာဖြင့် နားထောင်နေရစဉ်မိုက်မှာပဲ လှိုက်ခနဲ ဖြစ်လိုက်တာပဲ သိလိုက်ရသည်။ မျက်ရည်တွေ ဖြိုခနဲ ကျလာမှ ...

"ငါ ငိုနေပါလား ..."

ဟု ကိုယ့်ဘာသာကိုယ် သိလိုက်ရသည့် အဖြစ်။ တော်ရုံကြေကွဲမှုမျိုး၊ ရှက်စိတ် ကဲရမှုမျိုးဖြင့် ဤသို့ မျက်ရည်တွေ ဖြိုခနဲ ကျမလာနိုင်။

"သားက ပြောပါတယ်၊ သမီးကို လက်ထပ်မယ်တဲ့၊ တောင်းရမ်းပေးပါတဲ့လေ၊ အန်တီ့ အမြင်ကို ပြောရရင် သားဘက်က ဒီလို လက်ထပ်ဖို့ ဆုံးဖြတ်ထားတာကို ပြင်တော့မှာ မဟုတ်ဘူး၊ အန်တီ့သားအကြောင်း အန်တီ သိပါတယ်"

အိမ်လေးက အရမ်းကို တိတ်ဆိတ်နေသည်။

အိမ်နောက်ဘက် သရက်ပင်ရိပ်ဆီမှ ငှက်လေးများ၏ ကျိုးကျိုးကျည်ကျည် မြည်ကြွေးသံကိုပဲ ကြားနေရ၏။

ဩော် ... မောင့်အချစ်ကို လက်ခံမိရပါသော သူဆင်းရဲ မိန်းမသားပေမို့ ... သရက်ရိပ်လေးဆီမှ ငှက်လေးများ၏ မြည်ကြွေးသံသည် ငိုချင်းလေးတစ်ခုနှယ် မွှေးပွင့်ငယ်၏ နားစည်တွင်းသို့ တိုးဝင်လာရပါသည့်အဖြစ်။



"အန်တီတို့ရဲ့ သားကို အန်တီတို့ သင်ပေးခဲ့ရတဲ့ ပညာသင်စရိတ် ဆိုတာ နည်းတာမှ မဟုတ်ဘဲ၊ ကားလေးနဲ့သွား ကားလေးနဲ့ပြန် ဒေါက်တာဆိုတဲ့ ဘွဲ့ကိုရ၊ အဲဒီ ကုန်ကျစရိတ်မျိုးကို ဒီလိုအိမ်လေးနဲ့ ဒီလိုအိမ်ဆိုင်လေးနဲ့ ဒီလို အခြေအနေမျိုးနဲ့ ဘယ်လိုကုန်ကျခံနိုင်မှာလဲရှင်၊ သားကို ပိုင်ဆိုင်ရမယ့် မိန်းကလေးဟာ သားရဲ့ ပညာသင်စရိတ်လောက်ကိုတော့ ရှိမထားနိုင်လောက်အောင် နွမ်းပါးသူမျိုး ဖြစ်နေမယ်ဆိုရင် သားကို ပညာသင်ပေးရ လူလားမြောက်အောင် ပြုစုကြင်နာခဲ့ရတဲ့ မိဘတွေအတွက် ကိုယ့်အသိုင်းအဝိုင်းမှာ ဘယ်မျက်နှာပြရဲစရာ ရှိပါတော့မလဲ မဟုတ်ဘူးလား"

မွှေးပွင့်ငယ်၏ ရင်ထဲတွင် ကျင်ခနဲနေအောင် ခံစား ရလျက် ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။ နာကျင်ခြင်းနှင့်အတူ ခံမရပ်နိုင်စွာ ထောင်းခနဲ ထ,လာရသည်က မာန ...။

သူဆင်းရဲတစ်ယောက် ဖြစ်ကာမျှနှင့် ...။

ငွေကြေး မရှိရုံမျှနှင့်။ အိမ်ကြီး အိုးကြီးနှင့် မနေရကာ နှင့်။ လူချမ်းသာတစ်ယောက်သည် ထိုသူဆင်းရဲ၏ အိမ်ပေါ်သို့ က်ရောက် ကျူးကျော်လျက် စော်ကားမော်ကား ပြောဆိုခွင့် ရှိပါ တဲ့လား။

စီးကရက် အဖွာမပျက်။ အပြုံးမပျက်စွာဖြင့် ခပ်အေး ခပ်မိန့်မိန့် ထိုင်ရင်း သူတစ်ပါး၏ အရိပ်တွင် မတူမတန် ပြောခွင့် ရှိခဲ့သည်တဲ့လား။

"ဒါ မောင့်အမေ၊ မောင့်အမေ ဖြစ်နေတယ်၊ နင် သည်းခံထား ရမယ်၊ စိတ်လိုက်မာန်ပါ မပြောနဲ့"

www.burmeseclassic.com



ဟု၍ သတိချွန်း နာနာအုပ်ရင်း ဖျတ်ခနဲ ခေါင်းကို ငုံ့ချလိုက်ရရှာ မမွှေးပွင့်ပါ။

"ဒီမှာ ... လိုရင်းကို ပြောရင် ကောင်းမယ် ထင်တယ်"

ကြားထဲက ခင်ခင် မခံမရပ်နိုင်စွာ တစ်ချက် ဝင်စွာတော့ မွှေးပွင့်ငယ် ခေါင်းပဲ ယမ်းပြသည်။ မပြောနဲ့ ဆိုသည့်သဘော ...။

"အန်တီ့ အနေနဲ့ သမီးနဲ့ သားကို ခပ်ဝေးဝေးပဲ နေစေချင်ပါတယ်"

သမီး ...။ မောင့်မေမေ နှုတ်မှ ခေါ်ငင်သည့် အသုံးအနှုန်းသည် သမီး ... တဲ့လား။

ဒါပေမဲ့ မောင့်မေမေ၏ စိတ်ရင်းမှန်သည် မွှေးပွင့်ငယ် အပေါ် နိုင်ထက်စီးနင်း နိုင်လွန်းနေသည်။ ရက်စက်လွန်းနေသည်။ စော်ကားလွန်းနေသည်။ နောက် ... ရိုင်းပျလွန်းနေသည်။

ထိုအဖြစ်များ အားလုံးကို တစ်ပြိုင်တည်း လုပ်ဆောင် စော်ကားနိုင်ရန်အတွက် ငွေကြေးချမ်းသာခြင်း ဆိုသည့် အရာက အခွင့်အရေး တစ်ခုအဖြစ် ပေးအပ်ထားချေသည်တဲ့လား။ နာနာကြည်းကြည်း မွှေးပွင့်ငယ် တင်းခနဲ အံခဲရင်း မျက်ရည်များသာ ကျနေသည်။

မာနများ စွန်းထင်းနေသည့် မျက်နှာနုနုလေးထက်မှာ နာကြည်း ကြေကွဲခြင်း မျက်ရည်များကလည်း တအိအိ ပြိုကျနေဆဲ။

ဪ ... မောင့်မေမေ အနေဖြင့် ဤသို့ လာရောက်ပြောဆိုခွင့် ရရှိခြင်းမှာ မွှေးပွင့်ငယ် ကိုယ်တိုင်က မောင့်ကို ချစ်မိခဲ့ချေသည်ကိုး ... ဟု တွေးမိလျက်မှ ...



"မောင်ရယ် ... မမွှေးပွင့်တို့ ဝေးကြရပြီပေါ့"

ဟု အနာဂတ်အတွက် ကြေကြေကွဲကွဲ တွေးမိလိုက်ပါပြီတည်း။

"ဒါပေမဲ့ သားရဲ့ချစ်သူ ဖြစ်လိုက်ရတဲ့အတွက် မနစ်နာရအောင် ဒါလေးကို အန်တီ အလျော်အစားအဖြစ် ပေးခဲ့ပါရစေ"

ကြီးမားသော ပိုက်ဆံအိတ်ကြီးအတွင်းမှ နစ်ရာတန်အထပ်လိုက်သည် ကတ်လိုက်ဖြင့် များစွာပဲ ထွက်လာသည်။ ငွေအထုံလိုက် ဖျာပေါ်သို့ မောင့်မေမေ ချလိုက်တော့ မွှေးပွင့်ငယ် တုန်ခင်နေသော လက်ချောင်းများဖြင့် ငွေတွေကို ယူသည်။

နောက် ... ပိုက်ဆံအိတ်ကြီးထဲ ပြန်ထည့်သည်။

နောက် ... နောက်တွင်တော့ ဘယ်လိုမှ သည်းခံနိုင်ခွမ်း မရှိစွာဖြင့် ...

"ပြန်လိုက်ပါ အန်တီ၊ ဒီအိမ်က ပြန်လိုက်ပါတော့"

ဟု ပြောလည်းပြော။ မျက်ရည်များလည်း ထိန်းမရနိုင်စွာ ကျလာရပါ၏။

မီးဝင်းဝင်းတောက်မျှ လက်တောက်နေသော မျက်ဝန်း။

နှုတ်ခမ်းကို ဖိကိုက်ထားပါသည့် အသွင်။

မွှေးပွင့်ငယ်၏ ရင်ထဲမှ မာနသည် ပေါက်ကွဲလုတတ် ဖြစ်နေရပြီ ဆိုတာ ခင်ခင် ရိပ်မိနေပြီ။

တဆတ်ဆတ် တုန်နေသော မွှေးပွင့်ငယ်၏ ကိုယ်သားကို ခင်ခင် သိမ်းကျုံးပွေ့ယူလိုက်ပြီးမှ ...

"ဒေါ်ဒေါ် ချည်သည်ကို ပြန်ပို့ပေးလိုက်ပါလား"

ဟု သိသိသာသာပဲ ခင်ခင် နှင်စကားကိုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သန့်ဇင် ပြုံး၍ ရပ်၏။ ပိုက်ဆံအိတ်ကို ပိ
လိုက်ပြီး လက်ကိုကာ၍ …

"ရပါတယ် … ရပါတယ်၊ လိုက်မပို့ပါနဲ့၊ သူ ငိုနေတာ
ပဲ ဝိုင်းဝန်းဖျောင်းဖျ ပေးလိုက်ပါ"

ဟု ခပ်အေးအေးပဲ ပြောကာ အိမ်လေးပေါ်မှ ဆင
သွားသည်။

ရပ်ထားသော ကားလေး လျှောခနဲ မောင်းထွက်သွား
သည်အထိ ဒေါ်ဒေါ် အံခဲ၍ ကြည့်နေသည်ပါပဲ။

ကားကို ကိုယ်တိုင်မောင်းလာသည့် ဒေါ်ခင်သန့်ဇင
သည် နောက်နောင်တွင်လည်း ဤနေရာသို့ လာစရာ အကြောင
မရှိတော့ဟုပဲ ဒေါ်ထွေးဆွေ ဆုံးဖြတ်ထားလိုက်ပြီ။

"အိမ်တိုင်ရာရောက်များ လာစော်ကားလိုက်တာကွယ်၊ ငါ
တို့က မချမ်းသာပေမယ့် မရိုင်းတတ်ပါဘူး ခင်ခင်ရယ်
'ကဲ … မိမွေး ဒီလိုချည်း ငိုမနေနဲ့၊ ဘာဆက်လုပ်မယ် ဆုံး
ဖြတ်လဲ၊ ညည်းနယ်အေး ညည်းတို့ချင်း ချစ်နေကြတာမျာ
ငါ့ကို ကြိုပြောထားပါတော့၊ ခုဖြင့် လာစော်ကားတဲ့သူ
စော်စော်ကားကား ပြောသွားမှပဲ သိရတော့တယ်အေ"

မချိတင်ကဲ ပြောလည်းပြော။ ခင်ခင့် ရင်ခွင်ထဲ
ခေါင်းတိုးဝင်ထားလျက် ဖြေဆည်နိုင်စွမ်း မရှိစွာ ငိုနေပါသည်
မွေးပွင့်ငယ်ကို ဒေါ်ထွေးဆွေ ဆွဲပွေ့လိုက်ပါ၏။

"ဟင် … မိမွေး"

လက်တောက်နေသော မျက်ဝန်းများ။ စူးရှသည်နှင့်
အမျှ မျက်ရည်များ ပြည့်လျှံနေသည်နှင့်အမျှ အရမ်းကို လက်တောက်
နေပါလေသော မျက်ဝန်းများ။



မာန်မာနတရား။ ခံပြင်းခြင်း။ နောက် … ထိုအရာ
များနှင့် ဆန့်ကျင်ဘက် ကြေကွဲနာကျင်ခြင်း။ ထိခိုက် ခံစားခြင်း
များ။ ထိုအရာများ အားလုံးသည် မွေးပွင့်ငယ်၏ မျက်ဝန်းဝယ်
ခက်တောင်စူးရှသော အကြည့်ကို ဖြစ်တည်စေခဲ့ပြီတည်း။

မွေးပွင့်ငယ်၏ သွားစွယ် ဖွေးဖွေးစင်စင်လေးက
နှုတ်ခမ်းကို ဖိကိုက်ထားလျက် သွေးများ အဆက်မပြတ် စီးကျနေ
ပါသည့် အဖြစ်။

ခင်ခင့် အကျီဆီသို့ ဒေါ်ထွေးဆွေ ကမန်းကတန်း
ကြည့်လိုက်တော့ နီရဲသောသွေးများ စွန်းထင်းလျက်ပါတကား။

အဘယ်မျှထိ မွေးပွင့်ငယ် ခံစားနေရသည် ဆိုတာကို
ဒေါ်ထွေးဆွေ သိနေသည်မို့ မချိတင်ကဲ။

"ငါ့တူမလေး၊ ဖြစ်မှ ဖြစ်ရလေခြင်း၊ ကြုံရလေခြင်းကွယ်"

ဟု ရင်ထုမနာ ပြောမိရရှာပါပြီ။

ချွေးစေးများ ခိုသီးနေသော နဖူးပြင်ထက်မှ ဆံနုယဉ်
သားများသည် ရွဲနစ်လျက် စေးကပ်နေသည်။ ပါးပြင်နုနုလေး
ထက်မှာ ချွေးတွေနှင့် မျက်ရည်စများ ရောထွေးနေကြပြီ။ ပါးပြင်
ထက်တွင် နှုတ်ခမ်းဆီမှ သွေးအချို့ ပွတ်တိုက်ပေလူးနေကြ၏။

အဖြစ်သည် မြင်ရက်စရာ မရှိ။

အခန်းတွင်းဝယ် အလူးအလဲ ခံစားရင်း ကျန်ရစ်သူ
… ကျန်ခဲ့ရပြီ။

ထွက်ခွာသွားသူ ဖန်တီးရှင် ထံတွင်တော့ ကျေနပ်
ခြင်း ဆိုတာပဲ ပါသွားချေမည်ပေါ့။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မြင်ကွင်းသည် ဘယ်လိုမှ ကြည့်ရက်စရာမရှိ။

ရင်ထဲတွင် နင့်ခနဲ နေအောင် ထိနိုက်ခံစားမိရင်း နိုးရိမ်တကြီး ခြေလှမ်းကို ညှော်ခန်းငယ်လေးဆီသို့ လှမ်းဝင်မိလျှင်မှ ...

"မမွှေးပွင့် ..."

ဟု ခေါ်လည်းခေါ် ဖျတ်ခနဲ ထိုင်ချလိုက်ရင်းမှ ...

"ဘယ်လို ဖြစ်ရတာလဲဗျာ"

ဟု မေးမိလိုက်ရပါပြီ။

ဆံနွယ်လေးများ မျက်နှာတွင်တချို့၊ ရင်အုံလေးထက်မှာ တချို့ ဖရိုဖရဲ ဝဲကျလျက် မျက်ရည်အလူးလူးဖြင့် အရှိုက်ခံစားနေရပါသည့် မွှေးပွင့်ငယ်၏ အသွင်လေးသည် သူ့ရင်ကို ထိခိုက်ခံစားစေခဲ့ပြီ။ ပူပြင်းလောင်မြိုက်နေစေခဲ့ပြီ။

မွှေးပွင့်ငယ်ကို ပွေ့ပိုက်ထားသော ခင်ခင့် မျက်ဝန်းတွေမှာလည်း ဒေါသနှင့် ခံပြင်းရိပ်ကိုပဲ သူ တွေ့နေရသည်ပါ။

နောက် ... ခင်ခင့် အင်္ကျီနေရာမှာ သွေးတွေစွန်းထင်းနေသည်။ မွှေးပွင့်ငယ်၏ မျက်နှာလေးမှာလည်း သွေးစော



ရှိနေဆဲ။ နှုတ်ခမ်းနုနုအိအိလေးဆီမှ သွေးစတို့ စီးကျမှု ရှိမနေတော့ သော်ငြားလည်း ရဲတိုနေအောင် သွေးခဲစေးခဲ တစ်ခုက အောက်နှုတ်ခမ်းမှာ တင်နေသည်။

သူ ... ဘာမျှ မပြောတော့ဘဲ ခင်ခင့် ကိုယ်တွင်းမှ မွှေးပွင့်ငယ်၏ ကိုယ်နွဲ့နွဲ့လေးကို ဆွဲယူပွေ့ပိုက်လိုက်မိရပါပြီတည်း။

"မေမေ လာသွားတယ် မဟုတ်လား"

ဟု သူ အံကြိတ်၍ မေးလိုက်မိရပါပြီ။ မေမေ ဘာတွေ ပြောဆိုသွားခဲ့ချေပြီလဲ။ အရမ်းကို အရုပ်ဆိုးသည့် အဖြစ်တစ်ခုသည် ဤအိမ်ငယ်လေးမှာ မကြာမတင်ဆီကပဲ ပြီးမြောက်ဖြစ်တည်ခဲ့ပြီးပြီ ဆိုတာကိုတော့ နားလည်လိုက်မိပြီ။

အတိုင်းအတာကို သူ မသိ။ ဒါပေမဲ့ ... အတော့်ကို ဆိုးဆိုးရွားရွား ဖြစ်ခဲ့သည်ဟုတော့ သူ နားလည်ထားသည်။

မေမေ့ကို ဤမျှအထိတော့ အရုပ်ဆိုးအောင် လုပ်လိမ့်မည်ဟု သူ မထင်မိခဲ့။

သဘောမတူလျှင်တောင်မှ ချေချေငံငံပဲ သဘောမတူကြောင်း ပြောသွားလိမ့်မည်ဟု သူ ထင်ခဲ့သည်။ သဘောတူသည် ဆိုလျှင်လည်း အဆင်တပြေ ပြောဆိုသွားမည်ပေါ့။

ခုတော့ အဲဘယ်အတိုင်းအတာထိများ ပြောဆိုဆက်ဆံသွားခဲ့ပါချေသည် မသိ။

မွှေးပွင့်ငယ်၏ မျက်ဝန်းတွေမှာ သိုသိပ်စွာဖြင့် ခံပြင်းနာကြည်းမှုကို မချိမဆန့် ခံစားနေရသည့် အရိပ်တွေပဲ သူ မြင်နေရသည်။

ဆံစလေးများကို သူ သပ်တင်ပေးမိရင်းမှ ...

"ဘယ်လို ဖြစ်တာလဲ ခင်ခင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမိရပြန်ပါပြီ။

ဒေါ်ဒေါ်ကတော့ သက်ပြင်းပဲ ရှိုက်သည်။ နေရာမှ ထသည်။

"အိမ်မှာနေရင်း အစော်ကားခံလိုက်ရတဲ့ အပြစ်ပဲပေါ့ ဆရာရယ်၊ အားလေ ... ဒီကိစ္စကိုတော့ မိမွေးရဲ့ အုပ်ထိန်းသူ အဖြစ် ပြောရရင် အရုပ်ဆိုးလွန်းတယ်လို့ပဲ ပြောချင်တယ်၊ ဒါပေမဲ့ မင်းတို့နှစ်ယောက် ကိစ္စကိုတော့ ကာယကံရှင်ချင်း ချင်းပဲ ဆုံးဖြတ်ကြပေါ့၊ ဒေါ်ဒေါ် မစွက်ဖက်ချင်ဘူး"

ဒေါ်ဒေါ့် မျက်ဝန်းတွေလည်း မာနရိပ် ကဲနေကြသည် ပါပဲ။ ဒါပေမဲ့ သူ့ကို ရိုင်းရိုင်းပျပျ မဆက်ဆံ၊ ခပ်အေးအေးလေသံ မျိုးဖြစ်အောင် ထိန်းသိမ်းရင်းပဲ ပြောရှာပါသည်။

"မိမွေးဟာ မိဘမဲ့ပါကွယ်၊ ဒေါ်ဒေါ့်တူမလည်း ဖြစ်သလို သမီးလေးဆိုလည်း မမှားဘူး၊ ဒီတော့ သူ့ကို ဒေါ်ဒေါ် ဘယ်လိုဆုံးဖြတ်ပါလို့ မပြောရက်ဘူး၊ သူ့ဆန္ဒနဲ့ အညီပဲ သူ ဆုံးဖြတ်ပါစေကွယ်"

ဒေါ်ဒေါ် အိမ်ပေါ်မှ ဆင်းသွားတော့ သူ မျက်နှာပူ အနေခက်စွာပဲ ကျန်ရစ်ခဲ့ရသည်။ မွေးပွင့်ငယ်ကို ငုံ့ကြည့်လိုက်တော့လည်း မျက်ရည်သာ တတွေတွေ ကျနေဆဲ။ နှုတ်ခမ်းထက်မှ သွေးစလေးကို သူ အညင်အသာပဲ လက်ကိုင်ပဝါဖြင့် သုတ်ပေးမိသည်။ မွေးပွင့်ငယ်၏ မျက်ဝန်းတွေမှာ အရမ်းကို ထိခိုက်ခံစားနေရသည့် ဝေဒနာရိပ်ကို သူ မြင်၏။ မျက်ရည်က တားဆီးမရနိုင်စွာ တအိအိ ပြိုကျနေဆဲ။ စကားတစ်လုံးမှ ပြောထွက်ခြင်းမှာ မစွမ်းသာတော့လောက်အောင်ပင် ချစ်ရသူလေးမှာ အရမ်းကို နာကျင်ခံစားနေရသည့်အသွင် ဖြစ်နေသည်။



"မမွေ့ကို လိပ်စာပြောမိလိုက်တာ မှားသွားပြီလား"

ဟူသော နောင်တအတွေးသည်ပင်လျှင် ချက်ချင်း ချင်း၌ ဖြစ်တည်လာရသည်အထိ သူ အထိခိုက်ကြီး ထိခိုက်နေမိရပြီ။

"မောင် ... မောင် ရှိနေတယ် မမွေးပွင့်၊ မောင်ဟာ မမွေးပွင့်ရဲ့ မောင်ပဲ ဖြစ်ရမယ်၊ မွေးပွင့်ငယ်ကလည်း မောင့်မမွေးပွင့်ပဲ ဖြစ်နေရမယ်"

သူ ... နှုတ်ခမ်းမှ ဖွင့်ဟမပြော။ ရင်တွင်းမှာပဲ ခိုင်မြဲနှုန်းစွာ အထပ်ထပ် ပြောနေမိရပါသည့် သစ္စာဟိုင် စကားများပါ။

"ခင်ခင် ... မမွေးပွင့်ကို ခဏလုံ့ထားမှ ဖြစ်မယ်၊ သူ့ကို ဆေးထိုးရလိမ့်မယ်၊ အရမ်းကို ထိခိုက်ခံစားနေရတာ ကိုယ် သိတယ်"

မျက်ဝန်းလေးတွေ ပွင့်နေတာ။ မျက်ရည်တွေ တစ်ဒိုမ့်လိုမ့် စီးကျနေတာ။

ဒါတွေ ရှိနေပေမဲ့ မွေးပွင့်ငယ်၏ အနေအထားက သတိမေ့မျောနေသူ တစ်ယောက်နှယ် ဖြစ်နေသည်။ စိတ်တွေ အရမ်းထိခိုက်ကာ ကစဉ့်ကလျား လွင့်နေသည့် အသွင်မျိုး ဖြစ်နေသည်။ ဤသည်ကို သူ မကြိုက်။ စိုးရိမ်သည်။

မွေးပွင့်ငယ်၏ ကိုယ်လေးကို မြောက်ခနဲ ပွေ့လျက် သူ ပြောတော့ ခင်ခင်ပဲ ဦးဆောင်ကာ အိပ်ခန်းလေးသို့ ဝင်သည်။

သပ်ရပ်စွာ ခင်းထားသော အိပ်ရာဖြူဖြူလေးထက် ား မွေးပွင့်ငယ်၏ ကိုယ်လေးကို အညင်အသာပဲ သူ ချသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံစတွေကို သပ်သပ်ရပ်ရပ် ဖြစ်အောင် သူ ဖွဖွညင်ညင် သပ်ပေးမိသည်။

မျက်တောင်မခတ် သူ ငုံ့မိုးငေးစိုက်ကြည့်နေရင်းဖြင့် ချစ်ရသူလေးကို သနားစိတ်တွေ တားဆီးမရနိုင်အောင် ကြေကွဲခြင်းနှင့်အတူ ရင်၌ဖြစ်တည် ခံစားနေရသည်ပါပဲ။

နေရာမှ သူ ချက်ချင်း ခြေလှမ်းကျဲနှင့် ထွက်ခဲ့ကာ ပန်းလေညင်းသို့ လျှောက်ခဲ့သည်။ ပန်းလေညင်းမှ လိုအပ်သည့် ဆေးတွေကို ယူလာသည်။

စိတ်ငြိမ်အောင် စိတ်ကို အနားပေးလိုက်ရအောင် မွှေးပွင့်ငယ်ကို စိတ်ငြိမ်ဆေး ထိုးပေးလိုက်ရသည်။

မွှေးပွင့်ငယ်ထံမှ ဘာစကားမျှ ထွက်မလာခဲ့တာကို သူ အရမ်းထိခိုက် ခံစားရသည်။ အပါးမှာ သူရှိနေတာကို မွှေးပွင့်ငယ် ဇဝေဇဝါးပဲ သိနေပုံရသည်။

အရမ်းကို အတိုင်းအဆမဲ့ နာကျင်ခံစားရသော အချိန်သည် မွှေးပွင့်ငယ်ကို အာရုံခံစားမှုတွေ တုံ့ဆိုင်းကုန်စေလောက်အောင် ကြေကွဲခံစားမှုတွေပဲ အလေးသာနေသည့် အဖြစ်မျိုး ဖြစ်နေသည်။

ဤသို့သော အဖြစ်မျိုးကို တော်ရုံ ထိခိုက်ခံစားမှုဖြင့် လူတစ်ယောက်အား မဖြစ်စေနိုင်။ ဒါကို ဆရာဝန်တစ်ယောက် ဖြစ်သော သူ နားအလည်ဆုံး။

မွှေးပွင့်ငယ်၏ ဆံနွယ်လေးများကို သပ်တင်ပေးလိုက်၊ မျက်နှာထက်မှ ချွေးစေးများကို သုတ်ပေးလိုက်။ လက်လေးကို ထွေးဆုပ်ထားမိလိုက်ဖြင့် သူ ကိုယ်တိုင်လည်း တိတ်ဆိတ်စွာ မွှေးပွင့်ငယ်၏ မျက်နှာလေးကို ငေးစိုက်ကြည့်နေမိသည်ပါပဲ။



မွှေးပွင့်ငယ် မျက်တောင်လေး ယှက်ချသွားကာ တဖြည်းဖြည်း အိပ်မောကျသွားတော့မှ စောင်ပါးလေးတစ်ထည် လွှမ်းပေးပြီး သူ ခုတင်ထက်တွင် ထိုင်နေရာမှ ထရပ်သည်။

သူ့လှုပ်ရှားမှုတွေကိုရော မွှေးပွင့်ငယ်ကိုရော တိတ်ဆိတ်စွာပဲ ရပ်ကြည့်နေသည့် ခင်ခင့်ကို မျက်ရိပ်မျက်ကဲပြလျက် အခန်းပြင်သို့ သူ ထွက်ခဲ့ပါ၏။

"ပြောပြစမ်းပါဦးဗျာ၊ မေမေ လာတယ် မဟုတ်လား၊ ဘာတွေ ပြောသွားလဲ၊ ဘယ်အထိများ ပြောဆိုသွားခဲ့သလဲဗျာ၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်တော့ဘူး၊ တော်တော့်ကို ဆိုးရွားမယ် ဆိုတာကိုတော့ ကိုယ်သဘောပေါက်ပါတယ်၊ မမွှေးပွင့် အရမ်းကို ခံစားရတာပဲ"

သူ့အသံတွေ အရမ်းကို တုန်နေသည်။ မွှေးပွင့်ငယ်၏ နှုတ်ခမ်းမှ ဒဏ်ရာလေးကို အရက်ပျံဆွတ်ထားသော ဂွမ်းဖြင့် သူ သုတ်ပေးရကတည်းက နားလည်သည်။

ကြိတ်ခဲမရနိုင်စွာဖြင့် ချစ်ရသူလေးသည် နှုတ်ခမ်းကို ဖိကိုက်ခဲမိရင်းဖြင့် မေမေ့ အပေါ် တုံ့ပြန်စကားကို မဆိုဖြစ်အောင် ထိန်းခဲ့ချေမည်ဟု ...။ အရမ်းကို မျက်နှာအပျက်ပျက်ဖြင့် သူ မေးနေတော့ ခင်ခင် သက်ပြင်းရှိုက်သည်။ သူ့ကို အပြစ်တင်ရမှာ ကျတော့လည်း ခင်ခင် ခက်နေပုံရသည်။

ဒါပေမဲ့ မေမေ့ကြောင့်ပဲ မွှေးပွင့်ငယ် ဤသို့အတိုင်းအဆမဲ့ ထိခိုက် ခံစားနေရတာကလည်း ရှိနေတာမို့ ...

"အားတော့ နာတယ် ဆရာရယ်၊ ဒါပေမဲ့ ဆရာ့မေမေက အရမ်းကို စော်ကားသွားတာပဲ"

ဟု ပွင့်လင်းစွာပဲ ပြောပြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း ဒေါ်ခင်သန့်ဇင် လာလုပ်သွားလေသမျှကို ခင်ခင် အားလုံး ပြောပြပါချေ၏။ ဤကိစ္စက ချန်လှပ်ထားစရာ အကြောင်းမှ မရှိပဲလေ။

ကိုယ့်အိမ်ကိုယ့်ရာမှာ ရှိနေသည့် သူတွေထံ ကိုယ်တိုင်ကိုယ်ကျလာပြီး သရော်စော်ကား ရိုင်းပျသွားတာကတော့ အရမ်းကို အထင်သေးဖွယ် ဖြစ်သည်ဟုပဲ ခင်ခင် ခံပြင်းထားရသည်ပဲ။

ခင်ခင် ပြောပြသမျှတွေကို သူ ငြိမ်သက်စွာပဲ နားထောင်သည်။ တစ်ခွန်းမျှဖြတ်၍ သူ မမေး။ ပြောလည်း မပြော။

အဖြစ်က အဲဒါပါပဲဟု ခင်ခင် အဆုံးသတ်လိုက်တော့မှ သူ သက်ပြင်းရှိုက်သည်။

"အေးလေ ... အဖြေတစ်ခုကိုတော့ မေမေ ပေးလိုက်တာပဲပေါ့"

သူ ခပ်လေးလေး ပြောသည်။ မည်သို့ ဆက်လက်စခန်းသွားရမည် ဆိုတာကိုတော့ ဘာမျှတွေးဖို့ ရှိမနေတော့။ ယခင်ကတည်းက မည်သို့ မေမေ ဆုံးဖြတ်လျှင် သူဘာဆက်လုပ်မည် ဆိုတာက ဆုံးဖြတ်ထားမိခဲ့ပြီးသား။

"ကိုယ် ... အိမ်ခဏ ပြန်လိုက်ဦးမယ် ခင်ခင်"

ခင်ခင် သူ့ကို အကဲခတ်သလို ကြည့်၏။ သူပြုံးပြသည်။ အပြုံးသည် အသက်မဝင်လှ။

"တစ်ခုတော့ ရှိတယ် ခင်ခင်၊ ချမ်းသာတယ် ဆိုတာက ဒက်ဒီနဲ့ မေမေတို့ရဲ့ စည်းစိမ်ပါ၊ ကိုယ့်စည်းစိမ် မဟုတ်ပါဘူး၊ အဲဒီက ကိုယ်ဆင်းခဲ့ရင် ကိုယ့်ဆီမှာ ဘာဆိုဘာမှ မနေစည်းစိမ်ဆိုတာ ပါလာမှာ မဟုတ်ပါဘူး၊ ကိုယ်ဘာကို ဆုံးဖြတ်တယ် ဆိုတာ ခင်ခင် နားလည်မယ် ထင်ပါတယ်"



ခင်ခင် ခေါင်းညိတ်ပြသည်။ သူ့ကိုလည်း တစ်ချက်ကြည့်၏။ သူ့အဆုံးအဖြတ်ကို နှစ်သက်မှုရှိသည် ဆိုတာကိုတော့ သူ နားလည်သည်။

"ကိုယ် ... မမွှေးပွင့်ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်၊ အဲဒါ အပြောင်းအလဲ ဘယ်တော့မှ မဖြစ်နိုင်တဲ့ ကိစ္စပါ၊ ညနေမှာ ကိုယ်လာခဲ့မယ်၊ ကြွယ်ဝချမ်းသာခြင်း ကင်းရှင်းတဲ့ ရန်ပိုင် ... အဝတ်အစား အနည်းငယ်သာ ပါလာမယ့် ရန်ပိုင် အဖြစ်နဲ့ပါ"

သူ ဆေးလုံးအချို့ကို သေချာ စက္ကူအိတ်ငယ်လေး ထဲ ထည့်သည်။

"မမွှေးပွင့် နိုးလာရင် ဒီဆေးတစ်လုံး တိုက်ပေးပါ၊ ကိုယ် ဘာဆုံးဖြတ်ထားတယ် ဆိုတာကိုလဲ ပြောပြထားပေးပါ၊ မနက်ဖြန် မမွှေးပွင့်ကို တရားရုံးမှာ ကိုယ် လက်ထပ်ချင်တယ် ဆိုတာကိုလည်း သူ့ကို ပြောပြပေးပါ၊ ဒေါ်ဒေါ်ကို ကိုယ် အားနာတယ်၊ ခင်ခင်ပဲ တစ်လက်စတည်း ပြောပြပေးစေချင်တယ်၊ ဒီအဖြစ်အပျက်တွေဟာ မေမေ့ကြောင့် ဖြစ်ခဲ့တာမို့ ကိုယ်ပဲ တောင်းပန်ပါတယ် ခင်ခင်"

ခင်ခင် ခေါင်းညိတ်ပြသည်။ မျက်နှာအရမ်းကို ကောင်းဘဲ ရှိနေသည့် သူ့ကိုလည်း အပြစ်တင်ရက်ဟန်မတူ။

"ကိုယ် သွားမယ် ခင်ခင်"

သူ ပြောပြီး အိမ်လေးပေါ်မှ ဆင်းမည့်ဟန် ခြေလှမ်းခဲ့သည်။ နောက်မဆင်းဖြစ်ဘဲ အခန်းတွင်းသို့ ဝင်လာမိကာ ခုတင်ထက်တွင် အရုပ်လေး ချထားသလို မျက်တောင် ပြိန်းပြိန်း မှေးယှက် အိပ်ပျော်နေရှာသည့် ချစ်ရသူလေးကို မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com



မခတ် ငုံ့မိုးစိုက်ကြည့်နေမိပါ၏။ ကြည့်နေရင်းဖြင့် မျက်ရည်တွေ လည်လာလျက် ...

"မောင် သနားလိုက်တာ မမွေးပွင့်ရယ်"

ဟု တိုးဖွဖွ ညည်းမိရင်း ဆံစလေးများကို သပ်တင်ပေးလိုက်မိပါ၏။

ကိုယ်ကို သူ ပြန်မတ်လိုက်မိပါ၏။ လောလောဆယ်တော့ အိမ်ကို သူ ခဏပြန်ရချေဦးမည်။

❦ ❦ ❦

BURMESE CLASSIC



## ၁၆

"ဒါက ဘယ်ကိုလဲ သား"

ခြေလှမ်းကျဲကြီးနှင့် သူ့ သားရေအိတ်ကို ဆွဲလျက် ဧည့်ခန်းဆောင်ကို ဖြတ်လျှောက်စဉ်မိုက်မှာ မေမေ တည်ငြိမ်စွာပဲ မေးသည်။

သူ ကားနှင့် ပန်းနရိပ်ကို ရောက်ခဲ့တာ။

ခြေလှမ်းကျဲကြီးနှင့် ပန်းနရိပ်တွင်းသို့ ဝင်ခဲ့ကာ ...

အပေါ်ထပ်သို့ တောက်လျှောက် တက်ခဲ့တာ။

အဝတ်အစားနှင့် ဆေးစာအုပ်တွေ သားရေအိတ်ထဲ ထည့်၍ အိမ်ပေါ်ထပ် သူ့အခန်းဆီမှ ဆင်းခဲ့တာ။

အားလုံးကို မေမေ တည်ငြိမ်စွာပဲ ဧည့်ခန်းရှိ ဆိုဖာ ဆက်တွင် ထိုင်လျက် စောင့်ကြည့်နေခဲ့သည်ပါပဲ။

သူကလည်း ဧည့်ခန်းသို့ စတင်ရောက်ရှိစဉ်ကတည်းက မေမေ့ကို မြင်လိုက်ရပေမဲ့ မွေးပွင့်ငယ်နှင့် ပတ်သက်၍ ဘာ တစ်ခွန်းမျှ သူ မပြောခဲ့တော့။

မိခင်တစ်ယောက်ဖြစ်သည့် မေမေ့ကို သူ အချေအတင် ဘာကို ဘာမျှ မပြောလို။ မေမေ့ဘက်က တိကျသော အဆုံးအဖြတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို မွေးပွင့်ငယ် ထံမှာ ချပြထားခဲ့ခြင်းသည် ထိုနည်းတူပဲ သူ့ကို အဖြေတစ်ခု ချပေးလိုက်တာနှင့် အတူတူပဲမို့။ သူ့ဆုံးဖြတ်ချက်အတိုင်း သားရေအိတ်ဆွဲ၍ ဆင်းဖို့ပဲ ရှိတော့သည်ပဲလေ။ ဒါပေမဲ့ ဧည့်ခန်းဆောင်ကို ဖြတ်လျှောက်ရင်း တံခါးမကြီးမှ ထွက်လုထွက်ခင် ရှိမိုက်မှာ မေမေ လှမ်းမေးလာသည်။

လှမ်းလက်စ ခြေလှမ်းသည် တုံ့ခနဲ ရပ်၏။ မေမေ မေးလာသမျှကိုတော့ သူ ဖြေရမည်သာ။

ကိုယ်ကို လှည့်လိုက်လျက် မေမေ့ကို သူ ရင်ဆိုင်လိုက်ရပါပြီ။

"သား ပန်းနုရိပ်က ထွက်ခွာသွားတော့မယ် မေမေ၊ မေမေတို့ သဘောမတူနိုင်တဲ့ မိန်းကလေးကို မေမေတို့ရဲ့ အရိပ်ဖြစ်တဲ့ ပန်းနုရိပ်ကို ခေါ်ဆောင်လာဖို့ မဖြစ်ဘူးဆိုတာ သား နားလည်ထားတယ်၊ သား မြတ်နိုးတဲ့ မိန်းကလေးဟာ အပြစ်ကင်းစင်နေတယ် မေမေ၊ သူ့ကို သား မစွန့်လွှတ်နိုင်သလို မရက်စက်နိုင်ဘူး၊ ပစ်လည်း မပစ်ရက်နိုင်ဘူး။ သားကိုယ်တိုင်ကလည်း သူ့ကို မခွဲနိုင်ဘူး မေမေ"

သူ ဖြေတော့ မေမေ ပြုံးသည်။ လှောင်ထေ့သော အပြုံး ...။

"မေမေ ခွင့်မပြုဘူး ဆိုရင်ကော သား"

"သား သူ့ကို မခွဲနိုင်ဘူး မေမေ"

"မေမေတို့ကိုတော့ ခွဲနိုင်တယ် ဆိုပါတော့ ဟုတ်လား"

"သားမှာ ရွေးချယ်စရာလမ်း မရှိတော့ဘူး မေမေ၊ ဒီလမ်းကို မေမေ ရွေးပေးခဲ့တာပါ၊ ပန်းနုရိပ်ကနေ ပြီးတော့ သားကို တွန်းထုတ်လိုက်တာပါ"



သူ ဖြေတော့ မေမေ မာကျောသော အကြည့်ဖြင့် စပ်စုစုကြည့်သည်။

"မေမေ့မှာ မေမေ မွေးထားတဲ့ သားနဲ့ပတ်သက်ပြီး ဆုံးဖြတ်ပိုင်ခွင့် ရှိညာယ်၊ သားရဲ့အိမ်ထောင်ရေး သားရဲ့ရှေ့ရေးအားလုံးကို မေမေ လုပ်ပိုင်ခွင့် ဆုံးဖြတ်ခွင့် ရှိတယ်"

"သားရဲ့ သဘောတူညီချက်ကိုရော မေမေ ထည့်မစဉ်းစားသင့်ဘူးလား မေမေ၊ ဒီနေ့ မေမေ မွေးပွင့်ငယ် အိမ်ကို သွားခဲ့တယ်၊ ဘာတွေ ပြောခဲ့တယ် ဆိုတာ သား သိပြီးပါပြီ၊ အဲဒီအတွက် မေမေ့ကို သား ဘာတစ်ခွန်းမှ မပြောချင်တော့ဘူး မေမေ၊ ပြောလို့လဲ မထူးတော့တဲ့ အဖြစ်ပဲ မဟုတ်လား၊ ဒီအချိန်မှာ အဲဒီစကားတွေနဲ့ ပတ်သက်လို့ မေမေနဲ့ သား သူ မှန်တယ် ကိုယ်မှန်တယ် ဆိုတာကို ပြောနေလို့လဲ အဲဒီစကားလုံးတွေဟာ မွေးပွင့်ငယ်နဲ့ ဒေါ်ဒေါ်တို့ရဲ့ ရင်ထဲက ဆွဲထုတ်ပစ်လိုက်နိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် အကြောင်းမထူးတော့တဲ့ အချေအတင် စကားကို သား မပြောခဲ့တာပါ"

မေမေ ရယ်သည်။ သူ့အနီးသို့ လျှောက်လာသည်။

"သူတို့က သားကို ဘာတွေ ပြောပြလိုက်သလဲ"

သူ မဖြေတော့။ ဖြေရန်လည်း မလိုအပ်တော့သည် ဖြစ်ပဲလေ။

"သူတို့ရဲ့ စကားတွေထဲမှာ မေမေနဲ့ ပတ်သက်လို့ ဘယ်လောက်ထိ ဖိုဖိုမိုမို ပြောလိုက်မလဲ ဆိုတာ မေမေ သိချင်တယ် သား"

www.burmeseclassic.com

www.burmeseclassic.com



သူ မေမေ့ကို ကြည့်သည်။ နောက် ခေါင်းယမ်းလိုက်ရင်း ...

"မဟုတ်ဘူး မေမေ၊ မေမေ ပြောခဲ့တဲ့ စကားကို မေမေ သိမှာပါ၊ ဒါပေမဲ့ သား မေမေ့ကို ဘာမှမပြောသင့်ဘူး၊ မေမေ ပြောတာတွေ မှားတယ်လို့ သားဖြစ်သူက ဆုံးဖြတ်စကားတွေကို အမေ့ရှေ့မှာ မပြောအပ်ဘူး၊ ဒါ ဂါရဝတရားပါ မေမေ၊ မေမေ့ကို သား ချစ်တာကြောင့်ပါ ..."

သူ သက်ပြင်းရှိုက်လိုက်ရင်းဖြင့် မေမေ၏ တင်းမာနေသော မျက်နှာကို စိတ်ပင်ပန်းစွာ ကြည့်မိသည်။

"ဒါပေမဲ့ မေမေ့စကားကြောင့် လူတစ်ယောက်ဟာ အတိုင်းအဆ မရှိအောင် ခံစားကျန်ရစ်ခဲ့ရတယ်၊ အဲဒါတွေကို အဲဒီဝေဒနာ စွန်းထင်းနေတဲ့ အဖြစ်တွေ ခံစားမှုတွေကို မမြင်ရက်ဘဲ သား ကိုယ်တိုင် မြင်ခဲ့ရတယ်၊ အဲဒီအဖြစ်ဟာ သူတို့ဘာသာ ဖန်တီးယူတဲ့ ကိစ္စ မဟုတ်ဘူး၊ မေမေ့သားကို အယုံသွင်းယူနေတဲ့ လုပ်ကြံဖန်တီးထားတဲ့ အမှုအရာတွေ မဟုတ်ဘူး မေမေ၊ မမွေးပွင့်ဟာ သတိမေ့မျောလုမတတ် ခံစားနေရတာပါ"

သူ့အသံ တုန်လာသည်။ မျက်နှာကို ဘယ်လိုမှ သူ ထိန်းမထားနိုင်။ ဟန်ဆောင်ထားနိုင်စွမ်း မရှိ။ စိတ်ထိခိုက်ရသော သမျှသည် မျက်နှာပြင်၌ ထင်းခနဲ ပေါ်လွင်နေသည်ပါပဲ။

"အေး ... အဲသလို ငါပြောခဲ့တယ်၊ ငါ့အတွေးအခေါ်နဲ့ ပြောခဲ့တဲ့ ကိစ္စပဲ၊ အဲသလောက်တောင်မှ ပက်ပက်စက်စက် ရင်ထဲ နာကြည်းနေအောင် ခံပြင်းအောင် ပြောခဲ့တဲ့ မိန်းမ တစ်ယောက်ရဲ့သားကို အဲဒီမိန်းကလေးက လက်ထပ်ချင်



ပါဦးတော့မတဲ့လား၊ အဲဒီ မိန်းကလေးမှာ မာနဆိုတာ ရှိရမှာပေါ့ ... အေး ... အဲဒီ မာနရဲ့ ဆုံးဖြတ်ချက်ကို မေမေ ရချင်တာပဲ"

သူ အံ့သြမှင်တက်စွာ မေမေ့ကို ကြည့်လိုက်မိရပါပြီ။

ထိုသို့တိုင်အောင်တော့ မေမေနှင့် ပတ်သက်၍ သူ ဉာဏ်မပြေးခဲ့။

မေမေသည် သူ မျှော်လင့်ထားသည်ထက် များစွာပဲ ချွေးပွင့်ငယ် အပေါ် ခါးသီးဖွယ် ပြဇာတ်တစ်ခုကို စေ့စပ်ပိုင်နိုင်စွာ ကပြခဲ့ချေသည် တကား။

မေမေသည် သူတို့နှစ်ဦးအပေါ် အနိုင်ပိုင်းချေပြီ။

သူ ငိုင်ခနဲ ဖြစ်သွားကာ မေမေ့ကို တွေတွေကြီး ငေးကြည့်နေမိသည်။

နောက်တော့ ခေါင်းကို ခပ်လေးလေး ယမ်းပြမိရပါပြီ။

"မဟုတ်သေးဘူး မေမေ၊ မေမေ ပြောတဲ့ မာနတွေ နာကြည်းခြင်းတွေ ခံပြင်းမှုတွေ အဲဒီ ပူပြင်းလောင်မြိုက်တဲ့ အရာတွေကို အစစ သေးသိမ်ပပျောက် ငြိမ်းအေးပေးနိုင်တာ ရှိတယ်၊ အဲဒါ ချစ်မြတ်နိုးခြင်းပဲ မေမေ၊ မမွေးပွင့်မှာ သားအပေါ်မှာ .. ချစ်မြတ်နိုးခြင်းဆိုတဲ့အရာ ရှိနေတယ် မေမေ"

သူ ပြောပြီး မေမေ့ကို ကန်တော့သည်။

အံ့ခဲထားလျက် မေမေ ငြိမ်သက်နေ၏။ မေမေ့မေးရိုးသည် တင်းနေလျက် နှုတ်ခမ်းက တင်းစေ့နေသည်။ ဒါပေမဲ့ နှုတ်ခမ်းက တင်းစေ့ထားသည့် ကြားမှ တုန်ခါချင်နေတာကို ... ကြည့်စဉ်ခိုက် မြင်လိုက်ရတော့ စိတ်ထဲမကောင်းနိုင်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဒီ ပန်းနုရိပ်ကို မင်း တစ်ယောက်တည်း ဆိုရင်တော့ _ မေမေ လာခွင့်ပြုမယ် သား၊ ရာသက်ပန် နိုင်တည်မယ့် စကားကို မေမေ တစ်ခါတည်းပဲ ပြောလိုက်မယ်၊ အဲဒီ မိန်းကလေးကို မေမေ့ချွေးမအဖြစ် ဘယ်တော့မှ အသိအမှတ် မပြုနိုင်ဘူး"

မေမေ့ အသံတွေ မာနေပေမယ့် တည်ငြိမ်မှုတော့ မရှိ။ အဖျားခတ် တုန်ခါနေသည်ပါပဲ။

"သူတို့ကို မေမေ ပြောခဲ့ပြီးပြီ၊ သားနဲ့ သဘောမတူဘူးဆိုတဲ့ စကား၊ အဲဒီစကားကို ပြန်ပြင်ရတဲ့ အဖြစ်မျိုးကို သူတို့ရှေ့မှာ မေမေ ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး၊ အဲဒါဟာ မေမေ့ ရင်ထဲမှာ ရှိနေတဲ့ မာနပဲ၊ ပြောပြီးတဲ့စကားကို ပြန်ပြင်ရိုးထုံးစံ မေမေ့မှာ မရှိဘူး ဆိုတာ သားသိဖို့ လိုအပ်တာမို့ မေမေ တစ်ခါတည်းပဲ ခုလို ပြောလိုက်တာပဲ သား"

သူ ခေါင်းငိုက်စိုက် ချထားလိုက်ရပါပြီ။

မာန ...။ ဤမာန ဆိုသည့် အရာသည် အလွန်မှပြင်းလောင်မြိုက်လှချေသည် တကား။

"သားကို မေမေ တားလို့မရတော့ဘူး ဆိုတာ သိလို့ သူတို့ကို မေမေ အဲသလို သွားပြောခဲ့တာပဲ၊ ခုလဲ သားကို မေမေ တားလို့မရနိုင်ခဲ့ပါဘူးလေ၊ အေး ... မေမေ ထပ်ပြောလိုက်မယ်၊ ပန်းနုရိပ်ကို သား တစ်ယောက်တည်းပဲ လာခွင့်ရှိတယ်သား၊ နောက်ထပ် ရှင်းအောင် ထပ်ပြောလိုက်ဦးမယ် အဲဒီ မမွှေးပွင့်နဲ့ မပတ်သက်တော့တဲ့ ရန်ပိုင် အဖြစ် ရှိမှ တဲ့အခါမျိုးမှသာ ဒီပန်းနုရိပ်ကို သား လာခွင့်ရှိတယ်"



သူ မျက်ရည်များ လည်လာရသည်။ မေမေသည် ရှင်းပြတ်စွာပဲ သူ့ကို ပြောခဲ့ပြီ။

ထိုစကားများကို မေမေ့ နှုတ်များဆီသို့ ပို့ဆောင်ပေးသော အရာကို သူ သိသည်။

မာန _။ ဟုတ်သည်။ မေမေ့ ရင်ထဲမှာ ရှိနေသောမာန။

"ဘယ်လို အခြေအနေမှာပဲ သား ရှိနေနေ မေမေ့သားအဖြစ်ကတော့ သားဟာ ထွက်စွာသွားတာ မဟုတ်ပါဘူး မေမေ၊ မေမေ့ကို သားချစ်ပါတယ်၊ အဲဒါကိုလဲ မေမေ သိပါတယ်"

သူ့အသံတွေ တုန်ခါနေသည့်နည်းတူ မေမေ့ မျက်ရည်များသည်လည်း သူ့စကားအဆုံး၌ ဖြိုကျလာသည်ပါပဲ။

ဒါပေမဲ့ မေမေသည် ဆုံးဖြတ်ချက်ကို ပြင်မည့်အသွင် မရှိ။

သူ ဝဲလာသော မျက်ရည်ကို ထိန်းချုပ်ရင်းဖြင့်ပင် နေရာမှ ထရပ်သည်။

မျက်နှာကို တင်းနိုင်ရန် ကြိုးစားနေသည့် မေမေ့ မျက်နှာကို သူ မကြည့်ရက်စွာ မျက်နှာကို လွှဲလိုက်ပြီး ပန်းနုရိပ်၏ ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာခဲ့ရပါ၏။

တံခါးရွက်ကို သူ တွန်းဖွင့်လိုက်စဉ်ခိုက် မေမေ့ကို လှည့် တစ်ချက်ကြည့်သည်။

တည်တင်းစွာ ကြည့်နေသော မေမေ့ မျက်ဝန်းနှင့် ဆုံ၏။

"ပန်းနုရိပ်ကို သားတစ်ယောက်တည်း မဟုတ်ဘဲ မေမေ့ အတွက် သမီးတစ်ယောက်ကိုပါ ခေါ်လာနိုင်ခွင့် ရမယ့်ရက်ကို အမြဲ မျှော်လင့်နေမှာပါ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောပြီးတာနှင့် မှန်တံခါးရွက်ကို ဆွဲယူလိုက်ကာ ပန်းနုရိပ်၏ ထွက်ခွာနှင်းဖြတ်ရာ လှေကားထစ်ဆီသို့ ဆင်းသည်။

သူ့လက်တွင်းဝယ် သားရေအိတ် တစ်လုံးသာ ပါလာ၏။

ဆေးစာအုပ်အချို့၊ အဝတ်အစား အနည်းငယ်နှင့် ငွေသား အသင့်အတင့်မျှပါသော သားရေအိတ်တစ်လုံးတည်း။

နောက်ထပ် ဘာမျှမပါခဲ့။

သူ၏ ချစ်မြတ်နိုးသော အချစ်။ သူ၏ပညာအရည်အသွေး။ သူ၏ သန္တာတရား။

ချစ်သော မမွေးပွင့် အပေါ် နိုင်မြဲစွာ ရပ်တည်ရဲသော ဆုံးဖြတ်ချက်။

ကြွယ်ဝချမ်းသာခြင်းကို စွန့်လွှတ်ထားရစ်ခဲ့ရဲသော စွမ်းအား။

ထိုအရာများစွာသည်လည်း တစ်ပါတည်း သူနှင့်အတူ ပါလာခဲ့သည်ပါပဲ။

သူ မျှော်လင့်သည်က တစ်ခုတည်းပဲ ရှိသည်။

သူ တည်ဆောက်လိုသော ဘဝသည်လည်း တစ်ခုတည်းပဲ ရှိသည်။

ချစ်သော မမွေးပွင့်နှင့်အတူ ဘဝကို ရင်ဆိုင်လိုသော အဖြစ်။ ဘဝကို တည်ဆောက်လိုသော အဖြစ်။

မမွေးပွင့်သည် သူ၏ မမွေးပွင့်ပဲ ဖြစ်ရမည်။



## ၁၇

ကြားရသည့် စကားသည် နှလုံးအိမ်ဆီသို့ ချော်ရည်များနှယ် ပလောင်မြိုက်စွာ စီးဝင်၏။

"ဘယ်လို ... မမွေးပွင့်က လုံးဝမတွေ့ချင်ဘူးလို့ မှာထားတယ်၊ ဟုတ်လား ခင်ခင်"

သူ စိတ်လက်ပင်ပန်းစွာ မေးမိလိုက်ပါပြီ။

"ရှင် ... မောတယ်ဗျာ"

ပန်းလေညင်း၏ လှေကားထစ်နေရာမှာ သူ ခြေကုန်အားပြတ် ထိုင်ချလိုက်ရင်း ညည်းတွားမိသည်။

ပန်းနုရိပ်မှ သူ ထွက်ခဲ့သည်။ ကမာရွတ်ရှိ "အင်ကြင်း" အမျိုးသားဘော်ဒါဆောင်မှာ သားရေအိတ်ကို ဝင်ထားခဲ့သည်။ ယခုလောလောဆယ်မှာ ဘော်ဒါဆောင် တစ်ခုမှာနေသည့် လူတစ်ယောက် ဖြစ်နေပြီ။

ချစ်ရသူကို ချစ်ရလွန်းသည့် ဇောဖြင့် တွေ့ဖို့ အငှားကားတစ်စီးနှင့် သူလာခဲ့သည်။

အိမ်ဆိုင်လေးမှာ ခင်ခင့်ကို တွေ့ရသည်။ ဒေါ်ဒေါ်သည်း ရှိမနေ။ အငှားကားလေးကို ကားခရှင်းပေးပြီးတာနှင့်

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသော်ရှိရာ အိမ်လေးဆီသို့သွားဖို့ ခြေလှမ်းပြင်နိုက်မှာပဲ ခင်ခင် မျက်နှာမကောင်းစွာ တားမြစ်စကားကို ဆိုရှာသည်။

ဩော် ... ချစ်သော မွှေးပွင့်ငယ်သည် သူ့ကိုလုံး ဝမတွေ့လိုတော့ပြီတဲ့လေ။ ပြောရသည့် စကားအတွက် ခင်ခင်လည်း စိတ်ကောင်းပုံမရ။

"ဒေါ်ဒေါ်ရော"

သူ မေးတော့ ခင်ခင် သက်ပြင်းရှိုက်သည်။ အိမ်ဆိုင် လေးမှ ဆင်းလာကာ ခင်ခင်သည် ပန်းလေညင်းအနီးမှာ ရှိနေသည် ပါပဲ။ အိမ်ဆိုင်လေးမှာ ခင်ခင် ထိုင်ပေးနေသည်ကိုက သူ့ကိုတ စောင့်ပေးနေခြင်းဆိုတာ သူ နားလည်နေသလို ရှိနေရသည်။

"ဒေါ်ဒေါ် ဘုရားသွားတယ် ဆရာ"

သူ့ကို တမင်ရှောင်သွားခြင်းဟု နားလည်၏။ မွှေး ငယ်၏ အဆုံးအဖြတ်နှင့် ပတ်သက်၍ ဒေါ်ဒေါ် ဆန္ဒသည် မည် ရှိချေမည်လဲ။ ဒါကို သူ သိချင်သည်။

"မွှေးပွင့် အဲသလို ပြောတော့ ဒေါ်ဒေါ် ဘာပြောလဲ"

"ဘာမှ မပြောဘူး ဆရာ၊ ဒီကိစ္စကို မွှေးပွင့် သဘော ဒေါ်ဒေါ်ကတော့ ပြောရှာပါတယ်၊ ဆရာ ကိုယ်တိုင် မွှေးပွင့်ကို မေတ္တာစစ်နဲ့ ချစ်မြတ်နိုးတယ်လို့လဲ ဒေါ်ဒေါ် ယုံကြည်ထားပုံရပါတယ် ဆရာ"

ဟင်းခနဲ သူ သက်ပြင်းကြမ်းကြီးကို ရှိုက်ချသည်

"ဘယ်လို အခြေအနေမျိုးနဲ့ ကိုယ် ပြန်လာမယ်ဆိုတာ ရော ခင်ခင် ပြောပြလိုက်သေးလား၊ မွှေးပွင့်ကိုရော ဒေါ်ဒေါ် ကိုရောပေါ့၊ ပန်းနုရိပ်က ကိုယ် ဆင်းလာခဲ့မယ်၊ မွှေးပွင့် ကို လက်ထပ်လိုက်မယ် ဆိုတာတွေလေ"



"ခင်ခင် ပြောပြပါတယ် ဆရာ၊ ဒါပေမဲ့ မွှေးပွင့်က လုံးဝ မဖြစ်နိုင်တော့ဘူးလို့ ပြောတယ်၊ သူ့ ဆရာမေမေ့စကားတွေ ကို အရမ်း နာကြည်းနေပုံရတယ် ဆရာ၊ အဲသလို ခင်ခင် ထင်တယ်"

သူ ရုတ်ခြည်း ဆုံးဖြတ်လိုက်သည်။ မွှေးပွင့်ကို တွေ့မှဖြစ်မည်။

သူ ဘာလုပ်တော့မည် ဆိုတာကိုလည်း ခင်ခင် နား လည်ထားပြီးပုံရ၏။ တား၍ ရမည်မဟုတ်တာကိုလည်း သိပုံရသည်။ မွှေးပွင့် မှာထား၍သော မှာသမျှကို ပြောပြသည့် သဘောမျိုးဖြစ် နေသည်။ ယခု သူ ရုတ်ခနဲ ရပ်လိုက်ကာ ခြေလှမ်းကျဲကြီးနှင့် အိမ် ငယ်လေးရှိရာသို့ လျှောက်သွားတော့ ဟန့်တားခြင်းအမှုကို ခင်ခင် မပြု။ တိတ်ဆိတ်စွာပဲ ကျန်ရစ်သည်။

အိမ်၏ လှေကားတစ်များကို ကျော်လွှားတက်လိုက် တာမို့ မူလကတည်းက ခြေတံနိမ့် အိမ်ငယ်လေး၏ ဝရန်တာလေး သို့ အချိန်ပိုင်းလေးမှာပဲ သူ ရောက်သွားခဲ့ရသည်။ အိမ်လေးတစ်ခု လုံးက တိတ်ဆိတ်နေ၏။ ညနေခင်းသည်လည်း ရှင်းလင်းတိတ်ကျ နေသည်ပါပဲ။

မွှေးပွင့်ငယ် ဘယ်မှာရှိနေသည် ဆိုတာကို သူသိသည်။ တော်၏ မတော်၏ ဆိုတာတွေကို ဘေးချိတ်ထားလိုက်လျက် ခြေ လှမ်းကျဲကြီးနှင့် အိပ်ခန်းတွင်းသို့ သူ တောက်လျှောက် ဝင်ခဲ့သည် ပါပဲ။ ယခု လောလောဆယ် သူ မွှေးပွင့်ငယ်နှင့် တွေ့ကိုတွေ့ရမှ ဖြစ်မည်။

အိပ်ရာထက်တွင် အားကုန်ခန်းနေသည့် အလွှင်လေး ဖြင့် လဲ့နေပါသော မွှေးပွင့်ငယ် ကိုယ်တိုင်ကလည်း ခြေသံအပြင်းစား

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ဝင်ချလာသည့် သူ့ခြေသံကို ကြားရမည်ပါပဲ။ သူ့အခန်း တွင်းသို့ စတင်ဝင်ရောက်ချိန်မှာတော့ အိပ်ရာလေးထက်မှာ ကမန်း တန်းလေး လူးလဲထထိုင်နေရှာပါပြီ။

သူ့ခြေလှမ်းတွေက ရပ်တန့်မသွား၊ အရှိန်လျော့ မသွား။ သူ့မျက်ဝန်း အကြည့်များကလည်း မွှေးပွင့်ငယ် ထံမှာ စူးစိုက်တျရောက်နေသည်။

မျက်ရည်များ ရစ်ဝဲလျက် သူ့ကို နက်မှောင်ရွှန်းစက် နေသော မျက်ဝန်းများဖြင့် မော့ငေးကြည့်နေပါသော မွှေးပွင့်ငယ် ထံပါးသို့ ရောက်လည်းရောက်၊ သိမ်းကျုံးပွေ့ပင်ယူလိုက်ရင်းဖြင့် —

"ဘာလို့ အဓိပ္ပာယ်မရှိတာတွေကို လုပ်နေချင်ရတာလဲ မမွှေး ပွင့် ... ဟင်"

မအီမချင့်အဲခံ၍ မေးလည်းမေး၊ မွှေးပွင့်ငယ် မျက်နှာ လေးကိုလည်း ဆွဲမော့ယူ၍ စိတ်လိုက်မာန်ပါ နမ်းနေမိရပါပြီ။

"မောင့်ကို မမွှေးပွင့် လက်ထပ်ရမယ်၊ ဒါ ဘယ်လို ပြောင်းလဲခွင့် မရှိတော့တဲ့ မောင့် အဆုံးအဖြတ်ကို မောင် ဘက်ကလဲ မပြောင်းလဲဘူး၊ မမွှေးပွင့်ဘက်ကလဲ ပြောင်းလဲ ခွင့် မရှိဘူး၊ အဲဒါကို သိထား ... သိထားစမ်းပါ"

သူ စိတ်လိုက်မာန်ပါ ဆက်ပြောသည်။ အသံ ညင်ညင်သာသာ မရှိ။ ဩဇာသံ လွှမ်းနေသည်။ နောက်မဆုတ် တော့သည့် လေငွေ့တွေက ပြင်းရှစွာ ပါလာနေသည်။

"မောင်က အလွယ်တကူ အရှုံးပေးလိုက်မယ့် လူတစ်ယောက် လို့ မမွှေးပွင့် ထင်သလား၊ ဒါဆို မှားမှာပေါ့၊ မင်းကို လက် ထပ်ဖို့အထိ ငါ မြတ်မြတ်နိုးနိုး ချစ်တာ အဲဒါကို မင်းသိ လိုတယ်"



သူဆက်တိုက် ပြောလည်းပြော။ မွှေးပွင့်ငယ်၏ ကိုယ်လေးကို မချင့်မရဲ သိမ်းကျုံးပွေ့ပင် လှုပ်ယမ်းပစ်လိုက်မိပါ၏။

မွှေးပွင့်ငယ် ခမျာ ပထမပိုင်းမှာ မှင်မှင်တက်တက် လေးဖြင့် ခပ်ငေးငေး ရှိနေရာမှ နောက်ပိုင်းမှာ အတင်းရုန်းကန် လာသည်။ မွှေးပွင့်ငယ် ရုန်းလေ သူက အတင်းတင်းခဲ၍ မလွှတ် တမ်း ပွေ့ပင်ထားလေ ဖြစ်နေသည်။

"ဟင့်အင်း ... ဟင့်အင်း၊ ရှင့်ကို မမွှေးပွင့် လုံးဝလက်မထပ် နိုင်ဘူး၊ လွှတ်ပါ ... ဒါ တကယ်ပြောနေတာ၊ ရှင့်ရဲ့ဇနီး ဘဝကို ဘယ်တော့မှ မမွှေးပွင့် အရောက်မခံနိုင်ဘူး"

ပြတ်တောက် ခါးသီးစွာ မွှေးပွင့်ငယ် ပြောလည်း ပြော၊ အတင်းလည်း သူ့ ရင်ခွင်တွင်းမှာ တွန်းထိုးရုန်းကန်လာ သည်။

ဒိုင်ခနဲ သူ ဖြစ်သွားလျက်မှ သူ ခေါင်းယမ်းသည်။ မြဲမြဲစွာ သိမ်းကျုံးပွေ့ယင်ထားသော လက်များကို သူ ဖြေလျော့ ပေးလိုက်သည်။ နောက် ... နေရာမှ သူရပ်သည်။

"ဘာလို့ ဒီလိုဆုံးဖြတ်လိုက်ရတာလဲ မမွှေးပွင့်"

မွှေးပွင့်ငယ်၏ မျက်ဝန်းလေးများကို တည့်မတ်စွာ စိုက်ကြည့်လျက် ငုံ့မိုး၍ ရပ်လျက် အနေအထားဖြင့်ပင် တည်ငြိမ် စွာ သူ မေးသည်။ ဒါပေမဲ့ သူ့မျက်ဝန်းတွေမှာ နေရာယူထားပါ သည့် ကြေကွဲရိပ်ကိုတော့ ဤမိန်းကလေး မမြင်ဘဲ နေနိုင်မည် မဟုတ်ဟု သူ ထင်သည်။ သူ့ကိုချစ်သော မိန်းကလေးသည် သူ့ကိုတော့ နားလည်ပေးမည်ပေါ့၊ မျှဝေခံစားနိုင်စွမ်း ရှိရချေမည် ပေါ့။ သူ့ရင်ထဲမှာ အဘယ်မျှ ကြေကွဲနာကျင်နေကြပြီ ဆိုတာကို မွှေးပွင့်ငယ် သိရချေမပေါ့။ သိနိုင်စွမ်းရှိရချေမည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် မွေးပွင့်ငယ် ဤသို့ ဆုံးဖြတ်ထားသည် ဆိုတာကို သူ နားလည်သည်။

ဒါပေမဲ့ ပျောင်းဖျစကားကို ဆိုနိုင်ဖို့အတွက် ဤမေးခွန်းကိုတော့ မဖြစ်မနေ မေးကိုမေးမှ ဖြစ်ချေမည်ကိုး ...။

"ဖြေလေ မမွေးပွင့်၊ ဒီအခွင့်အရေး တစ်ခုကိုတော့ မောင့်ကို မမွေးပွင့် ပေးသင့်တယ်လေ၊ ဘာကြောင့် မောင့်ကိုချစ်တဲ့ မမွေးပွင့်ဟာ ခုလို ဆုံးဖြတ်လိုက်ရတယ် ဆိုတာ မောင်ကြားချင်တယ်"

မွေးပွင့်ငယ် မျက်တောင်ကို ယှက်ချလိုက်သည်။ တဖျပ်ဖျပ် မျက်တောင်ကို ခတ်ထိန်းရင်း မျက်ရည်မကျအောင် ကြိုးစားနေသည်။ နှုတ်ခမ်းလေးများ ဆတ်ဆတ်တုန်နေခြင်းသည်လည်း မျက်ရည်မကျအောင် ကြိုးစားနေခြင်းဆိုတာ သူ သိနေသည်။

ရင်နှင့်မဆန့်အောင် မွေးပွင့်ငယ် ကိုယ်တိုင်လည်း ကြေကွဲခံစားနေရသည် ဆိုတာ သူ နားလည်နေသည်ပါပဲ။ ဒါပေမဲ့ သူ လောလောဆယ်မှာ ငြိမ်သက်စွာပဲ ကြည့်နေသည်။ ဘာဆိုဘာမျှ သူ့ဘက်က လှုပ်ရှားမှု မပြု။ ပျောင်းဖျခြင်းလည်း မပြု။ ပွေ့ငင်ချော့မော့မှုကိုလည်း မပြုတော့။

လောလောဆယ်မှာ မွေးပွင့်ငယ်၏ စိတ်ကို လွတ်လပ်ခွင့် ပေးထားလိုက်ရမည်။

စိတ်ကို လွှတ်ချထားလိုက်ခွင့် ပေးလိုက်ရမည်။ ဤသို့ပဲ သူ နားလည်ထားသည်။

အစကတည်းက သူ သိထားသည်ပဲ။ မွေးပွင့်ငယ်သည် ပန်းလေးတစ်ပွင့်နှင့် တူသည်ဆိုသည့်အချက်။ အရမ်းကို



ဖြူစင်သည့် ပန်းလေးတစ်ပွင့်။ ရင်ထဲရှိတာကို ဘေးလူမသိအောင် ဘယ်လိုမှ ဟန်မဆောင်တတ်ရှာသည့် မိန်းကလေး။

ကလေးလေး တစ်ယောက်နှယ် အရမ်းကို ဖြူစင်လွန်းသည့် မျက်နှာပိုင်ရှင်လေး။

ယခုလည်း ရင်ထဲ ကြေကွဲနေသမျှကို မွေးပွင့်ငယ် ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေရင်းဖြင့်ပင် တဖြည်းဖြည်းနှင့် ဘယ်လိုမှ မုံးကွယ်မရနိုင်အောင် ဖြစ်လာနေရှာသည်ပါပဲ။

မျက်ရည်များ အရမ်းကို ဝိုင်းစု အရည်လည်လာတာ။

ဘယ်လိုမှ သူ့ကို မော့မကြည့်နိုင်တော့တာ။

လက်ချောင်းလေးများကို ဆုပ်နယ်နေရင်းဖြင့် ပြောရမည့် စကားအတွက် အားယူနေရတာ။

နောက်ဆုံး အင့်ခနဲ ရှိုက်သံတစ်ချက် ပွင့်ကျလာတာ။

အားလုံးကို သူ မလှုပ်မယှက် ရပ်ရင်း ငြိမ်သက်စွာပဲ စူးစိုက်ကြည့်မြဲ ကြည့်နေခဲ့သည်။

"ဖြေလေ မမွေးပွင့်"

သူ စတင်၍ ကိုယ်ကို ကိုင်းညွှတ်လိုက်ကာ မမွေးပွင့်၏ မျက်နှာအနီးမှာကပ်၍ မေးတော့ မျက်ရည်ဝိုင်းနေသော မျက်ဝန်းများဖြင့် သူ့ကိုကြည့်သည်။

တကယ်လည်း မျက်ရည်များ အိခနဲ ပြိုကျလာ၏။

မျက်ရည်များကို ချက်ချင်း သူ သုတ်ပေးလိုက်ချင်သည်။ ဒါပေမဲ့ စိတ်ကိုထိန်း၍ ကိုယ်ကို ပြန်မတ်လိုက်သည်။ မကြာမတင်မီမှာပဲ မွေးပွင့်ငယ်ထံမှ အဖြေစကားကို ကြားရတော့မည်ဟု သူ သိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကို လက်ဖမိုးလေးဖြင့် မွေးပွင့်ငယ် သုတ်ပစ်၏။ ကြေကွဲခြင်းတွင် နာကြည်းခံပြင်းခြင်းများ ရောစွက်ဖိစီးထားသော အဖြေစကားသည် နှုတ်ဖျားဆီမှ ပွင့်ကျလာပါပြီ။

"မမွေးပွင့်ဟာ ဆင်းရဲတယ်၊ ဥစ္စာစီးပွား အင်အား ချို့တဲ့တယ်၊ ဒါပေမဲ့ သိက္ခာရှိတယ်၊ မာနရှိတယ်၊ အဲဒီသိက္ခာ အဲဒီမာနတရားကို အထင်သေး အမြင်သေးနဲ့ ဒီနေ့မှာ လာစော်ကားသွားတာ ရှင့်အမေပဲ၊ အဲဒီလို စော်ကားခံလိုက်ရတာလဲ ရှင့်ကို ချစ်လိုက်မိတဲ့ မမွေးပွင့်ရဲ့ အမှားကြောင့်ပဲ၊ ဒါကြောင့် အဲဒီအမှားကို ဆက်မဖြစ်အောင် ရှင့်ကို မမွေးပွင့် ဘယ်တော့မှ မပတ်သက်အောင်နေဖို့ ဆုံးဖြတ်ထားတယ်"

သူ တည်ငြိမ်နိုင်အောင် ကြိုးစားနေရသည်။ သူကိုယ်တိုင်က ဆောက်တည်ရာမဲ့ မဖြစ်သင့်တာကို နားလည်ထားရပြီ။ ဒါမှလည်း မွေးပွင့်ငယ်ကို နားဝင်အောင် ဖျောင်းဖျစကားကို သူဆိုနိုင်မည်ပေါ့ ...။ ခေါင်းကိုယမ်းလျက် ပြတင်းအနီးသို့ လျှောက်သွားကာ သူ ရပ်လိုက်တော့ မွေးပွင့်ငယ်ထံမှ စကားသံတွေ နောက်ပါးဆီမှ လိုက်ပါလာ၏ ...။ ပြောလက်စနှင့် တောက်လျှောက် ပြောချလိုက်ဖို့ကိုလည်း .. မွေးပွင့်ငယ် ဆုံးဖြတ်လိုက်ဟန်တူ၏။ ဒါပေမဲ့ မွေးပွင့်ငယ်၏ အသံတွေမှာ စကားလုံးတိုင်း၌ ယှဉ်တွဲကပ်ပါလာနေသည့် အရာတွေ ရှိနေသည်။ ထိုအရာကား ကြေကွဲသံ .. ရှိုက်သံမျှင်မျှင်စွက်လျက် လိုက်ပါလာနေသော ကြေကွဲခြင်းကို ဖော်ညွှန်းဝါသည့် တုန်ခါနေသော အသံ။

"ဒါကြောင့် ရှင် မမွေးပွင့်ဆီကို ဘယ်တော့မှ မလာပါနဲ့၊ ပန်းလေညင်းကိုလဲ ဒီမှာ လာမဖွင့်ပါနဲ့၊ မမွေးပွင့်ဟာ ယောကျ်ားတစ်ယောက်ကို အိမ်ဝိုင်းထဲထိ ဆေးခန်းဖွင့်နိုင်



အောင် ကျုံးသွင်းပြီး အပိုင်သိမ်းတတ်တဲ့ ခပ်ပေါ့ပေါ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ ရှင့်အမေ နားလည်သွားဖို့ အရေးကြီးတယ်"

စကားလုံးတိုင်းသည် ဘူနှင့် နီးရမည့် အကြောင်းတရား လုံးဝပါမလာ။

ဝေးကွာမည့် စကားများချည်းပဲ ဖြစ်နေသည်။

ဒါပေမဲ့ စကားသည် မာကျောပြတ်တောင်းမနေ။ တိုးညင်းလှိုက်ခါနေသည်။

ရှိုက်သံမျှင်မျှင် စွက်နေသည် အနေအထား။

သူ ကျောခိုင်းလျက် ရပ်နေရာမှ ကိုယ်ကို ပြန်လှည့်ကာ မမွေးပွင့်ကို ကြည့်သည်။ ကျိတ်၍ မျက်ရည်သုတ်နေသော မွေးပွင့်ငယ်၏ သနားဖွယ် မျက်နှာလေးကို နင့်ခနဲနေအောင် နှလုံးသားဆီမှ နာကျင်ခံစားရင်း တွေ့မြင်နေရပါသည့် အဖြစ်။ သူ မွေးပွင့်ငယ်ထံသို့ ပြန်လျှောက်လာသည်။ မွေးပွင့်ငယ်၏ အပါးမှာပဲ ခုတင်စွန်းမှာ သူ ထိုင်သည်။ သူ့လက်တွေထဲ မွေးပွင့်ငယ်၏ ပန်းလေးကို ဆုပ်ကိုင်လိုက်မိရင်းမှ ခေါင်းကို ငုံ့မိုး၍ မျက်နှာနုနုအနီးသို့ကပ်ကာ ...

"မဟုတ်သေးဘူး မမွေးပွင့်၊ မောင်ရော မမွေးပွင့်ရော မောင်တို့ရဲ့ အချစ်ကို မေ့ထားလိုက်ကြရတော့မလား၊ မမွေးပွင့်ရဲ့ ရင်ထဲမှာ ရှိနေတဲ့ မောင့်ကို ချစ်မြတ်နိုးမှုတွေ၊ မောင့်ရင်ထဲမှာ ရှိနေတဲ့ မမွေးပွင့်ကို ချစ်မြတ်နိုးရမှုတွေ အဲဒါတွေကို မေ့ထားလိုက်လို့ ဖြစ်မလား၊ မောင်တို့ အချစ်ကို အရေးမကြီးတဲ့ နေရာကို တွန်းပို့ထားလိုက်ကြရမှာလား၊ ဒီလောက် တစ်ယောက်နဲ့ တစ်ယောက် ချစ်မိနေကြတဲ့ အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



မောင်တို့က နှင်ထုတ်လိုက်ကြရတော့မှာလား၊ ဟင် … ဖြေ
စမ်းပါဦး မမွှေးပွင့်ရယ်"

သူ ထိထိမိုက်မိုက် မေးတော့ မမွှေးပွင့် ခေါင်းခါသည်။ မျက်ရည်စက်တွေ လွင့်ခနဲ မျက်ဝန်းအိမ်မှာ ကျလာကြတာကို သူ မြင်၏။

"ဟင့်အင်း … မမွှေးပွင့် ဘာဆို ဘာမှ မတွေးချင်ဘူး၊ မမွှေးပွင့်တို့မှာ လူဆင်းရဲမာန ဆိုတာတော့ ရှိတယ် မောင်"

သူ သက်ပြင်းရှိုက်သည်။ မွှေးပွင့်ငယ်၏ မျက်ရည်စက်များကို ဖွဖွညင်ညင် သုတ်ပေးသည်။ လောလောဆယ်မှာ မွှေးပွင့်ငယ် နားဝင်အောင် သူ ပြောပြနိုင်ဖို့ လိုပြီ။ ဒါကို သူ သိနေသည်။ စိတ်ရှည်လက်ရှည်ဖြင့် သူ ကြိုးစားပမ်းစား ဖျောင်းဖျ ပြောရပါ၏။

"ဟုတ်ပါတယ်၊ မာနဆိုတာ လူတိုင်းမှာ ရှိရမှာပေါ့၊ ဒါပေမဲ့ အတိုင်းအတာရှိတဲ့ မာန၊ အကန့်အသတ်ရှိတဲ့ မာန၊ ပိုင်းခြားဝေဖန်ပြီးမှ ထားတဲ့ မာန၊ အထိန်းအကွပ်ရှိတဲ့ မာနဖြစ်ဖို့လိုတယ်၊ အတိုင်းအဆ အကန့်အသတ် မဲ့နေတဲ့ မာနမျိုးကို အချစ်မှာ မထားရဘူး ကြားလား မွှေးပွင့်လေး"

တကယ်ကို တိုးတိုးညင်ညင်။ ဖျောင်းဖျောင်းဖျဖျ။

စကားလုံးတိုင်းသည် မွှေးပွင့်ငယ်၏ နှလုံးအိမ်တွင်းသို့ တိုးဝင်သွားဖို့ လိုသည်။

သူ မွှေးပွင့်ငယ်၏ မေးဖျားလေးကို ဖေးမော့၍ မျက်နှာဖြူဖြူနုနုလေးကို မြတ်နိုးစွာပဲ ငုံ့မိုးမိုက်ကြည့်သည်။

"မောင့်မှာလဲ မာနဆိုတာ ရှိတာပေါ့၊ ဒါပေမဲ့ မောင့်မာနဟာ မျက်ကန်းမာန မဟုတ်ဘူး၊ အခြေအနေ အရပ်ရပ်ကို ပိုင်းခြားဝေဖန်ပြီးမှ ထားသင့်တဲ့ မာနမျိုးကို မောင် ထား



တယ်၊ အလွန်သိမ်မွေ့တဲ့ အချစ်ကို မာနက ဖုံးလွှမ်းလိုက်ရင် မာနရဲ့နောက် လိုက်ဖြစ်တဲ့ အဲဒီ အချစ်ဟာ ဘယ်လိုလုပ်ပြီး ငြိမ်းအေးနိုင်ပါမလဲ၊ မှန်ကန်နိုင်ပါ့မလဲ"

မွှေးပွင့်ငယ် မျက်လွှာလေးကို ချပစ်သည်။ ဘာတစ်ခွန်းမျှတော့ စကားမဆို။

"မောင့်ပေမေ့ စကားကြောင့် မောင့်အချစ်တွေ အားလုံးကို မမွှေးပွင့် အသိအမှတ် မပြုဘဲ တန်ဖိုးမထားဘဲ မာနရဲ့ အဆုံးအဖြတ် ဘက်နတည်းနဲ့ ချေဖျက်ပစ်လိုက်တော့မလား၊ အဲဒီအဆုံးအဖြတ်ဟာ မောင်နဲ့ မမွှေးပွင့်တို့ရဲ့ အချစ်ကို တကယ်ရော ပျောက်ကွယ်သွားစေနိုင်မယ်တဲ့လား"

မွှေးပွင့်ငယ်၏ ဆံစလေးများကို ညင်ညင်သာသာ သူ သပ်တင်ပေးလိုက်ရင်းဖြင့် တိုးတိုးဖွဖွ ပြောမိရပါပြီ။

"မောင့်ကို ကြည့်စမ်းပါဦး မမွှေးပွင့်ရယ်"

တကယ်တမ်းကျတော့လည်း မမွှေးပွင့် သူ့စကားကို မငြင်းဆန်ရက်စွာပဲ မော့ကြည့်လာရှာသည်ပါပဲ။ မွှေးပွင့်ငယ်၏ မျက်နှာလေးကို မလွှတ်တမ်း သူ စိုက်ကြည့်နေရင်းက ပြုံးပြသည်။ သို့သော် အပြုံးသည် မပီပြင်။ ကြေကွဲရိပ် ကဲနေသည်ပါပဲ။

"မောင့် မျက်ဝန်းထဲမှာ ရှိနေတဲ့ စိုးရိမ်ရိပ်၊ ကြေကွဲရိပ်၊ ထိခိုက်ခံစားနေရတဲ့ မျက်နှာ၊ ဖျောင်းဖျနေတဲ့ မောင့်ရဲ့ စကား၊ အဲဒါတွေကို မမွှေးပွင့် ကြားနေရတယ်၊ မြင်နေရတယ်၊ ဒီအရာတွေဟာ မမွှေးပွင့်ရဲ့ မာနကို လွင့်စဉ်သွားစေနိုင်မယ်လို့ မောင် မျှော်လင့်ချင်တယ်၊ သိမ်မွေ့နူးညံ့တဲ့ အချစ်ဟာ ပွင့်ပြင်းလောင်မြိုက်တဲ့ မာနတရားရဲ့ သြဇာခံ မဖြစ်နိုင်ဘူး ဆိုတာကိုလဲ မောင် ယုံကြည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံတွေ တိုးညင်းလိုက်ခါနေသည်ပါပဲ။ မွှေးပွင့်ငယ်၏ မျက်နက်ဝန်းလေးများက အတန့်ကြာ မောငေးကြည့်နေသည်။ နောက် မျက်ရည်များ ဝိုင်းစုလည်လာလျက် ဖျတ်ခနဲ ခေါင်းကို ငုံ့ပစ်ဖို့ ကြိုးစားသည်။ ဒါပေမဲ့ သူ မွှေးပွင့်ငယ်၏ မေးဖျားလေးကို အတင်းဆွဲမော့ယူသည်။ ပါးလေးနှစ်ဖက်ကို လက်ဖဝါးဖြင့် ပေးညှပ်မော့ယူရင်းဖြင့် တစိမ့်စိမ့် စိုက်ကြည့်ရင်းဖြင့် ...။

"မောင် မမွှေးပွင့်ကို ချစ်တာ မြတ်နိုးလို့ပါ၊ လက်ထပ်ဖို့ပါ၊ မာနချင်းပြိုင်ဖို့ မဟုတ်ဘူး၊ မမွှေးပွင့် ဘာလို့ ခုလိုဆုံးဖြတ်တယ်ဆိုတာ မောင် ... မောင် နားလည်ပြီးပြီပဲ၊ မျက်ရည်ဝဲနေတဲ့ မမွှေးပွင့်ရဲ့ မျက်ဝန်းလေးတွေက မောင့် မမွှေးပွင့်လေးရဲ့ စစ်မှန်တဲ့ ခံစားမှုတွေကို ဖွင့်ပြောနေတယ်၊ မင်း မောင့်ကို တကယ် မခွဲနိုင်ပါဘူးကွယ်"

သူ ပြောလည်း ပြောမိလျက် စိတ်ကို မထိန်းလိုက်နိုင်စွာပဲ မျက်နှာလေးကို တရှိုက်မက်မက် တညင်သာသာ နမ်းရှိုက်လိုက်မိပါပြီတည်း။

"မောင် ... ပန်းနုရိပ်က ဆင်းလာခဲ့ပြီ"

ဆိုသည့် စကားကိုလည်း ခပ်တိုးတိုး ပြောလိုက်မိစဉ်နိုက်မှာပဲ မွှေးပွင့်ငယ်၏ လက်များက အတင်းတွန်းထုတ်လာပြန်တာမို့ သူ အံ့သြချင်လာရပါပြီ။

သူ မွှေးပွင့်ငယ် နားလည်အောင် အစွမ်းကုန် ဖျောင်းဖျခဲ့ပြီးပြီ။

သို့တိုင်လျက် ဘာကြောင့် မွှေးပွင့်ငယ်သည် ယခုတိုင် သူ့ကို တွန်းထုတ်နေရပါသလဲ။



နားမလည်နိုင်လောက်အောင်ပင် သူ မမွှေးပွင့်ငယ်၏ မျက်နှာလေးကို မှင်တက် ငေးစိုက်ကြည့်လိုက်ရမိပါပြီတည်း။

"ရှင့်ကို မမွှေးပွင့် ဘယ်တော့မှ လက်မထပ်ဘူး၊ ရှင့်အိမ်ကို ရှင်ပြန်ပါ၊ ရှင် ဘယ်တော့မှ မလာပါနဲ့"

နှလုံးသွေးကြောမျှင်တို့ ပြတ်ထွက်ကုန်ချေပြီလား။

နှလုံးအိမ် တစ်ခုလုံး ဆုပ်ညှစ်ဖိချေခံလိုက်ရသည်သို့ နာကျင်လိုက်ရပါပြီ။

သူ ခေါင်းယမ်းသည်။ အားအင်က ယခုမှ ကုန်ခန်းသွားသည့်အဖြစ်။ မျှော်လင့်ချက် ဆိုသည်ကလည်း ယခုမှ တကယ်ကုန်ဆုံးသွားရချေသည့် အသွင်။

သူ ပြုံးသည်။ ကြေကွဲပြုံး။

"ပန်းနုရိပ်က မောင် ထွက်လာခဲ့ပြီးပြီဆိုတာကို မောင့်နှုတ်က ကိုယ်တိုင် ဖွင့်ပြောတဲ့အခါမှာ မမွှေးပွင့် မောင့်ကို နှင်စကား ပြောရက်တယ်၊ အေးလေ ... ဒါ မမွှေးပွင့်ရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲ၊ မောင် ဘာတတ်နိုင်မှာလဲ၊ ထားပါတော့၊ ဒါပေမဲ့ မောင် တစ်ခုပြောခဲ့မယ် မမွှေးပွင့်၊ သေချာ သိထားစေချင်တဲ့ အချက် ..."

သူ ပြုံးသည်။ ဤအပြုံးသည်ကား ယောကျ်ားတို့၏ အားအပ်သော မာနပြုံး။

"မိန်းကလေး တစ်ယောက်ကို လက်ထပ်ဖို့ အိမ်က မောင် ဆင်းခဲ့ပြီးပြီ၊ အဲဒီ မိန်းကလေးက မောင့်ကို လက်မခံတော့ မိဘအိမ်ကို ပြန်တက်မယ့် လူစားမျိုးလို့ မင်း မောင့်ကိုထင်တာ မှားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ တည်ငြိမ်အောင် ကြိုးစားသည်။ ထရပ်လိုက်ပြီး နောက်ထပ် တစ်ကြိမ်ပြုံးသည်။

ယခုကျတော့ မွေးပွင့်ငယ် သူ့ကို မော့ကြည့်နေသည့် အဖြစ်။

သူ့အသံက အရမ်းကို ပြတ်သားနေသည်။ မာမာကျော ကျောလည်း ရှိသည်။ တိုတိုဆတ်ဆတ်လည်း နိုင်သည်။

မမွေးပွင့်ကိုလည်း လုံးဝမကြည့်တော့။

"မင်း … မောင့်ကို ဒီအချိန်မှာ မေတ္တာလက်နဲ့ မကမ်းပြ ခဲ့ဘူး မမွေးပွင့်၊ အရာရာကို စွန့်လွှတ်ပြီး မင်းတစ်ယောက် တည်းအတွက် မင်းကို သိပ်ချစ်တဲ့ အချစ်အတွက် မောင် မင်းဆီကို အရိုးသားဆုံး အချစ်နဲ့ လာခဲ့တယ်၊ ဒါပေမဲ့ မောင့်ကို မင်း ခုအချိန်အထိ နှင်ထုတ်ခဲ့တယ်၊ အစစနားပေး အောင် မောင် ဖျောင်းဖျပြောဆိုပြီးတဲ့ အချိန်ထိလည်း နှင် ထုတ်မြဲ နှင်ထုတ်တယ်"

သူ နောက်ထပ်တစ်ကြိမ် ပြုံးသည်။ အပြုံးသည် အေးစက်မာကျောနေပြီ။

"ခုအချိန်မှာ မင်းပြောတဲ့ စည်းစိမ်ဥစ္စာ စကားမျိုး ပြောရင် ဆင်းရဲသားမာနစကား ပြောရရင် ငါဟာ မင်းထက်ဆင်းရဲ တဲ့သူ ဖြစ်နေပြီ၊ ငါ့မှာ နေစရာမရှိဘူး၊ ကိုယ်ပိုင်နေအိမ် မရှိ ဘူး ဆိုတဲ့ သဘောကို ပြောတာပါ၊ ဘော်ဒါဆောင် တစ်ခု မှာ ငှားနေတဲ့ ဘဝမျိုး၊ ဘာဆို ဘာမှမရှိတော့တဲ့သူ ဆိုပါ တော့၊ မင်းထက် ဆင်းရဲနေတဲ့သူပေါ့၊ ဒီအချိန်မှာ မင်းငါ့ကို နှင်ထုတ်တယ်"



မောင့်စကားလုံးတိုင်းသည် မွေးပွင့်ငယ်၏ နှလုံးအိမ် ကို လာရောက်ထိမှန်နေကြပါပြီ။

ဒါပေမဲ့ …

"လောလောဆယ် ဒီလိုပဲ ပြောမှာပေါ့၊ ပြီးရင် မောင့်အမေ့ အိမ်ကို မောင် ပြန်သွားမှာပါလေ"

ဟူသော အတွေးဖြင့် ဘာတစ်ခွန်းမျှ ဝင်မပြောမိခဲ့။ နှုတ်က စေးကပ်ပိတ်ကျနေမိခဲ့သည်ပါပဲ။

"ကောင်းပြီ … ပန်းလေညင်းကိုရော နှင်းဆီကိုရော မောင် ဘယ်တော့မှ မလာတော့ဘူး မမွေးပွင့်၊ ဒါပေမဲ့ တစ်ခုတော့ ပြောခဲ့မယ်၊ မင်းကို ငါ တကယ့်ကို မြတ်နိုးစွာ ချစ်တယ် ဆိုတဲ့ အချက်ပဲ"

ပြောပြီးတာနှင့် သူ ခြေလှမ်းကျဲကြီးနှင့် နောက်ကြောင်း ကို လှည့်မကြည့်စတမ်း ထွက်ခွာခဲ့သည်ပါပဲ။

ရင်ထဲတွင် နာကျင်နေသည်။ ကြေကွဲနေသည်။ နောက် နောက် …။

မယုံကြည်နိုင်လွန်းစွာဖြင့် နှလုံးအိမ်ဆီမှ သိလိုက်ရ သည့် အသိတရား။

မွေးပွင့်ငယ် သူ့အပေါ် အရမ်းကို ပြတ်သားနိုင်လွန်း ပါလား ဆိုသည့် အသိတရား။

ထိုအသိတရားသည် နှလုံးသားကို လဲပြိုဆုပ်ချေနေ သည်နှယ် ခံစားရချေ၏။

နှလုံးသား သွေးကြောမျှင်တို့ ပြတ်ထွက်ကုန်ပြီထင် သည်။

❀ ❀ ❀

www.burmeseclassic.com



## ၁၈

"မင်း ... စဉ်းစားကြည့်လေ၊ ဒီအချိန်မှာ ငါက ဘာမှရှိတော့တဲ့ ရန်ပိုင် မဟုတ်တော့ဘူး၊ ပန်းနုရိပ်က ငါ ဆင်းခဲ့ပေ ဆိုတာကို ခင်ခင့်ကို ကြိုတင်ပြီး ငါ ပြောပြခဲ့တယ်၊ သူ့ကို ပြောပြထားပါ ဆိုပြီးတော့ပေါ့၊ ဒါပေမဲ့ လက်တွေ့မှာ သူက ငါ့ကို ငြင်းခဲ့တယ်လေ၊ အဲဒီအချိန်ထိ ငါ သူ့ကို သဘောပေါက်နေတာပါပဲ၊ သူ့ကို တွေ့တယ်၊ နားလည် အောင် ရှင်းပြတယ်၊ ဒါပေမဲ့လဲ ငါ့ကို သူ နှင်ထုတ်ခဲ့တာပဲ မောင်မောင်"

သူ့အသံတွေ အက်အက်ကွဲကွဲ ဖြစ်နေသည်။ မောင်မောင် သက်ပြင်းရှိုက်၏။

နောက် ... သူ့ကို ကြည့်လာလျက်မှ ...

"အေးလေ၊ အဲသလို ဖြစ်ရတာကလဲ အန်တီသန့်ရဲ့ စော တွေက သူ့မာနကို ထိခိုက်ခဲ့တာကိုးကွ၊ အဲဒါလဲ တွေးပေ ပါဦး"

**အင်ကြင်း ဘော်ဒါဆောင်၏ ကံကော်ရိပ်မြေပြင်တွင် နစ်ယောက်သား ထိုင်နေရင်းဖြင့် စိတ်ရှုပ်စရာတွေကိုပဲ ပြောပြနေ ရသည့် အဖြစ်။**



အင်ကြင်း ဘော်ဒါဆောင်သို့ သူ စတင်ရောက်ရှိခဲ့ ပြီးသည့် နောက်တစ်နေ့မှာပဲ မောင်မောင့် ထံသို့ သူ တယ်လီဖုန်း ဖြင့် အင်ကြင်းမှာ သူ ရှိနေကြောင်း ပြောပြခဲ့သည်။

မောင်မောင် ချက်ချင်း လိုက်လာသည်ပါပဲ။

ထိုရက်မှစ၍လည်း ညနေတိုင်း အင်ကြင်းသို့ မောင် မောင် ရောက်ရောက်လာတတ်သည်။ အိမ်ပြန်ချိန်သာ မမှန်သည့် မောင်မောင်။

ယခုလို သူ ပန်းနုရိပ်မှ ထွက်ခွာခဲ့ရသည့် အဖြစ်တွေ။

သမဝါယမ ဆေးခန်းတစ်ခန်းမှာ သူ အလုပ်ဝင်နေ သည့် ကာလတွေမှာတော့ ညနေတိုင်း သူ့ထံ မှန်မှန်ပင် မောင် မောင် ရောက်လာတတ်သည်။ ကားကိုလည်း မောင်းယူလာတတ် သည်။ တမင် သူ့အတွက် ယူလာခြင်း ဆိုတာကိုတော့ သူသိသည် ပေါ့။

သူ့ကို သမဝါယမဆေးခန်းသို့ မောင်မောင် ကားဖြင့် လိုက်ပို့ပေးချင်၍ ဆိုတာကိုလည်း သူ နားလည်ပါသည်။ သူတို့ နှစ်ယောက်ကြားမှာ ဤအပို့အကြိုကိစ္စမျိုးအတွက် အားနာစကားမျိုး ပြောသင့်တာ နားလည်သည်။ ဒါကြောင့် သူ မပြော။

ဒါပေမဲ့ ရင်ထဲမှာတော့ အားနာနေရသည်ပါပဲ။

တစ်ချိန်လုံး ကားကို မရှိမသေ မောင်းမောင်းနေတတ် သည့် မောင်မောင် တစ်ယောက် ခုကျတော့လည်း ကားကိုမပျက် အောင် မထိခိုက်အောင် ဂရုတစိုက် မောင်းတတ်သည်။ ကားထိ ခိုက် မောင်မောင့်ကို အန်ကယ်က ကားသိမ်းချင် သိမ်းထားချေမည့် ဘေး ဤရန်ကို ကာကွယ်သည့် သဘောဖြင့် မောင်မောင် ကားထိန်းသ သည်။ ဒါမှ သူ့ကို ကားနှင့် အကြိုအပို့ လုပ်နိုင်ချေမည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း ဆေးခန်းသွားဖို့ အချိန်ကလည်း စောနေ သေးတာမို့ နှစ်ယောက်သား ကုံကော်ပင်အောက်မှာ လေညင်းခံရင်း စကားပြောဖြစ်ကြခြင်းပါ။

"အန်တီသန့်ကတော့ မင်း ပြန်လာမှာပဲလို့ ထင်နေတယ် ကွ"

သူ ပြုံးသည်။ မေမေ ကိုယ်တိုင်ကတော့ ယခုထိ သူ့ ကို ဘာဆိုဘာမျှ မဆက်သွယ်လာသေး။

သူ့ဘက်ကလည်း ငြိမ်သက်နေသည်ပါပဲ။

"ငါ ဒီမှာပဲနေမှာ၊ အလုပ်လည်း ငါလျှောက်ထားတယ် ဘယ်ကိုပဲပို့ပို့ ငါ သွားမှာပဲ"

သမဝါယမဆေးခန်းတစ်ခုမှာ သူ ဆေးခန်းထိုင်နေ တာ မှန်ပေမဲ့ ရန်ကုန်နှင့် အဝေးဆုံး နေရာတစ်ခုမှာ သူ အလုပ် သွားလုပ်လိုသည်။ ဒါကြောင့် သူ အလုပ်လျှောက်ထားခြင်းပါ။

"ဒီလိုတော့လဲ ဘယ်ဟုတ်မလဲကွာ"

"ဒီမှာ မောင်မောင်၊ ငါ မမွေးပွင့်ကိုပဲ လက်ထပ်မယ်ဆိုပြီး ပန်းနရိပ်က ဆင်းခဲ့တာကွ၊ သူက လက်မထပ်တာနဲ့ ငါက ပန်းနရိပ်ကို ပြန်တက်သွားရမယ်တဲ့လား၊ ငါ့မှာ ဒီ လောက် အရှက်တရား မရှိတော့ဘူးလို့ မင်း ထင်နေသလား"

သူ တစ်ချက် နှုတ်ခမ်းကို တွန့်ကွေး၍ ပြုံးသည်။

"ငါကတော့ အချစ်ကို ယုံကြည်လွန်းနေသူ တစ်ယောက် ကိုး၊ ဒါကြောင့် မေမေ့ကို ငါ အန်တု ဆန့်ကျင်ခဲ့တယ် မမွေးပွင့်ရဲ့ အချစ်ကို အထင်ကြီးနေတဲ့ ငါဟာ ရင်ကော့ပြီး အိမ်က ဆင်းခဲ့တယ်၊ ဟိုကိုရောက်တော့ ငါ ကန်ချခံလိုက် ရတာပါပဲ၊ အဲသလိုပဲ မေမေ ငါ့ကို မြင်မှာပေါ့၊ ကျိတ်ပြီး



ရယ်မှာပေါ့၊ အဲဒီလို အချိန်မှာ ငါက ပန်းနရိပ်ကို ပြန်မယ် ဟုတ်လား၊ ငါ့ အရှက်တရားနဲ့ ငါ့မာနက ပန်းနရိပ်နဲ့ အဝေးဆုံးနေရာကို တွန်းပို့ထားတယ်၊ မေမေ့ အပေါ်မှာ ငါ အချစ်ကို ယုံကြည်ကိုးစားသူ တစ်ယောက်အဖြစ် သူရဲကောင်း လုပ်ပြခဲ့တာကို လက်ရှိအချိန်မှာရော၊ နောင်တစ်သက်တာ လုံးရော ငါ မျက်နှာမပြရဲအောင် ရှက်တယ်၊ ပြီးတော့ ငါ အရမ်းအထင်ကြီးမိတဲ့ မိန်းမတစ်ယောက်ဟာ ငါ့ကိုနှင်ချ ခဲ့တယ်၊ အဲဒါ ငါ့မာနကို လာဆွတာပဲ၊ ယောကျ်ားတစ် ယောက်ရဲ့ မာနကို အထင်သေးတာပဲ၊ စော်ကားလိုက်တာ ပဲ"

သူ ပြောသမျှ နားထောင်နေရင်းဖြင့် မောင်မောင် ခေါင်းသာ တွင်တွင်ယမ်းသည်။

"မင်းဥစ္စာကကွာ ... မဟုတ်သေးပါဘူး၊ မိဘအိမ်ကျတော့ လဲ ရှက်လွန်းလို့ဆိုပြီး မပြန်ချင်ဘူး၊ ချစ်သူရှိတဲ့နေရာကို ကျတော့လည်း ယောကျ်ားမာနကို ထိခိုက်စော်ကားတယ် ဆိုပြီး မသွားဘူး၊ မင်းဥစ္စာက ဟုတ်ကို မဟုတ်ဘူးကွာ"

ခပ်ညည်းညည်း မောင်မောင် ပြောတော့ သူ့ခေါင်း ဆတ်ခနဲ မတ်သည်။

မျက်ဝန်းသည် လက်တောက်နေ၏။

"နေဦး ... ဒီလို ငါ့ကို မကြည့်နဲ့၊ မင်းဘက်ကျတော့ မာန ဆိုတာကို လျှာအရသာခံပြီး ပြောပြောနေတတ်တယ်၊ အန်တီ သန့်က မွေးပွင့်ငယ်ရဲ့ မာနကို ထိအောင်ပြောခဲ့တဲ့ ကိစ္စ အတွက်ကျတော့ သူ့ဘက်ကရော မာနဆိုတာ မထားရတော့ ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် အထွန့်တက်တော့ သူ ပြုံးသည်။

"သူ့ကို ပြောတာ ငါကိုယ်တိုင် မဟုတ်ဘူး မောင်မောင်၊ မေမေ ပြောတာ၊ ငါကိုယ်တိုင်က သူ့ဆီကို ဆင်းလာပြီပဲ၊ အဲဒီမာနမျိုး ငါ့အပေါ်မှာ ထားသင့်သလားဟင် ပြောစမ်းပါ၊ မေမေ့လိုပဲ ငါက မတူမတန် လုပ်သွားရင် ငါ့ကိုလူလယ်ကောင် လမ်းမကျယ်ကြီးပေါ်မှာ ပါးရိုက်သွား၊ သူ့ကို ငါ အပြစ်မပြောဘူး၊ ခုကိစ္စက ငါက သူ့ဘက်မှာ ရပ်တည်ဝါ လျက်နဲ့ ငါ့ကို နှင်ချခဲ့တာ၊ ငါ သူ့ကို နားဝင်အောင် ပြောပြရက်နဲ့ နှင်ချခဲ့တာကွ၊ ငါ့ပါးစပ်က မောင် အိမ်ကဆင်းလာပြီလို့ ပြောလဲပြီးရော နှင်ချတာကွ"

သူ့အသံက မာကျောပြတ်တောင်းနေသည်။ နှုတ်ခမ်းကို တွန့်ကွေးကွေး ပြုံးလိုက်ပြီး ခေါင်းယမ်း၏။ မျက်ဝန်းက လက်တောက်နေသည်ပါပဲ။

"သူတို့မှာပဲ မာနဆိုတာ ရှိရမှာလား၊ သူ့ကို ငါပြောတယ်၊ ငါတို့ဟာ ချစ်သူတွေ ... မာနပြိုင်ကြမယ့် သူတွေ မဟုတ်ဘူးလို့၊ ဒါပေမဲ့ မရဘူး ... အေး ... ငါ့ရင်ထဲက ဖြစ်တည်လာတဲ့ မာနဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ မာန၊ ဖြစ်သင့်သူ့အပေါ်မှာထားတဲ့ မာန၊ ယောကျ်ားတစ်ယောက်က သူ့ကိုနှင်ထုတ်ထားတဲ့ မိန်းမတစ်ယောက်ဆီကို နေ့တိုင်းသွားပြီး လက်ထပ်ဖို့ တစာစာ အသနားခံနေရမှာလား၊ ငါ ... မလုပ်နိုင်ဘူး"

"အေးပါ ... မလုပ်ပါနဲ့"

သူ မာမာထန်ထန် ပြောတော့ မောင်မောင်ကလည်း ဝေါက်ဆတ်ဆတ်ပဲ ပြန်အော်သည်။



စိတ်ပေါက်ပေါက်နှင့် ဆေးပေါ့လိပ်ကို ထောင်းထောင်းထအောင် မီးရှိုက်ဖွာပစ်ပြီးမှ သူ့ကို ကြည့်သည်။

"အေး ... ကောင်းတယ်၊ မာနချင်းပဲ ပြိုင်နေကျ၊ အန်တီသန့်ကလဲ သားကိုလွမ်းလို့ မျက်ရည်သာ ကျနေတာ အိမ်ပေါ်က ဆင်းသွားတဲ့ သားကို ကိုယ်တိုင် လိုက်မခေါ်နိုင်ဘူးတဲ့၊ အချိန်မရွေး လာနိုင်တယ်လို့ ပြောထားခဲ့ပြီးပြီတဲ့၊ သူ့မှာ အမေတစ်ယောက်ရဲ့ မာနရှိတယ်တဲ့၊ အဲ ... မွေးပွင့်ငယ်ကျတော့လဲ သူ့ကို မတူမတန် ပြောသွားတဲ့ အန်ထီသန့် စကားက သူ့မာနကို ထိခိုက်သတဲ့၊ မင်းကျတော့လဲ အိမ်က ဆင်းလာတဲ့ ချစ်သူ့ကို နှင်ချတဲ့ မွေးပွင့်ငယ်ရဲ့ အပြုအမူဟာ မင်းရဲ့ယောကျ်ားမာနကို ထိခိုက်သတဲ့၊ ကောင်းတယ်၊ အဲဒီမာနတွေကို ပိုးမွေးသလို မွေးထားကြ"

စိတ်ပေါက်ပေါက်နှင့် မောင်မောင် ဝေါက်ဆတ်ဆတ် ပြောတော့ သူ ငိုင်နေ၏။

"ဒါပေမဲ့ ငါ့ရင်ထဲက မာနဟာ ကြေကွဲခြင်းနဲ့ ရောထွေးပြီး ခံစားရတဲ့ မာနပါကွာ၊ 'ငါ' မမျှော်လင့်ခဲ့ဘူး မောင်မောင်၊ သူ ဒီလို ငါ့အပေါ် ပြတ်ပြတ်ထင်ထင် ဆုံးဖြတ်လိမ့်မယ်လို့ ငါ မမျှော်လင့်ခဲ့ပါဘူးကွာ"

သူ့အသံတွေမှာ တကယ်လည်း ထိခိုက်နာကျင်မှုတွေ ရောထွေး ပါလာနေသည်ပါပဲ။

ဤတစ်ကြိမ်တွင်တော့ မောင်မောင် သူ့ကို အတန်ကြာကြည့်သည်။ နောက် ... သက်ပြင်းရှိုက်သည်။ သူ ... မောင်မောင်ကို စိုက်ကြည့်ရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါမေးမယ်၊ မင်း ဖြေကြည့်၊ မင်းရဲ့ချစ်သူဟာ မင်းမိဘတွေက သဘောမတူတဲ့ အဖြစ်မျိုး ကြုံချိန်မှာ မင်း အိမ်ပေါ်က ဆင်းလာတဲ့ အချိန်မှာ မင်းကို နှင်ထုတ်လိုက်ရင် ... မင်း အဲဒီကို နောက်ထပ် သွားဦးမလား၊ တောင်းပန်နေဦးမလား"

မောင်မောင် သက်ပြင်းရှိုက်သည်။ နောက် ... ခေါင်းညိတ်သည်။

"အင်း ... ဒါလဲ ဟုတ်ပြန်တာပဲ"

ဟု ခပ်ညည်းညည်း ပြော၏။

"အန်ကယ်ကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှမပြောဘူးကွ၊ အန်တီသန့်လိုလဲ ဘာမှမပြောဘူး၊ မင်းအပေါ်လဲ ဘာမှမပြောဘူး၊ အန်ကယ်က လူအေး မဟုတ်လား၊ စိတ်တော့ ဆင်းရဲနေပုံရတယ်"

ဒက်ဒီ့ကို သူကိုယ်တိုင်ကလည်း လွမ်းသည်ပါပဲ။

"ခုကျတော့ကွာ မင်းတို့ဥစ္စာက ဘာတစ်ခုမှ မဟုတ်ဘဲ ဒီအတိုင်းကြီး ငြိမ်နေတော့ ဘယ်ကောင်းတော့မလဲ"

ပြောပြီး မောင်မောင် ခေါင်းယမ်းသည်။ တိုင်နေရာမှ ထရပ်သည်။

ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်သည်။ ထုံး... အတိုင်း မျက်မှန်ထူကြီးကို ပင့်သည်။

"အန်တီသန့်က မွေးပွင့်ငယ်နဲ့ သဘောမတူဘူးဆိုပြီး လူ... လို့ မင်း အိမ်ပေါ်က ဆင်းတယ်၊ အန်တီသန့်ကို စိတ်... ပြီး မင်းကို မွေးပွင့်ငယ်က လက်မထပ်ဘူး၊ နှင်ချတယ်... မင်းမှာ အိမ်ပေါ်က ဆင်းတာတာပဲ အဖတ်တင်ပြီး ဆော...



ဆောင်မှာ နေနေရတယ်၊ ပန်းနုရိပ်မှာလဲ မင်းက ရှိမနေဘူး၊ အဲ ... ပန်းလေညှင်းမှာလဲ မင်းက ရှိမနေဘူး၊ ဒီတော့ ... ဘာအသုံးကျတော့မှာလဲ"

မောင်မောင် ပြောပြီး စိတ်ပျက်လက်ပျက်ပုံဖြင့် သူ့ဘေးမှာ ပြန်လာထိုင်သည်။

"ခင်ခင်ကလည်း မွေးပွင့်ငယ်ကို ဆူတယ်ကွ၊ ဒီကိစ္စမှာ မင်းဘက်က မှန်တယ်လို့ ခင်ခင်က ပြောတယ်၊ ပန်းလေညှင်းကို လုံးဝမရောက်တော့ဘဲ မင်း အဆက်ပြတ်သွားတာ၊ မွေးပွင့်ငယ်ဆီကို မင်း လုံးဝမရောက်တော့တာ၊ အဲဒီကိစ္စတွေ အားလုံးမှာ မွေးပွင့်ငယ် မှားပြီး မင်း မှန်တယ်လို့ ခင်ခင်က ဆုံးဖြတ်တယ်"

မောင်မောင်ကတော့ ပန်းလေညှင်းသို့လည်းရောက်။ သူ့ထံသို့လည်း ရောက်နေပုံရသည်။ မွေးပွင့်ငယ်နှင့် ပတ်သက်၍တော့ ယခုမှ မောင်မောင့် သတင်းစကား ပြောဖော်ရလာခြင်းပါ၊ သူ ဘာမျှဝင်မပြော။ သူနှင့် မဆိုင်သလိုပဲ ငြိမ်ထိုင်နေသည်။ မွေးပွင့်ငယ်နှင့် မောင်မောင်တို့ ဆုံခဲ့ကြပုံရသည်။ မောင်မောင် သွားတွေ့ခဲ့သည့် အကြိမ်ပေါင်း အဘယ်မျှ ရှိချေပြီလဲ မသိ။

"ဟ ... မေးလေကွာ၊ မွေးပွင့်ငယ်က ဘာပြောသလဲ ဆိုတာမျိုး"

မကျေမနပ် မောင်မောင် အော်တော့ သူ ငြိမ်သက်မြဲ ငြိမ်သက်နေသည်ပါပဲ။

"ငါ့အတွက် မေးစရာစကား ရှာမတွေ့နိုင်တော့ဘူး"

ဟု မွေးပွင့်ငယ်နှင့် ပတ်သက်၍ ခံစားရသည့်အကြား ...င်ထဲရှိသည့်အတိုင်း သူ ဖြေလိုက်မိသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်က ပြောတယ်၊ အန်တီသန့် အပေါ်မှာလားတဲ့ မွေးပွင့်ငယ်ရဲ့ မာနကိုတော့ အပြစ်မတင်ပါဘူးတဲ့၊ အန်တီသန့်ကလဲ အရှမ်းပြောသွားတာကိုး၊ အေး ... မင်းအပေါ်တော့ ဒီလို မဆုံးဖြတ်သင့်ဘူးလို့ ခင်ခင်က မွေးပွင့်ငယ်ကို ဆူတယ်၊ ဒေါ်ဒေါ်ကလဲ ထောက်ခံတယ်"

ယခုအချိန်ထိ သူ မလှုပ်သေးတော့ မောင်မောင်ကျွဲမြီးတိုချင်နေပြီ။ ဒါပေမဲ့ မပြောဘဲလည်း မနေနိုင်တာမို့ ဆက်ပြောရသည်ပါပဲ။

"ခုလို မင်း ပန်းနုရိပ်ကို မပြန်ခင်ဘဲ အင်ကြင်းမှာနေတာ ငါးလတောင် ရှိသွားပြီဆိုတော့ မွေးပွင့်ငယ် မင်းအပေါ်မှာ စကားလွန်ခဲ့သမျှတွေကို အတော်ကြီး နောင်တရနေပုံရတယ်"

ရင်ထဲတွင် တစ်ချက် နွေးခနဲ ဖြစ်၏။ မောင်မောင့်ကို တစ်ချက် သူ ဖျတ်ခနဲ ကြည့်မိသည်။ မောင်မောင်က ဉ်အကြိမ်ကျတော့ အိုက်တင်ခံနေ၏။ သူ့ကိုလည်း မကြည့်။ စကားကိုလည်း မဆက်။ ခြေထောက်ပေါ် တင်နေသည့် ဖုန်အမှုန့်တွေကို အရေးတကြီးဟန်ဖြင့် လက်နှင့်ပွတ်သုတ်ပစ်နေ၏။

ဒါပေမဲ့ သူ့ထံမှ ဘာမျှမေးမြန်းသံ ထွက်မလာ။ မောင်မောင် မနေနိုင်တော့ဘဲ မချင့်မရဲပုံဖြင့် ကြည့်လာလျက် ...

"မင်းမှာ ပါးစပ်ပျောက်သွားပြီလားကွ၊ စကားတစ်လုံးမမေးနိုင်တော့ဘူးလား"

ငေါက်ဆတ်ဆတ် မေးခိုက် သူ ခေါင်းယမ်းသည်။

"ငါ မမေးချင်တော့ဘူး မောင်မောင်"

ဟု အေးစက်စက်ပဲ ပြန်ဖြေ၏။



"အေး ... ငါမှာ ပြောဖို့ တာဝန်ရှိတယ်၊ ဒါကြောင့် ပြောရတော့မှာပဲ၊ ခုလိုအချိန်ကာလကလဲ ငါးလလောက် ရှိလာပြီဆိုတော့ အန်တီသန့် ပြောတဲ့ စကားတွေနဲ့ ပတ်သက်လို့ နာကြည်းနေတဲ့ အဖြစ်တွေဟာ မင်းနဲ့ မပတ်သက်ဘူးဆိုတာ မွေးပွင့်ငယ် သဘောပေါက်နေတယ်၊ သဘောပေါက် နေတာကတော့ ကြာပါပြီ၊ မင်းကို နှင်ထုတ်တဲ့ မွေးပွင့်ငယ်ဟာ ပန်းလေညင်းမှာ မင်း ဆေးခန်း လာထိုင်လေမလားလို့ မျှော်နေတတ်တယ်ဆိုရင် မင်း ယုံမလား"

သူ မဖြေ။ ဒါပေမဲ့ နှလုံးအိမ်ကတော့ လှုပ်ရှားချင်၏။ မွေးပွင့်ငယ်သည် အမှန်ပင် သူ့ကို မျှော်လင့်ခဲ့လေသလား။

"ဒါပေမဲ့ မင်း မလာတော့ဘူး ဆိုတာကိုလည်း သူ သိနေတယ်၊ အဲဒီအတွက်လဲ သူ ငိုတယ်"

မွေးပွင့်ငယ် ငိုသည် ဆိုတာကိုတော့ သူ ယုံသည်။ သူ့ကို နှင်ထုတ်စဉ်ကလည်း မွေးပွင့်ငယ်သည် မျက်ရည်ကျနေသည်ပါပဲ။

"ငါ့ကို နှင်ချတုန်းကလဲငိုတာပါပဲကွာ၊ ဒါပေမဲ့ ငါတို့ နှစ်ယောက်ရဲ့ ဘဝနဲ့ ပတ်သက်ပြီး သူ ဆုံးဖြတ်တဲ့ အဆုံးအဖြတ်ဟာ နှလုံးသားကလာတဲ့ အဲဒီချစ်မြတ်နိုးရလွန်းလို့ ကျလာတဲ့ မျက်ရည်တွေရဲ့ အသနားခံနေမှုတွေကို ပစ်ပယ်ပြီး မာနတရားက ပွင့်ကျလာတဲ့ စကားတွေနဲ့ပဲ သူ ဆုံးဖြတ်ခဲ့တာပဲ မောင်မောင်"

မောင်မောင် သူ့ကို လက်မြှောက်ပြ၏။

"တရေးဖနေတဲ့ ငါတောင်မှ ဒီလောက် မရေးတတ် မပြောတတ်ဘူးကွာ၊ နေဦး ... အဲဒီစကားလုံးတွေ ကောင်းလွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဝတ္ထုမှာ ယူသုံးလို့ရအောင် မှတ်ထားလိုက်ဦးမယ်၊ ဘာတဲ့ နှလုံးသားကလာတဲ့ ချစ်မြတ်နိုးရလွန်းလို့ ကျလာတဲ့ မျက်ရည်တွေရဲ့ အသနားခံမှု၊ အဲ ... လှလိုက်တဲ့ စကားလုံးတွေကွာ"

အိတ်ကပ်ထဲ လက်နှိုက်၊ မှတ်စုစာအုပ် သေးသေးလေးကိုထုတ်။ တကယ်လည်း ရေးမှတ်နေသည့် မောင်မောင်။

အရွဲ့တိုက်နေပြီ ဆိုတာကိုတော့ သူ နားလည်၏။

"ဘာတဲ့ မာနတရားက ပွင့်ကျလာတဲ့ စကားတွေနဲ့ ဆုံးဖြတ်ခဲ့တယ် ဟုတ်စ၊ ကောင်းလိုက်တဲ့စကား၊ ဘုရားစူးရစေ မင်းသာ စာရေးဆရာဖြစ်ရင် ငါ မချောင်ဘူး၊ မင်းတော့ကွာ ဒီလောက် အပင်ပန်းခံခဲ့ပြီး မွှေးပွင့်ငယ်နဲ့ ပတ်သက်လို့ ပြောပြနေတဲ့ ငါ့ကိုများ အားနာပါဦး၊ သူ့အကြောင်းလေးများ စိတ်ဝင်တစား မေးမြန်းဖော်လေး ပြုလာပါဦး ကိုမာနရယ်"

သူ ပြုံးသည်။ ကြေကွဲပြုံး။

"အေး ... အဲသလိုပဲ ပြုံးနေ၊ အရေးအကြီးဆုံး စကားကို ငါ ပြောမယ်၊ မင်းနဲ့ ပတ်သက်သမျှ သတင်းတွေကို ငါ့ထမင်းငါစား စမ်းဃမုန်က အလုပ်တွေ အပျက်ခံပြီး မွှေးပွင့်ငယ်နဲ့ ဒေါ်ဒေါ်ဆီကို ငါ သွားသွားပြောပြခဲ့သမျှ မွှေးပွင့်ငယ် တငိုငိုနဲ့ နားထောင်နေခဲ့တာ၊ ခုတော့ သူ့ဘက်က ပြောလာပြီ"

ပြောပြီး ဆေးပေါ့လိပ်တိုကို မီးပြန်ညှိနေသည့် မောင်မောင်ကို သူ တစ်ချက်ကြည့်သည်။ မွှေးပွင့်ငယ် ဘာကိုများ ပြောလာချေသလဲ။



ဒါပေမဲ့ သူ ဘာမျှ မမေးဖြစ်။ မာနတရားသည် သူ့နှုတ်မှ ဘာစကားကိုမျှ ထွက်ကျလာခွင့် မပြု။

"အမြင်ကတ်အောင်ကို မာနကြီးတဲ့ကောင်ကွာ၊ နားရင်းအုပ်ခံကိန်းတော့ နီးစပ်လာပြီ"

စေတနာပျက်ပုံဖြင့် မောင်မောင် သူ့ကို အငေါ်တူးစပြုလာပြီ။

"သူ မင်းကို တောင်းပန်ချင်တယ်တဲ့၊ မင်း ရှိတဲ့ အင်ကြင်းကိုလဲ သွားချင်တယ်တဲ့၊ အဲလိုပြောတယ်၊ ဒါဆို မင်းသဘောပေါက်ရောပေါ့"

မမျှော်လင့်သော စကား။ သူ့ခေါင်းသည် မတ်ခနဲဖြစ်လျက် မယုံနိုင်သလို မောင်မောင့်ကို သူ ငေးစိုက်ကြည့်နေမိသည်။ ဤအချိန်ကျတော့ မောင်မောင့် မျက်နှာကြီး ပြုံးကျ ကြည်လင်လျက် သူ့ကို ပြုံးစိစိဖြင့် ကြည့်သည်။

"တကယ်ပဲ မမွှေးပွင့်က အဲသလို ပြောသလား"

မောင်မောင့် ရယ်သံ ထွက်လာ၏။ ခပ်တိုးတိုးကျိတ်၍ ရယ်သံ။

"မေးဖော်လေးတော့ ရလာပြီ ဆိုပါတော့၊ အေး ... ဒီအချိန်ကျမှ မမေးဘဲ နေနေရင်လဲ ငါ ပြန်တော့မလို့"

"မဟုတ်ဘူး မောင်မောင်၊ ငါ မယုံရဲတာ သူ အဲသလို တကယ်ပဲ မေးသလား မောင်မောင်"

သူ စိတ်လှုပ်ရှားလျက် မေးမိသည်ပါပဲ။ ရင်ထဲမှာ ... သွားနေသည်။ ကြည်နူးစိတ်သည် နှလုံးအိမ်မှ ပေါင်းပြု၍ သူ့ ... လှမ်းကြည့်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲသလိုပဲ ပြောတယ်၊ ဒီတော့ မင်းစကားနဲ့ မင်းကိုငါ ပြောစရာရှိတယ်၊ စောစောက ဥစ္စာပေါ့၊ ဘာတဲ့ အဲဒီလို မင်းကို တွေ့ချင်တယ်၊ တောင်းပန်ချင်တယ် ဆိုတဲ့စကားက မွေးပွင့်ငယ်ရဲ့ နှလုံးသားက ချစ်မြတ်နိုးစိတ်နဲ့ ကျလာတဲ့ မျက်ရည်တွေနဲ့ အသနားခံပြီး ပြောတဲ့ စကားပဲ ဖိုးပိုင်"

ပြောပြီး မောင်မောင် သူ့ကို ကြည့်သည်။ မျက်မှန်ကိုပင့်သည်။ မိန့်မိန့်ကြီး ပြုံးသည်။

"နောက်တစ်ချက် မင်းလေသံကိုပဲသုံးပြီး ငါပြောမယ့်စကား မင်းတို့ဟာ ချစ်သူတွေ၊ မာနပြိုင်ကြရမယ့်သူတွေ မဟုတ်ဘူး၊ အဲဒီတော့ ဒီမှာ ကားသော့၊ ဟိုဝါးရုံရိပ်အောက်မှာ ရပ်ထားတဲ့ မှန်အပြည့်တင်ထားတဲ့ ငါ့ရဲ့ကားရှေ့ခန်းမှာ မမွေးပွင့်ရှိနေတယ်၊ မင်း ဘာဆုံးဖြတ်မလဲ"

သူ သူ့လက်ထဲမှာ ရောက်ရှိနေပြီဖြစ်သည့် ကားသော့ကို ငုံ့ကြည့်မိပြီးမှ မယုံနိုင်စွာ မောင်မောင့်ကို ကြည့်သည်။ မောင်မောင့် မျက်နှာတွင် စောစောကလို ပြုံးရယ်ရိပ်မရှိ။ တည်ငြိမ်နေ၏။ သူ့ကိုလည်း တည်ငြိမ်စွာပဲ ကြည့်နေသည်။

"မင်း ဘာဆုံးဖြတ်ပါလို့ ငါ မတိုက်တွန်းဘူး ဖိုးပိုင် အကယ်၍ မင်းလက်ထဲကို ရောက်နေတဲ့ ကားသော့ကို ငါ့လက်ထဲ မင်း ပြန်အပ်လိုက်ရင်လဲ၊ မွေးပွင့်ငယ်ကို ငါ သူ့အိမ် ပြန်ပို့လိုက်ရမှာပေါ့၊ သူကတော့ မင်းကို အပြစ်... လွန်မိခဲ့တဲ့ ကလေးတစ်ယောက်လို အားငယ်စိတ်နဲ့ မင်း... မငံ့မရဲ မျှော်နေရှာတာပါ"

သူ ဖျတ်ခနဲ ထသည်။ မောင်မောင့်ကို သူ ဘာမှ မပြောဖြစ်တော့ဘဲ ခြေလှမ်းကျဲကြီးနှင့် ကားရပ်ထားရာဆီသို့ လျှော...



...။ အက်စ်အီးကားဖြူလေးသည် ဝါးရုံရိပ်အောက်ဝယ် မှန်အပြည့် ...င်ထားသော တံခါးရွက်များ စေ့ပိတ်လျက် ရှိနေသည်ပါပဲ။

မှန်က ကားအတွင်းပိုင်းကို မမြင်ရအောင် နေကာမှန် ...များ တပ်ထားသည်မို့ အတွင်းဘက်ကို သူ ဘာမျှမမြင်နိုင်။

ကားတံခါးကို သူ ဖွင့်စဉ်မိုက် ရင်တွေအရမ်းလှုပ် ...ားနေသည်ပါပဲ။

ကားတံခါးရွက် ပွင့်သွားတော့ သူ အလောတကြီး ...ားတွင်းသို့ ဝင်သည်။

"မောင့် မမွေးပွင့်ရယ်"

မျက်ရည်များ သွယ်ဖြာလိမ့်ကျလျက်ဖြင့် သူ့ကိုမော့ ...ကြည့်နေရှာပါသော မွေးပွင့်ငယ်။

အပြစ်ရှိသူ တစ်ယောက်၏ အနေခက်ပုံလေးကို ...ကွယ်တတ်လောက်အောင် အနေခက် နောင်တရနေပုံလေးဖြင့် ...မော့လေး ကြည့်နေရှာပါသည့် မွေးပွင့်ငယ်။

ငါးလတာမျှ ကာလကြာရှည်စွာ သူ တွေ့ခွင့်မရခဲ့ပါ ...သည့် သူ၏ မြတ်နိုးပွင့်လေး။

ယခုတော့ မျက်ရည်များ တအိအိပြိုကျလျက် သူ့ကို ...ကြည့်ရင်းဖြင့် ...

"မှားခဲ့တာ ခွင့်လွှတ်ပါ မောင်"

ဟု ငိုသံတွေးတွေးဖြင့် လက်အုပ်လေးချီလျက် ကလေး ...တောင်းပန်ဟန်လေးကို သူ ငေးစိုက်တွေ့မြင်လိုက်ရပါပြီတည်း။

သူ့နှလုံးသားတို့ တင်းမခံသာ။

ဩော် ... ချစ်မြတ်နိုးတတ်လွန်းပါသည့် သူ၏နှလုံး ... တင်းမခံသာပါပြီတည့်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို အလောတကြီး ကိုင်းညွှတ်လျက် ကားတံခါးကို ဆွဲဖွင့်ပိတ်လိုက်ပြီးတာနှင့် သိမ်းကျုံးပွေ့ငင်ယူလိုက်မိရင်းမှ ...

"မမွှေးပွင့်ရယ် ..."

ခပ်ညည်းညည်း ခေါ်မိရင်းဖြင့် ညင်သာသော အနမ်းများသည် သူ အရမ်းလွမ်းရပါလေသော အလွမ်းမျက်နှာနုနုလေးထက်မှာ ကျရောက်ရပါပြီတည်း။

မွှေးပွင့်ငယ်၏ နှုတ်ဖျားဆီမှ ပွင့်ကျနေသော ရှိုက်သံမျှင်မျှင်သည် သူ၏နှလုံးအိမ်နှင့် နီးကပ်စွာ ရှိနေ၏။ မွှေးပွင့်ငယ်၏ နုနုဖူးဖူး မျက်နှာလေးသည် သူ၏နှလုံးအိမ်နှင့် နီးကပ်စွာ ရှိနေသည်ကိုး။ သူ့ကို လွမ်း၍ ကျနေသော မျက်ရည်များကို သူ မထားလို။ မဟန့်တားရက်။ သူ အရမ်းကို လွမ်းရပါသည့် အလွမ်းမျက်နှာလေးကို သူ့ရင်ခွင်မှာ သိမ်းပွေ့ ဖိကပ်ပေးထားမိရင်းဖြင့် ဆံနွယ်မျှင် နံ့နံ့အိအိလေးကို ငုံ့မိုးနမ်းရှိုက်လိုက်မိပါ၏။

သူ့ကို လွမ်းရလွန်းစိတ်ဖြင့် ကျလာပါသည့် မျက်ရည်များ စီးကျနေစေတော့ ... ဤအကြိမ်သည်လည်း နောက်ဆုံး ကျပါလေသော လွမ်းမျက်ရည်အဖြစ်သာ ရှိပါစေတော့ ...

သူနှင့် မမွှေးပွင့်တို့၏ အကြားတွင် အလွမ်းဆိုသော အရာ နောက်ထပ် ဖြစ်ပေါ်လာဖွယ် မရှိသည့် အနာဂတ်သာ ထာဝရ ရှိနေစေရမည်။

တကယ်တော့ သူနှင့် မမွှေးပွင့်သည် မလွဲမသွေ ပေါင်းစည်းရမည့် သူတွေပဲ ဖြစ်ကြရချေဦးတော့မည်။

သြော် ... မမွှေးပွင့်သည် သူ၏ မမွှေးပွင့်သာ ပိုင်ဖြစ်ရချေမည်သာတည်း။



၁၉

"သာဓု ... သာဓု ... သာဓုပါကွယ်၊ ဒီလင် ဒီမယား စိတ်အေးချမ်းသာစွာနဲ့ အိုအောင် မင်းအောင် ပေါင်းရပါစေ၊ အောင်မြင်တဲ့ ဘဝလမ်းကို ပိုင်ဆိုင်ကြရပါစေကွယ်"

ဒေါ်ဒေါ် ဆုပေးသံသည် ရင်တွင်းသို့ ငြိမ်းအေးစွာ စီးဝင်၏။

တရားရုံးတွင် လက်ထပ်ပြီး အိမ်ပြန်ရောက်တာနှင့် ဒေါ်ဒေါ့်ကို နှစ်ဦးသား ရိုကျိုးပျပ်ဝပ်စွာ ကန်တော့ကြခြင်းပါ။

"အေး ... ခုချိန်ကစပြီး မိမွှေးဟာ အိမ်ထောင်ရှင်မဖြစ်ပြီ၊ မောင်ရန်ပိုင်ကလဲ အိမ်ထောင်ရဲ့ ဦးစီးတာဝန်ကို ယူရပြီ၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်မြတ်နိုးကြလို့ လက်ထပ်ဖြစ်ကြတာကို မင်းတို့ကိုယ်တိုင် အသိဆုံးပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အိမ်ထောင်ရေးမှာ စိတ်အေးချမ်းသာဖို့ ဆိုတာ တစ်ယောက်သဘောကို တစ်ယောက် နားလည်ဖို့လိုတယ်၊ သည်းခံစိတ်ရှည်ဖို့ လိုတယ်၊ နှစ်ဖက်မျှတဲ့ အတွေးရှိသားဖို့ လိုတယ်၊ ဒေါ်ဒေါ် ပြောတာ မှတ်သားထားစေချင်တယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"အေး ... ခုတော့ နှစ်ယောက်စလုံးက ဟုတ်ကဲ့ပါ ဆိုတဲ့ စကားကို ညီညီညွတ်ညွတ် အသံထွက် ပြောနိုင်ကြပေမယ့် ကာလကြာရှည်တဲ့ အချိန်ထိ ဒီလိုပဲ ဟုတ်ကဲ့ပါ ဆိုတဲ့ စကားမျိုးကို ဆက်ပြောနိုင်၊ တကယ်လဲ အဲသလိုပဲ နေနိုင်ကြဖို့လိုတယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ ဒေါ်ဒေါ့် စကားကို နားထောင်ကြမှာပါ၊ မမွှေးပွင့်ကလဲ ဒေါ်ဒေါ့် ဆုံးမစကားကို မှတ်ထားနော်"

သူ ခေါင်းငုံ့၍ ငုံ့ပြောတော့ မွှေးပွင့်ငယ် ခေါင်းညိတ်ပြသည်ပါပဲ။

"မောင်ကလဲ ဒေါ်ဒေါ်က မွှေးပွင့်ရဲ့ ဒေါ်ဒေါ် ဆိုပေမယ့် အမေလိုပါပဲ၊ မမွှေးပွင့် တစ်သက်လုံး ဒေါ်ဒေါ့် ဆုံးမစကားကို နားထောင်လာခဲ့တာပါ၊ နောင်လဲ နားထောင်မှာပါ စိတ်ချပါ"

အတိုင်အဖောက် ညီနေသည့် သူတို့နှစ်ယောက်ကို မောင်မောင်နှင့် ခင်ခင်တို့ကလည်း ကြည်နူးပြုံးဖြင့် ကြည့်နေကြသည်ပါပဲ။

အဖြူရောင် ချိတ်ထဘီနှင့် ပိုးသားရင်စေ့ အင်္ကျီအဖြူရောင်လေးကို ဝတ်ဆင်ထားပါသည့် မမွှေးပွင့်ကို သူ ငေးငေးကြည့်မိသည်။ ဩော် ... တကယ့်ကို ပန်းဖြူလေး တစ်ပွင့်နှယ် လှလွန်းနေပါသည့် သူ၏ ဇနီးသည်လေးပါတကား။

ဆံနွယ်ရှည်ကြီးကို တစ်ချောင်းတည်း ကျစ်ချထားသည့် မမွှေးပွင့်။



မျက်နှာလေး ရှင်းထင်းနေလျက် ဖူးဖူးနုနုလေးကို လှနေသည်ပါပဲ။

ဆံနယ်ဦ စိမ်းနွဲ့နွဲ့လေးများက နဖူးပြင်ထက်ဝယ် ပျောင်းနွဲ့စွာ ရှိလင့်၏။ ပျောင်းနွဲ့ နန်းဆန်သည်နှင့်အမျှ မွှေးဥ နနယ်လွန်းသည့် အသွင်လေးဖြင့် ရှိနေပါသော မမွှေးပွင့်သည် ဤနေ့ ဤအချိန်မှစ၍ သူ၏ မမွှေးပွင့် ဖြစ်ရချေပြီတကား။

ရင်တွင်းသို့ ထိုအသိသည် အေးငြိမ်းစွာ စီးဝင်တည်မြဲရပါသည့် အဖြစ်။ မွှေးပွင့်ငယ်၏ လက်လေးကို ထွေးခနဲ ဆုပ်လိုက်မိလျက် ...

"ဒီကိစ္စမှာ မောင်တို့ ကျေးဇူးတင်ရမှာက ဒေါ်ဒေါ်ရယ်၊ ဒီက မောင်မောင်နဲ့ ခင်ခင်တို့ကိုပဲ မမွှေးပွင့်၊ ဒေါ်ဒေါ်ရဲ့ သဘောထားကြီးမှုနဲ့ နားလည်မှုကြောင့်ရယ် ... မောင်မောင်တို့ရဲ့ ဝိုင်းဝန်း ကူညီပေးမှုရယ်ကြောင့် မောင်တို့ ခုလိုနီးကြရတာ"

သူ ပြောတော့ မောင်မောင် ခေါင်းညိတ်သည်။

"မကြည့်ရက်လို့ပါကွာ၊ ဒီကို လာလိုက်ရင်လဲ မျက်ရည်လေးတယိုယို ဟိုဘက်သွားကြည့်လိုက်ရင်လဲ မျက်နှာလေးတအိုအို တငူငိုင်ငိုင်နဲ့ ဖြစ်နေကြတာ၊ ပြောလိုက်တဲ့ မာနစကားတွေကတော့ ပါးစပ်ပြည့်ပဲ၊ တကယ်တမ်းကျတော့ လွမ်းနေကြတာ၊ အဲဒါကို ငါတို့က သိနေတယ်၊ ဒါကြောင့် ဝင်ဖြေရှင်းပေးလိုက်တာ၊ ငါးလလောက်တော့ အမြင်ကတ်ကတ်နဲ့ မာနခဲတွေကို လက်ပိုက်ကြည့်နေတာ၊ နောက်တော့လဲ မနေနိုင်တော့ပဲ ဝင်ပါလိုက်ရတယ်"

မောင်မောင် ပြောပြီး ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ဇက်ချိုး ခါးချိုးနှင့် ထ,ရပ်သည်။

"အေး ... ပြန်လိုက်ဦးမယ်၊ မင်္ဂလာဆည့်ခံပွဲတွေ ဘာတွေ လုပ်မနေနဲ့၊ မင်္ဂလာဆွမ်းပဲ ကပ်ကြ၊ ပိုက်ဆံကို အပိုမဖြုန်းနဲ့ကွ"

မောင်မောင် ပြောတော့ ဒေါ်ဒေါ်ကလည်း ခေါင်းညိတ်သည်။

"မနက်ဖြန်မနက် သံဃာတော်ငါးပါးကို ပင့်ပြီး မင်္ဂလာဆွမ်း ကပ်ဖို့ စီစဉ်ထားတယ်"

ဟု ဒေါ်ဒေါ် ပြောပါ၏။

"နေ့လယ်ပိုင်းလောက်မှာတော့ အိမ်နီးပါးချင်းနဲ့ မင်းတို့ စမ်းယမုန်တိုက်က အားလုံးကို မုန့်ဟင်းခါးနဲ့ ဧည့်ခံမယ်၊ အဲဒါ တိုက်ကလူတွေအားလုံး လူကုန် မင်းခေါ်ခဲ့"

မောင်မောင် ခေါင်းညိတ်သည်။

"ကောင်းတယ်"

ဟု ထောက်ခံ၏။ စမ်းယမုန် တစ်တိုက်လုံး မနက်ဖြန် တကယ်ခေါ်လာမှာလည်း သေချာသည်။

"စမ်းယမုန်ကို ငါ သိပ်ကျေးဇူးတင်တာကွ၊ စမ်းယမုန်ကြောင့် မမွှေးပွင့်နဲ့ ငါ ခုလို ဆုံရတာ"

"အေးပါ ... အဲသလို ကျေးဇူးတင်တာကိုပဲ ကျေးဇူးတင်ရမှန်း သတိရတာကိုပဲ ငါကလည်း ကျေးဇူးပြန်တင်ပါတယ် ကိုကျေးဇူး သိရယ်"

မောင်မောင် တကယ်လည်း ပျော်နေသည်ပါပဲ။

မွှေးပွင့်ငယ် ယူလာပေးသော လက်ဖက်သုပ်ပွဲနှင့် ရေနွေးကြမ်းကို တပျော်တပါးပဲ ဝိုင်းဖွဲ့စားဖြစ်သည်။



"အေး ... ခုလို လက်ဖက်နဲ့ မင်္ဂလာပွဲလေးကို အထိမ်းအမှတ် လုပ်တာဆိုလဲ ငါသဘောကျတယ်"

မောင်မောင် ပြောပြီး လက်ဖက်သုပ်ပွဲကို မြိန်မြိန် ယှက်ယှက် စား၏။

"ကဲ ... မင်းတို့လဲ နားကြ၊ ငါလဲ တိုက်ကိုသွားလိုက်ဦး မယ်၊ ကြာရင် အယ်ဒီတာ ပြုတ်ကိန်းရှိတယ်၊ မနက်ဖြန် မနက်စောစော ငါလာခဲ့မယ်၊ မင်္ဂလာဆွမ်းအတွက် သံဃာ တော်များကို ငါ့ကားနဲ့ ကျောင်းမှာသွားပင့်လာခဲ့မယ်၊ ကဲ ... လောလောဆယ်ဆယ်တော့ ငါစာပေတိုက်ကို လစ်မှဖြစ်မှာ"

မောင်မောင် တကယ်ပဲ သုတ်သုတ်ပြန်၏။

ခင်ခင်လည်း နှုတ်ဆက်၍ ပြန်သွားသည်ပါပဲ။

ဒေါ်ဒေါ်လည်း ထိုင်ရာမှ ထ၍ ...

"နားကြဦး ... ဒေါ်ဒေါ် အိမ်ဆိုင် ဖွင့်ချေဦးမယ်"

ဟု အိမ်လေးပေါ်မှ ဆင်းသွားသည်။

မွှေးပွင့်ငယ် လက်ဖက်ပွဲကို သိမ်းသည်။ သူကိုယ် ဆိုင်ကလည်း စောစောက ချွတ်ထားသော တိုက်ပုံအကျီနေရာမှာပဲ ရှပ်အကျီ လည်ကတုံးကို ချွတ်၍ သွားထားသည်။

စွပ်ကျယ်ရှိုင်းပြတ်နှင့် သူ မီးဖိုခန်းထဲ ဝင်လာတော့ ပန်းကန်ဆေးနေသည့် မွှေးပွင့်ငယ်ကို လှမ်းလင့်မြင်ရ၏။

မွှေးပွင့်ငယ် ဘေးတွင် သူ ထိုင်လိုက်ရင်း ...

"မောင် ဘာကူလုပ်ရမလဲ မမွှေးပွင့်"

ဟု ပြုံး၍မေးသည်။ ပန်းကန်ကို ရေစစ်ပြီး အဝတ် ခြောက်ဖြင့်သုတ်ကာ မွှေးပွင့်ငယ် ခေါင်းယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်က သူဌေးသားပဲ၊ ဘာမှမလုပ်နဲ့၊ မမွေးပွင့်ပဲ လုပ်မယ်၊ ဟုတ်လား"

"မမွေးပွင့်ပဲ လုပ်မယ်၊ ဟုတ်လား"

သူ မျက်နှာကြီး တည်သွားလျက် ခေါင်းယမ်းရင်း_

"ဘယ်ဟုတ်မလဲ၊ လာ ... ဒီမှာ စကားထိုင်ကြရအောင်"

မွေးပွင့်ငယ်၏ လက်လေးကိုဆွဲ၍ ပြတင်းအနီးမှာ သူ ထိုင်သည်။ မွေးပွင့်ငယ်၏ ပခုံးလေးကို သူ့ဘက် ဆွဲလိုက်ရင်း မျက်နှာကြီး တည်လျက်ဖြင့် ...

"ဘာလို့ ဟိုဘက်ကို တိုးတိုးသွားနေရတာလဲ၊ ဒီမှာ လေအေးတိုးကုန်ပြီ၊ ကြားလေ အေးတာတောင် မခံနိုင်တဲ့ အချိန်ရှု"

ဟု သူ ပြောတော့ မွေးပွင့်ငယ် လွတ်ခနဲ ရယ်သည်။ သူလည်း လိုက်ရယ်သည်။

မွေးပွင့်ငယ်၏ ပခုံးလေးကို သူ့ဘက် ဆွဲယူသိမ်းထွေးထားလိုက်သည်။

"မမွေးပွင့် မကြားဖူးဘူးလား၊ မောင်တစ်ထမ်း မယ်တစ်ရွက်တဲ့၊ ကောင်းတူဆိုးဖက်တဲ့၊ အဲဒါ အိမ်ထောင်တစ်ခုမှာ တစ်ယောက်နဲ့ တစ်ယောက် ဖေးကူကြပို့၊ မျှဝေခံစားကြဖို့ အဓိပ္ပာယ်သက်ရောက်တဲ့ စကားပုံပဲ၊ အိမ်ထောင်ရေးမှာ သူဌေးသား ဆိုတာလဲ မရှိဘူး၊ ဆင်းရဲသား ဆိုတာလဲ မရှိဘူး၊ အချစ်ဆိုတာပဲ ရှိတယ်၊ မြတ်နိုးခြင်း ဆိုတာပဲရှိတယ်၊ စောစောက မောင်ပြောတဲ့ မျှဝေခံစားခြင်း ဆိုတာပဲရှိတယ်၊ ဖေးကူခြင်း ဆိုတာပဲ ရှိတယ်"

သူပြောတော့ မွေးပွင့်ငယ် မျက်ရည်ဝဲလာသည်။ သူ့လက်ကို ဆုပ်ကိုင်၍ ပါးတွင်အပ်ရင်း ...



"မောင်ရယ် ဒီလောက် သဘောထားပြည့်ဝတဲ့ မောင့်ကို မမွေးပွင့် အရမ်းကို ရိုင်းစိုင်းခဲ့ဖူးတယ်နော်၊ အဲဒီတုန်းက မမွေးပွင့်"

သူ မွေးပွင့်ငယ်၏ နှုတ်ခမ်းလေးကို လက်ချောင်းများဖြင့် ဖိကပ်ပိတ်ကျသွားစေလိုက်မိရင်းမှ ...

"အဲဒါတွေ မေ့ထားလိုက်တော့လေ၊ ဘာလို့ ဒီအချိန်ထိ သယ်ယူလာနေရတာလဲ၊ ခေါင်းထဲက ဖျောက်ပစ်လိုက်တော့၊ လာ ... မောင့် မမွေးပွင့်ကို မောင် ပြစရာရှိတယ်"

သူ ပြောပြီး မွေးပွင့်ငယ်၏ ပခုံးလေးကို ထွေးပွေ့ရင်းဖြင့်ပင် ညေ့ခန်းသို့ ဝင်ခဲ့၏။

တိုက်ပုံအင်္ကျီအိတ်ကပ်အတွင်းမှ စာအိတ်လေး တစ်အိတ်ကို သူယူသည်။

"ဒီစာအိတ်ထဲမှာ မောင် စပ်ထားတဲ့ ကဗျာတစ်ပုဒ်ရှိတယ်"

ပြုံးသည့်အပြုံးက မူပိုင် စိတ်ရှည်သည်းခံသော အပြုံးပါပဲ။

"ဟင် ... မောင်က ကဗျာစပ်တယ်၊ တကယ်"

မျက်နက်ဝန်းလေးများ ရွှန်းကြည်လွန်းစွာဖြင့် တအံ့တသြလေးလည်းဖြစ်၊ ကြည်နူးနေသမျှကိုလည်း မဖုံးကွယ်သာဘဲ မေးလာသည့် မွေးပွင့်ငယ်၏ အသွင်လေးကို တမြတ်နိုးနိုး ငုံ့မိုးကြည့်ရင်းဖြင့် ...

"ဟုတ်တယ် ... တကယ်"

ဟု ခပ်တိုးတိုး ဖြေသည်။ မွေးပွင့်ငယ်၏ မျက်နှာလေးကို လက်ဖဝါးဖြင့် ဖေးကူအုပ်မိုး၍ တစိမ့်စိမ့် ငေးစိုက်ကြည့်သည်။ သူ့မျက်ဝန်းတွေမှာ ကြင်နာနူးညံ့ရိပ်တွေ ပြည့်လျှံနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်ပါပဲ။ နောက် စိတ်လှုပ်ရှားမှုတွေကိုလည်း မဖုံးကွယ်နိုင်အောင် သူ ရင်နှင့်အပြည့် ခံစားနေရသည်ပါပဲ။

"မောင်လေ မမွှေးပွင့်ကို သိပ်ချစ်တာ"

သူ့အသံတွေ အရမ်းကို နူးညံ့မွှေးထွေးနေသည်။ ညင်သာ သိမ်မွေ့နေသည်။

"မောင် ... မမွှေးပွင့်ကို ဘာလို့ချစ်လဲ သိလားဟင်"

သူ မျက်နှာကိုငုံ့၍ မေးတော့ မွှေးပွင့်ငယ် မျက်လွှာလေး ကမန်းကတန်း ယှက်ချလိုက်ရင်း ...

"ဟင့်အင်း"

ဟု ရှက်စနိုးလေး ပြေသည်။ သူ့အကြည့်တွေက မွှေးပွင့်ငယ်၏ ရှက်စနိုး အသွင်လေးကို မြတ်နိုးစွာပဲ ဟာစိမ့်စိမ့် ကြည့်နေသည်ပါပဲ၊ ဤမိန်းကလေးသည် သူ၏နှလုံးသားဆီသို့ မြတ်နိုးစွဲလမ်းခြင်း ဆိုသည့် ခံစားမှုကိုလည်း ပေးပို့ထားနိုင်ခဲ့လေပြီ။

သူ၏ဘဝကိုလည်း ပိုင်စိုးနိုင်ခဲ့ပြီးပြီ။

သူနှင့် မွှေးပွင့်ငယ်တို့သည် ခွဲခွာ၍ မရနိုင်တော့။ တစ်သားတည်း ဖြစ်ခဲ့ပြီးပြီ။

"ဟောဒီက ရီးသားဖြူစင်တဲ့ မျက်လုံးလေးတွေ၊ အကြည့်လေးတွေ၊ ဟန်ပန်လေးတွေ၊ အရိုးခံအတိုင်း နေတတ် ပြောတတ်တဲ့ အမူအရာလေးတွေ အဲဒါတွေကြောင့် မောင်ချစ်တာ၊ မောင့် မမွှေးပွင့်ဟာ ဟန်ဆောင်ခြင်းဆိုတဲ့ အရာတွေနဲ့ ဘယ်လိုမှ မပတ်သက်တဲ့ အရိုးခံဟန်လေးတွေ ပြည့်ဝနေတဲ့ မိန်းကလေး ဖြစ်နေတယ်၊ အဲဒါကို မောင်မြတ်နိုးတာ၊ မောင် စွဲလမ်းတာ၊ မောင် မခွဲနိုင်တာ ..."



ပြောနေရင်းဖြင့်ပင် သူ မွှေးပွင့်ငယ်၏ ကိုယ်နွဲ့နွဲ့လေးကို သိမ်းမွေ့ ထွေးပိုက်ထားလိုက်ကာ ချစ်ရသူ၏ မျက်နှာလေးကို ရင်မှာ ဖိကပ်ထားလိုက်မိပါ၏။

"မောင် ပြောမယ်၊ မောင့်ကို ကြည့်စမ်းပါဦး၊ မောင့် မျက်နှာကိုကြည့်ပြီး မောင်ပြောတဲ့ စကားကို မမွှေးပွင့် နားထောင်နော်၊ ဒါ ... မင်္ဂလာဦးကာလမှာ မောင်ပြောမယ့် စကား"

သူ ညင်ညင်သာသာ ပြောလည်းပြော၊ မျက်နှာလေးကို မေးဖျားမှ ပင့်မော့စေတော့ မွှေးပွင့်ငယ် သူ့ကို ရှက်ရိပ်ကဲစွာပဲ မော့ကြည့်ရှာပါ၏။

"မောင့်ဆီက အချစ်တွေကို အမြဲ ဒီလိုပဲ မရချင်ဘူးလားဟင် ..."

သူ မေးတော့ မွှေးပွင့်ငယ် ရှက်စနိုးလေး ခေါင်းငုံ့ဖို့ကြိုးစားသည်။

ဒါပေမဲ့ သူ့လက်က မွှေးပွင့်ငယ်၏ မျက်နှာလေးကို ဆွဲမော့ထားရင်းဖြင့် ပြုံး၍ ...

"ဘာလို့ ခေါင်းငုံ့နေချင်ရတာလဲ၊ မောင့်ကို မော့ကြည့်ပြီး ပြောစမ်းပါ"

"ရချင်ပါတယ် မောင်"

မျက်တောင်နှစ်ဖက်ကိုတော့ ရှက်စနိုးလေးဖြင့် ဖွတ်ဖွံ့ပိတ်ချပြီးမှ မွှေးပွင့်ငယ် ခပ်တိုးတိုး ပြေရှာတော့ သူ မချင့်မရဲဖြင့် မျက်ခွံလေးများကို ဖိကပ်နမ်းရှိုက်လိုက်မိသည်ပါပဲ။ ရင်ထဲတွင် မြတ်နိုးရလေသမျှ တယုတယ နမ်းရှိုက်မပြေတော့သည့်အဖြစ်။

"အဲသလို မောင့်အချစ်တွေကို မမွှေးပွင့် အမြဲရချင်တယ် ဆိုရင် အမြဲ ဒီလိုပဲ နေရမယ်၊ ခုလိုပဲ အရိုးခံ စိတ်ထားလေး

www.burmeseclassic.com



တွေ ရှိနေရမယ်၊ ဒီစိတ်ထား ဒီအပြုအမူ ဒီလိုဆံပင်ရှည်ရှည် ဒီလို သိမ်သိမ်မွေ့မွေ့၊ အို ... အားလုံး ဒီလိုပဲ မပြောင်းမလဲ ရှိနေရမယ် ကြားလား၊ မောင် မမွှေးပွင့်ကို လှတာတစ်ခု တည်းနဲ့ ချစ်တာ မဟုတ်ဘူး၊ စောစောက မောင်ပြောပြတဲ့ မမွှေးပွင့်ရဲ့ အရည်အသွေးလေးတွေလဲ ပါတယ်၊ အဲဒါကြောင့် ချစ်တာ"

ငုံ့မိုး၍ ငေးစိုက်ကြည့်ရင်းမှ သူ ပြောနေရာမှ မရှင်း မရဲပြင့် ထွေးခနဲ ပွေ့ယူထားလိုက်ရင်းမှ ...

"မမွှေးပွင့်ဟာ ပန်းဖြူလေး တစ်ပွင့်လို မောင့် အမြင်မှာ ဖြူစင်နုးညံ့နေတယ်၊ လှပ မွှေးဦနေတယ်၊ အဲဒါကို မောင် ချစ်တာ၊ အဲသလိုပဲ အမြဲတမ်း မမွှေးပွင့်ကို ရှိနေစေချင်တယ်"

သူ ပြောပြီး မွှေးပွင့်ငယ်၏ နဖူးပြင်လေးကို သူ့ နဖူးဖြင့် ထိကပ်လိုက်လျက် ...

"အဲဒါတွေကို မပြောင်းလဲရဘူးနော် ကြားလား"

"ဟုတ်ကဲ့ပါ မောင်"

ခပ်တိုးတိုးလေး ဖြေတော့ သူ ပြုံး၍ ခေါင်းညိတ်သည်။

"ဟုတ်ပြီ၊ ကဲ ... မောင့်ကဗျာလေးကို မောင့် မမွှေးပွင့် ဖတ် ကြည့် မောင်က မမွှေးပွင့်ကို ချစ်တယ် မဟုတ်လား စာတွေ ပိုဖတ်တယ်၊ ကဗျာတွေလဲ ပိုဖတ်တယ်၊ မမွှေးပွင့် အတွက် စာအုပ်တွေ ရှာရင်း ဖွေရင်းနဲ့ စာတွေ ကဗျာတွေ ဖတ်ဖတ်လာလိုက်တာ ကဗျာစပ်ချင်လာတဲ့ အထိပဲ"

ပြောပြီး သူရယ်သည်။ အစစ ရင်ထဲမှာ ပျော်နေတာပဲ ရှိနေသည်။ ကြည်နူးနေတာတွေပဲ ရှိနေသည်။



ခုလို ချစ်ရသူလေးကို တွေ့ဆုံရင်း စကားတွေပြော နေရသည်ကိုက ကြည်နူးကျေနပ်ဖွယ်ရာ။

"မောင်က ဆယ်တန်းတုန်းကလဲ မြန်မာစာဂုဏ်ထူးရခဲ့တဲ့ မောင်ပဲ၊ ခုလို ချစ်သူကို ချစ်ရလွန်းတဲ့စိတ်နဲ့ ခံစားနေရလေ သမျှကို ကဗျာစပ်ချင်စိတ် ပေါ်ပေါ်လာတော့ နည်းနည်းရှက် တက်တက် ဖြစ်နေရင်းနဲ့ပဲ ဒီကဗျာကို စပ်ခဲ့တာ၊ မမွှေးပွင့် မကဲ့ရဲ့ရဘူးနော်၊ ကဗျာလေးက ညံ့ချင်ညံ့နေမှာ"

သူ ပြောတော့ မွှေးပွင့်ငယ် သူ့ရင်ခွင်ထဲ တိုးဝင်ရင်း ...

"မမွှေးပွင့်က ဘာလို့ ကဲ့ရဲ့ရမှာလဲ မောင်၊ မမွှေးပွင့်ကို ချစ်လို့ စပ်တဲ့ ကဗျာလေးပဲ ဥစ္စာ"

"ဪ ... သတိရလို့ ပြောရဦးမယ်၊ မမွှေးပွင့် ခုလိုစကား ပြောတဲ့အခါမှာ မမွှေးပွင့် မမွှေးပွင့် ဆိုပြီး နာမည်ထည့် ပြောတာကိုလဲ မောင်ချစ်တယ်၊ အဲသလိုပဲ အမြဲပြောမပြင်နဲ့၊ တချို့က ကိုယ့်နာမည်ကိုဆိုရင် အဖျားဆွတ်တာတို့ ဘာတို့နဲ့ ပြောတတ်တယ်၊ ဥပမာ မမွှေးပွင့် ဆိုတဲ့ နာမည်ကို မွှေး ... ပွင့် ... ငယ် ... အစရှိသဖြင့် တစ်လုံးတည်း ခေါ်တာမျိုး ဆိုရင် စောစောက မမွှေးပွင့် ဆိုတဲ့ အနေအထားမျိုးလို မောင် မချစ်ဖူး၊ ဘယ်လောက် ချစ်စရာကောင်းလဲ၊ နာမည် ရှေ့မှာ မ,ဆိုတာကိုလဲ ထည့်ထားတယ်၊ ဒါ မိန်းကလေး အများစုမှာ ထည့်ပြောလေ့မရှိတဲ့နာမည်၊ မမွှေးပွင့်က ဒီလို၊ မမွှေးပွင့်က ဟိုကဲ့သို့ စသဖြင့် နာမည်လေး ထည့်ထည့်ပြော တဲ့ နေရာမှာ အဲဒီ မ,ဆိုတဲ့ အရာလေးကို ထည့်ထည့်ပြော တာကိုလဲ မောင် ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတော့ မွေးပွင့်ငယ် မောင့်ကို မော့ကြည့်ပါပြီ။

မောင်သည် အချို့နေရာများမှာ သူများတွေနှင့်စာတွေ ရှိနေတတ်သည့် အဖြစ်ကို ဗိုဂျ်နားလည်လာသည်။

သူတစ်ပါးအတွက် အသေးအဖွဲပေမယ့် မောင့်အတွက် သတိတရဖြင့် အလေးထားစရာ ဖြစ်ချင် ဖြစ်နေတတ်သည့် သဘော။ အသေးစိတ် ကြည့်ချင် ကြည့်တတ်သည့်သဘော။ မြတ်နိုးတတ်သည့် သဘော။

"ကဲ .. ရော့ မောင့်ကဗျာ ဖတ်ကြည့်"

ဒုလိုက်ကျတော့လည်း မောင်က ရှက်သယောင်ယောင်ဖြင့် မျက်နှာဆော့ ရဲချင်နေသည်။

ကဗျာကို ပေးဖက်ရ၍ ဆိုတာ မွေးပွင့်ငယ် သိသည်ပေါ့။

ကဗျာလေးကို ဖတ်လည်း ဖတ်ကြည့်စေချင်ပုံရသည်။ ရှက်လည်း ရှက်နေပြန်၏။

ဤသို့ကျတော့လည်း မောင်သည် ကလေးတစ်ယောက်နှင့်တူနေပြန်သည်လေ။

ကဗျာစာရွက်လေး ထည့်ထားရာ စာအိတ်ကို မွေးပွင့်ငယ် လက်ထဲ ထည့်ပေးပြီး မောင့်နှုတ်ဆီမှ ...

"အဟင်း ... ကဲ့ရဲ့တော့မှာပဲ"

ဟု ရှက်နေသမျှကို စကားကြိုခံထားနှင့်သည်။

မွေးပွင့်ငယ် ပြုံး၍ ကဗျာလေးကို စာအိတ်လေးထဲမှ ထုတ်သည်။ ဖြန့်၍ ဖတ်မည် လုပ်တော့ မောင့်ထံမှ ...

"နေဦး ... အဲ ... ဟုတ်ပြီ ... ဖတ်တော့"



မွေးပွင့်ငယ် ရယ်လိုက်မိပါပြီ။ မွေးပွင့်ငယ်၏ ကိုယ်လေးကို ဖျတ်ခနဲ ထွေးပွေ့၍ မွေးပွင့်ငယ်၏ မေးဖျားလေးကို ဝခုံးပေါ် ဖေးတင်ထားပြီးမှ ကဗျာလေးကို ဖြန့်ဖတ်စေသည့် မောင်။

သဘောက ကဗျာဖတ်နေသည့် မွေးပွင့်ငယ်၏ မျက်နှာလေးကို မကြည့်ရဲသည့် သဘော။

မွေးပွင့်ငယ်၏ မျက်နှာလေး မောင့်ပခုံးပေါ် မေးဖျားလေးတင်၍ မောင့်ရင်ခွင်မှာ မေးမှီရင်းဖြင့် မောင် ကျောပြင်ဘက်မှာ လက်လေးတွေ ရောက်နေလျက် ကဗျာလေးကို ဖြန့်ဖတ်စေသည့် မောင်။

အဘယ်မျှ ကလေးဆန်လိုက်ပါသလဲလေ၊ အဘယ်မျှ ချစ်ဖို့ကောင်းလိုက်ပါသလဲလေ။

ကဗျာလေးကို မွေးပွင့်ငယ် ဖတ်လိုက်မိပါပြီ။

အို ... အဘယ်မျှ လှလိုက်ပါသည့် စာသားလေးလဲလေ။

မျက်တောင်လေး စင်းကျသွားလျက် နွေးထွေးရှိန်းမြနေသော ရင်ခုန်ခြင်းဖြင့် မွေးပွင့်ငယ် ကဗျာလေးကို ဖတ်နေမိရပါပြီ။

ပွင့်ဖတ်ဝတ်လွှာ ဖြူစင်စွာဖြင့် ...

အလှတင်နေ ...

အို ... မွေးပွင့်လေသာ ...။

မွေးပွင့်ငယ် မျက်ရည်လေးများ ဝဲလာရပါပြီ။ ကြည်နူးမျက်ရည်ပါ။

မောင်ရယ် ...။ ရေးတတ်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



လေညင်းမှာ မွှေးရနံ့ဂုဏ်သတင်းနဲ့ ဖြူစင်စွာ အလှတင့်နေစေချင်သတဲ့လား မောင်။

မမွှေးပွင့်ကို မွှေးပွင့်လေသာ အဖြစ် ရှိစေချင်သတဲ့လားရှင်။ ကြည်နူးစိတ်ဖြင့် ကဗျာလေးကို မွှေးပွင့်ငယ် ဆက်ဖတ်နေမိရပါပြီ ... မောင်။

❦ ❦ ❦



ပွင့်ဖတ်ဝတ်လွှာ၊ ဖြူစင်စွာဖြင့်
အလှတင့်နေ ...
အို ... မွှေးပွင့်လေသာ ...။

အေးမြချမ်းငြိမ်း၊ ခပ်သိမ်းအလှ
တင့်တယ်စွလေ ...
အို ... မွှေးပွင့်လေသာ ...။

မာန်မာနကင်း၊ ဖြူသန့်ရှင်းစွာ
မထည်ဝါချေ ...
အို ... မွှေးပွင့်လေသာ ...။

ရနံ့မပြင်း၊ ထုံသင်းမွှေးကြူ
ပန်းဖြူတစ်ပွင့်၊ ဂုဏ်ရှိန်တင့်စွာ
တည်ငြိမ်ပါလေ ...
အို ... မွှေးပွင့်လေသာ ...။

အရိုးစင်းဆုံး၊ ငါ့နှလုံးမှာ
မင်းနေပါလေ ...
အို ... (မောင့်) ...
မွှေးပွင့်လေသာ ...။ ။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com







## ၂၀

"ထုံးစံအတိုင်းပေါ့ကွာ၊ အန်တီသန့်ကတော့ သူ သဘောမတူတဲ့ မိန်းကလေးကို လက်ထပ်သွားတယ် ဆိုတာ့ ပိုပြီး ပြတ်သားသလို နေပြတာပေါ့၊ မင်းစိတ်ကြိုက် မင်းဖန်တီးသွားတဲ့ ကိစ္စမှာ သူ့ဘက်ကလဲ သူပြောထားတဲ့အတိုင်းပဲ ဆက်ပြီး ရပ်တည်သွားရမှာပဲတဲ့၊ အဲသလို ပြောတယ်"

မင်္ဂလာကိစ္စ ပြီးချိန်မှာ မန်ကျည်းရိပ်ရှိ ခုံတန်းလေး ထိုင်ရင်း မောင်မောင် ပြောသည်။

သံဃာတော် ငါးပါးဖြင့် မင်္ဂလာဆွမ်းလည်း ကပ်ပြီး ဆရာတော် သံဃာတော်များအား ကျောင်းတိုက်များသို့လည်း သည်ပို့ဆောင်ပြီးခဲ့ပြီ။

စမ်းယမုန်မှ လူများနှင့် အိမ်နီးပါးချင်းများကိုလည်း ာင်းခါးဖြင့် မင်္ဂလာပွဲ အထိမ်းအမှတ်ကို ကျွေးမွေးနဲ့ပြီးပြီ။

နေ့လယ်ဘက် တစ်နာရီခွဲလောက်မှာ အားလုံး လူရှင်း ေွးပွင့်ငယ်နှင့် ဒေါ်ဒေါ်တို့မှာ ခင်ခင်နှင့်အတူ အိမ်ပေါ်မှာ ည်းဆေးကြော ကျန်ရစ်ခဲ့၏။ သူနှင့် မောင်မောင်ပဲ နစ်ယောက် မန်ကျည်းရိပ်မှာ ထိုင်၍စကားပြောဖြစ်ကြခြင်းပါ။

www.burmeseclassic.com



မောင်မောင် သူ့ကိုကြည့်ပြီး သက်ပြင်းတစ်ချက် ရှိုက်၏။ သူ့မျက်နှာ မကောင်းတာကိုတော့ မောင်မောင် မြင်နေသည်ပဲလေ။

"အေးပေါ့ကွာ၊ မိဘပဲ ခဏတစ်ဖြုတ်တော့ ဒီလိုရှိမှာပေါ့၊ နောက်တော့လဲ အန်တီသန့် စိတ်ပြေသွားမှာပါ၊ ငါးလလောက် သော်ဒါဆောင်မှာပဲ မင်း ရှိနေတော့ တစ်နေ့မှာ မင်း ပန်းနရိပ်ကို ပြန်ဝင်လာမှာပဲလို့ အန်တီသန့်က မျှော်လင့်ထားတာ မင်းကို မွေးပွင့်ငယ်က လုံးဝလက်စဲမှာ မဟုတ်ဘူးလို့လဲ ထင်နေတာ၊ မင်းမှာ ဘာစီးပွားဉစ္စာမှ မရှိတော့တဲ့နောက် မှာ မွေးပွင့်ငယ်တို့ဘက်က ပိုပြီးငြင်းလိုက်ကြပြီလို့ ထင်နေ တယ်လေ၊ အဲဒီလို ရှိနေချိန်မှာ မင်းဘက်က မွေးပွင့်ငယ်နဲ့ ပြန်ပြီးပြေလည် တစ်ပတ်အတွင်း လက်ထပ်ဖြစ်သွားကြတယ် မဟုတ်လား"

ဟုတ်သည်။ မွေးပွင့်ငယ် အင်ကြင်းသို့ လိုက်လာပြီး သည့်နောက်မှာ ဒေါ်ဒေါ်ထံသို့ သွားခဲ့ကာ လက်ထပ်ခွင့်ပန်ခဲ့ကြ သည်ပဲ။ ဒေါ်ဒေါ်ကလည်း သူတို့နှစ်ယောက်အပေါ် နားလည်သည်။ မေမေ့ စကားတွေ အပေါ်မှာလည်း အာဃာတ မထားတော့။ မောင်မောင်လည်း တစ်ပါတည်း လိုက်ခဲ့သည်ပဲ။ လက်ထပ်ဖို့ကိစ္စ အားလုံးတိုင်ပင်ကာ နေ့ကောင်းရက်မြတ်ရွေး၍ တစ်ပတ်အတွင်း တရားရုံးမှာ လက်ထပ်ဖြစ်ခဲ့သည်။

ဤနေ့တွင် မင်္ဂလာကိစ္စ အကျွေးအမွေးကိစ္စကို အကျဉ်း ရုံး၍ လုပ်ကိုင်ပြီးစီးခဲ့ပြီ။ ဒါပေမဲ့ ဤမင်္ဂလာပွဲတွင် သူ့ဘက်မှ မိဘသည် ရှိမနေနိုင်ခဲ့။



ဤအတွက် သူ စိတ်မကောင်း၊ သူ့မင်္ဂလာပွဲသည် နှစ်ဖက် မိဘဆွေမျိုးများ သိုင်းဝိုင်းစွာဖြင့် မဖြစ်တည်နိုင်ခဲ့သည့် အတွက် သူ စိတ်ထိခိုက်ရသည်ပါပဲ။

ဒါပေမဲ့ သူ ဘာတတ်နိုင်ချေမည်တဲ့လဲ။

"ငါ့ဘက်ကလဲ ဝတ္တရားရှိနေတယ်လေ၊ ဒါကြောင့်လဲ မနေ့က မင်းတို့ နှစ်ယောက် တရားရုံးမှာ လက်ထပ်လိုက်တဲ့ ကိစ္စကိုရော ဒီနေ့မှာ မင်္ဂလာပွဲ အကျွေးအမွေး အကျဉ်းရုံး လုပ်တဲ့ ကိစ္စရော ဒီမနက်မှာပဲ အန်ကယ့်ကိုရော အန်တီသန့် ကိုရော ငါ အသိပေးလိုက်တယ်၊ အန်ကယ်နဲ့ အန်တီသန့် တို့ကိုလဲ လာစေချင်တဲ့စိတ် မင်းဘက်က ရှိနေတယ် ဆိုတာ ကိုလဲ ငါ ပြောလိုက်ပါတယ်၊ ဒါပေမဲ့ အန်တီသန့်ကတော့ ငါတို့ မျှော်လင့်ထားတဲ့ အတိုင်းပဲ ခေါင်းခါတယ်၊ အန်ကယ် ကတော့ အန်တီသန့် ရှေ့မှာ ဘာမှ မပြောပါဘူး ငြိမ်နေ တယ်"

သူ ငိုင်နေသည်ပါပဲ။

ဒက်ဒီနှင့် မေမေတို့ စိတ်ထိခိုက်ကြမှာကို သူသိ သည်။ ဤအတွက် သူ စိတ်မကောင်း။

ဒါပေမဲ့ မြတ်နိုးသော မိန်းကလေးကို ဤသို့မှ လက် ထပ်လျှင်လည်း ဝေးကြဖို့ပဲရှိကြသည်။ သူ မွေးပွင့်ငယ်ကို အဆုံး ရှုံးမခံနိုင်။

"အေးကွာ… ဒက်ဒီနဲ့ မေမေလဲ စိတ်ကောင်းကြမှာ မဟုတ် ဘူး၊ ငါ့ အိမ်ထောင်ရေးကို ငါ့သဘောနဲ့ ငါ ဆုံးဖြတ်တဲ့ ကိစ္စမှာ ဒက်ဒီနဲ့ မေမေ စိတ်မကောင်း ဖြစ်ရသလို မွေးပွင့် လဲ မျက်နှာငယ်ရရှာတာပါပဲကွာ၊ ခုလို မင်္ဂလာပွဲ အကျွေး

www.burmeseclassic.com

www.burmeseclassic.com



အမွေးလုပ်တဲ့ နေရာမှာ ငါ့ဘက်က မိဘတွေ ပါမလာတာကို ဒီဝန်းကျင် ဒီအသိုင်းအဝန်းလေးကလဲ သတိထားမိကြမှာပါပဲ၊ ဘာကြောင့် မလာကြတာလဲ ဆိုတာကိုလဲ သဘောပေါက် နေကြမှာပဲ၊ ဒီအတွက် မမွေးပွင့်လဲ မျက်နှာငယ်တာပေါ့"

သူ ပြောပြီး သက်ပြင်းရှိုက်သည်။ ရင်ထဲမှာ မကောင်းနိုင်။

မန်ကျည်းရိပ်တွင် ထိုင်နေခိုက် နေပူထဲ ရှိနေရသူတစ်ယောက်လိုပဲ ရင်ထဲမှာ ပူပြင်းနေရသည်ပါပဲ။ ငှက်လေးများ၏ ကျိုးကျိုးကျည်ကျည် မြည်သံသည်လည်း စိတ်ကို မကြည်နူးစေနိုင်။

"ဒါပေမဲ့ ... ငါမှာ ဒီလမ်းပဲ ရွေးစရာရှိတယ်၊ မမွေးပွင့်မှာလဲ ဒီလမ်းပဲ ရွေးစရာ ရှိနေတယ်၊ ဒက်ဒီနဲ့ မေမေ စိတ်ထိခိုက်မှာ - မမွေးပွင့်ဘက်က ဝန်းကျင်မှာ အထိုက်အလျောက် မျက်နှာငယ်ရမှာ - အဲဒါတွေကို တွေးနေရင် မမွေးပွင့်နဲ့ ငါ ဝေးကြဖို့ပဲ ရှိတယ်"

သူ ပြောတော့ မောင်မောင် ခေါင်းညိတ်သည်။

"မင်းကို မမွေးပွင့် တကယ့်ကို ချစ်တာကွ၊ အတော်ကြီးကို ချစ်တာ၊ မမွေးပွင့်က အေးအေးဆေးဆေးလေး နေတတ်တာ အမှန်ပဲ၊ ဒါပေမဲ့ မာနတော့ ရှိတယ်၊ အဲဒီမာနကို ဘေးဖယ်ထားလိုက်ပြီး မင်းကို သူ လက်ထပ်တာ မင်းပြောသလိုပေါ့ သတို့သားဘက်က မိဘ လုံးဝရောက်မလာတဲ့ မင်္ဂလာပွဲလေးမှာ မင်းမိဘဘက်က သဘောမတူလို့ ဒီလိုမလာတာပဲဆိုတာ ဒီအဝန်းအဝိုင်းကလူတွေ အလိုလို နားလည်ထားပြီးမယ့်ကိစ္စပဲ၊ ဒီအတွက် မမွေးပွင့်ဘက်က ကြည့်ရင် ရှက်ဖို့ကောင်း



တာပဲ မဟုတ်လား၊ သူ့ကို မင်းနဲ့ မတူမတန်ဘူးလို့ မင်းမိဘဘက်က သဘောပိုက်ထားတယ် ဆိုတဲ့ သဘောဖြစ်နေတာကိုး၊ အဲဒါကို မမွေးပွင့် ရင်ဆိုင်ရခဲ့တာ မင်းကို တော်တော့်ကို ချစ်လို့ပေါ့"

"ဟုတ်တယ်၊ ဒါ သူ့ဝန်းကျင် သူ့အဝန်းအဝိုင်းလေ၊ ငါက ဒီကို ခုမှ စတင်တိုးဝင်လာတဲ့သူ၊ သူ့ဝန်းကျင်မှာ သူနဲ့ ရင်းနှီးနေတဲ့ အဝန်းအဝိုင်းမှာ သူ မျက်နှာငယ်ရတဲ့အတွက် ငါ စိတ်မကောင်းဘူးကွာ"

သူ ထိထိခိုက်ခိုက် ပြောမိခြင်းပါ။

"အန်ကယ်က မင်းအတွက် စာတစ်စောင် ထည့်ပေးလိုက်တယ်၊ အန်တီသန့် မသိဘူး၊ စမ်းယမုန်ကို အန်ကယ်ကိုယ်တိုင် လိုက်လာပြီး ပေးသွားတာ၊ ရော့ ... ဘာတွေရေးထားမှန်းလဲ ငါမသိဘူး၊ ဒါကြောင့် မမွေးပွင့် ရှေ့မှာ ငါမပေးတာ၊ မသိသင့် မသိထိုက်တာ ဆိုရင်လဲ သိုသိုသိပ်သိပ်ပဲ နေလိုက်ပေါ့ကွာ"

စာအိတ်နှစ်လုံးကို မောင်မောင် ကမ်းပေးသည်။

တစ်အိတ်က တော်တော်ထူသည်။ တစ်အိတ်ကတော့ စာအိတ်ငယ်လေးနှင့် ခပ်ပါးပါးပဲ ဖြစ်နေသည်။ အညိုရောင်စာအိတ်ရှည်ကြီးကတော့ ထူထူထဲထဲ နိုင်၏။

သူ မောင်မောင့် တိုက်ပုံအကျႌအတွင်း အိတ်ကပ်ထဲမှ ထုတ်ပေးလာသည့် စာအိတ်နှစ်လုံးကို ယူသည်။

သူ့ပန်းနုရိပ်မှ ထွက်ခွာခဲ့ပြီးသည့် နောက်ပိုင်းမှာ ပထမဆုံး အကြိမ်အဖြစ် ဒက်ဒီဘက်မှ ဆက်သွယ်လာသည့် အဖြစ်ကို သူ ကြုံကြိုက်ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



အေးအေးနေတတ်သော ဒက်ဒီ့ကို သူ ချစ်လည်းချစ်၏။

အရမ်းလည်း ရှိသေသည်မှာ အမှန်ပါ။

စာအိတ်အငယ်ကို သူ ဦးစွာ ဖောက်ဖတ်သည်။

"သား ...

သား အိမ်ထောင်ပြုလိုက်ပြီ ဆိုတာ ဒက်ဒီ့ကို မောင်မောင် ပြောတယ်။ အဆိုးအကောင်းကို ဒက်ဒီမဝေဖန်လိုဘူး ...

ဒါပေမဲ့ သားရဲ့ မင်္ဂလာပွဲကို ဒက်ဒီ မရောက်နိုင်တာဘာမှ တာဝန်မကျေနိုင်တာကိုတော့ ဒက်ဒီ စိတ်မကောင်းဘူး။ မိန်းကလေးဘက်ကိုလဲ အဲဒီအတွက် ဒက်ဒီ အားနာတယ်_

သားရဲ့မေမေဟာ ခုထိ စိတ်မာတတ် ပြင်းထန်နေဆဲပဲ။ လက်ရှိအချိန်မှာ သူ့ကို ဒက်ဒီ ဂရုစိုက်ရမယ့် အချိန်ဖြစ်နေတယ်။ သားအတွက် သူ အရမ်းခံစားနေရတယ်။ ဒါကို သား နားလည်မှာပါ။ သားရဲ့မေမေ့ စိတ်ဓာတ်ကို သားသိတာပဲ။ ခင်ပွန်းကို ချစ်တဲ့နေရာ၊ သားကိုချစ်တဲ့နေရာမှာ သားရဲ့မေမေဟာ မခွဲနိုင်လောက်အောင်ကို ချစ်တယ်ဆိုတာ သား သိပါတယ် ...

သူ စိတ်ထိခိုက်နေတာ အမှန်ပဲ။ သားကို သိပ်လွမ်းနေတာလဲ အမှန်ပဲ။ မခွဲနိုင်တဲ့ သားကို ခွဲနေရတဲ့အတွက် သူ အရူးတစ်ပိုင်း ဖြစ်နေတယ် ...

ဒါပေမဲ့ စိတ်ကို မလျှော့ချသေးဘူး သား။ ဒီအချိန်မှာ သူ့ဆီမှာ ဒက်ဒီ ရှိနေသင့်တယ်။ ဖျောင်းဖျလို့ မရနိုင်တဲ့ အချိန်မို့ ဒက်ဒီ ငြိမ်နေလိုက်တယ် သား။ စိတ်လျှော့



ပြုလာချိန်ကျမှပဲ ဖျောင်းဖျတာဟာ ထိရောက်မယ်လို့လဲ ဒက်ဒီ နားလည်တယ်။ သူဟာ ဒက်ဒီ့မိန်းမလေ ...

ကိုယ့်မိန်းမရဲ့ အကျင့် ကိုယ့်မိန်းမရဲ့ စိတ်ထားကို ဒက်ဒီ အသိဆုံးပေါ့။ ခုလို စိတ်ဓာတ်ပြင်းထန် မာကျောနေချိန်၊ နာကြည်းနေချိန်မှာ ဖျောင်းဖျစကား ဘယ်လိုမှ တိုးဝင်နိုင်မှာ မဟုတ်ဘူး။ ပိုဆိုးကုန်မယ်။ သားဆီကို ဒက်ဒီ ဝင်ထွက်တာကို သားရဲ့မေမေ သိရင် သူ့ဘက်က ပိုပြီး ခံစားသွားရမှာကို ဒက်ဒီ စိုးရိမ်တယ်။ ဒါကြောင့် လောလောဆယ်မှာ ဒက်ဒီ မလာသေးဘူး သား ...

ဒါပေမဲ့ တတ်စွမ်းနိုင်သမျှ အခြေအနေ ပေးသမျှနဲ့တော့ ဒက်ဒီ့ဘက်က တာဝန်ကျေချင်တယ်။ ဒါကြောင့် ဒီစာကို ရေးလိုက်တယ် ...

သားကို ဒက်ဒီ တစ်ခု ပြောချင်တယ် ...

သားသမီးဆိုတာ မိဘအပေါ်မှာ မာနမထားရဘူး သား ...

ပန်းလေညင်းကို သား ဖွင့်ခဲ့တာဟာ တစ်နေ့မှာ အိမ်ထောင်ပြုတဲ့အခါမှာ အဆင်သင့် ဆေးခန်းဖွင့် စားနိုင်အောင် စီစဉ်ထားတဲ့သဘောမျိုးပါတဲ့ စွပ်စွဲစကားကို သားရဲ့မေမေ ပြောခဲ့တယ်ဆိုတာ ဒက်ဒီ သိတယ်။ ပန်းလေညင်းကို သား မဖွင့်ဘဲ သမဝါယမဆေးခန်း တစ်ခုမှာ သား ဆေးခန်းထိုင်နေတယ် ဆိုတာကိုလည်း ဒက်ဒီ သိတယ် ...

အဲဒီအတွက်- ဒက်ဒီ ပြောမယ် ...

မိဘအပေါ်မှာ မာန ဆိုတာ မထားရဘူး မထားသင့်ဘူး သား၊ သားချစ်တဲ့ မိန်းကလေးကိုသာ သား လက်ထပ်လိုက်

www.burmeseclassic.com



တာကို ဒက်ဒီ အပြစ်မတင်ဘူး။ ဒါပေမဲ့ မိဘအပေါ်မှာ မာနထားပြီး ပန်းလေညင်းကို မဖွင့်ဘဲနေတာကိုတော့ ဒက်ဒီ ဝမ်းနည်းတယ် …

သားကို တိုးတက်ကြီးပွားစေလိုတဲ့ မေတ္တာနဲ့ ပန်းလေညင်းကို ဒက်ဒီ ဖွင့်စေခဲ့တာပါ …

သား ဘာကို ဆက်လုပ်သင့်တယ် ဆိုတာ ဒက်ဒီ မပြောဘူး။ ပန်းလေညင်းကို ဖွင့်သင့်တယ် ထင်ရင် ဖွင့်ပါ။ သားဟာ ဒက်ဒီ့ အပေါ်မှာ နားလည်တဲ့ သား ဖြစ်မယ်လို့ ဒက်ဒီ ယုံကြည်တယ် …

သားရဲ့ ဇနီးဟာ ဒက်ဒီ့ သမီးပါ …

သားနဲ့ သမီးအတွက် ဒက်ဒီ ငွေနှစ်သောင်း မောင်မောင်နဲ့ ထည့်ပေးလိုက်တယ်။ လိုအပ်တဲ့ နေရာမှာ သုံးပါ။ ဘဏ်မှာ သားနာမည်နဲ့ ရှိတဲ့ ငွေတွေကိုလည်း ထုတ်မသုံးဘူးဆိုတာ ဒက်ဒီ သိတယ် …

လိမ္မာပါ သားရယ် …

သားဟာ ဘယ်နေရာမှာပဲ ရှိရှိ၊ ဒက်ဒီ့သား အဖြစ်ကတော့ ထွက်ခွာမသွားနိုင်ပါဘူး။ သားကို ဒက်ဒီ ချစ်တယ် …

တစ်နေ့မှာ ဒက်ဒီတို့ မိသားစု အတူတကွ နေကြရမှာပါ …

သားနဲ့ သမီးရဲ့ အိမ်ထောင်ရေး ထာဝရ အေးချမ်းသာယာဖို့ မင်္ဂလာဦးဆုမွန်အဖြစ် ဒက်ဒီ ဆုတောင်းပေးလိုက်ပါတယ် …

ဒက်ဒီ။

စာဆုံးသွားတော့ သူ မျက်ရည်ဝဲနေသည်။



ရင်ထဲမှာ အသိတရားနှင့် နောင်တသည် ချက်ချင်း ဝိုတည်သည်။

ဒက်ဒီ ပြောသော စကား။ သားသမီးဆိုတာ မိဘအပေါ်မှာ မာနမထားရဘူး ဆိုသည့် စကား။

ပန်းလေညင်းကို သူ ဖွင့်ကို ဖွင့်ရမည်။ ဤသည်ကား ချက်ချင်း ဖြစ်တည်သော ခိုင်မာသည့် ဆုံးဖြတ်ချက်။

"ဘာတဲ့လဲ ကွ"

ငိုင်နေသော သူ့ကို ကြည့်လျက် စိတ်လက်ပူစွာ မောင်မောင် မေးသည်။ သူ့မျက်နှာ မကောင်းဘဲ ရှိနေတာမို့ မကောင်းသတင်းဘဲ စာထဲမှာ ထည့်ပေးထားသည်ဟု မောင်မောင် ထင်ပုံရ၏။

သူဘာမျှ ပြန်မပြောဘဲ စာကို ပေးဖတ်လိုက်တော့ မောင်မောင် ယူဖတ်သည်။

စာဆုံးတော့ …

"အေးကွာ၊ အန်ကယ်ကတော့ သနားစရာပဲ၊ သူ့ဘက်ကတော့ တာဝန်ကျေနိုင်သမျှ အခြေအနေပေးသမျှ လုပ်ကိုင်ပေးရှာတာပဲ၊ ဒီထဲမှာ ငွေတွေပါလာတယ်လို့လဲ ငါမသိဘူးကွ"

မောင်မောင်က စာအိတ်ထူကြီးကို လှမ်းကြည့်၍ ပြောတော့ သူ ငြိမ်သက်နေသည်။

ဤငွေကို မယူ၍လည်း ဖြစ်မည်မဟုတ်။ ဘာကြောင့်ပဲ ဖြစ်ဖြစ် သူ ငြင်းလိုက်သည်ဆိုလျှင် ဒက်ဒီ ဘယ်လိုမှ စိတ်ကောင်းမှာ မဟုတ်။

"ဒက်ဒီ့ကို ပြောပြလိုက်ပါကွာ၊ ပန်းလေညင်းကို ငါ ပြန်ဖွင့်မယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းတယ်၊ အန်ကယ် ဝမ်းသာရှာမှာ၊ အေး... ဒီလို ငွေတွေ ဘာတွေ ပေးလာတဲ့ ကိစ္စကိုရော မွေးပွင့်ငယ်ကို အသိပေးမလား၊ သိရင် ဝမ်းသာမယ်လို့တော့ ငါ ထင်တယ်"

သူ ငိုင်နေ၏။ မျက်ခုံးကို တွန့်ကွေး၍ အတန်ကြာ စဉ်းစားသည်။

"ပြောလို့ မရဘူး မောင်မောင်၊ ဒက်ဒီဘက်က ပေးလာ ကမ်းလာတာဆိုပေမဲ့ မေမေ့ စကားက ရှိထားတော့ မမွေးပွင့် စိတ်ထဲမှာ ဒီငွေကိစ္စကို လက်ခံချင်မှ လက်ခံမှာ၊ မင်း ပြောသလို ဒက်ဒီ့ကို နားလည်ပြီး ဝမ်းသာရင် ကောင်းတယ်၊ မေမေ့ စကားကို နာကြည်းပြီး ဒီငွေတွေကို လက်မခံဘူးဆိုရင် ငါ့မှာ လက်ခံထားရင်လဲ ပြဿနာ၊ မယူဘဲ နေရင်လဲ ဒက်ဒီ ဘယ်လိုမှ စိတ်ကောင်းမှာ မဟုတ်ဘူး။ ဒါကြောင့် မပြောဘဲ ထားလိုက်ရင် ကောင်းမယ်လို့ ငါ ထင်တယ်"

သူ ပြောတာကလည်း ဖြစ်နိုင်တာမို့ မောင်မောင် သက်ပြင်းရှိုက်ရင်းဖြင့် ...

"ဒီမာနဆိုတာတွေကိုက ခက်တာပါကွာ"

ဟု ခပ်ညည်းညည်း ပြော၏။

"လောလောဆယ် ဒီငွေကို မင်း သိမ်းထား၊ လိုတဲ့အခါမှာ ငါ ယူမယ်၊ အိမ်မှာ ထားရင်လဲ မမွေးပွင့် တွေ့သွားမှာ၊ ငွေတွေ ဒီလောက် များများစားစား တွေ့ရင် မေးလားမြန်းလား လုပ်မှာ သေချာတယ်၊ အဲဒီမှာ မယူရဘူး ဘာညာဆိုပြီး ဖြစ်လာရင် ငါ စိတ်ဆင်းရဲရမှာ၊"



သူ ပြောတော့ မောင်မောင် ခေါင်းညိတ်သည်။

"ကောင်းတယ်၊ အဲဒီတော့ သူ ခေါင်းမီးတောက်မယ့်ကိန်းနဲ့ ဝေးတယ်"

"ဒက်ဒီ မေးရင် ငွေတွေအားလုံး ငါ ယူထားတယ်ဆိုတာကို ပြောလိုက်ပါ၊ ခုလို ဒက်ဒီ ငါ့အပေါ် ချစ်တာကိုရော ငါ သိပ်ဝမ်းသာနေတယ်လို့ ပြောပေးပါကွာ၊ တကယ်လဲ ငါ ကြည်နူးဝမ်းသာပါတယ်၊ ပန်းနုရိပ်မှာ ဒက်ဒီနဲ့ မေမေ ငါ့ကို ချစ်တာမှန်ပေမယ့် ခုလို ပန်းနုရိပ်က အချစ်အတွက် ထွက်ခွာသွားချိန်ထိ ဒက်ဒီ ငါ့ကို နားလည်ပေးတာ၊ ချစ်နေတာကိုကျတော့ ငါ ဘယ်လို ဝမ်းသာမှန်း မသိဘူး၊ ပန်းနုရိပ်မှာ ငါရှိချိန်နဲ့ ခုအချိန်နဲ့က အဖြစ်ချင်း အခြေအနေခြင်း မတူတော့ဘူးလေ၊ ဒါကို ပြောတာပါ"

ပြောရင်းဖြင့်ပင် သူ့အသံတွေ တိမ်ကျသွားသည်။

ရင်ထဲတွင် ဆို့ကျပ်နေ၏။

ဒက်ဒီ့ မေတ္တာကို သူ သိရလေ၊ ရင်ထဲမှာ ဒက်ဒီ့ကို ပိုတွေ့ချင်လေပါ။

မန်ကျည်းရိပ်တွင် ထိုင်နေတာမို့ ပန်းလေညင်းနှင့် နီးကပ်စွာ ရှိနေသည်ပါပဲ။

ထိုင်လက်စ သမဝါယမ ဆေးခန်းမှာ သူ ပြောပြသင့်တာ လုပ်သင့်တာကို တင်ပြပြောဆိုပြီးတာနှင့် ပန်းလေညင်းကို သူ ပြန်မွှင့်ရချေမည်။

ပန်းလေညင်းကို ပြန်မွှင့်ဖို့ကိစ္စအတွက် မွေးပွင့်ငယ်နှင့် အရေးအတင် ပြောဆိုရချေမည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ စကားကြောင့် ပန်းလေညင်းကို ဘယ်တော့မှ မဖွင့်စေချင်တာ မမွေးပွင့်၏ မာနကြောင့် ဆိုတာကိုလည်း သူ သိနေသည်။

ဒါပေမဲ့ ပန်းလေညင်းကို ဖွင့်ဖြစ်အောင် သူ ကြိုးစားချမည်ပေါ့။



၂၁

မွေးပွင့်ငယ်၏ မျက်နှာလေးမှာ ပြုံးရိပ်ထင်မနေ။ တင်းမာရိပ်သာ ရှိနေ၏။ သူ သက်ပြင်းရှိုက်ကာ မွေးပွင့်ငယ်၏ လက်ချောင်းလေးများကို ထွေးယူလိုက်ရင်းမှ ...

"ဘာပဲဖြစ်ဖြစ် ကိုယ်ပိုင်ဆေးခန်းဆိုတော့ ပိုကောင်းတာပေါ့ မမွေးပွင့်ရယ်၊ ပြီးတော့ ပန်းလေညင်းဟာ ဒီမြေဒီခြံဝင်းထဲမှာ ရှိနေတာပဲ၊ ဒီခြံမြေဟာ မမွေးပွင့်တို့ရဲ့ ပိုင်ဆိုင်တဲ့ နေရာပဲ၊ ပန်းလေညင်းမှာ မောင် ဆေးခန်းထိုင်တဲ့ ကိစ္စမှာ မောင်က မိန်းမ အိမ်မှာ ဆေးခန်းဖွင့်တဲ့ ဆရာဝန် ဖြစ်နေသေးတယ်၊ ဒါပေမဲ့ ဒီလို အတွေးမျိုးကို မောင် မတွေးသလို မောင့်မိဘ တည်ထောင်ပေးလိုက်တဲ့ ဆေးခန်း ဆိုတာကိုလဲ မမွေးပွင့် မတွေးသင့်ဘူးလေ"

သူ ဖျောင်းဖျပြောပေမယ့် မွေးပွင့်ငယ်၏ မျက်ဝန်းလေးတွေ ပျော့ပျောင်းမလာသေး။ တင်းမာနေဆဲ။

နှုတ်ခမ်းကို တင်းနေအောင် စေ့ပိတ်ထားလျက် ခေါင်းမာဟန်လေးဖြင့် ငြိမ်နေသော မွေးပွင့်ငယ်ကို သူမ စိတ်မောမောဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com

"မောင် စိတ်ညစ်တယ် မမွှေးပွင့်ရယ်"

ဟု ခပ်ညည်းညည်း ပြောကာ ပြတင်းအနီးမှာ သွားရပ်သည်။

"မာနဆိုတာကို လျှော့လိုက်ပါလား မမွှေးပွင့်၊ မောင် ကိုယ်တိုင် မမွှေးပွင့်ဆီမှာ ရှိနေပြီးတဲ့ နောက်မှာ တချို့ကိစ္စတွေကျတော့ စိတ်ကို လျှော့ချလိုက် သင့်တယ်လို့ မောင်ထင်တယ်"

ပန်းလေညင်းကို သူ ဖွင့်မည်ဆိုကတည်းက မွှေးပွင့်ငယ် အကြောက်အကန် ကန့်ကွက်သည်။ မေမေ့ စကားကို မေ့နိုင်ဟန် မတူသော မွှေးပွင့်ငယ်၏ စိတ်မှတ်ကြီးသည့် ဒဏ်ကို သူ စိတ်ဆင်းရဲစွာ အစဉ်တစိုက် ခံစားသွားရတော့မလို ဖြစ်နေရပြီ။

"မောင်က ဒီပန်းလေညင်းကို ဖွင့်မှ ဖြစ်မှာလား"

မွှေးပွင့်ငယ်၏ လေသံက ပြတ်သားရိပ်ပါနေ၏။

သူ နားလည်ပါသည်။ မေမေ့ စကားကလည်း ဤပန်းလေညင်းကို မွှေးပွင့်ငယ်က အမြော်အမြင် အတွက်အချက်နှင့် ဖွင့်ဖို့ သွေးဆောင်ခဲ့သည်ဟု ဆိုထားသည့်သဘော ဖြစ်နေသည် မဟုတ်ပါလား။

ယခုလို သူ တကယ်ပဲ မွှေးပွင့်ငယ်နှင့် လက်ထပ်ဖြစ်ပြီးသည့်နောက်မှာ ပန်းလေညင်းကို ဖွင့်မည်ဆိုလျှင် တကယ်ပဲ သူ့ကို မွှေးပွင့်ငယ် နိုင်းစားသည့်သဘော။

ပန်းလေညင်းကိုလည်း ထိုအတွက် ရည်ရွယ်၍ ဖွင့်ဖို့ ပြောဆိုသွေးဆောင်ခဲ့သည့် သဘောမျိုးကို မေမေ့အပေါ် ချေချက် ပေးလိုက်သလို ဖြစ်သွားချေမည်ပေ့။

ဤအတွက် မွှေးပွင့်ငယ် ပန်းလေညင်းကို လုံးဝ စေချင်မှန်း သူ နားလည်၏။



"မောင် ပြောပြမယ် မမွှေးပွင့်၊ မျက်နှာထားလေးကို ခဏလောက် လျှော့ချလိုက်ပြီး မောင် ပြောတာကို သေချာနား ထောင်ပါလား မမွှေးပွင့်ရယ်၊ လာ ... မောင့်ဘေးမှာ ထိုင်"

သူ ပြုံး၍ မွှေးပွင့်ငယ်ထံ သွားကာ ချော့ချော့မော့မော့လေး ခေါ်လျက် သူနှင့် မမွှေးပွင့်တို့ တစ်ကြိမ်က ကပ်ကပ်သပ်သပ်လေး ထိုင်ခဲ့ရာ တံခါးမကြီးမှာပဲ ကပ်သပ်၍ ကျပ်သိပ်သိပ်ပဲ ပြန်ထိုင်သည်။

"မှတ်မိသေးလား၊ မောင် အတင်းဒီနေရာမှာ ဖွတ်တိုးကပ်ထိုင်တာလေ အဟင်း ... ဟင်း"

သူ ရယ်၍ ပြောတော့ မွှေးပွင့်ငယ်၏ မျက်ဝန်းလေးတွေမှာ ပြုံးရိပ်သမ်းလာ၏။

ငုံ့မိုး၍ ကြည့်နေရာမှာ သူ ရယ်သည်။ ရင်ထဲမှာ ပေါ့ပေါ့ပါးပါး ဖြစ်စပြုလာ၏။

"အဲဒီတုန်းက မောင်က မွှေးပွင့်ကို ရည်းစားစကား စပြောတာလေ မှတ်မိသေးလား၊ အဲဒီတော့ မမွှေးပွင့်က ရှက်ရှက်နဲ့ ဒီမှာ ထိုင်တော့ မောင်က လူလည်ပဲ၊ အတင်း ဒီမှာ ကပ်သပ်ပြီး ဝင်ထိုင်တာ မမွှေးပွင့်က ပြောတယ်၊ ဆရာကလဲ တဲ့ ဒီမှာ ကျပ်နေပြီတဲ့၊ မောင်ကလဲ ဒီမှာပဲ ထိုင်ချင်တယ်လို့ ပြောတယ်လေ၊ မမွှေးပွင့်လဲ ဒီမှာပဲ ထိုင်ရမယ်လို့ ပြောခဲ့တာလေ၊ ပြီးတော့ ဘယ်လောက် ချစ်ရကြောင်းတွေ အတင်း ပြောပြောနေမိတာတွေလေ၊ မှတ်မိသေးလား"

"မောင်နော် မှတ်မိသေးလား၊ မှတ်မိသေးလားနဲ့ မမွှေးပွင့်ကိုများ ဦးနှောက်မကောင်းတာ ကျနေတာပဲ၊ မှတ်ဉာဏ်မကောင်းတဲ့ လူများ မှတ်နေလား"

www.burmeseclassic.com

www.burmeseclassic.com



ချက်ဆောင်းလေးခဲ၍ မွှေးပွင့်ငယ် ပြောတော့ သူ ရယ်သည်။ နှစ်ယောက်သား ခုလိုကျတော့လည်း တပြုံးပြုံး ဖြစ်လာကြရပြီ။

"ဒါဖြင့် အဲဒီ အဖြစ်တွေကို မမွှေးပွင့် အမြဲ မှတ်မိနေတယ် ဆိုပါတော့၊ ဒါကြောင့် ပြောတာ၊ မမွှေးပွင့်ဟာ မောင့်ကို လိမ်ချက်ကောင်းကို ပြောကြတယ်၊ မောင်မောင်ကလဲ ပြောတယ် အဲ ... ဟောဒီ မောင့် နှပုံးသားကလဲ ပြောတယ်၊ မမွှေးပွင့်ဟာ မောင့်ကို သိပ်ချစ်တယ်တဲ့လေ၊ မောင် ဘာပဲပြောပြော မမွှေးပွင့်က နားထောင်မှာပဲတဲ့"

သူ ဘာကို ဆိုလိုနေမှန်း၊ ဘယ်လို ဦးတည်နေမှန်း ရိပ်စားမိပုံဖြင့် ...

"ဘာလဲ ... ပန်းလေညင်းကို ဖွင့်ဖို့ ကိစ္စကို မောင့်ကိုချစ်တဲ့ စိတ်ကြောင့် မမွှေးပွင့်က သဘောတူမယ်ဆိုတဲ့ စကားမျိုးကို ရေလာမြောင်းပေး လုပ်နေတယ်ပေါ့လေ၊ ဟွန်း ... လူလည်"

သူ ရယ်တော့ မွှေးပွင့်ငယ်လည်း လိုက်ရယ်သည်။ နှစ်ဦးစလုံး၏ ရင်မှာ ပေါ့ပါးလာကြသည့်အဖြစ်။

"ဒါက ဒီလိုရှိတယ် မိန်းမရဲ့"

သူ မွှေးပွင့်ငယ်၏ ခေါင်းလေးကို ပုတ်၍ ပြောသည်။ ခေါင်းလေးကိုလည်း လက်ဖဝါးဖြင့် သိမ်းအုပ်မိုး၍ သူ့ဘက် ဆွဲယူလိုက်ကာ ပခုံးထက်မှာ မေးတင်ထားမိသည်။ ဆံစလေးများကို လည်း လက်ဖြင့် သပ်ပေးမိရင်းဖြင့် ...

"မောင့်မိန်းမကို မျက်စိအောက်က အပျောက်မခံနိုင်ဘူးကွာ နောက်တစ်ခုက ပန်းလေညင်းကို အစကတည်းက ဖွင့်မှုခဲ့ ပြီးမှ ခုလို မောင် တခြားနေရာမှာ ဆေးခန်းသွားထိုင်နေတယ်



ဆိုတော့ အားအမြင်လဲ မကောင်းဘူး၊ အဲဒါက တစ်ချက်ဆိုပါ တော့၊ မောင် ဒီဝန်းလေညင်းမှာ ရှိခြင်းအားဖြင့် မမွှေးပွင့် ကလဲ မောင့်ကို ဆေးခန်းမှာ ကူညီနိုင်တယ်၊ ဆေးမွှေးတို့၊ ဘာတို့ ယူပေးတာမျိုး၊ ဟော ... မောင်က ဘယ်ဆေး ဘယ်ဆေး စားဆေးတွေ ပေးဖို့ လူနာနဲ့ ပတ်သက်လို့ ရေးပေးခဲ့တဲ့အခါမှာ အဲဒါတွေကို ပလတ်စတစ်အိတ်ငယ်လေး တွေနဲ့ပဲဖြစ်ဖြစ်၊ စက္ကူကတော့ သေးသေးလေးတွေနဲ့ပဲဖြစ်ဖြစ် ဟောဒီက မောင့် မိန်းမက ဆေးတွေကို ထည့်ပေးတာမျိုး၊ အဲဒါ လုပ်ပေးနိုင်မယ်"

ကလေးတစ်ယောက်ကို ချော့မော့ပြောသလိုမျိုး သူ ပြောပြီး၊ မွှေးပွင့်ငယ်ကို ပြုံး၍ ခေါင်းငဲ့ကြည့်သည်။ သူ့ပခုံးမှာ ခေါင်းလေး တင်ထားသည့် မွှေးပွင့်ငယ်၏ နဖူးလေးကို ခေါင်းဖြင့် တစ်ချက် တိုက်လိုက်ရင်းမှ ...

"ပျော်စရာ မကောင်းဘူးလား"

ဟုလည်း ပြုံး၍ မေးသည်။

"ဟော ... ပတ်ဝန်းကျင်မှာလဲ မောင်က ဆေးခန်းထိုင်တယ်၊ မောင့် မိန်းမက မောင့်ကို ကူညီတယ်၊ ဘယ်လောက် အမြင်တင့်တယ်လဲ၊ ဟော ... မောင့် မိန်းမ စာရေးတဲ့အခါ မောင်က အားမှာ အဖော်လုပ်တယ်၊ စာမူတွေ ပို့တဲ့အခါ အတူတူသွားတယ်၊ ဘယ်လောက် တင့်တယ်လဲ၊ ဒီလိုပေါ့ မမွှေးပွင့်ရယ်၊ မောင်နဲ့ မမွှေးပွင့်လဲ တစ်ယောက်မျက်နှာတစ် ယောက် အမြဲ မြင်မြင်နေရတယ်၊ ခုဆို မောင် သမဝါယမ ဆေးခန်းကို သွားသွားနေရတာ ဘယ်လောက် ခရီးဝေးလဲ၊ ဘတ်စ်ကား တိုးစီးရ ဘာရနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတော့ မွေးပွင့်ငယ် သက်ပြင်းရှိုက်သည်။

"အဲသလို မောင့် ဆေးခန်းမှာ မောင့် မိန်းမက ကူညီနေတာကို မောင် ကြည်နူးသလို မောင့် မိန်းမကလဲ ကူညီခွင့်ရလို့ ကြည်နူးမှာပဲ မဟုတ်လား၊ ဘာလဲ မမွေးပွင့်က မောင့်ကို မကူညီချင်ဘူးလား၊ မောင်ကဖြင့် မမွေးပွင့် စာရေးရင် လက်ဖက်သုပ်စားရင်း ထိုင်ထိုင် စောင့်ပေးရတာ"

သူ ပြောတော့ မွေးပွင့်ငယ် ရယ်သည်။

သူ့ကို လုပ်ကိုင်ကူရမည်ဆိုသည့် အချက်ကြောင့်ထင့် မျက်နှာလေး အနည်းငယ် ကြည်လင်လာရှာသည်။

"မောင်က သိပ်ပြောတတ်တာပဲ"

မွေးပွင့်ငယ် ခပ်ဖွဖွ ညည်းတော့ သူ ရယ်သည်။

"လောလောဆယ် မောင့်ကို မမွေးပွင့် ကူညီရမှာ တစ်ခု ရှိတယ်၊ ပန်းလေညင်းကို ဖုန်တွေ ဘာတွေ လှည်းကျင်းကူညီ ပေးပါလား"

"မောင် မမွေးပွင့်ကို ဘာလို့ ဒီလောက်ထိ ချော့မော့ပြောနေ ရတာလဲ၊ မမွေးပွင့်ကို အချော့ကြိုက်လို့များ မှတ်နေလား"

"ဟင့်အင်း ... အမြှောက်ကြိုက်လို့ပဲ မှတ်ဟယ်"

မွေးပွင့်ငယ်၏ လက်သီးဆုပ်လေးတွေ သူ့ပခုံးပေါ် ကျ၏။ ဒါပေမဲ့ မွေးပွင့်ငယ် တံမြက်စည်းကို သွားယူရှာသည်ပါပဲ။

"မောင့်ကို ချစ်လွန်းလို့ လိုက်လျှောရတာနော်၊ ဒါပေမဲ့ ဆေးခန်းအတွက် လိုအပ်တဲ့ ဆေးတွေကို မွေးပွင့်ငယ် စုထားတဲ့ ပိုက်ဆံနဲ့ပဲ ဝယ်ရမယ်"

မာန စကားဆိုတာ သူ သိသည်။ ဒါပေမဲ့ သူ နားလည်ပေးပါသည်။



"အိုကေ ... ရတယ်၊ မောင့်ကိုတော့ မိန်းမ တည်ထောင်ပေးတဲ့ ပိုက်ဆံနဲ့ ဆေးခန်းထိုင်တဲ့ ဆရာဝန်လို့ ပြောမှာ မကြောက်ဘူးလား"

"အို ... ဘာဆိုင်လို့လဲ"

သူ ရယ်သည်။ မွေးပွင့်ငယ်၏ မျက်နှာလေးကို ချစ်နိုးလေး ငုံ့နမ်းရင်းမှ ...

"အဲသလို ပြောကြရင်လဲ မောင်က ဂရုမစိုက်ပေါင်ဗျာ၊ မောင့်ကို မွေးပွင့်ငယ်က ချစ်လွန်းလို့ မျက်စိအောက်မှာ ထားတာ၊ အရိပ်တကြည့်ကြည့် ထားတာလို့ပဲ မောင်က ကြွားမှာ၊ အရေးကြီးတာက မောင်နဲ့ မွေးပွင့်တို့ အိမ်ထောင်ရေး သာယာဖို့ပဲလေ"

သူ ပြောပြီးသည့်နောက် ပါးပြင်လေးကို ငုံ့နမ်း၍ ...

"သိပ်ချစ်တာပဲ မမွေးပွင့်ရယ်"

ဟု ညည်းဖွဖွ ပြောမိသည်။ နောက် မွေးပွင့်ငယ်၏ ပခုံးလေးကို သိမ်းပွေ့၍ အိပ်ခန်းတွင်းသို့ သူ ဝင်သည်။

သူ့အဝတ်အစားတွေ ထည့်ဖို့ဆိုကာ မွေးပွင့်ငယ် တမြတ်တနိုး ချက်ချင်း ဝယ်ထားရှာသော ဗီရိုငယ်လေးကို သူ ဖွင့်သည်။

"မောင့်မိန်းမက သားရေအိတ်ဆွဲ ဆင်းလာတဲ့ချစ်သူကို အဝတ်ထည့်ဖို့ ဗီရိုငယ်လေးကအစ ဝယ်ပေးရတာ၊ ပြီးတော့ ထမင်းကျွေးထားရတာ၊ အိမ်ပေါ်တင် ကျွေးထားရတာဗျ"

သူ ပြောတော့ မွေးပွင့်ငယ် မျက်နှာလေး ရဲ၍ ...

"ဘာလို့ ပြောတာလဲ မောင်၊ အိမ်ထောင်တစ်ခုမှာ ဒီလိုအား ပြောဖို့ မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး မကောင်းနိုင်ဘဲ ပြောရှာသမျှ သူ ငြိမ်း၍ ...

"အဲဒါကြောင့် ပြောတာပေါ့၊ စောစောက စကားမျိုး ပတ်ဝန်းကျင်က မောင့်ကို ပြောနိုင် ဝေဖန်နိုင်ကြမယ်ဆိုတာ မောင် သိသားပဲ၊ ဒါပေမဲ့ မမွှေးပွင့်ကို မောင် လက်ထပ်ချင်တယ်၊ မောင့်ဘဝမှာ ကောင်းတူဆိုးဖက် နေသွားချင်တယ်၊ အဲဒီလို နေဖို့ဆိုတာ ဝန်းကျင်က ဖြစ်ပေါ်လာမယ့် အသံတွေကို ရင်ဆိုင်နိုင်စွမ်းရှိဖို့ လိုအပ်တယ်ဆိုတာကို မောင် သိတယ်၊ အဲသလိုပဲ မောင့်မိန်းမကလဲ မောင့်လိုပဲ ဝန်းကျင်နဲ့ ပတ်သက်ပြီး ရင်ဆိုင်ရဲတဲ့ ခံနိုင်ရည်စွမ်း ရှိဖို့လိုတယ်၊ ဒီအချိန်မှာ ဘယ်သူ့စကားသံကိုမှ ဂရုမစိုက်ရဘူး၊ မောင့်မေမေ ပြောခဲ့တာကိုလဲ အာရုံမထားနဲ့၊ ဝန်းကျင်က မောင့်ကို ပြောတာကို မောင်က ဂရုမစိုက်သလို မောင့် မမွှေးပွင့်ကလဲ ဂရုမစိုက်နဲ့"

သူ ပြောပြီး ဗီရိုအတွင်းမှာ ထည့်ထားသော သားရေအိတ်ကို သူ ယူသည်။ ဇစ်ကို ဆွဲဖွင့်ကာ မွှေးပွင့်ငယ်ထံ လျှောက်လာသည်။

မွှေးပွင့်ငယ်နှင့် ကပ်၍ ခုတင်ထက်မှာ သူ ထိုင်သည်။

"ရော့ ... မမွှေးပွင့်နဲ့ ဝေးနေရတဲ့ ငါးလတာ ကာလရယ်၊ ခု လက်ထပ်ပြီးတဲ့နောက်မှာရယ်၊ မောင် ဆေးခန်းထိုင်လို့ ရတဲ့ ငွေတွေထဲက စုဆောင်းထားတဲ့ငွေ"

သူ ငြိမ်း၍ ငွေထုပ်ကို ပေးတော့ မွှေးပွင့်ငယ် မော့ကြည့်သည်။

"ဘာလဲ မယူချင်ဘူးလို့ ပြောမလို့လား၊ မိန်းမဆိုတာ ယောက်ျားရှာတဲ့ ငွေကို တမြတ်တနိုး ဝမ်းပန်းတသာ



လက်ခံယူရတယ်၊ စနစ်တကျ သုံးစွဲရတယ်၊ အဲဒါ အိမ်ထောင်ရှင်မတွေရဲ့အလုပ်၊ ကဲ ... ရော့၊ မောင့် ချွေးနည်းစာတွေကို အပ်ပြီများ"

သူ့ဘက်က ကြည်နူးတက်ကြွနေသလောက် မွှေးပွင့်ငယ်၏ မျက်နှာလေးက မကောင်းနိုင်ဘဲ ဖြစ်နေတော့ သူ နားမလည်နိုင်တော့။

"မောင့်ကို မမွှေးပွင့် လက်ထပ်တာဟာ နိုင်းစားဖို့ မဟုတ်ပါဘူး မောင်ရယ်"

မျက်လွှာလေးချ၍ ခေါင်းငုံ့ကျသွားကာ ခပ်တိုးတိုး မွှေးပွင့်ငယ် ပြောတော့ သူ စိတ်လက်မောစွာဖြင့် ...

"အဲဒါပဲ မောင် စိတ်ညစ်တာ၊ ဘာလို့ မာနစိတ်ကို ထားချင်နေရတာလဲ၊ မောင့်ကို မမွှေးပွင့် လက်ထပ်တာဟာ မောင့်ကို နိုင်းစားဖို့ မဟုတ်ဘူးဆိုတာ မောင် သိနေတာပဲ၊ ဘာလို့ မောင့်ကို ဒီလို ပြောရတာလဲ"

သူ ခေါင်းယမ်းသည်။ ငွေတွေကို မွှေးပွင့်ငယ်၏ ဘေးမှာပဲ ခုတင်ထက်၌ ချထားခဲ့သည်။

မေမေ့ စကားတစ်ခွန်းသည် မွှေးပွင့်ငယ်၏ နှလုံးသားမှာ အနက်ရှိုင်းဆုံးနေရာထိ စူးဝင်နစ်မြုပ်နေသော ဆူးတစ်ချောင်းနှယ် ဖြစ်နေပြီ ဆိုတာ ရင်မောစွာ သူ နားလည်နေရပြီ။ ဤဆူးတစ်ချောင်းသည် သူတို့၏ အိမ်ထောင်ရေးမှာ စိတ်မော်ဖွယ် အဖြစ်များကို ကြိမ်ဖန်များစွာ ဖန်တီးနေချေမည်လား။

"ဘယ်အိမ်ထောင်ရှင် ယောက်ျားမဆို သူ ရှာဖွေထားတဲ့ ငွေကို တစ်ကျပ်တစ်ပြားပဲဖြစ်ဖြစ် မိန်းမ လုပ်သူကို အပ်ချင်ကြတယ်၊ ဒါက အိမ်ထောင်ရှင်ကောင်း ယောက်ျားသားတို့

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ စိတ်ဓာတ်ပဲ၊ အဲသလို အပ်တဲ့အခါမှာ မိန်းမလုပ်သူကလဲ တစ်ကျပ်တစ်ပြားပဲ ဖြစ်စေဦးတော့ ဝမ်းသာအယ်လဲ တန်ဖိုး ထားပြီး တမြတ်တနိုး လက်ခံတာမျိုးကို မြင်ချင်ကြတယ် အေးလေ မောင့် ကသိုလ်ပေါ့၊ မောင့် ချွေးနည်းစာကိုတော့ မောင့်အပ်လိုက်ပြီ၊ လက်ခံတာ လက်မခံတာကတော့ မမွှေးပွင့် ရဲ့ သဘောပါ"

သူ့အသံတွေထဲမှာ စိတ်ထိခိုက်ရလေသမျှ ဘယ်လို မဖုံးကွယ်သာအောင် ကွဲကွဲအက်အက် ဖြစ်နေသည်။

"မောင်တို့ အိမ်ထောင်ရေးမှာ မာနဆိုတဲ့ အရာက ဒုက္ခပေး မှာ မောင် စိုးရိမ်တယ်"

လေးလေးနက်နက် သူ ပြောစဉ်မိုက်မှာ မွှေးပွင့်ငယ် သူ့နောက်ပါးမှာ လာရပ်သည်။

သူ့ပခုံးမှာ မွှေးပွင့်ငယ်၏ ခေါင်းလေး မှေးမှီလာ သည်။ သူ့လက်မောင်းတွေကိုလည်း မွှေးပွင့်ငယ်၏ လက်ဖယောင်း သွယ်လေးများက ဆုပ်ကိုင်လာကြပါ၏။

"မမွှေးပွင့် မှားသွားပါတယ် မောင်ရယ်"

သူ ငြိမ်သက်နေတော့ မွှေးပွင့်ငယ် သူ့ကို မော့ကြည့် လျက် ...

"မွှေးပွင့်ကို စိတ်မဆိုးပါနဲ့ မောင်ရယ်၊ မောင့်ကို မမွှေးပွင့် ချစ်တဲ့ အချစ်ကို ဘယ်လို အရာမျိုးနဲ့မှ အထင်လွဲမခံနိုင် အထင်သေးမခံနိုင်ဘဲ ဖြစ်ဖြစ်လာရတဲ့ ဝေဒနာ၊ မမွှေးပွင့် စွဲကပ်နေတာမို့ပါ မောင်၊ မမွှေးပွင့်လေ _ မောင့်ကို ချစ်တာ သိတယ်၊ အဲဒီအချစ်ကို အထိအရှ အပွန်းအပဲ့ လုံးဝ မခံနိုင် အောင်လဲ မမွှေးပွင့် ခံစားနေရတယ်၊ မောင့်ကို မမွှေးပွင့်



ဘယ်လို မျှော်လင့်ချက်မျိုးနဲ့မှ ချစ်ခဲ့တာ မဟုတ်ဘူး ဆိုတာ ကိုလဲ မောင် သိနေမှန်း သိသိကြီးနဲ့ မမွှေးပွင့် တစ်ခါတစ်ခါ အစိုးရိမ်လွန်နေမိတတ်တယ်၊ အဲဒါ မာန မဟုတ်ပါဘူး မောင်ရယ်"

ရှိုက်သံမျှင်မျှင်သည် သူ့နောက်ပါးဝယ် နီးကပ်စွာ ရှိနေ၏။ သူ ဘယ်လိုမှ တင်းမခံနိုင်သည့် မျက်ရည်နှင့် ရှိုက်သံ။ သက်ပြင်းရှိုက်လိုက်မိရင်းမှ ကိုယ်ကို လှည့်လိုက်ကာ မွှေးပွင့်ငယ်၏ ကိုယ်လေးကို သိမ်းပွေ့၍ ...

"မငိုနဲ့တော့ကွာ၊ မောင့်ကို မမွှေးပွင့် လက်ထပ်တာ ချစ်လို့ ဆိုတာ မောင် သိနေသားပဲ၊ မမွှေးပွင့်ရဲ့ အချစ်ကို မောင် အကြွင်းမဲ့ ယုံကြည်ထားပြီးတဲ့နောက်မှာ တခြားစိတ်ညစ်စရာ၊ ပူပင်စရာ၊ သောက ဖြစ်စရာတွေကို မတွေးနဲ့လေ၊ မောင် ပြောတာ သဘောပေါက်တယ် မဟုတ်လား"

သူ မွှေးပွင့်ငယ်၏ မျက်နှာလေးကို လက်ဖဝါးဖြင့် ပေးညှပ်ပင့်မော့ရင်း ခေါင်းကို ငုံ့စိုက်ချကာ ညင်ညင်သာသာပြော သည်။

မျက်ရည်စများ မခြောက်တတ်သေးသည့် မျက်နှာ လေး။ ဩော် ... မျက်ရည်များ တအိအိ ပြိုကျနေဆဲ မျက်နှာလေးကို သူ စိတ်မကောင်းစွာဘဲ ငုံ့မိုးငေးစိုက်ကြည့်နေမိရသည်။ မျက်ရည်ကို သူ သုတ်ပေးနေရင်းမှ ...

"မောင့်ကို လက်ထပ်ပြီးတဲ့နောက်မှာ မောင့် မမွှေးပွင့်ကို ပျော်နေတာပဲ မောင် မြင်ချင်တယ်ကွာ၊ မောင်လဲ စိတ်မညစ် ချင်ဘူး၊ မောင်နဲ့ မမွှေးပွင့်တို့ တစ်ယောက်ကိုတစ်ယောက် ချစ်နေကြတယ်၊ ခု ဘဝတစ်ခုလဲ ထူထောင်ပြီးကြပြီ၊

www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို လက်ထပ်လိုက်ရလို့ မမွေးပွင့်မှာ မျက်ရည်ကျနေရတာမျိုး၊ မောင် မမြင်ချင်ဘူး"

"မောင့်ကို လက်ထပ်လိုက်ရလို့ မမွေးပွင့် ငိုရတာ မဟုတ်ပါဘူး မောင်ရယ်၊ မမွေးပွင့် အချစ်ကို တစ်မျိုးအထင်ခံရမှာစိုးလို့ ငိုနေမိရတာပါ၊ အဲလို စိုးရိမ်ပြီး မမွေးပွင့် တစ်ခုခုပြောလိုက်တိုင်း မောင်က စိတ်တိုချင်နေတာကိုးလို့"

ကလေးလေးလို ပြောလည်းပြော။ တကယ်လည်း ဝမ်းနည်း၊ ပမ်းနည်း ငိုချလိုက်တော့ သူ စိတ်လည်း မကောင်းမချင့်မရဲလည်းဖြစ်လျက် ...

"ဘယ်သူက စိတ်တိုနေလို့လဲ အရူးမလေး"

ချစ်စနိုးလေး မြှောက်ခနဲပွေ့။ ကိုယ်ကို ငုံ့ကိုင်း၍ မချင့်မရဲ ခေါင်းနှင့် နဖူးလေးကို ငုံ့တိုက်ချလိုက်တော့ မွေးပွင့်ငယ်ကလေးလေးလို ရယ်လိုက်ရှာသည်ပါပဲ။

မြတ်နိုးလွန်းစွာပဲ မွေးပွင့်ငယ်၏ မျက်နှာနုနု ဖူးဖူးလေးကို သူ မျက်တောင်မခတ် တစိမ့်စိမ့် ငေးစိုက်ကြည့်နေမိလိုက်ရပါပြီ။

မောင် ချစ်လိုက်တာ မမွေးပွင့်ရယ်။



## ၂၂

"ဟော ... ကြည့်၊ မောင် ပြောထားသားနဲ့ကွာ၊ ဒီမုန့်ဟင်းခါးကို မောင့်အတွက် မဝယ်ပါနဲ့ဆိုတာ မရပဲကိုး၊ မမွေးပွင့်ကျတော့ ထမင်းကြမ်းကို ငါးပိကြော်လေးနဲ့ စားလိုက်၊ ဆီနည်းနည်းနဲ့ ကြော်စားလိုက်နဲ့ မနက်တိုင်း ကိစ္စပြီးခဲ့ရတာ၊ မောင့်ကိုကျတော့ မုန့်ဟင်းခါးနဲ့ ကျွေးလိုက်၊ လက်ဖက်ရည်နဲ့ ကိတ်မုန့်နဲ့ ကျွေးလိုက်၊ မျိုမကျဘူးဆိုလဲ မရ"

မနက် မိုးလင်းတာနှင့် သူ ဆူရ ပူရပါပြီ။

သူ ဘယ်လိုပဲ စောအောင် အိပ်ရာကထထ။ မမီလိုက်ပဲဖြစ်ဖြစ်နေရသည်ပါပဲ။ အစောကြီး မွေးပွင့်ငယ် အိပ်ရာမှ ထ,ကာ သူ မသိအောင် မုန့်ဟင်းခါးပဲဖြစ်ဖြစ်၊ လက်ဖက်ရည်ပဲဖြစ်ဖြစ်။ ချိုင့်လေးနှင့် သွားသွားဝယ်တတ်ရှာသည်။

ယခုလည်း အကြော်ထုပ်လေးကို ကြွပ်ကြွပ်အိတ်လေးထဲမှာ ထည့်၍ ချိုင့်လေးဆွဲကာ အိမ်ပေါ်တက်လာသော မွေးပွင့်ငယ်ကို မြင်လိုက်တာနှင့် မုန့်ဟင်းခါး ဝယ်ပြန်လာခဲ့ပြီဆိုတာ သူ အသိလိုက်ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး အိုကျသွားလျက် သူ ပြောတော့ ချော့သလိုလေး မွှေးပွင့်ငယ် သူ့ လက်ကို လာကိုင်၏။ အကြောထုပ်ကိုင်ထားသောလက်မို့ ကြွပ်ကြွပ်အိတ်သည်လည်း သူ့ကို လာထိသည်ပါပဲ။

"မောင် စိတ်ဆိုးတယ်ကွာ၊ အလကား ပိုက်ဆံကုန်အောင်"

မွှေးပွင့်ငယ် ရယ်သည်။ သူ့ပခုံးပေါ် ခေါင်းလေး ဖေးမှီတင်လိုက်ရင်း ...

"ချစ်လို့ဉစ္စာ မောင်ရယ်၊ မောင့်ကို စားစေ့ချင်လို့ပါ"

ချော့သလို မော့သလိုလေး ပြောပြီး မွှေးပွင့်ငယ် မီးဖိုခန်းလေးထဲ ဝင်သွားတော့ သူ နောက်မှ တောက်လျှောက်လိုက်သွားလျက် ...

"မကောင်းဘူးကွာ၊ လုံးဝ မကောင်းဘူး၊ ဒေါ်ဒေါ်ကျတော့လဲ မနက်တိုင်း ထမင်းကြမ်းကို မြေပဲကြော်လေးနဲ့ဖြစ်ဖြစ် ငါးခြောက်နည်းနည်းလေးကို မီးဖုတ်ဆီဆမ်းစားရုံပဲဖြစ်ဖြစ် အဲလို ထမင်းကြမ်းနဲ့ စားစားနေရတာ မောင် မြင်မြင်နေရတယ်၊ အားလုံး ချွေတာသလို မောင်လဲ ချွေတာ စားရမှာပေါ့၊ ခုဉစ္စာက မောင်က အခွင့်ထူးခံ ဖြစ်ဖြစ်နေပြီကွာ"

သူ ပွစိ ပွစိ ရွတ်နေခိုက်မှာ မုန့်ဟင်းခါးပွဲကို မွှေးမွှင့်ငယ် ပြင်သည်။ သူ မစားချင်။ မွှေးပွင့်ငယ်ကိုရော ဒေါ်ဒေါ်ကိုရော မုန့်ဝင်စားပါဆိုလည်း မစား။ သူ မစားဘဲ ပေကပ်နေလျှင်လည်း မုန့်ပွဲက သည်အတိုင်းပဲ ရှိနေတတ်သည်။ ဘယ်သူမှ မစား။ မုန့်တစ်ပွဲတည်း ဝယ်လာလျက် သူ့ကိုပဲ စားနေစေချင်သည်မို့ မျိုး၍ မကျနိုင်သည့် ဒုက္ခကလည်း မနက်တိုင်း ကြုံနေရသည်အပြင်



မစားဘဲ နေတော့လည်း မွှေးပွင့်ငယ်ရော ဒေါ်ဒေါ်ရော မျက်နှာ အပျက်ပျက်နှင့် ဖြစ်ဖြစ်နေကြပြန်သည်။

"သိပ်ခက်တာပဲကွာ၊ ဒေါ်ဒေါ်ရော မမွှေးပွင့်ရော အရမ်းခက်တာပဲ၊ မောင် စိတ်ညစ်တယ်"

ပုဆိုးတိုတို ဝတ်လျက် စွပ်ကျယ်ချိုင်းပြတ်နှင့် သူ ထိုင်ချလိုက်သည်က မီးဖိုခန်းသို့ ဧည့်ခန်းမှ ဝင်ရပါသော ခန်းကူး တံခါးပေါက်တွင်ပါ။

ဒေါ်ဒေါ်ကလည်း မနက်ပိုင်းမှာ ချွေတာစားပြီး အိမ်ဆိုင်လေး သွားဖွင့်နေပြီ။ သူတို့နှစ်ယောက်ပဲ ကျိတ်၍ စကားများ ရင်နေကြခြင်းပါ။ သူကလည်း အထူးတလည် လုပ်နေတာမျိုးကို မကြိုက်။ မွှေးပွင့်ငယ်ကလည်း လုပ်ကို လုပ်ပေးရမှဆိုတော့ မနက်တိုင်း စကားများနေကြရသည်ပါပဲ။

မွှေးပွင့်ငယ် ဆောင့်အောင့်စ ပြုလာပြီ။ ဖင်ထိုင်ခုံ ပုလေးကို စားပွဲဝိုင်း ရှေ့မှာ ဆောင့်၍ ချသည်။ မွှေးပွင့်ငယ် ကိုယ်တိုင်ကတော့ မီးဖိုခန်း၏ ကြမ်းပြင်ပေါ် ဖင်ချထိုင်လိုက်ရင်းမှ ...

"ဘယ်တော့မှ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ကျွေးမွေးစီစဉ်ပေးရတယ်ကို မရှိဘူး၊ စားစေ့ချင်လို့ တကူးတက အမောခံပြီး အစောကြီး မောင် မသိအောင် သွားဝယ်တိုင်း အပြန်ကျရင် အဆူခံထိရတာချည်းပဲ၊ မောင်က မနက်တိုင်း ကောင်းကောင်း စားနေကျဉစ္စာ၊ ဒါကြောင့် ဝယ်တာပါ၊ မောင့် ချွေးနည်းစာနဲ့ မောင် စားတာပဲ၊ မောင့်ကို အိမ်ဦးနတ်ဆိုပြီး တရိုတသေထားတဲ့ဉစ္စာ၊ မောင်က ဘယ်တော့မှ အကောင်း မမြင်ဘူး"

www.burmeseclassic.com



ပြောလည်းပြော။ မျက်ရည်လည်း ကျလာတော့ သူ့ စိတ်လက်ညစ်စွာဖြင့် ...

"မောင့် ဈေးနည်းစာက မောင်တစ်ယောက်တည်း ခွနင်းပြီး မျိုချဖို့ မဟုတ်ဘူး၊ ယောဒီက မောင့်မိန်းမလဲ စားဖို့လိုတယ်၊ ဒေါ်ဒေါ်လဲ စားဖို့လိုတယ်၊ စိတ်ညစ်လိုက်တာနော်"

ညည်းလည်းညည်း။ ငိုနေသည့် မွှေးပွင့်ငယ်ကို မကြည့်ရက်နိုင်စွာပဲ မုန့်ဟင်းခါးပွဲရှေ့မှာ ဝင်ထိုင်လိုက်ရသည်ပါပဲ။

"ရော့ ... စား နှစ်ယောက်စားမယ်၊ ဒါ မောင့်ထုံးစံ"

ဇွန်းနှစ်ချောင်း ဘပ်၍ သူ ငေါက်ဆတ်ဆတ် ပြောတော့ မွှေးပွင့်ငယ် ခေါင်းခါ၏။

"ဘာလဲ မောင့်ကို ဘာအောက်မေ့နေတာလဲ၊ စားမလား မစားဘူးလား၊ တစ်ခွန်းတည်းပြော၊ တစ်ယောက်တည်း မျိုးမကျနိုင်တာ သိသိကြီးနဲ့ ဒီလို ဇွတ်ကျွေးတဲ့ ဥစ္စာကို မောင်က ခေါင်းငုံ့ခံမယ်များ မှတ်နေသလား၊ ပါးစပ်ဖြဲပြီး ကိုယ်တိုင် ဇွန်းနဲ့ လောင်းထည့်လိုက်မှာနော်၊ ကဲ ... ရော ကိုယ့်ဘာသာ ယူစားမလား၊ မောင် ဇွတ်ကျွေးတာကို စားမလား"

တကယ်တော့ တမင် မောင်းတင်၍ မှင်မောင်းနှင် ပြောယူရခြင်းပါ။

မွှေးပွင့်ငယ်ကလည်း မျက်နှာလေး ပုပ်သိုးကျလျက် ...

"မောင့်အတွက် ဝယ်ဝယ်လာတာ မောင် စားရမယ်၊ မုန့်ဟင်းခါးကဖြင့် တစ်ပွဲတည်း"

"သုံးပွဲ ဝယ်လာပေါ့"



"အို ... မုန့်ဟင်းခါးမှ မကြိုက်တာ"

"မုန့်ဟင်းခါး မကြိုက်တဲ့ မိန်းကလေးတဲ့၊ ဒီမှာ ဘယ်မိန်းကလေးမဆို မုန့်ဟင်းခါး ကြိုက်ကြတာချည်းပဲ၊ လာစား"

"မစားဘူးနော်၊ မောင့်အတွက် ဝယ်လာတာ"

"ဇွန်းနဲ့ ဇွတ် ဖြဲထည့်တဲ့အခါ ပါးစပ်ပေါက်နဲ့ နှာခေါင်းပေါက်လွဲဝင်သွားရင် မောင် တာဝန်မယူဘူးနော် ဒါပဲ"

မုန့်ဟင်းခါးပွဲကို စားပွဲဝိုင်းပေါ်မှာ ချထားလျက်ဖြင့် တစ်ယောက်က ဖင်ထိုင်ခုံပုလေးထက်မှာ ထိုင်လျက်၊ တစ်ယောက်က ကြမ်းပြင်ပေါ် ထိုင်လျက် မျက်နှာတွေကိုယ်စီ တင်းကာ စကားအချေအတင် ဖြစ်နေကြပြီ။

သူ့ မျက်နှာကြီး တင်းနေတော့ မွှေးပွင့်ငယ် မော့ကြည့်၏။ နေရာမှာ ဆောင့်အောင့်ထသည်။ သူ့ဘေးမှာ လာထိုင်သည်။ ဆောင့်အင့်အင့်နှင့် မုန့်ဟင်းခါးပွဲထဲမှာ ရှိနေသည့် ဇွန်းနှစ်ချောင်းထဲမှ တစ်ချောင်းကို ယူသည်။

"မောင် အရင်စား"

သူ့ မျက်နှာကြီး ပြုံးကျသွားလျက် ကြည်ကြည်သာသာပဲ ဇွန်းကို ယူသည်။

"ဒီလို လုပ်မှပေါ့ မိန်းမရယ်၊ ဘယ့်နှယ် ကိုယ့်ယောကျ်ား မျိုမကျအောင် မနက်တိုင်း တော်တော်တာဝန်ကျေချင်တဲ့ မိန်းမ"

စားလက်စ ဇွန်းကို ချလျက် ...

"ချစ်လို့ စေတနာနဲ့ သွားဝယ်တာကို မောင်က အပြစ်ချည်းပဲ ပြောပြောနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲသလောက် ပြောနေတာရော၊ ဘယ်မှာ မှတ်မှုးလို့လဲ၊ မနက်တိုင်း ဒီလိုပဲ မပျက်မကွက် သွားသွားဝယ်နေတာပဲ မဟုတ်လား၊ မောင်က ထမင်းကြမ်းနဲ့ ငါးပိရည်ဖျော်နဲ့ သိပ်ကြိုက်တာ၊ အဲဒါပဲ စားမယ်"

သူက တစ်ဇွန်း ခပ်စားပြီးတာနှင့် နောက်ထပ် တစ်ဇွန်းကို မယူတော့။

မွှေးပွင့်ငယ်ကလည်း သိသည်။ ဒါကြောင့်လည်း မျက်နှာလေး ပုပ်၍ တစ်ဇွန်း ယူစားပေးရသည်ပါပဲ။ မွှေးပွင့်ငယ် စားပြီးမှ နောက်ထပ် တစ်ဇွန်း သူ ခပ်စားသည်။ မွှေးပွင့်ငယ်က လည်း တစ်ဇွန်း ခပ်စားပြီးတိုင်း သူ စားပြီးမှ နောက်ထပ် တစ်ဇွန်းကို ယူယူစားသည်။

သူက ခပ်စားလိုက်။ မွှေးပွင့် ခပ်အစားကို စောင့် လိုက်။

တစ်ယောက်တစ်လှည့် ခပ်ခပ်စားနေရင်းမှ နှစ်ယောက် သား တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိကြသည်။ တင်းနေသော မျက်နှာရိပ်တွေ ပျောက်လာလျက် နှစ်ယောက်သား မျက်နှာမှာ ပြုံးရိပ်သမ်းလာကြရပါသည့်အဖြစ်။

"အဟင်း ... ဟင်း"

တစ်ယောက်နှင့်တစ်ယောက် ကပ်ဖဲ့၍ တစ်ဇွန်းအား ကို တစ်ဇွန်းက စောင့်နေသည့် အဖြစ်ကိုက ကလေးဆန်နေတာ တစ်ယောက်ကိုတစ်ယောက် စားစေချင်အော ကပ်နေကြတာ။ ထို ဖြင့် တစ်ယောက်နှင့်တစ်ယောက် စောင့်နေမိကြတာတွေ အား ကို နှစ်ယောက်သား တွေးလည်းလည်းတွေးမိလျက် ရယ်လိုက် ကြသည့်အဖြစ်။



"အဟင်း ... ဟင်း"

"ဘာလဲ ဘာရယ်တာလဲ ... အဟား ... ဟား ... ဒီကောင် မလေး"

မွှေးပွင့်ငယ်မှာ နှုတ်ခမ်းလေးကို ထိန်းမရနိုင်စွာဖြင့် တ်ချ ရယ်မောလာခိုက်မှာပဲ သူကလည်း မျက်နှာရော မျက်လုံး ပါ ကြည်လင်ရယ်ရိပ် သမ်းလာလျက်မှ မွှေးပွင့်ငယ်၏ နဖူးလေး ထုလည်းထုမိ။ ရယ်လည်း ရယ်ချမိရသည်ပါပဲ။

"ကဲ ... အစီအစဉ် ပြောင်းမယ်၊ ရော ... တစ်ဇွန်း မောင်က မမွှေးပွင့်ကို ခွံ့ကျွေးမယ်၊ အား ... ဟုတ်ပြီ၊ ကဲ ... မမွှေးပွင့် က မောင့်ကို ခွံ့ကျွေး ဟုတ်ပြီ ဒါမှ မှန်တာ၊ နောက်လဲ ဒီလိုပဲ ကျွေးကြေး"

သူ ပြောတော့ မွှေးပွင့်ငယ် ကလေးတစ်ယောက်လိုပဲ နေသည်ပါပဲ။

စောစောက တင်းမာ ရန်စောင်နေသမျှတွေလည်း ပျောက်ကုန်ပြီ မသိ။

မုန့်ဟင်းခါး ပန်းကန်ကို ဆေးတော့လည်း သူက မှာ ထိုင်ကြည့်သည်။ ပန်းကန်စင်မှာ ပန်းကန်လေးကို သွား သည်။

" ... လာ"

သူ ညည်ခန်းသို့ ခေါ်သွားတော့ မွှေးပွင့်ငယ် လိုက် သည်ပါပဲ။

အိမ်ဦးခန်းနေရာ၌ ဘုရားစင်သည် ပန်းဆီမီး တဝေဝေ သပ္ပာယ်စွာ ရှိနေပါ၏။ ဆွမ်းတော်တင်သည် ဆိုရာ၌ သစ်သီး အစ ပန်းဆီမီး ပူဇော်ရာ၌ ဘုရားစင်တွင် မြတ်စွာဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



အား သပ္ပာယ်စွာ ဖူးမြော်ကန်တော့ရစေသည့်အဖြစ်ပါ။ မွေးပွင့်ငယ်၏ ဘာသာရေး ကိုင်းရှိုင်းမှု၊ ဗုဒ္ဓဘာသာ မိန်းကလေး ပီသမှုကို အ
အရမ်းမြတ်နိုးမိရသည်မှာ အမှန်ပါ။

အချို့အိမ်များတွင် ဘုရားစင်၌ စက္ကူပန်း၊ သော
တော်ရေချမ်းလော့က်သာ ဆက်ကပ်ထားလျက်၊ စိတ်ထိခိုက်ဖွယ်
ရာ ကောင်းလောက်အောင် ပင့်ကူမျှင်များပင် ဘုရားစင်၌ ယှက်
လောက်အောင် ပစ်စလက်ခတ် ရှိနေတတ်ကြချေသည်လေ။

"မောင်လေ မမွေးပွင့်ကို ချစ်မြတ်နိုးတဲ့ နေရာမှာ ဒီ
ဘာသာရေးကို လေးစားကိုင်းရှိုင်း ကြည်ညိုတဲ့ အဲဒါ
ပါတယ်"

သူ ပြုံး၍ပြောတော့ မွေးပွင့်ငယ်၏ မျက်နှာ
ကြည်နူးစွာ ပြုံးသွားသည်ပါပဲ။

"ကဲ ... ဒီနေ့ မောင်တို့ လက်ထပ်တာ တစ်လပြည့်တဲ့
"ဒါကြောင့် ..."

သူ ပြုံး၍ ပြောပြီးမှ အကျီအိတ်ကပ်တွင်းသို့ လ
ကို နှိုက်သည်။

လုံချော ရွှေလက်စွပ်လေးတစ်ကွင်းကို သူ ထုတ်
လိုက်ပြီးမှ ...

"ဒါ ... မောင့် ချစ်သက်တမ်း တစ်လပြည့် အထိမ်းအမှ

ပြောလည်းပြော၊ လက်ချောင်းသွယ်လေးမှာ လ
လေးကို ဝတ်ဆင်ပေးလိုက်မိသည်ပါပဲ။

မွေးပွင့်ငယ်ကို သူ ပြုံး၍ ငုံ့မိုးကြည့်လိုက်
မျက်နှာမကောင်းဘဲ ရှိနေတာ မြင်ရတာမို့ နားမလည်နိုင်စွာ
ပြန်လျက် ...



"မမွေးပွင့်"

ဟု ခေါ်လိုက်မိရပါပြီ။ ရင်ထဲ၌ မကောင်းနိုင်၊ ဘာကြောင့် မွေးပွင့်ငယ်သည် မျက်နှာမကောင်းဘဲ ဖြစ်ရပါသနည်း။ ဘာကြောင့် မပျော်နိုင်ဘဲ ဖြစ်နေရပါသနည်း။

"မောင့်ဆီက ဘာကိုမှ မမွေးပွင့် မမျှော်လင့်ပါဘူး မောင်၊ မျှော်လင့်ချက်ကင်းတဲ့ အချစ်နဲ့ မမွေးပွင့် မောင့်ကို ရိုးရိုးသားသား လက်ထပ်တာပါ၊. ဒီပစ္စည်းတွေကို မမွေးပွင့် မမက်မောပါဘူး မောင်"

သူ ရင်ထဲ မောကျသွားလျက် မွေးပွင့်ငယ်ကို အတန်ကြာစိုက်ကြည့်သည်။

ချစ်မြတ်နိုး၍ အမှတ်တရအဖြစ် ပေးပါလေသော လက်စွပ်ကလေးကို သူ အညင်အသာပဲ မွေးပွင့်ငယ်၏ လက်ချောင်းထက်မှ ပြန်၍ ချွတ်ယူလိုက်မိသည်။ သူ့အပေါ်မှာရော သူ့အချစ်ပေါ်မှာရော မွေးပွင့်ငယ် ဘာကြောင့် ဤမျှ နားလည်မှုတွေ လျော့ပါးနေရပါသလဲ၊ မမေ့ စကားကြောင့်များလား။ .

ဘာကြောင့်ပဲဖြစ်ဖြစ် သူ့အပေါ်တော့ မွေးပွင့်ငယ် နားလည်ပေးဖို့ကောင်းသည်။ ကြည်နူးစွာဖြင့် လက်စွပ်လေးကို သူ ဝတ်ဆင်ပေးခိုက်မှာ သူ့မျက်ဝန်းတွေထက်မှာ ခိုဝင်နေသည့် မေတ္တာ၏ အငွေ့အသက်များကို မွေးပွင့်ငယ် မြင်နိုင်စွမ်း မရှိချေတော့ပြီတဲ့လား။ နားလည်နိုင်စွမ်း ကင်းနေရချေပြီတဲ့လား ရှိစေတော့။

ရင်ထဲမှာ မောတာပဲ ရှိသည်။

လက်စွပ်လေးကို သူ တည်ငြိမ်စွာပဲ ချွတ်ယူနိုင်ပသည့် အသွင်မျိုးဖြစ်အောင် အတော်ကြီး ကြိုးစားယူလိုက်ရသည်ပါပဲ။ ရင်ထဲမှာ ရှိနေသည့် ကြေကွဲခြင်းဆိုသော အရာကို မပေါ်လွင်စေချင်။

www.burmeseclassic.com

www.burmeseclassic.com



မွေးပွင့်ငယ်၏ မျက်နှာ နုနုထွေးထွေးလေးကိုလည်း သူ မကြည့်။ လက်တွင်းဝယ် ရောက်ရှိနေပြီဖြစ်သော လက်စွပ်လေးကိုပဲ တစ်ချက် သူ ငေးစိုက်ကြည့်သည်။

နောက်တော့ မူလထည့်ထားရာ အင်္ကျီအိတ်ကပ်ထဲသို့ ပြန်ထည့်၏။

နေရာမှ သူ ထရပ်သည်။ အိမ်ပေါ်မှ တိတ်ဆိတ်စွာ သူ ဆင်းခဲ့ပါ၏။

"ဘယ်သွားမလို့လဲ မောင်"

မြေပြင်နှင့် သူ့ခြေအစုံ ထိမိကိုက်မှပဲ မွေးပွင့်ငယ် ထံမှ မေးသံကို နောက်ပါးဆီမှ သူ ကြားရ၏။ တစ်ချက် သူ လှည့်ကြည့်သည်။ ဝရန်တာနေရာလေးမှာ ရပ်လျက် သူ့မျက်နှာကို ညှိုးငယ်စွာ ကြည့်နေသော မွေးပွင့်ငယ်။

လက်စွပ်လေးကို ငြင်းလိုက်သလို ပြောလိုက်သည့် စကားအတွက်လည်း မွေးပွင့်ငယ် သူ့အပေါ် အနေခက်နေပုံရ၏။

"မောင် အပြင် ခဏသွားမယ်၊ ညနေပိုင်းလောက်မှ ပြန်လာဖြစ်မယ် မမွေးပွင့်၊ နေ့လယ်စာ စားနှင့်၊ မောင့်ကို မစောင့်နဲ့၊ ဆေးခန်းချိန်အမီ မောင် ပြန်လာခဲ့မယ်"

ပြောပြီးတာနှင့် သူ ခြေလှမ်းကျဲကြီးနှင့် ထွက်ခဲ့တာပဲ ရှိနေသည်။

ရင်ထဲတွင် လေးလံထိုင်းမှိုင်းနေလျက် ရင်မောနေတာပဲ ရှိနေသည်။

သူ့ရုပ်အင်္ကျီ အိတ်ကပ်တွင်းဝယ် ရွှေသားလုံးချော လက်စွပ်လေးသည် လက်ခံလိုသူ ကင်းမဲ့လျက်ရှိသော အဖြစ်နှင့် မျက်နှာငယ်စွာပဲ အတူ ပါလာရပါသည့်အဖြစ်။



သြော် ... သူ၏ အချစ်သည်လည်း ဘာထူးချေသည်လဲ။

အသိအမှတ်ပြုခြင်း ကင်းမဲ့ရပါလေသော အချစ်သည်လည်း မျက်နှာငယ်စွာဖြင့် နှလုံးအိမ်တွင်းဝယ် ကြေကြေကွဲကွဲ လိုက်ပါရချေသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



## ၂၃

"ပန်းလေညင်းမှာ မင်း ဆေးခန်း ထိုင်နေတာကို အန်ကယ် သိတယ်၊ ငါ ပြောပြတာပဲပေါ့ကွာ၊ အန်ကယ် ဝမ်းသာနေတယ်ကွ"

စမ်းယမုန် တည်ရှိရာ လမ်း၏ ထိပ်ဘက်မှ ရှိပါလေသော ပလက်ဖောင်းခင်း လက်ဖက်ရည်ဆိုင်မှာ သူနှင့် မောင်မောင် အတူ ရှိနေကြခိုက် မောင်မောင် ပြောလာတော့ ရင်ထဲမှာ မကောင်း။

ဒက်ဒီခမျာ သားနှင့် ဇနီးသည်ကြားမှာ စိတ်ပင်ပန်းရှာရှာချေမည်သာ။

"ဒီနေ့ ဘာလို့ မွှေးပွင့်ငယ် ပါမလာတာလဲ"

ခါတိုင်းတော့ စာမူပို့ဖို့ သူနှင့် မွှေးပွင့်ငယ်တို့ တူတူ ရောက်ရောက်လာတတ်ကြသည်မို့ မောင်မောင် မေးခြင်းပါ။

"စာရေးစရာ ရှိနေလို့ပါကွာ"

သူ ခပ်လေးလေး ဖြေတော့ မောင်မောင် သူ့ကို အကဲခတ်သလို ကြည့်၏။

တစ်ခုခုတော့ တစ်ခုခုပဲ ဆိုသည့် အကြည့်။



"မင်း မှန်မှန်ဖြေစမ်းကွာ၊ မမွှေးပွင့်နဲ့ တစ်ခုခု ဖြစ်လာသေးလား၊ မင်းတို့နှစ်ယောက်က တစ်မျိုး၊ ချစ်တာလဲ အလွန်၊ ပြီးတော့ တစ်မျိုး ..."

မာနကို ရည်ညွှန်းမှန်း သူ သိ၏။ မောင်မောင့်ကိုလည်း သူ ဘာမျှ မပြောပြချင်။

ကိုယ့်အိမ်ထောင်ရေးဆိုတာ အရာရာကို သူတစ်ပါးကို အသိပေးသင့်တာမျိုးမှ မဟုတ်ချေဘဲလေ။ ပြီးတော့ သူ့အိမ်ထောင်က သူ စိတ်တိုင်းကျ ရွေးချယ်ထားသည့် အိမ်ထောင်။ ကိုယ် ရွေးသည့်လမ်း ချိုင့်ခွက်ပဲပေါပေါ၊ လမ်းချောပဲဖြစ်ဖြစ် ဘာမျှ အဆိုးအကောင်း ပြောနေဖို့ မလို။

ကိုယ့်ဘာသာ လျှောက်ရုံပဲရှိသည်။ ဒါက သူ့အဆုံးအဖြတ်။

"ဘာမှ မဖြစ်ပါဘူးကွာ၊ ငါလဲ အိမ်မှာ နေရတာများတော့ ငြီးငွေ့သလို ရှိလာလို့ တစ်ယောက်တည်း ထွက်လာခဲ့တာပါ၊ ပန်းလေညင်းကလဲ ညနေလောက်မှ ဖွင့်ရတာ မဟုတ်လား၊ မင်းဆီ ခဏ ဝင်လည်ရင်း ဒက်ဒီ့အကြောင်း မေးချင်တာလဲ ပါတာပေါ့ကွာ၊ မေမေလဲ နေကောင်းနေတယ်ဆိုတော့ စိတ်အေးရတာပေါ့၊ ကဲ ... ငါ လစ်ဦးမယ်၊ ဆေးခန်းအတွက် လိုတဲ့ဆေးလဲ ဝယ်ရဦးမှာ"

မောင်မောင် ခေါင်းယမ်းသည်။ သူ့ မျက်နှာရိပ်ကို ကြည့်၍ တစ်ခုခု စိတ်ညစ်စရာ ကြုံခဲ့ပြီဆိုတာကို မောင်မောင် ရိပ်မိနေပုံရ၏။

"ငါ လိုက်ပို့ပေးမှာပေါ့ကွ၊ ငါ့မှာ ကားရှိနေသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကား ရှိသေစပြုလာတာမို့ မောင်မောင့်ကို အနက်ယ…
ကလည်း ကားသုံးစွင့် ပြုထားခဲ့တာ ကြာခဲ့ပါပြီ။ သူ ပန်းနု… ဆင်းခဲ့ပြီးသည့် နောက်ပိုင်းကတည်းကပါ။

"နေပါစေကွာ၊ ငါ ... ငါ အစီအစဉ်နဲ့ပဲ ငါ သွားပါ့… မင်းမှာ အလုပ်များနေတဲ့အထဲ၊ ကဲ ... ငါ လစ်မယ်"

သူ ပြောရင်း နာရီကို ကြည့်ကာ ထရပ်သည်… မောင်မောင် ရုတ်ခနဲ သတိရဟန်ဖြင့် ...

"ဟာ ... အခုမှ သတိရတယ်၊ မင်းကို ပြောစရာရှိတယ်… ထူးခြားတာလေ၊ ငါ့မှာ ဒီညနေလောက်တောင် မင်းတို့… လာခဲ့တော့မလို့၊ မင်း ရောက်လာတော့ အဆင်ပြေသွား… ပေါ့၊ ငါ ပြောပြမယ့်စကားကို မင်း မျက်နှာကြီး ကြည့်… တောင်တောင်အီအီ တွေးနေမိရတာနဲ့ ပြောပြဖို့ မေ့သွား… ခဏပြန်ထိုင်"

သူ ပြန်ထိုင်ရသည်။ သောက်ပြီး ဖြစ်သည့် လက်ဖက်… ရည်ခွက်ကို ရေနွေးကြမ်းအိုးထဲမှ ရေနွေးတွေ လောင်းထည့်… ဖန်ခွက်ကျင်းပြီးမှ ရေနွေးကြမ်းကို လောင်းထည့်သည့် မောင်မော… သူ့ကို ကြည့်လာ၏။

သူ့အတွက်လည်း ရေနွေးကြမ်းတစ်ခွက် ငှဲ့ထည့်သည်…

ပလတ်စတစ် ဖုံးထားသော မုန့်ပန်းကန်သည် အ… မယွင်းသေး။ မုန့်မစားဖြစ်ဘဲ သူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်… ပဲ သောက်ခဲ့ကြသည်လေ။ ဒန်ပန်းကန်ပြားသေးသေးထက်မှာ ရှိ… သည့် လပ်ကီးစထရိုက် စီးကရက်လေးလိပ်ထဲမှ တစ်လိပ်… မောင်မောင် ယူ၍ မီးညှိသောက်သည်။



"မနေ့ညနေလောက်က ရွှေသဇင်စာပေက ထုတ်ဝေသူ ဦးမျိုးတင့် စမ်းယမုန်ကို ရောက်လာတယ်ကွ၊ သူက မင်းနဲ့ ငါတို့ ရင်းနှီးကြတာလဲ သိတယ်၊ သူငယ်ချင်းမှန်းသိတယ် ဆိုပါတော့ကွာ၊ ပြီးတော့ မင်းနဲ့ မွှေးပွင့်ယယ်တို့ အိမ်ထောင်ကျတာကိုလဲ သိထားပုံရတယ်၊ ဘယ်လိုကနေ ဘယ်လို သိတယ်လို့တော့ ငါ မပြောတတ်ဘူး၊ မင်းတို့ မင်္ဂလာသတင်းကလဲ သတင်းစာထဲမှာ ပါလာတယ် မဟုတ်လား"

မောင်မောင်ကတော့ ထုံးစံအတိုင်း သိုင်းဝိုင်း၍ ပြောသည်ပါပဲ။ ထင်မြင်ချက်တွေ ဘာတွေကိုလဲ ဖြည့်ဖြည့်စွက်စွက်နှင့် ပြောလာသည်။ သူ ဘာမျှဝင်မပြော။ တိတ်ဆိတ်စွာပဲ နားထောင်သည်။ သတ္တုပန်းကန်ငယ်ထဲမှ စီးကရက်တစ်လိပ်ကို သူ လှမ်းယူမိကာ မီးညှိရှိုက်မိပြန်၏။

"အဲဒါ မမွှေးပွင့်ဟာ စမ်းယမုန်မှာ ဝတ္ထုတွေလဲ မကြာမကြာ ပါလာတတ်တယ်တဲ့၊ ငါ့ သူငယ်ချင်းနဲ့ အိမ်ထောင်ကျတယ် ဆိုတာလဲ သိတယ်တဲ့၊ အဲဒါ ငါနဲ့ ရင်းနှီးလိမ့်မယ်လို့လဲ မျှော်လင့်တယ်ပေါ့ကွာ၊ အဲသလို လာပြောတယ်၊ ငါကလဲ ဟုတ်တယ်လို့ ဖြေလိုက်တယ်"

သူ ဘာမျှ ဝင်မပြောဘဲ ရှိနေတော့ မောင်မောင် အကဲခတ်သလို လှမ်းကြည့်၏။

သူ ငြိမ်သက်လွန်းနေတာကို သိပ်ကြိုက်ပုံမရသည့် အကြည့်ပါ။

"အဲဒါ ဦးမျိုးတင့်က ပြောတယ်၊ မမွှေးပွင့်ရဲ့ ဝတ္ထုတွေကို လုံးချင်း ထုတ်ချင်တယ်တဲ့၊ စာချုပ်နဲ့ ဆိုပါတော့၊ အဲဒါ လိပ်စာ သိချင်တယ်လို့ ပြောလို့ ငါ လာလိုက်တယ်"

www.burmeseclassic.com



မောင်မောင် ပြောပြီး သူ့ကို အကဲခတ်၏။

"ငါလဲ လုံးချင်းဝတ္ထုတွေ ဘာတွေ မမွေးပွင့် ထုတ်ဖြစ်မယ်ဆိုတော့ ဝမ်းသာသွားမိတယ်၊ ဦးမျိုးတင့်ဆိုတာ စာပေလောကမှာတော့ သိက္ခာရှိရှိနဲ့ နေတဲ့သူပါ"

သူ စီးကရက်ကိုပဲ ဖွာရှိုက်နေမိသည်။ ရင်ထဲမှာ ဘာမျှလဲ ဖြစ်မလာတော့။

တစ်ချိန်တုန်းက ဆိုလျှင်တော့ ဤသို့ သူ ငြိမ်သက်တိတ်ဆိတ်နေမှာ မဟုတ်။ ဝမ်းသာအားရ ဖြစ်မိမှာ သေချာသည်။ ယခုတော့ ငွေရေးကြေးရေးကိစ္စတွေ အရမ်းကို လုံးခြာလည်လျက် သူ့ဘက် ကိုယ့်ဘက်မှာ ငွေရေးကြေးရေးချင်း ကင်းရှင်းချင်နေသည့် အိမ်ထောင်ရေးမို့ စိတ်ပျက်လက်ပျက်နှင့် ဖြစ်နေမိတာ အမှန်။

မမွေးပွင့်ကို သူ ချစ်မြဲချစ်သည်။ ခွဲလည်း မခွဲနိုင်။ မမွေးပွင့်ကို ချစ်နေမိခြင်းအတွက်လည်း နောင်တ မရ။ စိတ်လည်း မပျက်။ ဒါပေမဲ့ … ခုလို သူ့ငွေ၊ ကိုယ့်ငွေ ပိုင်းခြားလျက် ရှိနေတတ်သည့် စိတ်ထားကိုတော့ စိတ်ပျက် ရှုပ်ထွေးနေမိတာ အမှန်။

သူ လိုချင်သည်က အရမ်းကို အပေးအယူ မျှသောအချစ်။ မျှဝေခံစားသော အချစ်။ နှစ်ယောက်ပေါင်းသည့် တစ်ဘဝသည် တစ်သားတည်း ဖြစ်နေရမည့် အချစ်။

ကန့်လန့်ကာ တစ်ခု ခြားနေသော အချစ်မျိုး မဟုတ်သည့်အချစ်။

ယခုတော့ ထိုသို့ ဖြစ်မနေ။

မွေးပွင့်ငယ်ဘက်က ငွေကြေးနှင့် ပတ်သက်လာလျှင် သူ့ဆီက ဘာဆိုဘာမျှ မခံယူလိုသည့် သဘောမျိုးဖြစ်နေသည်။



အရမ်းကို ငွေကြေးကိစ္စ ကင်းရှင်းနေချင်သည့်အဖြစ်။ သူကလည်း အိမ်ထောင်ဦးစီးပီပီ ရသမျှ အပ်နှံချင်သည်။

"ဟကောင် … မင်း ဘာဖြစ်နေတာလဲ"

မချင့်မရဲ မောင်မောင် မေးတော့ သူ သက်ပြင်းရှိုက်သည်။

"သူ့သဘောပေါ့ကွာ၊ ဒါ သူ့ကိုယ်ပိုင် အခွင့်အရေးပဲ၊ သူ ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပါစေတော့ကွာ"

"ဟော … ဘယ်လိုကွ ဘယ်လို"

သူ ထရပ်သည်။ နေရာမှ ခွာဖို့ သူ ပြင်သည်။ စိတ်တွေ ပို၍ ရှုပ်ထွေးလာသည့်နယ် ခံစားရ၏။ မွေးပွင့်ငယ်၏ ဝတ္ထုတွေ လုံးချင်း ဖြစ်လာမှာကို သူ ဝမ်းသာပါသည်။

ဒါပေမဲ့ သူ ကြိုတင် သိနှင့်နေသည့် အချက်တစ်ခု ရှိနေသည်။

ငွေရေး ကြေးရေး ပြဿနာသည် လက်ရှိ အချိန်ထက် ပို၍ သူ့အိမ်ထောင်ရေးကို ဆူပွက်လာစေမည်ဟု။

"ဆရာ … ဆရာမ … မမွေးပွင့်ငယ်ဆီက ဖုန်းလာပါတယ်၊ ဆရာ့ဆီမှာ အစ်ကို ရောက်နေလားတဲ့ စကားပြောချင်လို့တဲ့၊ အဲဒါ ရောက်နေတယ်လို့ **ကျွန်တော်** ပြောပြီး ဒီကို လိုက်လာတာ"

စမ်းယမုန်မှာ **တာဝီသည့်** တာဝီဆရာလေး ကိုသိန်းဆောင် လမ်းထိပ်သို့ လိုက်လာကာ ပြောတော့ မောင်မောင်က သူ့ကို ကြည့်၏။ သူကလည်း နေရာမှ ထွက်လုလွက်ခင်။ ယခုကျတော့ စမ်းယမုန်သို့ တစ်ကျော့ ပြန်လိုက်သွားရချေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်မှ ထွက်ခဲ့တော့ ဘယ်ကို သွားမည်ဆိုတာကို တော့ မွေးပွင့်ငယ်ကို သူ မပြောခဲ့။ ဒါပေမဲ့ စမ်းယမုန်နီ မောင်မောင့်ထံ ရောက်နေလိမ့်မည်ဟု မွေးပွင့်ငယ် တွေးမိလိုက်ရသည်။ ဒါကြောင့်လည်း လှမ်း၍ ဖုန်းဆက်တာဖြစ်မည်။ အိမ်တွင် ဘာအကြောင်းထူးများ ရှိချေသည်လဲ။

အကြောင်းမဲ့သက်သက်တော့ မွေးပွင့်ငယ် ဖုန်းမဆက် နိုင်။ ဖုန်းကလည်း အိမ်မှာ ရှိတာ မဟုတ်။ အိမ်မှ အတန်ကြာ လျှောက်ရသည့် လမ်းထိပ်မှ စတိုးဆိုင်တစ်ဆိုင်မှာပဲ ရှိသည်။ ငါးကျပ် ပေး၍ ဆက်ရသည်လေ။

သူ ဘာမျှ ပြန်မပြောတော့ဘဲ စမ်းယမုန်သို့ ပြန် လျှောက်ခဲ့ပါ၏။ မောင်မောင်လည်း တိတ်ဆိတ်စွာပဲ လိုက်လာ သည်။ သူ့မျက်နှာကိုလည်း အကဲခတ်သလို ကြည့်ကြည့်နေသည်ပါပဲ။

မောင်မောင့် စားပွဲထက်မှာ တယ်လီဖုန်းကို ဘေးချ ထားလျက်ပုံစံဖြင့် သူ မြင်၏။ ဖုန်းကို ကောက်ကိုင်၍ ...

"ဟယ်လို ... ရန်ပိုင်ပါ"

"မောင် .. မမွေးပွင့်ပါ .. မောင့်ကို ပြောစရာရှိလို့ .."

"ပြောလေ"

"အိမ်ကို ရွှေသဇင်စာပေက ဦးမျိုးတင့် ရောက်လာနေတယ် မောင်၊ မမွေးပွင့်ရဲ့ ဝတ္ထုတွေကို လုံးချင်းထုတ်ချင်လို့တဲ့ လာပြောတယ်"

"မောင့်ကို စောစောကပဲ မောင်မောင် ပြောပြတယ်"

သူ ပြောတော့ မွေးပွင့်ငယ်ထံမှ မဝံ့မရဲ လေသံလေး ဖြင့် ...



"မောင် လာခဲ့ပါလားဟင်၊ ဦးမျိုးတင့်က အိမ်မှာ စောင့်နေ တာ၊ မမွေးပွင့်က မောင်နဲ့ တိုင်ပင်ချင်တယ်လို့ ပြောထား တယ်၊ ဦးမျိုးတင့်က သူ စောင့်ပါမယ်တဲ့၊ မောင် လာခဲ့ပါ လား၊ မမွေးပွင့်လဲ မောင့် စမ်းယမုန်မှာ ရှိနေမယ်ထင်လို့ လှမ်းဆက်ကြည့်တာ၊ မရှိဘူးဆိုလဲ တစ်ရက်ပြန်ပြီး ဦးမျိုးတင့် ကို ချိန်းလိုက်မလို့ပါ၊ ဦးမျိုးတင့်က အလုပ်များတယ်ဆို တော့ မောင်နဲ့ တစ်ခါတည်း တွေ့နိုင်ရင်လဲ တွေ့ဖြစ်သွား အောင် ခုလို ဖုန်းလှမ်းဆက်ကြည့်တာပါ မောင်"

"မောင်မောင် ခုပဲ ပြောတယ်၊ ဦးမျိုးတင်နဲ့ ပတ်သက်လို့ မောင်မောင်ကလဲ ထောက်ထောက်ခံခံ ပြောပါတယ်၊ မမွေးပွင့် သဘောလေ၊ မမွေးပွင့် လုပ်ချင်ရင် လုပ်ပါ၊ မောင် မလာ တော့ဘူး"

သူ့လေသံက အရမ်းကို အေးစက်စက် နိုင်နေတာ ကိုယ့်ဘာသာလည်း သိနေ၏။

ရင်ထဲမှာ နာကျင်နေတာက မပျောက်တတ်သေး။ စောစော မွေးပွင့်ငယ် ငြင်းဆန်လွှတ်လိုက်သည့် လက်စွပ်လေးသည် ရှပ်အင်္ကျီအိတ်ကပ်ထဲမှာ ရှိနေဆဲ။ နှလုံးအိမ်နှင့် နီးကပ်လွန်းစွာ ထိုလက်စွပ်လေးသည် ရှိနေဆဲ။

"ဒီမှာက ငွေရေး ကြေးရေးကိစ္စတွေပါ ပါနေတယ် မောင်"

သူ့မျက်ဝန်းတွေ လက်တောက်လာသည်။ နှုတ်ခမ်းကို တင်းခန့် စေ့မိသည်။

"အဲဒါကြောင့် မောင် ပိုပြီး မလာချင်ဘူး မမွေးပွင့်၊ မောင် မမွေးပွင့်ကို လက်ထပ်ခဲ့တဲ့ကိစ္စမှာ ဒီငွေရေး ကြေးရေးကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ရှင်းနေအောင်နေဖို့ သင့်တယ်ဆိုတာ မောင့် ပိုပြီး နားလည်ထားတယ်၊ မောင် ဒီကိစ္စတွေမှာ မပါချင်ဘူး"

"မောင် မလာရင် မမွှေးပွင့် ဘာကိုမှ မဆုံးဖြတ်ချင်ဘူး မောင်၊ မောင် ဆုံးဖြတ်တာကိုပဲ မမွှေးပွင့် နာခံချင်တယ်"

ပြောနေရင်းဖြင့်ပင် မွှေးပွင့်ငယ်၏ အသံလေးမှာ ရှိုက်သံ ပါလာနေပြီ။ သူ စိတ်ထဲမှ သိနေရပြီ။ မွှေးပွင့်ငယ် ငိုနေချေပြီထင့်။

"မမွှေးပွင့် သိပါတယ်၊ မောင် မမွှေးပွင့်ကို စိတ်ဆိုးနေတယ် မဟုတ်လား၊ မောင့် မျက်နှာကို အရိပ်ကြည့်ပြီး နေတဲ့ မမွှေးပွင့်ပါ၊ မောင် အိမ်က သွားလိုက်ကတည်းက မမွှေးပွင့် ထိုင်ငိုနေတာ"

တကယ်လည်း ငိုနေမည်ဆိုတာ သူ ယုံလိုက်မိပါပြီ။

မုလည်း တကယ် ငိုနေပြီ။ ရှိုက်သံက သိသိသာသာ ပါလာနေပြီ။

"ရော် ... ဘာလို့ လူကြားထဲ ငိုနေတာလဲ မရှက်ဖူးလား"

စတိုးဆိုင်ဆိုတာ လူသူ ရှိနေတတ်သည့်နေရာ ထိုင်နေရာပျိုးမှာ မွှေးပွင့်ငယ်က ငိုနေပြီ။ သူ ယိုအသိတော့ ရင်ထဲ မှာ တင်းမထားနိုင်။ ဩော် ... တင်းမခံသာသည့်အဖြစ်။

စိတ်မကောင်းဘဲ သူ ပြောတော့ ...

"မောင်က မမွှေးပွင့်ကို စိတ်ဆိုးနေတာကိုးလို့"

ဟု ရှိုက်သံမစဲစွာပင် မွှေးပွင့်ငယ် ကလေးလေးလို ပြောလာရှာသည်။ သူ မပြန်ဘဲနေ၍ ဖြစ်တော့မှာ မဟုတ်တာကို သူ သိနေပြီ။



ညနေခင်းတိုင်အောင် သူ အိမ်မပြန်ဘဲ နေလိုက်မည် ဟု စောစောက ဆုံးဖြတ်ထားသမျှတွေ ပျောက်လွင့်ရပြီ။

ညနေတိုင်အောင် သူ အိမ်မပြန်ဘဲ နေလိုက်လျှင် တစ်နေကုန် ငိုနေမှာ သေချာသည်။

ဤသို့ ချစ်ရသူလေး အရမ်းကို စိတ်ပင်ပန်းမှာကို ကျတော့လည်း သူ မပြုရက်နိုင်။

မျက်နှာလွှဲမထားရက်နိုင်။

"အရူးမလေး ဒီလောက် ငိုနေရလား၊ ကဲ ... အိမ်ပြန် မောင့် ကို စောင့်နေ၊ မောင် ပြန်လာခဲ့မယ်"

သူ ချော့ချော့မော့မော့ပဲ ပြောလိုက်မိရပါပြီ။

"တကယ်ပြန်လာနော် မောင်"

"အင်းပါဆိုမှ၊ ရဲ ... ပြန်တော့၊ လမ်းမှာလဲ ငိုမသွားနဲ့ဦး၊ ကလေးမဟုတ် ဘာမဟုတ်နဲ့ကွာ၊ တိတ်တော့ဆိုမှ ငိုနေပြန် ပြီ"

ချော့မော့ပြောနေစဉ်ခိုက်မှာပဲ ငိုရှိုက်သံလေးက ဖုန်း ထဲမှာ ပါလာနေတာမို့ သူ လှမ်းလှမ်းချော့နေရသည့်အဖြစ်။ အသံတွေ အရမ်းကို နူးညံ့နေလျက် ပျော့ပျောင်းနွေးထွေးနေတာကို သူ့ဘာသာ လည်း သိနေသည်။

မွှေးပွင့်ငယ်ထံမှ ဖုန်းချသွားတော့ သူ သက်ပြင်းရှိုက် ပြီး ကုလားထိုင်မှာ ထိုင်ချသည်။ ဆံပင်တွေကို လက်ဖြင့် ထိုးဖွ ပစ်ကာ မောင်မောင့်ကို ကြည့်တော့ ပြုံးစိစိ စိုက်ကြည့်နေတာကို မြင်၏။

အနေခက်စွာ မလုံမလဲ ဖြစ်လျက်ကြားမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ပြုံးမနေနဲ့ မောင်မောင်၊ ကားသော့ယူ အိမ်ကို အမြန်ဆုံး လိုက်ပို့၊ ခုလောက်ဆို မျက်ရည်အိုးမလေးက ငိုနေဦးမှာ၊ ကဲ ... သွားမယ်"

ဟု ပြောလည်းပြော၊ နေရာမှလည်း ဦးဆောင်၍ ခြေလှမ်းကျဲကြီးနှင့် ထွက်မိခဲ့ရပါပြီတည်း။

သြော် ... ချစ်လွန်းသူမို့ ခွင့်လွှတ်နားလည်ပေးရမြဲ။

ချစ်ရသူလေးအပေါ် အလိုလိုက် စိတ်လျှော့ချလိုက်ရမြဲပါတကား။

❦ ❦ ❦



## ၂၄

မောင်မောင့် ကားက အိမ်ရှေ့ရှိ မန်ကျည်းရိပ်မှာ ထိုးရပ်လာတော့ ဆေးပေါ့လိပ်ကြီးခဲ၍ ပန်းပင်တွေ မြေတောင်မြှောက်ပေးနေရာမှ သူ လှမ်းကြည့်၏။

ပုဆိုးတိုတို ဝတ်ထားသည့် သူ့အသွင်က တကယ့် ဥယျာဉ်မှူးကြီးနှယ်မို့ မောင်မောင်သဘောတကျကျဖြင့် ကြည့်လာ၏။

"လာ"

ပေါက်ပြားတိုလေးကို ချထားကာ ရေတိုင်ကီမှာ သွား၍ သူ ခြေလက်ဆေးရင်းဖြင့် လှမ်းခေါ်တော့ မောင်မောင့်ထံမှ ရယ်သံ ထွက်လာ၏။

"ဆေးခန်း မဖွင့်သေးဘူးလားကွ"

"အခု ဖွင့်တော့မှာလေ"

"မမွေးပွင့်ရော"

"တီဗီကြည့်တဲ့ ခင်ခင်နဲ့ ထွက်သွားတယ်။ ဒီနေ့ သူ့အအုပ် ကြော်ငြာပါမယ်လေ၊ အဲဒါ ကြည့်ချင်လို့တဲ့"

သူ ဖြေပြီး တစ်ချက် ငိုင်ခနဲ ဖြစ်သွားချင်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်ကျော်မှာ တီဗီတစ်ခါကြည့် နှစ်ကျပ်နှင့် ခင်ခင်နှင့် မမွှေးပွင့်ငယ်တို့ သွားကြည့်ကြသည်။ တကယ်က မွှေးပွင့်ငယ် တီဗီကြည့်၊ ဗီဒီယိုကြည့် ဝါသနာမပါတတ်ရှာပါ။

နသွားကြည့်သည်ကလည်း ဝတ္ထုကြော်ငြာ ပါမည်ဟု ဦးမျိုးတင့်က ပြောပြထားတာမို့ သွားကြည့်ခြင်းပါ။

ခြောက်နာရီခွန်းစမို့ ဆေးခန်းဖွင့်ချိန်ကတော့ နီးလာပြီ။

သူ ငိုင်ခနဲ တစ်ချက်ဖြစ်နိုက်မှာ မောင်မောင်ကတော့ ဘာမှ မဖြစ်သလိုဖြင့် ...။

"အေး ... ကြည့်ပါစေ၊ သူ့ခများလဲ သူ့စာအုပ်ကြော်ငြာ ဆိုတော့ ကြည့်ချင်ရှာမှာပေါ့"

"မဟုတ်ဘူးကွာ၊ ငါ တာဝန်မကျေသလို ဖြစ်နေတော့ စိတ်မကောင်းတာပါ၊ မမွှေးပွင့်ကို တီဗီလေး တစ်လုံးလောက် တော့ ငါ ဝယ်ထားပေးနိုင်ဖို့ကောင်းတယ်၊ သူ့ခများ သူများ ဆီမှာ မျက်နှာငယ်ခံပြီး သွားကြည့်ရရှာတာ၊ မမွှေးပွင့်က သူ့စည်းကမ်းလေးနဲ့သူ နေတတ်တာ၊ ဘယ်တော့မှ တီဗီတို့ ဗီဒီယိုတို့ကို သူများဆီမှာ သွားကြည့်တာ မဟုတ်ဘူး ပြီးတော့ သိတတ်တယ်ကွ၊ သူ့ကြော်ငြာ သွားကြည့်တာကိုလဲ ငါ့ကို မခေါ်ဘူး၊ ခင်ခင့်ကိုပဲ အဖော် ခေါ်သွားတာ၊ သူများ အိမ်မှာ တီဗီကို ပိုက်ဆံပေးကြည့်တာမျိုးကို ငါ အနေခက် _ သူများအိမ်မှာ မနေတတ် မထိုင်တတ်ဖြစ်မှာ .. သူ နား လည်တယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့ ဗိုးဗိုင်ရာ၊ မမွှေးပွင့် စာအုပ်က အောင်မြင်နိုင်တာဥစ္စာ၊ မကြာပါဘူး တီဗီတွေ ဘာတွေ ဝယ်နိုင်မှာပါ"



သူ ခေါင်း ဆတ်ခနဲ မတ်လာလျက် ...

"မဟုတ်တာ ငါက မိန်းမအတွက် ကြည့်ဖို့တောင်မှ တီဗီ တစ်လုံးကို မဝယ်နိုင်ဘဲ မိန်းမ လုပ်စာကို ထိုင်စောင့်ပေး နေရမှာတဲ့လား၊ အဲဒီလို အဖြစ်မျိုးတော့ ငါ အဖြစ်မခံ နိုင်ဘူး၊ မနက်ဖြန်ကို တီဗီ သွားဝယ်မယ်ကွာ၊ မမွှေးပွင့် စာအုပ်တွေက ဆက်တိုက်ထွက်မှာ .. သူများအိမ်မှာ ဒီလို သွားသွားပြီး ကြော်ငြာ ကြည့်ရတာမျိုးကိုလဲ ငါ မကြည့်ရက် ဘူး၊ မျက်နှာငယ်တယ်ကွာ၊ သူ့စာအုပ်က ရတဲ့ စာမူခနဲ့ ဝယ်ဖို့အထိ ငါက စောင့်နေရအောင်လဲ ငါက အိမ်ထောင် ရှင် ယောကျ်ားပဲ၊ ငါ့ အစီအစဉ်နဲ့ပဲ ငါ ဝယ်ပေးမယ်"

သူ ပြောနေသမျှ မောင်မောင် စိတ်လက်မောစွာပဲ နားထောင်သည်။

နောက် ... သူ အိမ်ပေါ်တက်တော့ ဘေးမှ လိုက်လာ ရင်းဖြင့် ...

"မင်းတို့နှစ်ယောက်မှာ အဲဒါတွေပဲ ခက်နေတာ၊ ခုလို မင်းက တီဗီတစ်လုံး ဝယ်ပေးမယ် ဆိုတာကိုတော့ ထားပါ တော့၊ မိန်းမ မျက်နှာ မငယ်အောင် ဝယ်ချင်တယ်၊ ဒါကို ငါ နားလည်ပါတယ်၊ တစ်နည်းနည်းနဲ့ မင်း မဖြစ်ဖြစ်အောင် ဝယ်မယ်ဆိုတာကိုလဲ ငါ သိထားပြီးပြီ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ မင်းဥစ္စာက မိန်းမပိုက်ဆံနဲ့ ဘာကိုမှ မဝယ်ရတော့ဘူး တဲ့လား"

သူ ဘာမျှ ပြန်မဖြေ။ အိပ်ခန်းထဲဝင်။ အင်္ကျီနှင့် ပုဆိုးလဲသည်။ ဆေးခန်းထိုင်မည်ဆိုတော့ သပ်သပ်ရပ်ရပ်ရှိရှိ လိုသည်။ ဂျူတီကုတ်ကိုလည်း ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းဖွင့်ဖို့ နှစ်ယောက်သား ခြံထဲ ပြန်ဆင်းလာ၏။ ဆေးခန်းဖွင့်။ လူနာရောက်ဖို့လည်း စောသေးသည်မို့ ဂျူတီကုတ်ကို ပန်းလေညင်း၏ ဆေးခန်း စားပွဲမှာပဲ ခေါက်၍ တင်ထားခဲ့ကာ နှစ်ယောက်သား မန်ကျည်းရိပ်ရှိ ခုံတန်းမှာ ထိုင်မိကြသည်။

"ဒေါ်ဒေါ်ရော"

"ဘုရား သွားတယ် မောင်မောင်"

သူ ဖြေပြီး ဆေးပေါ့လိပ်ကို မီးညှိတော့ မောင်မော သက်ပြင်းတစ်ချက် ရှိုက်သည်။

"ရော့ ... မင်းအတွက် ငါ လမ်းကြုံတာနဲ့ ဝယ်လာတာ

လပ်ကီးစထရိုက် တစ်ဘူးကို အိတ်ကပ်တွင်းမှ ထုတ် မောင်မောင် ပေးတော့ သူ ခေါင်းခါသည်။ ဆေးပေါ့လိပ်တို ရှိုက်ဖွာနေတော့ မောင်မောင် ဘာမှ ဆက်မပြော။ အိတ်ကပ် ပြန်ထည့်သည်။ ပေး၍ ရနိုင်မှာ မဟုတ်တာကိုလည်း သိ၏။

"မင်းတို့နှစ်ယောက်နဲ့ ပတ်သက်လို့ ငါ စိုးရိမ်တာ ရှိတ မင်းတို့မှာ မရှိသင့်တဲ့ မာနတွေက ရှိနေကြတယ်လို့ ငါ တယ်၊ ပိုက်ဆံဆိုရင်လဲ သူ့ပိုက်ဆံ ငါ့ပိုက်ဆံ .. မွေးပွင့်ငေ စာမူခကို လုံးဝ မတို့ထိဘဲ မင်းနေချင်တယ် ... ဦးမျိုး က တစ်အုပ်ကို သုံးထောင်နှုန်းနဲ့ စတင်ပေးတဲ့နေ ငွေခြောက်ထောင် လောလောဆယ် ပေးတော့ မင်း မွေးပွင့်ငယ်က သူ့ပိုက်ဆံအပ်တယ်၊ အဲဒါ မင်း ငြင်းတ

"အဲဒါ သူ့စာမူခပဲ ဥစ္စာ .. ငါက သိမ်းထားလိုက် လွှမ်းမိုးချုပ်ကိုင်ရာ ရောက်မှာပေါ့"

"မဟုတ်သေးဘူးလေ၊ ဂုဏ်ယက်ရှင် ကိုယ်တိုင်က မင်း ပေးတာပဲ၊ နေဦး .. ငါ့ကို မျက်လုံးကြီး ပြူးမကြည့်လာ



ငါ့စကား ပြောလောသွားလို့ .. နည်းနည်းမှားသွားတယ်၊ အဲ .. ကာယကံရှင်ကိုယ်တိုင်က မင်းကို အဲဒီ ပိုက်ဆံတွေ အပ်တာပဲ ... သဘောက မင်းဟာ အိမ်ဦးနတ်ဖြစ်လို့ သူက အပ်တာ၊ အဲ .. တစ်ယောက်နဲ့တစ်ယောက် ဘယ်သူရှာရှာ မင်းက သိမ်းဆည်းစီမံရမယ်ဆိုတဲ့ သဘောမျိုး"

"အဲဒါက မင်းအမြင်ကိုး၊ ဒါပေမဲ့ ငါ မကိုင်ချင်ဘူးကွာ၊ သူ့ပိုက်ဆံတွေကို"

"အေး ... အဲဒါပဲ ခက်တာ၊ မွေးပွင့်ဓမျှာ မျက်နှာပျက်သွားတာပဲ မဟုတ်လား၊ ဒေါ်ဒေါ်ကတော့ ခပ်အေးအေးသမား၊ ဘာဆိုဘာမှ ဝင်ပြောတာ မဟုတ်ဘူး"

"ငါပြောမယ် မောင်မောင် .. ငါဟာ ယောကျာ်း .. အိမ်ထောင်ကို ငါ တာဝန်ယူနိုင်ရမယ်၊ ငါ့မိန်းမ ရှာလို့ရတဲ့ ပိုက်ဆံကို သိမ်းပြီး ငါ့ခြေ ငါ့လက် စီမံမယ့် အစား .. ငါ့အိမ်ထောင်အတွက် လိုအပ်တဲ့ ငွေကြေး ဘာကိုမဆို ငါ့လုပ်အား ငါ့ချွေးနည်းစာနဲ့ ငါ ဖြည့်စွမ်းချင်တယ်၊ သူ ရှာလို့ရတဲ့ ပိုက်ဆံ သူ့သဘော .. ဘာလုပ်လုပ် ဘာသုံးသုံး"

သူ ပြောတော့ မောင်မောင် ခေါင်းခါသည်။

"အဲဒါ ပျက်စီးခြင်း ငါးပါးထဲမှာ တစ်ပါးတိုးအောင် မင်းလုပ်တာပဲကွ၊ အဲဒါ ကိုယ့်မိန်းမကို ဘဝင်မြင့်အောင် အောက်ခြေလွတ်အောင် လုပ်တဲ့နည်း၊ ခုလို ကြိုးစားဆဲ ကာလောင်သစ်ဘဝမှာထားတော့၊ အရှိန်ကို အောင်မြင်လာတဲ့ အခါမှာ မင်း မိန်းမရတဲ့ စာမူခဟာ အထိုက်အလျောက် များလာမှာပဲ၊ အဲဒီလို အခါမျိုးမှာ သူ ရှာတဲ့ ပိုက်ဆံ သူ သုံးချင်သလို သုံးမှာပဲဆိုတဲ့ စိတ်မျိုး သူ့မှာ အရိုးစွဲသွားရင် မကောင်းဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ငွေဆိုတာ မိန်းမတွေရဲ့ လက်ထဲမှာ များများစားစား ရှိလာရင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တဲ့ မိန်းမက ခပ်ရှားရှား .. သုံးတယ် ဝယ်တယ်နဲ့ လုပ်ချင်တာ လုပ်လာရတတ်တယ်"

မောင်မောင် ပြောသမျှတွေကို အဓိပ္ပာယ် မရှိလှဟုပဲ သူ မှတ်ယူသည်။

ဘယ့်နှယ် ကိုယ့်မိန်းမ ရှာ၍ ရသည့် ပိုက်ဆံကို ယောကျ်ားက မျက်နှာထား ခပ်ပြောင်ပြောင်ဖြင့် သိမ်းဆည်းစီမံပေး နေရမည်တဲ့။ ဟုတ်ကို မဟုတ်သည့်စကား။

"အိမ်ထောင်ဦးစီးဆိုတာ ငွေရှာရုံသက်သက် မဟုတ်ဘူးကွ၊ အိမ်ထောင်ရဲ့ ဦးစီးဆိုတဲ့ စကားကိုက အဓိပ္ပာယ် ကျယ်ဝန်းတယ်၊ ကိုယ့်သားမယားကို ထိန်းကျောင်းပဲ့ပြင်နိုင်ရမယ်၊ သာယာတဲ့ အိမ်ထောင်ရေးကို ဖန်တီးနိုင်ရမယ်၊ တစ်ယောက်နဲ့ တစ်ယောက် အပေးအယူ မျှရမယ်၊ နားလည်မှု ရှိရမယ်၊ မိန်းမကို ချစ်တတ် အလိုလိုက်တတ်ရသလို .. တစ်ဖက်ကလဲ ထိန်းကျောင်းပဲ့ပြင်နိုင်တဲ့သူ ဖြစ်ရမယ်၊ ကိုယ့်မိန်းမဟာ ဘယ်လောက်ပဲ လိမ္မာရေးချား ရှိရှိ ... အဲဒါကို လွှတ်မထားရဘူး .. လိမ္မာတဲ့မိန်းမတွေ မိုက်ကန်းကန်းနဲ့ အထင်ကြီး ဘဝင်မြင့်ကုန်ရတဲ့ အကြောင်းရင်းထဲမှာ ပိုက်ဆံများများ ကိုင်လာနိုင်တဲ့ အချိန်မျိုးပဲကွ"

မောင်မောင် စိတ်ပူနေမှန်း သူ နားလည်လာသည်။

"အောင်မြင်တဲ့ သူတွေဟာ အောင်မြင်တဲ့ ဒဏ်ကို ခံနိုင်ရည်ရှိဖို့ လိုတယ်ဆိုတာ ငါ အများကြီး မြင်ဖူးတာတွေ ရှိနေတယ်၊ အဲဒါကြောင့် ဒီစကားကို ငါ ပြောရတာ .. ရှလို မမွေးပွင့် မရှိတုန်း ပြောရတာလဲ ပိုကောင်းတာပေါ့ကွာ



မမွေးပွင့်ဟာ လိမ္မာပါတယ်၊ အဲဒါကို ငါ သိသွားပဲ၊ ဒါပေမဲ့ အောင်မြင်လာတဲ့အခါမှာ ဒီလိုဆက်ပြီး လိမ္မာနေဖို့ ဆိုတာကတော့ မင်းလဲ အရေးပါတဲ့ နေရာမှာ အဓိက ရှိနေတယ် .. မမွေးပွင့်ရဲ့ ပင်ကိုစိတ်ထားလဲ မပြောင်းမလဲဘဲ ရှိနေဖို့လိုတယ်"

သူ ငြိမ်သက်နားထောင်ရသည်။ ဘာမျှတော့ ဝင်မပြော။

"မမွေးပွင့်ရဲ့ လက်ရည်လက်သွေးကို ငါ သိတယ်၊ သူ အောင်မြင်လိမ့်မယ်၊ ဦးမျိုးတင့်ကလဲ သေသေချာချာကို လုပ်တဲ့သူ .. ကြော်ငြာအားသုံးတယ် .. စာရွက်ကောင်း သုံးတယ်၊ ပန်းချီအဖုံးမှာလဲ လက်ရာကောင်းကို သုံးတယ်၊ အဲ ... မမွေးပွင့် ကိုယ်တိုင်ကလဲ အရည်အသွေးကောင်းတဲ့ ကလောင်တစ်လက် ဖြစ်နေတယ်၊ မမွေးပွင့် အောင်မြင်မယ်လို့ ငါ ယုံကြည်တယ်"

မောင်မောင် ပြောပြီး မျက်မှန်ကို ပင့်သည်။

"မင်း သိထားဖို့က မမွေးပွင့်ငယ်ဟာ မိုးပျံအောင်ပဲ တော်နေပါစေ၊ မင်းဟာ သူ့ရဲ့ ခင်ပွန်းသည် ဖြစ်တယ်ဆိုတာကို မမွေးပွင့်ရဲ့ စိတ်ထဲမှာ အမြဲသတိပြုနေဖို့ လိုအပ်တယ်ဆိုတာပဲ၊ အဲဒီလို ဖြစ်ဖို့ဆိုတာက မင်း ကိုယ်တိုင်ကလဲ အိမ်ထောင်ရဲ့ ဦးစီးပဲ့ကိုင်ဆိုတဲ့ နေရာမှာ မြဲမြဲနေတတ်ဖို့ လိုတယ်၊ အဆုံးစွန်ကွာ ဘုရင်မနဲ့ ညားတဲ့သူပဲဖြစ်ဖြစ် ဘုရင်မဟာ သူ့ခင်ပွန်းသည် အပေါ်မှာတော့ ဘုရင်မလို ဩဇာပေးလို့ မရဘူး မဟုတ်လား အဲလိုသဘော"

သူ ခေါင်းယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ငါ ... သူ့ပိုက်ဆံကို မထိချင်ဘူး မောင်မောင်"

မောင်မောင် စိတ်လက်မော်ဟန်ဖြင့် သက်ပြင်းကြမ်းကို ရှိုက်ချကာ ...

"မင်းတို့ ရင်ထဲမှာ ဒီမာနဆိုတာ ပေါ်လာရတဲ့ကိစ္စကို ငါ မကြိုက်တာပဲ၊ မမွှေးပွင့်ကလဲ မင်းရဲ့ မေမေ အန်တီသန့်ရဲ့ စကားတစ်ခွန်းတည်းနဲ့ အဲဒီမာနမျိုး ဖြစ်နေတာ၊ တခြားလူတွေနဲ့ ပတ်သက်ရင် အဲဒီမာနမျိုး မရှိတဲ့ မမွှေးပွင့်ဟာ မင်းအပေါ်ကျတော့ ငွေကြေးဥစ္စာနဲ့ ပတ်သက်ပြီး ကင်းရှင်းနေချင်တဲ့ သဘောမျိုး အရမ်းထင်ရှားတယ်၊ ဒါက အန်တီသန့်ရဲ့ စကားကြောင့်ဖြစ်တာ၊ မင်းကျတော့ မမွှေးပွင့်ဘက်က ဒီလောက်တောင်မှ ငွေကြေးကိစ္စ ရှင်းချင်နေရင် ယောက်ျားဖြစ်တဲ့ မင်းက ပိုပြီး ကင်းသင့်တယ်၊ မာနထားသင့်တယ်ဆိုပြီး ဖြစ်နေတယ်၊ အဲသလို ငါ မြင်တယ်၊ အဲဒါကိုလဲ ငါ မကြိုက်ဆုံး ဖြစ်နေတယ်၊ အန္တရာယ်များတယ်ကွ"

ဦးမျိုးတင်ထံမှ စာမူခ ငွေကြေးပေးသည့် ကိစ္စမှာ သူနှင့် မွှေးပွင့်ငယ်တို့၏ အဖြစ်ကို မျက်မြင်မို့ မောင်မောင် တကယ်လည်း စိတ်ပူနေဟန်တူသည်။

"ငါ သူ့ကို ချစ်ခဲ့တာ သူ့မျက်နှာလေးက အရမ်းကို အေးချမ်းနေလို့ပါ၊ မာနကင်းနေတဲ့ မျက်နှာလေး၊ ဒါပေမဲ့ကွာ တကယ်တမ်း သူနဲ့ငါ လက်ထပ်ပြီးတဲ့နောက်မှာ ငါ့အပေါ် ငွေကြေးနဲ့ ပတ်သက်လို့ မာနထားတဲ့ မွှေးပွင့်ငယ် ဖြစ်နေပြီ၊ ဒါကလဲ မင်း ပြောသလို ငါ့မေမေကြောင့်ဆိုတာ ငါ သိပါတယ်၊ ငါ့အပေါ် သူ ငွေကြေးကိစ္စ၊ ပစ္စည်းကိစ္စ ကင်းရှင်းနေတာဟာ ငါ့အပေါ်ထက် မေမေ့အပေါ်မှာ သူ လုပ်ပြ



နေတယ်ဆိုတာ ငါ သိထားတယ်၊ ဒါကြောင့်လဲ ခွင့်လွှတ်ထားနိုင်တာပေါ့"

သူ ဆေးပေါ့လိပ်ကို မီးထပ်ညှိသည်။

"ဒါပေမဲ့ကွာ၊ မေမေ့ကို လုပ်ပြနေတဲ့ အဲဒီကိစ္စမှာ ငါက တိုက်ရိုက်ခံစားနေရတဲ့သူ ဖြစ်နေတယ်၊ အဲဒီအတွက် ငါ စိတ်မကောင်းတာပါ၊ ဒါပေမဲ့ သူ့ကို ငါ သိပ်ချစ်မိတာရယ်၊ သူ့ကို နားလည်နေမိတာတွေရယ်ကြောင့် ..."

စကားကို ခေတ္တရပ်ထားမိပြီးမှ ...

"ငါ သည်းခံနေတာပါ"

ဟု ခပ်လေးလေး ပြောမိပါ၏။

သူ အမြတ်တနိုး ပေးသည့် လက်စွပ်လေးကို ယခုတိုင် မွှေးပွင့်ငယ် ဖွင့်ဟ၍ ဝတ်ပေးဖို့ ယနေ့ထိ မပြောသေးတာကို သူ စိတ်ထိခိုက်မိတာ အမှန်။ ခံပြင်းခြင်းဆိုတာကလည်း တစ်ချက်တစ်ချက် ခေါင်းထောင်ချင်လာတတ်သည်ပါပဲ။ ဒါပေမဲ့ မေမေ့ စကားတစ်ခွန်းကြောင့် ဆိုတာကို သဘောပေါက်ထားနေဆဲ အသိတရားသည် သူ့ရင်မှာ နားလည်ခွင့်လွှတ်ခြင်းနှင့် သည်းခံခြင်းတရားကို ဖြစ်တည်နေဆဲ။ ဤအဖြစ်တွေကို သူ မောင်မောင့်ကို ဖွင့်မပြောချင်။

"မမွှေးပွင့်ကို မောင် ဝတ်ပေးချင်တဲ့ လက်စွပ်လေး ဝတ်ပေးလေ၊ စောစောက မမွှေးပွင့် ငြင်းလိုက်မိတာ မှားသွားပါတယ် မောင်၊ မောင်က ချစ်လို့ အမှတ်တရ ဝတ်ပေးတဲ့ဥစ္စာကိုနော်"

ဟု သူ့ပခုံးထက်မှာ ခေါင်းလေး မှေးတင်လျက် တစ်ခွန်းပဲ ပြောလိုက်၊ သူ့ရင်ထဲမှာ ကြေကွဲနေရတာတွေ အားလုံး လျှော့ကျပြေပျောက်သွားမည်သာ။ ထိုအဖြစ်ကိုလည်း သူ

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားသည်ပါပဲ။ ဒါပေမဲ့ တကယ်တမ်းမှာကျတော့ ဖြစ်မလာခဲ့။

"ဒက်ဒီ ဆေးခန်းမှာ ငါ ထိုင်ခဲ့တုန်းက ငါ့လုပ်အားခရယ်လို့ သတ်သတ်မှတ်မှတ် ပေးထားတာတွေကို ငါ ဘဏ်မှာ စုထားတာရှိတယ်၊ အဲဒါ မနက်ဖြန် သွားထုတ်မယ်၊ ဆယ့်လေးလက်မ တိုရှီဘာကာလာတီဗီတစ်လုံး ဝယ်မယ်ကွာ"

ရုတ်ခနဲ ကောက်ကာငင်ကာ ယတိပြတ်လေသံနှင့် သူပြောတော့ မောင်မောင် လက်ဖြောက်ပြလျက် ...

"ဝယ်ကွာ၊ ဝယ်ကွာ"

ဟု စပ်ကျယ်ကျယ် အော်သည်။

"ဒီလို ဝယ်ချင်တယ်ဆိုတာ သူ တခြားနေရာမှ မျက်နှာငယ်စရာမဖြစ်အောင် ပြီး သွားကြည့်တာကို မကြည့်ရက်လို့ပါ၊ အဲဒါ အချစ်ကြောင့်ဆိုတာ မင်း နားလည်မှာပါ၊ သူ့ကို ငါ ... ငါ့ဘဝမှာ အရေးကြီးဆုံးနေရာမှာ ထားပါတယ်၊ ငါ့မိဘ၊ ပြီးတော့ ငါချစ်သူ၊ အဲဒါဟာ ငါ့ဘဝမှာ အရေးကြီးဆုံးနေရာမှာရှိတဲ့ သူတွေပဲ၊ ငါကိုယ်တိုင်ဟာ သူတို့ရဲ့ နောက်ပါးမှာပဲ ရှိတဲ့ အဆင့်မှာ ငါ ထားတယ်"

ဒက်ဒီနှင့် မာမီတို့လည်း အရေးကြီးသည့် နေရာမှာ ထားကြောင်း သူ ဖွင့်ပြောတော့ မောင်မောင် ဝမ်းသာသွားသည်ပါပဲ။

သူ ငြိမ်သက်စွာ ထိုင်နေရပေမယ့် စိတ်ထဲမှာတော့ မကောင်းနိုင်။

သူတစ်ပါးအိမ်မှာ ငွေနှစ်ကျပ် ပေး၍ ကြမ်းပြင်မှာ ထိုင်လျက် တီဗီရှေ့မှာ တမော့မော့ဖြင့် ရှိနေရှာမည့် မွေးပွင့်ငယ်၊



သြော် ... သူ၏ ချစ်ဇနီးသည်လေး။ တီဗီမှာ ကြော်ငြာပါမည်ဆိုတာကလည်း ယခုညနေကျမှ ဦးမျိုးတင့် ကားလေးနှင့် ပေါက်ချလာကာ ပြောပြသွားသည်လေ။

သိရတာနှင့် မွေးပွင့်ငယ်ခမျာ ကြော်ငြာလေးကို မြင်ချင်စောနှင့် ညနေစာကို ဖြောင့်ဖြောင့် မစားနိုင်ရှာ။

ကလေးလေးလိုပဲ သူ့ကို ခွင့်တောင်းပူဆာရှာသည်။ တစ်အိမ်ကျော်အိမ်မှာက တစ်ခါကြည့် နှစ်ကျပ်နှင့် တီဗီပြသည်လေ။

သူ စိတ်ထဲ မကောင်းနိုင်။ ကလေးလေးလို ပူဆာရှာသည့် မွေးပွင့်ငယ်ကိုလည်း မတားရက်။

မသွားနဲ့ ဆိုလိုက်လျှင် တကယ်လည်း သွားရှာမှာ မဟုတ်တာကို သူ သိထားသည်။ ဒါကြောင့် မတားရက်နိုင်။ ကြည့်ချင်ပါလျက်နှင့် မျိုသိပ်နေရှာမည့် ချစ်ရသူလေးကို စိတ်မထိနိုက်စေချင်။ ဒါကြောင့် ခွင့်ပြုလိုက်ရခြင်းပါ။

သူတစ်ပါးအိမ်မှာ တီဗီရှေ့မှာ ကြော်ငြာလေးကို မျှော်တော်စောနှင့် တမော့မော့ မျှော်နေမည့် မွေးပွင့်ငယ်၏ အသွင်လေးကို စိတ်ကူးနှင့် မြင်ယောင်နေမိရင်းမှ သနားစိတ်တို့ တားဆီးမရနိုင်စွာဖြစ်ရ၊ စိတ်မကောင်းဖြစ်ရနှင့် သူ့ကိုယ်သူ တာဝန်မကျေသူတစ်ယောက်လို ဖြစ်တည် ကြေကွဲခံစားရသည်ကို သူသာ အသိဆုံး။

သြော် ... သူ့နှလုံးသားသည်လျှင် အသိဆုံးပါ။

မနက်ဖြန် တီဗီတစ်လုံးကို ဝယ်ကိုဝယ်မည်။ နောက်အိမ်မှာပဲ ထိုကြော်ငြာလေးကို မွေးပွင့်ငယ် ကြည့်ရမည်။

သူကရော။ သြော် ... သူသည်လည်း မွေးပွင့်ငယ်နှင့်အတူ ထိုင်၍ ကြော်ငြာလေးကို ကြည်နူးစွာ ကြည့်မည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်နယ် ပျော်နေရှာမည့် မွေးပွင့်ငယ်၏ မျက်နှာ နုနုထွေးထွေးလေးကိုလည်း ကြည့်မည်။

ကြော်ငြာလေးကိုလည်း ကြည့်မည် ...။ အဘယ်မျှထိ ရင်ဝယ် .. ငြိမ်းချမ်းရှေမည်လဲလေ။

အချစ်သည် ချစ်ရသူအတွက် ပြည့်ဆည်းဆောင်ရွက်ပေးလိုစိတ်ကို ရင်၌ အတိုင်းအဆမဲ့စွာ ဖြစ်တည်စေတတ်ချေသည်တကား။

❦ ❦ ❦



## ၂၁

"မမွေးပွင့်"

ညှော်ခန်းတွင် စားပွဲဝိုင်းလေးချကာ စာမူ ငုံ့ရေးနေရာမှ မွေးပွင့်ငယ် မော့ကြည့်လာသည်။ ညှော်ခန်းသို့ ဝင်ရာ တံခါးမကြီးအနီးတွင် ပြုံး၍ ခပ်စိုက်စိုက် ကြည့်နေသော သူ့ကို မွေးပွင့်ငယ် မော့ကြည့်ရင်းမှ ...

"ဟယ် ... မောင် ... တီဗီဝယ်လာတယ် ဟုတ်လား"

ဟု မေးလည်းမေး။ ကလေးတစ်ယောက်နယ် အပျော်စိတ်လေးကို မထိန်းနိုင်စွာပဲ သူ့ထံ ချက်ချင်း ပြေးလာရှာပါ၏။

သူ ရင်ထဲမှာ အရမ်းကို ကြည်နူး အေးငြိမ်းသွားရသည်ပါပဲ။

ဆယ့်လေးလက်မတီဗီပါသော စက္ကူကတ်ထူ သေတ္တာကို သူ ပေါ့ပါးစွာပဲ ပွေ့ပိုက်ထားသည်။ ဒါပေမဲ့ တိုရှီဘာတီဗီဟူ၍ စာသားပါသည့် စက္ကူသေတ္တာငယ်ကို မြင်တာနှင့် သူ တီဗီ ဝယ်လာသည် ဆိုတာကိုတော့ မွေးပွင့်ငယ် သိလိုက်သည်ပေါ့။

မျှော်လင့်ချင်သည်က ဤသို့သော အဖြစ်။ ပူတတ်သည့်ယနလို ... လိုက်လှဲဝမ်းသာလွန်းစွာဖြင့် သူ့အပါးသို့ ကလေးတစ်ယောက်နယ် ပြေးလာသည့် အဖြစ်မျိုးပါ။ တကယ်တမ်း ဝယ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် သူ စိုးရိမ်တကြီး ဖြစ်နေသည်က မွှေးပွင့်ငယ်ထံမှ မျက်နှာ မကောင်းစွာဖြင့် ...

"ဘာလို့ ဝယ်လာရတာလဲ မောင်၊ မောင့်ဆီက ဒါတွေ ရကောင်းစေဆိုပြီး မောင့်ကို လက်ထပ်ခဲ့တာ မဟုတ်ပါဘူး မောင်"

ဆိုသည့် စကားမျိုးကို သူ ကြားလိုက်ရမှာ အရမ်းကို ကြောက်နေမိခဲ့သည် မဟုတ်ပါလား။ ဒါပေမဲ့ သူ ကံကောင်းသွားပြီ။ ဟုတ်သည်။ ကံကောင်းသွားပြီ။

မွှေးပွင့်ငယ်သည် ကလေးတစ်ယောက်နယ် ခုန်ပေါက်ပျော်ရွှင်စွာ သူ့အပါးသို့ ပြေးလာသည်။ တိုရှိဘာ တီဗီသေတ္တာကို ကလေးတစ်ယောက်နယ် ပွတ်သပ်ကြည့်သည်။

မြင်ကွင်းကို ကြည့်နူးစွာ သူ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်ပါပဲ။

"မောင့်မိန်းမ ကြည့်ဖို့ ဝယ်လာတာလေ၊ ဒီည အိမ်မှာပဲ မောင့်မိန်းမရဲ့ ကြော်ငြာကိုကြည့်၊ ဟုတ်လား"

သူ ခပ်တိုးတိုး ခေါင်းငိုက်၍ ပြောတော့ မွှေးပွင့်ငယ် ခေါင်းလေး ညိတ်ချလိုက်ရင်း ...

"ပျော်စရာကြီးနော်၊ မမွှေးပွင့်ဖြင့် ရင်တွေ ခုန်နေရောပဲ အဟင်းဟင်း ... ဒီည အိမ်မှာ ဒေါ်ဒေါ်ရှိယ်၊ မောင်ရှိယ်၊ မမွှေးပွင့်ရယ်၊ ခင်ခင်ရယ် စုပြီး ထိုင်ကြည့်ကြမယ်နော်၊ ကြော်ငြာက ပန်းချီလေးက သိပ်လှတာ မောင်ရဲ့၊ မောင်မောင် သိုက်ရဲ့ လက်ရာလေ၊ သိပ်လှတာ၊ မောင့်ကို ကြည့်စေချင်တာမှ အရမ်းပဲ၊ မောင့်ကို အားနာလို့ သူများအိမ်ကို မခေါ်သွားတာ"



ပြောလည်းပြော။ သူ့ဘေးမှာ ကပ်၍ လိုက်လာရင်း ...

"မမွှေးပွင့် ကူချမယ်လေ မောင်ရဲ့"

ဟု တီပ်ထည့်လာရာ စက္ကူကတ်ထူ သေတ္တာက အစ ပျာပျာသလဲလေး ကူညီပေးရှာသည်။

သူ ချက်ချင်း ကီဗီဆင်သည်။ တီဗီဆိုတာက အချိန်ကြာကြာ လုပ်စရာ ဘာမျှ ရှိတာမှ မဟုတ်ချေပဲလေ။ စားပွဲပေါ်မှာ တီဗီကိုတင်သည်။ မွှေးပွင့်ငယ်က သေတ္တာထဲမှ ဖော့တုံးအဖြူတွေကို ကျကျနန အိမ်ခန်းထဲ သွားသိမ်းသည်။ ဗီရိုထဲက စားပွဲခင်းသန့်သန့်စင်စင်လေးကို ပြေး၍ ယူသည်။ စားပွဲမှာ ခင်းကျင်းသည်။ နောက် ... တီဗီကို သူ စားပွဲထက်မှာ တင်တာ။ လိုအပ်သည့်အရာတွေကို တပ်ဆင် ဆက်သွယ်တာ။ အားလုံးကို ဘေးမှာ ငြိမ်သက်ရပ်နေလျက် စိတ်ဝင်တစား ကြည့်နေသည်ပါပဲ။

သူ လုပ်ကိုင်နေရင်းဖြင့် မသိမသာ မွှေးပွင့်ငယ်ကို ငဲ့ကြည့်တော့ ကလေးလေးလို မျက်လုံးလေး မလှုပ်မယှက် ငြိမ်သက်ငေးစိုက် ကြည့်နေတာကို သူ မြင်၏။ မျက်တောင်ပင် မခတ်။ သူ လုပ်ကိုင်နေသမျှကို စိတ်ဝင်တစားဖြင့် တိတ်ကျနေလျက် ကြည့်နေရှာသည်ပါပဲ။

သူ တီဗီကို လိုအပ်တာတွေအားလုံး တပ်ဆင်ပြီးတော့ မွှေးပွင့်ငယ် အိပ်ခန်းထဲ ပြန်ဝင်သည်။ ဗီရိုကို ဖွင့်ကာ အဖြူနှင့် အပြာကွက်စိပ်လေးများပါသော စားပွဲခင်းချည်တည် ခပ်ပါးပါးကို သုတ်သုတ်လေး ယူလာသည်။ နောက် ... တီဗီပေါ်မှာ ဖုံးအုပ်ထားလိုက်သည်။ သဘောက ဖုန်တွေ ဘာတွေ တီဗီမှာ တင်မနေနိုင်အောင် ဖုံးအုပ်ထားသည့်သဘော။

www.burmeseclassic.com

www.burmeseclassic.com



သူ မွှေးပွင့်ငယ်၏ စိတ်လက် လွတ်လပ်စွာဖြင့် အရိုးခံအတိုင်း ရင်ထဲ ရှိသမျှ အပျော်လေးများ အားလုံးကို ဖွင့်၍ လှုပ်ရှားနေသမျှကို ရင်တခွေးခွေး၊ တမြတ်နိုးနိုးဖြင့် ကြည်နူးပီတိ ဝေစွာ ငေးစိုက်ကြည့်နေမိရသည်ပါပဲ။

ဒီလိုပဲ အမြဲနေပါလား မမွှေးပွင့်ရယ် ... ဟု မချင့်မရဲ ကျိတ်၍ ညည်းမိရသည်အထိပါ။

"တူတူကြည့်ကြမယ်နော်၊ အဟင်း ... ပျော်စရာကြီး မောင်ရယ်"

ဟု ကြော်ငြာလေးကို တူတူကြည့်ဖြစ်တော့မည့်ကာလလေးကို ရည်ရွယ်၍ ပြောလာတော့ သူရယ်သည်။ မွှေးပွင့်ငယ်၏ ပခုံးလေးကို သူ သိုင်းပွေ့ယူသည်။ မျက်နှာချင်းဆိုင်ဖြစ်အောင် မျက်နှာလေးကို ဆွဲမောလိုက်ပြီးမှ ငုံ့မိုး၍ ...

"ဟုတ်တယ်၊ မောင်လဲ ပျော်တယ်၊ ခုလို မောင့်အပေါ်မှာ မမွှေးပွင့် နားလည်တာကိုလဲ မောင် ကျေးဇူးတင်တယ်၊ မမွှေးပွင့်နဲ့ ပတ်သက်လာရင် မောင် တတ်စွမ်းသမျှ ဖြည့်ဆည်းပေးချင်တယ်၊ မောင့် မိန်းမကလဲ ခုလိုပဲ ပျော်တဲ့ စိတ်နဲ့ လက်ခံစေချင်တယ်"

သူ ပြောပြီး မွှေးပွင့်ငယ်ကို ပွေ့ပိုက်ထားရင်းနှင့်ပင် ...

"မောင် မနေ့ညကတည်းက ဒီနေ့မှာ ဒီဥစ္စာကို ဝယ်မယ်လို့ ဆုံးဖြတ်ထားတာ၊ မမွှေးပွင့် မသိအောင် ဝယ်မယ်လို့ ဆုံးဖြတ်ထားတာ၊ ခုလို ရုတ်တရက် တွေ့ ဝမ်းသာရအောင် လို့လေ"

သူ ပြောလည်းပြော။ ပြုံး၍ နဖူးလေးကို ထရှင်း ...



"နောက် ဘာလိုလို မောင့်ကို ပြော၊ အသိပေး၊ အိမ်ထောင်ရှင် ဖြစ်တဲ့ မောင့်မှာ တာဝန်ရှိတယ်၊ ပြီးတော့ မောင့်ကို ပူဆာတာမျိုးကိုလဲ မောင် ကြားချင်တယ် ကြားလား"

ဟု ပြောမိရသည်။ မွှေးပွင့်ငယ် ခပ်ငေးငေးလေး တစ်ချက် ကြည့်သွားလျက် ...

"ဘယ်က ပိုက်ဆံနဲ့ မောင် ဝယ်တာလဲ မောင်"

ဟု ထိုအခါမှ သတိရသလို မျက်နှာလေး ပျက်ချင်ချင်ဖြင့် မေးလာတော့ သူ့ရင်ထဲမှာ မောကျသွားရသည်ပါပဲ။

ဘာကြောင့်များ မောင့် ရင်ထဲမှာ ကြည်နူးမှုတွေကို ကြာရှည်မထားနိုင်ရတာလဲ မမွှေးပွင့်ရယ်ဟု ကြေကြေကွဲကွဲ တွေးမိလိုက်ရပါပြီတည်း။

"မောင် စုထားတဲ့ ပိုက်ဆံနဲ့ပါ၊ ဒါ ဒက်ဒီ ပိုက်ဆံလဲ မဟုတ်ဘူး၊ မေမေ့ ပိုက်ဆံလဲ မဟုတ်ဘူး"

ဟု ရှင်းရှင်းပဲ သူ ဖြေသည်။ ဤအတွက် မွှေးပွင့်ငယ်ကို စိုးရိမ်နေမှန်း သိတာမို့ သူ ရှင်းခနဲ ဖြေလိုက်ခြင်းပါ။

"အင်း ... အင်း ... မမွှေးပွင့်က မောင့် ပိုက်ဆံတွေ အရမ်းကုန်မှာစိုးလို့ မေးမိတာပါ မောင်ရယ်၊ မျက်နှာကြီးကလဲ ပုပ်သွားလိုက်တာ"

သူ တစ်ချက် မွှေးပွင့်ငယ်၏ မျက်နှာနုနုလေးကို ကြည့်၏။ ချော့သလိုလေး မော့ပြုံးပြနေသည့် မျက်နှာလေးမို့လည်း သူ ကြာရှည် မျက်နှာမတည်တင်းထားရက်ပြန်။ စိတ်ကို လျှော့ချလိုက်ရသည်ပါပဲ။

"ဆယ့်လေးလက်မပဲ မောင် တတ်နိုင်တယ် မမွှေးပွင့် ဒါပေမဲ့ အရုပ်ထင်တာပဲ မဟုတ်လား၊ ကာလာနဲ့လဲ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ မောင်တို့ အိမ်ထောင်မှာ ဒီလောက်ဆို အတော်ပါပဲ ကွယ်"

ဟု သူ ပြောပြီး ...

"လာ ... ထိုင်"

ဟု သူ့ဘေးမှာပဲ ဆွဲပွေ့၍ ထိုင်ခိုင်းသည်။

"ဒီနေရာက ထိုင်ကြည့်ကြမှာနော်၊ ကြော်ငြာကိုလေ"

"အင်း ... အဟင်း ... ပျော်စရာကြီးနော်၊ မောင် နေဦး မမွှေးပွင့် ဒေါ်ဒေါ်ကို ပြေးပြောလိုက်ဦးမယ်၊ ခင်ခင့်ကိုလ် သွားပြောပြလိုက်မယ်လေ"

ပေါ့ပါးကြည်စင်စွာပဲ မွှေးပွင့်ငယ် ပြောရတော့ သူ စောစောက ရင်ထဲမှာ တင်းကျပ်ခဲနေတာတွေ ပြေလျော့လာလျက် ခေါင်းကို မော့၍ ပေါ့ပါးရွှင်ပြစွာ ရယ်မောလိုက်မိသည်ပါပဲ။ မွှေးပွင့်ငယ်၏ မျက်နှာလေးကို ခေါင်းလေးမှ သိမ်းယူ၍ သူ့ပခုံးပေါ် ဖေးတင်ထားလိုက်မိရင်းဖြင့် ...

"မောင် ချစ်လိုက်တာ မမွှေးပွင့်၊ ဒီလို မူရာလေးတွေကို မောင် ဘယ်လို ချစ်မှန်းကို မသိဘူးကွာ၊ အရမ်းကို မြတ်နိုး မိနေတာလဲ အမှန်ပဲ"

တိုးဖွဖွ ပြောလည်းပြော။ မျက်နှာလေးကိုလည်း ငုံ့မိုး နမ်းရှိုက်လိုက်မိရပါပြီ။

"ဒေါ်ဒေါ်ကဖြင့် မောင့် အငှားကားပေါ်က ဆင်းတာနဲ့ ဒီဥစ္စာကို တွေ့ပြီးပါပြီ၊ မမွှေးပွင့် မပြောပြနဲ့တော့၊ ခုလော လောဆယ် မောင့် အနားမှာနေ၊ မောင့်မိန်းမ ပျော်နေတာကို မောင် ကြည့်မဝသေးဘူး၊ အဟုတ်ပြောတာ၊ ဒီလို အမြဲနေပါ လား မောင့် မမွှေးပွင့်ရယ်"



သူ တကယ်လည်း မမွှေးပွင့်ငယ်၏ ကိုယ်လေးကို မလွှတ်။ သူ့အပါးမှာပဲ သိုင်းပွေ့ထားနေမိသည်။

"မောင် ကဗျာထဲမှာ ပါတာကို မှတ်မိလား၊ တတိယအပိုဒ် မှာလေ"

သူ ငုံ့၍ မေးတော့ မွှေးပွင့်ငယ် ခေါင်းခါသည်။ ရင်ထဲတွင် တစ်ချက် မကောင်းနိုင်ဘဲ ဖြစ်သွားရပါ၏။ သူ့ကဗျာ ကို မွှေးပွင့်ငယ် အာရုံထဲ ထည့်မထားနိုင်ချေတော့ပြီတဲ့လား။ တကယ်ကို သူ အမြတ်တနိုးဖြင့် မင်္ဂလာဦးနေ့မှာ ပေးခဲ့ပါသည့် ကဗျာ။

"တကယ် မမှတ်မိတာလားဟင်၊ မောင့်ကို စိတ်တိုအောင်ဆို ပြီး သက်သက် ပြောတာလား"

မွှေးပွင့်ငယ် သူ့ကို မော့ကြည့်၍ ရယ်သည်။ မျက်နှာ အိုလျက် အရမ်းကို ပျက်ကျနေသည့် သူ့အဖြစ်ကို သဘောကျစွာ ပခုံးမှာ မေးမှီလိုက်လျက်ဖြင့် ...

"**မာန်မာနကင်း၊ ဖြူသန့်ရှင်းစွာ၊ မထည်ဝါချေ** ...အို ... မွှေးပွင့်လေသာ ဆိုတာ မမွှေးပွင့် မှတ်မိပါတယ် မောင်"

ဟု ရယ်သံငွေ့ငွေ့ဖြင့် ဖြေတော့ သူ နဖူးလေးကို ထုပစ်ရင်း ...

"ဒါ့ နောက်စရာလား"

ခပ်တိုးတိုး ဆူသလိုလေး ပြောရပေမယ့် ကြည်နူးမှု လွှမ်းနေသော အဆူအပူလေးမှန်း နှစ်ယောက်သား သိနေကြသည်ပါပဲ။

"အဲဒီကဗျာလေးထဲကလိုပေါ့၊ မောင်လေ ... မမွှေးပွင့်ကို ချစ်နေမိရတာ၊ မာန်မာန ကင်းစင်နေတဲ့ ဒီမျက်နှာလေးကြောင့် တကယ့် ငွေလမင်းလေးလို အေးငြိမ်းနေတဲ့ ဒီမျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်၊ ဒီမျက်လုံးလေး၊ ဒီအကြည့်လေး၊ ပြီးတော့ အမူအရာလေးတွေကြောင့် မောင် မမွေးပွင့်ကို ချစ်တာဟာ အရမ်းကို ဖြူစင်ရိုးစင်းတဲ့ စိတ်ထားလေးကြောင့် အဲဒါကို မမွေးပွင့် သိထားပါကွယ် နော်”

ပြောလည်းပြော၊ ချစ်ရသူလေးကို သိမ်မွေ့ညင်သာ ထွေးပွေ့လိုက်ရင်းဖြင့် နဖူးပြင်လေးကို ဖွဖွနမ်းရှိုက်မိလိုက်ရပါသည် အဖြစ်။

မောင် ချစ်လိုက်ရတာ မမွေးပွင့်ရယ် ...။

မင်းကို မောင် သိပ်ချစ်တယ်ဆိုတာ မင်းလဲ သိပါတယ်။

ဘာကြောင့် ချစ်တယ်ဆိုတာလဲ မင်း သိပါတယ်ကွယ်။

မင်း ငါ့ကို အားကိုးစမ်းပါ။ မာန်မာန ကင်းကင်းနဲ့ ဆက်ဆံစမ်းပါ။

မင်းနဲ့ မောင် ကြားမှာ ချစ်မြတ်နိုးခြင်း ဆိုတဲ့ အရာဟာ သန့်သန့်လေး ရှိနေသင့်တယ်။ ရှိနေမှလည်းဖြစ်မယ်။ မာန်မာန ကင်းစင်တဲ့ ချစ်မြတ်နိုးခြင်း ဆိုတာ ရှိနေမှ ဖြစ်မယ်။

အဲဒါကို မင်း သိမှ ဖြစ်မယ် မမွေးပွင့်ရယ် ...။



အို ... မွေးပွင့်လေသာ ...
အဆင်းမှာဖြူ ရနံ့ကြူသင်း
ဂုဏ်သတင်းဖြင့် ...
အမြဲတင့်တယ်နေပါလှည့်။

အို ... မွေးပွင့်လေသာ
နွဲ့နှောင်းစွာပွင့်၊ စိမ်းရွက်ဆင့်ရဲ
ခက်ညှာတံမှာ၊ တည်ငြိမ်စွာဖြင့်
အမြဲတင့်တယ်နေပါလှည့် ...။

အို ... မွေးပွင့်လေသာ ...
ပန်းဝတ်လွှာထက်၊ ဆေးရောင်စက်များ
ခြယ်မထားဘဲ၊ ဖြူစင်မြဲဖြူ
ဆေးမကူပဲ၊ လှမြဲအလှ
ယဉ်စစ်စဲဖြင့်၊ ရိုးဂုဏ်ဆင့်ကာ
လေပြည်သာညင်း၊ ကောင်းသတင်းဖြင့်
အမြဲတင့်တယ်နေပါလှည့် ...။
ဪ ...
အမြဲတင့်တယ်နေပါလှည့် ...။

www.burmeseclassic.com

www.burmeseclassic.com

## ၂၆

"ဘာပဲဖြစ်ဖြစ်ပေါ့ မောင့်ကိုတော့ အသိပေးပြီးမှ လုပ်ဖို့ ကောင်းတာပေါ့ မမွေးပွင့်၊ ကြိုတင်ငွေ ဆိုတာတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ အဲဒါဟာ အကြွေးပဲ၊ သူတို့လိုတဲ့ စာအုပ်ကို သူတို့ လိုချင်တဲ့ အချိန်မှာ မပေးနိုင်ရင် မမွေးပွင့် စိတ်ဆင်းရဲမယ်၊ စာတစ်ပုဒ်ဆိုတာ စိတ်လက်ရှင်းရှင်းနဲ့ ရေးရတာ ပိုမကောင်းဘူးလား၊ မောင်တို့ ဒီမှာ နေနေရတာ အားလုံး အဆင်ပြေနေတာပဲ"

သူ ဖျောင်းဖျ ပြောပေမယ့် မရ။

မွေးပွင့်ငယ် ခေါင်းပဲ ယမ်းနေသည်။

မွေးပွင့်ငယ်၏ အောင်မြင်မှုသည် မောင်မောင် ပြောသလိုပင် အချိန်တိုအတွင်းမှာ ဖြစ်တည်ခဲ့သည်ပါပဲ။ တစ်နှစ်အတွင်း မွေးပွင့်ငယ်သည် ဘက်ဆဲလား စာရင်းဝင် ရောင်းအသွက်ဆုံး စာရေးဆရာမလေး ဖြစ်လာခဲ့ပြီးပြီ။

တစ်လ တစ်အုပ်နှုန်းဖြင့်လည်း မွေးပွင့်ငယ်သည် စာရေးအား ကောင်းခဲ့သည်ပါပဲ။



မွေးပွင့်ငယ် စာရေးနေချိန်တိုင်းမှာ သူ ဘေးမှာ အမြဲတမ်းလိုလို အဖော်အဖြစ် ရှိနေခဲ့တတ်သည်။ မွေးပွင့်ငယ်၏ စာမူတိုင်းကို သူ ဦးစွာ ဖတ်ဖြစ်ခဲ့သည်။ လိုအပ်သည်များကို သူ ထောက်ပြခဲ့သည်။

တစ်ခါတစ်ရံမှာ မွေးပွင့်ငယ်နှင့် သူ အငြင်းအခုန် ဖြစ်ရတတ်သည်။ စာတစ်ပုဒ်မှာ မွေးပွင့်ငယ်နှင့် သူ အငြင်းအခုန် ဖြစ်ရ၊ ထောက်ပြဝေဖန်ရလေတိုင်း၊ ရင်ထဲမှာ သူ ကြည်နူးနေမိရတတ်သည်ပါပဲ။ ဘာပဲဖြစ်ဖြစ်။ မွေးပွင့်ငယ်အတွက် အထိုက်အလျောက် အထောက်အကူ ပြုနိုင်သည့် နေရာမှာ သူ ရှိနေရသည်ဟု ခံစားကြည်နူးမိခြင်းပါ။ ယခုတော့ မနက်စောစော ကော်ဖီပွဲမှာ မွေးပွင့်ငယ်က သုံးဆယ့်လေးလမ်းဘက်မှာ တိုက်ခန်းတစ်ခန်း ငှားကာ ပြောင်းနေဖို့ စီစဉ်ပြီးသည့် ကိစ္စကို ဖွင့်ပြောလာပြီ။ ဘာဆိုဘာမျှ သူ မသိရဘဲ မွေးပွင့်ငယ် စီစဉ်လိုက်သည့် အစီအစဉ်။

ဘာပဲဖြစ်ဖြစ်။ သူ့ကိုတော့ အသိပေးဖို့ကောင်းသည်ဟု သူ မှတ်ယူ၏။

"မဟုတ်ဘူးလေ မောင်၊ မမွေးပွင့်မှာက စာပေနဲ့ ပတ်သက်လို့ အင်တာဗျူးကိစ္စဖြစ်ဖြစ်၊ စာပေဝါသနာရှင်ဖြစ်ဖြစ်၊ သူတို့က မမွေးပွင့်ဆီကို ရောက်ရောက်လာတတ်ကြတာ၊ မောင် မြင်တဲ့အတိုင်းပဲ၊ မမွေးပွင့်တို့ အိမ်က နံ့ချာချာလေးရယ်၊ လူမြင်မတင့်တယ်ဘူးပေါ့ မောင်၊ ပြီးတော့ သူများအထင်သေးစရာလဲ ဖြစ်မယ်၊ မမွေးပွင့်တို့ကို ဆင်းရဲတယ်လို့ သဘောပေါက်သွားကြမှာ"

သူ ခေါင်းယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မွှေးပွင့်ငယ် ဘာကြောင့် ဤမျှ အသည်းအသန် တိုက်ခန်းမှာ ပြောင်းနေချင်မှန်း သူ နားလည်လာရသည်။

လွန်ခဲ့သည့် တစ်ပတ်လောက်က မွှေးပွင့်ငယ်ကို အင်တာဗျူး လုပ်ချင်သည့်ကိစ္စ၊ မဂ္ဂဇင်းတိုက် တစ်တိုက်မှ စကား လာကမ်းသည်။

ဖျာချောခင်း ညှော်ခန်းငယ်လေးကိုလည်း ထိုအင်တာဗျူး ဆရာက ဇေ့ဝဲကြည့်သွားသည်။ ကြည့်သူက သာမန်ကြည့် ကြည့်ရုံးပါ။ ဒါပေမဲ့ မွှေးပွင့်ငယ် မျက်နှာ မကောင်းဘဲ ကျန်ခဲ့ သည်လေ။

သဘောက ဆင်းရဲနွမ်းပါးသူအဖြစ် မြင်သွားမှာကို ရှက်နေသည့် သဘောမျိုး ဖြစ်နေသည်။

အင်တာဗျူးကိစ္စကိုလည်း နောက်မှပဲ စီစဉ်ပါဟု မွှေးပွင့်ငယ် ပါးပါးနပ်နပ်ပဲ ပြုံး၍ ဖြေခဲ့သည်လေ။

အင်တာဗျူးဆရာက မွန်မွန်ရည်ရည်လေးပါ၊ တယ်လီ ဖုန်းနံပါတ်ကိုလည်း ပေးသွားရှာသည်။ အဆင်ပြေနိုင်မည့်အချိန် မှာ မဂ္ဂဇင်းတိုက်ကို ဖုန်းလှမ်းဆက်ပေးပါဟုလည်း ပြောသွားသည်။ နောက်တစ်ခေါက်လည်း ထပ်မံ၍ လာရောက်ပါဦးမည်ဟုလည်း ယဉ်ကျေးစွာပဲ ပြောသွားသည်ပါပဲ။

ဒါပေမဲ့ မွှေးပွင့်ငယ် မျက်နှာမကောင်းစွာ ကျန်ရစ်ခဲ့ သည်။

"မမွှေးပွင့်တို့ အိမ်လေးက သိပ်မျက်နှာငယ်တာပဲ မောင်ရယ် တကယ်တော့ မမွှေးပွင့်အနေနဲ့ ဒီထက်ပိုပြီး ကောင်းကောင်း နေဖို့ ကောင်းတာ၊ ခုတော့ ဖျာချောခင်းတဲ့ အိမ်ညှော်ခန်းငယ် လေးထဲမှာ ဘာများ အထင်ကြီးစရာရှိလို့လဲ"



ဟု ညည်းပွပွပြောပြီး မြဲထဲ ဆင်းသွားသည် မဟုတ် ပါလား။

လက်ရှိအချိန်မှာ ဖြစ်နိုင်သည့် အတိုင်းအတာအတိုင်း နေတတ်ဖို့ သူ ဖျောင်းဖျစကားဆိုဖို့ ကြိုးစားခဲ့ပေမယ့် မမွှေးပွင့် ဘာမျှ တုံ့ပြန်မပြောခဲ့။

ယခုကျတော့ သုံးဆယ့်လေးလမ်းမှ တိုက်ခန်းတစ်ခန်း သို့ ပြောင်းရွှေ့နေထိုင်တော့မည်တဲ့၊ ဤနေ့ကျမှ မွှေးပွင့်ငယ် သူ့ကို အသိပေးလာသည်။

"မောင့်ကို အသိပေးဖို့ ကောင်းတာပေါ့ကွာ"

ဟု စိတ်လက် မကြည်လင်စွာပြောတော့ မွှေးပွင့်ငယ် ခေါင်းမော့လာလျက် ...

"မောင့်ကို ရုတ်တရက် ဝမ်းသာစေချင်လို့ပါ"

ဟု ပြုံး၍ ချော့သလိုလေး ပြောလာ၏။

သူ ခေါင်းယမ်းသည်။ သူ သိသည်ပေါ့။ တကယ်တမ်း ကတော့ သူ သိလျှင် လက်ခံမှာ မဟုတ်တာကို ကြိုတင်သိနှင့်နေတာမို့ အသိမပေးခြင်းဆိုတာ ...

"မမွှေးပွင့် ပြောတဲ့အတိုင်းဆိုရင် အဲဒီတိုက်ခန်းအတွက် ငွေကို အန်ကယ်ဦးမျိုးတင့်က ထုတ်ပေးတာဆိုတော့ အားနာဖို့ လဲ ကောင်းတယ်၊ စာမူခအတွက် ကြိုတင်ငွေယူတယ်ဆိုတာ က အကြွေးတင်တာပဲ"

သူ သောက်လက်စ ကော်ဖီခွက်ကို ပြန်ချသည်။ စားပွဲဝိုင်းမှ ထသည်။ ဟောင်းနွမ်းနေပြီဖြစ်သော စားပွဲဝိုင်း ပုပု လေးထက်မှာ ကိတ်မုန့်တွေ ဘာတွေတော့ ရှိနေသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိမ်၏ အပြင်အဆင်သည် ဘာမျှ မပြောင်းလဲနိုင်ခဲ့၊ ဤအတွက်ကို မွေးပွင့်ငယ် ကြာရှည် စိတ်ရှည်နိုင်ဟန်မတူ။ ယခုတော့ မြို့ထဲမှာ တိုက်ခန်းနှင့် နေဖို့ စီစဉ်ပြီးခဲ့ပြီ။ စာမူခအတွက် ကြိုတင်ငွေအဖြစ် တိုက်ခန်းအတွက် အပျောက်ပေးရသည့်ငွေကို မွေးပွင့်ငယ် ဦးမျိုးတင့်ထံမှ ယူခဲ့ပြီးချေပြီ။

တကယ်လည်း တိုက်ခန်းအတွက် ငွေလည်း ချေပြီးခဲ့ပြီ။ မနေ့ကတစ်နေ့လုံး မွေးပွင့်ငယ် အပြင် ထွက်သွားတာကို ယခုမှ သူ သဘောပေါက်လာသည်။

သူ ဆေးဝယ်ဖို့ကိစ္စ မြို့ထဲသွားမည်ဆိုတုန်းကတော့ နေရစ်ခဲ့သည်။

သူ ထွက်သွားပြီးမှ မွေးပွင့်ငယ် အပြင်သို့ ထွက်သွားသည့်အဖြစ်ကို နောက်မှ သူ သိခဲ့ရသည်ပဲလေ။ ဒေါ်ဒေါ်က သူ အိမ်ပြန်ရောက်လာတော့ ပြောပြသည်။

တကယ်လည်း မွေးပွင့်ငယ် စောစောနှင့် အိမ်ပြန်ရောက်မလာ။

ညနေလောက်မှ ပြန်ရောက်သည်။ မောမောပန်းပန်းပုံလေးမို့ သူလည်း မမေးချင်တော့တာနှင့် ဘာဆိုဘာမျှ မနေ့ညက မမေးမိခဲ့။ မွေးပွင့်ငယ်ထံမှလည်း ဘာဆိုဘာမျှ ပြောမလာခဲ့။

တကယ်က မွေးပွင့်ငယ်ထံမှ ပြောပြစရာများ ရှိနေလေမည်လားဟု သူ စောင့်နေမိခဲ့သည်ပါပဲ။ ဒါပေမဲ့ ဘာမျှ ပြောမလာခဲ့။ ဘယ်တုန်းကမှ တစ်ယောက်တည်း ထွက်မသွားချင်တတ်သည့် မွေးပွင့်ငယ်။

ထိုသို့ တမင်တကာ သူနှင့် ခွဲ၍ ထွက်ခဲ့သည့်ကိစ္စ၊ ယနေ့ မနက်ကျမှ သူ သဘောပေါက်ရချေသည့်အဖြစ်။



"အကြွေး ဆိုပေမဲ့ အဲဒီအကြွေးကို မမွေးပွင့်ရဲ့ စာမူခနဲ့ ဆပ်မှာပါ မောင်၊ မောင့်အတွက် ဘာဝန်ထုပ်ဝန်းပိုးမှ ရှိတာမှ မဟုတ်ဘဲ"

မမျှော်လင့်သောစကား၊ သူ့ခေါင်း ဆတ်ခနဲ ထောင်လာချိန်မှာပင် ...

"ဟဲ့ ... မိမွေး၊ ဘယ်နှယ် ပြောလိုက်တာလဲ၊ ကိုယ့်ယောကျ်ားကို"

ဟု လှမ်း၍ ဟန့်လိုက်သော ဒေါ်ဒေါ့် စကားသံက ထွက်လာ၏။

မွေးပွင့်ငယ်ကို သူ စူးစိုက်ကြည့်နိုက်မှာပင်။

"ဟုတ်တယ် ဒေါ်ဒေါ်၊ ဘယ်တုန်းကမှ မောင် အမြင်ကြည်ဖူးလို့လဲ .. မမွေးပွင့် ဘာပဲလုပ်လုပ် .. သူ အမြဲ မကောင်းဘဲမြင်နေတတ်တာ၊ စာမူခ အပ်ရင်လဲ မယူဘူး၊ သူနဲ့ မဆိုင်ဘူးဆိုပြီး နေတယ်၊ မယူချင်တာကို အတိအလင်း လုပ်ပြတယ်၊ ခုလဲ ကောင်းကောင်းနေရအောင် မမွေးပွင့် စိတ်ကူးလေးနဲ့ လုပ်လိုက်တာကို သူ အပြစ်ပဲမြင်တယ်၊ မမွေးပွင့် အရမ်းစိတ်ညစ်တယ်၊ ဝမ်းလဲနည်းတယ်"

ပြောလည်းပြော၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတော့ ဒေါ်ဒေါ် သက်ပြင်းရှိုက်ကာ နေရာမှ မျက်နှာမကောင်းဘဲ ထွက်သွားသည်။

မွေးပွင့်ငယ်၏ မျက်နှာနုနုလေးကို သူ ငေးစိုက်ကြည့်ရင်းမှ မျက်ရည်စက်လေးများက သူ့နှလုံးအိမ်မှ ဒေါသကို ငြိမ်းပြေနိုင်ဖို့ တောင်းပန်လာသည်သို့ ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ နေရာရွှေ့ကာ မွှေးပွင့်ငယ်၏ ဘေးမှာ ထိုင်သည်။ ပခုံးလေးကို ထွေးပွေ့၍ ...

"မဟုတ်ဘူးလေ၊ မောင်က မမွှေးပွင့်ကို စိတ်အာရုံ ရှင်းရှင်းနဲ့ အနှောင်အဖွဲ့ကင်းကင်းနဲ့ စာရေးတာကို ဖြစ်စေချင်လို့ပါ၊ တိုက်ခန်းအတွက် အပျောက်ပေးရတဲ့ ငွေတွေကို ကျေလိုစောနဲ့ ဖြစ်ဖြစ်၊ ဦးမျိုးတင့်ကို အားနာလို့ပဲဖြစ်ဖြစ် မနားမနေ စာမူတွေ ရေးနေရင် လူလဲ ပင်ပန်းမယ်၊ ဇာတ်လမ်းမှာလဲ အားနည်းမှုတွေ ရှိလာမယ်၊ အဲဒါကို မောင် ပူတာပါ"

မွှေးပွင့်ငယ်ကတော့ မျက်ရည်ကျနေဆဲ။ ဝမ်းပန်းတနည်း ရှိနေဆဲ။

အပြစ်တင်ခံရလေခြင်းဟု ဝမ်းနည်းပန်းနည်း ဖြစ်နေသည့်ပုံလေး။

"မမွှေးပွင့်က ရတ်တရက် အသိပေးရင် မောင် ရုတ်ခနဲ ဝမ်းသာသွားမယ်လို့ ထင်တာ၊ နတော့ အလကားပဲ"

မျှော်လင့်ထားသလို ဖြစ်မလာသည့်ပုံလေးဖြင့် မျက်နှာလေး အပျက်မျက်နှင့် မွှေးပွင့်ငယ် ပြောတော့ သူ ခေါင်းယမ်းသည်။

"မဟုတ်ဘူးလေ၊ မောင် ပြောတာက မမွှေးပွင့်မှာ ခင်ပွန်းသည်ဆိုတာ ရှိတယ်၊ အမေလိုနေတဲ့ ဒေါ်ဒေါ် ရှိတယ်၊ အဲဒါကိုတော့ ဖွင့်ပြောတိုင်ပင်သင့်တာပေါ့ မဟုတ်ဘူးလား၊ မမွှေးပွင့် ရှာတဲ့ ငွေနဲ့ မမွှေးပွင့် လုပ်တာပဲဆိုပေမဲ့ အဲသလို မတိုင်မပင် မလုပ်သင့်တာတော့ အမှန်ပဲ၊ အဆုံးစွန် တိုက်ခန်းနဲ့ နေချင်တယ်ဆိုရင် မောင့်ကို ပူဆာပေါ့၊ မောင် ကြိုးစားမှာပေါ့"



သူ စိတ်လက်ရှည်ရှည်ဖြင့် ဖျောင်းဖျရှင်းပြနေခိုက်မှာပဲ ...

"အဲလို မောင့် တိုက်ခန်းကို စောင့်နေရင်တော့ တော်တော်နဲ့ ဒီလို ဖြစ်လာနိုင်မှာ မဟုတ်ဘူး မောင်"

ဟု ပြောလာတော့ သူ့ရင်ထဲမှာ ထိနိုက်သွားရပါပြီ။ မွှေးပွင့်ငယ်၏ မျက်နှာလေးကို မှင်တက်စွာ သူ တစ်ချက်ကြည့်မိသည်။ ထွေးပွေ့ထားသော ပခုံးလေးကို လွှတ်လိုက်မိလျက် မွှေးပွင့်ငယ်၏ နှုတ်ခမ်းလေးကို မယုံကြည်နိုင်စွာ ငေးစိုက်ကြည့်နေမိရပါပြီ။

သြော် ... ဤနှုတ်ခမ်းနုနု ဖူးဖူးလေးသည် မကြာမတင်မီကပင် သူ့ကို အထင်သေးစကား ပြောခဲ့ပြီးချေပြီ တကား။ အားကိုး မရသူအဖြစ် သူ့ကို သတ်မှတ်သည့် စကားမျိုး ဆိုခဲ့ချေပြီ တကား။

သူ မျက်တောင်မခတ် မွှေးပွင့်ငယ်၏ မျက်နှာကို စိုက်ကြည့်သည်။ နောက် ... တစ်ချက် ပြုံးသည်။ နာကြည်းနာကျင်နေသော အပြုံး။ ခံပြင်းပြုံး။

"ဟုတ်တာပေါ့၊ ငါဟာ ဘာဆို ဘာမှ မင်းအတွက် အကုန်အကျ မခံနိုင်တဲ့ ငမွဲတစ်ယောက်ပဲ၊ မိန်းမအတွက် ဘာကိုမှ လုပ်မပေးနိုင်တဲ့ ငွေမရှိနိုင်တဲ့ လူတစ်ယောက်ပဲကိုး"

သူ မီးဖိုခန်း၏ ပြတင်းအနီးတွင် သွားရပ်သည်။

မွှေးပွင့်ငယ်ကို သူ ထပ်မကြည့်။ ဘာကြောင့်ရယ်မသိ။ လောလောဆယ် ထိုမျက်နှာရလေးကို ကြည့်ချင်စိတ်တည်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ တစ်နေ့မှာ အဲသလို တိုက်ခန်းတစ်ခန်းကို မင်းအတွက် ငါ စီစဉ်ပေးနိုင်မယ်ဆိုတာ ငါ ယုံတယ်၊ ချက်ချင်း မဟုတ်ပေမယ့် ငါ စီစဉ်ပေးနိုင်ပါတယ် မွှေးပွင့်၊ ငါဟာ မင်း အမြင်မှာ ဒီလောက် ပျော့ညံ့နေတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေသလား"

မေးမိသည့် မေးခွန်းတွင် ခံပြင်းမှုသည် ကြေကွဲခြင်းဖြင့် အတူရောထွေး ပါလာနေသည့်အဖြစ်။ ဒါပေမဲ့ မွှေးပွင့်ငယ်ကို သူ မကြည့်။

"မင်းအနေနဲ့ တိုက်ခန်းနဲ့ ချက်ချင်းနေမှ ဖြစ်မှာလား၊ မင်း ငယ်ကတည်းက နေခဲ့တဲ့ ဒီနေရာ၊ ဒီအိမ်လေးမှာ ဆက်မနေနိုင်တော့ဘူးလား၊ တစ်သက်လုံး နေလာခဲ့တဲ့ နေရာလေးဟာ လတ်တလောမှာ ဘယ်လိုမှ နေမရတော့တဲ့ အရိပ်တစ်ခု ဖြစ်သွားပြီလား"

သူ ခေါင်းယမ်းသည်။

"မင်း လိုချင်တာ ပူဆာဖို့ ငါရှိတယ်၊ ထပ်ပြောမယ်၊ မင်းရဲ့ ယောကျ်ားတစ်ယောက်လုံး ရှိတယ်ကွ၊ မင်း ယောကျ်ားရဲ့ စီစဉ်ပေးတဲ့ အချိန်ထိတောင်မှ မင်း မစောင့်နိုင်တော့ဘူးလား ဟုတ်လားဟင်၊ မင်း ငါ့ကို အထင်သေးတယ်၊ တပ်ပြောမယ် ငါ့ရဲ့ မေတ္တာကို စော်ကားတယ်၊ လူပျော့ လူညံ့တစ်ယောက် အဖြစ် မင်း မြင်တယ်"

သူ လှည့်ကြည့်တော့ မျက်ရည်ကျလျက် သူ့ကို ကလေးလေးလို တောင်းပန်သည့် မျက်နှာလေးနှင့် မော့ကြည့်နေသည့် မွှေးပွင့်ငယ်ကို မြင်ရပြီ။ ဒါပေမဲ့ သူ့ရင်ထဲမှာ နာနေတာပဲ ရှိနေသည်။



"အေးပေါ့ ... မင်းက ငွေရှာနိုင်တဲ့ မမွှေးပွင့် ဖြစ်သွားပြီကိုး"

သူ မီးဖိုခန်းမှ ထွက်သည်။ အိပ်ခန်းတွင်းသို့ ဝင်သည်။ အဝတ်ဗီရိုကို ဖွင့်သည်။ အဝတ်အစားတွေထဲမှ အဝတ်တချို့ကို ရွေးထုတ်သည်။

သူ ပန်းနုရိပ်မှ ထွက်ခွာစဉ်က ပါလာခဲ့သော အဝတ်အစားများ။ ထိုအဝတ်ကိုပဲ သူ ရွေးထုတ်သည်။

"ဒေါ်ဒေါ် တောင်းပန်ပါတယ်ကွယ်၊ ငါ့သားကို ဒေါ်ဒေါ် နားလည်ပါတယ်၊ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ဒေါ်ဒေါ့်တူမကို ခွင့်လွှတ်ပါ သားရယ်"

သူ နောက်လှည့်ကြည့်တော့ မျက်ရည်ဝဲလျက် ရပ်နေသော ဒေါ်ဒေါ်။

တောင်းပန်ကြည့်ဖြင့် ကြည့်နေပါသည့် ဒေါ်ဒေါ်။

"မိမွှေးဟာ တချို့နေရာမှာ ကလေးလေးလိုပါကွယ်။ ခုလဲ လူမြင်သူမြင်ကောင်းတဲ့ တိုက်ခန်းမျိုးလေးနဲ့ နေချင်တဲ့ ဇောနဲ့ လုပ်ခဲ့တာ ဒေါ်ဒေါ် သိတယ်၊ အပြစ်တင်ခံရတော့ မခံချင်စိတ်နဲ့ရော၊ အပြစ်တင် မခံချင်တဲ့စိတ်နဲ့ရော ဇွတ်ပြီး ပြောမိပြောရာ ပြောခဲ့တာ ဖြစ်မှာပါ"

သူ သက်ပြင်း ရှိုက်သည်။

"ဒီက သား ထွက်သွားရင် မိမွှေးလဲ မျက်နှာငယ်မယ်၊ သူများ ပြောစရာဖြစ်မယ်၊ ဒေါ်ဒေါ်လဲ စိတ်ဆင်းရဲမှာပါကွယ်၊ ခုလဲ မင်း စိတ်ဆိုးသွားမှန်း သိလို့ မီးဖိုထဲမှာ ငိုငိုနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းရှိုက်သည်။ ဒေါ်ဒေါ် သူ့လက်တွင်းမှ အဝတ်တွေကို ဗီရိုထဲ ပြန်ထည့်သည်။

စိတ်လက်မောစွာ ခုတင်ထက်မှာ သူ ထိုင်သည်။

"အဲသလို လုပ်ချင်တာ လုပ်ပြီးတိုင်း ငိုပြနေရုံနဲ့ ပြီးမလား ဒေါ်ဒေါ်၊ စကားတစ်ခွန်းကို လက်လွှတ်ပြောလိုက်ပေမယ့် ခံရတဲ့ဘက်က တနင့်တပိုးကြီးပါဗျာ၊ သူ့ကို ကျွန်တော် ချစ်မြတ်နိုးလွန်းလို့ အားလုံးကို စွန့်လွှတ်ပြီး လက်ထပ်ခဲ့တာပါ၊ ဒါကို သူ သိရက်နဲ့ဗျာ"

သူ ပြောပြီး ဒေါ်ဒေါ်ကို ကြည့်မိသည်။ မျက်ရည်ဝဲစွာ ငေးစိုက်ကြည့်နေပါသည့် ဒေါ်ဒေါ်။

"ပန်းနုရိပ်လို တိုက်တာကြီးပေါ်က ကျွန်တော် ဆင်းခဲ့တယ်၊ ဒီမှာ ကျွန်တော် ပျော်ပျော်နေနိုင်ခဲ့ပါရက်နဲ့ မူလကတည်းက ဒီမှာနေခဲ့တဲ့ မမွေးပွင့်က ဒီအရပ်မှာ နေရတာ မျက်နှာငယ်တယ်၊ မနေနိုင်ဘူးလို့ ပြောတာ ကောင်းသလား"

ဟု မေးလိုက်ချင်သည်။ ဒါပေမဲ့ သူ ဒေါ်ဒေါ်ကို အားနာသည်။ လူကြီးကို စိတ်မဆင်းရဲစေချင်။

"ဘာပဲဖြစ်ဖြစ် စိတ်ကို လျှော့ပြီး အဲဒီ တိုက်ခန်းကို လိုက်နေပေးပါလား သားရယ်"

သူ ကျဉ်းကျပ်လှောင်ပိတ်ခြင်း ဝေဒနာကို ခံစားရသည်။

အိပ်ခန်း ကူးသောတံခါးမှာ မွေးပွင့်ငယ် ရောက်လာလျက် မျက်နှာငယ်လေးဖြင့် ...

"မောင် ..."



ဟု မဝံ့မရဲလေး ငိုမဲ့မဲ့ဖြင့် လှမ်းခေါ်ရှာသည်။ အရမ်းကို စိတ်တိုနေသည့် အသွင်နှင့် မျိုသိပ်၍ ကြေကွဲခံစားနေရလေသမျှတို့ ဖုံးကွယ်မရနိုင်စွာ ပေါ်လွင်နေပါသည့် သူ့မျက်နှာကိုလည်း မရဲတရဲလေး ကြည့်ရင်းဖြင့် ...

"တကယ်တော့ မမွေးပွင့်က နားမလည်လို့ လုပ်လိုက်မိတာပါ မောင်ရဲ့၊ မောင် ဒီလောက်စိတ်ထိခိုက်မယ် မထင်မိလို့ပါ"

ဟု လှမ်းလှမ်းမှာပဲ ရပ်လျက် ငိုမဲ့မဲ့လေးနှင့် ပြောပြောနေရှာသည့်အဖြစ်။

သူ့အနားသို့လည်း လာရဲပုံမရ။ ရိုက်မှာ ပုတ်မှာ ကြောက်၍မဟုတ်။ သူ အရမ်း စိတ်ထိခိုက်ခံပြင်းနေတာကို သိနေတာမို့ မလာရဲသည့်အသွင်လေးပါ။

ကလေးလေးလို နေစရာမရှိအောင် ဖြစ်နေလျက် မဝံ့မရဲလေး တောင်းပန်နေပါသည့် မမွေးပွင့်ငယ်၏ မျက်နှာလေးကို သူ စိုက်ကြည့်မိသည်။

မျက်ရည်တွေက တအိအိ ပြိုကျနေဆဲ။ တကယ့်ကို ဝမ်းပန်းတနည်း ငိုကြွေးနေသည့် အသွင်လေး။

သူ့မျက်နှာမှာ နူးညံ့ရိပ်တွေ တဖြည်းဖြည်း ဝင်လာသည်။ သက်ပြင်းငွေ့ငွေ့ ချလိုက်မိလျက် သူ့ခြေလှမ်းက ရှေ့သို့ တိုးလာရပါပြီ။ မွေးပွင့်ငယ်ကတော့ ရှေ့သို့ တိုးရဲရှာမှာ မဟုတ်တာကို သူ နားလည်ထားသည်လေ။

လက်လေးနှစ်ဖက်ကို ကလေးလေးလို ဖိုက်၍ ရပ်ရင်း ရှိုက်သံလေး ပွင့်ပွင့်ကျလာလျက် မျက်ရည်သာ ပြိုကျနေသည့် မျက်နှာလေးကို သူ ကြာရှည်တင်းမခံနိုင်။ မကြည့်ရက်နိုင်။

"နောက်ကို အဲလို မလုပ်နဲ့၊ အဲလိုလဲ မပြောနဲ့ ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆွေသလိုလို ပြောလည်းပြော။ မျက်ရည်တွေလည်း သုတ်ပေးစဉ်နိုက်မှာ ဒေါ်ဒေါ် ပြုံး၍ အခန်းတွင်းမှ ထွက်သွားပါ၏။

မွေးပွင့်ငယ် ထိုသို့ သူ့ထံမှ ခွင့်လွှတ်သည့် ဟန်မျိုးဖြင့် ပြောလာ၊ မျက်ရည်တွေ သုတ်ပေးလာတော့မှ ပို၍ အားငယ်ပါးငယ်ပုံလေးဖြင့် ဝမ်းပန်းတနည်း ငိုယိုလိုက်ကာ သူ့ရင်ခွင်ထဲကလေးလို တိုးဝင်လာချေသည်ပါပဲ။

"မောင့်ကို မမွေးပွင့် မခွဲနိုင်ဘူး၊ မောင် ချန်ရစ်ခဲ့ရင် မမွေးပွင့်တော့ သေမှာပဲ"

သူ မွေးပွင့်ငယ်၏ ခေါင်းလေးကို လက်ဖြင့် သိမ်းဖွေ့လိုက်မိရင်းမှ ဆံစများကို သပ်တင်ပေးမိကာ မျက်နှာလေးကို ရင်မှာ ဖိကပ်ထားလိုက်မိရပါပြီ။ ရှိုက်သံ တွေးတွေးဖြင့် ပြောလာသည့် စကားသံလေးလည်း သူ့နှလုံးသားကို အယှက်ဝင်သည့်နှယ်ပါ။

"မခွဲနိုင်ရင် နောက်ကို ဒီလိုမဆိုးနဲ့ ကြားလား"

ခေါင်းလေးကို ထု၍ သူ ပြောမိ၏။

ဆွေသလိုလေး လုပ်၍ ပြောမိပေမယ့် ချစ်စနိုးလေး ဆူမိသည့်အဖြစ်ဆိုတာ သူ အသိဆုံး။

ချစ်မြတ်နိုးရလွန်းခြင်းကြောင့်ပင်လျှင် ခွင့်လွှတ်တတ်နေရခြင်းပါ မမွေးပွင့်ငယ်။



## ၂၇

"ဒါနဲ့ပဲ မင်း အဲဒီတိုက်ခန်းမှာ နေဖြစ်သွားရတာပဲ မဟုတ်လား"

မောင်မောင့်ကို သူ ကြည့်သည်။ ထုံးစံအတိုင်း စမ်းယမုန် မဂ္ဂဇင်းတိုက်ရှိရာ လမ်း၏ထိပ် ပလက်ဖောင်းခင်း လက်ဖက်ရည်ဆိုင်လေးမှာ နှစ်ယောက်သား ထိုင်ဖြစ်နေကြသည်ပါပဲ။

"အေးကွာ ... ငါ့ ရင်ထဲမှာ မကောင်းတာတော့ အမှန်ပဲ။ သူ့ကို ချစ်လွန်းတာကြောင့်ရယ် ... ဒေါ်ဒေါ် မျက်နှာကြောင့်ရယ် ... ငါ စိတ်ကို လျှော့ချလိုက်တာပါ"

ပြောပြီး လက်ဖက်ရည် ဖန်ခွက်ကို သူ ယူမော့၏။ စိတ်ထဲမှာ လေးလံ ထိုင်းမှိုင်းနေတာပဲ ရှိနေသည်။

"ပန်းလေညင်းမှာတော့ ငါ ဆေးခန်းထိုင်မြဲ ထိုင်ဖြစ်နေတယ်၊ အိမ်လေးကိုတော့ သော့ပိတ်ထားတာပေါ့ကွာ၊ မမွေးပွင့်က သူ စာပေနဲ့ အောင်မြင်မှုရလာကတည်းက ဒေါ်ဒေါ့်အိမ်ဆိုင်လေးကိုလဲ ပိတ်နိုင်းလိုက်တာပဲ၊ ဒေါ်ဒေါ့်ကို နားနိုင်းတဲ့သဘောပေါ့၊ ဒါပေမဲ့ကွာ၊ ဒေါ်ဒေါ်မှာ မီးဖိုဆောင်ထဲ ဝင်နေရတာနဲ့ပဲ အချိန်ကုန်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ မကောင်းနိုင်သည့်ကိစ္စမှာ ထိုအဖြစ်သည်လည်း ပါသည်ပါပဲ။

ဒေါ်ဒေါ်ကတော့ တူမကို ချစ်သည့် ဓာပြင့်ရေး တူမ၏ အောင်မြင်မှုကို ကြည်နူးနေတာကြောင့်ရော မီးဖိုထဲ ဝင်နေရတာတွေကို ပင်ပန်းသည်ဟုပင် မထင်ရှာ။ မွှေးပွင့်ငယ် စာရေးချိန် ပိုရအောင် မီးဖိုထဲက ကိစ္စဟူသမျှ ဒိုင်ခံလုပ်ကိုင်ပေး ရှာသည်ပါပဲ။

"မင်းကို ငါ ပြောခဲ့ဖူးသားပဲ၊ မိန်းမကို သူ ရှာတဲ့ ပိုက်ဆံ သူ့သဘောနဲ့သူ သုံးဆိုတော့ အဲဒီမှာ မှားတော့တာပဲ"

ဆေးပေါ့လိပ်ကို ဖွာပြီး မောင်မောင် ခေါင်းယမ်း သည်။

"သူက ပိုက်ဆံ မင်းကို အပ်တယ်၊ အဲဒီတုန်းက မင်း ငြင်းတယ်၊ အဲဒီအတွက် နောက်ပိုင်းမှာ သူကလဲ မာနနဲ့ ပိုက်ဆံအပ်ဖို့ မစဉ်းစားတော့ဘူး၊ အဲဒီမှာ သူ့ဆီမှာ ပိုက်ဆံ ဘယ်လောက်ရှိလို့ ရှိနေမှန်း မင်း မသိနိုင်ဘူး၊ သူကလဲ သူရှာတဲ့ငွေ သင့်တော်မယ်ထင်တဲ့ ကိစ္စမှာ သုံးတယ်ဆိုပြီး တော့ မင်းကို ဘာမှ မတိုင်ပင်တော့ဘဲ လုပ်သင့်တယ်ထင် တာကို လုပ်လာတယ်၊ အဲဒီမှာ မင်း စိတ်ညစ်ရတာပဲ မဟုတ်လား"

သူ ဘာမျှ ပြန်မဖြေ။ ငြိမ်နေ၏။

"အဲဒီအခါကျတော့ မင်းကို မတိုင်ပင်ရကောင်းလား၊ လင်တစ် ယောက်အနေနဲ့တောင်မှ အသိအမှတ် မပြုရကောင်းလား နေရာမပေးရကောင်းလားဆိုပြီး မင်းဘက်က ဖြစ်လာတယ်"

မောင်မောင် သက်ပြင်းရှိုက်၏။



"မင်းကို ငါ သတိပေးခဲ့ဖူးသားပဲ၊ အဲဒီတုန်းက ငါ့ စကား ကို မင်း အလေးအနက်ထား စဉ်းစားပေးခဲ့ဖို့ကောင်းတာ"

"ဘာကိစ္စပဲလုပ်လုပ် ငါ့ကို သူ အသိပေးသင့်တယ်၊ ငါ ရှာလို့ရတဲ့ ပိုက်ဆံလဲ သူ့ကို အပ်တာပဲ၊ သူက လက်မခံ ချင်ဘူးကွ၊ ဒေါ်ဒေါ်ကိုပဲ အပ်ပါတဲ့၊ မီးဖိုချောင် သုံးဖို့ပေါ့တဲ့ ကွာ၊ သဘောက ငါ့ ရှာတာနဲ့ စားရုံပဲ စားတယ်ဆိုတဲ့ သဘောမျိုး ဖြစ်မနေဘူးလား"

သူ သက်ပြင်း ရှိုက်သည်။ စိတ်ထဲမှာ မောနေတာပဲ ရှိနေသည်။

"ဒီတော့ မီးဖိုချောင် သုံးနိုင်လောက်တဲ့ ငွေလောက်ပဲ ဒေါ်ဒေါ့်ကို ငါ အပ်ဖြစ်တော့တယ်၊ ကျန်တာကို ငါ-စုလိုက် တယ်ကွာ၊ ဒေါ်ဒေါ်ကလဲ ဈေးဖိုးကို တစ်ပတ်စာ ဘယ်လောက် ဆိုပြီး တောင်းယူထားရှာတာ၊ ငါ့ကို စိတ်မရှုပ်ရအောင် အဲလို ဒေါ်ဒေါ် တောင်းထားတယ်ဆိုတာ ငါ နားလည်တယ်၊ ငါ့အပေါ်မှာ ဒေါ်ဒေါ်က သိတတ်တယ်ကွ၊ သူက မသိတတ် တာ"

သူ ပြောရင်း ပြောရင်း အရာရာကို စိတ်ကုန်ခန်းစ ပြုနေသည့် လူတစ်ယောက်၏ ခံစားမှုမျိုးကို ရင်ထဲမှာ ခံစားလာနေ ရပြီ။

"ဒါက ဒီလိုရှိတယ်ကွ၊ မမွှေးပွင့်က မင်းပြောခဲ့သလို အရမ်းကို ဖြူစင်တယ်၊ ရိုးတယ်၊ စာစ်ဖြောင့်တည်းသမား တစ်လမ်းသွားစိတ်မျိုးကွ၊ အဲဒီလို လူမျိုးကို အန်တီသန္တာ ငွေကြေးမက်လို့ မင်းကို အရယူဖို့ ကြံတယ်လို့ ပြောခဲ့ဘူး

www.burmeseclassic.com



တာ ရှိတယ်၊ အဲဒီ စကားကို စိတ်ထဲ မှတ်ပြီး အခုသေအလဲကို ချေဖျက်ချင်နေတာ စိတ်မှတ်ကြီးတဲ့ သဘောပေါ့"

သူ ခေါင်းပဲ ယမ်းသည်။ လက်တွေ့ ခံနေရသည်က မေမေ မဟုတ် ... သူ ဖြစ်နေသည်။

"တစ်ခုခု ပြောမိလိုက်ရင်လဲ ငိုတယ်ကွာ၊ ငါ့ကို မခွဲနိုင်ဘူး ဆိုပြီး ကလေးလေးလို ငိုတာ ... ပြီးတော့ သူ့အကျင့်ကို မပြင်ဘူး၊ အဲဒီ ပိုက်ဆံကိစ္စရယ် ... လင်မယားကြားမှာ ချစ်တာတစ်ခုတည်းနဲ့ ဒီအိမ်ထောင်ကို တည်တဲ့သဘောမျိုး၊ ငွေကြေးကိစ္စ ကင်းရှင်းတဲ့ သဘောမျိုးတွေ လုပ်လုပ်လာတွေရယ်ကို ... ဘယ်အတိုင်းအတာအထိ ငါ သည်းခံနိုင်ပါ့မလဲ ဆိုတာ ငါ့ကို ငါလဲ တာဝန်မယူရဲလောက်အောင်ကို ဖြစ်နေတယ်"

သူ့စကားက အဆုံးစွန်သို့တိုင်နေသည့် သဘောမျိုးတွေ ပါလာနေပြီမို့ မောင်မောင် အလန့်တကြား သူ့ကို ကြည့်သည်။ စိုးရိမ်တကြီးဖြင့်လည်း ...

"ယောကောင် ထင်ရာတွေ စွတ်မလုပ်နဲ့ကွ၊ ဒီကောင်မလေး မင်းကို တကယ်ချစ်တာ ငါ သိတယ်၊ ကောင်မလေး သေသွားလိမ့်မယ်"

"ချစ်တာ တစ်ခုတည်းနဲ့ မပြီးဘူးကွ၊ အိမ်ထောင်ရေးဆိုတာ တစ်ယောက်ကိုတစ်ယောက် နားလည်မှု ရှိဖို့လိုတယ်၊ ခုဥစ္စာက နားလည်မှု နားလည်မှု ဘယ်လိုမှ ဖြစ်မလာနိုင်တော့လောက်အောင် ဖြစ်ဖြစ်နေတာ"

သူ ပြောပြီးမှ လက်မှ နာရီကို ကြည့်သည်။



"ကဲ... ငါ သွားမယ်၊ ပန်းလေညင်းအတွက် လိုနေတဲ့ ဆေးတွေ သွားဝယ်လိုက်ဦးမယ်၊ အဲဒီ ပန်းလေညင်းဟာ ငါ့အတွက်တော့ ငြိမ်းအေးချမ်းသာမှုကို ပေးနိုင်စွမ်းတဲ့ နေရာပဲကွ၊ ငါ့ကို အားကိုးတဲ့ လူနာတွေနဲ့ ငါ ပျော်တယ်၊ ငါ့မိန်းမက ငါ့ကို အားကိုးလိုစိတ်တွေ ပျောက်လွင့်လာချိန်မှာ ငါ့ လူနာတွေကတော့ ငါ့ကို ပိုအားကိုးကြတယ်၊ မမွှေးပွင့် ပြောင်းသွားတော့ ပန်းလေညင်းကို ငါ ပိတ်လိုက်တော့မယ်လို့ ထင်ပြီး စိုးရိမ်နေကြတာ၊ မပိတ်တော့ သူတို့ ပျော်ကြတယ်ပေါ့ကွာ"

သို့ ခပ်ယဲ့ယဲ့ ပြုံးသည်။ အပြုံးသည် နာကျင်သော အပြုံးမှန်း သိသာ၏။

www.burmeseclassic.com



# ၂၈

ရေချိုးခန်းဆီသို့ တိုင်အောင် တိုးဝင်လာနေသည့် မွေးပွင့်ငယ်၏ လေသံတွေကို သူ ကြားလိုက်ရတာနှင့် ပြဿနာတော့ စပြီဟု စိတ်လက်မောစွာ သူ နားလည်လိုက်ရပါပြီ။

ရေလဲပုဆိုးကို သွပ်နန်းကြိုးတန်းတွင် ရေစင်အောင် ခါ၍ လှမ်းပြီး ရေးချိုးခန်းတံခါးကို သူ ဖွင့်၏။ တိုက်ခန်းက ရှည်မျောမျော ပုံစံမျိုးမို့ ရှေ့ခန်းမှ ပြောသမျှ စကားသံတွေက နောက်ဆောင်ဘက်ထိ အသံတွေကတော့ စီးမျောပါလာတတ်သည်ပါပဲ။

"မမွေးပွင့်ကပြင့် အားလုံး စီစဉ်ထားပြီးသား၊ ခုတော့ ဘယ်နှယ်လုပ်မလဲ"

သူ မနက်က ဝယ်လာသည့် ဆက်တီတွေကိစ္စ ဆိုတာကိုတော့ သဘောပေါက်နေမိပြီးသား။

တဘက်ကို ခြုံလျက်ပြင့်ပင် သူ ဧည့်ခန်းဆီသို့ လျှောက်လာ၏။ ပုဆိုးတိုတိုဖြင့် တဘက်ကို ပခုံးထက်မှာ ခြုံတင်ထားသည့် သူ့ကို မြင်တာနှင့် ...

"မောင်က ဘာလို့ ဒီဥစ္စာတွေ ဝယ်ခဲ့ရတာလဲ၊ မမွေးပွင့်က ဆိုဖာတွေ ဝယ်ထားပြီးသား၊ တစ်အောင့်လောက်နေရင်



ကားကြီးနဲ့ ရောက်လာမှာ၊ အားလုံး စီစဉ်ခဲ့ပြီးပြီ၊ ဆိုဖာရော၊ ဗီရိုတွေရော၊ တီဗီစင်ရော၊ တီဗီရော၊ ဒီတိုက်ခန်းနဲ့ လိုက်လျောညီထွေ ရှိမယ့် ဥစ္စာတွေ အားလုံး မမွေးပွင့် စီစဉ်ထားပြီးသား၊ မောင့် ဆက်တီခုံတွေက သစ်သားနဲ့ ရှီးရှီးကြီးတွေ၊ ပြီးတော့ အလကား ပိုက်ဆံပိုကုန်တယ်"

သူ ဘာမှ မပြောချင်တော့။ ပြောရ၍လည်း စကားများ ရုံပဲ ရှိတော့မည့်အဖြစ်။

ဒါပေမဲ့ နားထဲမှာ မရှင်းတာ တစ်ခုပါနေသည်။ တီဗီ ဝယ်လာသည်ဟု ကြားလိုက်ရသလိုမို့ ...

"စောစောက တီဗီ ဝယ်တယ်ဆိုတာ ဘာလဲ မမွေးပွင့်"

ဟု တဘက်ဖြင့် ခေါင်းမှ ဆံပင်တွေကို ပွတ်သုတ်ရင်း သူ မေးလိုက်တော့ ...

"နှစ်ဆယ့်တစ်လက်မ တိုရှီဘာတစ်လုံး ဝယ်လိုက်တယ် မောင်၊ အိမ်မှာရှိတဲ့ ဥစ္စာက ဆယ့်လေးလက်မ မဟုတ်လား၊ အဲဒါ ပြန်ရောင်းလိုက်မလို့၊ ဝယ်ဖို့လူလဲ မမွေးပွင့် တွေ့ပြီးပြီ၊ ဟိုဘက် တိုက်ခန်းက ဝယ်မယ်တဲ့လေ၊ နည်းနည်းတော့ အရှုံးခံ ရောင်းလိုက်ရမှာပေါ့"

သူ့ရင်ထဲတွင် ကျင်ခနဲ ဖြစ်၏။ မွေးပွင့်ငယ်၏ မျက်နှာကို မျက်တောင်မခတ် တစ်ချက် စိုက်ကြည့်မိစဉ်မှာပဲ ဒေါသတွေက ရင်ထဲမှာ အလုံးအခဲလိုက် လိပ်လိပ် ထချင်နေလေပြီ။

ကိုယ်က အမြတ်တနိုးဖြင့် ဝယ်ပေးခဲ့ပါလေသော ဆယ့်လေးလက်မ တီဗီလေးကို ပေါ့ပျက်ပျက်မှုသာ မှတ်ယူသော်မှတ် ခံလိုက်ရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



တတ်စွမ်းသမျှ တတ်နိုင်သမျှဖြင့် သူ အမြတ်တနိုး ဝယ်ပေးခဲ့ပါသော တီဗီသည် မမွေးပွင့်အတွက် အလေးအနက် မြတ်နိုးဖွယ်ပစ္စည်းတစ်ခု မဖြစ်နိုင်ပြီတဲ့လား။ အိမ်ငယ်လေးမှာ နေ၍ အရမ်းကို ရိုးသားဖြူစင်စွာ နေတတ် ပြောတတ် ပါလေသော မွေးပွင့်သည် တဖြည်းဖြည်း မှုန်ဝါးလာချေပြီတဲ့လား။

ရင်ထဲတွင် မယုံကြည်ရဲလောက်အောင် ခံစားနေရပါပည့်အဖြစ်။

"အန်ကယ် ဦးမျိုးတင့်က မမွေးပွင့် လိုသမျှကို ကြိုငွေအဖြစ် ထပ်တောင်းတော့လဲ ထပ်ပေးတာပဲ မောင်၊ အရမ်းကို သဘောထားကောင်းတာ၊ တကယ်က မမွေးပွင့်ကို အန်ကယ် ပေးတာထက် ပိုပြီးပေးမယ်၊ သူတို့ဆီမှာ လာရေးပေးပါဆိုပြီး တခြားစာပေတိုက်တွေကလည်း ကမ်းလှမ်းနေကြတာ၊ မမွေးပွင့်က အန်ကယ့် ကျေးဇူးတရားကို သိတယ် မလိုက်ဘူး၊ အဲဒါကို အန်ကယ်က သိထားတယ်လေ၊ ဒါကြောင့် မမွေးပွင့်ကို ဘာပဲလိုလို တောင်းသလောက် ကြိုငွေ ပေးပေးနေတာ အဟင်း ဟင်း ..."

သူ ရင်မောမောဖြင့် မွေးပွင့်ငယ်ကို စိုက်ကြည့်နေတာ မွေးပွင့်ငယ် မသိ။

ဝေါ့ပါးကြည့်စင်စွာ ကျေနပ် နှစ်သိမ့်သည့်အသွင်ဖြင့် ညေ့ခန်းကို ကြည့်နေသည်။ ဒါပေမဲ့ သူ့ရင်ထဲမှာတွေ့ ဖြစ်နေပြီဆိုတာကို ဒေါ်ဒေါ်က သိနေသည်။

အရမ်းကို အေးစက်နေသော မျက်ဝန်းများဖြင့်တည်ခြင်းမှက တည်ငြိမ်အေးစက်စွာ ရှိနေသည့် သူ့ကို ဒေါ်ဒေါ်ဒ်စိတ်ဖြင့် ပူပင်စွာ လှမ်းကြည့်နေ၏။



"ခုတော့လဲ မမွေးပွင့် အိမ်ကို ဘယ်သူပဲလာလာ၊ အထင်သေးခံဖို့အကြောင်း မရှိတော့ဘူး၊ ဆိုဖာတွေလဲ ရောက်လာတော့မှာ၊ အန်ကယ် ဦးမျိုးတင့်က သူ့အလုပ်တိုက်သုံး စက္ကူတွေ သယ်ပို့နေတဲ့ ကားကြီးနဲ့ ပို့ပေးလာမှာ၊ ဆိုဖာတွေကို မမွေးပွင့် စိတ်ကြိုက် အနီရောင်တွေပဲ ရွေးခဲ့တယ်၊ အနီရောင်ဆိုတော့ လှွင်လဲလွှင်တယ်၊ ကြာရှည်လဲ အရောင်မပျော့ဘဲ ရှိမယ်၊ အပေလဲ ခံမယ်၊ အဲဒါကြောင့် ရွေးခဲ့တာ"

ယခုတိုင် မွေးပွင့်ငယ် သူ့ကို ကြည့်နေပေမယ့် ရင်ထဲမှာ ဘာတွေ ဖြစ်နေပြီ ဆိုတာကို ရိပ်မိပုံ မရသေး။ တတွတ်တွတ်နှင့် ပေါ့ပါးကြည်စင်စွာ ပြောပြနေသည်။

"ကြိုငွေတွေ တိုးတော့တိုးသွားတာပေါ့၊ ဒါပေမဲ့ ခုလို မမွေးပွင့်ရဲ့ လုပ်အား .. ဘယ်လို ပြောရမလဲ၊ ငွေနဲ့ လုပ်ဖြစ်တော့ ရင်ထဲမှာ ကြည်နူးနေမိတာ၊ ပျော်နေမိတာ၊ ဆိုဖာတွေကို ဘယ်လိုထားရင် ကောင်းမလဲဟင် ... တီဗီစင်ကို ဘယ်မှာ ထားမလဲ၊ မှန်ဗီရိုထဲမှာက ကက်ဆက်တွေ ဘာတွေနဲ့ အလှပစ္စည်းလေးတွေ ထားမှာ၊ ဒီနံရံတွေကို ပန်းနုရောင် ဆေးသုတ်ဖို့လဲ အလုပ်သမားတွေကအစ စီစဉ်ခဲ့ပြီးပြီ၊ အန်ကယ်ဦးမျိုးတင့်က အရမ်း လူသိများတာ၊ ဆေးသုတ်သမားတွေကအစ သိထားတော့ အလိုလို အဆင်ပြေနေရော"

သူ့ရင်ထဲမှာ တဖြည်းဖြည်း အေးစက်ခြင်းတွေ နေရာယူလာသည်။ အရမ်းကို သွေးအေးလာသည့်အဖြစ်။ ဒါပေမဲ့ ဒေါသသွေးအေးသော ဒေါသအဖြစ် ရင်ထဲမှာ အရှိန်မြင့်မားစွာ နေရာယူလာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ဘယ်လို အခန်းကို ခင်းကျင်းရင် ကောင်းမလဲ ဟင်၊ ဒေါ်ဒေါ်ကလဲ ပြောပါဦး၊ ကားက ရောက်တော့မှာ၊ ပစ္စည်းတွေ နေရာချဖို့ ဒီဆက်တီခုံတွေက နေရာယူထားတော့ ရှုပ်နေရော"

သူ စောစောက ဝယ်လာကာ နေရာချထားသော သစ်သားဆက်တီခုံတွေကို နှုတ်ခမ်းလေးစူ၍ မျက်မှောင်လေး ကုတ်ကာ မွေးပွင့်ငယ် ပြောလာ၏။

မနက်စောစော သူ ဤဆက်တီတွေကို သွားဝယ်ခဲ့ခြင်းပါ။ မွေးပွင့်ငယ် မသိအောင် ဝယ်မည်။ ရုတ်ခနဲ ဝမ်းသာစေမည်ဟူသော ဓာဖြင့်ပါ။ သြော် ... ဤဓာသည် မေတ္တာမှလာသောဓာ။ အရမ်းကို ကြည်နူးချစ်ဖွယ်ကောင်းသော ချစ်စရာဓာ။

အိမ်ကို ရောက်တော့လည်း သူနှင့် ဒေါ်ဒေါ် တပျော်တပါးပဲ ဆက်တီခုံတွေကို နေရာချထားခဲ့ကြသည်။ ဆက်တီ၏ ကျောမှီမှာ အလှအပလည်းဖြစ်၊ သစ်သားလည်း အပေးခံနိုင်အောင် နောက်မှီ အစွပ်များ အဖြစ် ပွင့်ရိုက်လှလှလေးဖြင့် ကုလားထိုင်စွပ်နှစ်စုံ ချုပ်ဖို့ပင် ဒေါ်ဒေါ်နှင့် သူ စီမံခဲ့ပြီးသား။ တိုင်ပင်ခဲ့ပြီးသား။

မမွေးပွင့်ကလည်း အပြင်ထွက်သွားသည်။ ပြန်ရောက်လာလျှင် ဝမ်းသာလိမ့်မည်ဟု မျှော်လင့်ထားခဲ့လေသမျှ အားလုံး ရေစုန်မျောခဲ့ရပြီးသည့်နောက်မှာ သူ စိတ်လက်ကုန်ခန်းလာတာတွေ ))· ရှိနေသည်။

မမွေးပွင့်သည် သူ့ကို ဘာမျှ တိုင်ပင်ဖို့ သတိမရနိုင်တော့သည့် မမွေးပွင့် ဖြစ်သွားခဲ့ပြီ။ လုပ်ချင်တာတွေကို အားလုံး မွေးပွင့်သည် စိတ်သွားတိုင်း ကိုယ်ပါ လုပ်ဆောင်တတ်ခဲ့ပြီ။



"မောင်က အရမ်း သွားဝယ်ခဲ့တာကိုး၊ ဘယ့်နှယ် လုပ်မလဲ၊ ဒီဥစ္စာတွေက အပေါစားတွေ၊ မမွေးပွင့်က တကယ့် အကောင်းစားတွေ ဝယ်လာတဲ့ဥစ္စာ"

တိုက်ခန်းဆိုတော့ ဧည့်ခန်းကလည်း ဘယ်မှာ ကျယ်ကျယ်လွှန့်လွှန့်ကြီးတော့ ရှိနိုင်ပါ့မည်လဲလေ။ ဒါကြောင့်လည်း မွေးပွင့်ငယ်အတွက် အသစ်စက်စက် သစ်သားဆက်တီခုံ တစ်စုံသည် မျက်စိရှုပ်စရာ ဖြစ်လာရချေသည်ပေါ့။

သူ့တစ်ကိုယ်လုံး စီးပျံ့နေသော သွေးတွေ အေးစက်လာသည်ဟု သူ ထင်လာသည်။ နှလုံးအိမ်သည်လည်း အရမ်းကို တည်ငြိမ်အေးစက်လာသည့် အသွင်။

သူ့တစ်ကိုယ်လုံးလည်း အေးအေးစက်စက် ဖြစ်လာသည့်နှယ်။ ဆူပွက်ခဲ့သော ဒေါသသည် အေးစက်သွားလျက် ပြည့်ကျပ်ခဲ့နေသော ဒေါသအစိုင်အခဲကြီးအဖြစ် ဦးနှောက်မှာ ပြည့်ကျပ်ခဲ့လာသည့်အဖြစ်။ အေးစက်ပြည့်သိပ်နေသော ဒေါသအစိုင်အခဲသည် ဆူပွက်နေသော ဒေါသထက် ပွင့်ထွက် ပေါက်ကွဲချိန်မှာ ကြောက်ဖို့ကောင်းမှန်း သူ့ဘာသာသူ သိနေသည်။ နောက်မဆုတ်တမ်း ဆုံးဖြတ်လိုက်မိပြီးသည့် အဖြေကို ရင်ထဲမှာ တည်ငြိမ်နိုင်မြဲစွာ ရှိသွားစေသည့် ဒေါသအစိုင်အခဲပါ။

"ဟုတ်တာပေါ့၊ ဒါတွေက အညံ့စားတွေပဲ"

သူ့နှုတ်မှ ပထမဆုံး ထွက်ကျလာသည့် အေးစက်စက် စကား။

နောက် ... ခြေလှမ်းအရွေ့သည် လျှင်မြန်၏။ ဆက်တီခုံတွေကို အိမ်နောက်ဖေးဆီသို့ သူ အခေါက်ခေါက် သယ်သည်။ မျက်နှာထားက အရမ်းကို အေးဆေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြာမလိုက်။ ဆက်တီတစ်စုံလုံးသည် နောက်ဘေး မီးဖိုဆောင် တံခါးမှအထွက် မြေကွက်ကျဉ်းကျဉ်းငယ်ငယ်လေး ထက်မှာ ရှိနေပြီ။ သမံတလင်း ခင်းထားသည့် မြေကွက်ငယ်လေး၏ နောက်ဆုံး အခေါက်အဖြစ် တီဗီကို သူယူလာသည်။ ဆက်တီ စားပွဲပေါ်မှာ သူ တင်သည်။

ထိုမြေကွက်လပ်ငယ်လေးမှာ သူ ရပ်၍ အတန်ကြာ စိုက်ကြည့်နေမိသည်က သူ အမြတ်တနိုး ဝယ်လာခဲ့ဖူးသည့် ပစ္စည်းများကိုပါ။ ဟုတ်သည်။ မြတ်နိုးစွာ၊ မျှော်လင့်စွာ၊ ကြည်နူး စွာ ဝယ်ခဲ့ဖူးသည့် ပစ္စည်းများ။

"ဒီမှာ ထားမလို့လား မောင်၊ တီဗီက အိပ်ခန်းထဲမှာ ခဏထားပြီး နောက်မှ ရောင်းလိုက်တာပေါ့ ဟုတ်သားပဲ၊ ဒီနေရာလေးမှာ ဒီဆက်တီကို ထားလိုက်လို့ ရသားပဲ၊ နောက်ဘေးမှာ စကားလေး ဘာလေး ပြောဆိုချိန် ထိုင်လို့ ပြုလို့ ရတာပေါ့"

သူ ဘာမှ မပြော။ ဒေါ်ဒေါ်ကတော့ သူ့ဘေးကို ရောက်လာပြီ ...။ စိုးရိမ်ခြင်းဖြင့် ဒေါ်ဒေါ် ကပ်လာခြင်းဆိုတာ သူ သိနေ၏။

ဒါပေမဲ့ ဩော် ... ဒါပေမဲ့ သူ၏ မွေးပွင့်ငယ်သည် သူ့အပေါ် ဘာမှု မသိတတ်နိုင်သည့်အဖြစ်။ လောလောဆယ် သူ ဘာတွေ ဖြစ်နေပြီ။ ဘာတွေ ခံစားနေရပြီဆိုသည်က အစ မသိနိုင် တော့သည့်အဖြစ်။ အံကို သူ တစ်ချက်ကြိတ်သည်။ မျက်စိအရှေ့ သည် တိုက်နံရံတွင် ထောင်ထားသော သံတူရွင်းကို မြင်၏။ သံတူရွင်းကို သူ သွားယူသည်။ လက်အစုံကို လွှဲနိုက်မှာ မျက်ဝန်း သည် လက်ခံ တောက်လာ၏။



ခွမ်းခနဲ အသံကို နားစည်တွင် ကြားလိုက်ရခိုက်မှာ ဝိုးတ်ဝါး ကြားလိုက်ရသည်က မွေးပွင့်ငယ်၏ အလန့်တကြား အော်လိုက်သံ။

ဘာမှု မကြားလိုက်။ သူ့လက်အလွှဲတစ်ချက် ဖြစ် မြောက်သွားလေတိုင်း တဖြောင်းဖြောင်း ကျိုးကျေသွားသံတွေ ကြားကြားနေရသည်။

သူ့တစ်ကိုယ်လုံး ချွေးတွေ နစ်နေ၏။ အပေါ်ပိုင်း ဗလာ၊ ပုဆိုးတိုတို ဝတ်ထားလျက် စောစောကမှ ရေချိုးထားခဲ့သော သူ့ကိုယ်မှာ ချွေးတွေ အရမ်းထွက်နေသည်။

လှုပ်ရှားနေသော လက်တွေကို ရပ်တန့်လိုက်ချိန်မှာ တော့ တစ်စစီဖြစ်နေသော သစ်သား ဆက်တီအစုံသည် သစ်သားပုံ အဖြစ် ရှိနေပြီ။ ဆယ့်လေးလက်မ တိုရှီဘာ တီဗီလေးသည်လည်း မှုန့်မှုန့်ညက်ညက် ကျေခဲ့သွားပြီ။

အရာရာသည် ပြီးဆုံးခဲ့ပြီ၊ ဟုတ်သည်။ ပြီးဆုံးသွား ခဲ့ပြီ။

နဖူးပြင်ထက်မှ ချွေးများကို လက်ဖြင့် သူ သပ်ချလိုက် သည်။ နောက် ... နေရာမှ သူ ခွာသည်။ စကားတစ်လုံးမှ သူ မပြော။ ဘယ်သူ့ကိုမှလဲ မကြည့်။ အခန်းထဲသို့ တောက်လျှောက် ဝင်သွားကာ စွပ်ကျယ်ကို သူ ဝတ်သည်။ ရှပ်အင်္ကျီလက်တိုကို ကောက်ဝတ်၏။

ရေစိုနေသော ပုဆိုးကို ပုဆိုးခြောက်ဖြင့် လဲသည်။

အခန်းတွင်းမှ သူ ထွက်မည်ပြုခိုက် မွေးပွင့်ငယ် သူ့ ရှေ့မှာ ရပ်လာလျက် မျက်နှာလေး ညှိုးမှော့အားငယ်ပုံလေးဖြင့် ...

"ဘယ်သွားမလို့လဲ မောင်"

www.burmeseclassic.com

www.burmeseclassic.com



အသံလေး တိုးတုန်ကျလျက် မျက်နှာလေးပါ ပျော့ကျပြုဆုတ်နေသည့် မွေးပွင့်ငယ်ကို သူ တစ်ချက်ကြည့်သည်။

"မင်း အားလုံး လုပ်ကိုင်တတ်နေပြီးတဲ့ နောက်မှာ ဒီအိမ်မှာ ငါ ရှိဖို့မလိုတော့ဘူးလို့ ငါ နားလည်ထားတယ်၊ ငါဟာ အဖိုးမတန်တဲ့ ပစ္စည်းတွေပဲ ဝယ်နိုင်တဲ့သူ .. ပိုက်ဆံ မရှိတဲ့ သူ .. ငမွဲ"

သူ့အသံတွေ အက်ကွဲနေသည်။ မျက်နှာက အရမ်းကို တည်နေသည်။

"ကဲ ... ငါ သွားမယ်"

သူ အခန်းတွင်းမှ ထွက်မည်ပြုခိုက် မွေးပွင့်ငယ် သူ့လက်တွေကို အတင်းဖက်တွယ်ထားလျက် ...

"ဟင့်အင်း ... မောင် ... မမွေးပွင့်ကို စိတ်ဆိုးသွားတာ မမွေးပွင့်ကို ထားခဲ့တော့မှာ၊ ဟင့်အင်း ... မောင် မသွားရဘူး၊ မောင့်ကို မမွေးပွင့် မခွဲနိုင်ဘူး၊ မောင် ခုလဲ၊ မောင် ရုတ်တရက် ဝမ်းသာအောင် ဝယ်ခဲ့မိတာပါ မောင်၊ မမွေးပွင့် အပြောမတတ်လို့ ခုလို ဖြစ်ရတာပါ၊ မောင် မမွေးပွင့်ကို ထားခဲ့ရင် မမွေးပွင့် စိတ်ညစ်တာနဲ့ သေမှာ"

သူ အံတင်းခနဲ ကြိတ်မိ၏။ မမွေးပွင့်၏ လက်တွေကို တွန်းထုတ်လိုက်မိသည်။

"မင်း ငါ့အတွက် ဘာတွေ ပေးခဲ့ဖူးသလဲ၊ ဘာတွေ ပေးခဲ့ဖူးသလဲ"

ဟု ရင်ထဲမှာ အော်ဟစ် ပြောနေမိပေမယ့် နှုတ်က ဖွင့်မပြောချင်တော့။ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည့် အဖြစ်



သူ မျှော်လင့်ထားသော အိမ်ထောင်ရေးနှင့် လက်တွေ့အဖြစ်သည် တဖြည်းဖြည်း အရမ်းကို ခြားနားခြင်းမက ခြားနားလာနေပြီ ဆိုတာကို သူ နားလည်ရတာလည်း အမှန်ပါ။

"မင်းကို ချစ်လွန်းလို့ မြတ်နိုးစိတ်နဲ့ အမှတ်တရ ဝယ်လာခဲ့သမျှတွေ မင်း ဘာများ တန်ဖိုးထားခဲ့သလဲ မမွေးပွင့်"

ဟု မေးလိုက်ချင်သည်။ ဒါပေမယ့် ချက်ချင်းပင် ထိုစိတ်သည် ပျောက်လွင့်သွားလျက် စိတ်လက် ကုန်ခန်းခြင်းသည် ပင်လျှင် နေရာယူလာသည်ပါပဲ။

"ဖယ်စမ်းပါကွာ"

သူ တိုတောင်းစွာ ပြောလျက် မွေးပွင့်ငယ်၏ လက်ကို ဖယ်ထုတ်စဉ်ခိုက်မှာ မွေးပွင့်ငယ် အတင်း သူ့လက်တွေကို တင်းအောင် ဆုပ်ကိုင်လျက် ...

"ဟင့်အင်း ... မောင် အပြင် သွားရင် မမွေးပွင့်လဲ အတူတူ လိုက်မှာပဲ၊ ဒီလို လိုက်ပြီး လက်ကို တွဲထားမှာပဲ၊ မောင် လူတွေကြားထဲ အော်ရင်လဲ ငိုပြီးတော့ လိုက်မှာပဲ"

သူ စိတ်ညစ်ညူးစွာဖြင့် မွေးပွင့်ငယ်ကို ကြည့်သည်။

မျက်ရည်များ တအိအိ ပြိုကျလျက် ထုံးစံအတိုင်း ငိုမဲ့မဲ့လေး သူ့ကို မော့ကြည့်နေပါသည့် မျက်နှာ နုနုလေး။

တကယ်လည်း မွေးပွင့်ငယ် တကောက်ကောက် လိုက်မှာ သေချာနေပြီ။ တား၍လည်း ရမှာမဟုတ်။ ပြီးတော့ ... ငိုထားမှန်းလည်း အရမ်းကို သိသာနေသည့် မျက်နှာလေး။

လူတွေလည်း အရမ်းကို ဝိုင်းကြည့်ကြမည်။ ရောဘ် ... ဘာဖြင့် မကြာသေး။ ဝန်းကျင် အသစ်မှာ ခုလို မျက်ရည်လည်ရွှဲ ... ခဲလေးဖြင့် မွေးပွင့်ငယ် သူ့လက်ကို အတင်းဆွဲ၍ လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးကိုတော့ အဖြစ်မခံချင်။ နိုင်ငံသိ စာရေးဆရာမလေး ဖြစ်နေသည့် မွေးပွင့်ငယ်ဘက်ကလည်း ထည့်တွက်ပေးရမည်။

စိတ်ကို လျှော့ချလိုက်ကာ စိတ်မောမောဖြင့် ခုတင်ထက်မှာ သူ သွားထိုင်သည်။ မွေးပွင့်ငယ် ကိုယ်တိုင်ကလည်း မျက်နှာငယ်လေးနှင့် တံခါးပေါက်ဝမှာ ဖင်ချထိုင်လျက် မျက်နှာလေး ဆီးစေ့လောက်နှင့် သူ့ကို ကြည့်ကြည့်နေရှာသည်။ တကယ်တမ်း သူ စိတ်ပျက် လက်ပျက်နှင့် ထွက်ခွာသွားမှာကိုလည်း သေမလောက် မွေးပွင့်ငယ် ကြောက်ရှာတာကို သူ ယုံ၏။ ဟန်ဆောင်နေတာ မဟုတ်မှန်း မျက်နှာလေး ကြည့်တာနှင့် အရိပ်အမြွက်ကို သိသာနေသည်ပဲလေ။

"အေး … နင် လုပ်ချင်တာ လုပ်ပြီးတိုင်း ဒီလို မျက်ရည်ခံထိုး၊ ဒီလို တောင်းပန်နေရတာကို မောင်ရန်ပိုင် ဘယ်ထိ သည်းခံနိုင်မလဲ မိမွေး၊ ဒီကိစ္စ ညည်း လွန်တယ်၊ ဒါပဲ ပြောမယ်"

ဒေါ်ဒေါ် လေသံ တင်းတင်းဖြင့် ဆူပြီးမှ သူ့ကို လှမ်းကြည့်လာသည်။ တောင်းပန်သော အကြည့်။ သက်ကြီးရွယ်အိုတစ်ယောက်၏ ထိုသို့ တောင်းပန်သော အကြည့်မျိုးကို သူ့နလုံးသားက ဥပေက္ခာ မပြုနိုင်။ မပြုရက်နိုင်။

သက်ပြင်းမောကို သူ ရှိုက်ချလိုက်မိကာ မွေးပွင့်ငယ်ကို ကြည့်မိ၏။

မျက်ရည်များကို တွင်တွင်သုတ်နေသည့် မွေးပွင့်ငယ်။ မျက်ရည် သုတ်နေပေမယ့် အကြည့်က သူ့ထံမှ မခွာ။ သူ ထွက်၍ မရအောင်လည်း တံခါးပေါက်မှာ ဖင်ချထိုင်နေတာကလည်း ကျောက်ချထားသည့်နှယ်ပါ။ ခုလိုကျတော့လည်း ကလေးလေးနှယ်ပါတကား



ရင်ထဲမှ ကြင်နာစိတ်သည် ဖွတ်ခနဲ တိုးဝင်လာ၏။

နောက် … နောက်တော့လည်း တည့်တံ့ခိုင်မြဲသွားရပြန်ချေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



## ၂၉

"ဒေါ်ဒေါ် ငါ့ဆီကို မနေ့က လာတယ်၊ နင့်အကြောင်းလဲ လာပြောတယ်၊ ဆရာ့အပေါ်မှာ နင် ဆက်ဆံနေတာတွေကို သတိပေးဖို့ပေါ့၊ ဒေါ်ဒေါ်လည်း နင့်ကို သတိပေးနေတာပဲ ဆို"

မွှေးပွင့်ငယ်၏ မျက်နှာလေးက တည်နေသည်။ ဒါပေမဲ့ ခင်ခင့်အပေါ်မှာ မျက်နှာထား တင်းနေသည့် သဘောမျိုး မဟုတ်။ တကယ်က တစ်ခုခုကို အမှတ်သည်းခြေ ကြီးနေသည့် မျက်နှာထားတင်းတင်းလေး ဖြစ်မှန်း မွှေးပွင့်ငယ်၏ အဖြေစကားကြောင့် ခင်ခင် သိလိုက်ရသည်ပါပဲ။

"ဒေါ်ဒေါ်က ငါ့ကို နားမလည်တာပါ၊ ငါ့ရင်ထဲမှာ မောင့် မေမေ ပြောသွားတဲ့ စကားတွေ စွဲနေတယ်၊ နာနာကြည်းကြည်းကို စွဲနေတယ်၊ သူက ငါ့ကို အထင်သေးတယ်လေ"

မွှေးပွင့်ငယ်၏ နှုတ်ခမ်းလေး ပြုံးလာသည်။ နှုတ်ခမ်းထောင့်စွန်းလေး ကွေးညွတ်ရုံလေးသာ ပြုံးလာသည့် အပြုံး။ အပြုံးက တစ်ယောက်ယောက်အပေါ် မကျေမချမ်းဖြင့် ဟန်လုပ်ယူ၍ ပြုံးလာသည့် ဖန်တီးပြုံးမှန်း သိသာသည်။



ခင်ခင့် မျက်နှာကို မွှေးပွင့်ငယ် ဖျတ်ခနဲ ကြည့်သည်။ မနက် ရှစ်နာရီခွဲလောက်မှာ ခင်ခင် ရောက်လာသည်။ ယခုတော့ ညှို့ခန်းထဲမှာပဲ သူငယ်ချင်းနှစ်ယောက် အအေးခွက် ကိုယ်စီနှင့် ထိုင်ဖြစ်နေကြပြီ။

မောင်ကတော့ မနက်ပိုင်း ကော်ဖီသောက်ပြီးတာနှင့် အိမ်မှ ထွက်သွားသည်။ စမ်းယမုန်သို့ ထွက်သွားတာပဲ ဖြစ်မည်။ မောင် ထွက်သွားပြီးမှ ခင်ခင် ရောက်လာတာမို့ သူငယ်ချင်းနှစ်ယောက် ပွင့်ပွင့်လင်းလင်းပဲ ပြောနိုင်ဆိုကြခြင်းပါ။

"နင် မှတ်မိသေးလား၊ မောင့် မေမေ ပြောသွားတဲ့ စကားတွေလေ၊ ငါ တစ်နေ့မှာ အိမ်ထောင်ထူရင် ရင်းနှီးလုပ်ကိုင်စားဖို့ကအစ တွက်ချက်ပြီး သူ့သားကို အပိုင်ကြံတဲ့သဘောမျိုး ပြောသွားတယ် မဟုတ်လား"

မွှေးပွင့်ငယ် တစ်ချက်ရယ်သည်။ မျက်နှာလေး နီရဲတက်လာ၏။ ခံပြင်းနေမှန်း ခင်ခင် သိနေသည်။

"သူတို့အတွက် မနက်စာ ကော်ဖီတစ်ပွဲနဲ့ မုန့်တစ်ချပ်ဟာ ငါတို့ရဲ့ ထမင်းတစ်ဝိုင်းထက် မကတဲ့ ငွေနဲ့မှ ဝယ်လို့ ရနိုင်မှာတဲ့၊ အဟင်း ဟင်း ... ငါ ဘယ်မေ့နိုင်ပါ့မလဲ၊ သူတို့က အရမ်းကို ချမ်းသာတယ် ဆိုပြီးတော့ပေါ့"

ခင်ခင် သက်ပြင်း ရှိုက်သည်။ လက်တောက်နေသော မွှေးပွင့်ငယ်၏ မျက်ဝန်းများကို ခင်ခင် မကြိုက်။ အောင်မြင်သည်နှင့် အမျှ ထင်တိုင်း ပေါက်နေသော အချိန်အဖြစ် ငွေတွေကို အောတိုက်သုံးလျက် အရမ်းကို အဆင့်အတန်း မြင့်မြင့်နေချင်သည့် မွှေးပွင့်ငယ်၏ လုပ်ရပ်တိုင်းသည် ဆရာ မေမေ၏ အပြောစကားများကို ချေဖျက်ချင်နေ၍ဆိုတာ နားလည်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်စားချေရှင်သည့် မျက်ဝန်းလက်လက်များဟု နားလည်လာသည်။ ဆရာ့ မေမေ၏ စကားများကို လှောင်ပြောင်နေသည့် မျက်ဝန်းရိပ်များဟု သဘောပေါက်လာသည်။

ဒါပေမဲ့ ခင်ခင် တစ်ခု သိထားသည်က ထိုသို့ စိတ်ထင်တိုင်း လုပ်နိုင်ဖို့ ငွေကို လိုသလို ရနိုင်သည့် အခြေအနေမို့ မာနတင်းတင်းဖြင့် လုပ်နေနိုင်သည့်အဖြစ်။ ထိုသို့ လုပ်နိုင်ဖို့လည်း မွှေးပွင့်ငယ်သည် မိမိကိုယ်ကို အထင်ကြီးသည့် စိတ်မျိုးဝင်နေပြီဆိုသည့်အချက်။ ထိုအရာ၊ ထိုအချက်ကို ခင်ခင် မကြိုက်။

မိမိ ကိုယ်ကို အထင်ကြီးလျက်။ မာနတကြီးဖြင့် လုပ်ဆောင်လာသည့် ဖြစ်ရပ်များမှာ ဆင်ခြင်တုံတရား ကင်းမဲ့သည့် လုပ်ရပ်များ ဖြစ်တည်စေခဲ့ပြီးပြီ။

ဒါကို မွှေးပွင့်ငယ် သတိပြုမိပုံမရ။

"မဟုတ်ဘူးလေ၊ နင် သိထားဖို့က ဆရာနဲ့ သူ့ မေမေရဲ့ လုပ်ခဲ့တာတွေကို ပိုင်းခြားမြင်တတ်ဖို့ လိုတယ်၊ ဆရာက တမြတ်တနိုးနဲ့ နင့်အတွက် ဝယ်လာပေးတဲ့ တီဗီကို လျှော့ဈေးနဲ့ အရှုံးခံ ရောင်းပစ်ဖို့ ပြောတာမျိုး၊ နင့်သဘောနဲ့နင် တီဗီကို နှစ်ဆယ့်တစ်လက်မ ဝယ်ပြီး အဲဒါကိုကျတော့ ညှိခန်းမှာ ထားမယ်လို့ ပြောတာမျိုး၊ ဆရာ ဝယ်လာတဲ့ ဆက်တီတွေကို အပေါစားလို့ ပြောတာမျိုး၊ အဲဒါတွေက တစ်ဖက်သားကို နာကြည်းခြင်းဆိုတာ ရင်မှာ ဖြစ်စေနိုင်တယ်ကွ၊ ဘယ်ကောင်းမလဲ"

မွှေးပွင့်ငယ် ပြုံးသည်။ မျက်ခုံးကို ပင့်၍ ...

"နို့ ... မဟုတ်လို့လား၊ ငါ ဝယ်တဲ့ တီဗီ သူ့ဆယ့်လေးလက်မတီဗီထက် တန်ဖိုး ကြီးမနေလို့လား၊ သူ ဝယ်တဲ့



ဆက်တီထက် ငါ့ ဆိုဖာတွေက ပိုပြီး တန်ဖိုးကြီး မနေလို့လား၊ တန်ဖိုးကြီးလို့ ကြီးတယ် ပြောခဲ့တာပဲ၊ အမှန်အတိုင်း ပြောတာကို သူ ဘာနာစရာလိုလဲ၊ သူ ဝယ်တဲ့ တီဗီကလဲ အိမ်အတွက်ပဲ၊ ငါ ဝယ်တာကလဲ အိမ်အတွက်ပဲ၊ ကိုယ့်အိမ်အတွက် ကိုယ်ဝယ်တယ်၊ တစ်အိမ်သားလုံးကြည့်ဖို့ ဝယ်တယ်၊ အဲဒီကိစ္စမှာ သူ့ပိုက်ဆံနဲ့ ဝယ်တယ်၊ ငါ့ ပိုက်ဆံနဲ့ ဝယ်တယ်ဆိုတာကို ဘေးချိတ်ထားရမှာပေါ့၊ ခုကျတော့ သူ ဝယ်တာကို ပြောရမလားဆိုပြီး စိတ်တိုတာ"

ပြောနေရင်းဖြင့်ပင် စကားတွေက ကိုယ့်ဘက်အမှန်ဆိုသည့် ဘက်ကိုပဲ ရောက်ရောက်လာနေသည့် အဖြစ်။ ခင်ခင် စိတ်မောလာရသည်ပါပဲလေ။

"အေး ... သူ တတ်နိုင်လို့ နှစ်ဆယ့်ရှစ်လက်မတီဗီကြီး ဝယ်လာနိုင်တဲ့အခါမှာ ငါ ဝယ်လာတဲ့ ဒီတီဗီကို သူ ရောင်းပေါ့၊ ငါက မောင့်လိုမျိုး ဒေါသထွက်မပြပါဘူး၊ ငါ အပြောမတတ်တာကို ငါ ဝန်ခံပါတယ်၊ ဒါပေမဲ့ ငါ ပြောတာက အမှန်တွေပဲ"

ခေါင်းမာသည့် လေသံကိုပင် ပြတ်သားစွာ မွှေးပွင့်ငယ် ပြောနေတတ်ပါလားဟု နားလည်လာရသည်နှင့်အမျှ ဒေါ်ဒေါ်ဘာကြောင့် မွှေးပွင့်ငယ်တို့ အိမ်ထောင်ရေးအတွက် ဤမျှ စိတ်ပူနေရပါသလဲ ဆိုတာကိုလည်း ခင်ခင် သဘောပေါက်လာရပါပြီ။

"မောင်က ဘယ်နေရာမှာမဆို သူ ဝယ်တာမှ၊ သူ ဆင်တာမှ၊ သူ့အစီအမံနဲ့မှ ဆိုတဲ့ စိတ်မျိုးများနေတာ၊ ပိုက်ဆံဆိုရင်လဲ သူ့ပိုက်ဆံနဲ့ ဝယ်မှ အဲသလို ဖြစ်နေတယ်၊ ငါ ရှာတာကျတော့ ထိဖို့တောင် ဝန်လေးတာ ငါလဲ ခံစားတတ်တာပေါ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင် ဤအချက်ကိုတော့ မွှေးပွင့်ငယ်ကို အပြစ်တင်ရမှာလည်း ခက်နေသည်။

"အေးဟာ … နင်တို့နှစ်ယောက်ကြားမှာ ဒီပိုက်ဆံဆိုတဲ့ ကိစ္စကြီး ဝင်နေတာကိုက မကောင်းတာ"

ခင်ခင် ခပ်ညည်းညည်း ပြောတော့ မွှေးပွင့်ငယ် မျက်နှာလေးကို မော့၍ …

"ငါက မောင့် ပိုက်ဆံကို မကိုင်ချင်တာက မောင့် မေမေ စကားကြောင့်ပဲ၊ အဲဒါ မောင် သဘောပေါက်ရမှာပေါ့၊ ငါက ငါ့ပိုက်ဆံကို အပ်တယ်၊ သူက လက်မခံတာ၊ မောင့်ကို ငါ့ဘက်က ငွေကြေးနဲ့ ပတ်သက်လို့ ဘာမှ စော်ကားမော်ကား ပြောခဲ့ဖူးတာ မရှိဘူး၊ ဒေါ်ဒေါ်ကလဲ ပြောဖူးတာ မဟုတ်ဘူး၊ ငါကလဲ ပြောဖူးတာ မဟုတ်ဘူး၊ မောင်နဲ့ ငါ လက်မထပ်ခင် ကတည်းက အဲဒီ ပြဿနာမျိုး ငါ့ဘက်က မရှိခဲ့ဖူးဘူး၊ မောင့်ဘက်ကသာ မောင့် မေမေ လုပ်ခဲ့တာ"

"အဲသလိုလဲ မပြောနဲ့လေ"

"ငါက အပြောခံခဲ့ရတဲ့သူ၊ မောင့် ပိုက်ဆံကို ငါ မကိုင်ချင်ဘူး၊ မောင့်ကို ငါ ချစ်လို့ လက်ထပ်ခဲ့တာ၊ မခွဲနိုင်လို့ လက်ထပ်ခဲ့တာ"

"အဲဒါတွေကို ဆရာလဲ သိနေတာပဲ၊ နင် ချစ်လို့ လက်ထပ်တယ်ဆိုတာ မှန်တယ် အဲသလိုပေါ့၊ ဆရာကလဲ နင့်ကို ချစ်လို့ လက်ထပ်ခဲ့တာပဲ၊ နင်တို့နှစ်ယောက်ကြားမှာ နင့်ဘက်က တချို့နေရာတွေမှာ ပြတ်သားပြတာတွေက တရားလွန်နေတယ်၊ ဆရာက ငွေအပ်တာကို ငြင်းတာ ဘယ်ကောင်းမလဲ၊ အဲဒါ မိန်းမအလုပ်ပဲ၊ နင်က ငြင်းချင်လို့တော့



ရတယ်၊ နင့် ပိုက်ဆံကျတော့ ဆရာက ငြင်းတာကျတော့ မတရားဘူးလို့ ပြောချင်တယ်၊ အဲဒီကတည်းက မဟုတ်တော့ဘူး၊ နင့်လို မိန်းမလုပ်တဲ့ သူကတောင်မှ ဒီလောက် ပြတ်သား ကင်းရှင်းနေရင် သူက လင်ယောကျ်ား … သူ့ဘက်ကလဲ မာနဆိုတာ ထားလာရမှာပဲပေါ့၊ အေး … ငါ့အမြင်ကို ရှင်းရှင်း ပြောရရင် သူ့နေရာမှာ ငါဆိုရင်လဲ မာနထားမှာပဲ"

ခင်ခင် ပြောတော့ မွှေးပွင့်ငယ် ခင်ခင့်ကို စူးခနဲ တစ်ချက်ကြည့်သည်။ မျက်ဝန်းသည် လက်လက်တောက်လျက် ရှိ၏။ မည်းနက်သော မျက်ဝန်းမှာ ပို၍ပင် မည်းနက်တောက်ပြောင်နေသည်သို့ ထင်ရသည်။

"ဒီမှာ ငါက ခံထားရတဲ့သူပဲ ခင်ခင်၊ မိန်းမတစ်ယောက်က ယောကျ်ားအပေါ်မှာ မာနပြိုင်တဲ့ သဘောမျိုးနဲ့ လုပ်နေတာမဟုတ်ဘူးဆိုတာ ငါ သစ္စာ ဆိုရဲတယ်၊ ဒါပေမဲ့ မောင့် မေမေ စကားကို ငါ တော်ရုံနဲ့ မေ့ပစ်လိုက်ရမှာလား၊ သူ့သားကို သင်ပေးခဲ့တဲ့ ပညာသင်စရိတ်လောက်တောင် ရှိမထားနိုင်တဲ့သူလို့ ငါ့ကို ပြောခဲ့တာလေ၊ အဲဒီတုန်းက နင်လဲ ရှိနေတာပဲ"

မွှေးပွင့်ငယ် ကျိခနဲ အံတစ်ချက် ကြိတ်သည်။ လက်သီးဆုပ်ကို တင်းခဲနေအောင် ဆုပ်လိုက်လျက်မှပင် လက်တောက်နေသော မျက်ဝန်းဝယ် မျက်ရည်ကြည် ဝေ့ခနဲ လည်လာ၏။ ဝမ်းနည်းသော မျက်ရည်မဟုတ်။ ခံပြင်းခဲခက်ရာမှ ဖြစ်တည်သော မျက်ရည်ကြည်။

"ငါမတတ်နိုင်တဲ့ ပညာသင်စရိတ်မျိုးနဲ့ သူ့သားက ဆရာဝန် ဖြစ်လာခဲ့ရတာ၊ အဲဒီ ပညာသင်စရိတ်ကို ငါ မဆပ်နိုင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



မောင့်ငွေ၊ မောင်ရှာတဲ့ ငွေကို ငါ မသုံးချင်ဘူး ... မကိုင်ချင်ဘူး"

ပြတ်သားစွာ ပြောတတ်သည့် စကားကြောင့် ခင်ခင် အံ့အားတသင့်ဖြင့် ကြည့်လျက် ...

"နေပါဦး ပညာသင်စရိတ်ကို ဆပ်မယ် ဟုတ်လား၊ ဘယ်သူ့ကို ဆပ်မှာလဲ"

မွေးပွင့်ငယ် နှုတ်ခမ်းကို တွန့်ကွေးအောင် ပြုံးလျက်။

"မောင့်မေမေ ဆီကိုပေါ့၊ ငါ ဆပ်ကို ဆပ်မှ ဖြစ်မှာ"

ခင်ခင် ခေါင်းယမ်းသည်။ စိတ်ထဲ လေးလံကျသွားရသည်ကလည်း အမှန်ပါ။

"နင် ... အရမ်းကို မှားနေပြီ၊ အဲသလိုလုပ်လို့ ဖြစ်မှာလား"

"ဖြစ်မှာလား ဟုတ်လား၊ ဘာလို့ မဖြစ်ရမှာလဲ၊ ငါ့မှာ ပိုက်ဆံရှိရင် ဖြစ်ရမှာပေါ့၊ ခု ငါ့မှာ ပိုက်ဆံ ရှိနေတယ်၊ အဲဒီ အတွက် ဖြစ်ကိုဖြစ်ရမယ်"

ခင်ခင် မွေးပွင့်ငယ်ကို မကြည့်စဖူး ကြည့်သည်။ မသိတတ်သူ တစ်ယောက်ကို အပေါ်စီးမှ ကြည့်သည့် အကြည့်မျိုး။

"အေး ... အရာရာမှာ ပိုက်ဆံရှာနိုင်တိုင်း ရှာလို့ရတိုင်း လုပ်ချင်တာလုပ်လို့ ရမယ်လို့ နင် ထင်တတ်နေပြီကိုး၊ တကယ်တော့ အောင်မြင်တဲ့ စာရေးဆရာမ ဆိုတာကလဲ ... နင်လိုတဲ့ ငွေတွေကို အချိန်မရွေး ထုတ်ပေးသူဆီမှာ တောင်းယူလို့ ရနိုင်နေပြီကိုး၊ နင့်ကိုယ်နင် အထင်ကြီးတာကို ငါတားဆီးနိုင်မှာလဲ မဟုတ်ဘူးဆိုတာလဲ ပိုပြီး ငါသိနားလည်လာတယ်"



ခေါင်းမာစွာ မျက်နှာကို မော့ထားသော မွေးပွင့်ငယ်ကို ခင်ခင် သက်ပြင်းရှိုက်၍ ကြည့်သည်။ တင်းစေ့နေသော နှုတ်ခမ်းနှင့် လက်တောက်နေသော မျက်ဝန်းများသည် တည်တင်းနေသော မျက်နှာထက်မှာ မပြောင်းမလဲ ရှိနေသည်မို့ စိတ်ကို ပြောင်းလဲမည့် အခြေအနေ မဟုတ်တာလည်း ခင်ခင် သဘောပေါက်လာသည်။

"ဆရာ့ မေမေကို မုန်းတယ်လို့ ငါ မပြောဘူး၊ ဒါပေမဲ့ သူ့သားကို သူ သဘောမတူတဲ့ မိန်းကလေးနဲ့ ယူလို့ဆိုပြီး အဆက်အသွယ် ဖြတ်တောက်ခဲ့တာပဲ ရှိတယ်၊ နင်တို့ နှစ်ယောက်ကို နောက်ထပ် ဘာမှ အနှောင့်အယှက် ထပ်မပေးခဲ့တာ နင် အသိပဲ၊ သူ့သားကို နင် ရထားပြီပဲ မိမွေး"

"နင်က အပြောမခံခဲ့ရတဲ့ သူပဲ၊ ငါက တိုက်ရိုက်ခံစားရတဲ့သူ၊ နင်က မောင့် မေမေကို နာကြည်းနေတာ အပြစ်တင်နေတာလား"

"အေးလေ ... ဒါဆိုရင် ငါပြောမယ်၊ နင် ဆပ်မယ့် အကြွေးထဲမှာ သူ့သားအပေါ်မှာ ချစ်တဲ့ မိခင်ရဲ့ မေတ္တာ ... တစ်သက်လုံး စောင့်ရှောက်ခဲ့တာ အဲဒါတွေကိုရော နင် ငွေ ဘယ်လောက် ထပ်ရှာပြီး ငွေတွေ ဘယ်လောက် ပုံပေးပြီး ဆပ်ဦးမှာလဲ၊ နင့်ကို ငါ ရှင်းရှင်းပဲ ပြောမယ်၊ နင် စာရေးနိုင်သမျှ၊ နင့် စာအုပ်တွေ အောင်မြင်နေသမျှ၊ နင့် လက်ထဲမှာ ငွေတွေ သီးချင်သီးနေမယ်၊ တောင်လိုပုံချင်ပုံနေမယ်၊ ဒါပေမဲ့ ဆရာ့အမေက ဆရာ့အပေါ်မှာ ချစ်တဲ့ မိခင်ရဲ့ မေတ္တာ၊ မိခင်ရဲ့ ကျေးဇူးကြွေးကိုတော့ နင် ဘယ်တော့မှ ကျေအောင် ဆပ်နိုင်မှာ မဟုတ်ဘူး"

www.burmeseclassic.com



နီရဲနေသော မျက်နှာဖြင့် ဆတ်ခနဲ စူးစူးလေး ကြည့်လာသည့် မွေးပွင့်ငယ်ကို ခင်ခင်ကလည်း ခပ်တည်တည်ပဲ ပြန်ကြည့်သည်။

"ဆရာ့ မေမေဟာ တခြားလူအပေါ်မှာ မောက်မာတာရှိချင်ရှိမယ်၊ ဥပမာ နင့်အပေါ်မှာ မောက်မာဇော်ကား စကားတွေပြောခဲ့သလို ဆိုပါတော့၊ ဒါပေမဲ့ သူ့သားအပေါ်မှာ ချစ်တဲ့မိခင်ရဲ့ မေတ္တာကတော့ ဖြူစင်တယ်၊ ဟန်ဆောင်မှု ကင်းစင်တယ်၊ တန်ဖိုးကြီးတယ်၊ ဘယ်အရာနဲ့မှလဲ တုနှိုင်းလို့ ရနိုင်မှာ မဟုတ်ဘူး၊ ဒါ ဘယ်မိခင်မှာမဆို ရှိတဲ့ အရာပဲ၊ မိခင်တိုင်း ပိုင်ဆိုင်တဲ့ တန်ဖိုးပဲ၊ ဒီလောက်မြင့်မြတ်ပြီး ကျေးဇူးတရား ကြီးမားတဲ့ မိခင်ရဲ့ မေတ္တာကို နင်က ငွေကြေးနဲ့တိုင်းတာပြီး ကြေးဆပ်ဖို့ ကြိုးစားဦးမယ်ဆိုရင် နင်ဟာ မိခင်တစ်ယောက်ရဲ့ မေတ္တာကို စော်ကားတာပဲ၊ ပြီးတော့ ... မိခင်များရဲ့ မေတ္တာကို စော်ကားတာပဲ"

ခင်ခင် ထရပ်သည်။ လက်ကိုင်အိတ်ကို စားပွဲထက်မှ ယူသည်။

"တခြားနေရာမှာသာ မိခင်တွေဟာ ကွဲပြားချင် ကွဲပြားမယ်၊ သားသမီးအပေါ်မှာ ချစ်တဲ့ ဇောအဟုန်နဲ့ မေတ္တာကတော့ အားလုံးဟာ တူတူပဲ၊ မိဘရဲ့ကျေးဇူးနဲ့ မေတ္တာကို ငွေကြေးနဲ့ အကြေးဆပ်ဖို့ ကြိုးစားတဲ့သူဟာ အရူးပဲ၊ လူမိုက်ပဲ၊ အဲဒီလိုပဲ နားလည်တယ်"

"အား ... နင် တစ်နေ့ အိမ်ထောင်ကျတဲ့ အခါမှာ မောင့်မေမေလို ယောက္ခမမျိုးနဲ့ ကြုံတဲ့အခါ .. ငါ အပြောခံရသလို နင် အပြောခံရတဲ့အခါ .. အဲဒီအခါမှာ ငါ့ကို နင် အခု



ပြောသလိုမျိုး ပြောနိုင်ပါစေလို့ ငါ ဆုတောင်းပေးပါတယ် ခင်ခင်"

မွေးပွင့်ငယ် နှုတ်ခမ်းကို တင်းခနဲ စေ့ပိတ်ကာ ခေါင်းငြိမ်နေ၏။ ခံပြင်းရိပ်ပြည့်သိပ်နေသော မျက်နှာနုနုလေးသည် ရဲသည့်ဘက်မှာ ကဲနေသည်ပါပဲ။

"ငါဟာ ဆင်းရဲခဲ့တယ် .. ဆင်းရဲတာ တစ်ခုတည်းကြောင့် စော်ကားစကားကို ရင်ကွဲမတတ်၊ မေ့မျောလုမတတ် ခံစားခဲ့ရတယ်၊ အဲဒါကို ငါ ဘယ်တော့မှ လွယ်လွယ်နဲ့ မေ့မပစ်နိုင်ဘူး"

ဖျောင်းဖျ၍ မရနိုင်တော့ပြီ ဆိုတာကို ခင်ခင် သိရပြီ။ ဒေါ်ဒေါ်ကလည်း သူတို့နှစ်ယောက် လွတ်လပ်စွာ ပြောဆိုနိုင်ဖို့ တမင်ပင် ဈေးသို့ ထွက်သွားပေးရှာသည်ပါပဲ။ စားသောက်ပြီးမှ ပြန်ဖို့ ဒေါ်ဒေါ် မှာခဲ့ပေမဲ့ ခင်ခင် မနေချင်တော့။ ရှိနေလျှင်လည်း သဘောထားချင်း မတူတာတွေ ပိုပြောဖြစ်မည်။

ထိုအခါ သူငယ်ချင်းယောက်ကြားမှာ ရှိနေသည့် ဆက်ဆံရေးနှင့် ချစ်ခင်မှုတွေ လျော့ပါးသွားမှာ စိုးရသည်။ လက်ရှိအချိန်မှာက မွေးပွင့်ငယ်၏ ရင်ထဲမှာရှိသော နာကြည်းမှုတွေ မိမိကိုယ်ကို အထင်ကြီးမှုတွေက အရမ်းကို များနေသည်။

"သူငယ်ချင်းကောင်း တစ်ယောက် အနေနဲ့တော့ ငါသတိပေးချင်တယ်၊ ဘာကိုပဲ လုပ်မယ်လို့ ဆုံးဖြတ် ... ဆုံးဖြတ် ချင့်ချင့်ချိန်ချိန် ထပ်စဉ်းစားပေါ့ကွာ၊ ကဲ ... ငါပြန်မယ်"

ခင်ခင် ပြန်မည် ဆိုတော့ မွေးပွင့်ငယ် တစ်ချက် မျက်နှာမကောင်း။

"ထမင်းစားပြီးမှ ပြန်လေ ဒေါ်ဒေါ် ပြန်လာတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ နောက်မှပဲ လာတဲ့အခါမှ စားတော့မယ် ... ဒေါ်ဒေါ် ရောက်လာရင် ... ငါ ပြန်သွားပြီလို့ပဲ ပြောလိုက်ပါ ... ဆရာလာရင်လဲ ငါလာသွားတာ ပြောပြလိုက်ဦး"

ခင်ခင် တကယ်တမ်း ပြန်မည် ဆိုတော့ မွေးပွင့်ငယ် မျက်နှာပျက်ချင်၏။

"နင်ကလဲဟယ် ... မြန်လိုက်တာ"

ခင်ခင် ပြုံးသည်။ နောက်မှပဲ ကြာကြာနေတော့မယ် ဟု ပြောသည်။

"ငါ ဒီလိုနေတာက ဟို ... မောင့်မေမေကို မခံချင်တာကြောင့်ရော၊ ပြီးတော့ ... ငါ့ကို လာတွေ့တဲ့ စာပေအသိုင်းအဝိုင်းက လူတွေရှေ့မှာ တင့်တင့်တယ်တယ် ဖြစ်အောင်ပါဟယ်"

ဟု မွေးပွင့်ငယ် ပြောတော့ ခင်ခင် ပြုံးသည်။

"အေးလေ ... နင် နေခဲ့တဲ့ နေရာလေးကတော့ နင့်ကို လွမ်းနေကြတာပါပဲ၊ ဒါပေမဲ့ ဆရာကတော့ ပန်းလေညင်းကို လာမြဲ လာတယ်၊ ပြီးတော့ ... ပန်းခြံလေးကိုလဲ မှန်မှန်ရေလောင်းပေးနေတုန်းပဲ၊ အိမ်လေးကိုလဲ သုံးလေးရက်တစ်ခါ ဆရာ ရှင်းရှင်းနေတတ်တယ်"

မွေးပွင့်ငယ် ခင်ခင့်ကို တစ်ချက်ကြည့်မိ၏။ မွေးပွင့်ငယ်ကိုများ ခနဲ့ဧကား ပြောနေခြင်းလား ဆိုသည့် အကဲခတ်ကြည့်။ ဒါပေမဲ့ ခင်ခင်ကတော့ ခပ်အေးအေး အသွင်ဖြင့်ပါ။

"ဆရာက နင့်အပေါ် တော်တော်ကို ချစ်တာ၊ သူ အလုပ်လျှောက်တုန်းက လူတွေ့ခေါ်တဲ့ အင်တာဗျူးကို မဝင်ခဲ့တာလဲ နင်က မသွားပါနဲ့ ခွဲရမှာ ကြောက်တယ်လို့ တားခဲ့လို့ မဟုတ်လား၊ ပန်းလေညင်းမှာပဲ ဆေးကုပါဆိုတော့ သူလက်ခံရှာတာပါပဲ၊ ဒါပေမဲ့ ဆရာက ခုထိ ပန်းလေညင်းမှာ ရှိနေတုန်းပဲ၊ ဆင်းရဲသားဖြစ်တဲ့ သူ့လူနာတွေအပေါ်မှာလဲ သံယောဇဉ် ကြီးနေတုန်းပဲ"



ခင်ခင်ပြုံးသည်။ မွေးပွင့်ငယ်ကို ကြည့်သည့် အကြည့်တွေကလည်း အတန်ကြာ၏။

"ဆရာက ပန်းလေညင်း ရှိတဲ့ သူ ဆင်းရဲတွေ စုဝေးရာနေရာလေးကို သံယောဇဉ် ကြီးတယ်ဟ၊ သူ အဲဒီမှာ အခြေချဖို့ ဆုံးဖြတ်ထားသလား မသိဘူး၊ သစ်တွေတော့ ဝယ်စုနေတာ ငါ တွေ့ခဲ့တယ်၊ အဲဒီမှာ အိမ်လေးတစ်လုံးလောက် ဆောက်လိမ့်မယ် ထင်ပါရဲ့၊ ကဲ ... ငါသွားမယ်ဟာ၊ နင်လဲ အားတဲ့အခါ ငါတို့ဆီ အလည်လာခဲ့ပေါ့၊ ပြောင်းသွားပြီးကတည်းက တစ်ခေါက်မှ ငါတို့ဆီ နင်ရောက်မလာနိုင်ဘူး မဟုတ်လား"

ခင်ခင် ပြောပြီးတော့ ခပ်အေးအေးပဲ ပြန်သွားသည်။ အခန်းတွင်းဝယ် ကျန်ခဲ့သည်က မွေးပွင့်ငယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၀

မီးဖိုခန်းထဲမှာ ဒေါ်ဒေါ် တစ်ယောက်တည်း ချက်ပြုတ်နေတာကို မြင်ရသည်နှင့် မွေးပွင့်ငယ် မရှိတာကို သူသိလိုက်ပြီ။ မျက်ခုံးနှစ်ခုကို တွန့်ခန့်နေအောင် စုထားမိလျက်မှ သူ တစ်ချက် တွေခနဲ ဖြစ်၏။

ယခုတစ်ပတ်အတွင်းမှာ မမွေးပွင့် အိမ်ပြင်ထွက်နေတာက များနေသည်။

မနက်စောစော ကော်ဖီ သောက်ပြီးတာနှင့် အဝတ်အစား လဲကာ ထွက်သွားတတ်သည်ပါပဲ။ သူ့ကိုလည်း ဘာမျှပြောမသွား။ သူကလည်း မမေး။

ယခုလည်း အိမ်ဆောက်ပစ္စည်းအတွက် သွပ်ပြားတွေဝယ်ကာ ပန်းဂုလည်းသို့ သူ သွားခဲ့ပြီးပြီ။ အိမ်ငယ်လေး၏ ဧည့်ခန်းထဲမှာပဲ သွပ်ပြားတွေကို ထားခဲ့သည်။ အိမ်ဆောက်ပစ္စည်းတွေတော့ အတန်အသင့် စုံနေပြီးပြီ။

သူကလည်း အိမ်ဆောင်နိုင်ဖို့အတွက် လုံးပမ်းနေရတာမို့ အိမ်ကို သိပ်မကပ်ဖြစ်ခဲ့။ အိမ်ဆောက်မည့် ကိစ္စကို ဒေါ်ဒေါ်ကိုတော့ သူ အသိပေး တိုင်ပင်ပါသည်။ ဒါပေမဲ့ မွေးပွင့်ငယ်ကိုတော့ သူ မပြော။ ပြော၍လည်း ရမှာမဟုတ်၊ ကန့်ကွက်နေမှာကို ကြိုသိနေပြီးတာမို့ ပြောလည်း မပြောပြချင်။



ယခုလည်း ဒေါ်ဒေါ့်ကို မီးဖိုဆောင်ထဲ ထိုးထားသလိုကြီး မွေးပွင့်ငယ် လုပ်လုပ်နေတာ သူ မြင်နေရသည်မို့ စိတ်ထဲမကောင်း။

ခြေများနေသော မွေးပွင့်ငယ်ကို သူ မကြိုက်ချင်။ စမ်းယမုန်သို့လည်း မရောက်တာ ကြာပြီဟု မောင်မောင် ပြောသည်။ စမ်းယမုန် အတွက် ဝတ္ထုတို တောင်းတာကိုပင် အချိန်မရ၍ဆိုကာ မပေးသည့် မွေးပွင့်ငယ် ...။

ယခုရော မွေးပွင့်ငယ်သည် အဘယ်သို့ သွားချေသည်လဲ။

ဝတ္ထုတိုတစ်ပုဒ် ရေးဖို့ပင် အချိန်မရလောက်အောင် လုံးချင်းတွေ ရေးနေရပါသည်ဆိုသည့် မွေးပွင့်ငယ် ...။ တကယ်တမ်းကျတော့ ဤတစ်ပတ်အတွင်းမှာ ဘာတစ်ခုမျှ ရေးသားနေတာမျိုး သူ မမြင်။

"မမွေးပွင့်ရော ဒေါ်ဒေါ်"

"အပြင်တဲ့ကွယ်၊ မင်းကိုသာ ပြောမသွားတာပါ၊ မနက်စောစောကတည်းက သူ ဒီနေ့ အပြင်ထွက်မယ် ဆိုပြီး ဒေါ်ဒေါ့်ကိုတော့ ပြောပါတယ်၊ အင်း ... ဒီသူငယ်မ"

ပြောလုဆဲဆဲ စကားကို မပြောတော့ဘဲ ဒေါ်ဒေါ် မျက်နှာမကောင်းဘဲ ချက်ရေးပြုတ်ရေးကိုပဲ ဆက်လုပ်နေရှာပါ၏။ ဒေါ်ဒေါ်လည်း စိတ်ထဲကောင်းပုံမရ။

"မင်း ကြိုက်တတ်တာတွေကို ချက်ပေးဖို့တော့ ဒေါ်ဒေါ့်ကို မှာသွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမျှပြန်မပြော။ ခေါင်းပဲ တစ်ချက်ယမ်းကာ အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။ ဒေါ်ဒေါ်ကို အစေအပါးပမာ ချက်ပြုတ်ခိုင်းနေသလိုမျိုးကြီး ဖြစ်လာနေပြီမို့ သူ ရင်ထဲမှာ မကောင်းနိုင်တာ အမှန်။ မွေးပွင့်ငယ်ကို သူ တိုးတိုးတိတ်တိတ် ကျိတ်၍ သတိပေးဖူးသည်။ ဒေါ်ဒေါ်ကို ကူညီညာ လုပ်ကိုင်ပေးဖို့။

ဒါပေမဲ့ စာရေးနေရတာ ဆိုသည့် စကားတစ်ခွန်းဖြင့်ပင် အားလုံးကို မွေးပွင့်ငယ် ချေဖျက်စကား ဆိုခဲ့သည်ပါပဲ။

"မမွေးပွင့် အပြင်သွားတယ် ဆိုတာကလဲ စာရေးဖို့အတွက် စက္ကူဝယ်တာတို့၊ လက်နှိပ်စက်ကို အပ်ဖို့အတွက် စက္ကူဝယ်တာတို့၊ ပြီးတော့ ... ထိုက်လျောက်အောင်ဝတ်နိုင်ဖို့ အဝတ်အစား ဝယ်တာမျိုးပါ"

ဟူ၍ ဆင်ခြေစကားကိုလည်း ပြောတတ်နေပြီ။

ဒေါ်ဒေါ် ကိုယ်တိုင်ကလည်း မွေးပွင့်ငယ်ကို သမီးရင်းလို ချစ်နေရှာတာမို့ ယခုလို မီးဖိုထဲ ချက်ရေး ပြုတ်ရေး ဝင်နေရတာကို မညည်းညူရှာ၊ မငြူစူရှာ။

သူ အိပ်ခန်းထဲမှာ ခပ်ထွေထွေ ထိုင်နေရာမှ တစ်ချက်ခေါင်းကို ယမ်းလိုက်မိကာ သက်ပြင်းရှိုက်လိုက်မိပါ၏။ မဖြစ်။ မွေးပွင့်ငယ်ကို သူ အကဲခတ်ဖို့ လိုလာပြီ။ ဤမျှ အပြင်ထွက်နေရလောက်အောင် အပြင်တွင် မွေးပွင့်ငယ် ဘာတွေ လုပ်နေချေသနည်း။ မသိ ... သူ မသိ။

သူ ထိုင်နေရာမှ ထရပ်လိုက်ကာ မွေးပွင့်ငယ်၏ ဗီရိုကို သွားဖွင့်သည်။ အဝတ်အစားတွေက အစီအရီ။ သေသေသပ်သပ်ပဲ ရှိနေသည်။ ဗီရိုသော့ပို တစ်ချောင်းက သူ့မှာ ရှိနေသည်လေ။



ဟိုယခင်တုန်းကတော့ လင်မယား နှစ်ယောက်မှ အဝတ်ဗီရိုတစ်လုံးတည်း သုံးခဲ့ကြခြင်း မဟုတ်ပါလား။ သူ့အဝတ်အစားတွေက အပေါ်ဆင့်မှာ၊ မွေးပွင့်ငယ်၏ အဝတ်အစားတွေက အောက်အဆင့်မှာ။ ထိုသို့ပဲ ထားခဲ့သည်ပါပဲ။

ထိုကတည်းက သော့တစ်ယောက်တစ်ချောင်း ကိုင်ခဲ့ကြသည်လေ။

နောက်ပိုင်းကျတော့မှ နောက်ထပ် ဗီရိုတစ်လုံး ထပ်ဝယ်ဖြစ်ကာ ထိုဗီရိုသစ်မှာ သူ့ အဝတ်အစားတွေကို ပြောင်း၍ မွေးပွင့်ငယ် ထည့်ပေးခဲ့သည်လေ။

သူ့ထံမှ သော့ပို တစ်ချောင်းကိုလည်း မွေးပွင့်ငယ် အမှတ်မဲ့ပင် ပြန်မယူခဲ့။ တကယ်တမ်းကျတော့လည်း လင်မယားဘဝမှာ သော့ပြန်တောင်းဖို့လည်း မလိုအပ်ချေပါကိုး။

သူ့ဆီမှာ ထိုသော့ပိုတစ်ချောင်း ရှိနေတာကိုလည်း မွေးပွင့်ငယ် အမှတ်ထင်ထင် ရှိပုံပင်မရ။ ယခုတော့ ဗီရိုကိုဖွင့်၍ ဟိုဟိုသည်သည် လက်နှင့် အဝတ်တွေ ဖွကြည့်လျက် ရှာဖွေနေမိသည်။ ဘာကို ရှာရမှန်း မသိရပေမယ့် တစ်ခုခုကို တွေ့လိုတွေ့ငြား ရှာရပါသည့် အဖြစ်မျိုး။

ဗီရို၏ အလယ်ဆင့် အံဆွဲကို သူ ဆွဲဖွင့်လိုက်မိသည်။ အံဆွဲက နှစ်ခု။

အစီအရီ သေသေသပ်သပ် ထားသော အရာဝတ္ထုကို မှင်တက်ကြည့်နေမိသည်။

နောက် ... သူ တစ်ခုချင်း ထုတ်ယူကြည့်လိုက်မိရ ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မွှေးပွင့်ငယ် အပြင်သို့ထွက်၍ ဘယ်သူနှင့် တွေ့နေခဲ့သည် ဆိုတာကို သူ နားလည်လာရသည်နှင့် အရှက်တရားသည် နာကျင်စွာ ရင်ဝယ်ဖြစ်တည်၏။

သေသပ်စွာ ချုပ်ထားသော လက်ရေးစာမူ စာအုပ်များသည် ထူထူထဲထဲ ရှိနေကြတာ အမှန်။

လုံးချင်းတစ်အုပ်စာမျှ ထူထဲသော လက်ရေးစာမူ စာအုပ်များသည် တစ်အုပ်လျှင် လက်ရေးတစ်မျိုးစီ ဖြစ်နေချေသည် တကား။

စာအုပ်များကို သူ တစ်အုပ်ချင်း လှန်လှောကြည့်နေမိရာမှ စားပွဲပေါ် ဆောင့်ချလိုက်မိသည်။ အားလုံး စုစုပေါင်း ငါး အုပ်။

"လုပ်ရက်လိုက်တာ လုပ်ရဲလိုက်တာ မမွှေးပွင့်ရယ်"

တက်တစ်ချက်ကို သူ ပြင်းပြင်း ခေါက်လိုက်မိရပြီ။ ဤမျှအထိ သိက္ခာဆိုတာကို မငဲ့ရချေပြီတဲ့လား။ ဤမျှအထိ ငွေကို မက်မောရချေပြီတဲ့လား။

"ငါ့ကို စာရေးဆရာမ မမွှေးပွင့်ငယ်ရဲ့ ခင်ပွန်းပါလို့ မိတ်ဆက်ပေးတာမျိုးကို ခံရတဲ့အခါမှာ ငါ ဘယ်လောက်ရှက်ရမလဲ၊ ဘယ်လောက် လိပ်ပြာမသန့်ဘဲ ဖြစ်ရမလဲ၊ သူကိုယ်တိုင်ကတော့ မျက်နှာပြောင် တိုက်ရဲလောက်အောင်ကို ငွေမက်သွားပြီပဲ"

သူ ယူကျုံးမရ ဖြစ်ရသည်။ ဘယ်လိုမှ သူ မယုံကြည်လိုက်နိုင်။ ဟုတ်သည်။ ဤမျှအထိ သူ မြတ်နိုးရပါလေသော မိန်းမတစ်ယောက်သည် ဤမျှအထိ ပြောင်းလဲသွားလိုက်နိုင်ချေမည်ဟု မယုံကြည်လိုက်နိုင်။



ဒါပေမဲ့ ဒါတွေက တကယ်ကို ဖြစ်နေပြီ။

အိမ်ရှေ့မှာ ကားရပ်သံ။ နောက် ... မွှေးပွင့်ငယ်၏ စကားသံ။ ဒေါ်ဒေါ်နှင့် ဦးစွာ ပြောဆိုနေကြသံ။ နောက်တော့ သူ ရောက်နေတာကို ဒေါ်ဒေါ် ပြောသံ။ ပြီး ... ခြေသံ။

ဟုတ်သည်။ သူရှိရာ အခန်းဆီသို့ ခြေလှမ်းမှန်မှန် ဖြင့် လျှောက်လာနေသော ညင်သာသော ခြေသံ။

မလှုပ်မယှက် သူ ရပ်နေဆဲ။ စားပွဲကို ထောက်ထားသော သူ့လက်ဖဝါးသည် မာကျောသော စားပွဲမျက်နှာပြင် သစ်သားပေါ်မှာ အားစိုက်ဖိထားသလို ဖြစ်နေသည်။

လက်ဖဝါးတွေ နာကျင်လာသည်အထိ။ လက်ဖမိုးမှာ အကြောများ ထောင်လာသည်အထိ၊ အံခဲ၍ စားပွဲပေါ်မှာပဲ သူ့လက်ဖဝါးတွေ အားစိုက် ဖိတင်ထားမိဆဲ။

ခန်းဆီးစလေး လှစ်ခနဲ ဟသွားကာ မွှေးပွင့်ငယ်၏ အသွင်လေးက ပြုံးရိပ်လေးဖြင့် ပေါ်လာ၏။

"ဒီနေ့ မောင် စောစော ရောက်လာတာကိုး၊ နေ့လယ်စာ မောင်နဲ့ မမွှေးပွင့် တူတူ စားဖြစ်ကြတာပေါ့"

ခပ်အေးအေး ပြုံးရိပ်လေးနှင့် ပြောပြီး လွယ်ထားသော လွယ်အိတ်လေးကို ခုတင်မှာ မွှေးပွင့်ငယ် ပစ်တင်လိုက်သည်။ လွယ်အိတ်လေးက လေးလေးပင်ပင် ကျသွားတာမို့ ဖျတ်ခနဲ ကောက်ကိုင်လျက် အိတ်တွင်းကို လက်နှိုက်သည်။

"ဒါ ... ဘာလဲ မမွှေးပွင့်"

သူ အံခဲ၍ မေးတော့ မွှေးပွင့်ငယ် တစ်ချက် သူ့ကို ကြည့်သည်။ အဝတ်အစား လဲနေသည်မို့ တစ်ဖက်သို့ ခပ်အေးအေး ပြန်လှည့်လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"စာမူလေ မောင်ရဲ့၊ နောက်ထွက်မယ့် စာမူ၊ လက်နှိပ်စက် အပ်ထားတာ ဒီနေ့ သွားယူတာ"

သူ သဘောပေါက်လာသည်။ တစ်ခုက လက်ရေးစာမူ၊ တစ်ခုက လက်နှိပ်စက်စာမူ။

နောက်ထပ် တစ်ခုက လက်ရေးစာမူ။ ထိုစာမူအတွက်ကတော့ လက်နှိပ်စက် မရိုက်ရသေး။ တစ်လက်စတည်း လက်ရေးစာမူအသစ်ကိုပါ မွှေးပွင့်ငယ် ဝင်ယူခဲ့ဟန် တူသည်။ စာမူတွေကို သူ စားပွဲပေါ် ချသည်။

လွယ်အိတ်ထဲမှာ စာမူနှင့် ပတ်သက်သည့်အရာ သုံးအုပ်ပါလာသည်။ တစ်အုပ်က လက်နှိပ်စက် တင်ထားသည့်စာမူ။ နှစ်အုပ်က လက်ရေးစာမူ။ ဒါပေမဲ့ ထိုလက်ရေးသည် မွှေးပွင့်ငယ်၏ လက်ရေးမဟုတ်။

"မင်း ဒီစာမူကို လက်နှိပ်စက် တင်နိုင်းပြီးမှ စာပေတိုက်ကို အပ်မယ် ဆိုပါတော့၊ အဲဒါမှ လက်ရေးပေါင်းစုံ ရှိနေတဲ့ မင်းရဲ့ စာမူတွေကို စာစီဆရာတွေ၊ အယ်ဒီတာတွေ မမြင်နိုင်မှာပေါ့၊ ဟုတ်လား"

သူ ပြတ်ပြတ်မေးတော့ မွှေးပွင့်ငယ် သူ့ဘက်လှည့်လိုက်ကာ ခပ်အေးအေးပင် ...

"ဟုတ်တယ် **မောင်၊ မမွှေးပွင့်ရဲ့** လက်ရေးကို စာစီဆရာလေးတွေ၊ **ဗိုမင်ကြီးတွေ၊** အယ်ဒီတာတွေ သိကြတယ်၊ ဒါကြောင့် ဝတ္ထုတိုပဲဖြစ်ဖြစ်၊ လုံးချင်းပဲဖြစ်ဖြစ် မမွှေးပွင့် လက်နှိပ်စက်နဲ့ ရိုက်ခိုင်းတယ်"

"မင်း ဘာတွေ လုပ်နေတာလဲ မမွှေးပွင့်၊ ဟင် ... မင်းရူးသွားပြီလား၊ မင်းဟာ စာပေကို ဝါသနာကြီးကြီးနဲ့ ဟိုးအောက်



ခြေ သုညဘဝက ကြိုးစားယူရင်းနဲ့ စာရေးဆရာမလေး မွှေးပွင့်ငယ် ဆိုတာ ဖြစ်လာရတာကွ၊ အဲဒီဘဝကို မင်း လွယ်လွယ်နဲ့ ဖျက်ဆီးလိုက်ပြီလား၊ ဟုတ်လား"

သူ မွှေးပွင့်ငယ်၏ ကိုယ်လေးကို သူ့ဘက် ဆွဲလှည့်လိုက်ရင်း ဒေါသနှင့် ယူကျုံးမရစိတ်ကဲလျက် မေးမိလိုက်ရပါပြီ။

"မတတ်နိုင်ဘူး မောင်၊ လောလောဆယ်မှာ မမွှေးပွင့် ငွေလိုနေတယ်၊ ကြိုငွေယူထားတာတွေကို အမြန်ကျေချင်တယ်၊ ဆက်တိုက်ကြီး ရေးနေရတော့လဲ ခေါင်းတွေ ဟုန်နေပြီ၊ ဒါကြောင့် ဒီလိုပဲ ကြားညှပ်ပြီး ဒီဥစ္စာတွေကို သုံးသုံးသွားရမှာပဲ မောင်"

မွှေးပွင့်ငယ် ခပ်အေးအေး ပြောနေသမျှ သူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေရသည်ပါပဲ။ သူ၏ မိန်းမသည် ဤမျှသစ္စာမဲ့နေချပြီတဲ့လား။

"မင်း ငါ့ကို ဖြေစမ်း၊ ဒီဥစ္စာတွေကို မင်း စာပေတိုက်ကို ပေးခဲ့ပြီးသွားပြီလား၊ ဘယ်နှအုပ်လောက် ပေးဖြစ်ခဲ့ပြီးပြီလဲ"

အံကြိတ်၍ မေးသံသည် အက်အက်ကွဲကွဲ နိုင်လွန်းနေတာ အမှန်။

"မပေးရသေးဘူး မောင်၊ ခုယူလာတဲ့ လက်နှိပ်စက်မူဟာ ပထမဆုံး ကြားညှပ်သုံးမယ့် စာအုပ်ပဲ"

"ဩော် ... ဟုတ်လား"

သူ ခပ်အေးအေး ပြောသည်။ ဤအကြိမ်တွင်တော့ အေးစက်စက် လေသံသည် သူ့အတွက် ဖြစ်သွားသည့်နှယ်။

စားပွဲပေါ်မှာ ရှိနေသည့် စာအုပ်တွကိုရော၊ လွယ်အိတ်ထဲမှ သူ ထုတ်ယူထားသည့် စာအုပ်တွေကိုရော အားလုံး သိမ်းကျုံး

www.burmeseclassic.com

www.burmeseclassic.com



ပွေ့ယူ၍ ခြေလှမ်းကျဲကြီးနှင့် အခန်းတွင်းမှ ထွက်တော့ မမွှေးပွင့်က သောကမျော သူ့ကို မေးသည်။

“ဘာလုပ်မလို့လဲ မောင်”

သူ မဖြေ။ ခြေလှမ်းကျဲကြီးနှင့် တောက်လျှောက် နောက်ဘေးသို့ လျှောက်ခဲ့သည်။

နောက်ဘေးရှိ သမံတလင်းခင်း မြေကွက်လပ်ငယ်လေးထက်မှာ စာအုပ်တွေကို ပုံခနဲချလိုက်ကာ မွှေးပွင့်ငယ် အမောတကော ပြေးလိုက်လာတာကို နောက်လှည့်ကြည့်ပြီး ပြန်လျှောက်လာသည်။ မြောက်ခနဲနေအောင် မွှေးပွင့်ငယ်ကို ကောက်ပွေ့၍ အိပ်ခန်းသို့ ပြန်လျှောက်ခဲ့ကာ ခုတင်ပေါ် မွှေးပွင့်ငယ်ကို ပစ်တင်ခဲ့ပြီး တစ်ချက်မျှ လှည့်မကြည့်တော့ဘဲ အခန်းတံခါးရွက်ကို ပိတ်ကာ အပြင်မှ သော့ခတ်ပစ်ခဲ့ပြီး နောက်ဘေးသို့ ပြန်လျှောက်ခဲ့ပါ၏။

ရေနံဆီပုလင်းကို ကောက်ယူကာ လက်ရေးစုံရှိနေသည့် စာမူစာအုပ်များနှင့် လက်နှိပ်စက်စာမူ တစ်အုပ်တို့အပေါ်ဝယ် လောင်းထည့်လိုက်ပါပြီ။

ဘာမျှ မကြာလိုက်။ မီးခြစ်ဆံတစ်ချောင်း၏ အကူအညီဖြင့် ထိုမရိုးသားမှုများ စုဝေးပေါင်းစည်းနေရာ စာမူများ မီးလောင် ပြာကျသွားရချေသည်ပါပဲ။ ဝါးချောင်းလေး တစ်ချောင်းဖြင့် နည်းနည်းကျဉ်းကျဉ်း ထိုးဆွပေးလိုက်တာနှင့် စာရွက်တစ်ရွက် မကျန် လောင်ကျွမ်းသွားရချေသည်ပါပဲ။

သူ ခပ်အေးအေးပဲ အိမ်ထဲပြန်ဝင်သည်။ တံခါးဝထိ ရပ်နေသည့် ဒေါ်ဒေါ် ခမျာ မျက်နှာပျက်ပျက်ဖြင့် ...

“ဘာတွေ ဖြစ်ကုန်တာလဲ မောင်ရန်ပိုင်၊ ဟိုမှာလဲ အခန်းတံခါးကို ကမ္ဘာပျက်မယ့်အတိုင်း ထုနေတာ၊ မင်းကလဲ



ဒီမှာ မီးရှို့ပစ်နေတယ်၊ ဘာတွေလဲကွယ်၊ ဒီအိမ်မှာ ဒေါ်ဒေါ်ဟာ လူကြီးတစ်ယောက် အနေနဲ့ ရှိနေပါသေးတယ်၊ ပြောကြစမ်းပါဦး”

ဟု မျက်ရည်ဝဲစွာ ပြောတော့ သူ စိတ်ထိခိုက်ရပါ၏။

“မဟုတ်ဘူး ဒေါ်ဒေါ်၊ လာပါဦး၊ ဒီမှာ ထိုင်ပါဦး၊ ဒေါ်ဒေါ့်တူမဟာ သူ လက်ရှိလုပ်နေတဲ့ စာပေရေးသားခြင်းဆိုတဲ့ အရာမှာ သစ္စာမရှိတော့ဘူး ဒေါ်ဒေါ်၊ သူ ရှုံ့ဒိုးတွေ သုံးနေတယ်”

ဒေါ်ဒေါ့်ခမျာ သူ ပြောတာကို နားမလည်ရှာ။

သူ ရှင်းပြရပါ၏။ မိမိကိုယ်တိုင် မရေးဘဲ အခြားသူတစ်ယောက်အား အဖိုးအခပေး၍ စာမူ ရေးခိုင်းကာ မိမိအမည်ခံ၍ မိမိ၏ ဝတ္ထုအဖြစ် လှည့်စားသော မရိုးသားသည့် ကိစ္စကို သူ တတ်စွမ်းသမျှ ရှင်းပြရသည်။

“သဘောက ဒေါ်ဒေါ်ရယ်၊ ကျွန်တော်က မမွှေးပွင့်အတွက် ရှဲဒိုးရေးပေးတယ်၊ အဲဒီအတွက် ကျွန်တော် ပိုက်ဆံရတယ်၊ အဲဒီ ရေးပေးတဲ့ ဝတ္ထုကို မမွှေးပွင့်က သူရေးတယ်ဆိုပြီး စာပေတိုက်ကို ပေးမယ်၊ အဲဒီအတွက် ပိုက်ဆံရမယ်၊ နောက် အဲဒီ သူများရေးပေးတဲ့ ဝတ္ထုဟာ သူရေးတဲ့ ဝတ္ထုလို စာဖတ်သူတွေရဲ့ လက်ထဲကို လုံးချင်းဝတ္ထုအဖြစ် ရောက်သွားမယ်၊ ဒါပါပဲ”

ပြောပြီး သူ ခေါင်းယမ်းသည်။ ရင်ထဲမှာ ထိခိုက်မှုတာလည်း အမှန်။

“မမွှေးပွင့် ဒီလောက် မိုက်လိမ့်မယ်၊ ဒီလောက် လောဘကြီးလိမ့်မယ်၊ ကိုယ့်ကို ရိုးရိုးသားသား လေးစားအားပေးနေ

www.burmeseclassic.com



တဲ့ ပရိသတ်၊ ချစ်နေတဲ့ ပရိသတ် အပေါ်မှာ သစ္စာမဲ့လိမ့်မယ်၊ စော်ကားရက် စော်ကားရဲလိမ့်မယ်လို့ ကျွန်တော် မထင်မိခဲ့ဘူး ဒေါ်ဒေါ်"

ဒေါ်ဒေါ် ငိုင်နေသည်။ ဒေါ်ဒေါ့် မျက်နှာသည်လည်း ရဲနေသည်ပါပဲ။

ရှက်နေမှန်း အရမ်းသိသာသည်။

"နို ... နေပါဦး၊ မိမွေးက ဝတ္ထုမရေးတတ်လို့ သူများကို ရေးခိုင်းရတာလား၊ သူ ရေးတတ်သားပဲ၊ သူရေးတာကို ဒေါ်ဒေါ် တွေ့နေရတဲ့ဥစ္စာ၊ ခုကျတော့ ဘာလို့ မရေးတတ်ရတော့တာတဲ့လဲ"

နားမလည်နိုင်လောက်အောင် ဒေါ်ဒေါ် ယူကျုံးမရဖြစ်စွာ မေးလာရှာ၏။

"သူ ရေးတတ်ပေမယ့် သူလိုချင်သလောက် ငွေတွေကို အချိန်တိုအတွင်း ရနိုင်ဖို့ ဆိုတာကတော့ သူ့အနုပညာက စက်နဲ့လှည့်ထုတ်သလို မတတ်နိုင်တော့တဲ့အဆုံး သူ သစ္စာမရှိတဲ့အလုပ်၊ အရှက်မရှိတဲ့ အလုပ်ကို လုပ်တာပေါ့ ဒေါ်ဒေါ်၊ အဲဒါ လောဘရဲ့နောက်လိုက်တွေမှာ ဖြစ်တတ်တဲ့ ဖြစ်မြဲသဘောပဲ"

"ဘာလို့ ဒီလောက်ထိ မိမွေးဟာ ငွေကို မက်မောသွားရတာလဲ"

သူ ဘာမျှ မရှင်းပြရက်တော့။ ယူကျုံးမရဖြစ်စွာ ညည်းညူရင်း မျက်ရည်ကျနေသည့် ဒေါ်ဒေါ်ကို ဘာမျှထပ်မပြောပြရက်တော့၊ ပြောလျှင်လည်း စိတ်ဆင်းရဲစရာပဲ ဖြစ်မည်။ အရှက်သည်းစရာပဲ ဖြစ်မည်။ တစ်အိမ်တည်းသား ဆိုပေမဲ့ ခုလို တူမဘက်



က အမှားကြီး မှားနေသည့် ကိစ္စကို ဒေါ်ဒေါ် ရှက်ရှာချေမည်ပေါ့။ ဒေါ်ဒေါ် အဘယ်မျှ ရိုးသားတာ သူ့ အသိဆုံး။

တံခါးထုသံကလည်း နားမခံသာတော့သည့် အဖြစ်မို့ သူ သွားဖွင့်ပေးလိုက်ရသည်။

မွေးပွင့်ငယ် အထဲမှ တဒုန်းဒုန်းထု။ တံခါးဖွင့်ဖို့ အော်လည်း အော်နေသမျှ သူ ခပ်အေးအေးပဲ နေပြလိုက်သည်။

မွေးပွင့်ငယ် နောက်ဖေးသို့ ပြေးသွား၏။ မကြာလိုက် နီရဲနေသော မျက်နှာဖြင့် သူ့အပါးသို့ ပြန်ရောက်လာသည်။ မီးလောင် ပြာကျသွားခဲ့ပြီးသည့် စက္ကူပြာတွေကိုပဲ မွေးပွင့်ငယ် မြင်ခဲ့ရှာချေမည်ပေါ့။

"မောင် ... ဘယ်လို လုပ်လိုက်တာလဲ၊ အဲဒါ ငွေတွေ ... ငွေတွေ သိရဲ့လား၊ အဲဒါ ရဖို့အတွက်လဲ မမွေးပွင့် ငွေကို ရင်းနှီးခဲ့ရတယ်၊ အဲဒါတွေကို စာပေတိုက်ကို ပေးလိုက်ရင်လဲ မမွေးပွင့် ပိုက်ဆံရမယ်၊ အဲဒါ မောင် မသိဘူးလားဟင်၊ ဘာလို့ ဒီလိုလုပ်ရတာလဲ မောင်၊ ဒါ မမွေးပွင့်ရဲ့ စီးပွားရေးကိစ္စပါ၊ မောင် ဝင်စွက်ဖို့ မကောင်းဘူး၊ စွက်ပိုင်ခွင့်လဲ မရှိဘူး၊ မောင်က ..."

တောက်လျှောက် ပြောချနေသည့် မွေးပွင့်ငယ်၏ စကားလုံးတိုင်းသည် လောဘ၏ သဘောကို ဆောင်နေသည့်အဖြစ်ပါတကား၊ နီရဲနေသည့် မွေးပွင့်ငယ်၏ မျက်နှာလေးကို သူ မျက်တောင်မခတ် စိုက်ကြည့်သည်။ တစ်ချိန်သောအခါက အရမ်းကို အပြစ်ကင်းစင် ဖြူစင်ရိုးသားပါသော မျက်နှာလေး၊ ထိုအငွေ့အသက်များသည် ယခု သူတွေ့နေရပါသည့် မွေးပွင့်ငယ်ထံမှာ အရိပ်အငွေ့သော်မျှ သူ မတွေ့ရတော့သည့်နှယ်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီက ပိုက်ဆံရမှ ဒီတိုက်ခန်းအတွက် ယူထားတဲ့ငွေတွေ ဒီတိုက်ခန်းထဲမှာ ရှိနေတဲ့ ပစ္စည်းတွေအတွက် ယူထားတဲ့ငွေတွေကို ပြန်ချေနိုင်မှာ ..."

သူ ခေါင်းယမ်းသည်။ မွေးပွင့်ငယ် မျက်နှာလေး ရဲနေသည့်နည်းတူ မျက်ရည်လည်း ဝဲနေတာ သူ မြင်၏။

ဒါပေမဲ့ သူ စဖျောင်းဖျ၊ မနှစ်သိမ့်၊ နှစ်သိမ့်ဖျောင်းဖျလိုစိတ်လည်း မရှိ၊ ခပ်မတ်မတ်ပင် နေရာမှာ ရပ်၍ ...

"အဲဒီအတွက် လွယ်လွယ်လေးပါ မမွေးပွင့်၊ ငါတို့ ပန်းလေညင်းကို ပြန်သွားနေလိုက်ရုံပေါ့၊ ဒီဥစ္စာတွေကို ပြန်ရောင်းလိုက်ရုံပေါ့၊ ဒီတိုက်ခန်းကိုလဲ ပြန်အပ်လိုက်ရုံပေါ့၊ မင်းယူထားတဲ့ ကြိုယူငွေတွေ ပြန်ထွက်လာမှာပေါ့၊ ငါတို့ ခပ်အေးအေးပဲ ပန်းလေညင်းမှာ ပြန်နေမယ်၊ ပိုက်ဆံစုမယ်၊ ဟိုမှာ အိမ်ဆောက်မယ်၊ ဥယျာဉ်လေးကိုလည်း ပြုစုမယ်၊ ဆေးခန်းလေးမှာလဲ ပျော်ပျော်လုပ်ကိုင်ကြမယ်"

ဟု ပြောနေရင်းဖြင် ရင်ထဲမှာ ကြည်နူးလာသည်။ အလိုလို သူ့မျက်နှာမှာလည်း နူးညံ့ရိပ်တွေ ပြည့်သိပ်လာသည်။

"မမွေးပွင့်လဲ စာရေးပေါ့၊ အလောတကြီး ရေးဖို့လဲ မလိုဘူး၊ ငွေကြိုယူတဲ့ကိစ္စ မရှိလို့ စိတ်အေးအေးလဲ နေရမယ်"

မွေးပွင့်ငယ် ခေါင်းယမ်းသည်။ မျက်နှာထားက တင်းမာနေ၏။

"ဘယ်ဖြစ်မလဲ မမွေးပွင့် အရှက်ကွဲမှာပေါ့၊ ဟန်ကြီးပန်ကြီးနဲ့ ထွက်လာခဲ့ပြီးမှ ဒီမှာ နေနေပြီးမှ အားလုံး ရောင်းချပြီး ဟိုမှာ ပြန်သွားနေရမယ် ဆိုကတည်းက ပတ်ဝန်းကျင်က ဘာပြောမလဲ၊ ရှက်စရာ ဘယ်လောက်ကောင်းမလဲ"



မွေးပွင့်ငယ် ကုလားထိုင်တစ်လုံးတွင် ဆောင့်အောင့်ထိုင်၏။

"နောက်ထပ် စာမူတွေကို ရေးခိုင်းလို့ ရပါသေးတယ် မောင်၊ အဲဒီအခါ မောင် တားလို့မရအောင် ဒီကို ယူမလာတော့ဘူး၊ လက်နှိပ်စက် အပ်မယ်၊ တစ်ခါတည်း စာပေတိုက်ကို ဝင်ပို့လိုက်မယ်"

ပြတ်သားသော မွေးပွင့်ငယ်၏စကား၊ မျက်ရည်လည်နေသည့်ကြားမှ နီရဲသော မျက်နှာဖြင့် ခပ်တင်းတင်းကြည့်လာသည့် အကြည့်။

"မောင် သဘောမတူဘူး မမွေးပွင့် ..."

သူကလည်း ရှင်းရှင်းပဲ ပြောသည်။

"ဒါ ... မမွေးပွင့်ရဲ့ အလုပ်ပါ၊ မောင့်ဘက်က ဝင်စွက်လို့ မရဘူး၊ ဒါဆိုရင် မမွေးပွင့်လို မောင် ငွေရှာပေးနိုင်မလား၊ ဒီတိုက်ခန်းအတွက် ငွေ၊ ဒီအသုံးအဆောင်တွေအတွက် ငွေ၊ မောင် ရှာပေးလေ၊ မောင် မတတ်နိုင်တဲ့ အရာတွေကို မမွေးပွင့် ရှာကြံပေးနေတာပါ မောင် ..."

သူ့ကိုယ် တောင့်ခနဲ ဖြစ်၏။ မွေးပွင့်ငယ်၏ မျက်နှာကို မျက်တောင်မခတ် စူးစိုက်ကြည့်သည်။

"မင်း ငါ့ကို လက်ထပ်တာဟာ ငွေရှာခိုင်းဖို့လား မမွေးပွင့်"

သူ့နှုတ်များဆီမှ အေးစက်မာကျောစွာ ထွက်ကျလာသော မေးခွန်းအဆုံး၌ မွေးပွင့်ငယ်၏ ခေါင်းလေး ဆတ်ခနဲမတ်၍ သူ့ကိုကြည့်လာသည်။ စကားမှားခဲ့ပြီ ဆိုတာကိုလည်း မွေးပွင့်ငယ်သည် မိမိကိုယ်ကို သဘောပေါက်နေသေးဟန် မတူ။ ငွေအောက်

www.burmeseclassic.com



နေသည့် မိန်းမသား တစ်ယောက်၏ မျက်နှာအဖြစ်ပဲ သူ စိတ်ပျက်စွာ မြင်လိုက်ရသည်။

"မောင့်ကို ငွေရှာခိုင်းဖို့ လက်ထပ်တာ မဟုတ်ဘူး ဆိုတာ မောင် အသိဆုံးပါ၊ မောင် ရှာတဲ့ငွေကို မမွေးပွင့် ဘယ်တုန်းက မက်မောနေခဲ့ဖူးလို့လဲ၊ ခု ... မမွေးပွင့် ပြောတာက အဲသလောက်ငွေကို မောင် ရှာပေးနိုင်သလားလို့ မေးတာ"

သူ တစ်ခွန်းမျှ ပြန်မပြောတော့။ ရင်ထဲတွင် နာကြည်းခြင်းဆိုတာက ဝင်လာနေပြီ။ နာကျင်ခြင်း ဆိုတာကလည်း ဖြစ်တည်နေပြီ။

ရှက်စိတ်လည်း ဝင်လာလျက် ရှိနေပြီ။

"မောင် မရှာနိုင်တဲ့ ငွေအရေအတွက်ကို မမွေးပွင့် ရှာနိုင်တယ် မောင်၊ မမွေးပွင့် မောင့်ကို လက်ထပ်တာ ချစ်လို့ပါ၊ နောက် ... ခုလို အချိန်မျိုးမှာ ထပ်ဖြည့်ပေးနိုင်တဲ့ စကားတစ်ခု ရှိလာပြီလေ၊ မောင့်ကို အေးအေးဆေးဆေးနဲ့ တခမ်းတနားထားပြီး မမွေးပွင့် လုပ်ကျွေးနိုင်တဲ့ ဘဝမျိုးနဲ့ လက်ထပ်တာပါမောင်၊ မောင့်ဆီကငွေကို မမွေးပွင့် မမက်မောဘူး၊ မမွေးပွင့်ရဲ့ငွေနဲ့ မောင် သုံးနိုင်ဖို့ပါ"

"အဲဒါ မင်း မှားတာပဲ၊ ငါ မင်းလုပ်စာ ထိုင်စားဖို့ မင်းကို လက်ထပ်တာ မဟုတ်သလို လက်ရှိအချိန်မှာ ကံတရားအရရော မင်းရဲ့ပါရမီကြောင့်ရော ဖြစ်တည်လာရတဲ့ ရရှိတဲ့ ငွေကြေးတွေကို မက်မောလို့ ငါ မင်းနဲ့ ခုလို အတူနေနေတာ မဟုတ်ဘူး၊ မင်းကို ချစ်မြတ်နိုးစွာ လက်ထပ်ထားလို့၊ ပြီးတော့ ... မင်းကို ချစ်မြတ်နိုးနေလို့ ငါ ဒီမှာရှိနေတာ"



သူ ခပ်အေးအေး ပြောသည်။ မျက်ဝန်းအကြည့်သည် အေးစက်လာပြီ။ ဤအကြိမ်တွင် ဖြစ်တည်သော အေးစက်တည်ငြိမ်ခြင်းသည် လမ်းဆုံးတရားကို တွန်းပို့ ဖြစ်တည်စေနိုင်စွမ်းခဲ့ပြီဆိုတာ မိမိဘာသာ သိနေရပါသည့် အဖြစ်။

"ငါချစ်တဲ့ မိန်းမကို ရိုးသားဖြူစင်တာပဲ ငါလိုချင်တယ်၊ မင်းဟာ မင်းကိုချစ်တဲ့ အားပေးနေတဲ့ မင်းရဲ့ပရိသတ်အပေါ်မှာ သစ္စာမဲ့တယ်၊ စော်ကားတယ်၊ မင်း စောစောက ပြောခဲ့တယ်၊ ဒါ မင်းရဲ့စီးပွားရေး ဆိုတာလေ"

သူ ခေါင်းယမ်းသည်။ အိတ်ကပ်တွင်းမှ စီးကရက်ဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရှိုက်ဖွာသည်။

"မင်း သိထားဖို့က အနုပညာဆိုတာ ကုန်ပစ္စည်းလို အရောင်းအဝယ်လုပ်လို့ရတဲ့ ပစ္စည်းမဟုတ်ဘူး ဆိုတာကိုပဲ၊ အရောင်းအဝယ် ကိစ္စမှာ သစ္စာမရှိရင် ဝယ်သူ တဖြည်းဖြည်း ကင်းလာမယ်၊ ဒါပေမဲ့ အရောင်းအဝယ်သမားက နောင်တအချိန်မီရရင် ပြန်အဖတ်ဆယ်နိုင်သေးတယ်"

သူ မွေးပွင့်ငယ်၏ မျက်နှာကို အေးအေးတည်ငြိမ်စွာပဲ ကြည့်သည်။ ပြုံးရယ်ရိပ် ကင်းစင်လျက် အရမ်းကို အေးစက်တည်ငြိမ်နေသည့် အသွင်။

"အရောင်းအဝယ်ပစ္စည်း မဟုတ်တဲ့ အနုပညာကို ကုန်ပစ္စည်းလို သဘောထားမယ်၊ ပြီးတော့ ... အဲဒီအနုပညာအပေါ်မှာ သစ္စာမဲ့မယ် ဆိုရင် အားပေးနေတဲ့ ပရိသတ်က အားပေးမှု ကင်းသွားမယ်၊ ဘယ်အချိန်မှာလဲ သိလား မမွေးပွင့်"

သူ မေးတော့ မွေးပွင့်ငယ် နှုတ်ခမ်းကို တင်းတင်းဆွ၍ ပြန်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သစ္စာမရှိတာတွေကို တနည်းနည်းနဲ့ သိသွားတဲ့အချိန်မှာပေါ့၊ အနုပညာသည်တိုင်း သိထားဖို့ အရေးအကြီးဆုံး အချက်တစ်ခုရှိတယ်၊ အဲဒါက ပရိသတ်ဟာ သူတို့မြတ်နိုးတဲ့ အနုပညာသည်ကို အပြစ်ကင်းစင်သူ၊ ရိုးသားဖြူစင်သူ၊ သိက္ခာရှိသူလို့ အလိုလို ခံယူထားတတ်ကြတယ်၊ အဲသလိုလဲ ဖြစ်စေချင်ကြတယ်၊ လက်တွေ့မှာ အဲသလို မဟုတ်ဘဲ သစ္စာမဲ့တာကို သိသွားတဲ့အခါမှာ ... စောစောပိုင်းက တန်ဖိုးထားခဲ့မိလေသမျှတွေဟာ ပျောက်သွားမယ်၊ အားပေးမှုတွေ ရပ်ဆိုင်းသွားမယ်၊ အဲဒီ ရပ်ဆိုင်းမှုဟာ တစ်သက်တာအတွက်ပဲ မမွှေးပွင့်၊ ပြန်အဖတ်ဆယ်လို့ မရတော့ဘူး"

သူ ပြောပြီး သောက်လက်စ စီးကရက်ကို ပြာခွက်ထဲ ထိုးချေသည်။

"အဲဒါကို ငါ သိနေတယ်၊ မြင်နေတယ်၊ အဲဒီလို ဘဝမျိုးကို မင်းကို မရောက်စေချင်လို့ ငါ တားဆီးတယ်၊ မင်းရဲ့ခင်ပွန်းသည် တစ်ယောက် အနေနဲ့ရော၊ မင်းရဲ့ စာပေကို မြတ်နိုးရသူ တစ်ယောက် အနေနဲ့ရော ငါ တားဆီးဖို့ ကြိုးစားတယ်၊ ရှင်းပြတယ်"

"အဲဒီ တားဆီးမှုဟာ ငွေကို ဟန့်တားနေတာပဲ မောင်"

မွှေးပွင့်ငယ် ဖြတ်ပြောပြီး လှောင်ထေ့ထေ့ တစ်ချက်ပြုံးသည်။

"မောင်က မိဘအရှိန်အဝါနဲ့ ချမ်းသာခဲ့တာတော့ အမှန်ပဲ၊ ဒါပေမဲ့ ငွေဆိုတာ အရေးကြီးတဲ့ နေရာမှာ ရှိနေတယ်ဆိုတာကို မောင် ငြင်းလို့မရနိုင်တဲ့ အချက်ရှိတယ်၊ မောင် ... မိဘအိမ်က ဆင်းလာတဲ့အခါမှာ ဘာပါလာနိုင်လို့လဲ၊ အဲဒီ



အခါကျတော့ ငွေမရှိတဲ့ မောင်ဟာ မမွှေးပွင့်ကို ကဗျာလေး တစ်ပုဒ်နဲ့ပဲ တင်တောင်းပြီး လက်ထပ်ခဲ့တာပဲ မဟုတ်လား၊ အှူဟင်း ... ဟင်း"

သူ မထင်မှတ်သော စကား၊ သူ လုံးဝမမျှော်လင့်မိသော စကား။

ခေါ်ခေါ်ထံမှ "ဟဲ့ ... မိမွှေး"ဟု လှမ်းဟန့်သံ ပေါ်လာ၏။

သူ ထရပ်သည်။ မျက်နှာတွင် မာနရိပ်သည် ထင်းနေအောင် ထင်၏။

"ဟုတ်တာပေါ့ မမွှေးပွင့်၊ မင်းကို မွှေးပွင့်လေသာ ဆိုတဲ့ ကဗျာတစ်ပုဒ်ကို မင်္ဂလာဦးနေ့မှာ ငါ ပေးခဲ့မိတယ်၊ စာပေကို မြတ်နိုးတဲ့ မင်းဟာ အဲဒီကဗျာကို တန်ဖိုးထားလိမ့်မယ်လို့လဲ ငါ ယုံကြည်မိခဲ့တာကိုး၊ ဒါပေမဲ့ တစ်နေ့မှာ ဒီလို အပြောခံရလိမ့်မယ်လို့တော့ ငါ မထင်မိခဲ့ဘူး၊ မမျှော်လင့်မိခဲ့ဘူး ..."

သူ တစ်ချက် ပြုံးသည်။ အသက်မပါသော အပြုံး။

"ငါ ... မင်းကို ဘာကြောင့် ချစ်မိသလဲ၊ လက်ထပ်ရသလဲ၊ အဲဒါ ငါ နောက်ဆုံး ပြောပြခဲ့မယ်၊ မင်းဟာ ဖြူစင်ရိုးသားတယ်၊ ပန်းဖြူလေး တစ်ပွင့်ကို ကြည့်ရသလို ရင်ကို ငြိမ်းအေးစေတယ် ...

"လောဘရိပ် မာနရိပ်တွေကို မင်းရဲ့ ချစ်စရာမျက်နှာလေးမှာ မမြင်ရဘူး၊ ကလေးတစ်ယောက်ရဲ့ မျက်နှာလေးလိုပဲ အရမ်းကို အေးချမ်းအပြစ်ကင်းစင်နေလို့ ငါ မြတ်နိုးသွားမိတာ၊ ချစ်မိသွားတာ၊ ငါ မင်းကို လက်ထပ်တာ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ၊ မင်းကို လက်ထပ်တဲ့ အထဲမှာ လုံးဝမပါတဲ့အရာ ရှိတယ်၊ အဲဒါက ဘာလဲ ... သိလား၊ ငွေပဲ၊ ငါ့အချစ်နဲ့ ငါ့မေတ္တာမှာ ... ငါ့မြတ်နိုးမှုတွေမှာ အဲဒီငွေရဲ့ လွှမ်းမိုးမှု လုံးဝမရှိခဲ့ဘူး"

သူ ဒေါ်ဒေါ် အနီးသို့ သွားသည်။ နောက် ... မွေးပွင့်ငယ်ကို ပြန်လှည့်၍ မျက်နှာချင်းဆိုင် ကြည့်သည်။

"ခင်ပွန်းသည် တစ်ယောက်ဖြစ်တဲ့ ငါဟာ မင်းမှားနေတာကို မှန်အောင် သွန်သင်ပေးတယ်၊ လမ်းကြောင်း တည့်ပေးတယ်၊ အဲဒါကို မင်း လက်မခံဘူး၊ အဲသလို လုပ်ပိုင်ခွင့် မရှိဘူးလို့လဲ မင်း ငါ့အပေါ်မှာ ဆုံးဖြတ်တယ်၊ ငါက မင်းရဲ့အဆုံးအဖြတ်အောက်မှာ မှားမှားမှန်မှန် လက်ခုပ်တီးပေးပြီးတော့ မင်းရှာတဲ့ငွေတွေကို ထိုင်ရေတွက်နေမဲ့ လူစားမျိုး မဖြစ်တာဟာ မင်းအတွက် ကံဆိုးတာပဲ"

သူ ဒေါ်ဒေါ်ကို ရှိသေပျပ်ဝပ်စွာ ထိုင်ကန်တော့သည်။

တား၍ရမှာ မဟုတ်တာကိုရော၊ သူ ဘာကိုဆုံးဖြတ်လိုက်ပြီ ဆိုတာကိုရော ဒေါ်ဒေါ် သိနေပြီးပုံရ၏။ မွေးပွင့်ငယ်၏ စကားများကို ဒေါ်ဒေါ် ကြားခဲ့ရသည်ပဲလေ။

သူ တည်ငြိမ်စွာပဲ ထရပ်သည်။ မျက်ရည်ကျနေသော ဒေါ်ဒေါ်ကို မြင်တော့ သူ စိတ်မကောင်း။ ဒါပေမဲ့ သူ မတတ်နိုင်။

မွေးပွင့်ငယ်၏ မျက်နှာကို သူ ကြည့်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည့် မွေးပွင့်ငယ်ကလည်း ဤအကြိမ်တွင် မျက်နှာတင်းနေသည်ပါပဲ။ စောစောက သူ မီးရှို့ခဲ့သည့် ကိစ္စကို တော်တော် စိတ်တိုနေပုံရသည်။ မျှော်လင့်ထားခဲ့သော ငွေတွေအားလုံး ပြာဖြစ်သွားရချေသည်ကိုး။



"မင်းကို ငွေရှာကောင်းသူအဖြစ် အထင်ကြီးကြတဲ့ အထဲမှာ ငါ မပါဘူး၊ မင်း အောင်မြင်တာကို ငါ ကြည်နူးတယ်၊ အဲဒီ အရာကလွဲပြီး ငါ ဘာမှ ပိုပြီးမခံစားဘူး၊ အရင်က မင်းကို ငါ သည်းခံခဲ့တာဟာ မင်းကို ချစ်ရလွန်းတဲ့ အကြောင်းရင်းခံကြောင့်ပဲ မမွေးပွင့်၊ မင်းရှာတဲ့ ငွေတွေကို ငါ စိတ်ဝင်စားလို့ မဟုတ်ဘူး"

သူ တစ်ချက် ပြုံးသည်။ မျက်ဝန်းအကြည့်သည် မွေးပွင့်ငယ်၏ မျက်နှာကိုသာ တည့်တည့်မတ်မတ် စူးစိုက်ကျရောက်၏။ အေးစက်သော အပြုံးနှင့် တည်ငြိမ်သော အကြည့်များပါ။

"မင်းဟာ အောင်မြင်တဲ့ စာရေးဆရာမ တစ်ယောက် ဖြစ်တာ မှန်တယ်၊ ဒါပေမဲ့ အဲသလို ဖြစ်သွားရတာနဲ့ပဲ မင်းဟာ မိန်းမတစ်ယောက်ရဲ့ဘဝ ... အိမ်ထောင်သည်အဖြစ်က လွန်မြောက်သွားပြီလို့ မှတ်ယူထားတာ မင်း မှားတာပဲ မမွေးပွင့်"

သူ သက်ပြင်းရှိုက်သည်။

"အောင်မြင်မှုအပေါ် တလွဲအသုံးချတတ်တဲ့ မင်းရဲ့စိတ်ထားက မင်းနဲ့ ငါ့ကို တစ်နေရာစီ တွန်းပို့လိုက်ကြပြီ"

မွေးပွင့်ငယ် တစ်ချက် သူ့ကိုကြည့်သည်။ နောက် မျက်နှာလွှဲလိုက်၏။ အစဉ်တစိုက် ချော့မော့ ငိုယိုပြောနေကျမို့ ဤမျှ မောင် စကားကြော တင်းနေတာဟု မှတ်ယူလျက် မျက်နှာထား တင်းမြဲတင်းထားလိုက်သည်က မွေးပွင့်ငယ်ပါ။

"မင်းကို ငါ ချစ်မြတ်နိုးလို့ ဘဝတစ်သက်တာ အတွက် ရည်မှန်းပြီး လက်ထပ်ခဲ့တာ၊ အဲဒီတုန်းက မွေးပွင့်ငယ်ကို ငါ မြတ်နိုးတယ်၊ အဲဒီဘဝကိုလဲ ငါ မြတ်နိုးတယ်၊ သံယောဇဉ် ကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ မွေးပွင့်ငယ်၏ ရှေ့တည့်တည့်မှာ ရပ်လိုက်လျက် ...

"မင်းရဲ့ အောင်မြင်မှုတွေဟာ မင်းရဲ့ အေးချမ်းဖြူစင်တဲ့ မူလစိတ်ထားတွေကို ဝါးမျိုသွားခဲ့ပြီ မွေးပွင့်ငယ် ..."

သူ မွေးပွင့်ငယ်ကို နောက်ဆုံး စကားတစ်ခွန်း ပြောခဲ့ပါ၏။

အလွန် တည်ငြိမ်ပြတ်သားစွာ ပြောခဲ့သော စကား။

"ငါ မင်းကို ချစ်မြတ်နိုးဖို့ လက်ထပ်ထားတာ ... မင်းကို ကိုးကွယ်ဖို့ လက်ထပ်ထားတာ မဟုတ်ဘူး မမွေးပွင့်"

ပြောပြီးတာနှင့် သူ တည်ငြိမ်သော ခြေလှမ်းဖြင့် နောက်သို့ လှည့်မကြည့်စတမ်း အိမ်တွင်းမှ ထွက်ခဲ့ပါ၏။

နောက်ထပ် ဤနေရာသို့ ပြန်ရောက်ရန် လမ်းမရှိ။

ခရီးသည် ဆုံးခဲ့ချေပြီတည်း။



## ၃၁

မွေးပွင့်ငယ်၏ မျက်ဝန်းတွေက လက်တောက်နေသည်။ အံကို တင်းခဲနေအောင် ကြိတ်ထားသည့်ကြားမှ မျက်ရည်တွေကတော့ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်း မရှိစွာ ကျနေသည့်အဖြစ်။

လုပ်ရက်လိုက်တာ ဟုလည်း ကြေကြေကွဲကွဲ ဖြစ်ရသည်။

ပြတ်သားလိုက်တာ ဟုလည်း နာနာကြည်းကြည်းဖြစ်ချင်သည်။

စာတိုက်မှ ရောက်လာသော စာအိတ်ရှည်ကြီးထဲမှာ မကြာမတင်လေးကပဲ မွေးပွင့်ငယ် ဖောက်ဖတ်ခဲ့ရပြီးလေသော "ကွာရှင်းပြတ်စဲခြင်း"စာချုပ်သည် လက်တွင်းဝယ် ဆတ်ဆတ်တုန်စွာ ရှိနေဆဲ။

စာအိတ်ပေါ်မှ လက်ရေးကို မြင်လိုက်ကတည်းက မောင့်လက်ရေး ဆိုတာကိုတော့ မွေးပွင့်ငယ် ချက်ချင်းသိသည်။

ရတ်ခနဲ ဝမ်းသာစိတ်ဖြင့် စာအိတ်ကို ဖောက်လိုက်မိတာလည်း အမှန်။ မောင် ... မွေးပွင့်ငယ်ကို ချော့မော့သည့်စာပဲ ဖြစ်ရမည်ဟု မျှော်လင့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ထူထဲသော စာအိတ်တွင်းမှာ ခပ်ထူထူရှိနေသော အရာသည် တံဆိပ်ခေါင်းစက္ကူ ထူထူထဲထဲဖြင့် ရေးသားထားပါသော ပြတ်စဲသည့်စာချုပ် ဖြစ်ချေပြီတကား။

ကျောက်ရုပ်နှယ် ငြိမ်သက်ကျသွားလျက် မွေးပွင့်ငယ် အံကိုခဲရင်း မျက်ရည်ကျနေခိုက် မီးဖိုခန်းမှ ဒေါ်ဒေါ် ထွက်လာသည်။ အရမ်းကို ထိနိုက်ခံစားနေရင်းဖြင့်ပင် မျက်နှာထား တင်းနေဆဲဖြစ်ပါသော မွေးပွင့်ငယ်ကို မြင်တော့ ဒေါ်ဒေါ် အကဲခတ်၏။

နောက်တော့ ဒေါ်ဒေါ် မွေးပွင့်ငယ်၏ လက်တွင်းမှ စာချုပ်ကို ယူသည်။ အလိုက်သင့်ပဲ လျှောခနဲ စာချုပ်လေးသည် ဒေါ်ဒေါ့်လက်ဝယ် ပါသွားရပါ၏။

တကယ်တမ်းက ထိုစာချုပ်လေးကို မွေးပွင့်ငယ် ဆတ်ဆတ်တုန်နေသော လက်ချောင်းလေးများက ထိန်းကိုင်ထားနိုင်စွမ်း မရှိလောက်အောင် အားအင်ကုန်ဆုံးလာနေသည်သို့ ရှိနေရပါပြီ။

စာချုပ်မှာ မောင့်လက်မှတ် ရေးထိုးပြီးသား၊ မွေးပွင့်ငယ်၏ အမည်နေရာတွင် လက်မှတ်ထိုးဖို့ နေရာကျန်နေ၏။ မောင်သည် ဆုံးခန်းတိုင်သည့် အဖြေတစ်ခုကို ယတိပြတ် ချမှတ်သွားခဲ့ချေပြီ။ ဤအသိသည် မွေးပွင့်ငယ်၏ နှလုံးအိမ်ကို ချေမွှလိုက်သည့်နှယ်ပါ။

“ကဲ ... ဘယ့်နှယ် လုပ်မလဲ မိမွေး၊ ဟင် ... ခုတော့ ညည်းရဲ့မာနတွေ ညည်းရဲ့အတ္တတွေက ညည်းကို ကယ်နိုင်သေးရဲ့လား၊ အတေးအမှတ် ကြီးခဲ့သမျှတွေကရော ကောင်းကျိုးပေးနိုင်သေးရဲ့လားဟင် ...”



ဒေါ်ဒေါ့် နှုတ်မှ ယူကျုံးမရမေးသံ ပေါ်လာတော့ မွေးပွင့်ငယ် အံခဲ၍ မျက်နှာကို မော့သည်။ မျက်ဝန်းတွင်းမှ မျက်ရည်များကို ခါထုတ်ပစ်နိုင်ဖို့ ကြိုးစားသည်။

ထူထဲသော မျက်တောင်ကော့များအောက်မှ မျက်နက်ဝန်းသည် ဖိတ်ဖိတ်လက်နေသည်။

“ဒါကတော့ သူ့ဘက်က ဒီလောက် ပြတ်သားနေမှတော့ မမွေးပွင့်က ထိမထင်တဲ့ နေရာမှာ နေပြလိုက်ရုံပေါ့၊ မမွေးပွင့်မှာ လက်ရှိတယ်၊ ခြေရှိတယ်၊ ဦးနှောက်ရှိတယ်၊ လုပ်စား ကိုင်စားနိုင်တယ်၊ သူ့ကို ခြေသလုံးဖက်ပြီး တောင်းပန်မှ ဒီအိမ်ထောင် မြဲမယ်ဆိုရင် မမွေးပွင့် အဲဒီအလုပ်ကို ဘယ်တော့မှ မလုပ်နိုင်တော့ဘူး ဒေါ်ဒေါ်”

မွေးပွင့်ငယ်၏ မျက်နှာက အရမ်းကို တင်းမာနေသည်။ မေးရိုးများ ထောင်ထလာအောင် အံကိုခဲထားသည်ပါပဲ။

ယခုတိုင် မွေးပွင့်ငယ်၏ စိတ်ဓာတ်သည် လျော့ပါးပျော့ပျောင်းလာခြင်း မရှိသေးတာကို ဒေါ်ဒေါ် သိနားလည်လာရသည်။

“အရင်တုန်းက မမွေးပွင့် သူ့ အိမ်က ထွက်သွားမယ်ပြောတိုင်း ငိုယိုတောင်းပန်ခဲ့တာပဲ၊ အဲဒါ ဒေါ်ဒေါ်လဲ အမြင်ပါ၊ သူ့ကို မခွဲနိုင်အောင် မမွေးပွင့် ချစ်တာ သူ သိပါတယ်၊ ဒီလိုသိရက်နဲ့ သူ ဒီလိုလုပ်တာဟာ မမွေးပွင့် အတွက် သူ မစဉ်းစားတဲ့ သဘောပဲ”

“အေး ... အရင်က ညည်း တောင်းပန်လို့လဲ သူနေခဲ့တာပဲ၊ ဒီတစ်ခေါက်မှာ ညည်း သူ့ကို တောင်းပန်လို့လား၊ မတောင်းပန်တဲ့အပြင် သူ့ကို ငွေမရှာနိုင်တဲ့လူလို့ ညည်း

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တယ်လေ၊ ကဗျာလေးတစ်ပုဒ်နဲ့ပဲ ညည်းကို အကုန်အကျခံ လက်ထပ်ယူခဲ့တဲ့သဘော ပြောခဲ့တယ်လေ၊ ညည်းက ငွေပိုရှာနိုင်တယ်လို့လဲ ပြောခဲ့တယ်လေ၊ ဒီမှာ မိမွှေး၊ ညည်းမှာ အတ္တတွေ ဖုံးနေတယ်၊ မာနတွေ ဖုံးနေတယ်၊ ကိုယ့်စာဖတ်ပရိသတ် အပေါ်မှာကျတော့လဲ သစ္စာမဲ့မှုတွေ ဖုံးနေတယ်၊ ညည်းဟာ အရင်က ငါပြုစုသွန်သင်ခဲ့ရတဲ့ မိမွှေး မဟုတ်တော့ဘူး"

မွှေးပွင့်ငယ် ဒေါ်ဒေါ်ကို ကြည့်သည်။ အဒေါ်အရင်းကိုယ်တိုင်ပင်လျှင် မိမိဘက်က မရပ်တည်တော့တာကို ဝမ်းနည်းလာရသည့် အဖြစ်။

ခေါင်းကို ခါယမ်းလိုက်မိလျက် ...

"အို ... မသိဘူး ... မသိဘူး၊ သူက မမွှေးပွင့်ကို စွန့်လွှတ်နိုင်ရင် ဘာလို့ မမွှေးပွင့်က မစွန့်လွှတ်နိုင်ရမှာလဲ၊ အချစ်ဆိုတာ သူ့ဘက်က ကုန်ခန်းနေနိုင်ရင် ဘာလို့ မမွှေးပွင့်က သူ့ကို ဆက်ချစ်နေရဦးမှာလဲ၊ မမွှေးပွင့်က သူ့ထက်ပြတ်သားရဲပါတယ်"

မွှေးပွင့်ငယ်၏ အသွင်က ဒဏ်ရာရထားသော ကျားနာ၏ အသွင်မျိုး ဖြစ်နေပြီ။

တကယ်တမ်းက မောင့်ဘက်မှ ပြတ်သားလိုက်တာကို ရင်နှင့် မဆန့်အောင် ကြေကွဲနာကျင် ခံစားနေရခြင်းပါ။

အရိပ်ပဲမြင်မြင် လုမ်း၍ ဟိန်းဟောက် ကိုက်ခဲချင်နေသည့် အသွင်မျိုး ဖြစ်နေပြီ။

တကယ်တမ်းက မောင့်ဘက်မှ ပြတ်သားလိုက်တာကို ရင်နှင့်မဆန့်အောင် ကြေကွဲနာကျင် ခံစားနေရခြင်းပါ။



ဒါပေမဲ့ ကြေကွဲနာကျင်နေရလေသမျှကို မာနကဖုံးထားသည်။ ရင်ထဲမှ ဝေဒနာကို ဘယ်သူမှ မသိစေရ။ မာန်တင်း၍ ပြတ်သားစွာပဲ စကားဆိုနိုင်နေသေးသည့် အဖြစ်။

ထိုအခိုက်မှာပဲ အိမ်တွင်းသို့ လူရိပ် ဝင်လာတာမို့ ဒေါ်ဒေါ် လှမ်းကြည့်သည်။

မွှေးပွင့်ငယ်လည်း လိုက်ကြည့်တော့ မောင်မောင်။

မျက်ရည်ကျခဲ့လေသမျှ မျက်နှာလေး နီမြန်းမို့အစ်နေတာမို့ ငိုထားတာကို မသိဘဲနေမှာ မဟုတ်တာ မွှေးပွင့်ငယ် သိနေပေမယ့် မျက်နှာကိုတော့ တင်းတည်ထားသည်ပါပဲ။

"ထိုင်ပါ မောင်ရင်၊ ထိုင်"

မောင့်မောင့်ကို ဒေါ်ဒေါ်က ဆရာဟုလည်း ခေါ်ချင်ခေါ်တတ်သည်။ တစ်ခါတစ်ခါကျတော့လည်း မောင်ရင်ဟု ခေါ်မိတတ်ပြန်၏။

"ဟိုကောင်ကြီးရော ရှိနေလား"

မွှေးပွင့်ငယ် ခေါင်းခါပြသည်။ အိမ်တွင်းရေး အခြေအနေမှန်ကို မောင်မောင် မသိဘဲ ရှိပါ့မည်လား။

"ဒုက္ခပဲ ဒီကောင်ကလည်း မာနကြီးကြီးနဲ့"

ပြောပြီး မောင်မောင် ခေါင်းကုတ်တော့ မွှေးပွင့်ငယ် ချက်ချင်း သဘောပေါက်သွားသည်။ အိမ်တွင်းရေး အခြေအနေကို မောင်မောင် သိနေသည်ဟု ...

"ဒီမှာ မမွှေးပွင့် တခြားလူတွေလဲ မဟုတ်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်ဗျာ၊ ဟိုကောင် အိမ်က ဆင်းသွားတာကို ကိုယ် သိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူက မဖွေးပွင့် မကောင်းကြောင်းတွေ လာပြောတယ် ဆိုပါတော့"

မျက်နှာထား တင်းလျက် ဖွေးပွင့်ငယ် မေးတော့ မောင်မောင် ခေါင်းခါသည်။

"မဟုတ်ဘူး၊ ဒီကောင်နဲ့ ကိုယ် ခုထိကို မတွေ့ရသေးတာ"

မောင် ဘယ်မှာရှိနေသည် ဆိုတာကို မသိသည့်သဘောမျိုး ဖြစ်နေသည်မို့ ဖွေးပွင့်ငယ် မယုံသလို ပြုံးလိုက်မိပါ၏။

"ဒေါ်ဒေါ် ခင်ခင့်ဆီ တစ်နေ့က ရောက်တယ်၊ ခင်ခင့်ကို ပြောပြသွားတာ _ စမ်းယမုန်ကို ဒေါ်ဒေါ်က မသွားတတ်ဘူး မဟုတ်လား၊ အဲဒါ စမ်းယမုန်ကို ခင်ခင် သွားပေးဖို့၊ ကိုယ်နဲ့တွေ့ဖို့၊ ဖိုးပိုင် လာတဲ့အခါမှာ စမ်းယမုန်မှာ ဖျောင်းဖျပြောပြီး အိမ်ကို ခေါ်လာပေးဖို့ မှာသွားတာ၊ အဖြစ်အပျက်ကိုလဲ ဒေါ်ဒေါ် ပြောပြသွားတယ်လေ၊ အဖြစ်မှန် ဆိုပါတော့၊ ဘာကြောင့် ဖိုးပိုင် အိမ်ကို ဆင်းသွားတယ် ဆိုတာပေါ့"

အအေးခွက်နှင့် လာနေသော ဒေါ်ဒေါ်ကို ဖျတ်ခနဲ ဖွေးပွင့်ငယ် ကြည့်လိုက်မိသည်။

အဖြစ်မှန်ကို သိသည်ဆိုတော့ စာမူတွေကိစ္စပါ သိသွားချေပြီတဲ့လား။ ရက်စိတ်နှင့်အတူ အနေခက်စွာ မျက်နှာရဲတက်လာရပါသည့် အဖြစ်။

ဖျတ်ခနဲ ကြားယောင်လာမိသည်က သစ္စာမဲ့မှုကို ပရိသတ် သိသွားလျှင် အဖတ်ဆယ်မရအောင် အရှက်ကွဲရမည့်ကိစ္စ၊ အပယ်ခံဘဝ ရောက်ရမည့် ကိစ္စတွေကို ပြောခဲ့ပါသည့် မောင့်စကားများကိုပါ ...။



"တကယ်က ဖိုးပိုင်ကိုရော မဖွေးပွင့်ကိုရော ကိုယ် လျှို့ဝှက်ထားတဲ့ ကိစ္စတစ်ခု ရှိတယ်၊ အဲဒါကလဲ ဖိုးပိုင်ရဲ့ ဒက်ဒီဆန္ဒကြောင့်ပါ၊ အန်ကယ်က ပြောတယ်၊ အဲဒီကိစ္စကို ဖိုးပိုင်ရော မဖွေးပွင့်ရော မသိစေချင်ဘူးတဲ့၊ သိရင် အဲ ... စတင်လုပ်မယ့် အချိန်မှာရော၊ လုပ်နေတဲ့ အချိန်မှာရော အဲဒီကိစ္စဟာ ဖြစ်မြောက်မှာ မဟုတ်ဘူးတဲ့၊ ဘာလို့လဲဆိုတော့ ဖိုးပိုင်ရော မဖွေးပွင့်ရော မာနရှိကြတယ်တဲ့လေ"

ဖွေးပွင့်ငယ် ငြိမ်ကျသွားလျက် စိတ်ဝင်တစား နားထောင်လိုက်မိရပါပြီ။ ဒေါ်ဒေါ်ကလည်း နားစိုက်နေသည်ပါပဲ။

"အန်ကယ်က ရွှေသဇင်စာပေက ဦးမျိုးတင့်နဲ့ သွားတွေ့ခဲ့တယ်၊ အဲဒီတုန်းကတော့ ကိုယ်ပါမသွားဘူး၊ မဖွေးပွင့်ရဲ့ စာအုပ်ကို ထုတ်ဖို့ကိစ္စ ဆိုပါတော့၊ ငွေကြေးကုန်ကျသမျှကို အန်ကယ်က ခံမယ်လို့ ပြောတယ်၊ ရှုံးလည်းကိစ္စမရှိဘူးပေါ့၊ အောင်မြင်အောင်တော့ ကြော်ငြာအားက အစ ... စာအုပ်အပြင်အဆင်ကအစ ဘာမှ ငွေကြေးကို မချွေတာဘဲ အောပြီးသုံးဖို့ မှာတာ၊ အောင်မြင်သည့်အထိ ဆက်တိုက်စာအုပ်တွေ ထုတ်ဖို့ရယ်၊ တကယ်တမ်း အောင်မြင်ပြီ ဆိုတဲ့အခါမှာ အကျိုးအမြတ်ကို ရွှေသဇင်စာပေက အန်ကယ်ဦးမျိုးတင့် အနေနဲ့ ခံစားဖို့ရယ် ပြောခဲ့တာပါ၊ ဒါကနောက်မှ အန်ကယ် ပြောပြလို့ရော၊ မဖွေးပွင့်ကို သွားမတွေ့ခင် တစ်ရက်မှာ စမ်းယမုန်မှာ အန်ကယ်ဦးမျိုးတင့် ပြောပြလို့ရော ကိုယ်သိခဲ့ရတာပါ၊ တစ်ခုပဲ ရှိတယ်၊ မဖွေးပွင့်တို့ လိပ်စာကို ကိုယ့်ဆီမှာ အန်ကယ်ဦးမျိုးတင့် လာတောင်းတာ မဟုတ်ဘူး၊ ဖိုးပိုင်ရဲ့ဒက်ဒီကိုယ်တိုင် အန်ကယ်ဦးမျိုးတင့်ကို

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာပေးပြီး မမွှေးပွင့်ကို တွေ့နိုင်းတာပါ၊ အဲဒီနောက်ပိုင်းမှာလဲ အခြေအနေကို ကိုယ့်ဆီမှာ အန်ကယ်ရှေ အမြဲ စုံစမ်းနေတာပဲ"

မောင်မောင် ဆေးပေါ့လိပ်ကို မီးညှိရှိုက်ဖွာသည်။

မွှေးပွင့်ငယ်၏ တစ်ကိုယ်လုံးမှာ ရှိသမျှ သွေးကြောမျှင်တို့ တဲ့ဆိုင်းကုန်ပြီထင့်။

မောင့်ဒက်ဒီသည် မွှေးပွင့်ငယ်၏ စာအုပ်ကို ကုန်ကျခံ၍ထုတ်ခဲ့သူ ဖြစ်နေချေသည်တကား။

"မမွှေးပွင့် အောင်မြင်ပြီ ဆိုတော့မှ အန်ကယ် အရမ်းကြည်နူးသွားတာ၊ နောက်ပိုင်းထွက်တဲ့ စာအုပ်တွေကတော့ အန်ကယ် ဦးမျိုးတင့်ကပဲ ဆက်လုပ်သွားတဲ့ သဘောဆိုပါတော့၊ ငါးအုပ်လောက်တော့ အန်ကယ်ရှေပဲ ကုန်ကျခံခဲ့ရတာ"

မွှေးပွင့်ငယ် မျက်ရည် ကျလာသည်။ မောင့်ဒက်ဒီ ကိုယ်တိုင်ပင်လျှင် မမွှေးပွင့်၏ ကျေးဇူးရှင်ကြီး ဖြစ်နေချေပါလား ဆိုသည့် အသိတရား။

"ခုတော့ မမွှေးပွင့်တို့ အိမ်ထောင်ရေးကလဲ၊ အဲ ... တစ်မျိုးဖြစ်နေပြီ ဆိုတာကို ဒေါ်ဒေါ် လာပြောပြလို့ သိရတော့၊ တစ်နေ့ကပဲ ကိုယ် အန်ကယ်ရှေကို ပြောပြလိုက်မိတယ်၊ အန်ကယ် စိတ်မကောင်းဘူး၊ ကြို့ငွေဆိုပြီးတော့ မမွှေးပွင့် ယူယူထားတာတွေကလဲ၊ အန်ကယ်ဦးမျိုးတင့်ကို အန်ကယ်ရှေ က ထုတ်ပေးထားတာ၊ အဲဒါလဲ ခုမှ အန်ကယ် ဖွင့်ပြောတာ ... အန်ကယ်ရှေ စိုးရိမ်နေတာက၊ သားဖြစ်သူရဲ့ အိမ်ထောင်ရေး ကို တည်မြဲစေချင်တာ ပျက်သွားမယ့် အဖြစ်ပဲ၊ အဲဒီအတွက် သူ စိုးရိမ်နေတယ်"



မွှေးပွင့်ငယ် ခေါင်းခါသည်။ မျက်ရည်က ထိန်းမနိုင် သိမ်းမရ ဖြာကျနေသည့်အဖြစ်။

"ခုတော့ လွန်ကုန်ပြီ ဆရာ၊ ဒီမှာ မောင့် ပြတ်စဲစာချုပ်"

မွှေးပွင့်ငယ် ပြောပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိပါပြီတည်း။

တကယ်တော့ မမွှေးပွင့် မှားခဲ့ပါသည် မောင်။

ဒါပေမဲ့ နောင်တသည် အခါလွန်မှ ဖြစ်တည်ရပါသည့် နောင်တမို့ မမွှေးပွင့် ဆောက်တည်ရာမရ အရှုးတစ်ယောက်နှယ် ခံစားရပါသည် မောင် ...။

"အခု မောင် ဘယ်မှာလဲဟင်၊ ဆရာ သိလား .. သိနေသလား ဆရာရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



## ၃၂

"မောင် ..."

ဆေးခန်းပိတ်ချိန် နီးလာပြီမို့ ပစ္စည်းတွေ ကောက်သိမ်းနေရာမှ သူ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိရပါပြီ။

သူ လုံးဝ မမျှော်လင့်ထားမိပါသည့် မွေးပွင့်ငယ်။ မျက်ရည်များ စီးသွယ်ကျလျက် ညှိုးဖျော့စွာ တောင်းပန်ဟန်လေး ဖြင့် ကြည့်နေပါသော မွေးပွင့်ငယ်။

"ဘာများ ငါ့ဘက်က ပေးဆပ်စရာ ကျန်နေသေးလို့လဲ မမွေးပွင့်၊ မင်း ပိုင်ဆိုင်တဲ့ မန်ကျည်းရိပ်ရှိရာ အိမ်လေးဆီ ကလဲ ငါ ပန်းလေညင်း ဆိုတဲ့ ဆိုင်းဘုတ်လေးကလွဲပြီး ဘာမှ ယူမလာခဲ့ပါဘူး မမွေးပွင့်၊ မင်းအိမ်လေးမှာလဲ ငါ မနေပါဘူး၊ အေး ... ကုလက်စ လူနာတွေကို ဆက်ကုပေးလိုတဲ့ သံယောဇဉ်နဲ့ ဆေးကုသသူ ဆရာဝန်တစ်ယောက်ရဲ့ စေတနာကြောင့် ဒီအနီးဝန်းကျင်မှာ ဆေးခန်းလေး တစ်ခန်းကို ငါ ဆက်ဖွင့်ထားမိတာတော့ အမှန်ပဲ၊ ဒါ မင်းနဲ့ပတ်သက်ဖို့ ကိစ္စလဲ မရှိတဲ့ ကင်းကင်းရှင်းရှင်း နေရာတစ်ခုပါ"

သူ ပြောပြီး တစ်ချက် ပြုံးသည်။



"နောက်ထပ် ဘာမှ ငါ့မှာ ပေးဆပ်စရာ မရှိတော့ဘူးလို့ ငါ ထင်တယ် မမွေးပွင့်၊ ဘာလဲ၊ မင်းနဲ့ အတူရှိစဉ်က ငါ ဖွင့်ခဲ့ဖူးတဲ့ ပန်းလေညင်းက ဆေးဝါးတွေကို ငါ ဒီကိုယူလာပြီး ဆေးခန်းဖွင့်တယ် ထင်နေလို့လား၊ ဟင့်အင်း ... အဲဒါတွေ အားလုံးကို ဟိုမန်ကျည်းရိပ်လေးဆောက ဆေးခန်းလေးထဲမှာ ခုထိ ကျန်နေပါတယ်၊ အဲဒီမှာရှိတဲ့ဆေးတွေ တစ်ခုမှ ဒီဆေးခန်းမှာ ပါမလာပါဘူး၊ တစ်ခုပဲ ငါ ယူလာခဲ့တယ်၊ စောစောကလဲ ငါ ပြောပြပြီးပါပြီ ပန်းလေညင်းလေ၊ ဒါ ငါ မြတ်နိုးတဲ့အမည်၊ ပြီးတော့ ငါ့ကို အားကိုးနေတဲ့ လူနာတွေနဲ့ ငါ့ကြားမှာ ဆက်သွယ်ပေးထားတဲ့ အမည်"

သူ နာနာကြည်းကြည်းနှင့် ပြောနေသမျှ မွေးပွင့်ငယ် ခေါင်းလေးယမ်းပြကာ ရုတ်ခနဲ ကျုံ့ကျုံ့လေး ထိုင်ချလိုက်လျက် လက်အုပ်လေး ချီလိုက်ကာ ...

"မောင့်ကို ကန်တော့ပါတယ် မောင်၊ မမွေးပွင့် မောင့်ကို စော်ကားမော်ကား ပြောခဲ့တာပါ၊ မောင့်ကို မမွေးပွင့် ကန်တော့ပြီး တောင်းပန်ပါတယ် မောင်"

ပြောနေရင်းဖြင့်လည်း တကယ့်ကို ဆေးခန်း၏ ကြမ်းခင်းပြင်မှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကန်တော့ရှာသည်ပါပဲ။

သူ အံ့သြသွားရသည်။ အရမ်းကို မာနကြီးသည့် မွေးပွင့်ငယ်။

သူ့ဘက်က ဖြတ်စဲကြောင်း စာချုပ်ကိုပင် စာတိုက်မှ ပို့ခဲ့ပြီးပြီ။ ခွဲခွာနေကြရသည့် ကာလသည်လည်း တစ်လနားနီးခဲ့ပြီ။ ယခုကျတော့ မွေးပွင့်ငယ်သည် သူ မမျှော်လင့်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး ... ညှိုးဖျော့ကျလျက် သူ့ကို ကန်တော့တောင်းပန်နေပါသည့် အဖြစ်။

သူ မွေးပွင့်ငယ်၏ မျက်နှာလေးကို ငုံ့မိုးငေးစိုက်ကြည့်နေပေမယ့် ဘာဆို ဘာမျှ မပြောမိသေး။ ယခုလိုပဲ တောင်းပန်လိုက်။ ပြန်၍ လုပ်ချင်ရာ လုပ်လိုက်နှင့် ရှိခဲ့တာ သူ ကြုံပေါင်းများခဲ့ပြီပဲလေ။

ကဗျာလေးတစ်ပုဒ်နှင့် လက်ထပ်ခဲ့တာဟု ပြောခဲ့သည့် စကားသည် နှလုံးအိမ်ကို ထုနှက်နေသည့်နှယ် ခံစားနေရသည်ပဲလေ။ ဆတ်ခနဲ မျက်နှာကို လွှဲလိုက်မိ၏။

"မမွေးပွင့်ကို ကြည့်ပါဦး မောင်ရယ်"

တိုးဖျော့စွာ ပြောလာသည့် အသံလေးကြောင့် တစ်ချက် သူ ကြည့်လိုက်မိပြန်သည်။ မျက်ရည်များ တအိအိ ပြိုကျနေသော မျက်နှာလေး။ မျက်တောင် ထူကော့ကော့များ အောက်မှ မျက်နက်ဝန်းလေးဝယ် မာန၏ အရိပ်အရောင်ကိုမှ သူ မတွေ့ရ။

"မမွေးပွင့်လေ မောင့်ကို တကယ် ကန်တော့တာပါ၊ တကယ့်ကို ကန်တော့ တောင်းပန်တာပါ၊ နောက်ထပ်လဲ မမွေးပွင့် မဆိုးတော့ပါဘူး မောင်၊ ခု ကန်တော့တာကလေ အရင်တုန်းကလို ခု တောင်းပန်လိုက်၊ နောက်ဆိုးလိုက်လိုမျိုး မဟုတ်ပါဘူး မောင်ရဲ့၊ တကယ့်ကို ကန်တော့တာပါ မောင်၊ တကယ်ပါ မောင်ရဲ့ ယုံပါနော်"

သူ မြတ်နိုးရသည့် မွေးပွင့်ငယ်၏ အသွင်လေးကို မျက်နှာနုနုလေးမှာ ပြန်၍ တွေ့မြင်လာရသည်သို့ သူ ခံစားလာရသည်။



ဟုတ်သည်။ အရမ်းကို ဖြူစင်လျက် မာနကင်းနေသော မျက်နှာလေးမျိုး။

ကလေးတစ်ယောက်နှယ် ပြောဆိုတတ်ပုံလေးမျိုး။

ယခုလည်းကြည့်။ မျက်နှာငယ်လေးနှင့် ဟမော့မော့ ပြောဆိုနေပုံလေးသည် တကယ့် ကလေးတစ်ယောက်နှယ်ပါတကား။

"မောင် ဒီမှာ ဆေးခန်းဖွင့်တာကို ခင်ခင်က ပြောမပြဘူး မောင်၊ ဆရာမောင်မောင်ကလဲ ချက်ချင်း မပြောပြဘူး၊ မမွေးပွင့် နောင်တတွေရပြီး လေးရက်လောက် ငိုယိုနေမှ ပြောပြတာ၊ သူတို့က နောင်ကျဉ်အောင်ဆိုပြီး အဲလိုထားထားတာတဲ့"

မမွေးပွင့် တတွတ်တွတ် ပြောနေပေမဲ့ လက်အုပ်လေးကတော့ ချီထားဆဲပါ။

"မမွေးပွင့်လေ မောင်ပြောတဲ့ စကားတွေကို အားလုံး နားထောင်တော့မှာ၊ ပန်းလှေညင်း ရှိခဲ့တဲ့ ဂန်ကျည်းရိပ်က နေရာလေးကို မမွေးပွင့် ပြန်ပြောင်းပြီးပြီ မောင်၊ အိမ်လေးကိုလဲ ရှင်းထားပြီးပြီ၊ နောက်မှပဲ မောင် ဆောက်ပေးတဲ့ အိမ်သစ်လေ မှာ ဆက်ပြီးနေကြမယ်လေနော် ... မောင် ..."

သူ ရုတ်ခနဲ ထိုင်ချလိုက်မိရပါပြီ။ မယုံနိုင်သလိုရှိတာမို့ ...

"ဘာပြောလိုက်တယ်"

ဟု ပထမဆုံး ညင်ညင်သာသာ မေးလိုက်မိရပါပြီတည်း။ သူ ယခုလို အနီးကပ် ထိုင်ချ၍ ငုံ့မိုးမေးခဲ့လိုက်ရသည်ကို မွေးပွင့်ငယ် ခမျာ အားတက်ဝမ်းသာမဆုံးသည့် ပုံလေးဖြင့် သူ့လက်ကို ဆုပ်ကိုင်လာလျက် ...

www.burmeseclassic.com



"မမွှေးပွင့်တို့ အတူနေခဲ့ကြတဲ့ မင်္ဂလာဦးကာလက အိမ်ငယ်လေးကို မမွှေးပွင့် ပြန်ရောက်နေပြီ မောင်၊ နောက်ကို မောင့်စကား၊ မမွှေးပွင့် နားထောင်ပါမယ် ... ပြီးတော့ မောင့်ကို မမွှေးပွင့် ပြောပြစရာတွေ အများကြီးရှိသေးတယ်"

မောင့်ဒက်ဒီ၏ မေတ္တာတရားကို နောက်များမှ အိမ်ငယ်လေးမှာ ပန်းခင်းလေးကို ကြည့်ရင်း အေးချမ်းစွာ မွှေးပွင့်ငယ် ပြောပြချင်သည့်လေ။

"မောင်ပေးလာတဲ့ စာချုပ်ကိုလဲ မမွှေးပွင့် ဆွဲဆုတ်လိုက်ပြီ၊ ဒါကြောင့် မောင့်ကို မမွှေးပွင့် ပိုင်နေသေးတယ် မောင်၊ မောင်ကလဲ မမွှေးပွင့်ကို ပိုင်နေတုန်းပဲ၊ မပိုင်လို့လဲ မရဘူး မမွှေးပွင့်က အတင်း မောင်နဲ့ပဲ လိုက်နေတော့မှာ"

ဗွတ်တိဗွတ်ထိုးလေး ကလေးဆိုးကြီးလို ပြောလာတော့ သူ တစ်ချက်မျှ ရယ်လိုက်မိ၏။ မရယ်ဘဲလည်း မနေနိုင်။ ဆေးခန်းကြမ်းပြင်မှာ ဖင်ချထိုင်ရင်း သူ့လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားလျက် ချော့နေပါသော ဤမိန်းကလေးသည်လည်း သူ အရမ်းကို ချစ်ရပါသည့် မိန်းကလေးပဲလေ။

"မမွှေးပွင့်ဖြင့် ပိန်ကိုကျသွားရော၊ ကြည့် ... ဘယ်လောက် ပိန်သွားလဲ၊ မောင့်ကို လွမ်းလို့၊ အဲဒါ တကယ်ပြောတာ"

တကယ်လည်း မွှေးပွင့်ငယ် ပိန်သွားရှာသည်ပါပဲ။ သူ့မျက်နှာကိုလည်း မွှေးပွင့်ငယ် မော့ကြည့်လျက် ...

"မောင်လဲ ပိန်သွားတာပါပဲ၊ မောင် မမွှေးပွင့်ကို စိတ်နာပြီး တကယ်ပဲ မုန်းသွားပြီလားဟင်၊ ကန်တော့ပါတယ် မောင်ရယ်၊ ထပ်ပြီး ကန်တော့ပါတယ်"



နောက်တစ်ကျော့ ထပ်ကန်တော့ပြန်တော့ သူ တင်းမခံသာ၊ လက်ဖဝါးလေးတွေကို ဆုပ်ကိုင်လိုက်မိလျက် ...

"မင်း သိပ်ဆိုးတာပဲ မမွှေးပွင့်ရယ်၊ ချော့နေတာကလဲ အသည်းအသန်ကြီးပါလား၊ မောင် မနေတတ်တော့ဘူး"

ဟု ခပ်ညည်းညည်း ပြောမိရပါပြီ။

သူ့နှုတ်ဆီမှ မောင် ဆိုသည်ကို သုံးလိုက်တာမို့ မွှေးပွင့် မျက်ရည်ကျလာရှာတာကို သူ မြင်တော့ ...

"မငိုနဲ့တော့လေ၊ မောင်က စိတ်ဆိုးပြေနေပြီပဲ"

ဟု တိုးဖွဖွ ချော့လိုက်မိရပါပြီ။ တကယ်ကို ဆေးခန်းထိ လိုက်လာကာ ဘယ်အချိန်ကတည်းက စောင့်နေမှန်း မသိ။

"ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

သူ ပြုံး၍မေးတော့ မျက်ရည်ကို လက်ဖမိုးလေးဖြင့် သုတ်လျက် ...

"ကြာပြီ ... အထဲမဝင်ရဲလို့ အပြင်မှာပဲ ရပ်နေတာ၊ ဆေးခန်းအပြင်ဘက်မှာပေါ့၊ လူတွေအားလုံး ကုန်သွား ရှင်းသွားမှ မမွှေးပွင့် အထဲဝင်ရဲတာ၊ မောင်ရိုက်မှာလဲ ကြောက်တယ်၊ အော်မှာလဲ ကြောက်တယ်၊ ဒါပေမဲ့ ရိုက်ပါစေ၊ အော်ပါစေ လို့လဲ ဆုတောင်းတယ်၊ မမွှေးပွင့်က သိပ်ဆိုးခဲ့တာကိုး မောင်က သူတော်ကောင်းကြီးဥစ္စာ၊ မမွှေးပွင့်က ..."

သူ ခပ်ဖွဖွ ရယ်လိုက်မိလျက် နှုတ်ခမ်းလေးကို လက်ဖြင့် လှမ်းထိကပ် ပိတ်လိုက်ရင်း ...

"တော်ပြီ ... မပြောနဲ့တော့၊ အဲဒီလောက် အကြာကြီးစောင့်နေတာ မောင် မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး တစ်ချက် ငိုင်သွား၏။ သူ့ကို ချစ်လွန်း၍ ကြောက်ကြောက်နှင့် အပြင်မှာ ရပ်နေရှာမည့် မွှေးပွင့်ငယ်၏ အသွင်လေးကိုလည်း မြင်ယောင်မိရင်း စိတ်ထဲမှာ မကောင်းနိုင်။ တကယ်တမ်း ဝန်ခံရလျှင် သူ မမွှေးပွင့်ကို စိတ်နာပေမဲ့ မေ့မရနိုင်တာ အမှန်။

လွမ်းနေမိရတာလည်း အမှန်။

"မောင် ... ခု ဘယ်မှာနေလဲဟင်"

ယခုတိုင် နှစ်ယောက်သား ဆေးခန်းကြမ်းပြင်ပေါ်မှာ ယှဉ်တွဲထိုင်နေလျက်ရှိဆဲ။

သူ တိုးတိုးရယ်သည်။ မွှေးပွင့်ငယ်၏ ဆံစလေးများကို သပ်ပေးလျက်မှ ...

"ထုံးစံအတိုင်းပေါ့၊ ဘော်ဒါဆောင် တစ်ခုမှာ အခန်းငှားနေတယ်လေ၊ မောင်က မိန်းမနဲ့ စိတ်ဆိုးရင်လဲ ဘော်ဒါဆောင်ပဲ အားကိုးစရာရှိတဲ့ကောင်ဗျ" ၊

မောင် အနေအစား ဆင်းရဲမှာကို နားလည်လျက် မွှေးပွင့်ငယ် ပို၍ နှောင်တရနေမိသည်ပါပဲ။

"နောက်ကို မဆိုးတော့ပါဘူး မောင် ... နော်"

"နောက်တစ်ခါ ဆိုးရင်လဲ မောင်က အစဖျောက်သွားမှာ၊ အရှမ်းကို ဝေးလံခေါင်သီတဲ့ အရပ်ကို ဆိုပါတော့"

"မဆိုးတော့ဘူး ဆိုမှ ..."

တကယ်ကတော့ သူ မွှေးပွင့်ငယ်ကို ချစ်စနိုးလေး နောက်ပြောင်နေမိခြင်းပါ။

"မမွှေးပွင့်အတွက် ခင်ပွန်းသည်ရဲ့ အရိပ်ဟာ တန်ဖိုးအရှိဆုံးပါ၊ မောင့်မေတ္တာနဲ့ အချစ်ဟာလဲ တန်ဖိုးအရှိဆုံးပါ မောင်၊



မမွှေးပွင့်ရဲ့ ဘဝမှာ မောင်မရှိဘဲ ရပ်တည်နိုင်စွမ်း မရှိပါဘူး မောင်၊ မောင့်ကို မမွှေးပွင့် သိပ်ချစ်လို့ဆိုတာ မောင်ယုံပါ၊ ပြီးတော့ ... မမွှေးပွင့်ကို လမ်းမှန်မှာ ရပ်တည်နိုင်အောင် မောင် ထိန်းကျောင်း တည့်မတ်ပေးနိုင်တယ် ဆိုတာကိုလဲ နားလည်ထားပါတယ်၊ မမွှေးပွင့်လေ ဘယ်လိုအရာမျိုးနဲ့မှ မောင့်ကို မလဲနိုင်တာ အမှန်ပါ မောင်"

မွှေးပွင့်ငယ် မောင့် ရင်ခွင်မှာ ခေါင်းလေး ဖေးမှီလိုက်ရင်း ရင်ထဲရှိသမျှ ပြောပြနေမိရပါပြီ။ တကယ်တမ်းကျတော့ မောင့်ကို မမွှေးပွင့်မခွဲနိုင်တာလည်း အမှန်ပါ။

မောင့်လက်အစုံက မွှေးပွင့်ငယ်၏ ပခုံးလေးကို သိုင်းဖွဲ့လျက် ဆံစလေးများကို သပ်တင်ပေးလာပါ၏။

"ကြည့်စမ်း ... စားပွဲပေါ်က ပန်းအိုးလေးမှာ ရှိနေတဲ့ နှင်းဆီဖြူလေး တစ်ပွင့်၊ စိမ်းမြမြ အရွက်လေးတွေ ဆင့်ရံထားပြီး ရီးတီမှာ ပွင့်နေပုံလေးဟာ ဘယ်လောက် တည်ငြိမ်လဲ၊ ဘယ်လောက် ဖြူစင်လဲ၊ ဘယ်လောက် မာန်မာနကင်းစင်ပြီး ရိုးစင်းနေသလဲ၊ နောက်ပြီး ဘယ်လောက် မွှေးနေသလဲ မမွှေးပွင့် ဂရုစိုက်ကြည့်၊ လေညင်းထဲမှာ နှင်းဆီရဲ့ ရနံ့သင်းသင်းလေး ပါလာနေတယ်၊ အဲဒီလို ကောင်းသတင်းနဲ့ ပြည့်စုံနေတဲ့ မွှေးပွင့်လေသာ အဖြစ် မောင့်ရဲ့ မမွှေးပွင့်ကို ဖြစ်စေချင်တာ မောင့်ဆန္ဒ၊ မောင့်မေတ္တာပဲ၊ မမွှေးပွင့်ကို မောင် စ,မြင်မြင်ချင်း ချစ်မိတာလဲ မွှေးပွင့်လေသာလေး အဖြစ် ခံစားရင်း ချစ်မြတ်နိုးသွားမိခဲ့ရတာ၊ အဲဒီလို မမွှေးပွင့် ဂုဏ်သတင်း မွှေးပျံ့ပြည့်စုံနေသမျှ မမွှေးပွင့်ဟာ မောင့်ဘဝရဲ့ မွှေးပွင့်လေသာ ပါပဲကွယ် ..."

www.burmeseclassic.com



သူ ပြောရင်းဖြင့်ပင် မွှေးပွင့်ငယ်၏ နွဲ့ပျောင်းသော ကိုယ်လေးကို ထွေးပိုက်လိုက်မိရပါပြီ။ မွှေးပွင့်ငယ်၏ နှုတ်မှ ...

"ဟုတ်ကဲ့ပါ မောင်"

ဟု ကတိပေးသံကို သူ ကြားရစဉ်ခိုက် နဖူးပြင်နုနုလေးကို ညင်ညင်သာသာ သူ ငုံ့မှိုးနမ်းရှိုက်လိုက်မိပါပြီ။

ချစ်ရသူလေး၏ မျက်နှာနုနုလေးကိုလည်း တမြတ်တနိုး စိုက်ကြည့်လိုက်မိရပါ၏။

သြော် ... ချစ်သော မွှေးပွင့်ငယ်၏ အကြည့်လေးများသည် အရမ်းကို နူးညံ့သိမ်မွေ့နေလျက် နှင်းဆီဖြူလေးဆီမှာ ငြိတွယ်လျက် ရှိချေသည်တကား။

ဤမိန်းကလေးသည် သူ၏ မွှေးပွင့်လေသာ ဖြစ်ရပါပြီ။ သြော် ... ဖြစ်တည်ရပါချေပြီကော မွှေးပွင့်လေသာငယ် ...။



အို ... မွှေးပွင့်လေသာ...
အဆင်းမှာဖြူ၊ ရနံ့ကြူသင်း
ဂုဏ်သတင်းဖြင့် ...
အမြဲတင့်တယ်နေပါလှည့် ...။

အို ... မွှေးပွင့်လေသာ ...
နွဲ့နှောင်းစွာပွင့်၊ စိမ်းရွက်ဆင့်ရံ
ခက်ညွှာတံမှာ၊ တည်ငြိမ်စွာဖြင့်
အမြဲတင့်တယ်နေပါလှည့် ...။

အို ... မွှေးပွင့်လေသာ ...
ပန်းဝတ်လွှာထက်၊ ဆေးရောင်စက်များ
ခြယ်မထားဘဲ၊ ဖြူစင်မြဲဖြူ
ဆေးမကူဘဲ၊ လှမြဲအလှ
ယဉ်စစဖြင့်၊ ရိုးဂုဏ်ဆင့်ကာ
လေပြည်သာညင်း၊ ကောင်းသတင်းဖြင့်
အမြဲတင့်တယ်နေပါလှည့် ...။
သြော် ...
အမြဲတင့်တယ်နေပါလှည့် ...။

www.burmeseclassic.com

www.burmeseclassic.com



မဟူရာ(လှိုင်ကော်)
(၁၆-၄-၉၃)

